www.burmeseclassic.com

ကျုပ်အစ်မ

# ဒေါ်အောင်ဆန်းစုကြည်ကို

## ပြောပြရဦးမယ် နှင့် အခြားဆောင်းပါးများ

မိုယ်းလင်း ( မိုးလေး )





ILLUSTRATION: THAUNG HAN DESIGN: MYINTTHURA2013

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ကျုပ်အစ်မ

# ဒေါ်အောင်ဆန်းစုကြည်ကို

# ပြောပြရဦးမယ် နှင့် အခြားဆောင်းပါးများ

မိုးဟ်းလင်း (မိုးလေး)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | (ပထမအကြိမ်)<br>ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ် |
| မျက်နှာဖုံးဒီဇိုင်း | - | မြင့်သူရ |
| စာအုပ်အပြင်အဆင် | - | အေးဖြူအောင် |
| စာစီ | - | ဝိတွတ် |
| ထုတ်ဝေသူ | - | မရမ်းတလင်းစာပေ<br>ဦးဝင်းဇော် (၁၅၇၆)<br>မရမ်းတလင်းစာပေ<br>(၁၄)ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း<br>တာမွေ၊ ရန်ကုန်။<br>၀၉ - ၅၁၃၅၀၁၄၊ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | ပြည့်အေးပုံနှိပ်တိုက် (၁၀၇၃၁) |
| ဖြန့်ချီရေး | - | မရမ်းတလင်းစာပေ<br>၀၉ - ၇၃၀၀၂၉၆၅၊ ၀၉ - ၇၃၀၀၅၈၈၂ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၅၀၀ ကျပ် |

"စာအုပ်ကတ်တလောက်အညွှန်း" (CIP)

မိုယ်းလင်း (ဖိုးလေး)
ကျုပ်အစ်မဒေါ်အောင်ဆန်းစုကြည်ကိုပြောပြရဦးမယ်/ရန်ကုန်
မရမ်းတလင်းစာပေ၊ ၂၀၁၅။
၂၅၃ - စာ၊ ၁၃ စင်တီ × ၂၁ စင်တီ။
(၁) ကျုပ်အစ်မဒေါ်အောင်ဆန်းစုကြည်ကိုပြောပြရဦးမယ်
မိုယ်းလင်း (ဖိုးလေး)


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ရီ

(၁၉၃၀ - ၂၀၀၂)

အမေတစ်ခု၊ သားတစ်ခုဘဝနဲ့ ထောင်ကျမယ့်အလုပ်တွေ လုပ်နေတာကို စိုးရိမ်စိတ်မရှိဘဲ ''မေမေ အသက်ကြီးလာလို့ အရင်လို ထောင်ဝင်စာ လာမပို့နိုင်မှာကိုပဲ စိုးရိမ်တယ်'' လို့ ပြောခဲ့သော ကွယ်လွန်သူ မိခင်ကြီး မေမေဒေါ်ခင်ရီ (ဖျာပုံ–အလုံ) အား ဤစာစုလေးများဖြင့် ဦးခိုက်ကန်တော့ပါသည်။

သားမောင်
မိုးယံးလင်း (ဖိုးလေး)
(မောင်မြင့်စိုး)

www.burmeseclassic.com

www.burmeseclassic.com

# အမှာစကား

ဤစာစုများ ဖြစ်ပေါ်လာအောင် အကြံပြုသူမှာ ဒေါက်တာတင်မျိုးဝင်း (ဒေါက်ကလပ်(ခ) ကိုတာ)ဖြစ်ပါတယ်။ ကျွန်တော်က အစ်မ (ဒေါ်အောင်ဆန်းစုကြည်) ထံ နေ့စဉ် နားရက်မရှိ စားသောက်စရာ ချက်ပြုတ်ပြီး လိုအပ်သမျှ ပစ္စည်းများကို ပေးပို့ရပြီး ဆရာတင်မျိုးဝင်းနဲ့ မပြုံးက တစ်လတစ်ကြိမ် အစ်မနဲ့ တွေ့ဆုံပြီး ကျန်းမာရေး စစ်ဆေးပေးနေရပါတယ်။ ၂၀၀၆ ခုနှစ်အတွင်း တစ်နေ့မှာ ဆရာနဲ့ စကားပြောရင်း "ခင်ဗျားတို့ ကျွန်တော်တို့ဟာ အစ်မနဲ့ အနီးကပ်နေလာခဲ့တဲ့သူတွေ ဖြစ်တယ်ယ။ အစ်မနဲ့ပတ်သက်ပြီး မှတ်တမ်းတင်သင့်တာတွေ မှတ်တမ်းတင်ထားရမယ်။ အဲဒါ ခင်ဗျားလုပ်သင့်တယ်"လို့ ပြောတဲ့အခါ "စိတ်ချပါဆရာ၊ ကျွန်တော်လည်း စိတ်ကူးရှိပါတယ်"လို့ ပြန်ပြောလိုက်တယ်။ လွတ်လပ်ပွင့်လင်း ထင်သာမြင်သာ ရှိလာရပြီလို့ ယူဆလို့ရတယ်။ စာပေ ကင်ပေတိုက်အဖွဲ့ကြီး မရှိတော့တဲ့ နောက်ပိုင်းကျမှ "မြန်မာတိုင်း(မ်)ဂျာနယ် အိုပင်းနယူးစ်ဂျာနယ်၊ ပေါ်ပြူလာဂျာနယ်တို့ကြောင့် စာစုလေးများပေါ်ထွက်လာပြီး "သမီးအောင်ဆန်းနှင့် ခြံထဲမှ ကျွန်ုပ်၏ မှတ်စုများ"စာအုပ်နှင့် ၎င်းကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော "UP Close" စာအုပ် "ကျုပ်အမ အညာသားသမီး"စာအုပ်များ ထုတ်ဝေနိုင်ခဲ့ပြီး "ယခု ဒီစာအုပ်ကို ထုတ်ဝေလိုက်ပါတယ်။

ကလောင်နာမည်ကို အင်းစိန်ထောင် တိုက်(၃)တွင် အတူတူနေထိုင်ခဲ့စဉ်က အစ်ကိုမင်းသိခ်က သူအာရုံရတဲ့အမည်နဲ့ ရေးပါလို့ အကြံပြုထားတဲ့အတွက် မိုးလင်း–မိုယ်းလင်း အမည်နဲ့ ရေးသားခဲ့ခြင်းဖြစ်ပါတယ်။ ဆရာကြီးတစ်ယောက်ကလည်း ဤအမည်ကို နှစ်သက်ကြောင်း ရွေးချယ်ပေးပါတယ်။ အလွယ်တကူ ခေါ်လို့ရတဲ့ အမည်အတိုကောက် ကေ. အမ်. အက်စ် (K.M.S) Ko Myint Soe အမည်တွေနဲ့လည်း တစ်ခါတရံ ရေးသားခဲ့ပါတယ်။ အတွေ့အကြုံနှင့် ဖြတ်သန်းခဲ့ရသော တော်လှန်ရေးကောင်စီနဲ့ မဆလခေတ်က (၂၆)နှစ် နဝတ–နအဖ

www.burmeseclassic.com

www.burmeseclassic.com



ခေတ်က (၂၃)နှစ်၊ မိဘပြည်သူများခံဗျာဆိုတဲ့ခေတ်က (၅)နှစ်၊ အဲဒီခေတ်တွေအတွင်းက အကြောင်းအရာ အဖြစ်အပျက်တွေနဲ့ ရင်းနှီးခဲ့ပါတယ်။ သိခဲ့မြင်ခဲ့တွေ့ကြုံခဲ့ရတာလေးတွေကို မှတ်မိတဲ့အနေနဲ့ တစ်ဆင့်ပြန်လည်ပြောပြခြင်းပါ။ ရေးသားပုံ ရေးသားနည်းတင်ပြနည်းတွေက နုနယ်သေးတဲ့အတွက် အားနည်းချို့ယွင်းချက်များ ရှိနေပါသေးတယ်။ သို့အတွက် စာရေးသူအား နားလည်ခွင့်လွှတ်ပေးပါရန် စာဖတ်သူများအား တောင်းပန်အပ်ပါတယ်။

လိမ်လိမ်မာမာ မနေတတ်သေးတဲ့အတွက် "လိမ်လိမ်မာမာနေနော်" လို့ အမြဲ ဆိုဆုံးမခဲ့သော အစ်မ (ဒေါ်အောင်ဆန်းစုကြည်)အားလည်းကောင်း၊ ဆောင်းပါးများအား အမြဲဖတ်ရှုအားပေးခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သဘာပတိအဖွဲ့ဝင်များအားလည်းကောင်း "မင်း စာရေးပါ၊ ဆက်ရေးပါ၊ တိုတိုတုတ်တုတ်နဲ့ လိုရင်းကိုရေး၊ ဖွဲ့နွဲ့ပြီး ရှည်ရှည်ဝေးဝေး မရေးနဲ့"လို့ သွန်သင်နည်းပြခဲ့တဲ့ ကွယ်လွန်သူ ဘဘဦးဝင်းတင်အားလည်းကောင်း၊ မြန်မာတိုင်း(မ်)ဂျာနယ်မိသားစုအားလည်းကောင်း၊ မြန်မာ့ခေနှင့် အိုးပင်းနယူးစ်ဂျာနယ် မိသားစုအားလည်းကောင်း၊ အမရာစာပေတိုက်နှင့် ရူပစာပေတိုက်အားလည်းကောင်း၊ ကိုမျိုး(မြန်မာစာ)ပေါ်ပြူလာဂျာနယ် မိသားစုအားလည်းကောင်း၊ နှင်းဆီဖြူဂျာနယ် မိသားစုအားလည်းကောင်း၊ အစ်မပုံ ပန်းချီကားအား ခါတ်ပုံအဖြစ် ပြုလုပ်ပေးသော ရွှေအင်းသားနှင့် (မျိုးမျိုး–ဝေဟင်လင်းထွန်းနှင့်အဖွဲ့)အားလည်းကောင်း၊ စာစီစာရိုက်နှင့် အတွင်းအပြင်အဆင် မအေးဖြူအောင်၊ ဝါတွတ်တို့အားလည်းကောင်း၊ စာအုပ်မျက်နှာဖုံးဒီဇိုင်း ပြုလုပ်ပေးသော ကိုမြင့်သူရနှင့် ရွှေအင်းဝ ဗီနိုင်းမိသားစုအားလည်းကောင်း၊ ကိုဇာ(စံ–ဇာနည်ဘို)မိသားစုအားလည်းကောင်း NLD ပညာပေးရေးကွန်ရက်မှ အမေ ဒေါ်စန်းရွှေ့အားလည်းကောင်း ကျေးဇူးရှိခဲ့သူအားလုံးအားလည်းကောင်း အထူးပင် ကျေးဇူးစကားဆိုအပ်ပါသည်။

(ကာတွန်းပုံများအား ခွင့်ပြုတောင်းခြင်းမရှိဘဲ အသုံးပြုခဲ့သဖြင့် ကာတွန်းပညာရှင်ကြီးများအား တောင်းပန်အပ်ပါသည်။)

မိုယ်းလင်း (ဖိုးလေး)

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အောင်ဆန်းစုကြည် အသက်(၁၈)နှစ် သမီးအရွယ် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ မြန်မာသံအမတ်ကြီးအိမ်တော်တွင် ပန်းချီဆရာကြီး ဦးသောင်းဟန် ဆွဲပေးသွားသော ပန်းချီကားဖြစ်ပါသည်။ (၉-၂-၁၉၆၃)နေ့ ဆွဲသည်။ နှစ်ပေါင်း (၅၃)နှစ်ရှိ ပန်းချီကား



၁၉၆၃ ခုနှစ်က ပန်းချီဆရာကြီး ဦးသောင်းဟန်သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ ကျန်းမာရေးအဖွဲ့ အဆောက်အဦး နံရံပန်းချီကားကြီး သွားရောက်ရေးဆွဲတဲ့အခါမှာ အမှတ် (၂၄) အကာဘာလမ်း နယူးဒေလီမြို့ရှိ မြန်မာသံအမတ်ကြီး ဒေါ်ခင်ကြည်ထံ ဝင်ရောက် ဂါရဝပြုပါတယ်။ လေဒီရှရီရမ်ကောလိပ်မှာ ကျောင်းတက်နေတဲ့ အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပုံတူပန်းချီကားပုံစံချပ်အဖြစ် ရေးဆွဲပေးခဲ့သော ပန်းချီကားဖြစ်ပါတယ်။ မှန်ဘောင်ကအစ အိန္ဒိယနိုင်ငံမှ ပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com

ထားပြီး ယခုဆို နှစ်ပေါင်း ၅၃ နှစ် ရှိပါပြီ။ အစ်မ (၁၈)နှစ်သမီးအရွယ်ပုံ ပန်းချီကားပါပဲ။ ပန်းချီဆရာကြီး ဦးသောင်းဟန်သည် ထိုပန်းချီကားကို အလွန်မြင်တွေ့ချင်ကြောင်း၊ စံတော်ချိန်သတင်းစာ စိတြရေး စံတော်ချိန်ကြိုက် ပန်းချီကားဆောင်းပါးကို ဖတ်ရှုမိသည့်အတွက် သိရှိရပါသည်။ ဆောင်းပါးရှင်က ယခုအခါ ဦးသောင်းဟန်သည် ပန်းချီကားလေးကို မြင်ရပါက သတိရနိုင်တော့မည်မဟုတ်ဟု ဆိုထားသဖြင့် စိတ်မကောင်းမိပါ။ အကယ်၍ ပန်းချီဆရာကြီး ဦးသောင်းဟန် ကျန်းမာရေးကောင်းလာပါက ထိုပန်းချီကားကို ကျွန်ုပ် လာရောက်ပြသပါမည်။ ကျွန်ုပ်နှင့် ဆက်သွယ်နိုင်ပါသည်။

မိုးယမ်းလင်း (မိုးလေး)

www.burmeseclassic.com

www.burmeseclassic.com

## လိုရာဆွဲပြီးတော့ ဥပဒေအရမဟုတ်ဘဲ လုပ်တာတွေက အကြိမ်ကြိမ်ဖြစ်ခဲ့ပြီ
## (၃၆ ရက်တိတိ အိမ်ထဲမှာ အစာငတ်ခံ ဆန္ဒပြ၊ တစ်ယောက်ဆေးရုံတင်လိုက်ရ)

ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှာ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ကြည် (ကျီရွာ)ရွာ အနီးမှာ ဖမ်းဆီးခဲ့ပါတယ်။ အစိုးရအသိအမှတ်ပြု တရားဝင်တည်ထောင်ထားတဲ့ နိုင်ငံရေးပါတီ တည်ထောင်ထားတဲ့ နိုင်ငံရေးပါတီတစ်ခုရဲ့ ခေါင်းဆောင်တစ်ဦးဟာ မိမိပါတီတွေရှိတဲ့နေရာကို လွတ်လပ်စွာ သွားလာခွင့်ရှိရပါမယ်။ ကန့်သတ်နယ်မြေ (အမည်းရောင်နယ်မြေ) ကလွဲရင်ပေါ့။

အစ်မ ဒေါ်အောင်ဆန်းစုကြည်ကလည်း သူ့အဖေ ဗိုလ်ချုပ်အောင်ဆန်းအတိုင်း နိုင်ငံရေးသွေးကပါလာတော့ အာဏာရှင်ဖိနှိပ်ချုပ်ချယ်သူတွေရဲ့ လက်အောက်က ခံစားနေရတဲ့ပြည်သူတွေ လွတ်မြောက်အောင် လုပ်ပေးရမယ်ဆိုတဲ့ သန္နိဋ္ဌာန်ကိုချမှတ်ပြီး မိသားစုအရေးကို စွန့်လွှတ်ကာ တရားဝင်နိုင်ငံရေးပါတီတစ်ခု တည်ထောင်ခဲ့ပါတယ်။

အစ်မက သူ့ဖေဖေလိုပဲ တိုင်းပြည်အတွက် ဖြစ်စေရမယ်ဆိုတဲ့စိတ်က ငယ်စဉ်ကတည်းကရှိခဲ့ပါတယ်။ ငယ်စဉ်ကလေးဘဝအတွေးက (၁၉၅၆ ခုနှစ်၊ ၁၁ နှစ်သမီး အရွယ်အတွေး) တိုင်းပြည်အတွက်လုပ်ဖို့ဆိုရင် ဖေဖေ့လို ဗိုလ်ချုပ်ဖြစ်မှ လုပ်လို့ရမယ် ထင်ပြီး ကြီးလာရင် စစ်ထဲဝင်မယ်။ ဗိုလ်ချုပ်ဖြစ်အောင်ကြိုးစားမယ်၊ ဒါမှ တိုင်းပြည် အတွက် လုပ်လို့ရမယ်ဆိုပြီး ထင်ခဲ့၊ တွေးခဲ့ပါတယ်။ (အဲဒီအချိန်ကတည်းက ခင်ဗျားတို့ ပြောပြောနေတဲ့ စစ်ရေးအမြင်ရှိခဲ့တာပါနော်။) ခင်ဗျားတို့ ကျွန်တော်တို့လည်း အဲဒီအချိန် ကာလတွေတုန်းကဆို သားသားကြီးလာရင် ဘာလုပ်မလဲ၊ စစ်ဗိုလ်ကြီးလုပ်မယ်ဆိုတဲ့ အတွေးက ကလေးတိုင်းရဲ့ရင်ဘတ်ထဲက အတွေးတွေဟာ မပျောက်ပျက်ခဲ့ကြပါဘူး။

၁၉၇၀ ပြည့်နှစ်နောက်ပိုင်းလည်းရောက်ရော အတွေးတွေက ပြောင်းကုန်ပါတယ်။ ရေဘူးပေါက်တာမလိုချင်ဘူး။ ရေပါလာဖို့က အဓိက၊ ဖိနပ်နဲ့မတော်ရင် ဖနောင့်ကိုဖြတ် ဆိုတဲ့ ပုံစံခွက်တွေမြင်လာကြတော့ သားသားကြီးလာရင် မှောင်ခိုစီးပွားရေးလုပ်မယ်၊ သဘော်သားလုပ်မယ်၊ ဆရာဝန်ကြီးဖြစ်ချင်တယ်၊ အင်ဂျင်နီယာကြီးလုပ်မယ်ဆိုတဲ့

## လိုရာဆွဲပြီးတော့ ဥပဒေအရမဟုတ်ဘဲ လုပ်တာတွေက အကြိမ်ကြိမ်ဖြစ်ခဲ့ပြီ
## (၃၆ ရက်တိတိ အိမ်ထဲမှာ အစာငတ်ခံ ဆန္ဒပြ၊ တစ်ယောက် ဆေးရုံတင်လိုက်ရ)

ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှာ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ကြည် (ကျီရွာ)ရွာ အနီးမှာ ဖမ်းဆီးခဲ့ပါတယ်။ အစိုးရအသိအမှတ်ပြု တရားဝင်တည်ထောင်ထားတဲ့ နိုင်ငံရေးပါတီ တည်ထောင်ထားတဲ့ နိုင်ငံရေးပါတီတစ်ခုရဲ့ ခေါင်းဆောင်တစ်ဦးဟာ မိမိပါတီတွေရှိတဲ့နေရာကို လွတ်လပ်စွာ သွားလာခွင့်ရှိရပါမယ်။ ကန့်သတ်နယ်မြေ (အမည်းရောင်နယ်မြေ) ကလွဲရင်ပေါ့။

အစ်မ ဒေါ်အောင်ဆန်းစုကြည်ကလည်း သူ့အဖေ ဗိုလ်ချုပ်အောင်ဆန်းအတိုင်း နိုင်ငံရေးသွေးကပါလာတော့ အာဏာရှင်ဖိနှိပ်ချုပ်ချယ်သူတွေရဲ့ လက်အောက်က ခံစားနေရတဲ့ပြည်သူတွေ လွတ်မြောက်အောင် လုပ်ပေးရမယ်ဆိုတဲ့ သန္နိဋ္ဌာန်ကိုချမှတ်ပြီး မိသားစုအရေးကို စွန့်လွှတ်ကာ တရားဝင်နိုင်ငံရေးပါတီတစ်ခု တည်ထောင်ခဲ့ပါတယ်။

အစ်မက သူ့ဖေဖေလိုပဲ တိုင်းပြည်အတွက် ဖြစ်စေရမယ်ဆိုတဲ့စိတ်က ငယ်စဉ်ကတည်းကရှိခဲ့ပါတယ်။ ငယ်စဉ်ကလေးဘဝအတွေးက (၁၉၅၆ ခုနှစ်၊ ၁၁ နှစ်သမီးအရွယ်အတွေး) တိုင်းပြည်အတွက်လုပ်ဖို့ဆိုရင် ဖေဖေ့လို ဗိုလ်ချုပ်ဖြစ်မှ လုပ်လို့ရမယ်ထင်ပြီး ကြီးလာရင် စစ်ထဲဝင်မယ်။ ဗိုလ်ချုပ်ဖြစ်အောင်ကြိုးစားမယ်၊ ဒါမှ တိုင်းပြည်အတွက် လုပ်လို့ရမယ်ဆိုပြီး ထင်ခဲ့၊ တွေးခဲ့ပါတယ်။ (အဲဒီအချိန်ကတည်းက ခင်ဗျားတို့ပြောပြောနေတဲ့ စစ်ရေးအမြင်ရှိခဲ့တာပါနော်။) ခင်ဗျားတို့ ကျွန်တော်တို့လည်း အဲဒီအချိန်ကာလတွေတုန်းကဆို သားသားကြီးလာရင် ဘာလုပ်မလဲ၊ စစ်ဗိုလ်ကြီးလုပ်မယ်ဆိုတဲ့ အတွေးက ကလေးတိုင်းရဲ့ရင်ဘတ်ထဲက အတွေးတွေဟာ မပျောက်ပျက်ခဲ့ကြပါဘူး။

၁၉၇၀ ပြည့်နှစ်နောက်ပိုင်းလည်းရောက်ရော အတွေးတွေက ပြောင်းကုန်ပါတယ်။ ရေဘူးပေါက်တာမလိုချင်ဘူး။ ရေပါလာဖို့က အဓိက၊ ဖိနပ်နဲ့မတော်ရင် ဖနောင့်ကိုဖြတ်ဆိုတဲ့ ပုံစံခွက်တွေမြင်လာကြတော့ သားသားကြီးလာရင် မှောင်ခိုစီးပွားရေးလုပ်မယ်၊ သင်္ဘောသားလုပ်မယ်၊ ဆရာဝန်ကြီးဖြစ်ချင်တယ်၊ အင်ဂျင်နီယာကြီးလုပ်မယ်ဆိုတဲ့

www.burmeseclassic.com



အတွေးတွေက ဝင်ကုန်ကြတယ်။ (ကျွန်တော်တို့ ငယ်စဉ်က ကလေးစစ်ဝတ်စုံ ဗိုလ်ကြီး သဏ္ဌာန် အင်္ကျီဘောင်းဘီလေးတွေက သိပ်ရောင်းကောင်းပါတယ်။ မိဘတွေက ဝယ်ပေးပြီး ဗိုလ်ကြီးစစ်ဝတ်စုံသေးသေးလေးတွေနဲ့ ဓာတ်ပုံရိုက်လိုက်ကြတာ အမောပါပဲ။ ဒီဘက်ခေတ်မှာ ကလေးစစ်ဝတ်စုံလေးတွေ မတွေ့မိတာ အနှစ် ၂၀ ကျော်၊ ၃၀ နီးပါး ရှိခဲ့ပါပြီ။)

စစ်ဗိုလ်ကြီး မလုပ်ချင်တော့ဘူး။ ဆရာဝန်ကြီးလုပ်မယ်၊ အင်ဂျင်နီယာကြီး လုပ်မယ်ဆိုသူတွေအတွက်လည်း စစ်ဆေးတက္ကသိုလ်တွေ၊ စစ်အင်ဂျင်နီယာ တက္ကသိုလ်တွေ တည်ထောင်ပေးထားပါတယ်။ ကွန်ပျူတာတက္ကသိုလ်လည်း ခေတ်နဲ့အမီပါတယ် ထင်တာပဲ။

ဒီပဲယင်းမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့အဖွဲ့ကို ဆူပူအကြမ်းဖက်လိုသူ လူစုတွေ က ဝင်ရောက်ရိုက်နှက်သတ်ဖြတ်မှုတွေ ပြုလုပ်ခဲ့ကြသော်လည်း ဒေါ်အောင်ဆန်းစုကြည် နဲ့အဖွဲ့ကိုသာ ဖမ်းဆီးထောင်ချခဲ့ကြပါတယ်။ ဆူပူအကြမ်းဖက်သူတွေကို တစ်ယောက်မှ ဖမ်းဆီးခြင်းမပြုဘဲ ခရိုင်တာဝန်ရှိပုဂ္ဂိုလ်ကိုတောင် ရာထူးအဆင့်တိုးပေးပြီး သူကောင်းပြု ခဲ့ပါတယ်။ ကျွမ်းကျင်လို့လားမသိဘူး။ အမေရိကန်နိုင်ငံက (ဘလက်ဝါးတား) ကုမ္ပဏီလို မျိုးတောင် တည်ထောင်ထားသတဲ့။ (ဘလက်ဝါးတား ကုမ္ပဏီလည်း ကမ္ဘာကျော်သွားတော့ အခု နာမည်ပြောင်းပြီး ကုမ္ပဏီအသစ်သဏ္ဌာန်ထပ်ပြီး တည်ထောင်ထားပါတယ်။)

တရားခံလို့ သတ်မှတ်စွပ်စွဲပြီဆိုရင်တော့ ဥပဒေအရ လုပ်တယ်ဆိုရင် တရားခံ မဟုတ်သေးသည့်တိုင် ဥပဒေရဲ့ သံသယအကျိုးကို ခံစားခွင့်ရှိရပါမယ်။ ဥပဒေအကျိုးဆောင် (ရှေ့နေ) ငှားရမ်းပိုင်ခွင့် ရှိရပါမယ်။ မိမိရှေ့နေနဲ့ တိုင်ပင်နှီးနှောဖလှယ်ခွင့် ရှိရပါမယ်။ မိမိ ရှေ့နေကတစ်ဆင့် ပြောဆိုပိုင်ခွင့်ရှိရပါမယ်။ မိမိရှေ့နေက ထုချေခုခံပိုင်ခွင့် ရှိရပါမယ်။ (ဒါဟာ လူသားတစ်ယောက်ရဲ့ လူ့အခွင့်အရေးပါ။)

ဒေါ်အောင်ဆန်းစုကြည်ဟာ ၂၀၀၀ ပြည့်နှစ်ကစပြီး သူ့အတွက် ဥပဒေကြောင်း အရ ပြောဆိုဖို့အတွက်ဆိုပြီး မိမိရဲ့တရားဝင်ကိုယ်စားလှယ်အဖြစ် ရှေ့နေကြီး ဘဘ ဦးထွန်းတင် (ယခု ကွယ်လွန်)ကို ခန့်အပ်ပါတယ်။ မိမိရဲ့ ဥပဒေ အကျိုးဆောင်အဖြစ် အန်ကယ်ဦးကြည်ဝင်း (ဗဟိုတရားရုံးရှေ့နေကြီး)ကို ခန့်အပ်ပြီး ဆောင်ရွက်စေခဲ့ပါတယ်။

ဘဘဦးထွန်းတင် ကွယ်လွန်ပြီးနောက်ပိုင်းမှာ ဦးမြင့်သိန်း (၁၉၉၀ ပြည့်နှစ် မွန်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်)သတ်မှတ်ပြီး အန်ကယ်ဦးကြည်ဝင်းနဲ့ လူမှုရေးနဲ့ ဥပဒေရေးရာများကို ဆောင်ရွက်စေခဲ့ပါတယ်။

ဦးမြင့်သိန်း ကွယ်လွန်သွားပြီးနောက်ပိုင်းမှာ ဦးဉာဏ်ဝင်းကို ပြောရေးဆိုခွင့် ရှိသူ ကိုယ်စားလှယ်အဖြစ်သတ်မှတ်ပြီး အန်ကယ်ဦးကြည်ဝင်းတို့နဲ့ ဆောင်ရွက်စေခဲ့ ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ပုဒ်မ ၁၀(ခ) နေအိမ်အကျယ်ချုပ်နဲ့ နေနေရတော့ အပြင်ထွက်ခွင့်မရှိပါဘူး။ အိမ်ထဲမှာ ရေဒီယို၊ ရုပ်မြင်သံကြား ကြည့်ခွင့်နားထောင်ခွင့်တော့

www.burmeseclassic.com



ရှိခဲ့ပါတယ်။ ငြိုဟ်တုစလောင်းတပ်ဆင်ခွင့်တော့ မရှိပါဘူး။ မြန်မာ့အသံက လွှင့်တာတွေပဲ ကြည့်ခွင့်နားထောင်ခွင့်ရခဲ့တယ်။ စက်တွေရဲ့ သဘောကတော့ ကြာလာရင်တော့ ပျက်စီးမှာပဲလေ၊ ဒါက သဘာဝကိုး။

ရေဒီယိုပျက်ပြီဆိုရင် ကျုပ်ကို ပြင်ခိုင်းပြီ။ ချက်ချင်းယူသွားပြီး ပြင်လို့မရသေးဘူး။ အထက်ကို အကြောင်းကြားတင်ပြရသေးတာ၊ ခွင့်ပြုချက်ရမှ ထုတ်ခွင့်ပြုတာပါ၊ ထုတ်ခွင့်ရပေမဲ့ ချက်ချင်းယူသွားလို့ မရသေးဘူး၊ စောင့်နေတဲ့ (ခေါ်ထားတဲ့) ကျွမ်းကျင်ပညာရှင်က စက်ကိုဖွင့်ပေးရပြီး လျှို့ဝှက်စွာ ဘာတွေများပါသလဲဆိုပြီး အစစ်ဆေးခံရပါတယ်။ ပြီးမှ စက်ကို ပြန်ပိတ်ပေးကာ ကျုပ်ကမှတစ်ဆင့်ယူပြီး ရင်းနှီးပတ်သက်ရာဆိုင်တွေမှာ ပြင်ရပါတယ်။ ရေဒီယိုကတော့ ချက်ချင်းပြင်လို့ရတဲ့ဆိုင်မျိုး ရွေးချယ်ရပါတယ်။ ကိုယ့်ရှေ့မှာ ပြင်နေတာကိုကြည့်ခွင့်တောင်းရပါတယ်။ ညနေမှ ပြီးမယ်ဆိုရင် စောင့်ပြီး ယူရပါတယ်။ ပြီးတာနဲ့ ခြံဘက်ပြန်လာပြီး အစ်မကိုပေးရပါတယ်။ ချက်ချင်းပေးလို့မရပါ။ ယူသွားတုန်းက ပုံစံအတိုင်း ဖွင့်ဖောက်စစ်ဆေးတာ ခံရပါတယ်။ ပြီးမှ အစ်မခြံဘက်ကူးပြီး အန်တီဝင်းကို ခေါ်ပေးရပါတယ်။ (ရေဒီယိုက အစ်မအတွက် အသက်တမျှပါပဲ။ ရေဒီယိုမရှိလို့ မဖြစ်ပါ။ ပြင်ပကမ္ဘာနဲ့ အစ်မကို ဆက်သွယ်ပေးတာ ရေဒီယိုပါပဲ။ ရေဒီယိုသတင်းနားထောင်မှ အခြေအနေတွေကိုသိရတာပါ။ ရေဒီယိုကတော့ ချက်ချင်းကို ပြင်ပေးရပါတယ်။ ရက်ဆိုင်းလို့မရပါ။)

ရုပ်မြင်သံကြားစက်ပြင်ရင်တော့ ရက်ဆိုင်းလို့ရပါတယ်။ ရင်းနှီးစိတ်ချရတဲ့ မိတ်ဆွေဆိုင်မျိုးမှာပဲ ပြင်ရတာပါ။ ရေကျော်က ကိုမိုးမြင့်တို့ ညီအစ်ကိုဆိုင်က ဒိုင်ခံပြီး ပြင်ပေးပါတယ်။ ရုပ်မြင်သံကြားအပေါ်စက် ပြင်ပြီဆိုရင်တော့ ကျုပ်အတွက်က သေပြီဆရာပါပဲ။ ကျုပ်အစ်မက စည်းစနစ်ကျတယ်။ တီဗွီကို ဒီအတိုင်းထုတ်ပေးတာမဟုတ်ဘူး။ ပိတ်စ (သို့) စောင်နဲ့ အထပ်ထပ်ပတ်တယ်။ ခေါက်ရိုးနေရာတွေကို ချိတ်တွေနဲ့ သေသေချာချာ ချိတ်ပေးတယ်။ ပြန်ယူလာရင်လည်း သူ့နဂိုမူလ ချိတ်အရာအတိုင်း ချိတ်ပေးရတယ်။ ပြီးမှ ပလတ်စတစ်တွေကို ပတ်တယ်။ တိတ်နဲ့ သေသေချာချာ ကပ်ပေးတယ်။ ပြန်ယူလာရင် သူလုပ်ထားတဲ့အတိုင်း ပြန်လုပ်ပေးရတယ်။ အိမ်ထဲကနေ တီဗွီကို အန်တီဝင်းတို့သားအမိက လှည်းကလေးပေါ်တင်ပြီး ခြံတံခါးဝအထိ တွန်းယူလာတာ။ ခြံတံခါးဝက ကျုပ်က ထမ်းပြီး စစ်ဆေးမယ့်သူတွေ စောင့်နေတဲ့ ရှေ့ကခြံအထိ ကားလမ်းဖြတ်ပြီး ယူသွားရတာ။ ကျွမ်းကျင်ပညာရှင်တွေက ဖွင့်မစစ်ဆေးခင် ကျုပ်က–

"ကျွန်တော်ဖွင့်ပေးပါ့မယ်"ဆိုပြီး ပလတ်စတစ်စကို တတ်အရင်ခွာ၊ သူ့ခေါက်ရိုးအတိုင်း၊ သူ့တိတ်အတိုင်း ပြန်ကပ်၊ သေသေချာချာခေါက်၊ သတ်သတ်ထား။ စောင်ကို ခေါက်ရိုးအတိုင်း ချိတ်ကို ဖြုတ်၊ ခွာ၊ စောင်နဲ့ ချိတ်ကို ပြန်တပ်၊ စနစ်တကျ ပြန်ခေါက်လုပ် ပြီးမှ "ကဲ ခင်ဗျားတို့ စဖွင့်လို့ရပါပြီ"ဆိုပြီး ပြောရပါတယ်။ ကိုယ့်ရှေ့မှာ ဖွင့်တာကို လိုက်ကြည့် ရပါတယ်။ ပြီးပြီဆိုမှ တီဗွီကို ပြန်ထုပ်ပြီး ကုက္ကိုင်းလမ်းထိပ်အထိ တီဗွီကြီးကို ထမ်းသွားရပါတယ်။ လမ်းထိပ်ကျမှ ကားကို ငှားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မနက်ကျ "အစ်မရေ တီဗွီက ဘယ်နှရက်ကြာပါမယ်။ ဘယ်နေ့ကျရင် ရပါမယ်"လို့ အန်တီဝင်းကနေတစ်ဆင့် ပြောပြရပါတယ်။ ပြောတဲ့နေ့အတိုင်းရစေရပါတယ်။ မရလို့ကတော့ အစ်မက ကျုပ်ကို ဆူတာပေါ့ဗျာ။ သူက အချိန်အတိအကျသမား။ မီးပျက်နေရင် လျှပ်စစ်ပစ္စည်းက ချက်ချင်းပြင်လို့ရတာမှ မဟုတ်တာ။ မီးပြန်လာမှ ဆက်ပြင်ရလို့ ရက်ချိန်းက ပြောင်းသွားပါတယ်။

"မီးပျက်သွားတဲ့အတွက် မီးလာမှပြင်ရလို့ ရက်ချိန်းပြောင်းသွားတာပါ အစ်မ" လို့ပြောရင် "ကေအမ်အက်စ်က ညာပြီး ဆင်ခြေပေးတယ်။ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားက သုံးမကုန်လို့ ပိုလျှံနေလို့ နိုင်ငံခြားကို ထုတ်ရောင်းနေရတာလေ။ ဘာလို့ မီးပျက်ရတာလဲ" ဆိုတော့ "အစ်မရယ် ကျွန်တော်က ပါဝါစတေရှင်ကြီးနားမှာ နေတာပါ။ အီးပီစီရုံးချုပ်နားမှာ နေတာပါ။ မိုးကောင်းဝင်း သစ်တောလမ်းတို့ဆိုတာ ကျွမ်းပြီးသားပါ။ လျှပ်စစ်အကြောင်း အသိဆုံးပါ။ ဒါကြောင့်လည်း နှစ်ပေါင်းများစွာ ညစာထမင်းစားရင်း ဥရောပစတိုင် 'ဖယောင်းတိုင်ထွန်း ညစာစားပွဲ' စားတတ်နေပါပြီ အစ်မရယ်"လို့ ပြောပြလိုက်တော့ အစ်မက ရယ်သတဲ့။

(အစ်မက ကျုပ်ကို ညာပြောတယ်တဲ့။ ညာတာက ဘယ်သူလဲ။ စာရေးဆရာကြီး 'မာဂျေ'ရယ်သလိုမျိုး ရယ်ခွင့်ပြုပါအစ်မ၊ ဟား ဟား ဟ လို့)

အစ်မမှာက ဗီဒီယိုအခွေကြည့်လို့ရတဲ့ အောက်စက်လည်း ရှိပါတယ်။ အောက်စက်လည်း ခဏခဏ ပြင်ရပါတယ်။ အခွေတွေက မှိုတက်တော့ အောက်စက်အတွက် မှိုဆေး တဲ့ ဗွီဒီယိုအခွေဆိုတာ ယခင်က ရှိခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်ကာလမှာ ဗီဒွီယိုပြတဲ့အခွေအစား ဗီဒီယိုစီဒီပြားလေးတွေ ပေါ်လာတော့ ဗီဒီယိုခွေတွေက တိမ်ကောသွားပါပြီ။ တိတ်ခွေနဲ့ ဖွင့်ရတဲ့ ဗီဒီယိုပြစက်တွေအစား စီဒီပြတဲ့စက်တွေက နေရာယူလာပါတယ်။ 'အဲဒီမှာ အစ်မအတွက် ပြဿနာ'ပါပဲ။ အစ်မမှာရှိတာက ဗီဒီယိုတိတ်ခွေပြစက်ပဲရှိတာ။ ဗီဒီယိုတိတ်ခွေဆိုတာကလည်း မရှိတော့ဘူး။ မရောင်းတော့ဘူး။ မှိုဆေးတဲ့ တိတ်ခွေမရှိတော့ လက်လှည့်တိတ်ခွေဆေးလို့ရတဲ့ ကိရိယာလေးတွေ ၃၅ လမ်းကနေ ဝယ်ပေးရပါတယ်။ အစ်မမှာက ဗီဒီယိုတိတ်ခွေ တော်တော်များများရှိတော့ မပျက်စီးအောင် ဆိုပြီး မှိုဆေးထားလေ့ရှိပါတယ်။ တစ်ခါတလေ ဆိုင်တွေမှာ မှိုဆေးတဲ့ တိပ်ခွေလက်ကျန်တွေ့ရင် ဝယ်ထားပြီး သက်ဆိုင်ရာတင်ပြကာ အစ်မထံ ပို့ပေးရပါတယ်။ လက်လုပ်မှိုဆေးတဲ့ ကိရိယာလေးရယ်၊ အရည်ရယ်ကို ခဏခဏ ပို့ပေးရပါတယ်။

အစ်မကိုလည်း ပြောပြရပါတယ်။ အစ်မ အပြင်မှာ ဗီဒီယိုတိတ်ခွေစက်တွေက မသုံးတော့ဘူး။ မရှိတော့ဘူး။ နောက်ဆို ပြင်တဲ့သူတွေ ရှိတော့မှာလည်း မဟုတ်ဘူး။ အခုက စီဒီစက်တွေပေါ်လာတော့ အားလုံးက စီဒီစက်တွေပဲ သုံးနေကြပြီဆိုပြီး ပြောရပါတယ်။

စက်တွေက ကြာလာတော့ ပြင်လို့မရတာတွေ ဖြစ်လာပါတယ်။ အစ်မက စက်အသစ် လဲချင်လာတယ်။ စက်အသစ်ကလည်း တိပ်ခွေပြတဲ့စက်အစား စီဒီပြတဲ့စက်

www.burmeseclassic.com

www.burmeseclassic.com



တွေပဲ ခေတ်စားလာတော့ စီဒီစက်ပဲ ဝယ်ရမယ့်သဘော ဖြစ်နေတယ်။ အစ်မက ဒါဆို ကောင်းပြီ၊ တိတ်ခွေခေတ်မရှိတော့လည်း စီဒီစက်ပဲ ဝယ်ရတော့မှာပေါ့ဆိုပြီး စီဒီစက်ဝယ်ဖို့ ကျွန်တော့်ကို မှာပါတယ်။ စက်ဝယ်ပြီး စီဒီခွေမပါလို့က ဘာနဲ့ သွားကြည့်မှာလဲ။ အခွေပါ ဝယ်ရတော့မယ်လေ။

အဲဒီမှာ ဇာတ်လမ်းက စပါတယ်။ သူတို့ပြောပြောနေတဲ့ ဥပဒေဆိုတာ သူတို့ လိုရာ ဆွဲဆွဲသုံးနေတဲ့ ဥပဒေကို ဆိုတာလား။ ကြည့်လေ။

ထောင်ထဲမှာ နာမည်ကြီးအကျဉ်းသားတချို့ဟာ ဗွီဒီယိုပြသော်လည်း သာဘ်ပြီး ကြည့်ကြသတဲ့။ ဘယ်ဥပဒေ ဘယ်ပုဒ်မနဲ့ ခွင့်ပြုကြသလဲတော့ မသိပါဘူး။ ထောင်ထဲမှာ လွတ်လာသူများ ပြောတာကြားဖူးတာပါ။ အစ်မမှာတော့ ဗွီဒီယိုပြသော်လည်းတောင် တစ်ခွင့်မရှိခဲ့ပါဘူး။ မြန်မာ့အသံနဲ့ မြဝတီကလွှင့်တဲ့ 'ပေါင်ချိန်ဇာတ်လမ်းတွဲ'၊ 'ချန်ဂင် နန်းတွင်းဇာတ်လမ်းတွဲ' တွေပဲ လွှင့်တာကို ကြည့်ခွင့်ရခဲ့တာပါ။ တစ်ခါတလေ မြဝတီ လိုင်းဆို သိပ်မမိပါဘူး။

စက်တွေက ပြင်မရရင် အသစ်လဲရပါမယ်။ လဲခွင့်လည်းရှိရပါမယ်။ ရုပ်မြင် သံကြားကြည့်စက် (အခွေစက်ခေတ် မရှိတော့ရင်) စီဒီကြည့်လို့ရတဲ့ သဘောပါပဲ။ (ဆက်သွယ်ရေးစက်တွေ သွင်းတာမှမဟုတ်ဘဲ) တယ်လီဖုန်းကြိုးလည်း ဖြတ်ထား ခံရပြီးပါပြီ။

အစ်မက အသစ်လဲပေးဖို့ (ဝယ်ဖို့)မှာတော့ သက်ဆိုင်ရာကို ကျုပ်က တင်ပြ ရတာပေါ့ဗျာ။ သက်ဆိုင်ရာက ခွင့်မပြုတဲ့စကားပြောလာတော့ အစ်မကို ပြန်ပြောရ ပါတယ်။ အဲဒီမှာ အစ်မနဲ့ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တို့ စကားပြောကြပါတယ်။ ၁–၈–၂၀၀၈ နေ့မှာ အစ်မနဲ့ အာဏာပိုင်အဖွဲ့အစည်းကြားမှာ တာဝန်ယူဆက်သွယ် ပြောဆိုရတဲ့ ပုဂ္ဂိုလ်တို့ တွေ့ဆုံစကားပြောတဲ့အခါ

"ဒေါ်အောင်ဆန်းစုကြည်ကို ပြင်ပနဲ့ စာအဆက်အသွယ်၊ လူအဆက်အသွယ် မလုပ်ရဆိုတာ ပြောထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မိမိရဲ့ ဥပဒေအကျိုးဆောင် (ရှေ့နေ) နဲ့တွေ့ဖို့၊ ရုပ်မြင်သံကြားကြည့်စက် (အဟောင်းနဲ့အသစ်လဲတာ)နဲ့ အခွေများသွင်းဖို့ ရော ခွင့်မပြုကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောပါတယ်"ဟု တာဝန်ရှိပုဂ္ဂိုလ် ပြောဆို တာကို နောက်တစ်နေ့ (၂–၈–၂၀၀၈)မနက် အစ်မထံ ပစ္စည်းသွားဖို့တဲ့အခါ အန်တီဝင်း (ဒေါ်ခင်ခင်ဝင်း)က–

"ကဲ ကေအမ်အက်စ်ရော၊ ဇာတ်မင်းသားလေးတို့အဖွဲ့ကရော လိုက်မှတ်ပါ။ အစ်မက စာရေးပေးလိုက်တယ်" (အဲဒီနေ့က ဇာတ်မင်းသားလေးမရှိလို့ ကိုမျိုးဆွေ က လိုက်မှတ်ပါတယ်။) ပြော၍ ကိုမျိုးဆွေနဲ့ ကျုပ်က လိုက်မှတ်ရပါတယ်။

"အပေါ်ကပြောတဲ့ စာပိုဒ်အတိုင်း မနေ့က တာဝန်ရှိပုဂ္ဂိုလ်က လာပြောတယ်။ ဒါကို လက်မခံနိုင်ဘူးဆိုတာ အစ်မက ပြန်ပြောခဲ့ပြီးပြီ။ 'လိုရာဆွဲပြီးတော့ ဥပဒေအရ မဟုတ်ဘဲ လုပ်တာတွေအကြိမ်ကြိမ်ဖြစ်ခဲ့ပြီ။ 'ဒေါက်တာတင်မျိုးဝင်း ကြိုးစားပြီး ပြေလည်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


ယုံကြည်ခြင်းဆတ္တိ စွဲမြဲခြင်းပုံရိပ်
ဟံသာဝတီဦးဝင်းတင် အမှာစာ ... ၁၀

စာရေးသူ၏ အမှာစကားနှင့် ကျေးဇူးစကား ... ၁၂

၁။ လိုရာဆွဲပြီးတော့ ဥပဒေအရမဟုတ်ဘဲလုပ်တာတွေက
အကြိမ်ကြိမ်ဖြစ်ခဲ့ပြီ ... ၁၇

၂။ ဗိုလ်ချုပ်အောင်ဆန်းပုံပါတဲ့ အင်္ကျီလေးနှစ်ထည်ရဲ့
နောက်ခံဖြစ်ရပ်မှန် ... ၅၅

၃။ ဗိုလ်ချုပ်အောင်ဆန်း သား အောင်ဆန်းလင်း
(ကိုကိုလင်း) အုပ်ဂူလေး ပင်လယ်ဝသို့ ရောက်သွားခြင်း ... ၆၃

၄။ အစ်မဖေဖေ ကျောင်းသားသမဂ္ဂခေါင်းဆောင်
သခင်အောင်ဆန်းနဲ့ အိပ်မက်ထဲမှာ (ဒုတိယအကြိမ်)တွေ့ဆုံခြင်း ၆၉

၅။ ကမ္ဘာကျော် သမ္မတအကြံပေးများအကြောင်း ... ၈၅

၆။ ကိုမင်းအောင်လှိုင်သို့အိတ်ဖွင့်ပေးစာ ... ၈၉

၇။ ကျုပ်အစ်မ အညာသားသမီး ကြီးကြီးစု ... ၁၁၁

၈။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်အစ (၁၉၈၈–၈၉) ... ၁၁၇

၉။ ကျုပ်အစ်မဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ်
NLD ရဲ့ အမေရှော (NLD ဒုက္ခသည်စခန်းတာဝန်ခံ) ... ၁၂၆

၁၀။ သမီးရွှေဝါရောင်လေးသို့ မာလာလာဖြိုးဖြိုးအောင်၊
မာလာလာ ချောစုစံ၊ မာလာလာအိသဉ္ဇာမောင်
တို့အကြောင်း ပြောပြခြင်း ... ၁၃၁

၁၁။ မစ်ချီဂန်ပြည်နယ်၊ ဒက်ထရွိုက်မြို့သား ကိုယက်တော
တတိယအကြိမ် တရားဝင် ဝင်ရောက်ခြင်း ... ၁၅၅

၁၂။ တို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ယာဉ်တန်းကိုတားဆီးရမယ်
ဖြစ်တဲ့နည်းနဲ့ တားဆီးရမယ် ... ၁၅၅


www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်နေလို့စောင့်နေခဲ့တာ။ ဘာမှမထူးတော့ ဥပဒေအကျိုးပြု (ဥပဒေအကျိုးဆောင် ရှေ့နေ ဦးကြည်ဝင်း)နဲ့ တိုင်ပင်ပြီးလုပ်ဖို့ အချိန်ရောက်ပြီ။

အဲဒီလို ဥပဒေအကျိုးပြု (ရှေ့နေ)နဲ့ တိုင်ပင်ဆောင်ရွက်ခွင့်ကိုလည်း ပိတ်ပင်တဲ့ အထိ အခုဖြစ်နေပြီ။ ကဲ ဒီတော့ ဥပဒေအကျိုးပြု (ရှေ့နေ) ဦးကြည်ဝင်းနဲ့ မတွေ့ရမချင်း နက်ဖြန် (၃–၈–၂၀၀၈)နေ့ကစပြီး ကေအမ်အက်စ်ရော၊ ဇာတ်မင်းသားလေးတို့အဖွဲ့ရော မလာပါနဲ့တော့။ အစ်မအတွက် ဘာမှ မစိုးရိမ်ကြပါနဲ့။ ဇာတ်မင်းသားလေးတို့အဖွဲ့က အကြောင်းတစ်စုံတစ်ရာ မထူးခြားဘဲနဲ့ ခြံဝက ဘဲလ်တီးခေါ်တာတွေ မလုပ်ပါနဲ့။ ဘယ်သူမှ ထွက်လာမည် မဟုတ်ပါ။ ကေအမ်အက်စ်ရော၊ ဇာတ်မင်းသားလေးတို့အဖွဲ့ရော နားကြပါ'' (အစ်မ အောင်ဆန်းစုကြည်)

ဆိုတဲ့စကားကို စာနဲ့ရေးပြောတာကို ကိုမျိုးတွေတို့က လိုက်မှတ်ရပါတယ်။

ဒီနေရာမှာ ကျုပ်က ရိပ်မိလိုက်တယ်။ ကျုပ်အစ်မအကြောင်း ကျုပ်က သိပြီးသား။ ''တိုက်ပွဲခေါ်သံ''တော့ စပြီလို့။

ခြံတံခါးဝကနေ ပြန်ထွက်လာတော့ ကိုမျိုးဆွေက ''ဘယ်လိုဖြစ်တာလဲဗျ။ ခင်ဗျား အစ်မပြောတာ ကျွန်တော် နားမရှင်းဘူး''မေးတော့ ''ဒီလိုဗျ။ ကျုပ်အစ်မ ဆိုလို ချင်တာက ဥပဒေပဲ၊ ဥပဒေဆိုတာ ဘာလဲ၊ စာအုပ်ထဲမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်း ဆောင်ရွက်တာလား။ ကိုယ်လိုရာဆွဲပြီး ပါးစပ်ထဲက ဥပဒေလား။ ကျုပ်အစ်မက နိုင်ငံတကာတက္ကသိုလ်တွေ တက်လာတာ။ နိုင်ငံတကာဥပဒေတွေ လေ့လာသင်ယူ လာတာ။ လူတစ်ယောက်ကို တရားဥပဒေနဲ့ ငြိစွန်းတယ်ထင်ရင် ဥပဒေအရ အရေးယူပါ။ ဒါပေမဲ့ အဲဒီလူကိုလည်း ဥပဒေရဲ့ အကျိုးခံစားခွင့်ကိုတော့ ပေးရပါမယ်။ သူ့ရဲ့ ကိုယ်ပိုင် ဥပဒေအကျိုးဆောင် (ရှေ့နေ) ငှားရမ်းပိုင်ခွင့်ရှိရပါမယ်။ မငှားရမ်းနိုင်ရင်လည်း အစိုးရက ငှားပေးရပါတယ်။ ဒါမှ တရားဥပဒေစိုးမိုးရေးနဲ့ ညီညွတ်မှာပါ။ တရားခံရှေ့နေမပါဘဲနဲ့ တရားလိုရှေ့နေတစ်ဦးတည်းသာ ပါတဲ့ တရားစီရင်ရေးစနစ်ဟာ တရားဥပဒေ စိုးမိုးရေး ကို ပျောက်ကွယ်သွားစေပါတယ်''လို့ ပြောလိုက်တဲ့အခါ ''ဟာ ဒါတွေ ကျုပ်လာမပြောနဲ့၊ ကျုပ်မသိဘူး''ဆိုပြီး ကိုမျိုးဆွေက စကားဖြတ်လိုက်ပါတယ်။

ဒါနဲ့ ကျုပ်က ''ကဲ ကျုပ်ပြန်တော့မယ်။ ပစ္စည်းမမှာတော့ဘူးဆိုတော့ ဘာ စာရင်းမှ ပေးစရာမလိုတော့ဘူး။ ဒီလမ်းထဲကိုလည်း လာစရာမလိုတော့ဘူး''လို့ပြောပြီး ကုက္ကိုင်းထိပ်ဘက်လာတယ်။ လမ်းမှာလည်း စဉ်းစားတယ်။ ဒီကိစ္စ ဆရာ(ဒေါက်တာ တင်မျိုးဝင်း) သွားပြောပြရမယ်ဆိုပြီး ကုက္ကိုင်းမီးပွိုင့်ရောက်တော့ တက္ကစီတားပြီး ဆရာ့ဆီ ထွက်လာခဲ့တယ်။ ကားပေါ်မှာလည်း စဉ်းစားတယ်။ ငါ့အစ်မနဲ့တော့ ပြဿနာဖြစ်ကြပြီ။ တစ်ချိန်လုံးပြဿနာကို ဖြေရှင်းနေရတာနဲ့တင် အချိန်တွေက ကုန်ဆုံးနေရတယ်။ နှစ်ဖက်ကို ပြေလည်စေချင်တယ်။ သူစိမ်းတွေလည်း မဟုတ်ဘူး။ လူမျိုးခြားတွေလည်း မဟုတ်ဘူး။ ဘာလို့ မပြေလည်နိုင်ရတာလဲ။ တပ်မတော်ဖခင်ကြီးသမီးနဲ့ တပ်မတော်သား

www.burmeseclassic.com

www.burmeseclassic.com



တွေဆိုတာ ပိုပြီး ပြေလည်သင့်တာပေါ့။ ငါတို့ ငယ်ငယ်တုန်းက အမေရိကန်နဲ့ တရုတ် ပြေလည်ဖို့ဟာ အခရာကျတဲ့ ပင်ပေါင်ဒစ်ပလိုမေစီလို့တောင် နာမည်ကြီးခဲ့တယ်။ နောက်ဆက်တွဲက သံတမန်ကြီး ကစ်ဆင်ဂျာ လျှို့ဝှက်စွာ သွားလာလှုပ်ရှားလိုက်တော့ တရုတ်–အမေရိကန် သံတမန်ဆက်ဆံရေးကဏ္ဍ ဖွင့်လှစ်နိုင်ခဲ့တယ်။

ဗီယက်နမ်စစ်ပွဲကို အဆုံးသတ်ဖို့ အဓိကကျခဲ့တာလည်း သံတမန်ကြီးနှစ်ဦး ဖြစ်တဲ့ ကစ်ဆင်ဂျာနဲ့ လီဒတ်သိုတို့နှစ်ဦး ပါရီမှာ လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးပွဲက စခဲ့တာပါပဲ။ (ကစ်ဆင်ဂျာနဲ့ လီဒတ်သိုဆိုတဲ့ သီချင်းတောင် ပေါ်ခဲ့ပါတယ်။) ဗိုလ်ချုပ်ကြီး ဝက်စ်မိုးလင်းနဲ့သာဗီယက်နမ်မှာ ဆက်ထားပြီး လုပ်နေလို့ကတော့ ဗီယက်နမ်စစ်ပွဲက ဘယ်တော့မှ ပြီးမှာ မဟုတ်တော့ဘူး။ ကစ်ဆင်ဂျာနဲ့ လီဒတ်သိုတို့ကြောင့် ဗီယက်နမ် စစ်ပွဲလည်း အဆုံးသတ်ခဲ့ကြတယ်ဆိုပြီး တွေးနေမိတယ်။ (ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရကြားမှာ ပြေလည်စေဖို့၊ ဖြေရှင်းပေးဖို့ဆိုပြီး ကုလသမဂ္ဂက မြန်မာနိုင်ငံလုံး ဆိုင်ရာ အထူးသံတမန်ကြီး ခန့်အပ်ပြီး ကြားဝင်ဖြေရှင်းနေခဲ့ပါတယ်။ ပါမောက္ခ မစ္စတာ ယိုဇိုယိုကိုတာ၊ မစ္စအိုင်ဂါတာ၊ မစ္စတာ အယ်လ်ဗာရိုဒီဆိုတို၊ မစ္စတာ ရာဇာလီအစ္စမေးလ်နဲ့ အခု မစ္စတာဂမ်ဘာရီအထိ ရောက်နေပါပြီ။ ခဏပဲပြေလည်ပြီး တစ်ယောက်ပြီး တစ်ယောက်သာ ပြောင်းသွားပါတယ်။ ထာဝရပြေလည်မှု မရသေးပါဘူး။ ဒီတစ်ယောက် လည်း ပြောင်းသွားဦးမှာပါပဲ။ တိုင်းပြည်တစ်ပြည်မှာက ပညာရှိတွေ၊ သံတမန်တွေက အဓိကပုဂ္ဂိုလ်တွေပဲ။ ငါတို့တိုင်းပြည်မှာ ဟိုးရှေးဘုရင်တွေခေတ် ကတည်းက ပညာရှိ သုခမိန်တွေ၊ သံကြီး တမန်ကြီးတွေ ရှိခဲ့တာပဲ။ ရှင်ဒိသာပါမောက္ခတို့၊ အမတ်ဒိန်တို့၊ မဟာပညာကျော်တို့၊ အမတ်ကြီး ဦးပေါ်ဦးတို့ဆိုတာ ထင်ရှားခဲ့တာပဲ။ နောက်ဆုံး ကင်းဝန်မင်းကြီးအထိ ရှိခဲ့တယ်။ နောက် ဒီဘက်ခေတ်မှာ ဦးသန့်တစ်ယောက်သာ ကမ္ဘာကျော်တဲ့အထိ ထင်ရှားခဲ့တယ်။ ပုံစံခွက်တွေခေတ်လည်းရောက်ရော တစ်ယောက်မှ မရှိတော့ဘူး။ အရပ်သားထဲက သုံးယောက်လောက်ပဲ ရှိခဲ့တယ်။ ဒေါ်ခင်ကြည်၊ ဦးသီဟာန်နဲ့ ဦးအုန်းကျော်နောက်ပိုင်း ဒုံရင်းက ဒုံရင်းပဲဆိုပြီး စဉ်းစားလာလိုက်တာ ဒေါက်တာတင်မျိုးဝင်း လမ်းထဲရောက်တော့မှ အတွေးပြတ်သွားတယ်။

ဆရာတင်မျိုးဝင်းအိမ်ရောက်ပြီး ဆရာ့ကို အကျိုးအကြောင်းစုံ ပြောပြတယ်။ ဆရာကလည်း အတော့်ကို အံ့သြသွားတယ်။

"ခင်ဗျားက လမ်းထဲကိုတော့ ပုံမှန်သွားပြီး အခြေအနေကြည့်ပြီး လေ့လာပါ။ ရက်ကြာလာရင်တော့ စိုးရိမ်ရတယ်။ ဒီတိုင်းဆို အခြေအနေကို မပြတ် စောင့်ကြည့်နေရမယ့် သဘောရှိတယ်"လို့ ဆရာက ပြောပါတယ်။

နေ့စဉ်မှတ်တမ်းထဲမှာတော့ ၃–၈–၂၀၀၈ နေ့စကပြီး "အစ်မကို ရိက္ခာမပို့ရ တော့ဘူး"ဆိုပြီး ရေးမှတ်ထားလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၄-၈-၂၀၀၈ အစ်မထံ ရိက္ခာမပို့ရ။

၅-၈-၂၀၀၈ အစ်မထံ ရိက္ခာမပို့ရ။

၆-၈-၂၀၀၈ အစ်မထံ ရိက္ခာမပို့ရ။

ဒါပေမဲ့ ၁၁ နာရီကျော်လောက်မှာ အမေချောတို့အိမ်မှာ ကျူပ်ရှိနေတုန်း ဗဟန်းမြို့နယ်တာဝန်ခံ ဆရာတွတ်ရောက်လာပြီး "ကေအမ်အက်စ်၊ ခင်ဗျားကို ခေါ်ခိုင်းလိုက်လို့ လာခေါ်တာပါ။ ခဏလိုက်ခဲ့ပါ။ တက္ကသိုလ်ရိပ်သာလမ်းကိုပါ"ပြောတော့ အစ်မခေါ်ခိုင်းတာပဲ နေမှာပါဆိုပြီး ဆလွန်းကားအပြာရောင်လေးနဲ့ တက္ကသိုလ်ရိပ်သာလမ်းရောက်သွားတယ်။ ဟိုကျတော့ ဓာတ်မင်းသားလေးက ပြည်ထဲရေးရုံးကို ခေါ်သွားပါပြောတော့ ပြည်ထဲရေးရုံး ရောက်သွားတယ်။ ၁ နာရီ ၃၅ မိနစ်မှာ အစည်းအဝေးခန်းမကြီးတစ်ခုထဲခေါ်သွားတယ်။ သက်ဆိုင်ရာ အကြီးဆုံးပုဂ္ဂိုလ်က

"ခင်ဗျားအစ်မကို ရှေ့နေဦးကြည်ဝင်းနဲ့ ပေးတွေ့မယ်။ အဲဒါ ခင်ဗျားကို ခေါ်ပြောတာပါ။ ဒါကို တရားဝင်ဖြစ်အောင် သက်သေတွေအနေနဲ့ မယက ဥက္ကဋ္ဌ၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရယကဥက္ကဋ္ဌတွေရှေ့မှာ သက်သေထားပြီးပြောတာပါ"ဆိုပြီး ရှင်းပြပါတယ်။ ၁၁ နာရီ ၅၅ မိနစ်လောက်မှာ ပြည်ထဲရေးက ထွက်လာကြပြီး အစ်မခြံရှေ့ လိုက်ပို့ပေးပါတယ်။

၂ နာရီမှာ အစ်မခြံဝရောက်တဲ့အခါ "ခင်ဗျားအစ်မကို ပြောပြပြီးခေါ်ပါ" ဆိုတာနဲ့ အန်တီဝင်းကို အော်ခေါ်ရပါတယ်။ တစ်ယောက်မှ ထွက်မလာပါ။ ၂ နာရီ ၃၅ မိနစ်မှာ ခဏနားပြီး ၂ နာရီ ၄၅ မိနစ်အထိ ဆက်ခေါ်ပါတယ်။ တစ်ယောက်မှ ထွက်မလာပါဘူး။ အဲဒါနဲ့ သက်ဆိုင်ရာအကြီးဆုံးပုဂ္ဂိုလ်ရှိတဲ့ ခြံရှေ့ကို ပြန်လာပြီး ပြောပြပါတယ်။

"အစ်မက ထူးခြားမှုလာပြောလို့ပြောထားတာ။ အခု ထူးခြားလို့ လာပြောတာကို တစ်ယောက်မှ ထွက်မလာကြဘူး။ တစ်ခုခုများ ဖြစ်နေကြသလားမသိဘူး။ ကျွန်တော် ခြံထဲကျော်ဝင်ပြီး သွားခေါ်ရမလား"ပြောတော့-

"ကျွန်တော်တို့ မနက်က ခင်ဗျားခေါ်သလို ခေါ်ပြီးပြီ။ ဒေါ်ခင်ခင်ဝင်း ထွက်လာတယ်။ ဝင်းမမ(အငယ်လေး) ထွက်လာပြီး ပြန်ဝင်သွားတာ တွေ့လိုက်တယ်။ ခင်ဗျားအသံမဟုတ်လို့လား မသိဘူး။ ဒါကြောင့် နောက်ဆုံး ခေါ်မရလို့ ခင်ဗျားကိုလိုက်ရှာပြီး ခေါ်ခိုင်းရတာပါ"လို့ ဖွင့်ပြောကြပါတယ်။ ကျူပ်က-

"ဒါဆို ခင်ဗျားတို့ဘက်က ကင်မရာတွေနဲ့ချိန်ပြီး ရိုက်တာတွေရှိလား။ အခုလည်း ကျွန်တော့်ကို ကင်မရာတွေနဲ့ချိန်ပြီး ရိုက်နေတာတွေ့ရတယ်"လို့ ပြောတော့မှ အကြီးဆုံးပုဂ္ဂိုလ်က-

"ဟုတ်ပါပြီ၊ ခင်ဗျားပြောတာ ဖြစ်နိုင်တယ်"ဆိုပြီး ကင်မရာသမားတွေကို

www.burmeseclassic.com

www.burmeseclassic.com



သွားခေါ်ခိုင်းလိုက်ပါတယ်။ စကားတွေပြောနေတာ တွေ့ရပါတယ်။ အချိန်ကလည်း မရှိတော့ဘူး။

"ကဲ ဒါဆို ကေအမ်အက်စ်ရေ ကျွန်တော်တို့ နက်ဖြန်ကျမှ ဆက်ခေါ်ကြတာပေါ့။ ဒီနေ့က အချိန်ကလည်း မရှိတော့ဘူး။ နက်ဖြန် ကေအမ်အက်စ်ကလည်း ခင်ဗျားအစ်မ အတွက် စားစရာတွေ ယူလာပေါ့ဗျာ"လို့ဆိုပြီး ကျုပ်ကို ပြည်ထဲရေးရုံး ပြန်ခေါ်သွားတယ်။ နက်ဖြန် ဘယ်အချိန်ဆိုတာ ပြောဆိုကြတယ်။ ပြီးတာနဲ့ ကျုပ်ကို သွားချင်တဲ့နေရာပြောပါ ဆိုတာနဲ့ ရွှေဂုံတိုင်မီးပွိုင့်နားပဲ ပို့ပေးပါလို့ ပြောရပါတယ်။

ရွှေဂုံတိုင်လမ်းကနေ ကားငှားပြီး ဆရာတင်မျိုးဝင်းအိမ်သွားရပါတယ်။ ဆရာ့ကို အကြောင်းစုံ ပြောပြပါတယ်။

"ဆရာ၊ အစ်မတောင်းဆိုတဲ့အတိုင်း ရှေ့နေ ဦးကြည်ဝင်းနဲ့ ပေးတွေ့ပါမယ်လို့ သူတို့ဘက်က ပြောလာပြီလေ၊ တောင်းဆိုတာရပြီပဲ။ ထူးခြားမှ လာရမယ်ဆိုလို့လာတော့လည်း တစ်ယောက်မှ ထွက်မလာကြဘူး။ တစ်မျိုးပဲဆရာ"လို့ ပြောတော့ ဆရာက–

"နက်ဖြန်ကျ ထွက်မလာဘူးဆိုရင် ကျော်ဝင်ပြီး ဆရာက ကျော်ဝင်ပါပြောလို့ ဆရာသဘောတူလို့ ကျော်ဝင်ရတာပါ"လို့ အစ်မကို ပြောခိုင်းပါတယ်။

၇–၈–၂၀၀၈ (ကြာသပတေးနေ့)

မနေ့က သက်ဆိုင်ရာ အကြီးအကဲနှင့် ပြောဆိုထားသည့်အတိုင်း တက္ကသိုလ် ရိပ်သာလမ်းထဲလာ။

ရိက္ခာပစ္စည်းပို့ခွင့် ရ/မရ မသေချာ၊ သက်ဆိုင်ရာ အကြီးအကဲက "ခင်ဗျား အစ်မအတွက် ရိက္ခာပစ္စည်း ယူလာပါ"ပြော၍ အစ်မအတွက် ရိက္ခာပစ္စည်းနည်းနည်းပဲ ယူလာ၊ (ဂေါ်ရခါးညွန့်၊ ဂျုံးမြစ်အဖူး။ ကိုက်လံအဖူး။ ကြက်သား။ နံနက်စာ ဘဲသားမုန့် နှစ်ခု၊ ပဲဘဲဥမုန့်တစ်ခု) ယူသာယူလာရတာ (ရှေ့နေဦးကြည်ဝင်း)နဲ့ မတွေ့ရမချင်း လာမပို့ရဘူးလို့ မှာထားတာလေ။ (လက်ခံမှာမဟုတ်ဘူး။ ကျုပ်အစ်မက တိတိကျကျသမား။ အကြောင်းသိပြီးသားလေ) သက်ဆိုင်ရာအကြီးအကဲက စေတနာနဲ့ ပြောတာပဲလေ ဆိုပြီး ယူလာရတာပါ။

တက္ကသိုလ်ရိပ်သာလမ်းထဲဝင်တော့ တစ်လမ်းလုံး တိတ်ဆိတ်နေတယ်။ ဓာတ်မင်းသားကလေးက ကေအမ်အက်စ်ရောက်ပြီဆိုပြီး သက်ဆိုင်ရာ ပြည်ထဲရေးကို အကြောင်းကြားပေးတယ်။ သက်ဆိုင်ရာ အကြီးအကဲနဲ့အဖွဲ့က ကားနှစ်စီးနဲ့ ရောက်လာတယ်။ သက်သေအဖြစ် မနေ့ကအတိုင်း မယကဥက္ကဋ္ဌ၊ မြို့နယ်တရားသူကြီး၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနဲ့ ရယကဥက္ကဋ္ဌတို့ကလည်း စောင့်နေကြပါတယ်။

မြတ်ခါးဝကနေ ၉ နာရီခွဲမှ ၁၀ နာရီအထိ ခေါ်တာ တစ်ယောက်မှ ထွက်မလာ ကြပါဘူး။ သက်ဆိုင်ရာ အကြီးဆုံးပုဂ္ဂိုလ်က "ကေအမ်အက်စ်၊ ဘယ်လိုလုပ်ချင်လဲ" ပြောဆိုတာနဲ့ ဆရာဒေါက်တာတင်မျိုးဝင်း မှာသလိုပြောပြတော့ "မထာနေပါဦး၊

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားကြည့်သေးတာပေါ့''ဆိုတာနဲ့ ''ဒါဆို ဘေးခြံကနေ ဝင်ပြောကြည့်ချင်ပါတယ်'' လို့ပြောပါတယ်။ (ဘေးခြံဆိုတာက နိုင်ငံတော်ပိုင်ခြံပါ။ မဆလလက်ထက် တစ်လျှောက်လုံးမှာ ဆိုဗီယက်သံအမတ်ကြီးက ငှားရမ်းနေထိုင်တာပါ။ စစ်အစိုးရတက်လာပြီး ၁၉၉၅ နောက်ပိုင်းမှာ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်တို့ နေထိုင်ပါတယ်။ ၂၀၀၈ခုနှစ်နောက်ပိုင်းမှာ ရဲတပ်ဖွဲ့မှူးတစ်ယောက်၊ ရဲမှူးကြီးတစ်ဦး နေထိုင်ပါတယ်။ တက္ကသိုလ်ရိပ်သာလမ်းမှာက နိုင်ငံတော်ပိုင်ခြံမြေတွေ အများကြီးပါ။ အစ်မခြံရှေ့မှာ ဆိုရင် စီမံ/ဘဏ္ဍာဝန်ကြီးဌာနပိုင် ဘဏ်ရိပ်သာရှိပါတယ်။ ဘဏ်အရာရှိကြီးတွေ နေထိုင်ပါတယ်။ အင်းလျားကန်ဖျားကျောင်းတိုက်နားမှာဆို စွမ်းအင်ဝန်ကြီးဌာနပိုင် ခြံမြေရှိပါတယ်။)

ဘေးခြံကနေ ဝင်ပြောဖို့ စီစဉ်ပေးပါတယ်။ အစ်မအိမ် မီးဖိုဆောင်နဲ့ကပ်လျက် အုတ်တံတိုင်းဘေးမှာ ခုံမြင့်တစ်လုံး စီစဉ်ပေးပါတယ်။ ခုံမြင့်ပေါ်တက်ပြီး ''အစ်မခင်ဗျာ၊ အစ်မတွေ့ချင်တဲ့ ရှေ့နေဦးကြည်ဝင်းနဲ့ တွေ့ဆုံဖို့ သက်ဆိုင်ရာက ခွင့်ပြုပါတယ်။ အစ်မဘယ်နေ့၊ ဘယ်အချိန် တွေ့ချင်ပါသလဲပြောပြပါ။ ကျွန်တော် ကေအမ်အက်စ် အာမခံပါတယ်။ ဆရာ ဒေါက်တာတင်မျိုးဝင်းကလည်း ပြောခိုင်းပါတယ်''ဆိုပြီး ၁၀ နာရီ မိနစ် ၂၀ ကနေ ၁၀ နာရီ မိနစ် ၃၀ အထိ အော်ပြောနေရပါတယ်။ ၁၀ နာရီ ၃၄ မိနစ်မှာ ဒေါ်ခင်ခင်ဝင်း ခြံတံခါးဝဘက်ကို လာနေပြီဆိုပြီး ပြေးရပါတယ်။ အန်တီဝင်းက တံခါးဖွင့်ပြီး

''ကေအမ်အက်စ်၊ အစ်မကပြောတယ်၊ သေချာရဲ့လားလို့ မေးခိုင်းတယ်'' ပြောတော့

''ဟုတ်ပါတယ်၊ ကျွန်တော် အာမခံပါတယ်''လို့ ပြန်ပြောလိုက်ပြီး သက်ဆိုင်ရာအကြီးအကဲက အန်တီဝင်းနဲ့ စကားပြောဆိုပါတယ်။ ပြောဆိုတာကို အန်တီဝင်းက စာရွက်နဲ့ လိုက်မှတ်ပြီး

''ခဏစောင့်နေကြပါ။ အစ်မကို သွားပြောပြရမယ်''ဆိုပြီး ပြန်သွားပါတယ်။ ၁၀ နာရီ ၄၅ မိနစ်မှာ အန်တီဝင်း ပြန်ထွက်လာပြီး

''အစ်မက ပြောတယ်၊ ရှေ့နေ အန်ကယ်ဦးကြည်ဝင်းကို မနက်ဖြန် တွေ့ချင်တယ်။ အန်ကယ်ဦးကြည်ဝင်း မနက်ဖြန် အားမယ့်အချိန်၊ လာနိုင်မယ့်အချိန်ကို ပြောပြပါ။ ဒီနေ့ညနေ ၄ နာရီမှာ သိချင်တယ်''လို့ အစ်မပြောတဲ့စကားကို အန်တီဝင်းက ပြန်ပြောပါတယ်။

သက်ဆိုင်ရာ အကြီးအကဲကလည်း ''စိတ်ချပါ၊ ညနေ ၄ နာရီ အကြောင်းပြန်ပါ့မယ်''လို့ ပြောပါတယ်။

ဒါနဲ့ ကျုပ်ကလည်း ''အန်တီဝင်း၊ သက်ဆိုင်ရာ လူကြီးက ခင်ဗျားအစ်မအတွက် စားစရာတွေ ယူလာနိုင်ပါတယ်ပြောလို့ ကျွန်တော် ယူလာခဲ့ပါတယ်''ပြောပြတော့

''ကေအမ်အက်စ်ကို ကျေးဇူးတင်ပါတယ်။ ရှင့်အစ်မက ဘာမှ လက်မခံရဘူးလို့ ပြောထားတဲ့အတွက် တောင်းပန်ပါတယ်။ ပြီးတော့ ကေအမ်အက်စ်ကို အစ်မက မှာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ရှေ့နေအန်ကယ်ဦးကြည်ဝင်းလာပြီးနောက်ပိုင်းမှ ကေအမ်အက်စ်က ပုံမှန်ပြန်လာပို့ရမယ် လို့ ပြောလိုက်တယ်''ဆိုတဲ့အတွက် ပါလာတဲ့ ပစ္စည်းတွေ ပြန်ယူလာရပါတယ်။ (ကျုပ်ထင်တဲ့အတိုင်းပဲ၊ အစ်မက လက်ခံမှာမဟုတ်ဘူးဆိုတာကို သိပြီးသား။ သက်ဆိုင်ရာ အကြီးအကဲက ယူလာစေချင်တဲ့အတွက် ယူလာရတာပါ။)

ပြီးတာနဲ့ ရှေ့ဘက်ကခြံ ပြန်လာပြီး ပြန်မလို့လုပ်တော့ သက်ဆိုင်ရာ အကြီးအကဲက ''ကေအမ်အက်စ် မပြန်ပါနဲ့ဦး၊ ခဏစောင့်ပါဦး''ဆိုပြီး သက်ဆိုင်ရာ အထက်လူကြီးဆီ အစီရင်ခံနေတာ တွေ့ရပါတယ်။ ၁၁ နာရီ၊ ၁၅ မိနစ်လောက်မှာ သက်ဆိုင်ရာ အကြီးအကဲက ''ကေအမ်အက်စ် ပြန်နိုင်ပါပြီ။ မနက်ဖြန် ရှေ့နေဦးကြည်ဝင်းလာမယ့် အချိန် ခင်ဗျားအစ်မ ကို ညနေ ၄ နာရီမှာ အကြောင်းကြားပါ့မယ်။ ခင်ဗျားက မနက်ဖြန်လာရင် ဖတ်မင်းသားလေးတို့ကိုမေးပါ။ လမ်းထိပ်လက်ဖက်ရည်ဆိုင်က စောင့်နေပေါ့ဗျာ''ဆိုပြီး နှုတ်ဆက်ပြီး ပြန်သွားပါတယ်။

၈-၈-၂၀၀၈ (သောကြာ)

ဒီနေ့က ရှစ်လေးလုံး နှစ်ပတ်လည်နေ့၊ ရှစ်သုံးလုံးဖြစ်နေတယ်။ မနက်စောစောထကာ ဆရာတင်မျိုးဝင်းအိမ်သွားပြီး မနေ့က ဖြစ်ပျက်ခဲ့တာတွေကို ပြောပြပါတယ်။ ''ဒီနေ့ အန်ကယ်ဦးကြည်ဝင်းနဲ့ အစ်မ တွေ့ခွင့်ရပါမယ်။ အစားအသောက် ရိက္ခာကိုတော့ ဦးကြည်ဝင်းနဲ့တွေ့ပြီးမှ လက်ခံမယ်လို့ အစ်မက ပြောတယ်။ ဒါဆို မနက်ဖြန်တော့ ကျိန်းသေပို့လို့ရပြီဆရာ''လို့ ပြောတော့ ''တနင်္ဂနွေနေ့ နံနက်စာ အစ်မအတွက် ဝယ်ထားမယ်။ ကေအမ်အက်စ် လာယူပါ''ဆိုပြီး ပြောပါတယ်။ ဆရာ့ကို နှုတ်ဆက်ပြီး တက္ကသိုလ်ရိပ်သာလမ်းဘက်ကို ဦးတည်ရပါတယ်။ ၉ နာရီထိုး လမ်းထဲရောက်တော့ ဦးကြည်ဝင်းကားလာတာမတွေ့ပါ။ ဆက်စောင့်ရပါတယ်။ ၁၂ နာရီလောက်မှာ ဦးကြည်ဝင်းကားရောက်လာပြီး ဖတ်မင်းသားလေးတို့က ထုံးစံအတိုင်း ရှာဖွေစစ်ဆေးတယ်။ ၁၂ နာရီခွဲမှာ ခြံတံခါးဝလိုက်ပို့ပေးပါတယ်။ ၁၂ နာရီခွဲကနေ သုံးနာရီအထိ အစ်မနဲ့ ဦးကြည်ဝင်း တွေ့ဆုံခွင့်ရခဲ့ပါတယ်။

(ငါးနှစ်အတွင်း အစ်မရှေ့နေ ဦးကြည်ဝင်း ပထမဆုံးအကြိမ် ခြံထဲ စဝင်ခွင့်ရခြင်းပါပဲ။)

ဦးကြည်ဝင်း ခြံထဲက ပြန်ထွက်လာပြီး ၃ နာရီ ၁၀ မိနစ်မှာ သက်ဆိုင်ရာ အကြီးအကဲနဲ့အဖွဲ့က ကားနှစ်စီးနဲ့ ဦးကြည်ဝင်းကို ပြည်ထဲရေးရုံးဘက် ခေါ်ဆောင်သွားပါတယ်။ ဦးကြည်ဝင်းကားကိုတော့ ရဲဘော်တစ်ဦးက မောင်းပြီး နောက်ကနေ လိုက်သွားပါတယ်။

၉-၈-၂၀၀၈ (စနေနေ့)

မနက် ၁၀ နာရီကျော်လောက် အိမ်ပေါ်ကဆင်းလာတော့ အိမ်ရှေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ပါပလေကော ကားအဝါရောင်လေးထဲက ဇာတ်မင်းသားလေး ထွက်လာတယ်။ (ကားက ဆရာထွေးကား)

"ဟေ့လူ၊ ဒီနေ့ ဘာလို့ လာမပို့တာလဲ။ ခင်ဗျားကို စောင့်နေတာ"လို့ ဇာတ်မင်းသားလေးက ပြောတော့

"ဟာ အစ်မပို့နိုင်းမှပို့မယ်။ ခင်ဗျားတို့ ပို့နိုင်းပေမဲ့ ကျုပ် မပို့နိုင်ဘူး"လို့ ပြန်ပြောတော့ "ခင်ဗျားအစ်မက ဦးကြည်ဝင်းကို မှာလိုက်တယ်။ ဦးကြည်ဝင်းက ပြည်ထဲရေး ရောက်မှပြောတော့ ခင်ဗျားက ပြန်သွားပြီ။ တကယ်ပြောတာပါ။ လမ်းထဲမှာ ကိုနီ စောင့်နေတယ်။ မယုံလိုက်ကြည့်ပါ။ ခင်ဗျား ဘာမှ မဝယ်နဲ့တော့။ ကိုနီ သူ့အိမ်မှာရှိတာတွေ ယူလာတယ် လိုက်ခဲ့ပါ"ဆိုတာနဲ့ ကားနဲ့ခေါ်ရာ ပါသွားတယ်။ လမ်းထဲကျ ကိုနီက "ဟုတ်တယ်။ ဦးကြည်ဝင်းက နောက်ကျမှပြောတော့ ခင်ဗျားက မရှိတော့ဘူး။ အစ်မမှာတာ သေချာပါတယ်" လို့ ပြောလို့ အထုပ်ကိုဆွဲပြီး ခြံဘက် ဦးတည်ရပါတယ်။ ဘဲလ်တီးတော့ အန်တီဝင်း ထွက်လာပြီး

"ဦးကြည်ဝင်းကို အစ်မမှာလိုက်တယ်၊ ပြောလား"ဆိုတော့မှ ယုံရပါတယ်။ ကေအမ်အက်စ်ရေ ဈေးစာရင်းနဲ့ စားစရာကတော့ ကြည့်သာဝယ်လာခဲ့ပါ၊ မမှာသေးဘူး" ဆိုတာနဲ့ ပါလာတဲ့ ပန်းဂေါ်ဖီ၊ ဂေါ်ရခါးသီး၊ နံနက်စာ ပဲပြုတ်၊ အီကြာကွေး၊ မုန့်ပိုင်းတောင့်၊ ကောက်ညှင်းပေါင်းတို့ ပေးခဲ့ပြီး ပြန်လာခဲ့ပါတယ်။ (အဂီ၊ စနေနေ့ ပို့နေကျ နှင်းဆီပန်းပါ ပေးခဲ့ပါတယ်။) ဇာတ်မင်းသားလေးတို့က "ဘာမှာလဲ၊ ဈေးစာရင်းကော"မေးလို့ "အစ်မက ဘာမှမမှာဘူး။ ကျုပ်ဟာကျုပ် ကြည့်ဝယ်ခဲ့ရမှာ၊ မနက်ဖြန်မှ လာမယ်" ဆိုပြီး ဆရာတင်မျိုးဝင်းအိမ် ကားငှားပြီး သွားရပါတယ်။ ဆရာ့ကို အကျိုးအကြောင်း ပြောပြတော့ မနက်ဖြန် တနင်္ဂနွေနေ့ဆိုတော့ မနက်စာ အဆင့်သင့်လုပ်ထားမယ်လို့ ဆရာက ပြောပါတယ်။

## ၁၀–၈–၂၀၀၈ (တနင်္ဂနွေနေ့)

မနက်စောစော ဆရာတင်မျိုးဝင်းအိမ်သွားတော့ ဆရာက နံနက်စာ ပီဇာမုန့်လေးခု၊ သစ်သီးပေါင်မုန့်တစ်လုံး၊ မုန့်ပိုင်းတစ်ခု၊ ပတ္တမြားဆိုင်က ဘဲကြွပ်ကြော်တစ်ကောင်နဲ့ ဦးဉာဏ်ဝင်းက ချောကလက်ခြောက်ပြားပေးလိုက်ပါတယ်။ လမ်းမှာ ရွှေဖရုံသီးနဲ့ ပဲပင်ပေါက်ဝင်ဝယ်ပြီး အစ်မခြံဘက် ကားငှားပြီး ထွက်ခဲ့ပါတယ်။ ဇာတ်မင်းသားတို့ဆီ ရောက်တော့ ထုံးစံအတိုင်း ရှာဖွေစစ်ဆေးတာ ခံယူပြီး ခြံဝသွားရပါတယ်။ အန်တီဝင်း ထွက်လာပြီး မနက်ဖြန်အတွက် ဈေးစာရင်းပေးပါတယ်။ "ကေအမ်အက်စ်ရေ အစ်မက ပြောတယ်၊ ဒီလ ဘရက်ဒ်အော့ဗ်အော့ဗ်မန့်သ် မေးခဲ့ပါလို့ မှာလိုက်တယ်"လို့ ပြောပါတယ်။

## ၁၁–၈–၂၀၀၈ (တနင်္လာနေ့)

မနက် ဆီဒိုးနားဝင်ပြီး ဒီလ ဘရက်ဒ်အော့ဗ်မန့်သ်က ဘာပါလဲလို့ မျက်မှန်းတန်းမိနေတဲ့ မိန်းကလေးကိုမေးတော့ "အန်ကယ် ဒီလက မေ့လ်ခ်တီး ဘရက်ဒ်ပါ"ရှင့်

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ "မယူသေးဘူးနော် မေးခိုင်းလို့ လာမေးတာပါ။ ကျေးဇူးတင်ပါတယ်"ပြောပြီး တက္ကသိုလ်ရိပ်သာလမ်းဘက် ထွက်ခဲ့ပါတယ်။ ရှာဖွေစစ်ဆေးပြီးတာနဲ့ ခြံဝသွား၊ အန်တီဝင်းကိုခေါ်၊ ပါလာတဲ့ပစ္စည်းတွေ ပေးရပါတယ်။

ဆားအကြမ်းတစ်ထုပ်၊ အနုတစ်ထုပ်။

MCW ဖယောင်းတိုင်ငါးထုပ်၊ ရွှေနဂါး အမွှေးတိုင် ငါးထုပ်။

နံနက်စာ ဗယာကြော်၊ ပြောင်းဖူးစမူဆာသေး၊ အာလူးစမူဆာသေး တွေပေးပြီး

"အန်တီဝင်းရေ ဒီလ ဘရက်ဒ်အော့ဖ်မန့်သ်က မေ့လ်ခ်တီးဘရက်ပါ။ အစ်မကို ပြောပြပေးပါ"ဆိုပြီး မနက်ဖြန်အတွက် စာရင်းယူရပါတယ်။ ပြန်လာပြီး ဇာတ်မင်းသားတို့ဆီမှာ မနက်ဖြန်အတွက်မှာတဲ့ ပစ္စည်းစာရင်း ဝင်ပေးရပါတယ်။

၁၂–၈–၂၀၀၈(အင်္ဂါနေ့)

နံနံပင်၊ ငရုတ်သီးစိမ်းအပွ၊ ငရုတ်သီးစိမ်းအရှည်၊ ငရုတ်သီးစိမ်းအသေး။ မှို၊ ကန်စွန်းရွက်သုံးမျိုး။ ဟင်းနုနယ်ငါးစည်း။

Milk Tea Bread - တစ်လုံး (Bread of Month)

Arm-N-Hammer Advance White 6.07.170 g သွားတိုက်ဆေးနှစ်ဘူး။ (အန်တီနီမှ ပေး) ခြေအိတ်သေးနှစ်စုံ၊ ဆံပင်ညှပ်ကလစ် ခြောက်ချောင်း၊ (နမူနာ ထုတ်ပေး)။

Villars Dark Chocolate 72% တစ်ပြား။

Ghirardelli Semi Sweet Chocolate တစ်ပြား။ Ghirardelli CACAO 72% တစ်ပြား။

Hershey's Special Dark တစ်ပြား။ Rcoco Mocha Wifcrs။

(အန်တီဝင်း မှာလိုက်သော သူ့အတွက် ဆေး၊ သိမ်ဖြူဆေး။ ၉၂ လမ်းမှဝယ်)

ရွှေရုပ်လွှာ ၁၅ ထုပ်၊ သကြားရေစင် ၁၅ ထုပ်၊ အထူးနှလုံးဆေး ငါးထုပ်

တို့ကို အန်တီဝင်းထံ ပေးအပ်ပြီး မနက်ဖြန်မှာမယ့်စာရင်းကို လိုက်မှတ်ရပါတယ်။ ထုံးစံအတိုင်း ဇာတ်မင်းသားလေးတို့ဆီ နက်ဖြန်မှာတဲ့ စာရင်းပေးပြီး ပြန်လာခဲ့တယ်။ အနေအထားတွေကိုကြည့်ပြီး ကျုပ်ရင်ထဲမှာ တစ်မျိုးကြီးပဲ။ "တစ်ခုခုတော့ ဖြစ်လိမ့်မယ်ထင်တယ်။ တစ်ခုခုတော့ တစ်ခုခုပဲ"။

၁၃–၈–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

သကြား၊ ပဲတောင့်ရှည်၊ ပဲစောင်းလျားသီး၊ ဟင်းနုနယ်၊ ငရုတ်သီးအတောင့်၊ ငရုတ်သီးအလျော်မှုန့်၊ မျှစ်ချဉ် (မပြုး)

နံနက်စာ–နန်းကြီးသုပ်နှစ်ပွဲ

နာရီပြင်ခိုင်း၊ အကြီးတစ်လုံး၊ အသေးတစ်လုံး။

www.burmeseclassic.com

www.burmeseclassic.com



မီးပူပြင်နိုင်း (ချက်ချင်းပြင်ပေးပါ)

Van Hoolten Pour Coacoapower တစ်ဘူး။

နံနက် ၉ နာရီကျော်ရောက်၊ ထုံးစံအတိုင်း အစစ်ဆေးခံပြီး ခြံဝကာလား အန်တီဝင်းကို ဘဲလ်တီးခေါ်ပြီး ပစ္စည်းတွေပေး။ နက်ဖြန်အတွက် မှာတဲ့ပစ္စည်းစာရင်းယူ၊ ဖာတ်မင်းသားလေးတို့ကို မနက်ဖြန်အတွက်မှာတဲ့စာရင်းပေးပြီး ပြန်လာ၊ ညနေ ၃ နာရီကျော်လောက်မှာ ရှေ့နေအန်ကယ်ဦးကြည်ဝင်းကခေါ်၍ အန်ကယ်ဦးကြည်ဝင်းရုံးခန်းကိုသွားတော့ သက်ဆိုင်ရာအကြီးအကဲထံ လိပ်မူထားတဲ့ စာတစ်စောင်ကို မနက်ဖြန်ကျရင်ပို့ပေးပါလို့ပြော၊ ဖာတ်မင်းသားလေးတို့ဆီကနေ တစ်ဆင့်ပို့ပေးဖို့ပြော။

၁၄-၈-၂၀၀၈ (ကြာသပတေးနေ့)

ဂေါ်ဖီထုပ်၊ ရွှေဖရုံသီး၊ နမ်းလော့်အကြီးတစ်ထုပ်။

ငါးမုန့်ကြော်စားရန် အစိမ်းတစ်ထုပ်၊ ပါပလာကြော်စားရန် အစိမ်းတစ်ထုပ်။

အသားလုံချောက် နှစ်ထုပ် (မမအေး)

ဘဲသားယဲငါးပိချက်၊ ကြက်ဥကြော်၊ ကြောင်လျှာသီးကြော်၊ ကြံမဆိုင်ဟင်းချို လက်ဖက်အကြော်စုံ၊ မရန်းတော်ဖီနှစ်ထုပ် (ပိုင်ပိုင်)

Mushroom Sauce တစ်ပုလင်း (ဝယ်လို့မရသေး)

အန်ကယ်ဦးကြည်ဝင်းက သက်ဆိုင်ရာ အကြီးအကဲထံကို စာတစ်စောင်ပေးနိုင်းလိုက်ပါတယ်ဆိုပြီး ဖာတ်မင်းသားလေးကိုပြောပြတော့ "သူနဲ့မဆိုင်ဘူး၊ ကိုယ့်ဘာသာသွားပေးပါ"လို့ ပြန်ပြောတယ်။ နည်းနည်းတော့ ဒေါကန်သွားတယ်။ (သူ့ဘိုးအေ၊ သူ့အဏ္ဍာ ပေးနိုင်းတဲ့စာ၊ တင်ပြတဲ့။ စာထဲမှာပါမှာက ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်ပြီး ရှေ့နေကတစ်ဆင့် နိုင်ငံတော်ထံ သိစေဖို့ တင်ပြတဲ့စာ။ ဘယ်လောက်အရေးကြီးတဲ့စာလည်း သူ မစဉ်းစားဘူး။ "ကိုယ့်ဘာသာကိုယ် သွားပေးတဲ့"။ ကျုပ်က ပြည်ထဲရေးကို သွားပေးပါပြီတဲ့ စာဝင်စာထွက်က လက်ခံထားပါပြီတဲ့ ပျောက်ပျက်သွားရင် ဘယ့်နှယ်လုပ်မလဲ။ ဒီစာမျိုးက လူကြီးလက်ထဲ ချက်ချင်းပေးရမယ့်စာမျိုး ဖြစ်နေတဲ့ ကာလ။ ဖာတ်မင်းသားလေးရဲ့ စိတ်ဓာတ်က တာဝန်ခံမှု၊ တာဝန်ယူမှု စိတ်ဓာတ်မျိုး မရှိဘူး။ လူကြီးလာရင် ကြောက်နေပြီ၊ ကျောက်ရုပ်လို ရပ်နေပြီ၊ "ဟုတ်ကဲ့အဘ ... ဟုတ်ကဲ့ အဘ" ဒါပဲပြောတတ်တယ်။ ရိုးသားတဲ့စိတ်ဓာတ် ရှိတယ်။ အလုပ်အပေါ်မှာ တာဝန်ကျေတယ်။ လူမှုရေးပိုင်းမှာတော့ အားနည်းချက်ရှိတယ်လို့ ထင်ရပါတယ်။

အစ်မခြံဘက်ကနေ စားစရာပို့ပြီး ပြန်လာတော့ ဖာတ်မင်းသားလေးက ခင်ဗျား သွားပို့မယ့်စာကို ဗိုလ်မှူးက သူလာယူမယ်လို့ပြောတယ်။ ခဏစောင့်ပါဦးလို့ ပြောသော့ ကျုပ်က ပြုံးမိတယ်။ ဒီစာဟာ ဘာစာလဲဆိုတာ သဘောပေါက်တော့ ...ိုယ်တိုင်တောင် လာယူရတဲ့ အနေအထား။ (ဗိုလ်မှူးလို့ခေါ်ပေမဲ့ ဗိုလ်မှူးကြီးအဆင့်၊ ပြီးတော့ သူတို့ဌာနမှာ ဒုတိအကြီးအကဲအဆင့်၊ အစ်မနဲ့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း ကြား

www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာ ဆက်သွယ်စီစဉ်ပေးနေရတဲ့ ပုဂ္ဂိုလ်ပါ။ ထိုပုဂ္ဂိုလ်ဟာ ဗိုလ်ကြီး ဘဝကတည်းက အစ်မနဲ့ ကျွန်တော်တို့နဲ့ ရင်းနှီးခဲ့ကြတဲ့ ပုဂ္ဂိုလ်ပါ။ နှစ် ၂၀ ကျော်တောင် ကြာပါပြီ။) တကယ်ဆို အထက်လူကြီး လာမယူခင် ဇာတ်မင်းသားလေးက သွားပို့ပေး တယ်ဆိုရင် လူကြီးလည်း မပင်ပန်းတော့ဘူးပေါ့။

ခဏလောက်နေတော့ ဗိုလ်မှူးရောက်လာတာနဲ့ စာကိုပေးတော့ "ကေအမ် အက်စ်ကို ဦးကြည်ဝင်းက ဘယ်အချိန်မှာ ပေးတာလဲ"မေးပါတယ်။

"မနေ့ ညနေ ၃ နာရီလောက်မှာ ခေါ်ပေးပါတယ်"

ဗိုလ်မှူးက စာကို လက်ခံပြီး "ကေအမ်အက်စ် ခဏစောင့်နေပါဦး။ ကျွန်တော် အပေါ်တက်လိုက်ဦးမယ်"ဆိုပြီး ဇာတ်မင်းသားလေးတို့ ရုံးအပေါ် တက်သွားပါတယ်။ ပြန်ဆင်းလာပြီး "ကေအမ်အက်စ် ပြန်လို့ရပါပြီ"ဆိုတာနဲ့ ဇာတ်မင်းသားလေးတို့ကို မနက်ဖြန်အတွက် မှာတဲ့ပစ္စည်းစာရင်းပေးပြီး ပြန်လာခဲ့ပါတယ်။ (ရွှေနေဦးဝင်းကြည် ပထမစာ။)

၁၅–၈–၂၀၀၈။ (သောကြာနေ့)

ပဲပြား၊ ပဲပင်ပေါက်၊ ဘူးသီးနုနု၊ မုန်လာဥနီ၊ မုန်ညင်းထုပ်။

နံနံပင်၊ သံပရာသီး၊ သံပရိုသီး။

ကြောင်စာ ငါး၊ ပဲငံပြာရည်အကြည်

နံနက်စာ (ပုစွန်ဖက်ထုပ် အိုးကပ်ကြော်)

နံနက် ၉ နာရီကျော်ရောက် ထုံးစံအတိုင်း အစစ်ဆေးခံပြီး ခြံဝကိုသွား။ အန်တီဝင်းကို ဘဲလ်တီးပြီးခေါ်၊ အန်တီဝင်းထွက်လာ၊ မျက်နှာသိပ်မကောင်းတဲ့ပုံစံနဲ့ (အင်း တစ်ခုခုတော့ တစ်ခုခုပဲ။ ငါထင်တဲ့အတိုင်း ဖြစ်ပြီထင်တယ်ဆိုပြီး စိတ်ထဲက တွေးလိုက်မိတယ်။)

အန်တီဝင်းက "ကဲ ကေအမ်အက်စ်ရော၊ ဇာတ်မင်းသားလေးတို့ရော လိုက် မှတ်ပါ။ အစ်မပြောလိုက်တာတွေ ဖတ်ပြမယ်။ အရင်အပတ်က ဦးကြည်ဝင်းကို ပြော ထားတဲ့အတိုင်း နေ့စဉ် နိစ္စဓူဝကိစ္စတွေကို ဥပဒေအရ ဘယ်လို စီစဉ်မလဲဆိုတာ ဆုံးဖြတ်ပြီး ဆရာကနေတစ်ဆင့် ကေအမ်အက်စ်ကိုလည်း အကြောင်းကြားမယ်။ ဒီကြားထဲ ကေအမ်အက်စ် အေးအေးဆေးဆေး နားနေပါ"

"ဇာတ်မင်းသားလေးတို့ကလည်း ဦးကြည်ဝင်းလာတဲ့အခါမှ လာပါ။ ဘဲလ်ကို ဖြုတ်ထားမယ်။ ခေါ်ပါ၊ ခေါ်ရင် 'အန်တီဝင်းဖည့်သည်'လို့ ပြောပြီးခေါ်ရင် အစ်ပွာယ်ပေါက် တယ်"လို့ အန်တီဝင်းက အစ်မမှာတာတွေကို ပြောပြပါတယ်။ ပါလာတဲ့ ပစ္စည်းတွေကို အန်တီဝင်းက ယူပြီး တံခါးပိတ်သွားပါတယ်။

"ကဲ ဇာတ်မင်းသားလေး။ အစ်မပြောတဲ့အတိုင်း မနက်ဖြန်ကစပြီး ကျုပ် မလာတော့ဘူး။ အစ်မက အကြောင်းကိစ္စရှိရင် ဆရာကနေတစ်ဆင့် အကြောင်းကြား

www.burmeseclassic.com



မယ်လို့ ပြောလိုက်တယ်နော်။ ကျုပ်ကို လိုက်မရှာပါနဲ့''လို့ပြောပြီး ကုက္ကိုင်းထိပ် အမြန်ပြေးပြီး တက္ကစီနဲ့ ဆရာ့အိမ် ၅၁ လမ်း သွားပါတယ်။ ကားပေါ်မှာ စဉ်းစားမိတယ်။ ၃-၈-၂၀၀၈ နေ့ကနေ ၈-၈-၂၀၀၈ နေ့အထိ ခြောက်ရက် အစားအသောက် ရိက္ခာတွေ မယူဘူး။ လက်မခံဘူး။ ကြားထဲမှာ အကျိုးဆောင်ရှေ့နေနဲ့ အစ်မကို ပေးတွေ့တယ်။ သက်ဆိုင်ရာနဲ့ ဆွေးနွေးတယ်။ ၉-၈-၂၀၀၈ နေ့အထိ လက်ခံပြီး ဆွေးနွေးနေတာတွေ မအောင်မြင်ဘူးနဲ့တူတယ်။ မနက်ဖြန် ၁၆-၈-၂၀၀၈ နေ့စကပြီး ဘာပစ္စည်းမှ လာမပို့ရဘူး။ နားနေပါဦးလို့ အစ်မက ပြောတယ်။

''ငါ့အစ်မ တိုက်ပွဲခေါ်သံတော့ စပြီ။ ၁၆-၈-၂၀၀၈ (စနေနေ့)'' က စ။

ဆရာ ဒေါက်တာတင်မျိုးဝင်းကို အကျိုးအကြောင်းပြောပြတော့ ဆရာက ''လာ ••• အန်ကယ်ဦးကြည်ဝင်းဆီ သွားမယ်''ဆိုပြီး ဦးကြည်ဝင်းရုံးခန်းမှာ သွားတွေ့တယ်။ အကျိုးအကြောင်းပြောတော့ ဦးကြည်ဝင်းက သက်ဆိုင်ရာအကြီးအကဲထံ စာရေးပြီး ကျုပ်ကိုသွားပို့ပေးပါလို့ပြောတဲ့အတွက် ညနေ ၄ နာရီလောက်မှာ ဓာတ်မင်းသားလေးတို့ဆီသွားပေးတော့ ဒီတစ်ခါ ဓာတ်မင်းသားလေးက အရေးတကြီးနဲ့ ချက်ချင်းပဲ ပြည်ထဲရေးရုံးသွားပို့ပေးပါတယ်။ ကျုပ်ကိုလည်း စောင့်နေပါဦးဆိုလို့ စောင့်နေရပါတယ်။ ၆ နာရီကျော်မှ ပြန်ရောက်လာပြီး''ပို့ခဲ့ပြီးပြီ၊ ခင်ဗျား ပြန်နိုင်ပြီ''လို့ ပြောတာနဲ့ အခြေအနေကို ဆရာထံ ဖုန်းဆက်ပြောပြရပါတယ်။(အစ်မရှေ့နေ ဦးကြည်ဝင်းရဲ့ ဒုတိယစာ။)

**၁၆-၈-၂၀၀၈ (စနေနေ့)**

အစ်မထံ ပစ္စည်းမပို့ရ (ဒေါ်အောင်ဆန်းစုကြည် အစာငတ်ခံ ဆန္ဒပြ စတင်သည့်နေ့)

ည ၁၀ နာရီ ၁၅ မိနစ်ခန့်မှာ နယ်ခမြခံ သတင်းတပ်ဖွဲ့အရာရှိ ကိုနေမျိုးအိမ်ကို ရောက်လာပါတယ်။ သူတို့ရဲ့လူကြီး အကြီးအကဲက မနက်ဖြန်မှာ တွေ့ချင်ပါတယ်။ ကေအမ်အက်စ် အားမယ့်အချိန်ပြောပါ။ လာခေါ်မယ်ပြောတော့ ကျွန်တော် နံနက် ၁၀ နာရီ ကျော်ဆို အားပါတယ်။ မနက်ဖြန် တက္ကသိုလ်ရိပ်သာလမ်းက လင်းသစ် လက်ဖက်ရည်ဆိုင်မှာ စောင့်နေမယ်လို့ပြောတော့ ကိုနေမျိုးက ကျွန်တော် အဲဒီမှာ လာခေါ်ပါ့မယ်။ ခင်ဗျား စောင့်နေပါနော်ဆိုပြီး ပြန်သွားပါတယ်။

**၁၇-၈-၂၀၀၈ (တနင်္ဂနွေ)**

အစ်မထံ ပစ္စည်းမပို့ရ။

မနက် ၇ နာရီကျော်လောက် အိမ်က ထွက်လာတော့ နယ်မြေခံ ကိုနေမျိုးကားကိုတွေ့ (ဘယ်အချိန်ကတည်းက ရောက်နေလဲမသိ) ''ဒီနေ့မနက် လူကြီးနဲ့တွေ့ဖို့ ချိန်းထားတာ မေ့နေမှာစိုးလို့ ထပ်ပြောတာပါ''လို့ပြောတော့ ''စိတ်ချပါ ၁၀ နာရီကျော်

www.burmeseclassic.com



လောက် တက္ကသိုလ်ရိပ်သာလမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ လာခေါ်ပါ''လို့ပြောပြီး ဆရာတင်မျိုးဝင်းထံ ကားငှားသွားရပါတယ်။ ဆရာ့အိမ်ရောက်တော့ အကျိုးအကြောင်း ပြောပြရပါတယ်။ ဆရာက သူ့ကိုလည်း သက်ဆိုင်ရာက ဖုန်းဆက်တယ်။ ၈ နာရီမှာ ဖုန်းထပ်ဆက်မယ် စောင့်ပါဆိုလို့ ဖုန်းစောင့်နေတာလို့ ဆရာက ပြောပါတယ် ခဏနေ ဆရာ့ဆီ ဖုန်းလာပါတယ်။ ဆရာ့ကိုလည်း ၁ နာရီခွဲမှာ ပြည်ထဲရေးရုံးမှာ တွေ့ဆုံဖို့ ပြောဆိုပါတယ်။ (အင်း တစ်ခုခုတော့ တစ်ခုခုပဲ။)

၁၀ နာရီမှာ တက္ကသိုလ်ရိပ်သာလမ်းက လင်းသစ် လက်ဖက်ရည်ဆိုင်ကိုသွား နယ်မြေခံကိုနေမျိုးရောက်နေ၊ ကိုနေမျိုးက ကျွန်တော်တို့ ဒီကပဲ စောင့်နေကြမယ်ဆိုပြီး စောင့်နေ၊ ကိုနေမျိုး လက်ကိုင်ဖုန်းနဲ့ အပြင်ထွက်ပြီး စကားပြောနေတာတွေ့ရ။ (လမ်းထဲမှာ ထူးခြားတဲ့ လှုပ်ရှားမှုတွေ တွေ့နေရပါတယ်)

ကျုပ်လည်း လက်ဖက်ရည်ဆိုင်ထဲကနေထွက်ပြီး အစ်မခြံဘက်ကို ကြည့်ကြည့်နေမိတယ်။ ၁၂ နာရီကျော်လောက်မှာ ဇာတ်မင်းသားလေးတို့ ခြံဘက်ကနေ အစ်မခြံဘက် လူငါးယောက်လောက် လမ်းဖြတ်ကူးသွားတာ တွေ့ရတာနဲ့ အနီကယ်ဦးကြည်ဝင်းပါတာ တွေ့ရတော့ အစ်မနဲ့ အနီကယ်ဦးကြည်ဝင်းကို ပေးတွေ့တဲ့ပုံပဲဆိုပြီး မသိချင်ယောင်ဆောင်ပြီး ဟိုကြည့်ဒီကြည့်သလို လုပ်နေရပါတယ်။ အစ်မရှေ့နေ အနီကယ်ဦးကြည်ဝင်း (ဒုတိယအကြိမ် ခြံထဲဝင်ခွင့်ရ)

ဒီနေရာမှာ တက္ကသိုလ်ရိပ်သာလမ်းရဲ့ အခြေအနေကို ပြောပြချင်ပါသေးတယ်။ အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ၁၉၉၆ ခုနှစ်ကစပြီး တားဆီးပိတ်ဆို့မှုတွေ စတင်လုပ်ဆောင်ခဲ့ကြပါတယ်။ ပထမပိုင်းလုပ်ဆောင်မှုအစီအစဉ်က အစ်မရဲ့ လုံခြုံရေးအဖွဲ့ လုံခြုံရေးအဖွဲ့ ဆိုတာက ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် နေ့ ညနေ ၅ နာရီမှာ ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းကို သက်ဆိုင်ရာက စစ်ကြောင်းပုံစံနှင့် ဝင်ရောက်စီးနင်းပြီး ကျုပ်တို့အုပ်စုကို အင်းစိန် ထောင်ခေါ်သွားပြီး ပုဒ်မ ၁၀ (က)ဖြင့် ထိန်းသိမ်းထားလိုက်ပါတယ်။ အစ်မ ဒေါ်အောင်ဆန်း စုကြည်ကိုတော့ ပုဒ်မ ၁၀(ခ) နေအိမ် အကျယ်ချုပ် ထားရှိခဲ့ပါတယ်။ လုံခြုံရေးယူပေးတဲ့အနေနဲ့ ထောက်လှမ်းရေးအဖွဲ့က အတွင်းစည်း အနီးကပ် လုံခြုံရေးအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံဝင်းထဲမှာ တပ်စွဲပြီး နေထိုင်ပါတယ်။ အပြင်စည်း လုံခြုံရေးအနေနဲ့ ခလရ(၁၆)၊ ခလရ(၉၀)၊ ခလရ(၉၁)၊ ခလရ(၈၂)တို့က အလှည့်နဲ့ တာဝန်ယူကြတာကို (၁၉၉၅ ခုနှစ်၊ ဇူလိုင် ၁၀ ရက်နေ့ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်က ပြန်လွတ်လာတော့ ၁၁ ရက်နေ့မှာ ကျုပ် ခြံထဲပြန်ရောက်တော့ လေ့လာသိရှိရတာပါ) တွေ့ရပါတယ်။ ၁၉၉၅ ခုနှစ်နောက်ပိုင်းမှာ တပ်နဲ့အတူ ရဲတပ်ရင်းကပါ ပူးတွဲတာဝန်ယူတာကို တွေ့ရပါတယ်။ ပထမဆုံးက ရဲတပ်ရင်း (၇)လို့ ထင်ပါတယ်။ (ဆေးပေါ့လိပ် အမြဲခဲနေတဲ့ ရင်းမှူး ကိုမျိုးလွင်ကိုတော့ အမှတ်ရမိသား။ သူနဲ့အတူတွဲပြီး အမှတ်ရမိတာက ဗားကရာချောက်နားမှာနေတဲ့ ခမရ–၄၃၆ ရင်းမှူးကြီးပေါ့) တက္ကသိုလ်ရိပ်သာလမ်းမှာ ရဲတပ်ရင်း (၁)ကနေ (၉)အထိ တာဝန် ကျဖူးပါတယ်။ ဒါပေမဲ့ တက္ကသိုလ်ရိပ်သာလမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားဖြစ်စဉ်တွေက ကမ္ဘာကသိအောင် ဖြစ်တိုင်း ရဲတပ်ရင်း (၇) တာဝန်ယူစဉ်မှာ ဖြစ်ခဲ့တာက အံ့ဩစရာပါပဲ။

ပထမဖြစ်စဉ်က

၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလအတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ ဗွတ္တလစ်လမ်းဆုံအရေးအခင်း။ ဘဘဦးကြည်မောင်အိမ်ကအထွက် ကမ္ဘာအေးလမ်းမပေါ်က အရေးအခင်း။ အဲဒီအရေးအခင်းတွေဖြစ်ပြီးနောက်ပိုင်းကစပြီး လမ်းကို ပိတ်ဆို့လို့ရတဲ့ မောင်းတံတစ်စုံကို မူလတန်းကျောင်းလေး ရှေ့မှာတစ်ခု၊ ကံဖျားကျောင်းတိုက်မရောက်ခင် ဓာတ်ဆီဆိုင်နားမှာ တစ်ခု တပ်ဆင်လိုက်ကြပါတယ်။ အင်းလျားမြိုင်လမ်းထိပ်နဲ့ ကုက္ကိုင်းလမ်းထိပ်နားတွေမှာလည်း လမ်းပိတ်လို့ရတဲ့ သံဆူးကြိုး ဘယ်ရီကိတ်တွေကိုလည်း ချထားခဲ့ပါတယ်။ ၂၀၁၁ နိုဝင်ဘာလကျတော့မှ အားလုံး ပြန်ရုပ်သိမ်းပါတယ်။ (၁၉၉၆ မှ ၂၀၁၀ ပြည့်နှစ်အထိ ၁၄ နှစ်ကြာ ကာလအတွင်းမှာ တက္ကသိုလ်ရိပ်သာလမ်းမကြီးက 'မောင်းတံ' တွေနဲ့ ပိတ်ဆို့တားမြစ်ခြင်း ခံခဲ့ရရှာတာပါ။) နိုဝင်ဘာလဆိုတာ ၁၁ ဂဏန်း။ ၁၁ ဂဏန်းကို တော်တော် အစွဲအလမ်းကြီးတာပဲနော်။

ဒုတိယဖြစ်စဉ်က

၁၉၉၈ ခုနှစ်၊ ဖွန်လ ၂၅ ရက်နေ့ အစ်မ ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းအတွင်းမှာ အပတ်စဉ်ပြုလုပ်တဲ့ စာဖတ်ဝိုင်းကိုလာတဲ့ လူငယ်တွေကို ပိတ်ပင်တဲ့ကိစ္စ၊ အစ်မက လက်မခံနိုင်တဲ့အတွက် ကုက္ကိုင်းလမ်းထိပ်အထိ လိုက်သွားပြီး လူငယ်တွေကို သွားခေါ်တဲ့အခါ လမ်းထဲကို အဝင်မခံပါဘူး။ ဘဘဦးတင်ဦးနဲ့ အစ်မ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ပါဝင်ပြီး ခြံဘက်ပြန်လာတာကို တားဆီးပိတ်ဆို့ရာကနေ အစ်မခြံအေးက မူလတန်းကျောင်းနားအရောက်မှာ တုတ်တွေနဲ့ ဝိုင်းရိုက်ပြီး ကျောင်းရှေ့အရောက်မှာ ပိတ်ဆို့တားဆီးထားတာဟာ ၂၅ ရက်နေ့ မွန်းလွဲ ၂ နာရီကျော်ကနေ နောက်တစ်နေ့နံနက် ၈ နာရီကျော်အထိပါပဲ။ တစ်ညလုံး လမ်းမပေါ်မှာ နေနေရပါတယ်။ မိုးရွာလည်း မိုးရွာထဲမှာ နေရပါတယ်။ (ပြစ်မှုကလည်း တော်တော်ကြီးလေးတဲ့ ပြစ်မှု၊ စာဖတ်ဝိုင်းလုပ်လို့တဲ့။ လူစုလူဝေးနဲ့ လက်နက်ကိုင်တော်လှန်တာလည်း မဟုတ်၊ စင်ပြိုင်အစိုးရဖွဲ့တာလည်းမဟုတ်၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေဖို့၊ လူငယ်တွေ စာဖတ်စေချင်လွန်းလို့၊ ပညာတွေတတ်စေချင်လွန်းလို့ စာဖတ်ဝိုင်းဆွေးနွေးပွဲ လုပ်ပေးတာပါ။ တိုင်းပြည်မှာ ပညာတတ်တွေပေါ်များမှာကို မလိုလားဘူးနဲ့ တူပါရဲ့။)

တတိယဖြစ်စဉ်က

၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်မှာ ကော့မှူး–ကွမ်းခြံကုန်းစည်းရုံးရေး

www.burmeseclassic.com

www.burmeseclassic.com



ခရီးစဉ်အသွား၊ ဒလမြို့စွန် ကျနစ်စစ်သားရုပ်ကွက်နားအရောက် ပိတ်ဆို့တားဆီးခြင်း ခံရတာ ကိုးရက်တောင် ကြာခဲ့ပါတယ်။

**စတုတ္ထဖြစ်စဉ်က**

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ ('ရွှေဝါရောင်တော်လှန်ရေး'၊ 'တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ')ကာလ၊ သံဃာတော်တွေ ပါဝင်တဲ့ ဆန္ဒပြလူတန်းကြီးဟာ လုံခြုံရေးအပြည့်အဝ ချထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ခြံရှေ့ ဘယ်လိုရောက်သွားတယ်ဆိုတာ စဉ်းစားစရာပါပဲ။ ဘာအန္တရာယ်မှ မများလှပါလားနော်။ ဒီလိုမှန်းသိလိုက်သွားပါရဲ့၊ အစ်မနဲ့ တွေ့မှာလေ။ ဟဲ ဟဲ။

**ပဉ္စမဖြစ်စဉ်က–**

၂၀၀၉ ခုနှစ်၊ မေလ ၃ ရက်နေ့၊ အမေရိကန်နိုင်ငံသား 'ကိုယက်တော' တစ်ယောက် ဒေါ်အောင်ဆန်းစုကြည်ခြံထဲ ဝင်ရောက်တဲ့ကိစ္စပါ။ အသားညို၊ အသားလတ်၊ အရပ်အမောင်း ငါးပေကျော်သာရှိတဲ့ မြန်မာနိုင်ငံသားတွေတောင် ဝင်ရောက်လို့ မရနိုင်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံဘေးက ဝဲယာခြံတွေမှာ လုံခြုံရေးအပြည့်အဝ ချထားပြီးသား။ ကန်စပ်မှာလည်း ရေကင်းက နေ့ည တာဝန်ချထားပြီးသား။ အဲဒီနေရာကို အသားဖြူဖြူ အရပ်အမောင်းက ခြောက်ပေကျော် အမေရိကန်နိုင်ငံသားတစ်ဦးက အမေရိကန်နိုင်ငံကနေ တကူးတကလာပြီး ဝင်ခွင့်ရတယ်ဆိုတာ ကျုပ်အဖို့ ဘယ်လိုမှ မစဉ်းစားနိုင်အောင်ဖြစ်ရပါတယ်။ ပြီးတော့လည်း ကြည့်ဦးလေ။

အင်းစိန်ထောင် အထူးတရားရုံးမှာ အမှုစစ်ဆေးနေတုန်း တရားသူကြီးတွေက အမေရိကန်နိုင်ငံသား ကိုယက်တော ခြံထဲကို ဘယ်လိုဝင်ရောက်တယ်ဆိုတာ စစ်ဆေးချင်လို့ဆိုပြီး ၂၀၀၉ ခုနှစ်။ မေလ ၂၈ ရက်နေ့ မွန်းလွဲ ၂ နာရီလောက်မှာ ဒေါ်အောင်ဆန်းစုကြည် ခြံထဲကို တရားခံ အမေရိကန်နိုင်ငံသား ကိုယက်တောကို ေ [illegible] လာပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်ပုဂ္ဂိုလ်တွေလည်းပါလာတော့ ကျုပ်က ခွင့်ပြုရပါတယ်။ အဲဒီမတိုင်ခင် သုံးရက်လောက်ကတည်းက ဖာတ်မင်းသားက ကျုပ်ကို ခေါ်ပြောတယ်။ "ဟေ့လူ၊ ခင်ဗျားတို့ အပြင်လုံးဝမထွက်ပါနဲ့။ စားစရာတွေ ကျုပ်တို့ ဝယ်ပေးပါ့မယ်"ဆိုပြီး မေတ္တာရပ်ခံတယ်။ 'ဘာဖြစ်လို့လဲ"မေးတော့ "လူကြီးတွေက ခင်ဗျားတို့နဲ့ လာတွေ့စရာရှိတယ်။ ခင်ဗျားတို့ အပြင်ထွက်နေရင် လွဲကုန်လိမ့်မယ်"ပြောတာနဲ့ အပြင်ထွက်ခွင့်မရပါဘူး။ တစ်ရက်လည်းမလာ၊ နှစ်ရက်လည်း မလာတော့ မေလ ၂၈ ရက်နေ့ မနက်မှာ ဖာတ်မင်းသားလေး ဆီကို သွားပြောရတယ်။

"ဒီမယ် ဖာတ်မင်းသားလေး ကျုပ် အပြင်မထွက်ရတာ သုံးရက်ရှိပြီ။ ဒီနေ့ ကျရင် ကျုပ်အပြင်ထွက်မယ်။ ခင်ဗျားတို့ ဖမ်းချင်လည်း ဖမ်းရတယ်"လို့ ပြောတော့ "ဒီနေ့ခင်း ကျိန်းသေလာမှာပါဗျာ၊ နေ့ခင်းအထိတော့ စောင့်ပါဦး"လို့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖာတ်မင်းသားလေးပြောတဲ့အတိုင်း မွန်းလွဲ ၂ နာရီမှာ ကားသုံးစီးနဲ့ သူတို့လူကြီးတွေဖြစ်တဲ့ ဦးဝင်းနိုင်ထွန်း၊ ကာနယ်ကြီး သူရစန်းလွင်အပြင် ထိုအမှုအား တရားစွဲတိုင်ကြားသူ ဒုတိယရဲမှူးကြီး ဇော်မင်းအောင်(သတင်းတပ်ဖွဲ့)၊ ဗဟန်းရဲစခန်းမြို့နယ်မှူး ဒုတိယရဲမှူးတင်ဇော်ထွန်း၊ အစ်မတို့အမှုကို လက်ခံစစ်ဆေးတဲ့ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှ ခရိုင်တရားသူကြီး ဦးသောင်းညွန့်နဲ့ ဦးညီညီစိုး၊ ရန်ကုန်မြောက်ပိုင်းခရိုင် ဥပဒေအရာရှိ ဦးမြင့်ကြိုင်တို့ ပါလာကြပါတယ်။ လုံခြုံရေးအဖွဲ့ဝင်တွေနဲ့ဆို လူ ၂၀ ကျော်ခန့် ရှိပါတယ်။

ဒီနေရာမှာ ကျုပ်မသိလို့ မေးပါရစေနော်။ ဥပဒေအကြောင်း ကျုပ်က နားလည်တာမဟုတ်ဘူး။ အဲဒီလို တရားရုံးကနေ ကွင်းဆင်းစစ်ဆေးလို့ ရလားဆိုတာကို သိချင်လို့မေးတာပါ။ ဘာဖြစ်လို့လဲဆို အစ်မဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတွေဖြစ်တဲ့ ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်း၊ ဦးလှမျိုးမြင့်၊ ဒေါ်ခင်ဌေးကြွယ်တို့ ပါလာတာ မတွေ့လို့ပါ။

နောက်ပြီး အမေရိကန်နိုင်ငံသား ကိုယက်တောရဲ့ ရှေ့နေ အထက်တန်းရှေ့နေ ဦးခင်မောင်ဦးလည်း ပါလာတာ မတွေ့လို့ပါ။ (ခြံထဲဝင် စစ်ဆေးဖို့၊ အိမ်ထဲဝင်စစ်ဆေးဖို့ ကာယကံရှင်အိမ်ရှင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခွင့်ပြုချက်ပါမပါလည်း သိချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစ်မက ခွင့်မတောင်းဘဲနဲ့ သူ့ခြံထဲဝင်တာ၊ အသီးအရွက်ခူးတာမျိုးတွေကို မကြိုက်လို့ပါ။ ဘာမဆို သူ့ဆီခွင့်တောင်းပြီးမှ ဘာမဆို လုပ်ခွင့်ပြုလေ့ရှိပါတယ်။ သူက စည်းကမ်းသိပ်ကြီးတာဗျ။ ဒါကြောင့် မေးရတာပါနော်။)

အခု ခြံထဲဝင်လာတဲ့ လူအယောက် ၂၀ ကျော်မှာ ဦးဝင်းနိုင်ထွန်းနဲ့ ကာနယ်ကြီး သူရစန်းလွင်တို့ နှစ်ဦးကိုသာ သိတာ။ ကျန်တဲ့လူတွေ တစ်ယောက်မှ မသိတော့ ကျုပ်မှာ ကျိုးကန်းတောင်းမှောက် ဖြစ်ရပါတယ်။ ကာနယ်ကြီးကတော့ ကားပေါ်ကဆင်းဆင်းချင်း 'ဂေအမ်အက်စ်ရေ တရားသူကြီးတွေက မစ္စတာယက်တောခြံထဲကို ဘယ်လိုဝင်လဲဆိုတဲ့ လမ်းကြောင်းကို စစ်ဆေးချင်လို့ လာကြည့်တာပါ''လို့ ဖော်ရွေစွာ ပြောဆိုပါတယ်။ ဦးဝင်းနိုင်ထွန်းကလည်း ထိုအတိုင်းပဲ ဖော်ရွေစွာပြောဆိုပါတယ်။ ကိုယက်တောက သူကန်စပ်ဘက်က ဝင်လာတဲ့နေရာကို လိုက်ပြပါတယ်။ တစ်ဖက်က နိုင်ငံတော်ပိုင်ခြံရဲ့ အုတ်တံတိုင်းဘေး ရေစပ်နေရာကဝင်၊ အုတ်တံတိုင်းဘေးက ကပ်လာ၊ အစ်မအိမ်နောက် ရေစင်တည့်တည့် ဖြတ်လာပြီး မီးဖိုချောင်အပေါက်ဝနဲ့ မျက်စောင်းထိုးနေရာ အစ်မရဲ့ နောက်ဖေးလှေကား တည့်တည့်နေရာခွင်လေးမှာ နားနေပါတယ်လို့ ပြောဆိုပါတယ်။ ကိုယက်တောပြောပြတာကို မိုဖာ (နိုင်ငံခြားရေးဌာနက) စကားပြန်ကတစ်ဆင့် ပြန်ပြောပါတယ်။ ပြီးတော့ အိမ်ထဲဝင်တဲ့ လမ်းကြောင်း၊ သူနေခဲ့တဲ့ နေရာတွေ ပြရမယ်ဆိုတော့ မီးဖိုခန်းတံခါးကို ကျုပ်က ပိတ်ထားပြီးသား၊ ကျုပ်က ဖွင့်မပေးချင်ဘူး။ ကိုဝင်းနိုင်ထွန်းက မေတ္တာရပ်ခံတယ်။ ကိုနီကလည်း အမှုအရာနဲ့ ဖွင့်ပေးလိုက်ဖို့ ပြောလာတယ်။ ဒါဆို ခဏနေပါဦးဆိုပြီး အထဲက တံခါးတွေအားလုံး ပိတ်တယ်။ ပြီးမှ ဝင်လို့ရပြီဆိုမှ ဝင်လာကြတယ်။ ကိုယက်တောက သူဝင်လာတဲ့လမ်းကြောင်းနဲ့ သူနေတဲ့နေရာ လိုက်ပြတယ်။ အဲဒီမှာ ကိုတော်ချောက မောနေလို့ဆိုပြီး ရေတောင်းသောက်တယ်။ တရားသူကြီး

www.burmeseclassic.com



တွေကလည်း သူတို့ပါရေဆာနေလို့ သူတို့ကို ရေပေးတိုက်ရပါတယ်။ ရေခဲသေတ္တာထဲက ရေဘူးနဲ့ ဖန်ခွက်တွေ ယူလာတော့ အပေါက်ဝမှာ ရပ်နေတဲ့ အရာရှိကို "ကျုပ်အစ်မက ယက်တောကို လက်ခံလို့ဆိုပြီး အင်းစိန်ထောင်ပို့ပြီး အမှုစစ်ခံနေရတယ်။ ကျုပ်ကိုလည်း ရေတိုက်လို့ဆိုပြီး အင်းစိန်ကိုတော့ မပို့ပါနဲ့ဗျာ"ပြောတော့ ရယ်နေကြတယ်။

ကိုယက်တော့ပုံစံက ကန်စပ်နားကနေ မီးဖိုချောင်နားလာတာ ပေ ၇၀ ကျော် ၈၀ လောက်ပဲရှိတာ။ မောနေတဲ့ပုံစံလို ဖြစ်နေတယ်။ အင်းလျားကန် ကုက္ကိုင်းထိပ်နားကနေ ဒေါ်အောင်ဆန်းစုကြည်အိမ်နောက် ရေပြင်ကနေ ရေသန့်ဘူးခွံ ငါးလီတာဝင် နှစ်ဘူး အကူအညီနဲ့ ခြောက်မိုင် ဓမ္မာရုံလမ်းထိပ်တည့်တည့် အိုင်ဘီစီခန်းမနောက်နား ရေပြင် အထိ ကူးနိုင်တာ မမောဘူးလား မသိဘူးနော်။ ကိုယ်ပေါ်မှာလည်း သယ်လာတဲ့ပစ္စည်း တွေက အိတ်အသေးနှစ်လုံး။ ပလတ်စတစ်စနဲ့ ရေမစိုအောင် ပတ်ထားတဲ့ ကင်မရာ၊ ပလာယာ၊ ဝက်အူလှည့်၊ လေဆာပါတဲ့ ခေါက်ပလာယာတစ်ခု၊ မန်မိုရီကတ်ခြောက် ကတ်၊ ဓာတ်ခဲ အလွတ် ၂၈ လုံး။ ဓာတ်ခဲပါ ဓာတ်မီးတစ်လက်၊ အဖြူရောင်အင်္ကျီရှည် တစ်ထည်၊ ဦးထုပ်တစ်လုံး၊ ဘောင်းဘီရှည် တစ်ထည်၊ ပုံနှိပ်စာလုံးနဲ့ ရေးထားတဲ့ စာရွက်နှစ်ရွက်၊ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့ စာရွက် ခုနစ်ရွက်၊ စာအိတ်နှစ်အိတ်၊ ကိုယက်တောအမည်ပါ အမေရိကန် ပတ်စ်ပို့တစ်ခု၊ ဒေါ်လာတစ်ရာတန် နှစ်ရွက်၊ မြန်မာငွေ ကျပ်တစ်ထောင်တန် ၉၃ ရွက်၊ ၁၀ ဒေါ်လာတန် နှစ်ရွက်၊ ဒေါ်လာ ၅၀ တန်တစ်ရွက်၊ လိပ်စာကတ် ၁၀ ကတ် စတာတွေကို ကိုယ်ပေါ်မှာ သယ်လာရတာ မလေးဘူးလား မသိဘူးနော်။

မေလ ၆ ရက်နေ့ နံနက် ၅ နာရီခွဲမှာ ခြောက်မိုင်က အင်းလျားကန်စပ်မှာ ရဲတပ်ရင်း (၇) တပ်ခွဲ (၃)က လုံခြုံရေးတာဝန်ကျနေတဲ့ ရဲဒုတိယတပ်ကြပ် မျိုးလွင်က စတွေ့ပြီး ရဲအုပ်သန်းနိုင်က သက်ဆိုင်ရာကို အကြောင်းကြားတော့မှ ဒီအမှု စတင်ခဲ့ပါ တယ်။ ဒီအမှုကို ၁၁-၅-၂၀၀၉ ရက်နေ့မှာ သတင်းတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး ဇော်မင်းအောင်က ဗဟန်းရဲစခန်းမှာ အမှုဖွင့်အရေးယူပေးဖို့ တိုင်ကြားခဲ့ခြင်း ဖြစ်ပါတယ်။

ကိုယက်တောဟာ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ (လာပြန်ပြီ ၁၁ ဂဏန်း) ၃၀ ရက်နေ့က ပထမဆုံးအကြိမ်အဖြစ် ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းထဲကို ဝင်ရောက်လာ ခဲ့ပါသေးတယ်။ ဒီကိစ္စကို စစ်ဆေးဖို့ တစ်လတစ်ကြိမ် ဒေါ်အောင်ဆန်းစုကြည် ခြံအတွင်း ဝင်ခွင့်ရခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းမှ တစ်ဆင့် ခြံထဲကို လူတစ်ယောက်ဝင်လာတဲ့သတင်းကို ပို့ခိုင်းခဲ့ပါတယ်။ အခု ဒုတိယ အကြိမ်အဖြစ် ခြောက်လအကြာမှာ ပြန်လည် ဝင်ရောက်ခြင်းဖြစ်ပါတယ်။ လွယ်လိုက် တာနော်။

အထက်ပါဖြစ်စဉ်များ ဖြစ်ပွားခဲ့တဲ့အကြိမ်တိုင်းမှာ၊ ရင်း(၇)တာဝန်ကျတဲ့ အချိန်တိုင်းမှာ ဖြစ်လေ့ရှိခဲ့တာကို အံ့သြစွာ တွေ့ရှိရခြင်းဖြစ်ပါတယ်။ မကြာခင်လောက်ပိုင်း အတွင်းမှာပဲ ရင်း(၇)နေရာမှာ တစ်ခါမှ တာဝန်မကျဖူးတဲ့ ရင်း(၉)နဲ့ အစားထိုးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

တက္ကသိုလ်ရိပ်သာလမ်းရဲ့ အခြေအနေတွေကို အမှတ်ရဖွယ်အနေနဲ့ ပြောပြရခြင်းဖြစ်ပါတယ်။ ခြံထဲမှာ ထူးခြားဖြစ်စဉ်ရှိပြီဆိုရင် ကားလမ်းကို အရင်ပိတ်ရပါတယ်။ (ကားလမ်းကတော့ ဘယ်ရီကိတ်နဲ့ ပိတ်ထားပေမဲ့ အနီးအနားက ခြံတွေရဲ့ ကားတွေကို အဝင်အထွက် ခွင့်ပြုပေးပါတယ်။ ကားရှေ့မှန်မှာ ခြံနံပါတ်ကပ်ပြီး စာရင်းပေးထားရပါတယ်။ ပတ်သက်ရာပတ်သက်ကြောင်းကားတွေလာရင်လည်း မောင်းတံဖွင့်ပေးပြီး ဖြတ်သန်းခွင့်ပေးထားကြပါတယ်။ ဝင်ငွေမရှိရှာတဲ့ ရဲဘော်ကလေးတွေကို စာနာနားလည်တဲ့ သူတွေက စားစရာတို့၊ လက်ဖက်ရည်၊ ကွမ်းဆေးလိပ်ဖိုး ပေးသွားလေ့ရှိပါတယ်။)

ဦးကြည်ဝင်း ဝင်သွားတာ ၁၂ နာရီကျော်ကနေ ၃ နာရီကျော်မှ ပြန်ထွက်လာတာ တွေ့ရပါတယ်။ ဦးကြည်ဝင်းကို ပြည်ထဲရေးရုံးဘက် ပြန်ခေါ်သွားတာ တွေ့ရပါတယ်။ မကြာခင် ဦးကြည်ဝင်းကို ခေါ်သွားတဲ့ကား ပြန်လာတာတွေ့ရပါတယ်။ ခဏနေ ခြံဘက်လှည့်ကြည့်တဲ့အခါ ဇာတ်မင်းသားလေးတို့ဘက်ခြမ်းကနေ လမ်းဖြတ်ကူးတဲ့ လူလေးငါးယောက်ကို တွေ့ရတဲ့အထဲမှာ ဒေါက်တာတင်မျိုးဝင်း ပါနေပါတယ်။ “ဟာ ဆရာလည်း ဝင်ခွင့်ရတာပဲ။ တစ်ခုခုတော့ ဖြစ်လိမ့်မယ်ထင်တယ်”

ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေး စစ်ဆေးခွင့်မရှိတာဟာ ခြောက်လကျော်ရှိပါပြီ။ အခုလို အရေးကြီးတဲ့အချိန်၊ အစာငတ်ခံ ဆန္ဒပြ ပြုလုပ်မယ့်အချိန်ကျမှ ဆရာဒေါက်တာတင်မျိုးဝင်းကို ဝင်ခွင့်ပြုတာပါ။ ခြောက်လအတွင်း ဆရာတင်မျိုးဝင်း ပထမဆုံးအကြိမ် ဝင်ခွင့်ရခြင်းဖြစ်ပါတယ်။

(ကျုပ်အစ်မအကြောင်း ကျုပ်ကသိတာပေါ့။ ကျုပ်အစ်မက ဆုံးဖြတ်ပြီးပြီဆိုရင် လုပ်ကို လုပ်ရမှာ၊ ဘယ်သူတားတား မရဘူး။)

ကျုပ်လည်း အခုမှ စဉ်းစားမိတယ်။ အစ်မရှေ့နေ ဦးကြည်ဝင်းရယ်။ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းရယ်၊ သုံးယောက်စလုံးကို အချိန်ခွဲပြီး ပြည်ထဲရေးက ခေါ်တွေ့တာပဲ။ မနက်ကနေ ညနေ ၄ နာရီအတွင်းမှာ နှစ်ယောက်ကို ခေါ်တွေ့ပြီးပြီ။ အခု ကျုပ်ပဲ ကျန်တော့တယ်။ ဘယ်အချိန် လာခေါ်မလဲမသိဘူး။ (ထူးခြားဖြစ်စဉ်တွေကတော့ ဖြစ်နေပြီ။)

ဟော လာပါပြီ။ ဆရာတင်မျိုးဝင်းကို ခေါ်လာတဲ့ကား ခြံရှေ့က ပြန်ထွက်လာတယ်။ ညနေ ၄ နာရီကျော်ခါစအချိန် ကားပေါ်မှာ ဇာတ်မင်းသားလေးပါလာတယ်။ အလုံ နယ်မြေခံ ကိုနေမျိုးရဲ့ ကားရှေ့မှာရပ်ပြီး ဇာတ်မင်းသားလေးက “ကေအမ်အက်စ် လိုက်ခဲ့ပါ” ဆိုပြီး ခေါ်တယ်။ ကိုနေမျိုးက သူ့ကားနဲ့ နောက်ကနေ လိုက်လာတယ်။ ပြည်ထဲရေးရုံးကို ခေါ်သွားတာ ၄ နာရီခွဲမှာ ရောက်တယ်။ ကော်ဖီနဲ့ မုန့် ညှော်ခံပါတယ်။ စာရွက်တစ်ရွက်ကို ပေးဖတ်ပါတယ်။ ခဏနေတော့ သက်ဆိုင်ရာ အကြီးအကဲရဲ့ ရုံးခန်းကို ခေါ်သွားတယ်။ အမြဲတမ်း တွေ့ဖူးနေတဲ့ အကြီးအကဲပါပဲ။ (အဲဒီအကြီးအကဲက အခုတော့ ဒုတိယဝန်ကြီး ဖြစ်နေပါပြီ။) ဒုတိယအကြီးအကဲရယ် အမခတာဝန်ခံ

www.burmeseclassic.com



ကာနယ်ကြီး (အခု အငြိမ်းစား)ရယ်၊ တခြားလူကြီးတွေနဲ့ ရွှေတောင်ကြား(၁) ယရက ဥက္ကဋ္ဌတို့ ပါရှိနေကြပါတယ်။

'အကြောင်းအရာက'

"နေ့စဉ် အစားအသောက်ပစ္စည်းတွေ ပို့ပေးရတဲ့ကိစ္စမှာ အခု မပို့တာဟာ သက်ဆိုင်ရာက တားမြစ်ပိတ်ပင်တာ မဟုတ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်က ပစ္စည်းလာမပို့ဖို့ ကေအမ်အက်စ်ကို မှာတာဖြစ်ကြောင်း" (ရုံးစရောက်ကတည်းက ပေးဖတ်ထားတဲ့ စာရွက်ထဲမှာ ပါပြီးသားပါ။) ထိုကိစ္စကို မှန်ကန်ကြောင်း ကိုယ်တိုင်လက်ရေးနဲ့ရေးပြီး ဝန်ခံလက်မှတ် ထိုးပေးစေချင်ကြောင်း ပြောဆိုပါတယ်။

ထိုကိစ္စဟာ တကယ်လည်း မှန်ကန်ပါတယ်။ ပစ္စည်းလာမပို့ဖို့ သက်ဆိုင်ရာက တားမြစ်ခြင်းမရှိပါဘူး။ အစ်မကိုယ်တိုင်က လာမပို့ဖို့ တားမြစ်တာဖြစ်ပါတယ်။ (အစ်မက ပစ္စည်းလာမပို့ဖို့ တားမြစ်ရတာဟာလည်း နေအိမ်အကျယ်ချုပ် တားဆီးထားခြင်း ခံထားရသူ တစ်ယောက်ရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ မရရှိခဲ့လို့ တောင်းဆိုတာကို သတ်ဆိုင်ရာက ခွင့်မပြုတဲ့အတွက်ပါပဲ။)

'လိုရာဆွဲပြီးတော့ ဥပဒေအရ မဟုတ်ဘဲ လုပ်တာတွေက အကြိမ်ကြိမ်ဖြစ်ခဲ့ပြီ'

ဆိုပြီး နေ့စဉ် အစားအသောက်ပို့နေတာကို လက်မခံတော့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မှန်ကန်ကြောင်း ကျုပ်က လက်မှတ်ထိုးပေးပါတယ်။ ရယက ဥက္ကဋ္ဌကလည်း လက်မှတ်ထိုးပါတယ်။

ဗီဒီယိုနဲ့ တစ်ချိန်လုံးရိုက်နေတာ တွေ့ရပါတယ်။ ပြီးတာနဲ့ အားလုံး နှုတ်ဆက်ကြပြီး ကျုပ်ကို လိုက်ပို့ပါတယ်။ ရယကဥက္ကဋ္ဌလည်း ကျုပ်နဲ့အတူ ပါလာပါတယ်။ ရင်းနှီးနေကြတော့ ရယကဥက္ကဋ္ဌက သူတာဝန်ကျနေတဲ့ ခြံရှေ့ကို ပြန်သွားရဦးမှာလေ။ (ဆရာတင်မျိုးဝင်းက ခြံထဲက ပြန်ထွက်မလာသေးဘူးဆိုတော့ ရယကဥက္ကဋ္ဌလည်း ခြံဘက်ကို ပြန်သွားရမှာမို့ တက္ကသိုလ်ရိပ်သာလမ်းထိပ်မှာ ဆင်းနေရစ်ပါတယ်။) ကျုပ်ကလည်း ဒီမှာပဲဆင်းမယ်ဆိုပြီး ဆင်းနေခဲ့ပါတယ်။

ဓာတ်မင်းသားလေးတို့ဆီရောက်တော့ ဆရာတင်မျိုးဝင်း ပြန်ထွက်မလာသေးဘူး ပြောတာနဲ့ ဆရာ့ကို စောင့်နေပါတယ်။ ညနေ ၆ နာရီထိုးမှ ဆရာတင်မျိုးဝင်း ထွက်လာပါတယ်။ ဆရာနဲ့ စကားပြောပြီး ဆရာ့အိမ်မှာ စောင့်နေမယ်ဆိုပြီး ပြန်လာခဲ့ပါတယ်။ ကုက္ကိုင်းမီးပွိုင့် ရောက်ခါနီးမှာ ဆရာ့ကို ခေါ်လာတဲ့ကား ဖြတ်သွားပါတယ်။ ဒုတိယအကြီးအကဲလည်း ပါလာတော့ လက်ပြနှုတ်ဆက်ပါတယ်။ ဆရာ့ကို ပြည်ထဲရေးရုံးဘက် ခေါ်သွားတာ တွေ့ရပါတယ်။

ညဘက် ဆရာ့အိမ်သွားပြီး ဆရာနဲ့ စကားပြောကြပါတယ်။ မနက်ဖြန်မနက် ဆရာ့အိမ်လာဖို့ မှာပါတယ်။

၁၈-၈-၂၀၀၈ (တနင်္လာနေ့)

www.burmeseclassic.com

www.burmeseclassic.com



**အစ်မထံ ပစ္စည်းမပို့ရ (သုံးရက်မြောက်နေ့)**

မနက် ဆရာ့အိမ်သွား။ ဦးဉာဏ်ဝင်းဆီသွားမယ်ပြော၊ မနက်ဖြန်မနက်လည်း လာဖို့မှာ။

**၁၉-၈-၂၀၀၈ (အင်္ဂါနေ့)**

**အစ်မထံ ပစ္စည်းမပို့ရ (လေးရက်မြောက်နေ့)**

မနက် ဆရာတင်မျိုးဝင်းဆီသွား။ ဦးဉာဏ်ဝင်းနဲ့ တွေ့ပြီးပြီပြော၊ ဆရာ့ဆီ တယ်လီဖုန်းလာ၊ ပြည်ထဲရေးကဖြစ်နေ၊ ဆရာ့ကို ပြည်ထဲရေးလာဖို့ခေါ်၊ ဆရာနဲ့ အတူတူလာ၊ တစ်နေရာမှာ ဆင်းနေ၊ ဆရာက သူ့ဆီဖုန်းခေါ်ဖို့ပြော၊ ၁၁ နာရီ ၄၅ မိနစ်မှာ ဆရာ့ဆီ ဖုန်းဆက်၊ သူ့ဆီ ၁၂ နာရီခွဲမှာ လာဖို့ပြော၊ ဆရာ့ဆေးရုံလိုက်သွား။ ဆရာက မနက်ကအကြောင်းတွေ ပြောပြ၊ အစ်မအတွက် 'မျက်စိဆရာဝန် ဒေါက်တာညွှန့်လွင်ကို ဝင်ခွင့်ပြုတယ်လို့ သက်ဆိုင်ရာကပြောတာ ပြန်ပြောပြ (အခုမှ အစ်မလိုချင်တာတွေ တစ်ခုချင်း လိုက်လျောသလိုဖြစ်နေပါတယ်။) အစ်မအတွက် ကျန်းမာရေးစစ်ဆေးဖို့ ဒေါက်တာတင်မျိုးဝင်း ဝင်ခွင့်ရတာပါ။ အစ်မရှေ့နေနဲ့ အစ်မ တွေ့ခွင့်ရဖို့ပြောနေတာ ကြာပါပြီ။ အခုမှ တွေ့ခွင့်ရတာပါ။ မျက်စိဆရာဝန် ဒေါက်တာညွှန့်လွင်နဲ့ပြဖို့ ပြောထားတာ ကြာပါပြီ။ အခုမှ ဝင်ခွင့်ပြုမယ်လို့ပြောတာပါ။ (ကျုပ်အစ်မ လက်ခံလိမ့်မယ် အားကြီးကြီး။) ဆရာက ပြီးရင် ဦးကြည်ဝင်းဆီသွားမယ်၊ သူ့ကို ခဏစောင့်ပါပြောတာနဲ့ စောင့်နေရပါတယ်။ ဒီနေ့မှ ခွဲစိတ်ရတဲ့လူနာ များနေတော့ ၂ နာရီခွဲမှ ပြီးပါတယ်။ ဦးကြည်ဝင်းဆီရောက်တော့ ၃ နာရီ ကျော်နေပါပြီ။ ရုံးခန်းတံခါးပိတ်ထားတာ တွေ့ရပါတယ်။ မနက်ဖြန် ဦးကြည်ဝင်းကို အစ်မနဲ့ ပေးတွေ့မယ်ပြောထားတော့ အစ်မအတွက် စားစရာမုန့်တွေ ပေးလိုက်ချင်လို့ ကုန်သည်ကြီးများ ဟိုတယ်မှာ မုန့်ဝင်ဝယ်ကြပါတယ်။ ဆရာက ညကျမှ ဦးကြည်ဝင်းအိမ်သွားမယ်လို့ ပြောပါတယ်။ ဆရာ့ကို နှုတ်ဆက်ပြီး တက္ကသိုလ်ရိပ်သာလမ်းဘက် သတင်းစနည်းနာဖို့ ထွက်လာခဲ့ပါတယ်။ လမ်းထဲရောက်တော့မှ မနက်က သက်ဆိုင်ရာကလူတွေ အစ်မခြံဝကနေ အော်ခေါ်နေကြတာ တွေ့ရတယ်လို့ ပြောကြပါတယ်။ ခြံထဲက တစ်ယောက်မှ ထွက်မလာကြတော့ လက်လျှော့သွားကြတယ်တဲ့။

**၂၀-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**အစ်မထံပစ္စည်းမပို့ရ (ငါးရက်မြောက်နေ့)။**

ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ မနေ့ကရောက်၊ (ဒါကြောင့် မနေ့က ခြံဝကနေသွားခေါ်နေတာဖြစ်) ဒီနေ့မနက် NLD က ဘဘဦးအောင်ရွှေ ခေါင်းဆောင်တဲ့အဖွဲ့နဲ့ မစ္စတာဂမ်ဘာရီတို့ စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာမှာ ဆွေးနွေး။ ဒေါ်အောင်ဆန်းစုကြည်ပါ ပါစေချင်တဲ့အတွက် ခြံဝကနေ သွားခေါ်တာ၊ အစ်မအိမ်ထဲက တစ်ယောက်မှ ထွက်မလာတော့ ဂမ်ဘာရီပေးလိုက်တဲ့ စာပါ ပြန်ပြလည်း ထွက်မလာကြတာနဲ့ နောက်ဆုံး မစ္စတာဂမ်ဘာရီစာကို ခြံတံခါးဝမှာ ကပ်ထားခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဂမ်ဘာရီနဲ့ NLD က လူကြီးတွေ တွေ့ဆုံပြီး ပြန်လာကြတော့ ဌာနချုပ်ရုံးမှာ သတင်းထောက်တွေ စောင့်နေကြပါတယ်။ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက သတင်းစာရှင်းလင်းပွဲလုပ်ပါတယ်။ မစ္စတာဂမ်ဘာရီက သူ ဒီကိုလာတာ အချက်ငါးချက် ဆောင်ရွက်ဖို့လာတဲ့အကြောင်းလည်း ဦးဉာဏ်ဝင်းက ပြောဆိုသွားပါတယ်။

ဒီနေ့ ဦးကြည်ဝင်း ဝင်ခွင့်ရမယ်လို့ ပြောဆိုတာ ဝင်ခွင့်မရခဲ့ပါဘူး။ နက်ဖြန်မှ ဝင်ခွင့်ရနိုင်တယ်လို့ ပြောပါတယ်။

၂၁–၈–၂၀၀၈ (ကြာသပတေးနေ့)

**အစ်မထံ ပစ္စည်းမပို့ရ(ခြောက်ရက်မြောက်နေ့)။**

မနက် ဆရာတင်မျိုးဝင်းဆီသွား။ တက္ကသိုလ်ရိပ်သာလမ်း အခြေအနေသွားကြည့်၊ လမ်းထဲမှာ ထူးခြားနေ၊ မယကဥက္ကဋ္ဌနဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးလည်းတွေ့။

ညနေ ၃ နာရီခန့်ကစပြီး လမ်းထိပ်တွေချထားတဲ့ ဘယ်ရီကိတ် သံဆူးကြိုးတွေ ဖယ်ရှားထားတာတွေ့ရ၊ ခြံရှေ့တလျှောက် ချထားတဲ့ ဘယ်ရီကိတ်တွေ အားလုံး ဖယ်ရှားထားတာ တွေ့ရ။

၂၂–၈–၂၀၀၈ (သောကြာနေ့)

**အစ်မထံပစ္စည်းမပို့ရ (ခုနစ်ရက်မြောက်နေ့)။**

မနက် ၈ နာရီလောက်မှာ မစ္စတာဂမ်ဘာရီနဲ့အတူ ပါလာတဲ့ အဖွဲ့ဝင် အမျိုးသမီးတစ်ယောက်နဲ့ အမျိုးသားတစ်ယောက်တို့ဟာ မာစီဒီးကား အနက်ရောင်နဲ့ ခြံရှေ့တည့်တည့် ခေါင်းထိုးပြီး အော်ခေါ်နေတာ တွေ့ရပါတယ်။ ဓာတ်မင်းသားလေးက လက်ကိုင်စကီးယာကိုင် ထားပါတယ်။ ခြံထဲက တစ်ယောက်မှ ထွက်လာတာ မတွေ့ပါဘူး။

နေ့လယ် ၁၂ နာရီခန့်မှာ NLD က လူကြီးငါးယောက်ကို သက်ဆိုင်ရာက လာခေါ်ပါတယ်။ မစ္စတာဂမ်ဘာရီက ထပ်တွေ့ချင်ပါတယ်။ မစ္စတာဂမ်ဘာရီက ထပ်တွေ့ချင် ပါတယ်ပြောလို့ လာခေါ်ရတာပါလို့ ပြောပါတယ်။ ၃ နာရီခန့်မှာ ပြီးဆုံးသွားပြီး NLD က လူကြီးငါးယောက်ကို ဥက္ကဋ္ဌ ဘဘဦးအောင်ရွှေအိမ်မှာ ချပေးသွားပါတယ်။ NLD ရုံးမှာ ချမပေးပါဘူး။ ရုံးမှာ သတင်းထောက်တွေ လာစောင့်နေတော့ သတင်းစာရှင်းလင်းပွဲ မလုပ်နိုင်အောင် စီစဉ်ခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌ ဘဘဦးအောင်ရွှေက သူ့အိမ်ကနေ ရုံးကို ဖုန်းဆက် တော့မှ ရုံးကလူတွေက ဥက္ကဋ္ဌအိမ်ကို ကားနှစ်စီးလွှတ်ပေးပြီး လူကြီးတွေကို ရုံးကို ပြန်ခေါ်လာရပါတယ်။ ဘာမှ ထူးခြားချက်မရှိခဲ့ပါဘူး။

၂၃–၈–၂၀၀၈(စနေနေ့)

**အစ်မထံပစ္စည်းမပို့ရ (ရှစ်ရက်မြောက်နေ့)။**

ဒီနေ့ထုတ် သတင်းစာထဲမှာ မစ္စတာဂမ်ဘာရီနဲ့ ပါလာတဲ့ ကိုယ်စားလှယ်နှစ်ယောက်က ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့ခြံဝကနေ အော်ခေါ်နေတဲ့ပုံ ပါလာပါတယ်။ ဓာတ်မင်း

www.burmeseclassic.com

www.burmeseclassic.com


၁၃။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁) ... ၁၈၁

၁၄။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၂) ... ၁၈၇

၁၅။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၃) ... ၁၉၁

၁၆။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၄) ... ၁၉၅

၁၇။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၅) ... ၁၉၉

၁၈။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၆) ... ၂၀၃

၁၉။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၇) ... ၂၀၇

၂၀။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၈) ... ၂၀၉

၂၁။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၉) ... ၂၁၃

၂၂။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၀) ... ၂၁၉

၂၃။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၁) ... ၂၂၃

၂၄။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၂) ... ၂၂၆

၂၅။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၃) ... ၂၃၀

၂၆။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၄) ... ၂၃၃

၂၇။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၅) ... ၂၃၉

၂၈။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၆) ... ၂၄၃

၂၉။ ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၇) ... ၂၄၉


www.burmeseclassic.com

www.burmeseclassic.com



သားလေးက လက်ကိုင် စပီကာနဲ့ ခေါ်နေတဲ့ပုံပါ။ ကျုပ်လည်း ဆရာ့ထံသွားပြီး အကျိုးအကြောင်း ပြောပြပါတယ်။

ညဘက် နိုင်ငံခြားသတင်းဌာနတစ်ခုက ဒေါ်အောင်ဆန်းစုကြည်ထံ နေ့စဉ်ရိက္ခာပို့နေတဲ့ လူတစ်ယောက် ခြံထဲကို ရိက္ခာမပို့ရတာ ကြာပြီဆိုပြီး အသံလွှင့်ကြေညာသွားပါတယ်။

၂၄–၈–၂၀၀၈ (တနင်္ဂနွေနေ့)

**အစ်မထံ ပစ္စည်းမပို့ရ (ကိုးရက်မြောက်နေ့)။**

မနက် လမ်းထဲသွား။ ကုက္ကိုင်းမီးပွိုင့်နားက လက်ဖက်ရည်ဆိုင်မှာ နိုင်ငံခြားသတင်းဌာနက သတင်းထောက်တွေ ရောက်နေတာတွေ့၊ အေပီသတင်းဌာနမှ ကိုမင်းဇော်နဲ့ ဇနီး မအေးအေးဝင်း၊ တီဗီအဆာဟီက ကိုဂျင်မီ၊ ကျိုဂျိုသတင်းဌာနက ကိုအောင်သူမြိုင်၊ အန်တာရာ က ကိုသူရိန်လှတွေ။ တီဘီအက်စ်က ကိုသစ္စာလှတွေ။ ကျန်တဲ့ သတင်းဌာနက လူတွေလည်း တွေ့ရပါတယ်။

(အဲဒီအချိန်က သတင်းထောက်တွေက သိပ်မရှိသေးပါဘူး။ ရှိတဲ့လူတွေကျပြန်တော့လည်း နိုင်ငံရေးသတင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်သတင်းက ဂျာနယ်တွေမှာ ဖော်ပြခွင့်မရှိသေးတဲ့ အချိန်မို့လို့ပါ။ နို့မို့ရင်လား၊ ဂျာနယ်သတင်းထောက်တွေနဲ့တင် တက္ကသိုလ်ရိပ်သာလမ်းကြီး ပြည့်သွားနိုင်ပါတယ်။)

ဒီနေရာမှာ အကြောင်းတိုက်ဆိုင်လို့ နာမည်ကြီး ဓာတ်ပုံသတင်းထောက်ကြီး တစ်ယောက်အကြောင်း ပြောပြချင်ပါသေးတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က သူ့ကို မှတ်မိနေလို့ပါ။ အစ်မက သူ့အကြောင်း ကျုပ်တို့နဲ့ အမြဲပြောနေကျမို့လို့ပါ။ သူကလည်း သူပါပဲ။ ၁၉၈၈–၈၉ ကာလကတည်းက အစ်မခြံရှေ့ ဟောပြောပွဲကျင်းပစဉ်ကာလတွေကတည်းက ပါလာတဲ့သူပါ။ အစ်မက ဓာတ်ပုံရိုက်မယ်ဆိုရင် ခွင့်တောင်းပြီးမှ ဓာတ်ပုံရိုက်စေချင်သူပါ။ (အစ်မက ဆယ်လီဘရယ်တီတွေနဲ့ ပါပါရာဇီတွေရဲ့ လောကအကြောင်း သိထားတဲ့သူတစ်ယောက်ဆိုတော့)အဲဒီသူက ဓာတ်ပုံကို အတင်းလိုက်ရိုက်တော့ အစ်မက ဒေါကန်ပါတယ်။

ခြံတံခါးဝစင်မြင့်ပေါ်မှာ အစ်မ ဟောပြောပြီဆိုရင် သူက အနီးကပ်ဖလက်ရှ်ဂန်းဖွင့်ဖွင့်ပြီးရိုက်တော့ အစ်မက ဒေါကန်ပါတယ်။ မိုက်ခရိုဖုန်းကိုင်ထားရင်းနဲ့ အစ်မက သူ့ကို စကားပြန်ပြန်ပြောနေရတော့ ဟောပြောပွဲမှာ အနှောင့်အယှက် ဖြစ်ရပါတယ်။ သူက ပြန်ကြားရေးသတင်းစဉ်ကပါ။ သတင်းစာထဲမှာထည့်ဖို့ ရိုက်တာဆိုရင် အစ်မက ခွင့်ပြုပါတယ်။ သတင်းစာထဲမှာလည်း ထည့်တာမဟုတ်၊ ဒါဆို ဘာအတွက်ရိုက်တာလဲဆိုတော့ မဖြေနိုင်ဘူး။ အဲဒီမှာ အစ်မနဲ့ပြဿနာတက်ရော။ ခဏခဏပေါ့။ အစ်မကလည်း သူ့ကို မှတ်မိနေ တယ်။ နောက်ပိုင်းတော့ သူက ခြံရှေ့ဟိုဘက်ပလက်ဖောင်းကုန်းမြင့်လေးပေါ်ကနေပဲ သွားရိုက်ရပါတယ်။ အစ်မက သူ့ကိုတွေ့တာနဲ့ လက်ညှိုးထိုးပြီဆိုရင် သူ့ခမျာ လူတွေကြားထဲမှာ ပုန်းရပါတယ်။ ပုန်းပြီးဓာတ်ပုံရိုက်ပါတယ်။ သူက ပြန်ကြားရေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဝါရင့်ခေတ်ပုံသတင်းထောက်၊ အကြီးတန်းခေတ်ပုံသတင်းထောက်ကြီးပါ။

အစ်မကစပြီး ကျုပ်တို့ခြံထဲအုပ်စုက သူ့ကိုအမည်ပြောင်လေးတစ်ခု ပေးထားပါတယ်။ 'ဘူးလော့' တဲ့။ ကျုပ်ကတော့ သူ့ကိုတွေ့တာနဲ့ ''လတ်ဖေဖေ စုမေမေ နေကောင်းရဲ့လား'' လို့ နှုတ်ဆက်ရင် ''ဟာ ... ဟော့လူ ခင်ဗျား ဘယ်လိုလုပ်သိတာလဲ'' ဆိုပြီး အံ့သြတုန်လှုပ်သွားတယ်။ ကြာလာကြတော့လည်း အမြဲတမ်းမြင်တွေ့နေကြတာမို့ ရင်းနှီးခင်မင်ခဲ့ကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မြွေမြွေချင်းတော့ ခြေမြင်ကြတာပေါ့ဗျာ။ ကျုပ်ဆို သူ့ကို လှစ်ခနဲတွေ့ပြီဆိုရင် ဟိုကွယ်ဒီကွယ်လုပ်ပြီး ကျုပ်ပုံမပါစေရအောင် အမြဲသတိထား ရှောင်တိမ်းတယ်။ သူကလည်း မရရအောင်ကို ရိုက်ကို ရိုက်တယ်။

သူကလည်း သိတယ် ''ဟော့လူ ခင်ဗျားပုံ ဟောဒီမှာရပြီ'' ဆိုပြီး ပြောလေ့ရှိခဲ့ကြပါတယ်။ သူတို့ကလည်း သူတို့တာဝန်အရ လုပ်ကြရပါတယ်။ ကျုပ်တို့ကလည်း ကျုပ်တို့ဘက်ကနေ သတိနဲ့နေရတာပေါ့ဗျာ။ အခုတော့ သူလည်း အသက်ကြီးလာတော့ ပင်စင်သွားပြီလို့ ထင်ရပါတယ်။ မြေးတွေ ထိန်းနေရပြီပေါ့။ တချို့တွေမှာက ပင်စင်သွားရတဲ့အရွယ်ဆိုပေမဲ့ ကျွမ်းကျင်သူဆိုရင် အချိန်ပိုင်းတာဝန်အနေနဲ့ ပြန်ခန့်လေ့ရှိပါတယ်။

သတင်းထောက်တွေဆိုတာကလည်း သတင်းရဖို့အတွက် သတင်းအနံ့ရအောင် ခံရပါတယ်။ သတင်းဦးရဖို့၊ သတင်းထူးရဖို့ သတင်းမုဆိုးတွေအဖြစ် နေထိုင်ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ သတင်းသမားတွေ (သတင်းထောက်တွေက) ၁၉၈၈ ဩဂုတ်လကတည်းက စပြီး ရင်းနှီးသိကျွမ်းခဲ့ကြပါတယ်။ ရှစ်လေးလုံးအရေးတော်ပုံကြီးကစပြီး အစ်မက တိုင်းပြည်အခြေအနေနဲ့ ပတ်သက်ရင် ခြံထဲမှာ အမြဲတမ်းသတင်းစာရှင်းလင်းပွဲလုပ်လေ့ရှိပါတယ်။ ၁၉၈၈ စက်တင်ဘာလ ၂၇ ရက်၊ NLD ပါတီထောင်ပြီးကတည်းက ပုံမှန်သတင်းစာရှင်းလင်းပွဲ ပြုလုပ်လေ့ရှိပါတယ်။ သတင်းစာရှင်းလင်းပွဲမှတ်တမ်း ဆိုတဲ့ စာအုပ်လေးတွေ NLD က ထုတ်ဝေခဲ့ပါတယ်။ (၉)ကြိမ်မြောက်လားအထိတော့ မှတ်မိနေခဲ့ပါတယ်။ အဲဒီအချိန်တုန်းကဆိုရင်တော့ နိုင်ငံခြားသတင်းဌာနတွေက မြန်မာလူမျိုး ဝါရင့်သတင်းထောက်ကြီးတွေကို မှတ်မိနေခဲ့ပါတယ်။ အစ်မနဲ့လည်း ရင်းနှီးခဲ့ကြပါတယ်။ သတင်းသမားပီသစွာ မေးခွန်းမျိုးတွေပဲ မေးမြန်းခဲ့တာကို တွေ့ရပါတယ်။

အေပီသတင်းဌာနက မအေးအေးဝင်းရဲ့ ဖခင်ကြီး ဦးစိန်ဝင်း၊ ဦးမင်းသူ၊ လင်းပင်ထိပ်တင်လတ်၊ BBC နဲ့ ကျိုကျိုသတင်းဌာနက ဦးမောင်မောင်၊ ဦးစစ်ကိုင်ဖ၊ ကိုနေဦးရဲ့ဖခင် ဂေစီအင်န်အေက ဦးနေဝင်း၊ အန်တာရာသတင်းဌာနက ဦးလှထွေး၊ တပ်စ်သတင်းဌာနက မောင်ယုယ (မစ္စတာယုရှီ)၊ ရှင်ဟွာသတင်းဌာနက မစ္စတာကွမ်တင်ချောင်း (မြန်မာနာမည် လည်းရှိပါတယ်)၊ အေအက်ဖ်ပီက ကိုအယ်ဒီ(ဦးခင်မောင်သွင်)၊ ရိုက်တာသတင်းဌာနက ကိုအောင်လှထွန်းတို့ဟာ နဝတခေတ်ရဲ့ ဝါရင့်သတင်းထောက်ကြီးတွေပါပဲ။ အဲ ... နအဖခေတ်၊ ၁၉၉၅-၉၆ နောက်ပိုင်းမှာတော့ ဂျပန်သတင်းဌာနတွေ များလာခဲ့ပါတယ်။ မျိုးဆက်သစ် နိုင်ငံခြားသတင်းထောက် (မိသားစုသတင်းထောက်

www.burmeseclassic.com

www.burmeseclassic.com



တွေပေါ့) ဦးစိန်ဝင်းမျိုးဆက်က မအေးအေး ဝင်းနဲ့ ကိုမင်းဇော်သူတို့က အေပီသတင်းဌာန၊ ကျိုဒိုက ကိုမြတ်သူရ၊ ဦးလှမြိုင် မျိုးဆက် ကိုအောင်သူမြိုင်က ဂျီဂျီသတင်းဌာန၊ ဦးလှထွေးမျိုးဆက် ကိုသစ္စာလှထွေးက တီဘီအက်စ် သတင်းဌာန၊ ကိုသူရိန်လှထွေးက နီကေးသတင်းဌာန၊ ဦးခင်မောင်မြင့်သမီး ခင်မူမူမြင့်က အင်န်အိပ်ချ်ကေ သတင်းဌာန၊ ဦးညွန့်တင်သမီး မအိအိတင်က ဖူဂျီတီဗီ၊ ဦးအောင်ရွှေဦးသမီး ဆင့်ဆင့်အောင်က အင်န်တီဗီသတင်းဌာန၊ အဆာဟိရှင်ဘွန်းက ဦးတင်မောင်အေး၊ ကိုဟန်ထွေးအောင် (ခ) ဂျင်မီက တီဗီအဆာဟိ သတင်းဌာနတို့ဖြစ်ကြပါတယ်။ သူတို့က ဒုတိယမျိုးဆက် ၂၀၁၀ နောက်ပိုင်းမှာ တတိယမျိုးဆက်တွေ ပေါ်လာပါတယ်။ အဲဒါတွေကတော့ မသိပါဘူး။

မအေးအေးဝင်းက မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ "ကဲ ဒီနေ့ အစ်မကို ဘာဟင်း ချက်ပေးရလဲ မေးလိုက်ရင် ဘာတစ်ခုမှ မေးလို့မရဘူး" ဆိုပြီး အမြဲပြောလေ့ရှိပါတယ်။ ကိုသူရိန်လှထွေးဆို နောက်ကနေကားနဲ့လိုက်လာပြီး "ဟေ့လူ သတင်းတွေကြားနေတယ်ဟုတ်လား" လို့မေးရင် "ကျုပ်ဘာမှမသိဘူး၊ ကျုပ် နောက်မှာပါလာတယ်" လို့ ပြောလိုက်ရင်လစ်ရော။ အားလုံးက ကျုပ်နဲ့ ခင်နေကြတဲ့သူတွေပါပဲ။ ကျုပ်က အေးအေးဆေးဆေးပဲ။ ကျုပ်က အေးအေးပဲနေတတ်တယ်။ ဟိုပြောသည်ပြော မပြောတတ်ဘူး။ ဟိုဇျူးဒီဇျူး မလုပ်တတ်ဘူးဆိုတာ သူတို့အားလုံးကသိပါတယ်။ ကျုပ် ဘယ်လိုနေတတ်တယ်ဆိုတာ သူတို့အားလုံးက ရိပ်မိကြပါတယ်။

အခုလည်း သတင်းဌာနတစ်ခုက ကြေညာသွားတော့ တက္ကသိုလ်ရိပ်သာလမ်းထိပ်မှာ သတင်းလာယူကြတာပါ။ ကျုပ်ကိုလည်း ခါတိုင်းလိုပဲ လမ်းထဲမှာ တွေ့နေကြတယ်။ မေးလို့ကလည်းမရဆိုတော့ အစ်မသတင်းက အတည်ပြုချက်မရဖြစ်နေပါတယ်။

**၂၅-၈-၂၀၀၈ (တနင်္လာနေ့)**
**အစ်မထံပစ္စည်းမပို့ရ (ဆယ်ရက်မြောက်နေ့)**

ဌာနချုပ်ရုံးမှာ ပွစိပွစိဖြစ်နေကြ၊ ကျုပ်ကို မတွေ့ကြဘူးလား၊ ကျုပ်လည်း ပျောက်နေတယ်ဆိုပြီး ပြောသံတွေကြားနေရပါတယ်။ ကျုပ်လည်း ခြေရာဖျောက်နေလိုက်တယ်။

**၂၆-၈-၂၀၀၈ (အင်္ဂါနေ့)**
**အစ်မထံပစ္စည်းမပို့ရ (၁၁ ရက်မြောက်နေ့)**

အယ်လ်ဂျာဇီးယားသတင်းဌာနက ဒေါ်အောင်ဆန်းစုကြည် အစာငတ်ခံဆန္ဒပြနေတယ်လို့ သတင်းလွှင့်သွားတာကြားရ၊ ပြည်ပရောက် NLD (LA) က ညိုအုန်းမြင့်တို့ကလည်း ဒေါ်အောင်ဆန်းစုကြည် အစာငတ်ခံဆန္ဒပြနေကြောင်း ကြေညာချက်ထုတ်တယ်လို့ အသံလွှင့်သွားတာ ကြားရတယ်လို့ ပြောတဲ့သူတွေက ပြောပြကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၂၇–၈–၂၀၀၈ (ဗုဒ္ဓဟူးနေ့)
**အစ်မထံပစ္စည်းမပို့ရ (၁၂ ရက်မြောက်နေ့)**

နိုင်ငံခြားသတင်းဌာနတွေ အားလုံးက ဒေါ်အောင်ဆန်းစုကြည် အစာငတ်ခံဆန္ဒပြနေတယ်လို့ ယူဆရကြောင်း အသံလွှင့်ကုန်ကြပါတယ်။ သတင်းသိချင်ကြလို့ အတည်ပြုချက်ရယူဖို့ ကျုပ်ကိုလိုက်ရှာနေကြပါတယ်။ ကျုပ်ကလည်း ဘယ်ရမလဲ။ ပတ်ပြေးနေတာပေါ့။

၂၈–၈–၂၀၀၈ (ကြာသပတေးနေ့)
**အစ်မထံပစ္စည်းမပို့ရ (၁၃ ရက်မြောက်နေ့)**

မနက် ဆရာထံသွား၊ အကြောင်းစုံပြောပြ၊ ဆရာက ခင်ဗျားပျောက်နေလို့ စိုးရိမ်နေတာပြော၊ ဆရာနဲ့ မပြုံးကို မွန်းလွဲ ၁ နာရီ ၃၀ မှာ ပြည်ထဲရေးလာဖို့ ခေါ်ထားတယ်ပြော၊ ဦးကြည်ဝင်းလည်း ဝင်လို့ရနိုင်တယ်ပြောပြ၊ ညနေ ၃ နာရီအထိ တစ်ယောက်မှ ဝင်လို့မရသေး။ ည ဆရာ့ထံ ဖုန်းဆက်၊ မနက်ဖြန်ဝင်လို့ ရနိုင်တယ်ပြော၊ (အစ်မတို့က လုံးဝမဆက်သွယ် တံခါးဖွင့်မပေး။)

၂၉–၈–၂၀၀၈ (သောကြာနေ့)
**အစ်မထံပစ္စည်းမပို့ရ (၁၄ ရက်မြောက်နေ့)**

ဦးကြည်ဝင်း ဝင်လို့ရနိုင်မယ်ထင်၊ ညနေ ၄ နာရီအထိစောင့်၊ ဘာမှမထူးခြား။

၃၀–၈–၂၀၀၈ (စနေနေ့)
**အစ်မထံပစ္စည်းမပို့ရ (၁၅ ရက်မြောက်နေ့)**

ဘာမှ မထူးခြား၊ အစ်မတို့ဘက်က တိတ်ဆိတ်နေ။

၃၁–၈–၂၀၀၈ (တနင်္ဂနွေနေ့)
**အစ်မထံပစ္စည်းမပို့ရ (၁၆ ရက်မြောက်နေ့)**

၁–၉–၂၀၀၈ (တနင်္လာနေ့)
**အစ်မထံပစ္စည်းမပို့ရ (၁၇ ရက်မြောက်နေ့)**

နံနက် ၉ နာရီမှာ အစ်မရှေ့နေ ဦးကြည်ဝင်း ခြံထဲဝင်ခွင့်ရ၊ ၉း၄၅ နာရီမှာ ပြန်ထွက်လာ၊ ဦးကြည်ဝင်းကို ပြည်ထဲရေးရုံးခေါ်သွား၊ (ဦးကြည်ဝင်း ခြံထဲကို တတိယအကြိမ် ဝင်ခွင့်ရ)

နေ့ခင်းပိုင်းမှာ အစ်မနဲ့ပတ်သက်ပြီး ကောလာဟလ သတင်းများဖြစ်ပေါ်နေ၊ ဌာနချုပ်ရုံးမှာ လူတွေစည်ကားနေတာတွေ့ရ၊ မြို့နယ်ပေါင်းစုံက သတင်းလာမေး၊ သတင်းထောက်တွေကလည်း သတင်းလာယူနေတာတွေ့ရ၊ ကေအမ်အောင်းစ်ဘယ်မှာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်နေလဲ မေးသံတွေကြားရ၊ ဘဘရွှေ (ဦးအောင်ရွှေ) က ဟိုးအရင်ကတည်းက အစ်မနဲ့ပတ်သက်တာဆို ခေါ်မေးနေကျ။ ကျုပ်ကလည်း ဘဘရွှေနဲ့ ဘဘလွင်ကို အမြဲတမ်းသတင်းတွေပို့နေကျ၊ ထပ်ပြီး စိုးရိမ်ကြတယ်နဲ့တူပါတယ်။ ဘဘရွှေက ကျုပ်ကိုတွေ့ချင်တယ်ဆိုတာနဲ့ ဘဘရွှေနဲ့ သွားတွေ့ရပါတယ်။ (အဲဒီအချိန်မှာ ကျုပ်က ကားတစ်စီးနဲ့ တက္ကသိုလ်ရိပ်သာလမ်းနဲ့ အနောက်ရွှေဂုံတိုင်လမ်းကို ခေါက်တုံ့ခေါက်ပြန် လုပ်နေရပါတယ်။ ကားပေါ်ကနေပဲ ထိုင်းပြီး အခြေအနေတွေကို လေ့လာအကဲခတ်နေ ရပါတယ်။) ပြည်တွင်းပြည်ပဖုန်းတွေက ဆရာတင်မျိုးဝင်းဆီ အမြဲတမ်းဝင်နေတော့ ဆရာ့မှာ အချိန်ပြည့်ဖြေရှင်းပြောပြနေရပါတယ်။

ညနေနဲ့ ညပိုင်းမှာ အစ်မနဲ့ပတ်သက်တဲ့ သတင်းတွေက ပိုဆိုးလာပါတယ်။ ပြည်ပအသံလွှင့်သတင်းဌာနတွေကနေ ဦးကြည်ဝင်းပြောဆိုတာ၊ ဒေါက်တာတင်မျိုးဝင်း ပြောတာတွေ အသံလွှင့်ပါတယ်။

၂-၉-၂၀၀၈ (အင်္ဂါနေ့)
အစ်မထံပစ္စည်းမပို့ရ (၁၈ ရက်မြောက်နေ့)

မနက် ဆရာ့ဆီသွား၊ သတင်းတွေဖြေရှင်းနေရလို့ ဆရာတင်မျိုးဝင်း အသံတွေ ဝင်နေပါတယ်။ မနေ့က ဦးကြည်ဝင်း ဝင်ခွင့်ရတာတွေပြောပြ။

၃-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)
အစ်မထံပစ္စည်းမပို့ရ (၁၉ ရက်မြောက်နေ့)

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေဦးကြည်ဝင်း ခြံထဲဝင်ခွင့်ရတယ်ဆိုတဲ့ အကြောင်း နိုင်ငံပိုင်သတင်းစာတွေထဲမှာ ဖော်ပြတာတွေ့ရပါတယ်။ (ပထမဦးဆုံး ဖော်ပြခြင်းပါ။)

ကျုပ်စိတ်ထဲမှာ နည်းနည်းတော့ စိုးရိမ်လာတယ်။ အစားအစာမပို့ရတာ ရက် ၂၀ ရှိတော့မယ်။ အစာငတ်ခံဆန္ဒပြတယ်ဆိုရာမှာ ၁၅ ရက်ကျော်ရင် စိုးရိမ်ရတယ်ဗျ။ ဦးဝိစာရကိုယ်တော်ကြီး အစာငတ်ခံဆန္ဒပြတာ၊ ကိုကိုးကျွန်းရက် ၄၀ အစာငတ်ခံဆန္ဒပြ တာတွေ ဖတ်ဖူးမှတ်ဖူးခဲ့တော့ ကျုပ်ကိုယ်တိုင်လည်း ရန်ကုန်ဆေးရုံကြီးရှေ့မှာ ၃၆ နာရီအစာငတ်ခံ ဆန္ဒပြပွဲပါဝင်ဖူးတော့ အစ်မဒေါ်အောင်ဆန်းစုကြည်အတွက် စိုးရိမ် လာတယ်။

၄-၉-၂၀၀၈ (ကြာသပတေးနေ့)
အစ်မထံ ပစ္စည်းမပို့ရ (၂၀ ရက်မြောက်နေ့)

မနက် အစ်မသတင်းသွားစုံစမ်း၊ ကိုအောင်ကျော်ဇောက တွေ့သွား၊ ထူးခြားရင်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ဆီ ဖုန်းဆက်မယ်လို့ ဇာတ်မင်းသားလေးက ပြောခိုင်းတာပြောပြ။

၅-၉-၂၀၀၈(သောကြာနေ့)

အစ်မထံ ပစ္စည်းမပို့ရ (၂၁ ရက်မြောက်နေ့)

NLD မှ အထူးသတင်းကြေညာချက် ထုတ်ပြန်၊ ဒေါ်အောင်ဆန်းစုကြည်သည် နေ့စဉ်ပို့နေကျ အစားအသောက် 'ချေးခြင်း'တောင်းမယူတော့သည်မှာ သုံးပတ်ကျော်နေပြီ ဆိုတဲ့အကြောင်း၊ အစာရေစာ မရရှိခဲ့၍ တစ်ခုခုပြဿနာဖြစ်ခဲ့လျှင် န. အ. ဖ အစိုးရတွင် တာဝန်ရှိကြောင်း ရေးသားထားတဲ့ သတင်းကြေညာချက်ကို ထုတ်ပြန်ပါတယ်။ သတင်းဌာန တွေကိုလည်း ပေးပို့ပါတယ်။

ညနေ ၆ နာရီခွဲလောက်မှာ လှတ်ထားတဲ့ ဆက်သားက "အရေးကြီးတယ်၊ တက္ကသိုလ်ရိပ်သာလမ်း အမြန်သွားပါ"လို့ အကြောင်းကြားတဲ့အတွက် လမ်းထဲသွားရ ပါတယ်။ လမ်းကို မည်သည့်ကားမှ ဖြတ်သန်းခွင့်မပြုတာ တွေ့ရပါတယ်။ အစ်မခြံနားမှာ စစ်ဆေးရုံက ကားတွေ တွေ့ရပါတယ်။ 'ဗုဒ္ဓေါ'တစ်ခုခုတော့ ဖြစ်ပြီ။ ဘယ်သူများလဲ။ 'အစ်မများလား'။ လုံခြုံရေးတွေကလည်း အပြည့်ချထားတယ်။ လမ်းထဲမှာ ညီငယ် တစ်ယောက်လို ခင်မင်ရတဲ့ မောင်ကျော်သက်ထူး (ယခုကွယ်လွန်ရှာပါပြီ)ကို တိတ်တဆိတ် ဆက်သွယ်ရပါတယ်။ ပြောစရာရှိတာတွေပြောပြီး ကုက္ကိုင်းထိပ်မှာ ဆက်သားနဲ့ တွေ့ဆုံပြီး ကုက္ကိုင်းမီးပွိုင့်ထိပ်၊ ဂျူဝယ်လ် ဟိုတယ်ရှေ့မှာ ကားတစ်စီးနဲ့ စက်ပျက်ချင်ယောင်ဆောင်ပြီး ရပ်ထားဖို့ စီစဉ်ရပါတယ်။ နောက်တစ်စီးက အင်းလျားမြိုင်လမ်းထိပ်နားမှာ စက်ပျက်ချင် ယောင်ဆောင်ပြီး ရပ်ထားဖို့ စီစဉ်ရပါတယ်။ ထွက်လာတဲ့ ဆေးရုံကားနောက်ကနေ မယောင်မလည်နဲ့ လိုက်သွားဖို့ မှာရပါတယ်။ (လမ်းကြောင်း သေချာတယ်ဆိုရင် ဆေးရုံ ကားရှေ့ တော်တော်လှမ်းလှမ်းက ကြိုပြီးမောင်းသွားရမယ့် ကားတစ်စီးလည်း စီစဉ်ထားရ ပါတယ်။) အဲဒီကားက အဓိကကားဖြစ်ပါတယ်။ အရေးအကြောင်းရှိခဲ့ရင် ဖြစ်ခဲ့ရင် အသုံးပြုဖို့ လက်ကိုင်ဖုန်းရှိသူတွေနဲ့ နဂိုကတည်းက ကြိုတင်ပြောဆိုထားတာရှိတော့ အရေးကြီးလာတဲ့အခါ ကူညီကြပါတယ်။ ပြောရမယ့်စကားတွေကလည်း နာမည်ကြီး နိုက်ကလပ်နာမည်တွေ၊ နာမည်ကြီး ကာရာအိုကေဆိုင် နာမည်တွေအကြောင်းပဲ ပြောဆို ကြပါတယ်။ ကားအားလုံးဟာလည်း နံပါတ်အနီ တက္ကစီတွေပဲ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ထဲမှာ ကျုပ် မပါဘူး၊ ကျုပ်နဲ့ပတ်သက်တဲ့သူတွေလည်း မပါဘူး။ ကျုပ်တို့ဆို သူတို့က သိတယ်။ မှတ်မိတယ်။ ဒီတော့ အားလုံးက သူစိမ်းတွေလေ။

ဆေးရုံကားက ည ၇ နာရီကျော်လောက်မှာ ထွက်လာတယ်တဲ့။ ရရှိတဲ့ သတင်းအရတော့ အစ်မမဟုတ်ဘူး။ ဒေါ်ခင်ခင်ဝင်းရဲ့ သမီးအငယ်လေး (ဝင်းမမ)တဲ့။

အစာငတ်ခံတဲ့ဒဏ်ကြောင့် ဆေးရုံပို့ရတဲ့အဖြစ်။

ကားက ရန်ကုန်ဘက်ကို ဦးတည်နေတယ်တဲ့။ ရန်ကုန်ဆေးရုံကြီးလား။ အထွေထွေရောဂါကုဆေးရုံသစ်လား။ တစ်ခုခုတော့ တစ်ခုခုပဲတဲ့။ နောက်ဆုံးတော့ကားက ဆူးလေဘုရားနား ဦးတည်နေတယ်ဆိုတော့ ဘားလမ်းဆေးရုံဆိုတာ ကျိန်းသေနေပြီ။

www.burmeseclassic.com



(ခက်တာက ဆရာဒေါက်တာတင်မျိုးဝင်းက ရန်ကုန်မှာမရှိဘူး။ နာဂစ်ဒဏ်ခံရတဲ့ ကျိုက်လတ်၊ ဘိုကလေးဘက်မှာ ပစ္စည်းတွေ သွားလှူနေတယ်။)

ဆေးရုံကားပေါ်မှာ အငယ်လေး (ဝင်းမမ)နဲ့အတူ အန်တီဝင်း (ဒေါ်ခင်ခင်ဝင်း) ပါ ပါသွားတယ်တဲ့။ ဒါဆို ခြံထဲမှာ အစ်မတစ်ယောက်တည်း ကျန်ခဲ့တာပေါ့။ 'ဒုက္ခပါပဲ' စုံစမ်းကြည့်တော့ ခြံတံခါးက ပိတ်မယ့်သူမရှိဘူး။ ဒီအတိုင်း ထားခဲ့ရတာ။ အိမ်ထဲမှာ အစ်မတစ်ယောက်တည်း။ သက်ဆိုင်ရာက ရဲမေတွေကိုခေါ်ပြီး ခြံတံခါးဝရှေ့မှာ အစောင့် ချထားတယ်တဲ့။ လုံခြုံရေးအင်အားတွေလည်းတိုးပြီး ချထားတယ်တဲ့။ သတင်းတွေ ဝင်လာတယ်။

**၆-၉-၂၀၀၈ (စနေနေ့)**

**အစ်မထံ ပစ္စည်းမပို့ရ (၂၂ ရက်မြောက်နေ့)**

နံနက် ၆ နာရီကျော်လောက်မှာ အန်တီဝင်း (ဒေါ်ခင်ခင်ဝင်း) ဆေးရုံက ခြံထဲကို ပြန်လာတယ်ပြော။ အဲဒီတော့မှ ခြံတံခါးဝက ရဲမေတွေလည်း ပြန်ရုပ်သိမ်းသွားတယ်လို့ သိရ။ မနက်စောစော ၇ နာရီလောက် ဆရာ့အိမ်သွား။ ဆရာအိပ်နေ၊ သက်ဆိုင်ရာက ကျိုက်လတ်နဲ့ ဘိုကလေးနားက တောရွာတွေ ရောက်နေတဲ့ ဒေါက်တာတင်မျိုးဝင်းကို ညတွင်းချင်းလိုက်ရှာပြီး ရန်ကုန်ကို ပြန်လာဖို့ အကြောင်းကြားတယ်တဲ့။ နံနက် ၅ နာရီမှာ ဆရာတင်မျိုးဝင်း ရန်ကုန်ကိုရောက်၊ ဆေးရုံတန်းသွားပြီး အငယ်လေး (ဝင်းမမ) ကို ရောဂါ အခြေအနေ စစ်ဆေးပါတယ်။ ပြန်လာပြီး အိပ်နေတာပါလို့ ဆရာ့အိမ်က ပြောပြပါတယ်။

ဒါနဲ့ ကျုပ်လည်း စနည်းနာဖို့ ဘားလမ်းဆေးရုံဘက် ထွက်လာခဲ့ပါတယ်။ ဆေးရုံရှေ့လက်ဖက်ရည်ဆိုင်မှာ နယ်မြေခံအဖွဲ့ ထိုင်နေတာ တွေ့ရပါတယ်။ ကျုပ်ကို မမြင်ကြဘူး။ ဆေးရုံပေါ် ခပ်တည်တည်နဲ့ တက်သွားပါတယ်။ (ဆရာတင်မျိုးဝင်း ဆေးရုံ ဆိုတော့ တံခါးစောင့်တွေက ကျုပ်ကို သိနေကြပါတယ်။) ဆာဂျီကယ်လ်ဝပ်ဒ်ထဲ ဝင်သွား တော့ အငယ်လေးရှိတဲ့အခန်းဝမှာ အရပ်ဝတ် အမျိုးသမီးရဲမေတွေ စောင့်နေတာ တွေ့ရ ပါတယ်။ (အသိသူနာပြုလေးက မျက်စိမှိတ်ပြီး အချက်ပြလို့) ခပ်တည်တည်နဲ့ အိမ်သာ ဘက် တန်းသွားပါတယ်။ အိမ်သာထဲကထွက်လာရော အားလုံးက ဝိုင်းရှိုးနေတာနဲ့ (ငါ့တော့ သိသွားပြီလို့ ရိပ်မိလိုက်ပါတယ်။) လက်ဆွဲအိတ်ထဲမှာ အသင့်ဆောင်လာတဲ့ ရေသန့်ဘူးသစ်ဆွဲထုတ်ပြီး ယောကျ်ားလူနာတစ်ယောက်ရှေ့ရပ်နေ (ရေသန့်ဘူး ဝယ်ခိုင်း လို့ လာပေးတဲ့ပုံသဏ္ဍာန်) ရေသန့်ဘူးပေးလိုက်သလိုလုပ်ပြီး ခပ်တည်တည်နဲ့ လှေကား ဘက်ဆီ ဦးတည်လစ်ခဲ့ရပါတယ်။

ဆေးရုံအောက်ရောက်တော့ လက်ဖက်ရည်ဆိုင်မှာ ကျောက်တံတား NLD က ကိုကြီးလှ ရောက်နေပါတယ်။ ဘေးမှာက နယ်မြေခံတွေ ထိုင်နေတဲ့ဝိုင်း။ ကိုကြီးလှက လှမ်းခေါ်တာနဲ့ ဝင်ထိုင်ရပါတယ်။ ကိုကြီးလှက "ဆရာတင်မျိုးဝင်း မရှိဘူး။ နယ်သွားလှူ

www.burmeseclassic.com

www.burmeseclassic.com



နေတယ်'' လို့ပြောတာနဲ့ ''ဟုတ်တယ်။ သိတယ်။ အပေါ့သွားချင်လို့ ဆေးရုံပေါ် ခဏ တက်သွားတာ''လို့ ပြန်ပြောလိုက်ပါတယ်။ ကိုကြီးလှတို့က ဘာတစ်ခုမှ မသိသေးတဲ့ပုံ။ ကိုကြီးလှက ''ဒီနေ့ ထူးခြားနေတယ်။ ဆေးရုံကို ဘယ်သူလာမလဲမသိဘူး''လို့ ပြောပြနေတယ်။ ခဏနေတော့ ခရိုင်ကလူတစ်ယောက်လို့ ထင်ရတဲ့လူတစ်ယောက် ရောက်လာပြီး ဝိုင်းထဲ ဝင်ထိုင်တယ်။

''ခြံထဲက ဒေါ်ခင်ခင်ဝင်းသမီး ဝင်းမမ ညက ဆေးရုံတင်ရတယ်။ ဘယ်လိုနေသေးလဲ မသိဘူး''ပြောတော့မှ အားလုံးက သိသွားကြပြီး ကိုကြီးလှက ''ဒီနေ့ ထူးပါတယ်လို့ ထင်နေတာ ဒါကြောင့်ကိုး''လို့ ပြောလိုက်ပါတယ်။ တစ်ယောက်က ''စောစောကကေအမ်အက်စ် ဆေးရုံပေါ်က ဆင်းလာပဲ''ပြောတော့ ခရိုင်ကလူက ကျုပ်ကို ကြည့်နေပါတယ်။ ''ကျုပ်က အပေါ့သွားချင်လို့ ဆေးရုံပေါ်တက်သွားတာပါ။ ဘာမှမတွေ့ပါဘူး။ ရှင်းနေတာပဲ''လို့ ပြန်ပြောလိုက်ပါတယ်။

အဲဒီအချိန်မှာ ဘားလမ်းထိပ်ကနေ ရွှေနေဦးဉာဏ်ဝင်း (ပြောရေးဆိုခွင့်ရှိသူ) လာနေတာမြင်ရပါတယ်။ သူက ဆေးရုံဘက်ခြမ်းက လျှောက်လာနေတာ။

ကျုပ်တို့က ဒီဘက်အခြမ်းမှာ ဆေးရုံရှေ့ရောက်နေတော့ အပေါ်ကို တက်သွားတာ တွေ့ရပါတယ်။ ကျုပ်လည်း ခဏနေ ''ကိုကြီးလှကို ပြန်ဦးမယ်ဗျာ''ပြောပြီး ပြန်ထွက်လာခဲ့ပါတယ်။ (နောက်ပိုင်းမှသိရတာက ဦးဉာဏ်ဝင်းက ကျွန်တော် ဘယ်သူပါ။ ဝင်းမမကို လူနာလာမေးတာပါ ပြောပြတော့ ရဲမေတွေက တွေ့ခွင့်မပေးဘူးလို့ ပြောလိုက်ကြပါတယ်။)

၇-၉-၂၀၀၈ (တနင်္ဂနွေနေ့)

**အစ်မထံ ပစ္စည်းမပို့ရ (၂၃ ရက်မြောက်နေ့)**

နံနက် ၉ နာရီမှာ သတင်းထုတ်ပြန်ရေးအဖွဲ့က နေပြည်တော်မှာ သတင်းစာရှင်းလင်းပွဲ လုပ်မယ်ဆိုတဲ့သတင်း ရရှိ၊ လွှတ်ထားတဲ့ ဆက်သားက ဝင်းမမရဲ့ အခြေအနေ ရရှိတဲ့ သတင်းတွေ ပြောပြ၊ ဝင်းမမက နဂိုကတည်းက ပိန်တာ၊ အစားမစားရတော့ သူ့ အရင်ဆုံး ထိတဲ့သဘောပါ။ အစ်မလည်း ပိန်တာပဲ။ ဒါပေမဲ့ အစ်မက အတွေ့အကြုံရှိထားတော့ ခံနိုင်ရည်ရှိပါတယ်။ ဒါပေမဲ့ ကြာလာရင် အစ်မလည်း ထိမှာပဲ။ အခုတောင် ဘယ်လိုနေလဲဆိုတာ သိရတာမဟုတ်ဘူး။

၈-၉-၂၀၀၈ (တနင်္လာနေ့)

**အစ်မထံပစ္စည်းမပို့ရ (၂၄ ရက်မြောက်နေ့)**

အစ်မခြံရှေ့ လမ်းကျဉ်းလေးထဲမှာ စစ်ဆေးရုံက ကားတွေ ရပ်ထားတယ်လို့ ပြောသံကြားတာနဲ့ လမ်းထဲကိုသွား၊ ကားအဝင်အထွက်တွေ တင်းကျပ်ထား၊ လူ့အဝင်အထွက်လည်း တင်းကျပ်ထား။ ဖာတ်မင်းသားလေးတို့ဆီ တိုက်ရိုက်သွား။ မရှိဘောလေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဖော်ဝင်းသိန်းတို့နဲ့တွေ့၊ ဇာတ်မင်းသားလေး ရုံးသွားတယ် ပြောပြကြ။

၉-၉-၂၀၀၈ (အင်္ဂါနေ့)
**အစ်မထံ ပစ္စည်းမပို့ရ (၂၅ ရက်မြောက်နေ့)**

မနက် ဆရာတင်မျိုးဝင်းထံသွား၊ ဝင်းမမအခန်းရှေ့ကဖြတ်၊ ရဲမေတွေက ကြည့်နေ၊ ဆရာ့အခန်းထဲ ခပ်တည်တည်နဲ့ ဝင်သွား၊ ဆရာနဲ့ စကားပြော၊ ဆရာက "ခင်ဗျား ဟိုနေ့က ဆေးရုံလာတာ သက်ဆိုင်ရာက သိတယ်။ ကျွန်တော့်ကို တိုင်တယ်။ ဒီအချိန်မှာ ကျွန်တော်တို့၊ ခင်ဗျားတို့ကို မျက်စိဒေါက်ထောက်တော့ ကြည့်နေကြမှာပဲ။ သတိတော့ထားနေဦး။ ကျွန်တော်ကတော့ ကေအမ်အက်စ် ဆေးရုံကိုလာတာ အပေါ့သွားတာပါလို့ ရှင်းပြလိုက်ပါတယ်" လို့ ပြောပြီး နှစ်ယောက်သား ရယ်မိကြပါတယ်။

၁၀-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)
**အစ်မထံ ပစ္စည်းမပို့ (၂၆ ရက်မြောက်နေ့)**

လမ်းထဲသွား ထူးခြားမှုမရှိ၊ လမ်းထဲက လူတွေကတော့ ခြံထဲမှာ တစ်ခုခုဖြစ်ရင် အရင်ဆုံး သိကြပါတယ်။ ဝင်းမမ နေကောင်းလား၊ သက်သာရဲ့လား မေးကြပါတယ်။ ကျွန်တော်တောင် သွားတွေ့ခွင့်မရဘူး၊ သက်သာပါတယ်လို့ ဖြေရပါတယ်။

၁၁-၉-၂၀၀၈ (ကြာသပတေးနေ့)
**အစ်မထံပစ္စည်းမပို့ရ (၂၇ ရက်မြောက်နေ့)**

မနက်စောစော လမ်းထဲသွား။ ဖင်ကောက်ကား အဖြူရောင်လေး ရောက်နေတာ တွေ့ရ၊ (ဒီနေ့ ထူးခြားမယ်လို့ထင်) ၉ နာရီမှာ ခြံရှေ့ကို လူသုံးယောက် ကူးသွားတာတွေ့၊ ခြံရှေ့က ခေါ်နေတဲ့ပုံတွေ့ရ၊ ထွက်မလာ၊ ဘေးကခြံကနေခေါ်ဖို့ ဘေးခြံထဲကို ဝင်သွားတာ တွေ့ရ၊ ခဏနေ အန်တီဝင်းထွက်လာလို့လားမသိ၊ ဘေးခြံက သွားခေါ်တဲ့သူတွေ အစ်မ ခြံတံခါးဝဘက် ပြန်ပြေးလာတာ တွေ့ရ၊ အန်တီဝင်းထွက်လာ၊ တံခါးဝမှာ စကားပြောနေတာ တွေ့ရ၊ ၉ နာရီ မိနစ် ၂၀ မှာ ဖင်ကောက်ား အဖြူရောင်လေး ပြန်ထွက်သွား။

ကိုနီဆီဖုန်းဆက်ပြီး "ဒီနေ့ ထူးခြားနိုင်တယ်။ ဆရာ့ဆီသွားမယ်၊ ခင်ဗျား လမ်းထဲမှာ ခဏလာနေပေးပါ"ပြောပြီး ကျုပ်လည်း ဆရာတင်မျိုးဝင်းဆီ ကားငှားပြီး လစ်ရပါတယ်။ ဆရာ့ကို အကျိုးအကြောင်းပြောပြတော့ "ခင်ဗျား လမ်းထဲမှာ အချိန်ပြည့် ရှိနေဖို့ လိုတယ်"ပြောတော့ "ကျွန်တော် ကိုနီကို လမ်းထဲမှာ စောင့်နေဖို့ မှာထားခဲ့ပါတယ်။ ကျွန်တော် အခု ပြန်သွားပါ့မယ်"ဆိုပြီး လမ်းထဲ ပြန်လာပါတယ်။ ၁၂ နာရီခွဲရောက်ပါတယ်။ ၁ နာရီမှာ ရှေ့နေဦးကြည်ဝင်း ခြံထဲဝင်လာတွေ့ရပါတယ်။ ၂ နာရီမှာ ပြန်ထွက်လာပြီး ပြည်ထဲရေးရုံးဘက် ပြန်ခေါ်သွားပါတယ်။ (ရှေ့နေ ဦးကြည်ဝင်း အစ်မခြံထဲ ပထမဆုံးအကြိမ် ဝင်ခွင့်ရ။)

www.burmeseclassic.com

www.burmeseclassic.com



ညဘက်ကျ သတင်းဌာနတွေကတစ်ဆင့် ရွှေနေဦးကြည်ဝင်း သတင်းထုတ်ပြန်ပါတယ်။

၁။ ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့သားတွေထံက စာတွေကို လက်ခံခွင့်ရရှိ။

၂။ မဂ္ဂဇင်း၊ ဂျာနယ်များ ဒေါ်အောင်ဆန်းစုကြည်ထံ ပို့ပေးခွင့်ရရှိ။

၃။ ဒေါ်ခင်ခင်ဝင်းတို့သားအမိသည် နေထွက်မှ နေဝင်သည်အထိ အပြင်ထွက်ခွင့်ရရှိ။

၄။ လာမည့် တနင်္ဂနွေနေ့ (၁၄-၉-၂၀၀၈) နေ့မှ စတင်ပြီး ဒေါက်တာတင်မျိုးဝင်း ကျန်းမာရေးစစ်ဆေးဖို့ ခြံထဲဝင်ခွင့်ရရှိ။

၅။ လာမည့် တနင်္လာနေ့ (၁၅-၉-၂၀၀၈) နေ့မှ စတင်ပြီး ကျုပ် (ကေအမ်အက်စ်) ကို ယခင်အတိုင်း အစားအသောက်တွေ ပြန်လည်ပေးပို့ခွင့်ရရှိမှာဖြစ်ကြောင်း ရွှေနေ ဦးကြည်ဝင်းက သတင်းဌာနတွေကတစ်ဆင့် ပြောဆိုကြောင်းကြားသိရ။

(ကဲ ကျုပ်အစ်မလိုချင်တဲ့ အချက်တွေကို အစိုးရက လိုက်လျောရပြီး ခွင့်ပြုရပြီ။ ဒါဆို ကျုပ်အစ်မဘက်ကလည်း အစာတော်ခံလုပ်တာ ရပ်ဆိုင်းလိုက်ပြီလို့ ထင်ရပါတယ်။)

**၁၂-၉-၂၀၀၈ (သောကြာနေ့)**
**အစ်မထံ ပစ္စည်းမပို့ရ (၂၈ ရက်မြောက်နေ့)**

မနက် ဆရာတင်မျိုးဝင်း ဆေးရုံကိုသွား။ ဝင်းမမအခန်းရှေ့ ဖြတ်သွား။ အစောင့်တွေကကြည့်နေ၊ ဆရာတို့ တနင်္ဂနွေနေ့ကျရင် ဝင်ခွင့်ရမယ်လို့ပြော၊ 'တနင်္လာနေ့စကပြီး ခင်ဗျားက အရင်လို အစားအသောက်တွေ ပြန်ပို့ရလိမ့်မယ်'ပြောပြ။

ရွှေနေ ဦးကြည်ဝင်းမှာလို့ သူ့ရုံးခန်းသွား စကားပြော၊ တနင်္လာနေ့ကျရင် ပစ္စည်းပြန်ပို့ရလိမ့်မယ်ပြောပြ၊ အားလုံး အဆင်ပြေသွားမှာပါတဲ့။

**၁၃-၉-၂၀၀၈ (စနေနေ့)**
**အစ်မထံပစ္စည်းမပို့ရ (၂၉ ရက်မြောက်နေ့)**

နံနက်ပိုင်း လမ်းထဲမှာ သွားစောင့်နေ၊ ရွှေနေဦးကြည်ဝင်း အစ်မခြံထဲ ဝင်ခွင့်ရ၊ (ပဉ္စမအကြိမ်မြောက် ဦးကြည်ဝင်း ခြံထဲဝင်ခွင့်ရခြင်း)

အခြေအနေတွေက ရက်ပိုင်းအတွင်းမှာ ပြန်ကောင်းလာတော့မှာပါ။ အဓိကက ဒိုင်ယာလော့ပဲဗျ၊ တစ်ဖက်သတ်ကြီးပဲပြော၊ တစ်ဖက်သတ်ကြီးပဲ ဆုံးဖြတ်နေလို့ကတော့ သဘာဝမကျပါဘူး။ ဘာမဆို နှစ်ဦးနှစ်ဖက်ပြောဆိုခွင့်ရှိမှ သဘာဝကျပါတယ်။

**၁၄-၉-၂၀၀၈ (တနင်္ဂနွေနေ့)**
**အစ်မထံ ပစ္စည်းမပို့ရ (ရက် ၃၀ ပြည့်သောနေ့)**

မွန်းလွဲ ၂ နာရီမှာ ဒေါက်တာတင်မျိုးဝင်းနဲ့ မပြုံး (ဒေါက်တာပြုံးမိုးအိ)တို့

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသားတော် သာမညဆရာတော်ကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်
(၁၉၉၅၊ နိုဝင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com



အစ်မကို ကျန်းမာရေးစစ်ဆေးဖို့ ခြံထဲဝင်ခွင့်ရ။ ညနေ ၆ နာရီမှ ပြန်ထွက်လာ။ (မနေ့က ဦးကြည်ဝင်းဝင်ခွင့် ရတုန်းက အစ်မက ခြံထဲမှာ မြက်ပင်တွေတောထနေတော့ သန့်ရှင်းရေးအလုပ်သမားတွေနဲ့ရှင်း။ တစ်ပတ်တစ်ခါ သန့်ရှင်းရေးဝင်လုပ်ခွင့်တွေ တောင်းဆိုတာကို သက်ဆိုင်ရာက ခွင့်ပြုတယ်ဆိုတဲ့အကြောင်း ဆရာက ပြောပြ။ အဲဒါကို အစ်မက အဆင်ပြေတဲ့တစ်နေ့ကျမှ လုပ်မယ်၊ အခုလောလောဆယ် လုပ်ရမယ့်အလုပ်တွေ အရင်လုပ်ရဦးမယ်ဆိုပြီး အစ်မက ပြောတာကို ပြန်ပြောပြပါတယ်။)

အစ်မက ကေအမ်အက်စ်ကို မနက်ဖြန်ကစပြီး ပစ္စည်းတွေပြန်ပို့ပေးရလိမ့်မယ်လို့ မှာလိုက်တယ်။ မှာလိုက်တဲ့ ပစ္စည်းစာရင်းစာရွက်ကို ဆရာက ပေးပါတယ်။ မနက်ဖြန်ညနေကျရင် အငယ်လေး (ဝင်းမမ) ဆေးရုံကဆင်းမယ်။ ပစ္စည်းတွေကို မနက်ကတည်းက ကြိုတင်ဝယ်ထားပြီး ကိုနီတို့အိမ်မှာ စောင့်နေပါ။ အငယ်လေးကို ခေါ်လာတဲ့ ကားပေါ် ပစ္စည်းတွေတင်ပေးလိုက်ပြီး ကေအမ်အက်စ်ပါ လိုက်ခဲ့ပါ။ ခြံထဲကို ပို့ပေးမယ်လို့ အစ်မက မှာလိုက်ကြောင်း ဆရာတင်မျိုးဝင်းက ပြောပြပါတယ်။

(ဩ - ဘာလိုလိုနဲ့ ပို့နေကျ အစားအသောက်တွေ အစ်မ လက်မခံခဲ့တာ၊ ဩဂုတ်လ ၂ ရက်နေ့ကနေ ၈ ရက်နေ့အထိက ခြောက်ရက်၊ ဩဂုတ်လ ၁၆ ရက်နေ့ကနေ စက်တင်ဘာလ ၁၄ ရက် (ဒီနေ့) အထိက ရက်ပေါင်း ၃၀၊ စုစုပေါင်း ၃၆ ရက်တိတိ အစားအစာ မပို့ခဲ့ရပါဘူး။)

၁၅-၉-၂၀၀၈ (တနင်္လာနေ့)
(အစားအသောက်ပို့တာကို အစ်မ ပြန်လည်လက်ခံသောနေ့)

မနေ့ညနေက ဒေါက်တာတင်မျိုးဝင်းနဲ့ မှာလိုက်တဲ့ပစ္စည်းတွေကို ညနေ ၄ နာရီ အရောက်ပို့ပေးရမှာဖြစ်တဲ့အတွက် မမအေး၊ ဝါဝါ၊ ကိုနီတို့နဲ့ စီစဉ်ထားပါတယ်။ ညနေ ၃ နာရီခွဲမှာ ဆေးရုံဆင်းလာတဲ့ အငယ်လေး (ဝင်းမမ)ကို ခေါ်လာတဲ့ ကား ရောက်လာတော့ ကားပေါ်ပစ္စည်းတွေတင်ပြီး အစ်မခြံဘက်ကို ထွက်လာပါတယ်။ ဓာတ်မင်းသားလေးတို့ဆီ ရောက်တော့ သက်ဆိုင်ရာ ပုဂ္ဂိုလ်ကြီးတွေ ရောက်နေပါတယ်။ ဆေးရုံဆင်းလူနာနဲ့အတူ မိန်းကလေးအဖော်တစ်ယောက် ပါလာလို့ ဦးဝင်းနိုင်ထွန်းက သူဘယ်သူလဲ၊ ဘယ်ကလဲ မေးတာနဲ့ ဆရာတင်မျိုးဝင်းတို့ သင်တန်းက သင်တန်းသူတစ်ဦးပါ။ 'ကလျာ'လို့ ခေါ်ပါတယ်။ ဆေးရုံဆင်း လူနာအတွက် သူနာပြုသဘောနဲ့ ဆရာတင်မျိုးဝင်းက အဖော်ထည့်ပေးလိုက်တာပါလို့ ရှင်းပြရပါတယ်။ ဓာတ်ပုံရိုက်ပြီးမှ မှတ်တမ်းတင်ကြပါတယ်။

အစ်မတို့မှာလိုက်တဲ့ ပစ္စည်းတွေက ဆန်တစ်အိတ်၊ ကြောင်စားဖို့ ဆန်လေးပြည်၊ မီးသွေးသုံးအိတ်၊ ဆီတစ်ပုံး၊ ကြက်သွန်ဖြူ+နီ၊ အာလူး၊ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ ဟင်းနုနယ်၊ ရွှေဖရုံသီး၊ ဂေါ်ရခါးသီး၊ ငရုတ်သီးစိမ်းအပွ၊ ပဲပင်ပေါက်၊ ပဲပြား၊ သခွားသီးစိမ်း၊ ငါးခြစ်ပြီးသား ငါးမြင်းဖိုက်သား၊ နို့စိမ်း၊ နို့ဆီ၊ သံပရာသီး၊ ထင်းရှူးဆီတွေကို

www.burmeseclassic.com



ကိုနီပေးလိုက်တဲ့ NESTLE-DARK CHOCOLATE 400 .g. 140.oz(တစ်ပေအရှည်ရှိ နှစ်ပြား) (အနက်ရောင်ချောကလက်ဆိုတာက ကျန်းမာရေးအတွက် ဓာတ်စာနော်။)

ပစ္စည်းတွေကို ရှာဖွေစစ်ဆေးပြီး အစ်မခြံဘက် သယ်ယူခွင့်ပြုပါတယ်။ ဆန်အိတ်၊ မီးသွေးအိတ်၊ ဆီပုံးတွေကို တွန်းလှည်းလေးပေါ်တင်ပြီး ပေါ်တီကိုနားမရောက်ခင် အထိ လိုက်ပို့ပေးခွင့်ပြုပါတယ်။ ပေါ်တီကိုအောက်အထိတော့ သွားပို့ခွင့်မပြုပါ။

(ဘာပဲဖြစ်ဖြစ် နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး ပြေလည်မှုတွေ ရရှိခဲ့ကြတာဟာ ဝမ်းသာစရာပါပဲ။)

ဥပဒေအရ ခံစားခွင့်ရှိတာတွေကို တောင်းဆိုပိုင်ခွင့်ရှိရပါမယ်။ 'လိုရာဆွဲပြီးတော့ ဥပဒေအရမဟုတ်ဘဲ လုပ်တာတွေ အကြိမ်ကြိမ်ဖြစ်ခဲ့ပြီ' ဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ဟာ သူရသင့်တဲ့ ခံစားခွင့်တွေကို တောင်းဆိုတိုက်ပွဲဝင်ခဲ့တာပါ။ ၃၆ ရက်အကြာမှာ ဥပဒေအရ တောင်းဆိုတာတွေကို အာဏာပိုင်အစိုးရက လိုက်လျောခဲ့ရပါတယ်။ (ပထမက ခြောက်ရက်၊ ဒုတိယက ရက် ၃၀)ပါ။

■

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း

ပါလီမန်ခေတ်က ထုတ်ဝေခဲ့သော အစ်မဖေဖေပုံ

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းပုံပါတဲ့ အကျီလေးနှစ်ထည်ရဲ့နောက်ခံဖြစ်ရပ်မှန်

၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့။

အစ်မအိမ် ရေကန်ဘက်အခြမ်း ပေါ်တီကိုအောက်မှာ ကျွန်တော် သတင်းစာ ထိုင်ဖတ်နေတယ်။ သတင်းစာထဲမှာ ကြော်ငြာလေးတစ်ခုတွေ့တယ်။ "မိမိတို့ရဲ့ ဓာတ်ပုံကို အကျီပေါ်မှာ ရိုက်ပေးလို့ရတဲ့စက် မြန်မာပြည်ကို ရောက်ပြီ။ နက်ဖြန် (၆-၂-၁၉၉၆) နေ့ စပြီး ဖွင့်တော့မည်"ဆိုတဲ့ ကြော်ငြာလေးကို စိတ်ဝင်စားတာနဲ့ ဖတ်မိတယ်။ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ မြောက်ဘက်တန်းနဲ့ မျက်နှာချင်းဆိုင် ဗဟိုရုံဝင်ပေါက် ဘေးနားက (လစ်ဗင်းကာလာ) ဆိုင်မှာတဲ့။ ရိုက်မယ့်အကျီ (တီရှပ်)က သတ်သတ်ရောင်း ပေးတယ်။ ရိုက်ခက သတ်သတ်ပေးရတယ်။ မိမိတို့ ရိုက်ချင်တဲ့ပုံကို ယူလာပါတဲ့။

(ကျွန်တော်တို့ဆီမှာက ဆေးဆိုးပန်းရိုက်လုပ်ငန်းပဲရှိတာပါ။ အကျီပေါ်မှာ ဓာတ်ပုံကို ရိုက်တာက လက်ဖြစ်သဘောပဲရှိပါသေးတယ်။ စက်နဲ့ရိုက်တာမျိုးက မရှိ သေးပါ။)

"ဟာ ဒါဆိုအတော်ပဲ၊ အစ်မပုံယူသွားပြီး တီရှပ်ပေါ်မှာ ရိုက်ရမယ်။ ငါ ဝတ်နေတဲ့ အစ်မပုံအကျီတွေက နိုင်ငံခြားကရိုက်တဲ့ပုံတွေ၊ ဒီမှာဆို ကိုယ့်စိတ်ကြိုက် ပုံတွေ ရိုက်မှာပေါ့" ဆိုပြီး သတင်းစာထဲပါတဲ့ ကြော်ငြာအကြောင်း အစ်မကို ပြောပြတယ်။

"အစ်မရေ အကျီပေါ်မှာ ပုံတွေရိုက်ပေးမယ့်စက် မြန်မာပြည်မှာ ရောက်လာပြီ၊ အစ်မပုံယူသွားပြီး ရိုက်ခိုင်းမယ်"လို့ ပြောတော့ အစ်မက

"ရိုက်ပါ့မလား၊ ကြည့်လုပ်ဦးနော်၊ တော်ကြာ ပြဿနာတွေ ဖြစ်နေဦးမယ်" လို့ အစ်မက သတိပေးပါတယ်။

"ရိုက်ပေးရင်တော့ ဝမ်းသာစရာပေါ့ အစ်မရာ၊ ဘာပဲဖြစ်ဖြစ် သွားကြော့ ကြည့်ပါရစေအစ်မ"ဆိုပြီး အကျီအနီရောင်နဲ့ ရိုက်ထားတဲ့ အစ်မရဲ့ ၈×၁၀ ဆိုက်ပုံကို

www.burmeseclassic.com

www.burmeseclassic.com



ရွေးထားလိုက်တယ်။

၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့။

အစ်မပုံပါတဲ့ နိုင်ငံခြားကလာတဲ့ တီရှပ်ကို ဝတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးက (လစ်ဗင်းကာလာ)ဆိုင်ထဲကို ခပ်တည်တည်နဲ့ ဝင်သွားတယ်။ ဆိုင်ထဲကလူတွေကလည်း ဝိုင်းကြည့်နေတယ်။ ရုပ်ရှင်မင်းသား ကိုကျော်သူရဲ့ဇနီး မရွှေဇီးကွက်ကလည်း ကြည့်နေတယ်။ မန်နေဂျာလို့ထင်ရတဲ့ ဦးလေးကြီးတစ်ယောက်ဆီ တန်းသွားပြီး "အင်္ကျီပေါ်မှာ ရိုက်ချင်လို့" ပြောတော့ ရှေ့ကကောင်တာကို ညွှန်ပြပါတယ်။ တီရှပ်အဖြူရောင်ပြောင်ကို အရင်စဝယ်ပါတယ်။ တီရှပ်အဖြူရောင်ကလည်း ဈေးနှစ်မျိုးရှိပါတယ်။ (၁,၈၀၀ နဲ့ ၂,၀၀၀ လား မမှတ်မိတော့ပါ။) နှစ်ထည်ဝယ်လိုက်ပါတယ်။ ဘောက်ချာဖြတ်ပေးပါတယ်။ ရိုက်ခက သတ်သတ်ပေးရမှာပါ။

ပုံရိုက်တဲ့ကောင်တာရောက်တော့ ပုံပေးပါဆိုတာနဲ့ စက္ကူအိတ်ထဲက အစ်မပုံထုတ်ပြီးပေးလိုက်တယ်။ စာရေးမလေးတွေက အံ့သြထိတ်လန့်တဲ့အမူအရာနဲ့ "ခဏနော်၊ သွားပြပေးပါရစေ"ဆိုပြီး ရုံးခန်းလေးထဲ ဝင်သွားတယ်။ လူရွယ်ပိုင်းတစ်ယောက်က စောစောကပေးလိုက်တဲ့ အစ်မပုံကိုကိုင်ပြီး ထွက်လာတယ်။ ဖော်ဖော်ရွေရွေ ရည်ရည်မွန်မွန်နဲ့ "အစ်ကို၊ ကျွန်တော်တို့က အစိုးရနဲ့ ပတ်သက်ပြီး ကင်းကင်းရှင်းရှင်း နေချင်ပါတယ်။ ဒီပုံကိုတော့ ရိုက်ပေးလို့ မဖြစ်ပါဘူး။ တောင်းပန်ပါတယ်"လို့ ချိုသာစွာ ပြောဆိုပါတယ်။ အင်္ကျီကလည်း ဝယ်ထားပြီးဖြစ်နေတော့ "အစ်ကို ဒီပြင်ပုံ ဘယ်ပုံရိုက်ချင်လည်း ပြောပါ၊ ရိုက်ပေးပါ့မယ်" လို့ ပြောလာပါတယ်။ ကျွန်တော်က

"ဒါဆို သမီးပုံရိုက်လို့မရရင် ဖအေ့ပုံရော ရိုက်လို့ရမလား"ဆိုပြီး မေးတော့

"ရပါတယ်။ အဲဒါတော့ ရိုက်ပေးပါ့မယ်၊ ရိုက်လို့ရပါတယ်"လို့ဆိုပြီး ပြောပါတယ်။

ကျွန်တော်က "အခုတော့ ပါမလာဘူး။ နက်ဖြန်မှ ပြန်လာပြီး ရိုက်ရင်ရမလား" မေးတော့ "ဟာ ရပါတယ်။ နက်ဖြန်ယူလာခဲ့ပါ"လို့ ပြန်ပြောပါတယ်။ အဲဒီအချိန်မှာ တစ်ဆိုင်လုံးမှာရှိနေတဲ့ လူတွေရဲ့ မျက်လုံးတွေဟာ ကျွန်တော့်ဆီမှာ ရှိနေကြတာ သတိထားခဲ့မိပါတယ်။ မရွှေဇီးကွက်ကလည်း ပြုံးပြီး ကြည့်နေပါတယ်။ (အဲဒီအချိန်ကတည်းက မရွှေဇီးကွက်တို့နဲ့ ကျွန်တော်က မသိသေးပါ။)

ကျွန်တော် ဆိုင်ထဲက ပြန်ထွက်လာပြီး သံဖြူရုံနားရောက်တော့ မိန်းကလေးတစ်ယောက်က နောက်ကနေ လှမ်းခေါ်ပါတယ်။ ကျွန်တော့်ရဲ့ ရဲဘော်ရဲဘက် လမ်ဘာမ်ဘာ ပေါ်ပေါ်ရဲ့ ညီမ မသီတာဖြစ်နေတယ်။

"သီတာက ဒီဆိုင်မှာလုပ်နေတာ။ ဦးမြင့်စိုးဝင်လာတော့ အံ့သြသွားတယ်။ ပြဿနာတွေတော့ ဖြစ်တော့မှာပဲဆိုပြီး စိတ်ပူနေတာ။ ဒီဆိုင်က ရုပ်ရှင်မင်းသား

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သူနဲ့ ကိုရဲနိုင်ဝင်းတို့ဆိုင်လေ။ ကိုရဲနိုင်ဝင်းကို မသိဘူးလား''ဆိုတော့ ''ဟာ ဖုဒ္ဓေါ၊ ကြားဖူးတယ်၊ သိတော့ မသိဘူး။ ကောင်းကောင်းမွန်မွန် ဆက်ဆံပါတယ်။ သဘောကောင်းပါတယ်။ အစ်မပုံတော့မရပါဘူး။ ဗိုလ်ချုပ်ပုံတော့ လုပ်ပေးမယ်လို့ ပြောပါတယ်။ နက်ဖြန်မှ ပုံယူလာပြီး တစ်ခေါက်ပြန်လာပါလို့ ပြောတယ်လေ။ ကျေးဇူး တင်ပါတယ် ညီမရယ်''လို့ ပြောလိုက်မိပါတယ်။

ခြံထဲပြန်ရောက်တဲ့အခါ အစ်မကို ပြောပြရပါတယ်။ ''အစ်မရေ၊ ကျွန်တော် သွားတဲ့ဆိုင်က လူကြီးတစ်ယောက်ရဲ့ သားတစ်ဦးဖွင့်ထားတဲ့ ဆိုင်ဖြစ်နေတယ်။ အဆင်ပြေ ပါတယ်။ကောင်းကောင်းမွန်မွန် ဆက်ဆံပါတယ်။ အစ်မပုံတော့ ရိုက်မပေးရဲဘူးတဲ့။ အစ်မဖေဖေ့ပုံကိုတော့ ရိုက်ပေးပါမယ်တဲ့။ နက်ဖြန်မှ အစ်မဖေဖေပုံယူပြီး တစ်ခေါက် သွားရဦးမယ်။ အင်္ကျီက အဲဒီဆိုင်မှာပဲ ဝယ်ပြီးသားဖြစ်နေတော့ ဗိုလ်ချုပ်ပုံ ယူလာခဲ့ပါ၊ အင်္ကျီမှာ ရိုက်ပေးပါ့မယ်လို့ ပြောပါတယ် အစ်မ''လို့ပြောတော့ အစ်မက

''လူကြီးဆိုတာ ဘယ်လူကြီးရဲ့သားကို ပြောတာလဲ''လို့ မေးပါတယ်။

''ဟိုလေ အစ်မနဲ့ ကျွန်တော်တို့အားလုံးနဲ့ သိတဲ့လူကြီးတစ်ယောက်လေ၊ ဗိုလ်ချုပ်ကြီးခင်ညွန့်ပေါ့''လို့ ပြောတော့

''ကေအမ်အက်စ်ကလေ လုပ်လိုက်ရင် ရာဇဝင်အိုး တုတ်နဲ့ထိုးတဲ့ အလုပ် တွေပဲ'' တဲ့ဗျာ။

၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့။

အစ်မအိမ်မှာရှိတဲ့ အစ်မဖေဖေရဲ့ပုံ။ အဲဒီပုံဟာ အစ်မတို့ မိသားစုမှာပဲရှိတဲ့ပုံ၊ ဝေါလ်ရှိ(ပါလီမန်ခေတ်က ထုတ်ဝေခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း ဘေးတစောင်းပုံ၊ ဆံပင် အမောက်လေးနဲ့ စစ်အင်္ကျီဝတ်ထား) တစ်ပုံယူပြီး ဗိုလ်ချုပ်အောင်ဆန်းဈေး သွားရပါတယ်။ (လစ်ဗင်းကာလာ)ဆိုင်ထဲဝင်သွားတော့ တစ်ဆိုင်လုံး ဝိုင်းကြည့်နေကြတယ်။ မန်နေဂျာ ဦးလေးကြီးက ''ဟာ မနေ့က လာတဲ့ကောင်ပဲ၊ ဘာပုံတွေယူလာဦးမလဲ''ဆိုပြီး စိုးရိမ်တဲ့ အကြည့်နဲ့ ကြည့်နေပါတယ်။

''မနေ့က အင်္ကျီဝယ်ထားပြီးပါပြီ။ ပုံယူလာခဲ့ပါ၊ ရိုက်ပေးပါ့မယ်လို့ ပြောတာနဲ့ အခု ပုံယူလာပါတယ်''လို့ ပြောတော့ ကိုရဲနိုင်ဝင်းကို ခေါ်ပေးပါတယ်။ ကိုရဲနိုင်ဝင်းကို အင်္ကျီနဲ့ ပုံပေးလိုက်တော့ ''လာ လိုက်ခဲ့ပါ''ဆိုပြီး ရိုက်တဲ့စက်ရှေ့မှာ သူကိုယ်တိုင် ထိုင်ပြီး လုပ်ပေးပါတယ်။ ပုံအနေအထား၊ အရွယ်အစားတွေ ပြပါတယ်။ ကြိုက် မကြိုက် မေးပါတယ်။ အရောင်ကိုလည်း ဘယ်အရောင်နှစ်သက်သလဲ၊ ဘာစာသားထည့်ချင်ပါသလဲ မေးပါတယ်။ ပုံမှာက မြန်မာလို 'ဗိုလ်ချုပ်အောင်ဆန်း'ဆိုတဲ့ စာသား ပါပါတယ်။ အဲဒါကို အင်္ဂလိပ်လို ပြန်ရေးပေးပါတယ်။ ''အင်္ကျီမှာ နာမည်စာလုံး ရေးပေးလို့ရမလား''မေးတော့

www.burmeseclassic.com



"ရပါတယ်၊ ဘာနာမည်ရေးချင်ပါသလဲ" သူက ပြန်မေးပါတယ်။

"တစ်ထည်မှာ KIM လို့ ရေးပေးပါ။ နောက်တစ်ထည်မှာ ALEXDRA လို့ ရေးပေးပါ"လို့ ပြောတော့ လုပ်ပေးပါတယ်။ အားလုံးပြီးတော့ ဝမ်းသာအားရနဲ့ ကျေးဇူးတင်စကား ပြောဆိုရပါတယ်။

ခြံထဲပြန်ရောက်တော့ "အစ်မရေ၊ အားလုံး ချောချောမွေ့မွေ့နဲ့ အဆင်ပြေပါတယ်။ မောင်မြင့်ဆန်းအောင်နဲ့ မောင်ထိန်လင်းတို့ နာမည်ကိုလည်း အင်္ကျီမှာ ရေးပေးလိုက်တယ်။ အဲဒါကို အစ်မသားတွေဆီ ပေးပေးပါ"ပြောတော့ "ကေအမ်အက်စ်အတွက် အင်္ကျီရော" ဆိုတော့

"မြန်မာပြည်မှာ ဗိုလ်ချုပ်အောင်ဆန်းပုံကို အင်္ကျီပေါ်မှာ ဘယ်သူမှ ရိုက်မပေးရဲတဲ့အချိန်မှာ နိုင်ငံခြားက ပထမဦးဆုံးလာတဲ့စက်နဲ့ ရိုက်ပေးရဲတဲ့သူကို ကျေးဇူးတင်ရပါမယ်။ ရိုက်ပေးတဲ့၊ လုပ်ပေးတဲ့လူသူဟာလည်း မောင်ထိန်လင်းတို့လို အနေအထားမျိုး ရှိတဲ့သူဆိုတော့ မောင်ထိန်လင်းတို့အတွက် ပိုပြီး သင့်တော်ပါတယ်။ ကမ္ဘာပေါ်မှာ အင်္ကျီလေးက နှစ်ထည်ပဲ ရှိရပါမယ်။ မောင်ထိန်လင်းတို့အတွက် အမှတ်တရပေါ့ အစ်မရာ၊ ကျွန်တော့်အတွက် မလိုပါဘူး"ပြောတော့ အစ်မက သဘောပေါက်သွားပါတယ်။ ပြုံးနေပါတယ်။

ကိုရဲနိုင်ဝင်းက ကိုကျော်သူ (ကိုမောင်)နဲ့ မရွှေဇီးကွက်တို့ရဲ့ သူငယ်ချင်းတဲ့။

ကိုမောင်ရေ၊ နတ်မောက်သားနဲ့ ပဋ္ဌာန်းဆက်ပါသူများဆိုပြီး ကတုံးကြီး (ကိုဇာဂနာ) နဲ့ ကိုမောင့်အကြောင်း ဆောင်းပါးရေးခဲ့ဖူးပါတယ်။ ဘယ်ဟုတ်ပါ့မလဲ၊ မပြည့်စုံသေးဘူးဗျ။ ကိုမောင့်သူငယ်ချင်း ကိုရဲနိုင်ဝင်း ကျန်ခဲ့တာ ရေးဖို့ ကျွန်တော် မေ့နေတယ်ဗျာ။ တပ်မတော် ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပုံပါတဲ့ အင်္ကျီလေးနှစ်ထည်ကို တပ်မတော်ဖခင်ကြီးရဲ့ မြေးနှစ်ယောက် ဝတ်ဖို့အတွက် ကိုမောင့်သူငယ်ချင်း (တပ်မတော် ဗိုလ်ချုပ်ကြီးသားတစ်ယောက်) က အင်္ကျီမှာ ပုံရိုက်ပေးတာဗျ။ ဒါ သမိုင်းမှတ်တမ်းပဲ။ မှတ်တမ်းတင်ရမှာပေါ့။

ဒီနေရာမှာ ကျွန်တော် စဉ်းစားမိတယ်။ (ခင်ဗျားတို့လည်း စဉ်းစားပေါ့။) ဗိုလ်ချုပ်အောင်ဆန်း အခန်းကဏ္ဍကို ပျောက်ကွယ်အောင် လုပ်ထားကြတဲ့ ခေတ်ကြီးမှာ၊ ဗိုလ်ချုပ်အောင်ဆန်းသမီးကို လက်မခံချင်ကြဘူးတဲ့ အချိန်မျိုးမှာ ဗိုလ်ချုပ်အောင်ဆန်းပုံကို သတ္တိရှိရှိနဲ့ ဖော်ပြပေးရဲတဲ့အတွက် ကိုရဲနိုင်ဝင်းကို လေးစားရမယ်ဗျ။ သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ သူဟာ သူ့ပတ်ဝန်းကျင်က စိတ်ဓာတ်မျိုးမရှိဘူးဆိုတာကို ဖော်ပြနေတာပဲ။ သူ့နေရာမှာ ဒို့ပြင်လူတစ်ယောက်သာဆိုရင်တော့ (ကျုပ်လား ရေခဲရေလောင်းပြီး ပါးရိုက်ခံချင်ခံရမှာ၊ လုပ်လည်း ခံရမှာပဲ၊ ပြန်မပြောရဲပေါင်ဗျာ။) ကိုရဲနိုင်ဝင်းလို စိတ်ဓာတ်မျိုးရှိပါ့မလားဆိုတာ မေးခွန်းထုတ်စရာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဗိုလ်ချုပ်အောင်ဆန်းကို အသိအမှတ်ပြုတယ်၊ ရင်ထဲမှာ ရှိနေကြတယ်ဆိုတာကိုသိရတော့ လေးစားဂုဏ်ယူစရာပါပဲ။ အခုဆို နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကအစ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်ကပါ ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ဖခင်ကြီး၊ အမျိုးသားခေါင်းဆောင်ကြီး၊ သခင်အောင်ဆန်း ဆိုပြီး ထုတ်ဖော်ပြောဆိုလာကြတာကို လေးစားစွာ ဂုဏ်ပြုမိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းသမီး ဒေါ်အောင်ဆန်းစုကြည်ကလည်း

''(၆၈) နှစ်မြောက် တပ်မတော်နေ့ဖိတ်တာကို အစ်မ ကျေးဇူးတင်တယ်။ နောက် ပြီးတော့ သွားရတာလည်း ဂုဏ်ယူပါတယ်။ ဒါကတော့ ပထမဦးဆုံးအကြိမ်တက်ဖူးတာပဲလေ။ ဟိုတော်လှန်ရေးနေ့လို့ အစ်မတို့က အမြဲခေါ်တယ်ပေါ့။ ဒါပေမဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကနေပြီးတော့ ဒီနေ့ဟာ ဖက်ဆစ်ကို တော်လှန်ခဲ့တဲ့နေ့၊ တပ်မတော်နေ့လို့ ဘာဖြစ်လို့ခေါ်တယ်၊ တပ်မတော်က ဘယ်တုန်းက စတည်ထောင်ခဲ့တယ်၊ ဥပမာ ၂၇ ရက်၊ ဒီဇင်ဘာ ၁၉၄၁ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တယ်ဆိုပြီးတော့ အဲဒီလို ပြည့်ပြည့်စုံစုံပြောခဲ့တော့ အစ်မ အရမ်းအားရတယ်။ နောက်ပြီးတော့ ဖေဖေ့အကြောင်းလည်း ပြောသွားတော့ အစ်မကတော့ သိပ်ဝမ်းသာတယ်၊ အားရတယ်။ နောက်ပြီးတော့ ကျေးဇူးလည်းတင်ပါတယ်'' လို့ ပြောဆိုသွားတာဟာ နှစ်ပေါင်းများစွာ တပ်မတော်နဲ့ ဝေးကွာနေတဲ့ တပ်မတော်ဖခင်ကြီးရဲ့ သမီးရဲ့ ရင်ထဲက ဆန္ဒအမှန်တွေပါပဲ။

(ဒီနေရာမှာ ဗိုလ်ချုပ်အောင်ဆန်းကို တပ်မတော်ဖခင်ကြီး၊ အမျိုးသားခေါင်းဆောင်လို့ ခေါ်ဝေါ်သုံးနှုန်းခဲ့တဲ့ ကာကွယ်ရေးဦးစီးချုပ် သုံးယောက်ရှိခဲ့ပြီလို့ မှတ်တမ်းတင်လိုပါတယ်။)

ပထမဦးဆုံးက ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ ဒုတိယက ကာကွယ်ရေးဦးစီးချုပ်(ဟောင်း) ဗိုလ်ချုပ်ကြီး သူရတင်ဦး။ တတိယက ယခုလက်ရှိ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်တို့ပဲ ဖြစ်ပါတယ်။

၁၉၈၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့က ကျိုက္ကဆံကွင်း ဆရာစံခန်းမမှာ ကျင်းပတဲ့ ပထမအကြိမ် စစ်မှုထမ်းဟောင်းများ ညီလာခံ ပထမနေ့ အစည်းအဝေးမှာ မဆလပါတီဥက္ကဋ္ဌ စစ်မှုထမ်းဟောင်း နာယက ဦးနေဝင်းက

"လွတ်လပ်ရေးသမိုင်းကိုပဲ ရေးရေး ပြောပြော၊ တပ်မတော်သမိုင်းကို ရေးရေး ပြောပြော ဗိုလ်ချုပ်အောင်ဆန်းရဲ့၊ ဦးအောင်ဆန်းရဲ့ အခန်းကဏ္ဍကို မြှုပ်လို့ မဖြစ်ပါဘူး။ ကွယ်ဝှက်ထားဖို့ မလုပ်ကောင်းပါဘူး။ ဒါကြောင့်မို့လို့ အခု ကျွန်တော် ဒီအချက်ကို မီးမောင်းထိုးပြပြီး ပြောနေတာပါ။ ဒီတော့ ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဒီနှစ်ခုစလုံးကို စပြီးတော့ ပြုစုပျိုးထောင်ခဲ့တဲ့ အချိန်မှာ ဗိုလ်တေဇခေါ် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးအောင်ဆန်းရဲ့ ခေါင်းဆောင်မှုနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းခဲ့တဲ့အတွက် ဖခင်စစ်သည် ဗိုလ်တေဇခေါ် ဗိုလ်ချုပ်အောင်ဆန်းပဲ ဖြစ်ပါတယ်'' လို့ ကာကွယ်ရေးဦးစီးချုပ် ဟောင်းဗိုလ်ချုပ်ကြီးနေဝင်းက ပြောဆိုသွားခဲ့တာကို မှတ်သားမိပါတယ်။

ကာကွယ်ရေးဦးစီးချုပ် (ဟောင်း) ဗိုလ်ချုပ်ကြီး သူရဦးတင်ဦး ပြောတာတွေကတော့ ကြားနေရတာ အနှစ် ၂၀ ကျော်ပါပြီ၊ ဘဘတင်နဲ့က အနေနီးတော့ အမြဲတမ်းလိုလို ကြားနေခဲ့ရပါတယ်။ ဘဘရွှေ (အငြိမ်းစားဗိုလ်မှူးချုပ်ဟောင်း ဦးအောင်ရွှေ)၊ ဘဘလွန်း (အငြိမ်းစား ဗိုလ်မှူးကြီး လွန်းတင်)တို့ရဲ့ စကားတွေကတော့ တော်လှန်ရေးနေ့တိုင်း ကြားနေခဲ့ရပါတယ်။

ယခု ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်ပြောကြားတာကိုတော့ မကြာခင်က (၆၈)နှစ်မြောက် တပ်မတော်နေ့ (တော်လှန်ရေးနေ့) မှာ အားလုံး ကြားသိပြီးဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းကို တိုင်းပြည်ရဲ့ အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီးအဖြစ် အသိအမှတ်ပြုကြမယ်၊ လက်ခံကြမယ်ဆိုရင် နိုင်ငံ့ခေါင်းဆောင်ကြီးလဲလျောင်းရာ အာဇာနည်ဂူဗိမာန်ကြီးကိုလည်း နိုင်ငံတကာအဆင့်အတန်းနဲ့အညီ ထားစေချင်ပါတယ်။ ဒါမှလည်း ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုရာရောက်ပါမယ်။ ကျေးဇူးဆပ်ရာ ရောက်ပါမယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်အတွက် အသက်ပေးသွားခဲ့ရသော်လည်း ဘာအကျိုးကျေးဇူးမှ ခံစားသွားရတဲ့သူတစ်ယောက် မဟုတ်ပါဘူး။ ဒီလိုပဲ ကျန်ရစ်ခဲ့တဲ့ မိသားစုတွေလည်း ဘာအကျိုးကျေးဇူးတစ်ခုမျှ ခံစားပိုင်ခွင့်မရှိခဲ့သလိုပဲ ယူလည်း မယူခဲ့ကြပါဘူး။ (၁၀(ခ)ဆိုတဲ့ ခံစားခွင့်လေးတစ်ခုကတော့ သမီးဖြစ်သူအစ်မမှာ ခဏခဏ ရခဲ့ပါတယ်။)

၂၀၁၂ ခုနှစ်၊ ဧပြီလမှာ ကြားဖြတ်ရွေးကောက်ပွဲလေးတစ်ခု လုပ်တော့ ကိုရဲနိုင်ဝင်း မိသားစုတွေလည်း မဲသွားထည့်ကြပါတယ်။ မဲထည့်ပြီးအပြန် သတင်းထောက်တွေက ဝိုင်းမေးကြတဲ့အခါ ''ဒေါက်တာမေဝင်းမြင့်ကို မဲထည့်ခဲ့ပါတယ်။ အင်န်အယ်လ်ဒီကို မဲထည့်ခဲ့ပါတယ်''လို့ ဖြေကြားပုံတွေကို ဂျာနယ်တွေထဲမှာ မြင်ရဖတ်ရတော့ ပီတိဖြစ်ရပါတယ်။

(ကိုမောင်ရေ၊ နတ်မောက်သားနဲ့ ပဌာန်းဆက်ပါသူများ ဆောင်းပါးရဲ့ အဆက်လို့ မှယူရင်လည်း ရပါတယ်။)

ပူပူနွေးနွေး အစ်မပြောတဲ့စကားလေးတစ်ခုနဲ့ နိဂုံးချုပ်ပါရစေ။ ၁၇-၄-၂၀၁၃ (နှစ်ဆန်းတစ်ရက်နေ့) ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်မှာ ပြောကြားခဲ့တဲ့ မိန့်ခွန်းထဲက အဓိကအချက် သုံးချက်ထဲက တစ်ချက် စကားလေးပါ။

www.burmeseclassic.com

www.burmeseclassic.com




"မြန်မာ့ဒီမိုကရေစီ ခရီးဟာ တပ်မတော်ပါဝင်လာမှသာ ရည်မှန်းချက် ပေါက်မြောက်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်"တဲ့။

■

*မြန်မာတိုင်း (မ်) အတွဲ ၃၁၊ အမှတ် ၆၁၈၊ (၂၆၊ ၄ – ၂၊ ၅၊ ၂၀၁၃)*

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသားတော် ရွှေပါရမီတောရဆရာတော်နှင့် ဒေါ်အောင်ဆန်းစုကြည်

(၂၀၁၄)

www.burmeseclassic.com

www.burmeseclassic.com



အစ်မနှင့်ကိုကိုလင်းအား မောင့်ဘက်တန်တို့ ဇနီးမောင်နှံနှင့် အတူတွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အောင်ဆန်းသားအောင်ဆန်းလင်း (ကိုကိုလင်း) အုတ်ဂူလေးပင်လယ်ဝသို့ရောက်သွားခြင်း

၁၉၉၆ ခုနှစ်မှာ ကြံတောသုသာန်ကို လှိုင်သာယာ ရွှေတကော (ယခု ထိန်ပင်) သုသာန်နဲ့ မြောက်ဥက္ကလာပ ရေဝေးသုသာန်တွေဆီကို ပြောင်းရွှေ့မှာဖြစ်တဲ့အတွက် မိမိတို့ရဲ့ ကွယ်လွန်သွားရှာတဲ့ အဘိုးအဘွား၊ အဖေ၊ အမေ၊ ညီအစ်ကို၊ မောင်နှမတွေရဲ့အုတ်ဂူတွေကို သုသာန်အသစ်မှာပြောင်းရွှေ့ပြီး ထပ်မံဂူသွင်းနိုင်ကြောင်း စည်ပင်သာယာက ကြေညာချက် ထုတ်ပြန်ထားပါတယ်။ ဘယ်နေ့ နောက်ဆုံးဆိုတာကိုလည်း ကြေညာပါတယ်။

တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်ခင်ကြည်တို့ရဲ့ ဒုတိယမြောက်သား။ အစ်မ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အစ်ကို၊ ကိုအောင်ဆန်းလင်း (ကိုကိုလင်း) အုတ်ဂူလေးက ကြံတောသုသာန်မှာ ရှိနေပါတယ်။ စည်ပင်မှ နောက်ဆုံးသတ်မှတ်ရက်မတိုင်ခင် ကြံတောသုသာန်မှာ အရိုးကောက်ယူဖို့ အစ်မက ကိုချို (ဦးအောင်သန်းရဲ့သား ကိုချိုအောင်သန်း)နဲ့ ကျွန်တော့်ကို တာဝန်ပေးပါတယ်။ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလထဲမှာလို့ ထင်ပါတယ်။

“အောင်ဆန်းလင်းလား။ အဲဒါ ကျုပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ရဲ့အစ်ကိုလေဗျာ။ ကျုပ်အစ်မက သူ့ကို ကိုကိုလင်းလို့ ခေါ်တယ်။ ကျုပ်အစ်မမှာ အစ်ကိုကြီးက ကိုအောင်ဆန်းဦး (ကိုကိုဦး)နဲ့ ကိုအောင်ဆန်းလင်း (ကိုကိုလင်း)ဆိုပြီး အစ်ကိုနှစ်ယောက်ရှိတယ်။ ရက်ပိုင်းအတွင်းမှာ ဆုံးသွားတဲ့ ညီမကလေးတစ်ယောက်လည်း ရှိသေးတယ်။ ခင်ဗျားတို့ သိကြမှာပါ”

ကျုပ်အစ်မက သူ့အစ်ကို ကိုကိုလင်းကို အချစ်ဆုံးဗျ။ ငယ်စဉ်ကတည်းက တစ်ခန်းတည်း အတူတူနေပြီး တတွဲတွဲနဲ့ မခွဲဘဲနေတာ သူ့အစ်ကို ကိုကိုလင်းနဲ့ဗျ။

သူ့အစ်ကို ကိုကိုလင်းအကြောင်းလား။ ပြောပြတာပေါ့။ ကိုကိုလင်း (၁)

www.burmeseclassic.com



အောင်ဆန်းလင်းကို ၁၉၄၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှာ မွေးဖွားပါတယ်။ ဗုဒ္ဓဟူးသားဗျ။ ဗိုလ်ချုပ်အောင်ဆန်းက သူ့သားကို ချစ်စနိုးနဲ့ 'ငလင်းကြီး'လို့ ခေါ်တာနော်။ ဗိုလ်ချုပ်အောင်ဆန်း ဟာ သူ့သား'အောင်ဆန်းလင်း'ကို သိပ်စိုးရိမ်တာပဲလို့ ရင်းနှီးတဲ့သူတွေကို ပြောဆိုခဲ့တာ စာအုပ်တွေထဲမှာ ခင်ဗျားတို့ ဖတ်ခဲ့ကြရမှာပါ။

ဗိုလ်ချုပ်အောင်ဆန်းဟာ သူ့သား အောင်ဆန်းလင်းကို ပိုပြီး ချစ်ခဲ့တယ်ဆိုတာ အမှန်ပဲဗျ။ ဘာကြောင့်လဲဆို ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကိုယ်ရံတော်လုပ်ခဲ့ဖူးတဲ့ ဗိုလ်မင်းလွင် ဆိုတာ ရှိခဲ့ပါတယ်။ (ဝါရင့်နိုင်ငံရေးသမားဟောင်းကြီးများအဖွဲ့က ဗိုလ်မင်းလွင်က သတ်သတ်ပါနော်။) ဗိုလ်မင်းလွင်က နေ့စဉ် ဒိုင်ယာရီမှတ်တမ်းရေးတဲ့သူပါ။ သူ့ရဲ့ ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ ရက်စွဲ နေ့စဉ် မှတ်တမ်းစာအုပ်လေးမှာ ဘာရေးခဲ့သလဲ ဆိုတော့–

''ည၊ ဒေါ်ခင်ကြည်၊ ဗိုလ်ချုပ်တို့ရဲ့သား အောင်ဆန်းလင်း၊ အချစ်ဆုံးကောင် သေဆုံး၍ စိတ်မချမ်းသာလှ''

(ညဘက်မှာ သတင်းစကားရတာကို ရေးထားတာပါ။)

ဆိုပြီး ရေးခဲ့တဲ့ ဒိုင်ယာရီစာအုပ်လေးဟာ အခု ၂၀၁၃ ခုနှစ်ဆို နှစ်ပေါင်း ၆၀ တိတိ ရှိခဲ့ပါပြီ။ ခုအချိန်အထိ ဗိုလ်မင်းလွင်ထံမှာ ရှိလျက်ပါပဲ။ ဗိုလ်မင်းလွင်ကတော့ ၂၀၁၀ ပြည့်နှစ်မှာ ကွယ်လွန်သွားခဲ့ပါပြီ။ 'အချစ်ဆုံးကောင်'လို့ စကားသုံးနှုန်းခဲ့ခြင်း အားဖြင့် 'ကိုကိုလင်း'(အောင်ဆန်းလင်း) ဟာ အားလုံးရဲ့ အချစ်ဆုံးဖြစ်ခဲ့မယ်ဆိုတာ သက်သေခံနေပါတယ်။

အဲဒီအချိန်တုန်းက ဗိုလ်ချုပ်အောင်ဆန်း မိသားစုအနားမှာ ရှိခဲ့တဲ့သူတွေက အပါးတော်မြဲ ဗိုလ်ထွန်းလှရယ်၊ ကိုယ်ရံတော် ဗိုလ်မင်းလွင်ရယ်၊ ကားဒရိုင်ဘာ ကိုကျော်စိန် တို့ ဖြစ်ပါတယ်။ သူတို့ဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သားသမီးသုံးယောက်နဲ့ အနီးကပ်ဆုံး ဆက်ဆံခဲ့တဲ့သူတွေပါ။ ကိုကျော်စိန်ဆိုရင် အစ်မတို့ မောင်နှမတွေရဲ့ အနှံ့အတာကို အခံရဆုံးပါ။ အစ်မဖေဖေနဲ့ အစ်မမေမေတို့က ''ကျော်စိန်ရေ ကျော်စိန်'' လို့ ခေါ်ကြတဲ့အခါ အစ်မတို့ မောင်နှမတွေကလည်း ကလေးတွေရဲ့ မပီကလာ ပီကလာအသံလေးတွေနဲ့ ''အော်စိန်ရေ အော်စိန်''လို့ လိုက်ခေါ်လေ့ရှိသတဲ့။

(၁၉၈၈ ခုနှစ်၊ အစ်မ မြန်မာနိုင်ငံကို ပြန်ရောက်ပြီးနောက်ပိုင်းမှာ အစ်မဖေဖေ ရဲ့ အရင်းနှီးဆုံး လူတွေဖြစ်တဲ့ သခင်အုန်းမြင့်နဲ့ အန်ကယ် ဗိုလ်မင်းလွင်တို့ဟာ အစ်မနဲ့ အဆက်အသွယ်မပြတ်ဘဲ မိသားစုတွေကအစ ခင်မင်လျက်ရှိနေကြပါတယ်။ သခင်အုန်းမြင့် သား ကိုနီရယ်၊ ဗိုလ်မင်းလွင်သားတွေဖြစ်တဲ့ ကိုမော်၊ ကိုအောင်တို့ဟာ အစ်မအနားကို လာရောက်ပြီး ကူညီပေးနေကြတာကို တွေ့ခဲ့ရပါတယ်။ သခင်အုန်းမြင့်နဲ့ ဗိုလ်မင်းလွင် တို့ဟာ ၂၀၁၀ ပြည့်နှစ် အစ်မ မလွတ်မြောက်ခင်လပိုင်း အလိုတွေမှာ ရှေ့ဆင့်နောက်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်သွားကြပါတယ်။ ဗိုလ်မင်းလွင်က ၁၅-၆-၂၀၁၀ မှာ ကွယ်လွန်ပြီး သခင်အုန်းမြင့်က ၁၉-၇-၂၀၁၀ မှာ ကွယ်လွန်သွားခဲ့ကြပါတယ်။)

ကိုကိုလင်းကို အားလုံးကချစ်ခဲ့ကြသလို အစ်မအတွက် ကိုကိုလင်းဟာ ကစားဖော် အဖော်တစ်ယောက်ဖြစ်ခဲ့သလို သိပ်ပြီးတော့လည်း ချစ်ခဲ့ပါတယ်။ မောင်နှမနှစ်ယောက် မခွဲဘဲတတွဲတွဲနဲ့ နေလာကြတာ့ ကိုကိုလင်း ဆုံးသွားပြီ၊ မရှိတော့ဘူးဆိုတဲ့ အသိတရားကို နားလည်လိုက်ရတဲ့အချိန်မှာ အစ်မဘဝအတွက် အကြီးမားဆုံးသော သောကပါပဲ။ ကိုကိုလင်းနဲ့ အစ်မက တစ်နှစ်ကြီး တစ်နှစ်ငယ်လေ။ ကိုကိုလင်းဆုံးတော့ ကိုးနှစ်သား၊ အစ်မက ရှစ်နှစ်သမီး။

တစ်ခါတုန်းက အစ်မ စကားလေးတစ်ခွန်း ပြောခဲ့ပါတယ်။ "အခုအချိန်မှာ ကိုကိုလင်းသာရှိရင် သိပ်ကောင်းမှာပဲ"ဆိုတဲ့ စကားလေးပါ။ မှန်တာပေါ့။ ရှိစေချင်ပါတယ်။ စိတ်ဓာတ်တူတဲ့ မောင်နှမနှစ်ယောက်လေ။ ကိုကိုလင်းက ၁၀ ရက်နေ့မွေးတော့ တစ်ဂဏန်းသမား၊ အစ်မကလည်း ၁၉ ရက်မွေးတော့ တစ်ဂဏန်းသမား၊ မောင်နှမနှစ်ယောက်စလုံးက တစ်ဂဏန်းသမားတွေဆိုတော့ အခု တစ်ယောက်တည်းနဲ့တင် ပွဲကကြည့်လို့ကောင်းခဲ့တာ၊ နှစ်ယောက်ဆိုရင် ပွဲကြီးပွဲကောင်းကို ကြည့်ကြရမှာ ကျိန်းသေပါပဲ။

နှမကလည်း ဒီအစ်ကိုမှ ဒီအစ်ကို၊ အစ်ကိုကလည်း ဒီနှမမှ ဒီနှမ။ တစ်နေ့မှာပေါ့။ လူကြီးတွေမသိအောင် မောင်နှမနှစ်ယောက် စတိုခန်းထဲဝင်ပြီး ငှက်ပျောသီးတွေ တိတ်တိတ်ဝင်စားနေတာတွေ့တဲ့သူက တိုင်ပြောတော့ မောင်နှမနှစ်ယောက် ဆော်ပလော် တီးခံခဲ့ရပါတယ်။

တစ်နေ့၊ ၁၆-၁-၁၉၅၃ ခုနှစ်မှာ မောင်နှမနှစ်ယောက် တာဝါလိန်းနေအိမ်ခြံဝင်းထဲမှာ ဆော့ကစားနေကြတုန်း ရေကန်နားရောက်တော့ ကိုကိုလင်းက ရေစပ်မှာ ဆော့ကစားနေရင်းနဲ့ ရေကန်ထဲ ခြေချော်ကျသွားရာကနေ ရေနစ်သွားပါတယ်။ လူကြီးတွေသိလို့ ဆင်းဆယ်ကြတဲ့အခါ အသက်က ပါမလာခဲ့ပါဘူး။ သူသိပ်ချစ်တဲ့ အစ်ကို သူ့မျက်စိအောက်မှာ သေမှုသေခင်းဖြစ်နေတာကို ဝင်ပြီး မကယ်နိုင်တဲ့အတွက် အစ်မဘဝမှာ ယူကျုံးမရ ဖြစ်ခဲ့ရပါတယ်။

ကိုကိုလင်းကို ကြံတောသုသာန်မှာ ဂူသွင်းသင်္ဂြိုလ်တဲ့အခါမှာ သူ့ရှိစဉ်က သူနှစ်သက်ခဲ့တဲ့ သူ့ရဲ့ ကစားစရာပစ္စည်းလေးတွေပါ ထည့်ပေးလိုက်ပါတယ်။ သူ ကွယ်လွန်ပြီး ၄၃ နှစ် အကြာ ၁၉၉၆ ခုနှစ်မှာ ကြံတောသုသာန်ကို ဖျက်သိမ်းမှာဖြစ်တဲ့အတွက် သူ့အုတ်ဂူလေးကို ဖယ်ရှားပေးခဲ့ရပါတယ်။

(ငါတို့ ဗိုလ်ချုပ်ရဲ့သားပဲ၊ ဗိုလ်ချုပ်ဟာ တိုင်းပြည်အပေါ် ကျေးဇူးရှိခဲ့တယ်။ ဗိုလ်ချုပ်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဗိုလ်ချုပ်သား အုတ်ဂူလေးကို သင့်တော်တဲ့နေရာမှာ ကောင်းမွန်စွာ ပြန်ထားပေးရမယ်ဆိုတဲ့အတွေးမျိုး တစ်ယောက်မှ မရှိခဲ့ကြပါဘူး။

www.burmeseclassic.com



အသုံးချချင်ရင်တော့ ဗိုလ်ချုပ်အောင်ဆန်းက ဘာတွေ ပြောသွားပါတယ်။ ဘာတွေ မိန့်သွားပါတယ် ဆိုပြီး နှစ်ပေါင်း ၆၀ ကျော်ကြာတဲ့အထိ အသုံးချခဲ့ကြပါတယ်။)

၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ (လို့ထင်ရပါတယ်။ မမှတ်မိတော့ပါ) မှာ အစ်မက တာဝန်ပေးတာနဲ့ ကိုချို့နဲ့ ကျွန်တော် ကြဲတောသုသာန်သွားပြီး စည်ပင်သာယာက ပုဂ္ဂိုလ်တွေနဲ့ ကိုကိုလင်းအုတ်ဂူကိစ္စ ပြောဆိုရပါတယ်။ အားလုံးက အကူအညီပေးကြ ပါတယ်။ ကိုကိုလင်းအုတ်ဂူက သရဏဂုံတင်တဲ့ ဇရပ်ကြီးရဲ့ ခေါင်းရင်းပိုင်း အရှေ့ဘက်နား မှာ ရှိပါတယ်။ သုသာန်နဲ့ အုတ်တံတိုင်းနဲ့ ၁၅ ပေအကွာလောက်မှာ ရှိပါတယ်။ အုတ်ဂူ တူးဖော်တာတွေကို စည်ပင်ဝန်ထမ်းတွေက တာဝန်ယူလုပ်ပေးကြပါတယ်။ အစ်မကိုတော့ အရိုးတွေ့လို့ တူးဖော်ခါနီးမှခေါ်ဖို့ စီစဉ်ထားပါတယ်။

အုတ်ဂူတူးဖော်စဉ်မှာ ကျွန်တော်တို့က စည်ပင်ရုံးခန်းမှာ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ စကားပြောဆိုနေကြပါတယ်။ စည်ပင်ရုံးခန်းဘေးက အခန်းတစ်ခန်းထဲမှာ မြန်မာနိုင်ငံမှာ ထင်ပေါ်ကျော်ကြားခဲ့တဲ့ ပုဂ္ဂိုလ်တချို့ရဲ့ တူးဖော်ပြီး အရိုးတွေကို စဉ့်အိုးတွေမှာ နာမည်စာတန်းနဲ့ ချိတ်ဆွဲထားတာ တွေ့ရပါတယ်။ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင် ကျော်ရဲ့ အရိုးအိုး၊ ဒို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်ကြီးတွေရဲ့ အရိုးအိုး၊ ရဲဘော် သုံးကျိပ်ဝင်တွေ၊ စာရေးဆရာ၊ အနုပညာရှင်ကြီးတွေရဲ့ အရိုးအိုးတွေကို တွေ့ရပါတယ်။

စည်ပင်တာဝန်ရှိပုဂ္ဂိုလ်ကို ကျွန်တော်က "ဒီပုဂ္ဂိုလ်ကြီးတွေဟာ တစ်ချိန်က တိုင်းပြည်မှာ ထင်ပေါ်ကျော်ကြားခဲ့ပါတယ်။ သူတို့အားလုံးကို တစ်နေရာတည်းမှာ သီးသန့်ဂူပြန်သွင်းထားပြီး ဂုဏ်ပြုထားသင့်ပါတယ်"လို့ ပြောတဲ့အခါ စည်ပင်တာဝန်ရှိ ပုဂ္ဂိုလ်က "ကျွန်တော်တို့မှာ အစီအစဉ်ရှိပါတယ်။ ထောက်ကြန့်မှာရှိတဲ့ ဓနသဟာယ စစ်သချိုင်းလိုပုံစံမျိုး မြက်ခင်းတွေ၊ မီးတိုင်တွေနဲ့ ကမ္ပည်းကျောက်စာထိုးပြီး အဆင့် မြင့်မြင့် လုပ်ပေးမှာပါ"လို့ ပြောပြရှင်းပြခဲ့ပါတယ်။ (ဟုတ်လားတော့ မသိခဲ့ပါဘူး။ ဗိုလ် အောင်ကျော်အုတ်ဂူလေးမှ ရှိသေးရဲ့လား၊ ရှာကြည့်ကြပါဦး။ အဲဒီတုန်းက အရိုးအိုးတွေကို မြင်ခဲ့ရတာ ကျိန်းသေပါတယ်။) ညနေစောင်းတဲ့အထိ ကိုကိုလင်းအုတ်ဂူတူးတာ မပြီးသေး တဲ့အတွက် ရပ်ထားပြီး နက်ဖြန်မနက်မှဆက်တူးဖို့ ပြောဆိုပြီး ပြန်လာခဲ့ပါတယ်။

နက်ဖြန်မနက်စောစောသွားပြီး အုတ်ဂူကို ဆက်ပြီး တူးဖော်ကြပါတယ်။ ၁၀ နာရီလောက်ဆိုရင် အရိုးရှာတွေ့နိုင်တယ်လို့ပြောတာနဲ့ ခြံထဲပြန်ပြီး အစ်မကို ပြောပြ ပါတယ်။ အစ်မကိုယ်တိုင် လိုက်ပါလာပြီး အုတ်ဂူ ဆက်လက်တူးနေတာ ကြည့်ရှုပါတယ်။ အရိုးတွေ့ပြီလို့ ပြောကြတဲ့အခါ ယူလာတဲ့ မြေအိုး(သောက်ရေအိုးပုံစံ)ထဲကို တစ်ခုချင်း အစ်မကထည့်ပါတယ်။ သံချေးအထပ်ထပ်တက်နေတဲ့ မော်တော်ကားအင်္ဂျင် ကိုယ်ထည် လေး တစ်ခုကို တွေ့တဲ့အခါ "အဲဒါ ကိုကိုလင်းရဲ့ မော်တော်ကားလေး"ဆိုပြီး အစ်မက ပြောပါတယ်။ အပြင်ကိုယ်ထည် သံဘော်ဒီက ပါးလွှာတဲ့အတွက် မရှိတော့ပါ။ အင်္ဂျင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထည်က လေးလံထူထဲတဲ့အတွက် သံချေးအထပ်ထပ်တက်ပြီး ရှိနေတာပါ။ အင်ဂျင်လေးကို အစ်မကယူပြီး သဲမြေအိုးထဲမှာ အရိုးစုလေးတွေနဲ့ အတူတူထားပါတယ်။ ''ကိုကိုလင်း အနှစ်သက်ဆုံး အမြဲတမ်းဆော့ကစားခဲ့တဲ့ မော်တော်ကားလေးပေါ့''လို့ အစ်မက ပြောပြပါတယ်။

နောက်ဆုံး အားလုံးတူးဖော်ပြီးတဲ့အချိန်မှာ စည်ပင်တာဝန်ရှိပုဂ္ဂိုလ်တွေကို အစ်မက ကျေးဇူးတင်စကားပြောဆိုပါတယ်။ ကိုကိုလင်းရဲ့ အရိုးအိုးလေးရယ်၊ အုတ်ဂူမှာ နာမည်ထွင်းထုထားတဲ့ စကျင်ကျောက်ပြားလေးရယ်ကို ယူဆောင်လာပြီး အိမ်ခြံထဲက ကန်စပ်နားမှာရှိတဲ့ သရက်ဖြူပင်ကြီးအောက်မှာ ခေတ္တယာယီထားရှိပါတယ်။

တစ်ပတ်အကြာမှာ အစ်မက အရိုးအိုးကို ကားပေါ်တင်ယူဆောင်ပြီး သန်လျင်ဘက်ဆီ မောင်းလာခဲ့ကြပါတယ်။ (ထိုအချိန်က ခြံဝင်းထဲမှာ လုံခြုံရေးအဖွဲ့တစ်ဖွဲ့က အစ်မအတွက် လုံခြုံရေးတာဝန်ယူပေးနေတော့ အစ်မကားနောက်ကနေ ကားသုံးစီးနဲ့ အမြဲလိုက်စောင့်ရှောက်ပါတယ်။ ၁၉၉၅ ခုနှစ် အကျယ်ချုပ်က စလွတ်ချင်း အချိန်မှာတော့ လုံခြုံရေးအရာရှိကိုခေါ်တွေ့ပြီး ဘယ်သွားမယ်ဆိုတာ တရားဝင်ပြောဆိုရပါတယ်။ နောက်ပိုင်းမှာတော့ အစ်မက ဘာတစ်ခုမှ ပြောဆိုခြင်းမရှိတော့ပဲ သွားစရာရှိရင် တစ်ခါတည်း ထွက်ပါတယ်။) အခုလည်း လုံခြုံရေးအဖွဲ့က နောက်ကလိုက်လာပါတယ်။ ဘယ်သွားမယ်မှန်းမသိပါ။ သန်လျင်တံတားပေါ် ဖြတ်နေပြီသိတော့မှ သန်လျင်နဲ့နီးတဲ့ ပင်လယ်ဝမှာ အရိုးအိုးကို သွားမျှောမယ်ဆိုတာ ရိပ်မိကြပြီး ချက်ချင်း သန်လျင်ရေတပ်ကို အကြောင်းကြား ရေတပ်ကလည်း ရေငုပ်တပ်ဖွဲ့ကလူတွေ အကြောင်းကြားပြီး ရေကြောင်းကနေ လုံခြုံရေးယူပေးကြဖို့ စီစဉ်ကြတဲ့သတင်းကို နောက်မှ သိရပါတယ်။ ကျောက်တန်း ရေလယ်ဘုရားရောက်တော့ ရေတပ်က ရေငုပ်စစ်သည်တွေလို့ ထင်ရတဲ့ လူတွေကိုလည်း တွေ့ရပါတယ်။ ရေလယ်ဘုရားတည်ရှိတဲ့ မော်ဝန်းမြစ်အတိုင်း ပင်လယ်ထွက်ပေါက်ဝနားကို စက်လှေတွေငှားပြီး အရိုးအိုးမျှောဖို့ စီစဉ်ကြပါတယ်။ လုံခြုံရေးအဖွဲ့တွေ၊ ရေငုပ်စစ်သည်လုံခြုံရေးအဖွဲ့တွေက ဘေးနားကနေ အစ်မအဖွဲ့ကို လိုက်ပါစောင့်ရှောက်ပါတယ်။

''ကိုကိုလင်းကတော့ ကြဲတော့သုသာန်ကနေ ပင်လယ်ပြင်မှာ အနားယူသွားခဲ့ရပါပြီ''

ထောက်ကြန့် ဓနသဟာယစစ်သချိုင်းပုံစံမျိုး ထားရှိပေးမှာပါလို့ ကြဲတော့က စည်ပင်တာဝန်ရှိသူတွေ ပြောတဲ့စကားကို အစ်မကို ပြန်ပြောပြတော့ ပြုံးပြီး နားထောင်နေပါတယ်။ ယုံကြည်လား၊ မယုံကြည်လားဆိုတာကိုတော့ ကျွန်တော် မသိပါ။ စည်ပင်သာယာက ပုဂ္ဂိုလ်တွေပြောသလို သမိုင်းဝင်ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် ထောက်ကြန့်က ဓနသဟာယစစ်သချိုင်းပုံစံမျိုး ထားသလားဆိုတာလည်း ကျွန်တော် မသိပါ။ ထားခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း ကျေးဇူးတင်စရာပါပဲ။ ဒါပေမဲ့ ကိုကိုလင်းအုတ်ဂူလေးက ပျောက်သွားပြီး ပင်လယ်ဝရောက်သွားရတာကိုတော့ စိတ်မကောင်းဖြစ်ရပါတယ်။ ဒါပေမဲ့ "ပြောလို့ရတာမဟုတ်ဘူး။ ထပ်ပြောင်းချင် ပြောင်းနေဦးမှာ"ဆိုတဲ့ အတွေးနဲ့ သာ၍ သာ၍ ဝေးရာဆီသွားထားမှ စိတ်ချရမယ်ဆိုပြီး အစ်မစီစဉ်ခဲ့တာဟာ မှန်ကန်နေပါတယ်။

မကြာခင် ကြံတောမြေမှာ ရှော့ပင်းမောလ်ကွန်ဒိုနဲ့ ကြံတောသူ ကြံတောသားတွေနဲ့ ကြံတောကွန်ပေါင်းကြီးက ပေါ်လာတော့မှာပါ။ ရေဝေးမြေနေရာဆိုရင်လည်း စက်မှုဖုန်အမည်ခံပြီး မတန်တဆ အမြတ်တင်ဈေးနှုန်းတွေနဲ့ မြေကွက်ထုတ်ရောင်းစားမယ့် သူဌေးကြီးတွေ ရတနာပုံကိန်းဆိုက်ကြမှာ။ မြေဆိုလို့ သချိုင်းမြေနဲ့ ဝတ္တုကံမြေပဲ ကျန်ပါတော့တယ်။ အာဇာနည်ကုန်းမြေဆို နှုတ်ခမ်းသားပွဲနေပါပြီ။ ဒါကြောင့် ကိုကိုလင်းနှမက သူသိပ်ချစ်တဲ့ သူ့အစ်ကို ကိုကိုလင်းကို အေးချမ်းတဲ့နေရာမှာ နေစေချင်တာပါ။

အစ်မသိပ်ချစ်တဲ့ ကိုကိုလင်းတစ်ယောက် ပင်လယ်ဝမှာ ကနေ့အထိ ရှိနေသေးတယ်လို့များ အစ်မထင်နေဦးမလားမသိ။

■

www.burmeseclassic.com

www.burmeseclassic.com

## အစ်မဖေဖေ ကျောင်းသားသမဂ္ဂခေါင်းဆောင် သခင်အောင်ဆန်းနဲ့ အိမ်မက်ထဲမှာ (ဒုတိယအကြိမ်) တွေ့ဆုံခြင်း

ဒီနေ့မနက် စာမူသွားပို့ဖို့ ထွက်လာရင်း ဗိုလ်ချုပ်လမ်း ပန်းဆိုးတန်းမှတ်တိုင်မှာ ဆင်းပြီး ဂျာနယ်တိုက်ဘက် လမ်းလျှောက်လာစဉ် ရှေ့ကသွားနေတဲ့ အဘိုးအိုတစ်ယောက် သွားနေတာကို ရှောင်ရင်းနဲ့ လှည့်ကြည့်လိုက်တော့ အစ်မဖေဖေဖြစ်နေတယ်။

''ဦးကြီး...ဦးကြီး၊ ကျွန်တော့်ကို မှတ်မိလား။ ဟိုတစ်ခါ ခြံထဲလာတုန်းက ကျွန်တော်နဲ့တွေ့တယ်လေ''ဟု ပြောပြရာ သေသေချာချာ ကြည့်ပြီး...

''ငါ့သမီးကို အင်းစိန်ထောင်ခေါ်သွားတုန်းက ငါ့သမီးအိမ်နဲ့ခြံကို စောင့်ရှောက်ဖို့ ထားခဲ့တဲ့ မောင်မြင့်စိုးမို့လား''

''ဟုတ်ပါတယ် ဦးကြီး။ ဦးကြီး ဘယ်တုန်းက ရောက်ပါသလဲ၊ အခု ဘယ်သွားမလို့လဲခင်ဗျာ''လို့ မေးတဲ့အခါ...

''ငါ အခု ရထားဆိုက်လို့ ဘူတာကလာတာ။ စပါတ်လမ်းကနေ အတွင်းဝန်ရုံးဘက် သွားကြည့်မလို့... အတွင်းဝန်ရုံးကို ဟိုတယ်ဖွင့်ခွင့် ပေးလိုက်တယ်ဆိုတော့ ဟိုတယ်များဖွင့်ပြီလားဆိုပြီး သွားကြည့်မလို့လေ''ဟု ဦးကြီးက ပြန်ပြောပါတယ်။ ကျွန်တော်က

''ဖွင့်ခွင့်ပေးတဲ့သတင်းတော့ ထွက်လာပါတယ်။ လုပ်ပိုင်ခွင့်ရတဲ့သူကလည်း လုပ်မယ်လို့ ဖွင့်ပြောပါတယ်။ အဲဒီမှာ ပွည့်ပွည့်အသံတွေ တစ်ပြည်လုံးက ထွက်လာတော့ သမ္မတအမိန့်နဲ့ တားဆီးပယ်ဖျက်လိုက်လို့ ပျက်သွားပါတယ်ခင်ဗျာ''လို့ ကျွန်တော်က ပြန်ပြောပြီး ဗိုလ်အောင်ကျော်လမ်းထဲဝင်ကာ

''ဦးကြီးခင်ဗျာ ကျွန်တော် ဒီအပေါ်ထပ်မှာ ဆောင်းပါးလေးသွားပို့ပေးပြီး ပြန်ဆင်းလာပါ့မယ်၊ စောင့်ပါခင်ဗျာ''လို့ ပြောပြီး ဂျာနယ်တိုက်ပေါ်တက်ပြီး ဆောင်းပါး သွားပေးပါတယ်၊ ပြန်ဆင်းလာပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီးသွားချင်တဲ့ အတွင်းဝန်ရုံးဟောင်းဘက် ကျွန်တော် လိုက်ပြပါမယ် ခင်ဗျာ" လို့ ပြောဆိုပြီး ဗိုလ်အောင်ကျော်လမ်းအတိုင်း ဦးကြီးကို ခေါ်ဆောင်လာပါတယ်။

"ဦးကြီး ဘယ်မှာတည်းဖို့ ရည်ရွယ်ထားပါသလဲခင်ဗျာ ... အစ်မဆီကို သွားဖို့ အစီအစဉ်ရှိပါသလား"မေးတော့ အခုမှ လွတ်လပ်ကာစဆိုတော့ လွတ်လွတ်လပ်လပ်လေး နေပါစေဦး၊ တော်ကြာ ငါ့ကြောင့်နဲ့ သူများအပြောအဆို ခံနေရပါဦးမယ် ... ဒီခွေးကောင်တွေက လိုရင်တစ်မျိုး မလိုရင်တစ်မျိုးလေကွာ"လို့ ဦးကြီးက ပြောပါတယ်။ ကျွန်တော်က

"ဦးကြီးခင်ဗျာ မေတ္တာရပ်ခံပါရစေ ဒီတစ်ခါတော့ ကြုံတုန်းကြုံခိုက် ကျွန်တော် ဝတ္တရားကျေပွန်ချင်ပါတယ်။ ဦးကြီး ကျွန်တော့်အိမ်မှာ လိုက်ပြီး တည်းစေချင်ပါတယ်၊ ဦးကြီးကို ရန်ကုန်မြို့ရဲ့ တိုးတက်ပြောင်းလဲမှုတွေကိုလည်း လိုက်ပြချင်ပါတယ်၊ အဲဒါကြောင့် မေတ္တာရပ်ခံတာပါခင်ဗျာ"လို့ ပြောပြတဲ့အခါ ဦးကြီးက

"ဒါဆို ကောင်းပြီ ငါမင်းအိမ်မှာ လိုက်တည်းမယ် ... အခု အတွင်းဝန်ရုံးဘက် အရင်သွားကြည့်တာပေါ့"လို့ ပြန်ပြောပါတယ်၊ ကျွန်တော်လည်း ဝမ်းသာအားရနဲ့ ဦးကြီးကို ဗိုလ်အောင်ကျော်လမ်းအတိုင်း အတွင်းဝန်ရုံးဟောင်းရှေ့ခေါ်လာပြီး ပြပါတယ်၊ ဦးကြီးက

"ဒါ ကိုလိုနီခေတ်က အဆောက်အဦလေ။ ရှေးဟောင်းသမိုင်းဝင် အဆောက်အဦဆိုပြီး ထိန်းသိမ်းထားသင့်တာပေါ့ကွာ၊ တံငါရွာလေးကနေ စင်ကာပူနိုင်ငံရယ်လို့ ဖြစ်လာတဲ့ နိုင်ငံမှာတောင် ဒီလိုအဆောက်အဦတွေရှိခဲ့လို့ ထိန်းသိမ်းစောင့်ရှောက်ထားတာ ကမ္ဘာလှည့် ခရီးသည်တွေက တအံ့တသြနဲ့ တကူးတက လာကြည့်ကြတာ ကမ္ဘာကို ကျော်လို့လေ၊ မလေးရှားမှာလည်း ဒီအတိုင်းရှိတယ်၊ အိန္ဒိယမှာလည်း ဒီအတိုင်းရှိကြတယ်လေကွာ၊ သူတို့နိုင်ငံမှာ ဘယ်အစိုးရတက်တက် ပညာတတ်တွေ အုပ်ချုပ်တော့ ရှေးဟောင်းအဆောက်အဦတွေကို တန်ဖိုးထားလေးစားကြတယ်၊ ဟိုတယ်အဖြစ် ငှားမစားဘူး၊ အခန်းတွေအဖြစ် ငှားမစားတတ်ကြဘူး၊ ပညာတတ်တွေ အုပ်ချုပ်တာကိုး" လို့ ဦးကြီးက ပြောဆိုပါတယ်။ ဦးကြီးက အတွင်းဝန်ရုံးဟောင်းကို အပြင်ကနေ လှည့်ပတ်ကြည့်ရှုပြီး ပြောတာက

"အခု ဒါကြီးက ရုံးမဟုတ်တော့ဘူးလေ၊ မြို့လယ်ကောင်မှာရှိပြီး မြက်ပင် ခြုံပင်ဗလပွနဲ့ ဘယ်ဌာနက ထိန်းသိမ်းထားသလဲလို့" မေးပါတယ်၊ ကျွန်တော်က

"၁၉၄၇ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်အထိတော့ အတွင်းဝန်ရုံးအဖြစ် ဆက်ဖွင့်ထား ပါတယ်။ ၁၉၆၂ ခုနှစ် မတ်လ (၂)ရက်နေ့ကစပြီး စစ်ဘက်က အာဏာသိမ်းတော့ အုပ်ချုပ်ရေးဌာနတွေ အပြောင်းအလဲဖြစ်ကုန်ပြီး ဒီရုံးကြီးရဲ့ အခန်းကဏ္ဍကလည်း တန်ဖိုးလျော့ပြီး သာမန်အဆောက်အဦအဖြစ် ရပ်တည်သွားခဲ့ပါတယ်။ ၁၉၇၄

www.burmeseclassic.com




ခုနှစ်နောက်ပိုင်း မဆလခေတ်မှာတော့ 'ဝန်ကြီးများရုံး'ဆိုတဲ့ ဆိုင်းဘုတ်တပ်ပြီး အစိုးရအဖွဲ့ရုံး လုပ်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် မှာ စစ်တပ်က တစ်ခါ အာဏာပြန်သိမ်းတော့ ရုံးတော့ ရုံးပါပဲ၊ ဘာရုံးလဲတော့ မသိတော့ပါဘူး။ ၂၀၀၆ ခုနှစ်မှာ အစိုးရအဖွဲ့ရုံးတွေ နေပြည်တော်မြို့တော်သစ်ကို ပြောင်းသွားတော့ ဒီရုံးကြီးလည်း လူသူမရှိဖြစ်နေခဲ့ပါတယ်။ မြို့လယ်ခေါင်မှာ ခြံနွယ် ပိတ်ပေါင်းနဲ့ ဖြစ်ကျန်ခဲ့တဲ့ အစိုးရရုံးဟောင်းကြီးပေါ့။ ၂၀၁၀ အစိုးရသစ်တစ်ခု တက် လာပြီးနောက် ၂၀၁၁-၂၀၁၂ ခုနှစ်လောက်မှာတော့ စီးပွားရေးသမား ခရိုနီတစ်ယောက် က ဟိုတယ်ဖွင့်ဖို့ စီစဉ်ပါတယ်။ ဟိုလူကပြော ဒီလူကပြောနဲ့ သမ္မတက ကြားဝင်လိုက်တော့ ဟိုတယ်ဖွင့်မယ့်အစီအစဉ် ပြောင်းသွားပြီး ရှေးဟောင်းအဆောက်အဦတွေ ပြုပြင် ထိန်းသိမ်းခဲ့တဲ့ အဖွဲ့တစ်ဖွဲ့က ကန်ထရိုက်ရသွားပြီး လုပ်ငန်းတွေ လုပ်ကြတာပါပဲ ..."

"ကောင်းတာပေါ့ကွာ၊ သမိုင်းပညာရှင်တွေ၊ ဗဟုသုတပညာရှင်တွေက ဦးစီးပြီး လုပ်တော့ တိုင်းပြည်အတွက် ကောင်းတာပေါ့"

"သမိုင်းပညာရှင်တွေ ပါမပါတော့ မသိပါဘူး ဦးကြီးရာ၊ ဦးစီးတာဝန်ယူတဲ့ လူလတ်ပိုင်း လူငယ်တစ်ယောက်ကတော့ ဗမာလူမျိုးတစ်ယောက်ပါပဲ၊ နိုင်ငံခြားမှာ နေထိုင်တဲ့ ဗမာလူမျိုး၊ မိဘနှစ်ပါးက နိုင်ငံခြားမှာမွေးပြီး နိုင်ငံခြားမှာပဲ ပညာသင်ကြားခဲ့တဲ့ လူတစ်ယောက်ပေါ့၊ မြန်မာ့ပညာရေးကို မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာအထိ တောင် ပညာမသင်ကြားခဲ့ဖူးတဲ့ လူတစ်ယောက်က မြန်မာ့အရေး ကျွမ်းကျင်သူ၊ မြန်မာ့ နိုင်ငံရေးကျွမ်းကျင်သူ ပညာရှင်ဘွဲ့ခံယူပြီး အနူတောမှာ လူချောလုပ်လို့ရတဲ့ခေတ် ဆိုတော့ အနူတွေကြားထဲက လူချောကြီးပေါ့ ဦးကြီးရာ ... ဘိုးဘွားမိဘ ဂုဏ်တုဂုဏ်ပြိုင် အစီအစဉ်နဲ့ ရည်ရွယ်ချက်နဲ့ ပါဝင်ဆောင်ရွက်တဲ့ အစီအစဉ်တစ်ခုပေါ့ ဦးကြီးရာ၊ အမျိုးသားခေါင်းဆောင်ကြီးကို ယှဉ်ဖို့ပါပဲ ထင်တဲ့အတိုင်းပါပဲ အမျိုးသားခေါင်းဆောင် ကြီးလို ပြတိုက်မျိုး လုပ်ပြလာပါတယ်၊ အမျိုးသားခေါင်းဆောင်ကြီးကို မလိုလားတဲ့ အုပ်စုကလည်း တစ်ဖက်တစ်လမ်းက အားပေးအားမြှောက် ပြုတာပေါ့၊ ဘာလုပ်မလဲ လုပ်ချင်ရာလုပ် လုပ်ပိုင်ခွင့်ပေးပြီးသား၊ နောက်ဆုံး အမျိုးသားခေါင်းဆောင်ကြီးရဲ့ ဘဝ မှတ်တမ်း ရုပ်ရှင်ရိုက်ဖို့ စီစဉ်တာတောင် သူတို့ကလည်း သူတို့ရုပ်ရှင်ရိုက်ဖို့ပါ ပြောကြား လာတဲ့အထိ ယှဉ်ပြိုင်လာတာကိုကြည့်ခြင်းအားဖြင့် သူတို့ရဲ့ စိမ်ကိန်းက ဘာဆိုတာ ပြည်သူတွေအားလုံးက ရိပ်မိကြပါတယ်၊ ဗမာစကားထဲမှာ 'မတူရင် မတုနဲ့'ဆိုတဲ့ စကား ရှိပါတယ်၊ အဆင့်အတန်းချင်း ကွာပါတယ်၊ အမျိုးသားခေါင်းဆောင် တပ်မတော် ဖခင်ကြီးဆိုတဲ့ အဆင့်အတန်းက လုပ်ယူလို့မရပါဘူး၊ ဖန်တီးယူလို့ မရပါဘူး၊ ရာသက်ပန် ကမ္ဘာတည်သရွေ့ ကမ္ဘာကြီးမပျက်သရွေ့ တည်ရှိနေမှာပါ၊ တည်ရှိသွားမှာပါ၊ ယှဉ်ပြိုင်တာ တွေက တခဏ် တခဏပါ"လို့ပြောရင်း ဦးကြီးက

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသားတော် ရွှေပါရမီတောရဆရာတော်နှင့် ဒေါ်အောင်ဆန်းစုကြည်
(၂၀၁၄)

www.burmeseclassic.com

www.burmeseclassic.com



''ကဲပါကွာ၊ ဟိုတယ်ဖာခန်းမလုပ်တော့ဘူးဆိုတော့ ကောင်းပါတယ်ကွာ''လို့ ပြောအပြီး ဦးကြီးကို အတွင်းဝန်ရုံးဟောင်းရှေ့ကနေခွာပြီး နေအိမ်သို့ ခေါ်ဆောင်လာပါတယ်''

''ဦးကြီး ဒါ ကျွန်တော့်နေအိမ်ပါပဲ၊ ကျွန်တော်က တစ်ယောက်တည်းနေတာပါ၊ စားသောက်တာကတော့ ဝယ်စားပါတယ်၊ ဦးကြီးအတွက် အစားအသောက် ဝယ်ခြမ်းပေးပါမယ်၊ ဦးကြီး လွတ်လပ်စွာ ထိုင်ပါခင်ဗျာ'' ပြောတဲ့အခါ–

''ငါက စာပေသမား၊ စာဖတ်တယ်၊ ဘာစာတွေရှိလဲကွ''လို့ မေးပါတယ်။ ကျွန်တော်က

''ဦးကြီး သတင်းစာ၊ ဂျာနယ် အားလုံးရှိပါတယ်၊ ဒါပေမဲ့ ကျွန်တော်က သတင်းစာ၊ ဂျာနယ် အားလုံး ဝယ်ပါတယ်၊ အစဉ်လိုက်တော့ မထားပါဘူး။ သတင်းစာ ဂျာနယ်အားလုံးမှာပါတဲ့ ဖတ်သင့်တာ မှတ်သင့်တာအားလုံးကို ဖြတ်ညှပ်ကပ်လုပ်ပြီး ဖိုင်တွဲထားတဲ့ အလုပ်ကို လုပ်ပါတယ်၊ လိုရင်းတွေပေါ့ ဦးကြီးရာ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဗဟုသုတရေးရာတွေကို ဖြတ်သိမ်းပြီး ဖိုင်တွဲထားပါတယ်၊ သူ့နေ့စွဲအလိုက် ဖိုင်တွဲထားပါတယ်၊ ဦးကြီး အဆင်သင့် ဆွဲဖတ်ရုံပါပဲခင်ဗျာ''လို့ပြောတော့

''အေး ကောင်းတယ်၊ အပိုဆာဒါး မလိုတာတွေ လက်ညှောင်းခံပြီး ဖတ်စရာ မလိုတော့ဘူးကွာ''လို့ ပြောပါတယ်။

ညနေစာ ဦးကြီးအတွက် ထမင်းဟင်းများ ဝယ်ပေးပြီး အိမ်မှာ ကျွေးပါတယ်။ ဦးကြီးဖတ်ဖို့ သတင်းစာဂျာနယ် ဖြတ်ညှပ်ပြီးသား ဖိုင်တွဲတွေကို ဦးကြီးကို ပြတဲ့အခါ ဦးကြီးက ဖိုင်တွဲအတွဲလိုက်တွေကို ယူကြည့်ပါတယ်။ ကျွန်တော်လည်း အပြင်သွားစရာ ရှိတာနဲ့ ဦးကြီးကိုပြောပြီး သွားပါတယ်။ ဦးကြီးကလည်း ဖြတ်ညှပ်ဖိုင်တွဲကြီးတွေကို စိတ်ဝင်စားစွာနဲ့ ဖတ်ရှုပြီး ကျန်ရစ်ခဲ့ပါတယ်။ မနက်ကျတော့ ဦးကြီးက

''မင်းက သတင်းစာ ဂျာနယ်တွေထဲက လိုရင်းအဓိကမှတ်ချက်စာသားတွေကို ဖြတ်ပြီး မှတ်တမ်းတင်ထားတာပဲကွာ တိုင်းပြည်ရဲ့ နိုင်ငံရေးသတင်း၊ စီးပွားရေးသတင်း။ လူမှုရေးသတင်း၊ အဓိကသတင်းတွေကို မှတ်တမ်းတင်ထားတာပဲ၊ ကောင်းတာပေါ့ကွာ၊ အစိုးရသတင်း။ လွှတ်တော်သတင်း။ တပ်မတော်သတင်း။ ရဲတပ်ဖွဲ့သတင်း၊ ဆန္ဒပြတဲ့ သတင်းတွေ စုံနေတာပဲ၊ နောက်မှ အသေးစိတ် ဖြည်းဖြည်းဖတ်ရမှာပေါ့''လို့ ပြောရှာပါတယ်။

''ကဲ ဦးကြီးကို ကျွန်တော် ရန်ကုန်မြို့အနှံ့လိုက်ပြပါရစေ''လို့ ပြောတော့ ဦးကြီးက အဝတ်အစားလဲပြီး ထွက်လာပါတယ်၊ ဦးကြီးနဲ့အတူ လမ်းမပေါ်ထွက်လာပြီး အငှားကား ငှားကာ ထွက်လာပါတော့တယ်။

''ဦးကြီး ရွှေတိဂုံဘုရား အရင်သွားပါမယ်၊ ပြီးမှ တစ်မြို့လုံး လိုက်ကြည့်ကြတာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ဦးကြီးရာ''လို့ပြောတဲ့အခါ

''အေး ကောင်တာပေါ့လို့''ပြောပါတယ်။

အလုံလမ်းကနေ ရွှေတိဂုံဘုရားဆီမောင်းလာတော့ သမ္မတအိမ်တော်ဟောင်းရှေ့ရောက်တဲ့အခါ

''ဒါ ဘုရင်ခံအိမ်တော်မို့လားကွ၊ အခုရော ဘာလုပ်ထားလဲလို့''မေးတဲ့အခါ

''အရင်က ဘုရင်ခံအိမ်တောပါ၊ လွတ်လပ်ရေးရပြီးတော့ သမ္မတအိမ်တော်ဆက်လုပ်ထားပါတယ်၊ ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ဒီတိုင်းထားရာကနေ ၁၉၆၉ ခုနှစ်ရောက်တော့ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌက သူ့အိမ်တော်သတ်မှတ်ပြီး တက်နေပါတယ်၊ ၁၉၈၀ ခုနှစ် လျှောင်လှုပ်တော့ သမ္မတအိမ်တော်လည်း ထိခိုက်သွားပါတယ်၊ အရင်ဘုရင်ခံနဲ့ သမ္မတတွေနေခဲ့တဲ့ အိမ်တော်ကြီးကို ဖြိုချပစ်လိုက်ပါတယ်ခင်ဗျလို့''ပြောပြတဲ့အခါ ...

''ဟ လျှောင်လှုပ်တာ ပြိုကျသွားတာမဟုတ်ဘဲ၊ ပျက်စီးသွားတာလေးတွေကို ပြင်လိုက်ရင်ရတာပဲ၊ အိမ်တော်တစ်ခုလုံး ဘာဖြိုစရာလိုလဲကွ၊ ဆောက်ထားတဲ့အဆောက်အဦက ကိုလိုနီခေတ်ထဲက အဆောက်အဦလေးကွာ၊ ဘုရင်ခံနေတာဆိုတော့ ထင်ရှားတဲ့အဆောက်အဦ၊ ရှေးဟောင်းအဆောက်အဦကွဲ့''လို့ ဦးကြီးက ပြောပါတယ်။

အလုံလမ်းတစ်လျှောက် လာရင်းက လမ်းဘေးသစ်ပင်တွေကို ကြည့်ရှုလာရင်းက ''ဒါ အထင်ကရလမ်းလေကွာ၊ လမ်းဘေးမှာ အရိပ်ရတဲ့ အပင်မျိုးစိုက်ရမှာ၊ ကုံကော်၊ ပိတောက်၊ ခရေပင်တွေစိုက်ရမှာ၊ ဘာလဲကွာ ကျွန်းပင်တွေစိုက်ထားတာ ကျွန်းပင်ဆိုတော့ အရိပ်ရလို့လား''လို့ မေးပါတယ်၊ ကျွန်တော်က

''ဒါ အသိဉာဏ်မရှိတဲ့ ပညာမတတ်တဲ့ အောက်တန်းစားစိတ်ဓာတ်ရှိတဲ့ အုပ်ချုပ်သူက ဩဝါဒပေးပြီး ယတြာနဲ့ ကျွမ်းသွားအောင်လို့ တစ်အိမ်ထောင်လျှင် သုံးပင်စီမံကိန်းနဲ့ ကျွန်းပင်တွေ စိုက်ခိုင်းလို့ စိုက်ထားတာပါ၊ ကျွန်းပင်ဆိုတာ တောထဲမှာပဲစိုက်ရတဲ့အပင်ပါ၊ အရင်ကလည်း ဓာတ်ရိုက်ဓာတ်ဆင်နဲ့ ကြက်ဆူပင် မစိုက်မနေရစိုက်ခဲ့ရပါတယ်၊ ကြက်ဆူပင်ခုတ် ထောင်(၃)နှစ်လို့တောင် ပါးစပ်ပြောဥပဒေနဲ့ ထောင်ချခဲ့တာတွေ ရှိပါတယ်၊ အောက်တန်းစားတွေ အုပ်ချုပ်တဲ့ခေတ်မှာ ဗေဒင်ကိန်းခန်းယတြာအရ သစ်ပင်စိုက်ပေးရတဲ့အလုပ်က ရှိနေဦးမှာပါ''လို့ ပြောတော့

''တိုင်းပြည်အုပ်ချုပ်တာမှာ ဗေဒင်ကိန်းခန်း ယတြာတွေက လိုလို့လားကွာ၊ ဉာဏ်ပညာ အသိဉာဏ်နဲ့ အုပ်ချုပ်ရတာလေကွာ၊ (၁၀)တန်းတောင် မအောင်ဖူးတဲ့ကောင်ပဲ တက္ကသိုလ် ဘွဲ့ရပညာတတ်မဟုတ်တော့လည်း သူလုပ်ချင်ရာ လုပ်တော့ ဝိုင်းလုပ်ပေးရမှာပေါ့ကွာ၊ ဒါ ကြောင့်လည်း တိုင်းပြည်က ၂၆ နှစ်လည်း မတိုးတက်၊ ၂၁ နှစ်လည်း

www.burmeseclassic.com

www.burmeseclassic.com



မတိုးတက်နဲ့ အရှေ့တီမောလို့ခေါ်တဲ့ တီမောလက်စတေနိုင်ငံနဲ့ နင်လား ငါလား အပြိုင်အဆိုင်ဖြစ်နေဦးမှာ သေချာနေပြီလို့'' ပြောဆိုလာကြရင်းက ရွှေတိဂုံအနောက်ဘက်မုခ် ရောက်လာပြီး ဘုရားပေါ် တက်ခဲ့ကြပါတယ်။ ဦးကြီးက စနေထောင့်မှာ ပန်းရေချမ်းကပ်လှူပြီး ရှိခိုးပူဇော်ပါတယ်၊ ဘုရားကြီးကို တစ်ပတ်ပတ်ပြီး မြောက်ဘက်မုခ်က ပြန်ဆင်းကာ ကားငှားပြီး လင့်လမ်းဘက်ကနေ ပတ်လာတဲ့အခါ လင့်လမ်းနဲ့ ဓမ္မစေတီလမ်းထိပ်မှာ ကားတွေ ရပ်စောင့်နေကြရပါတယ်။

"ဟော့ ဟိုမော်တော်ပီကယ်ရဲလေး ယာဉ်လမ်းကြောင်းရှင်းနေတာ လွတ်လွတ်လပ်လပ်နဲ့ ပြုံးပြီးရပ်နေတာ ကြည့်ကောင်းလိုက်တာ ကားပေါ်က သူ့ကို ရေဘူးတွေပေး၊ မုန့်ဘူးလားမသိ ဘူးတွေပေးသွားကြတယ်၊ ဘေးနားက ကွန်ကရစ်ခင်းမြက်ခင်းပေါ်မှာလည်း ရေဘူးပေါင်းစုံ ဘူးပေါင်းစုံ ပြည့်နေတာပဲ၊ ဘာလဲကွ''လို့ ဦးကြီးက မေးတာနဲ့ ရှင်းပြရပါတယ်။

''အဲဒီ ယာဉ်ထိန်းရဲလေးက မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ တစ်ယောက်တည်းရှိတဲ့ ယာဉ်ထိန်းရဲလေးပါ၊ 'ခင်မြင့်မောင်'လို့ ခေါ်ပါတယ်၊ ဒီနေရာမှာ သူရှိနေရင် ယာဉ်ကျပ်တည်းမှုမရှိဘဲ စနစ်တကျနဲ့ ကျွမ်းကျင်စွာနဲ့ ယာဉ်တွေကို စီစဉ်ညွှန်ကြားပေးတတ်သူပါ၊ သူမရှိရင် အဲဒီနေရာမှာ ယာဉ်တွေအားလုံး ပိတ်ဆို့ကျပ်တည်းကုန်ပါတယ်၊ သူရှိရင် ပြုံးပြုံးနဲ့ ယာဉ်တွေအားလုံးကို အနူးအညွတ်တောင်းပန်ပြီး စည်းကမ်းရှိစွာနဲ့ ထိန်းသိမ်းတဲ့အတွက် ယာဉ်ပိုင်ရှင်တွေက သူ့ကို ချစ်ခင်နှစ်သက်ပြီး ငွေပေးသူတွေပေး၊ ရေဘူးတွေ ထမင်းဘူးတွေ၊ မုန့်ဘူးအကောင်းစားတွေ စေတနာနဲ့ ပေးတာပါ၊ သူက တောင်းတာမဟုတ်ပါဘူး၊ အဲဒီမှာတင် ဒီယာဉ်ထိန်းရဲလေးက နာမည်ကြီးခဲ့လို့ ပုဂ္ဂလိက သတင်းစာဂျာနယ်တွေက လူမှုထူးချွန်ဆုပေးတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ အဲဒီမှာ မနာလိုတဲ့သူတွေက ဟိုတိုင် သည်တောလုပ်လို့ နေရာပြောင်း ရွှေ့လုပ်ပါတယ်။ အဲဒီမှာတင် သူမရှိတော့ သူ့လိုမလုပ်တတ်တော့ ယာဉ်ပိတ်ဆို့မှုတွေဖြစ်ပြီး ဒုက္ခရောက်ကုန်ကြပါတယ်၊ နောက်ဆုံး သူ့ကို ပြန်ခေါ်ပြီး တာဝန်ပေးလုပ်ခိုင်းတော့မှ အဆင်ပြေကုန်ပါတယ်၊ နောက်ဆုံးတော့ ရာထူးတိုးပေး၊ ဂုဏ်ထူးပေးခံရတဲ့ ရဲဘော်လေးပါ၊ သူက ကံကောင်းပါတယ်၊ အခုအချိန်ထိ ကားပေါ်ကနေ ပိုက်ဆံ၊ စားစရာ အဝတ်အစား ပေးခံနေရတဲ့ ပြည်သူချစ်တဲ့ ယာဉ်ထိန်းရဲလေးတစ်ယောက်ပါ၊ အင်းယားလမ်းနဲ့ တက္ကသိုလ်ရိပ်သာလမ်းထိပ်က ယာဉ်ထိန်းရဲဘော်လေး 'စံသိန်းထွေး'ကတော့ ကံဆိုးရှာပါတယ်။ နိုင်ငံတော်အကြီးအကဲဟောင်းတစ်ယောက်ရဲ့မြေးက သူ့ကားလာနေတာ၊ မီးနီရပ်နေတာကို မကျေနပ်တာနဲ့ ယာဉ်ထိန်းရဲဘော်ကိုခေါ်ပြီး ထိုးကြိတ်ကန်ကြောက်လုပ်ပြီး မီးစိမ်းခိုင်းပါတယ်၊ မကျေနပ်နိုင်သေးတာနဲ့ အိမ်ပြန်ရောက်တဲ့အခါ အရာရှိတစ်ယောက်ကို အဲဒီယာဉ်ထိန်းရဲဘော်ကို ခေါ်ခိုင်းပြီး အိမ်ထဲမှာ ရေခဲရေလောင်း ထိုးကြိတ်ကန်ကြောက်

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်လုပ်ပြန်ပါတယ်၊ အဲဒီသတင်းတွေကို မီဒီယာကသိသွားပြီး သတင်းစာ၊ ဂျာနယ်တွေမှာ ဖော်ပြကြလို့ အဲဒီယာဉ်ထိန်းရဲဘော်လေး သတင်းမကြားရတော့ပါဘူး။ တိုးတိုးတိတ်တိတ်နဲ့ နေရာရွှေ့ပြောင်းလိုက်တယ်လို့ ကြားရပါတယ်''ဦးကြီးက

''နိုင်ငံတော်သမ္မတ နိုင်ငံအကြီးအကဲ သားသမီးမြေးတွေက တိုင်းပြည်မှာ အခွင့်အရေးတွေယူတယ်ဆိုတာ အောက်တန်းစားစိတ်ဓာတ်ရှိလို့ပဲကွ၊ ဘယ်နိုင်ငံမှာပဲ ကြည့်ကြည့် အဲလိုစိတ်ဓာတ်မျိုး မလုပ်ကြဘူး။ စည်းနဲ့ကမ်းနဲ့ နေထိုင်ကြတာ၊ ယဉ်ကျေးတဲ့ စိတ်ဓာတ်မျိုးပဲရှိကြပါတယ်။ တို့တိုင်းပြည်က ပညာတတ်တွေ အုပ်ချုပ်တာမဟုတ်တော့ လည်းဒီလိုဖြစ်နေမှာပဲ'' လို့ ဦးကြီးက ပြောပါတယ်။

ကားက မြေနီကုန်းဘက်ပြန်ပတ်ပြီး မြို့ထဲမောင်းပါတယ်။ ဆူးလေဘုရားကို ဝင်ပြီး ဗိုလ်တထောင်ဘုရားကို ဦးကြီးကိုလိုက်ပို့ပါတယ်။ ဗိုလ်တထောင်ဘုရားလမ်း အတိုင်း မောင်းလာရင်းက ဦးကြီးက ...

''ဟေ့ဟေ့ ခဏရပ်လိုက်၊ နောက်ပြန်ဆုတ်ပါ'' ဆိုတာနဲ့ ကားသမားက ပြန် ဆုတ်ပါတယ်။ ရှေးဟောင်းအဆောက်အဦပုံစံ နှစ်ထပ်တိုက်ရှေ့မှာရပ်ပြီး ဦးကြီးက တိုက်အပေါ်က ဆိုင်းဘုတ်ကို ဖတ်နေပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

မြို့နယ်မှူးရုံး

ဗိုလ်တထောင်မြို့နယ်ဆိုတာကို ဖတ်ကြည့်ပြီး ...

''အဆောက်အဦက ဟိုတုန်းကအဆောက်အဦ၊ အောက်မှာတော့ မီးခိုးရောင် ဆေးအသစ်သုတ်ထားတယ်။ အမိုးက ဟိုခေတ်က အုတ်ကြွတ်မိုးကျိုးပဲ့၊ ပျက်စီးနေတယ်။ ဆေးသုတ်ထားတာနဲ့ မလိုက်လိုက်တာကွာ၊ အမိုးကို သွပ်မိုးပြန်မိုးလို့မရဘူးလား။ ရဲတပ်ဖွဲ့မှာ ဘတ်ဂျက်မရှိဘူးလား။ မြို့လယ်ကောင်မှာ အမြင်မတော်ဘူးကွ။ ဆန္ဒပြသူတွေ နှိမ်နင်းဖို့ဆိုတဲ့ ပစ္စည်းကျတော့ ချက်ချင်းလွှတ်တော်တင်၊ ချက်ချင်းအတည်ပြုနဲ့ ရယ်တော့ရယ်ရတယ် ကွာ'' ဟု ဆိုပြီး ကားသမားကို ဆက်မောင်းခိုင်းပါတယ်။ တစ်မြို့လုံး ပတ်ပြီး ဦးကြီးကို လိုက်ပြပါတယ်။ ညနေစောင်းမှ ပြန်ရောက်ပါတယ်။ ဦးကြီးက ထမင်းစားပြီးတာနဲ့ သတင်းစာ ဂျာနယ်ဖိုင်တွဲ ဖတ်နေပါတော့တယ်။

နံနက်မိုးလင်းတော့ ဦးကြီးအတွက် ပဲပြုတ်နံပြား လက်ဖက်ရည်ဝယ်ပေးပြီး ညှော်ဝတ်ပြုပါတယ်။ ဦးကြီးက ...

''မင်းက သံဃာတော်တွေအကြောင်းလည်း ဂျာနယ်တွေထဲမှာပါတာ မှတ်သမ်း တင်တာပဲ။ ဟိုဆရာတော် ရွှေပါရမီတောရဆရာတော်လေးအကြောင်းက စုံလှတာပဲ။ ဥပဓိရုပ်က ကြည်ညိုသပ္ပာယ်စရာကောင်းတယ်နော်''

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါတယ်ဦးကြီး၊ ကျွန်တော်က ဘုရားသားတော်စစ်စစ်တွေဆို ကိုးကွယ်တတ်ပါတယ်။ စွန်းလွန်းဆရာတော်၊ သဲအင်းဂူဆရာတော်၊ မဟာဂန္ဓာရုံဆရာတော်၊ တောင်ပုလု ဆရာတော်၊ မဟာစည်ဆရာတော်၊ မိုးညှင်းဆရာတော်၊ ရွှေတောင်ကုန်းဆရာတော်၊ သာမညဆရာတော်၊ ရွှေပါရမီတောရဆရာတော် တို့ကို ကိုးကွယ်ပါတယ်။ အဲ့ဒီထဲမှာ ရွှေပါရမီတောရဆရာတော်က ထူးခြားတဲ့ကိုယ်တော်ဖြစ်လို့ ပိုပြီးတော့ ကြည်ညိုကိုးကွယ်ပါတယ်။ ရွှေပါရမီတောရဆရာတော်က သက်တော်ကလည်း ငယ်ငယ်ပဲရှိသေးပေမဲ့၊ လောကီလောကုတ္တရာဘက်မှာတော့ သူမတူအောင် ထင်ရှားပါတယ်။ ဒီဆရာတော်က ဦးကြီးတို့ ရေနံချောင်းသားပါ။ ဦးကြီးနေတဲ့ ရေနံချောင်းကကျောင်းမှာ ကျောင်းနေခဲ့တာပါ။ စာတော်တဲ့အပြင် လူရည်ချွန်သုံးထပ်ကွမ်းဘွဲ့ရတဲ့ ကျောင်းသားတစ်ယောက်ပါ။ ၁၉၈၄ ခုနှစ် ၁၀ တန်းစာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးနဲ့အောင်ပြီး တစ်နိုင်ငံလုံးမှာ ဒုတိယအဆင့် ရခဲ့သူပါ။ ဆရာဝန်လိုင်းရနိုင်ရဲ့သားနဲ့ ကျောင်းဆက်မတက်ဘဲ ဘုရားသားတော်အဖြစ်ခံယူဖို့ သာသနာ့ဘောင်ကို ဝင်ရောက်ပြီး ရဟန်းဝတ်ခဲ့ပါတယ်။ ရဟန်းဝတ်ရာမှာလည်း ပထမကျော်ဘွဲ့နဲ့ ဓမ္မစရိယတွေအောင်မြင်ပြီး ထင်ရှားကျော်ကြားစွာနဲ့ ကျောင်းထိုင်ဆရာတော်ဘွဲ့ကို သက်တော်ငယ်ငယ်နဲ့ ရခဲ့သူဖြစ်ပါတယ်။ မေတ္တာတရားတော်တွေကိုသာ ဟောကြားပြီး လူသားတွေရဲ့အကျိုးကိုသာ ရှေးရှုပြီး သာသနာရဲ့အကျိုးကို ဆောင်ရွက်သူဖြစ်ပါတယ်။ ဒီဆရာတော်ကို ကျွန်တော်စပြီး ကြည်ညိုတာက ... ရွှေပါရမီတောရဆရာတော် ဦးဆောင်ပြီး တပည့်ဒါယကာ၊ ဒါယကာမတွေနဲ့ ရန်ကုန်မြို့ထဲမှာ ပြန့်ကျဲနေတဲ့အမှိုက်တွေကိုကောက်ဖို့ လုပ်ရာမှာ သက်ဆိုင်ရာအာဏာပိုင်တွေရဲ့ တားမြစ်ပိတ်ပင်တာခံရတဲ့ သတင်းကြားမိကတည်းက ကြည်ညိုမိတာပါဦးကြီး။ (ဦးကြီးနေခဲ့တဲ့ ရေနံချောင်းက အစိုးရအထက်တန်းကျောင်းမှာ ထားရှိခဲ့တဲ့ ဦးကြီးရဲ့လက်ရေးမူစာအုပ်လေး လူတစ်ယောက်က ယူသွားတာကိုလည်း အဲ့ဒီ ဆရာတော်က ဦးဆောင်ပြီး ပြန်တောင်းတော့ ပြန်ရခဲ့ပါတယ်။)

''ဘာကွ ... စေတနာနဲ့ မြို့တော်သန့်ရှင်းအောင် တစ်ဖက်တစ်လမ်းက ဝင်ရောက်ကူညီတာကို မလုပ်ရဘူးလို့ တားမြစ်တယ်ဟုတ်လား။ အေးလေ အောက်တန်းစား ပညာမတတ်တဲ့သူတွေ အုပ်ချုပ်နေတော့လည်း အောက်တန်းကျတဲ့ အတွေးအခေါ်အမိန့်ပဲ ပေးတတ်ကြတော့မှာပေါ့ကွာ'' လို့ ဦးကြီးက ပြောပါတယ်။

''နောက်ပိုင်း ဆရာတော်လည်း ၂၀၀၆ ခုနှစ်မှာ သထုံမြို့၌ ရွှေပါရမီမြစ်မ်း သာမဏေကျော် စာသင်တိုက်တည်ထောင်ပြီး ၂၀၀၈ ခုနှစ်ကစပြီး နှစ်စဉ် သထုံမြို့၌ ရွှေပါရမီ ပရိယတ္တိသာသနာ့လင်္ကာရစာမေးပွဲကို ဦးဆောင်ကျင်းပပေးပြီး သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်နေတာ ယနေ့ထက်ထိတိုင်ပါပဲ။ ၂၀၁၂ ခုနှစ်မှာ ရွှေပါရမီ ကျန်းမာရေး ဖောင်ဒေးရှင်းတည်ထောင်ပြီး နယ်လှည့်အခမဲ့ ဆေးကုသပေးခြင်း၊ ၂၀၁၃ ခုနှစ်မှာ

www.burmeseclassic.com



ရွှေပါရမီဖောင်ဒေးရှင်း တည်ထောင်၍ တက္ကသိုလ်ပညာသင်ဆုများ ချီးမြှင့်ပေးခဲ့ပါတယ်။ လေးလတစ်ကြိမ် ကိုယ်တိုင်ပါဝင်ပြီး စုပေါင်းသွေးလှူဒါန်းခြင်း၊ ရွှေပါရမီမေတ္တာဆေးခန်းများဖွင့်လှစ်၍ အခမဲ့ဆေးကုသပေးခြင်းများကို ပြုလုပ်လျက်ရှိပါတယ်။ လောကအကျိုးကို ဆထက်ထမ်းပိုးသယ်ပိုးပြီး ဆောင်ရွက်လျက်ရှိနေတာဟာ ကြည်ညိုစရာပါဦးကြီး . . .။

"ငါတို့ ရေနံချောင်း၊ နတ်မောက်သားတွေဟာ တိုင်းပြည်အတွက် စံပြပုဂ္ဂိုလ်တွေဖြစ်စေရမယ်ဆိုတာ သက်သေထူတာပဲကွ၊ ဟန်ပြဗန်းပြလုပ်ပြတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ဘူးဆိုတာ သက်သေပေါ့ကွာ၊ မင်းက ဒီဆရာတော်လေးနဲ့ ပတ်သက်ပြီး အသေးစိတ်ကို မှတ်တမ်းမှတ်ရာနဲ့ ပြုစုထားတာပဲကွ၊ ရွှေပါရမီပရိယတ္တိသာသနာ့လင်္ကာရစာမေးပွဲကျင်းပနေတာ ဆရာတော်ကိုယ်တိုင် လိုက်လံစစ်ဆေးနေပုံ၊ ကျောင်းစာကြည့်တိုက်အများစုဟာ စာအုပ်တောင်များဖြစ်နေပုံ၊ ဖိပွင့်ဆိုင် မေတ္တာတရားသာရှိရင် တွေ့ဆုံဆွေးနွေးပွဲတွေက ဘယ်နှစ်ယောက်ပဲတွေ့ဆုံတွေ့ဆုံ အောင်မြင်မှာပဲပြောဆိုနေပုံ၊ ဘုန်းကြီးလူထွက်ဟာ ဘုန်းကြီးအမူအကျင့်မပျောက်သလို အာဏာရှင်လူထွက်ဟာလည်း အာဏာရှင်လူထွက် အမူအကျင့် မပျောက်ဘူးဆိုတာကို လက်ပံတန်းအကြမ်းဖက်မှုက ထင်ရှားစွာသက်သေပြလိုက်ပါပြီလို့ ပြောဆိုနေတဲ့ပုံ . . .

"**အဗ္ဗောဖေနေ ဖိနေဖေဓံ** ဆိုတဲ့ ဒေါသအမျက်ချောင်းချောင်း ထွက်နေသူကို ဒေါသမပွားဘဲ မေတ္တာထားခြင်းဖြင့်ဆိုတဲ့ ဗုဒ္ဓတရားတော်အရ ဒီမိုကရေစီပညာရေးသပိတ်မှောက် ကျောင်းသူကျောင်းသားတွေဟာ ဒီပွဲမှာ ခမ်းနားစွာ အနိုင်ရကြတဲ့သူတွေပါ၊ အကြမ်းဖက် အနှိပ်စက်ခံ ကျောင်းသားကျောင်းသူတွေကို သူတော်ကောင်းတရားနဲ့ရော၊ သူ့ရဲ့ကောင်းသတ္တိနဲ့ပါ ပြည့်စုံကြပါပေတယ်လို့ ချီးကျူးဂုဏ်ပြုပါရစေဆိုတဲ့ စကားလေးက တန်ဖိုးရှိတဲ့စကားလေးပဲကွ၊ ကျောင်းသားသပိတ်နှင့် ဆရာတော်ဆန္ဒာဓိကအမြင်ဆိုတာကလည်း အားလုံးအတွက် မှတ်သားစရာပါပဲ။ ဝေသန္တရာမင်းကြီး တောထွက်သွားခြင်းဟာ ပြည်သူ့ဆန္ဒကို မဆန့်ကျင်ခြင်းလို့ ဟောကြားတာကလည်း နာယူစရာပဲကွ၊ တတိယအကြိမ်မြောက် ရွှေပါရမီပညာရေးဖောင်ဒေးရှင်း အလှူငွေပေးအပ်ပွဲမှာ ပညာရေးစနစ်ပြုပြင်ရာတွင် ဗန်းပြ (ဟန်ပြ) ပြုပြင်ခြင်းမဟုတ်ဘဲ အောင်မြင်မှုပန်းတိုင်ကို ညွှန်ပြနိုင်မည့် စံပြပြုပြင်ခြင်းမျိုးဖြစ်စေရန်လို့ ရည်ရွယ်ပြီး နှီးဗန်းလေးတွေထဲမှာ သင်္ကေတပစ္စည်းလေးတွေ ထည့်ပြပြီး **ဗန်းပြပညာရေး အလိုမရှိ** ဆိုတဲ့ သရုပ်ပြပုံလေးက အတော်လေးနက်တယ်ကွ။ ပညာမတတ်ဘဲ ပညာရေးတာဝန်ယူထားတဲ့သူတွေကတော့ ဘယ်သိပ့်မလဲ၊ ရှက်တတ်ရင် လဲသေဖို့ ကောင်းတယ်ကွ၊ နောက် ဟိုဟာလေးတစ်ခုတော့ တော်တော်သဘောကျတယ်ကွ၊ ဆရာတော်ရဲ့ ဆုတောင်းလေးကွာ . . . **ဖမ်းဆီးခံ ဒီမိုကရေစီပညာရေးသပိတ်စစ်ကြောင်းမှ ကျောင်းသားများနှင့် ဝန်းရံပြည်သူများ လွှတ်မြောက်ရေး၊ ရွေးကောက်ပွဲတွင် ပယ်မဲလျော့နည်းရေးနှင့် ဒေါ်အောင်ဆန်းစုကြည်**

www.burmeseclassic.com



သမ္မတဖြစ်ရေး ဟူသည့် ဆုသုံးဆုကို ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိကက (၃၁) ကြိမ်မြောက် ရွှေပါရမီသွေးလှူဒါန်းပွဲ၌ တပည့်ဒါယကာ၊ ဒါယကာမများနှင့်အတူ စုပေါင်းသွေးလှူပြီး ဆုတောင်းခဲ့ကြသည်လို့ ဆိုတာကို သဘောကျမိတယ်ကွာ။ ဟာ၊ ဒီဆရာတော်လေးက တော်တော် လှူဒါန်းတာပဲကွ၊ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက က မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်းသို့ စုစုပေါင်း ကျပ်သိန်း (၁၆၀) ခန့် လှူဒါန်းခဲ့ကြောင်းတဲ့ ...၊ မွန်မြတ်လှတဲ့အလှူပေါ့ကွာ၊ နောက်တစ်ခုလည်း ရှိသေးတယ်။ လူရည်ချွန်ကုသိုလ်ဖြစ် ဆေးခန်းအတွက် အရှင်ဆန္ဒာဓိက က အလင်းရောင် မီးစက် သိန်း (၁၂၀) ကျော် လှူဒါန်းသည်တဲ့။ ဒီဆရာတော်လေးက သူကိုယ်တိုင် သုံးထပ်ကွမ်း လူရည်ချွန်ဆိုတော့ သူလည်း ဝင်ပါတာပေါ့ကွာ၊ မွန်မြတ်လှပါပေတယ်။ နောက်ပြီး ရွှေပါရမီတောရဆရာတော်က ရှင်သာမဏေ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ (အဟံအဖွဲ့ချုပ်) သို့ အလှူဆိုပြီး "လူအချင်းချင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ ပရဟိတအဖွဲ့တွေအများကြီးရှိပေမဲ့ ရှင်သာမဏေတွေကို သီးသန့်ကျန်းမာရေး စောင့်ရှောက်မှုပေးတဲ့ ပရဟိတအဖွဲ့ကတော့ ဒီတစ်ဖွဲ့ပဲရှိမယ် ထင်ပါတယ်။ မိဘရင်ခွင်နဲ့ ဝေးကွာနေကြတဲ့ ကိုရင်လေးတွေကို မိဘမေတ္တာပေးတဲ့ သဘောမျိုးနဲ့ အခုလို နီးနီး ကပ်ကပ် စောင့်ရှောက်မှုပေးတဲ့အလုပ်ဟာ သာသနာပြုလုပ်ငန်း တွေအတွက် လိုအပ်နေတဲ့ ကွက်လပ်တစ်ခုကို ဖြည့်ပေးတာဖြစ်လို့ ဦးဖင်းအနေနဲ့ အခုလို အားပေးလှူဒါန်းဖြစ် သွားတာပါ" ဆိုပြီး ရွှေပါရမီတောရဆရာတော်က မတည်ငွေ သိန်း (၁၀၀) နဲ့ ပစ္စည်းမျိုးစုံ (၆၅) သိန်းကျော် စုစုပေါင်း (၁၆၅) သိန်းကျော် လှူဒါန်းသည်တဲ့။ ကိုရင်လေးတွေအတွက် လှူဒါန်းပေးတာပေါ့ကွာ။

"ဟော ရေဘေးကပ်သင့်ပြန်တော့လည်း ဒီဆရာတော်က မနေနိုင်ဘူး။ သထုံမြို့ ဒူးရင်းဆိပ်ရေဘေးသင့်သူများအား ရွှေပါရမီဆရာတော်က ငွေသားနှင့် ပစ္စည်း မျိုးစုံ (၃၅) သိန်းဖိုးခန့် လှူဒါန်းနေပုံ၊ ဟသ်ာတရေဘေးသင့်သူ ပြည်သူ ၄၀၀၀ ကျော် အတွက် စုစုပေါင်း ကျပ် သိန်း (၁၁၀) ခန့် ရှိသည့် အဝတ်အထည်နှင့် ဆေးဝါးများကို ရွှေပါရမီတောရဆရာတော် ဦးဆောင်သည့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းက သွားရောက် လှူဒါန်းနေပုံ၊ အုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်အချို့ ပရဟိတအားနည်းမှုကြောင့် ရေဘေးကယ်ဆယ်ရေးတွေ နှောင့်နှေးခဲ့ရဟု ရွှေပါရမီတောရဆရာတော် ပြောကြား သည်တဲ့၊ ရခိုင်ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်ရန် စစ်တွေ မြို့သို့ ရောက်ရှိစဉ် ဆရာတော်အရှင်ဆန္ဒာဓိက ပြောကြားနေပုံ ...

သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခကြုံတွေ့နေရသည့် ချင်းပြည်နယ်မှ ပြည်သူများအတွက် ဆရာတော်အရှင်ဆန္ဒာဓိက ဦးဆောင်သည့် ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းနှင့် ချိုင်ရယ်လ်ပုဂံကုမ္ပဏီတို့ ပူးပေါင်းကာ ဆန်အိတ် (၃) သောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါးများ သွားရောက်လှူဒါန်းမည်ဟု ရွှေပါရမီဖောင်ဒေးရှင်းက ပြောကြားသည်တဲ့။

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ အကြိမ် (၃၀) မြောက် နယ်လှည့် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင်ပရဟိတ ကျောင်းမှာအခြေပြုပြီး ဘုန်းတော်ကြီးစာသင်ကျောင်းမှ ကျောင်းသားကျောင်းသူများ၊ မိဘမဲ့ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဆေးဝါးကုသမှုများကို ဆရာတော်ကိုယ်တိုင်ဦးဆောင်ပြီး အနီးကပ်ပါဝင်နေပုံ ...

"ဖန်ရည်စွန်းသူ ... ဖန်ရည်မဝတ်ရ

စိတ်စစ်မှန်မှ ... ဘဝစစ်မှန်မယ်

အနှစ်မကျန်တာ ... အကြွမ်းများလို့

မွေးနေ့ဒါနကောင်းမှု " ဆိုတဲ့ စကားစုလေးတွေကလည်း မှတ်သားနာယူစရာ ပါပဲကွာ။

"နောက်တစ်ချက် ... ဘာတဲ့" **"ကျောင်းသားသပိတ်နှင့် ဆရာတော် ဆန္ဒာဓိက၏အမြင်"** တဲ့ ...

"ကျောင်းသားတွေရဲ့အောင်ပွဲဟာ နိုင်ငံတော်ရဲ့အောင်ပွဲဖြစ်တဲ့အတွက် ကျောင်းသားတွေရဲ့စိတ်ထဲမှာ ငါတို့ အောင်မြင်သွားပြီဆိုတဲ့အချက် အခိုင်အမာစွဲမြဲ သွားအောင် တစ်နည်းအားဖြင့် အောင်စိတ်မြဲမြဲသွားအောင် ကျောင်းသားတွေရဲ့ စိတ်ဆန္ဒ အတိုင်း ရည်မှန်းရာလမ်းဆုံးပန်းတိုင်အထိ ချီတက်ခွင့်ပြုစေချင်ပါတယ်"

"ကျောင်းသားအောင်မြင်တာကို ငါတို့ရှုံးနိမ့်တယ်လို့ မယူဆစေချင်ပါဘူး။ မိဘဆိုတာ သားသမီးအပေါ် အနိုင်အရှုံးတွက်ချက်ရိုး ထုံးစံမရှိဘူးလေ၊ အစိုးရဆိုတာ ပြည်သူတွေရဲ့မိဘပဲမဟုတ်လား။ ဘာလက်နက်မှ မကိုင်ဆောင်ဘဲ ငြိမ်းချမ်းစွာချီတက် ကြတာ ဖြစ်တဲ့အတွက် ခွင့်ပြုစေချင်ပါတယ်" လို့ ဆရာတော်အရှင်ဆန္ဒာဓိကသို့ ပန်ကြားတာက မေတ္တာတရားရှင်ပီပီ မေတ္တာတရားကို ပြောကြားတာပဲဖြစ်တယ်ကွ၊ **ရည်ရွယ်ချက်နဲ့ အုပ်စုဖွဲ့ပြီး အမုန်းတရားတွေပဲ ဟောကြားနေတဲ့ကိုယ်တော်တွေနဲ့တော့ ကွာပါ့ကွာ။ ဘုရားသားတော်ဖြစ်ပြီး လုပ်ရပ်တွေက တခြားစီနော်။**

"မင်းက ဒီဆရာတော်လေးနဲ့ ပတ်သက်ပြီး တော်တော်ကို မှတ်တမ်းတင်ထား တာပဲ၊ ဟာ ဒီနောက်မှာလည်း ဘုန်းကြီးသံဃာတော်ပုံတွေပါလား၊ ဘင်္ဂလားဒေ့ရှ် ဗုဒ္ဓဘာသာဘုန်းကြီးက ရာမာဒန်ကာလ ဥပုသ်ထွက်သည့် မွတ်စလင်များကို အစားအစာ များ ကျွေးမွေးနေပုံဆိုပါလား၊ တောင်အာရှရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဘာသာများအကြား လူမှုရေးသဟဇာတဖြစ်မှုကို ပြသသည့် ရှားရှားပါးပါး နမူနာတစ်ရပ်ဖြစ်သည်လို့ ရေးထား ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဘင်္ဂလားဒေ့ရှ်နိုင်ငံတော် ဒါကာမြို့ရှိ ဓမ္မရာဇိကအမည်ရှိ ဘုန်းကြီးကျောင်းသည် အစ္စလာမ်ဘာသာဝင်တို့၏ အီဖတာဟုခေါ်သည့် နေဝင်ချိန် ဥပုဒ်ထွက်သည့်အခါ ဆင်းရဲသော မွတ်စလင်ဘာသာဝင်များကို နေ့စဉ် စားသောက်ဖွယ်ရာများ မေတ္တာတရား ယုယမှု တွေနဲ့ တည်ခင်းတဲ့ စားသောက်ဖွယ်ရာအချို့ကို ကျွန်ုပ်စားနိုင်ပါတယ်လို့ အသက် (၇၀)အရွယ် အမီနာခါထန်းဆိုတဲ့ အမျိုးသမီးကြီးက ပြောဆိုတယ်တဲ့''



''ဒါဟာ ဘာသာရေး သဟဇာတဖြစ်မှုအတွက် အံ့ဩဖွယ် စံနမူနာတစ်ရပ်ပါ။ ဘာသာမတူတာတွေကို တွေးမနေဘဲ ဆာလောင်နေတဲ့ အိမ်နီးချင်းတွေကို လေးစားချစ်ခင်မှု ပြသတာဖြစ်ပါတယ်လို့'' အစာစားရန် လက်မှတ်များဝေငှပေးချိန်မှာ စည်းကမ်းတကျဖြစ်စေဖို့ ပါဝင်ကူညီနေတဲ့ ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ အာဆတ်အူစမန်ဆိုတဲ့ ရဲသားလေးရဲ့ ပြောစကားကလည်း လေးစားစရာပဲကွ''

''နောက်တစ်ပုံက မလေးရှားနိုင်ငံမှာ တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေက ဈေးထဲမှာ အလှူလိုက်ခံတာကို ခေါင်းမှာ ပုဝါခြုံထားတဲ့ မွတ်စလင်အမျိုးသမီးလေးတစ်ဦးက အလှူငွေထည့်နေတဲ့ပုံ၊ ကြည့်စမ်း ဘာသာခြားမွတ်စလင်တွေက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေကို ရိုသေလေးစား ဂါရဝပြု လှူဒါန်းနေပုံလေကွာ၊ ဘယ်လောက် မွန်မြတ်သလဲ၊ ဘာသာမတူလို့ဆိုပြီး အမုန်းတရားမပွားဘူး မပြောဘူး။ အတူယှဉ်တွဲနေထိုင်တဲ့ လူ့ယဉ်ကျေးတွေရဲ့ ပုံသဏ္ဌာန်ပဲကွ''

www.burmeseclassic.com

www.burmeseclassic.com






"ဒီမှာလည်း သံဃာပုံတွေပါလားကွ ... ရဲစခန်းရှေ့မှာ လက်ကိုင်စပီကာနဲ့ ရဲစခန်းထဲကို အော်ပြောနေတဲ့ပုံပါလား။ လူမျိုးခြား ဘာသာခြားကို အရေးယူပေးဖို့ တောင်းဆိုနေတာ ... ဘုရားသားတော်၊ ဘုရားသက်န်းဝတ်ထားတာလေ၊ မေတ္တာတရား မထားနိုင်ဘူးလား။ နောက် သံဃာတစ်ပါးက ကားအမိုးပေါ်တက်ပြီး ကုန်ပစ္စည်းသပိတ် မှောက်ဖို့ ကြွေးကြော်နေတဲ့ပုံပါလား။ ဒါနဲ့ သပိတ်ရောမှောက်ကြရဲ့လားကွ"

"သပိတ်မှောက်ခိုင်းတဲ့ပစ္စည်းက ပိုရောင်းကောင်းလို့ လက်တောင်မလည်ပါဘူး ဦးကြီးရာ ရှက်ဖွယ်ပါပဲ ..."

"ဒီမှာလည်း ကုလသမဂ္ဂကို မကျေနပ်တဲ့ပုံ၊ ကုလသမဂ္ဂက မကောင်းဘူး၊ မတရားဘူးဆိုလည်း အဲဒီအဖွဲ့မှာ မပါနဲ့၊ နုတ်ထွက်လိုက်ပေါ့ကွာ၊ ဒီအဖွဲ့ထဲမှာ မပါမနေရ ပါရမယ်နဲ့ အတင်းအဓမ္မရိုက်နှက်ပြီး ပါခိုင်းတာမှ မဟုတ်ဘဲ၊ မကျေနပ် ထွက်လိုက်ပေါ့ကွာ၊ အပိုတွေ ပြောမနေနဲ့၊ ကန့်ကွက်မနေနဲ့၊ မဟုတ်ဘူးလား၊ ဗုဒ္ဓဘာသာရဲ့ သာဝကတွေ လေကွာ ...

"ရှပ်နာမ်နှစ်ပါးရှိတဲ့ သတ္တဝါတွေအားလုံးအပေါ် မေတ္တာတရားထားရမယ့် တာဝန်ရှိတယ်၊ ကိုယ်က ဘုရားသားတော်၊ ဘုရားနိုင်တာလုပ်၊ ရှင်ဘုရင်နိုင်းတာလုပ်ဖို့ မဟုတ်ဘူး။ ဆရာတော်ဦးပဋ္ဌင်းပြောသွားတာ မင်းလည်းသိပါတယ်၊ အခုခေတ်ကြီး ယတြာနဲ့ အသက်ဆက်တဲ့ခေတ်၊ ချိတ်ပုဆိုးဝတ်၊ ငါထောင်ပြီကွ၊ (ငါးထောင်) အခါတစ်သိန်း၊ စတုဒီသာနဲ့ သမီးအောင်ဆန်း အပုပ်ချ၊ နံပါတ်တစ်အဖွဲ့အစည်း၊

www.burmeseclassic.com

# ယုံကြည်ခြင်းသတ္တိ စွဲမြဲခြင်းပုံရိပ်

ဒီမှတ်တမ်းကိုရေးတဲ့ မိုယ်းလင်းက အစ်မနဲ့ပတ်သက်ပြီး မှတ်တမ်းတင်သင့်တာတွေ တင်ထားတာပါလို့ဆိုတယ်။ မှတ်တမ်းတွေလို့ ဆိုနိုင်ကောင်းတဲ့အရာတွေပါတာပေါ့။ အများစုကတော့ အစ်မမှတ်တမ်းထက် မိုယ်းလင်းမှတ်တမ်းတွေလို့ ဆိုရမယ်။ သူ့မှတ်တမ်းတွေက ရေးသင့်တဲ့မှတ်တမ်းတွေ ဖြစ်တယ်ဆိုတာတွေ့ရပါလိမ့်မယ်။ ဖတ်ကြည့်ပါ။

ဖတ်ကြည့်ရင် အစ်မအကြောင်းပဲ အများဆုံးတွေ့ရမှာပါ။ ဒါပေမဲ့ ဒီအကြောင်းကိစ္စတွေအားလုံးရဲ့ နောက်ကွယ်မှာ တဖျတ်ဖျတ်လှုပ်ခါနေတဲ့ အကြောင်းကိစ္စတစ်စွန်းတစ်စကို တွေ့ရပါလိမ့်မယ်။ အဲဒီကိစ္စက မိုယ်းလင်းရဲ့ အကြောင်းကိစ္စ ပုံရိပ်သင်္ကေတတွေပါပဲ။

ဒေါ်အောင်ဆန်းစုကြည်ကို လူထုက ယုံကြည်ကိုးစားတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်တွေကလည်း ကြည်ညိုတန်ဖိုးထားကြတယ်။ အဲဒီအဖွဲ့ချုပ်အဖွဲ့ဝင်တွေထဲမှာ မနည်းလှတဲ့ အဖွဲ့ဝင်ထုကြီးက ဒေါ်စုကို ချစ်ခင်မြတ်နိုးကြတယ်။ မိုယ်းလင်းက အဲဒီထဲကမှ စံထားရမယ့် လူငယ်တစ်ယောက်ဖြစ်တယ်။

သူဟာ နိုင်ငံရေးအဖွဲ့အစည်းတစ်ခုရဲ့ စံပြနိမိတ်ပုံတစ်ခုလို့ ဆိုနိုင်တယ်။ အဖွဲ့အစည်းပေါ်မှာ၊ ခေါင်းဆောင်အပေါ်မှာ၊ မူဝါဒလုပ်ငန်းစဉ်တွေအပေါ်မှာ ယုံကြည်စွဲမြဲခြင်းရဲ့ ပြယုဂ်ဖြစ်ပါတယ်။

သူ့ကို ကျွန်တော် ရင်းရင်းနှီးနှီးမသိပါဘူး။ နီးနီးစပ်စပ်လည်း မဆက်ဆံဖူးပါဘူး။ ပါတီဝင်ရဲဘော်ချင်း သိကျွမ်းဆက်ဆံတဲ့ သဘောလောက်ပါပဲ။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



တို့ဗုဒ္ဓဘာသာမှာ နံပါတ်တပ်အဖွဲ့အစည်း မရှိဘူးကွ၊ မညွှာမတာ အောက်တန်းစားတွေက နိုင်းတာလုပ်မှာ ပေါ့ကွာ . . . အကန့်အသတ်၊ အထိအရှ၊ အပွတ်အတိုက် အားကြီးလွန်းတဲ့ စကားလုံး သုံးရ အမျိုး၊ ဘာသာ၊ သာသနာ” ဆိုတဲ့ စကားလုံးကို တွင်တွင်သုံးပြီး မဲရအောင် အာဏာရအောင် သုံးနေကြတာကွ မှတ်ထား”

“ဆရာကောင်းကိုရွေးပြီး ဆရာဆိုးကို ငြင်းပယ်နိုင်ရမယ်တဲ့၊ ဆရာဆိုးတွေ များလာမှာကို ပေါက်စေတီဆရာတော် မြင်လာတယ်နဲ့တူတယ်ကွ၊ ဆရာကောင်းတွေလည်း မသိမသာနဲ့ ဆရာဆိုးဘ၀ ရောက်နေတာ မရိပ်မိကြဘူး၊ ရိပ်မိလို့နောက်ဆုတ်တာ ဆုတ်လို့မရ ဖြစ်နေပြီ၊ နောက်ဆရာတော်တစ်ပါးရဲ့ အဆိုအမိန့်ကလည်း ဒီခေတ်နဲ့တော့ အံကိုက်ပါပဲ၊ “ရဟန်းလို့ အမည်ခံလိုက်ပြီဆိုရင် ရဟန်းဘ၀ကို ပိုင်ဆိုင်သွားပြီဆိုတဲ့ လူတိုင်းဟာ ဂန္ထဓူရ ဝိပဿနာဓူရ နှစ်ဖြာသော အလုပ်ကို လုပ်လာကြမှာဖြစ်တယ်၊ အမုန်းစကားတွေ ဖြန့်ဖြူးဖို့ မဟုတ်ဘူး၊ အမွှေတရားတွေကို အရေခြုံဟောကြားဖို့ မဟုတ်ဘူး”လို့ မန္တလေး မင်းကွန်းကျောင်းတိုက်က ငါးစီးတိုက်ဆရာတော် အရှင်နာဂိန္ဒက မိန့်ဆိုတာကပဲ၊ ကြည်ညိုစရာပဲကွ၊ ဘုရားသားတော်ပီပီ ဘုရားဒေသနာအဆုံးအမ တရားတွေပဲ သွန်သင်ဟောကြားတာမှ ဘုရားသားတော်စစ်စစ်တွေဖြစ်တယ်၊ ဒီနေရာမှာ အတုအစစ် ခွဲခြားလို့ရသွားပြီလေ”

“သမဂ္ဂဆိုလို့ ပြောရဦးမယ်၊ မင်းက ကျောင်းသားသမဂ္ဂကိစ္စတွေနဲ့ ပတ်သက်ပြီး ဖြစ်ပျက်ပုံတွေကို အစအဆုံး မှတ်တမ်းတင်ထားတာပဲ၊ ဖိုင်တွဲထားတာပဲ၊ သမဂ္ဂ စိတ်ဓာတ်တွေနဲ့ ပြည့်စုံလို့ သမဂ္ဂအဖွဲ့လို့ခေါ်ဆိုပြီး ဖွဲ့ထားတာလေ၊ ကျောင်းသားသမဂ္ဂ၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂဆိုပြီး ဖွဲ့ထားတာလေ၊ ကျောင်းသားသမဂ္ဂဆိုတာ မြန်မာနိုင်ငံရဲ့ အထင်ကရ သမိုင်းဝင်အဖွဲ့အစည်း၊ မြန်မာပြည်လွတ်လပ်ရေးရဖို့ ဦးဆောင်ခဲ့တာ ကျောင်းသားသမဂ္ဂရဲ့ ခေါင်းဆောင် နိုင်ငံရေးသမားတွေလေကွာ၊ ဘယ်စစ်ဗိုလ် စစ်သားမှ မရှိသေးဘူးကွ၊ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တွေကသာ မြန်မာပြည် နိုင်ငံရေးကို ဦးဆောင်ပြီး အသင်းအပင်းအဖွဲ့တွေ ဖွဲ့စည်းခဲ့ကြတာ၊ ဒါကြောင့် လွတ်လပ်ရေးရခဲ့တာပေါ့၊ ဗိုလ်ချုပ်မှူးကြီး အနော်ရထာကြောင့် လွတ်လပ်ရေးရခဲ့တာ မဟုတ်ဘူး။ ဗိုလ်ချုပ်မှူးကြီး ဘုရင့်နောင်က စစ်တပ်ကို ဖွဲ့စည်းပေးခဲ့တာမဟုတ်ဘူး။ ဗိုလ်ချုပ်ကြီး၊ အလောင်းဘုရားက မျိုးချစ်စိတ် ရှင်သန်ထက်မြက်ဖို့ ပြောခဲ့လို့လား။ ကျောင်းသားသမဂ္ဂခေါင်းဆောင် နိုင်ငံရေးသမားအဖွဲ့က ဂျပန်မှာ စစ်ပညာတွေ သွားသင် ဗိုလ်အမည်ခံယူပြီး တပ်မတော်ကြီးကို ဦးစီးခဲ့လို့ ဒီနေ့ တည်ရှိနေတဲ့ တပ်မတော် ဆိုတာ ပေါ်ပေါက်ပေါက်လာတာပဲကွ တက္ကသိုလ်ပညာတတ်ဆိုရင် သိပါတယ်။

တက္ကသိုလ်ပညာရပ်တွေကို မသင်ဘူးတဲ့သူတွေကျ ကျောင်းသားသမဂ္ဂဆိုတာ ကို ဘယ်သိပါ့မလဲ၊ မသိလို့လည်း ကျောင်းသားသမဂ္ဂကို “ကျောင်းသားယူနီယံ”လို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆိုရမယ် ဆိုပြီး "ကျောင်းသားယူနီယံ" "ကျောင်းသားယူနီယံ"လို့ ခေါ်ခေါ်နေတာ အံ့ပါ့ကွာ ...

အင်္ဂလိပ်စာလုံး ယူနီယံဆိုတာကို ဗမာလို ဘာသာပြန်ထားတာ သမဂ္ဂလေ၊ ကုလသမဂ္ဂတို့၊ ဥရောပသမဂ္ဂတို့၊ အာဖရိကသမဂ္ဂတို့ဆိုတာက နောက်မှ ပေါ်လာတာ၊ ဗမာနိုင်ငံကျောင်းသားများသမဂ္ဂ (ဗကသ)ဆိုတာ ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်ကြား ထဲမှာ ပေါ်လာတာကွာ သမိုင်းဝင်အဖွဲ့အစည်း။

အမှန်က သမဂ္ဂလို့ခေါ်ရမှာ ကြောက်နေလို့ ... ကျောင်းသားသမဂ္ဂအဆောက် အဦကြီးကို မိုင်းနဲ့ခွဲပြီး ဖြိုဖျက်ခဲ့ကြတော့ ကြောက်ချေးတွေပါပြီး မခေါ်ရဲဘူးပေါ့ကွာ၊ လူဆိုးတွေ ဂုဏ်သိက္ခာမရှိခဲ့တဲ့ သူတွေရဲ့ တာဝန်ကို ဆက်လက်တာဝန်ယူ ထမ်းဆောင်ပြီး ထိန်းသိမ်းပေးနေတာပေါ့ကွာ

မင်းက ကျောင်းသားသမဂ္ဂကိစ္စနဲ့ ပတ်သက်ပြီး အကြောင်းအရာတွေကို ပုံတွေနဲ့တကွ ဖိုင်တွဲပြီး မှတ်တမ်းပြုစုထားတာပဲ ငါ အချိန်ယူပြီးဖတ်ရမှာ ဒီမှာ ပုံလေး တစ်ပုံနဲ့ သတင်းမှတ်တမ်းလေးတစ်ပုံနဲ့ သတင်းမှတ်တမ်းလေး ... ငါ တော်တော် သဘောကျတယ်ကွာ ... ပုံလေးဘေးမှာ မင်းက မှတ်ချက်ရေးထားတယ်။

ကျောင်းသားသမဂ္ဂဝင်များကို (၁၀-၃-၂၀၁၅)က လက်ပံတန်းမြို့၌ ဖြိုခွဲစဉ် ဖြစ်ရပ်များကို ဥရောပသမဂ္ဂမှ အဓိကရုဏ်းနှိမ်နင်းရေး သင်ကြားပေးထားသည့် နည်းများ အတိုင်း ဆောင်ရွက်ခြင်းဖြစ်သည်လို့ အစိုးရက သတင်းထုတ်ပြန်သည်။

ဥရောသမဂ္ဂ သုံးထောင်ဝတ်မိန်းမသားတစ်ဦးက အတောင် ၂၀ ဝတ် မြန်မာမင်း ယောကျ်ားကြီးများကို အဓိကရုဏ်း နှိမ်နင်းနည်းပညာများကို လက်တွေ့ သင်ကြားပေး နေတဲ့ပုံတဲ့ ဥရောပသမဂ္ဂမှ မိန်းမနည်းပြဆရာ သင်ပေးထားတဲ့ နည်းတွေအတိုင်း ယောကျ်ားသားကြီးတွေက လက်ပံတန်းမှာ ကျောင်းသားသမဂ္ဂဝင်များကို နှိမ်နင်းနေ တဲ့ပုံများတဲ့ ...

ဂုဏ်ယူစရာပဲကွ၊ မိန်းမနည်းပြဆရာက သင်ပေးနေပုံတွေပါ၊ မင်းက စုဆောင်းထားပြီး တွဲဖက်ဖော်ပြထားတော့ ဂုဏ်ရှိတဲ့ ယောကျ်ားသားကြီးတွေပဲကွ၊ ကျောင်းသားသမဂ္ဂ အလံဆိုတာ သမိုင်းဝင်အလံလေ ရဲတွေက နင်းခြေဖျက်ဆီးနေပုံက ရာဇဝင်ရိုင်းလိုက်တာကွာ။ ကားတွေကိုလည်း ဖျက်ဆီးနဲ့ သူ့ဟာသူ ရပ်ထားတာလေ လူနာတင်ကားကိုလည်း ဖျက်ဆီးနေတာ အောက်တန်းကျတဲ့ အပြုအမူကွ မင်းက ဂျာနယ်မှာပါတဲ့ ကာတွန်းပုံလေးနဲ့ပါတွဲပြီး မှတ်တမ်းတင်ထားတာပဲ ဘာတဲ့

"တကယ်ပြောတာပါ ကျွန်မတို့ ဥရောပသမဂ္ဂက သင်တန်းပေးတုန်းက ကားဖျက်နည်း မပါ ပါဘူး"လို့ သင်တန်းနည်းပြဆရာမ ပြောနေတဲ့ပုံလေ ဟား ဟား

www.burmeseclassic.com






ရှိရတယ်ကွာ

ကျောင်းသားသမဂ္ဂဝင်တွေရဲ့ ရုံးထုတ်ရုံးချိန်းတွေကလည်း အများကြီးပဲ၊ မပြီးကြသေးဘူးလား၊ ကျောင်းသားတွေက အစိုးရကို လက်နက်စွဲကိုင် တော်လှန်ပုန်ကန်ကြလို့လား၊ နိုင်ငံတော်ရာဇဝတ်မှုကြီးလားလို့ ဦးကြီးပြောနေစဉ်မှာ ကျွန်တော်က နာရီကို လှမ်းကြည့်ပြီး

"ဦးကြီး ကျွန်တော် အပြင်သွားစရာရှိလို့ သွားခွင့်ပြုပါခင်ဗျာ၊ ကျွန်တော် ထမင်းလည်း ဝယ်လာပြီး အတူတူစားကြတာပေါ့"လို့ ပြောတဲ့အခါ "အေး အေး သွား သွား ငါလည်း မင်းရဲ့ ကျောင်းသားသမဂ္ဂဝင်တွေအကြောင်း ဖိုင်တွဲထဲကတာကို ဖတ်လိုက်ဦးမယ်၊ မင်းပြန်လာမှ မင်းနဲ့ ဆွေးနွေးကြတာပေါ့ ..."လို့ ပြန်ပြောရင်းနဲ့ ကျွန်တော်လည်း အပြင်သွားဖို့ ထွက်လာခဲ့ပါတော့တယ်။

■

www.burmeseclassic.com

www.burmeseclassic.com

# "ကမ္ဘာကျော် သမ္မတ အကြံပေးများအကြောင်း"

အစ်မရေ ...

ရွေးကောက်ပွဲကြီးနီးလာတော့ အစ်မတည်ထောင်ထားတဲ့ပါတီကလည်း မဲဆွယ်စည်းရုံးရေးတွေ လုပ်နေကြပါပြီ။ အဓိက မဲဆွယ်စည်းရုံးရေးလုပ်တဲ့သူက ပါတီဥက္ကဋ္ဌ အစ်မကပဲ စည်းရုံးရေးဆင်းရမှာပေါ့၊ အစ်မက အစ်မဖေဖေလိုပဲ ပြည်သူလူထုနဲ့တွေ့ဖို့ ပြည်သူလူထုကို ဟောပြောဖို့ဆို စိတ်အားထက်သန်သူပါ။ ဒါကြောင့်လည်း ပြည်သူလူထုက အစ်မတို့သားအဖနှစ်ယောက်ကို တွေ့ချင်မြင်ချင်ကြတယ်၊ မိန့်ခွန်းပြောပြီဆိုရင် နားထောင်ချင်ကြတယ်။ ပြည်သူတွေချစ်တဲ့ နိုင်ငံရေးသမား နိုင်ငံရေးခေါင်းဆောင် အစ်မတို့သားအဖနှစ်ယောက်စလုံးက မိန့်ခွန်းပြောပြီဆိုရင် လက်တန်းပြောတာလေ၊ တကယ့် နိုင်ငံရေးသမား စစ်စစ်တွေ။

ကျွန်တော်တို့နိုင်ငံမှာက နှစ်ပေါင်း ၅၀ ကျော်လုံးလုံး စာရွက်ကိုင်ဖတ်ပြီး ပြောပြောနေတဲ့ ဖတ်ပြနေတဲ့ နိုင်ငံရေးလုပ်တဲ့သူတွေပဲ တွေ့ဖူးမြင်ဖူးခဲ့ကြတာပါ။ ကြာတာပေါ့ အစ်မရယ်၊ ... ဖန်တီးယူတဲ့ ဖန်တီးထားတဲ့ နိုင်ငံရေးသမားဆို ပြည်သူက ဘယ်လက်ခံပါ့မလဲ၊ နှစ်ပေါင်း ၅၀ ကျော်လုံးလုံး မလွှဲသာလို့ အောင့်အီးသည်းခံနေခဲ့ကြတာပါ။ ကျွန်တော်တို့နိုင်ငံမှာ ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုပေးပွဲမှာတောင် ဝန်ကြီးပြောတဲ့မိန့်ခွန်းက သတင်းစာ စာမျက်နှာနဲ့ဆို ငါးမျက်နှာလောက်ရှိတာ၊ အံ့ရော အစ်မရယ်။ ဒါတောင်သူများ ရေးရေးပေးနေတာတွေကို ဖတ်ပြရတာပါ။ (မိန့်ခွန်းရေးပေးတဲ့သူက သတ်သတ်ထားရပါတယ်။) အစ်မက မိန့်ခွန်းရေးပေးစရာမလိုတဲ့ လူသားတစ်ဦးပါ။

ရွေးကောက်ပွဲမှာ အစ်မရဲ့ NLD ပါတီ အနိုင်ရရှိရင် အနိုင်ရပါတီဥက္ကဋ္ဌအနေနဲ့ အစ်မက သမ္မတအဖြစ် ဆောင်ရွက်ရမှာပါ။ ဒါပေမဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒေါ်အောင်ဆန်းစုကြည် သမ္မတမဖြစ်နိုင်အောင် ၅၉(စ)ဆိုတဲ့ ပုဒ်မတစ်ခုထည့်ထားခြင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်အတွက် ကန့်သတ်ထားခြင်းဆိုတာ ထင်ရှားပေါ်လွင်နေပါတယ်။ နောက် စာသားတစ်ခုကလည်း ပါသေးပါတယ်။ စစ်ရေးအမြင်ရှိရမယ်တဲ့ (အခုတော့ ကာကွယ်ရေး အမြင်လို့ ပြောင်းသွားပြန်ပါပြီ) သမ္မတဟာ စစ်ရေးအမြင်၊ ကာကွယ်ရေးအမြင် ရှိရမယ်ဆိုတဲ့ စာသားကို အခြေခံဥပဒေထဲမှာ ထားထားတာဟာ ကမ္ဘာပေါ်မှာ ကျွန်တော်တို့ တစ်နိုင်ငံတည်းပဲ ရှိပါတယ်။

ကမ္ဘာမှာ သတ်မှတ်ထားတာကတော့ ကမ္ဘာ့လူ့အဖွဲ့အစည်း၊ နိုင်ငံတကာ လူ့အဖွဲ့အစည်းတွေမှာ စစ်ရေးအမြင်ရှိတဲ့လူ၊ ကာကွယ်ရေးအမြင်ရှိတဲ့လူတွေ ခန့်အပ်ခြင်း မပြုလုပ်ကြတာကိုတော့ လက်တွေ့သိရှိရပါတယ်။

မြန်မာနိုင်ငံက သံအမတ်မှန်သမျှ နိုင်ငံခြားရေးဝန်ကြီးမှန်သမျှက စစ်ဗိုလ် လူထွက်တွေချည်းပဲဖြစ်နေသဖြင့် ကမ္ဘာ့အဖွဲ့အစည်း နိုင်ငံတကာအဖွဲ့အစည်းများတွင် မတွေ့ရှိရာက သက်သေပြနေပါတယ်။

အရပ်သားထဲက ဒေါက်တာနေဒွန်းဆိုသူဟာ နအဖခေတ်မှာ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်ရာထူးနဲ့ တာဝန်ထမ်းဆောင်နေစဉ် မြန်မာနိုင်ငံကို ခဏခဏလာပြီး ဗိုလ်ခင်ညွန့်နဲ့ လာလာတွေ့တွေ့နေပါတယ်။ နောက်ပိုင်း ဒေါက်တာ နေဒွန်းအကြောင်း မကြားရတော့ပါ။

အစ်မ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ရမယ်ဆိုရင် သမ္မတအကြံပေး ခန့်အပ်ရပါတယ်။ အစ်မက ပညာတတ်ဆိုတော့ နိုင်ငံတကာအတွေ့အကြုံ သံတမန် အတွေ့အကြုံတွေ ရှိပြီးသားပါ၊ သမ္မတအကြံပေး အယောက် ၁၀၀ လောက် ခန့်ဖို့ မလိုပါဘူးနော်။ သမ္မတအကြံပေးဆိုလို့ နာမည်ကြီး သမ္မတအကြံပေးတွေအကြောင်း အစ်မကိုပြောပြချင်ပါတယ်။

ကမ္ဘာပေါ်မှာ သမ္မတအကြံပေးဆိုပြီး ထင်ရှားကျော်ကြားလာတဲ့ ပုဂ္ဂိုလ်က အမေရိကန် သမ္မတကြီး ရစ်ချတ်နစ်ကဆင်ရဲ့ အမျိုးသားလုံခြုံရေး အကြံပေး ဟင်နရီ ကစ်ဆင်ဂျားပါ။ (ယခုထက်တိုင် ရှိနေပါသေးတယ်၊ အသက် ၉၀ ကျော် အရွယ်ပါ)။ သမ္မတ ရစ်ချတ်နစ်ကဆင် လက်ထက်မှာ ဗီယက်နမ်စစ်ပွဲက အကြီးအကျယ်ဖြစ်နေ ပါတယ်။ ဗီယက်နမ် နဲ့ လာအိုတို့ဟာ ပြင်သစ်၊ အမေရိကန်တို့နဲ့ စစ်ဖြစ်နေကြတာပါ။ ဗီယက်နမ်နဲ့ လာအိုတို့ကို တရုတ်ကကူညီနေပြီး အမေရိကန်နဲ့ ပြင်သစ်ကိုတော့ ဆီးတိုး လို့ခေါ်တဲ့ အရှေ့တောင်အာရှ စစ်စာချုပ်ဝင်နိုင်ငံတွေက ကူညီပေးနေတဲ့အချိန်ဖြစ်ပါတယ်။

အမေရိကန်လူထုနဲ့ ကမ္ဘာ့လူ့အဖွဲ့အစည်းတွေကလည်း ဗီယက်နမ်စစ်ပွဲ ရပ်ဆိုင်းဖို့ လူထုဆန္ဒပြပွဲတွေ ပြင်းထန်နေတဲ့အချိန် ၁၉၆၉–၁၉၇၀ ခုနှစ်မှာ အမေရိကန်သမ္မတ ရစ်ချတ်နစ်ကဆင်ရဲ့ အကြံပေး ဟင်နရီကစ်ဆင်ဂျားက သမ္မတကို တရုတ်နဲ့ ဆက်ဆံရေး လုပ်ဖို့ အကြံပေးပါတယ်။ သမ္မတက သဘောတူတဲ့အတွက် ပထမဦးဆုံး စလုပ်တာက

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် ပင်ပေါင်ရိုက် အားကစားအဖွဲ့ကို တရုတ်ပြည်သို့ ချစ်ကြည်ရေးခရီးအဖြစ် စေလွှတ်ပါတယ်။ တရုတ်ခေါင်းဆောင်ကြီး မော်စီတုံးကိုယ်တိုင် အမေရိကန်ပင်ပေါင်ရိုက် အားကစားအဖွဲ့ကို လက်ခံတွေ့ဆုံပြီး နှုတ်ဆက်ပါတယ်။ တရုတ် ပင်ပေါင်ရိုက် ချစ်ကြည်ရေးအားကစားအဖွဲ့ကလည်း အမေရိကန်နိုင်ငံရဲ့ ဖိတ်ခေါ်ချက်အရ အမေရိကန် နိုင်ငံကို လာရောက်ပြီး ချစ်ကြည်ရေးပွဲ ကစားပါတယ်။ အမေရိကန်သမ္မတက တရုတ် အားကစားအဖွဲ့ ကို လက်ခံတွေ့ဆုံပါတယ်။ အဲဒီခေတ်က "ပင်ပေါင်ဒစ်ပလိုမေစီ" ဆိုပြီးနာမည်ကြီးခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး သမ္မတအကြံပေး ဟင်နရီကစ်ဆင်ဂျားက တရုတ်ပြည်ကို လျှို့ဝှက်စွာ သွားရောက်ပြီး လွန်းပျံခရီးနှင်ခဲ့ရာ နောက်ဆုံး နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်နိုင်ခဲ့ပါတယ်။ ပထမဆုံး အမေရိကန်သံအမတ်အဖြစ် (ဟင်နရီကက်ဘော့ချ် လောဒ်) လို့ ထင်မိပါတယ်။

သမ္မတအကြံပေး ဟင်နရီကစ်ဆင်ဂျားဟာ တရုတ်အကူအညီနဲ့ ဗီယက်နမ်စစ်ပွဲ ကိစ္စကို ပြင်သစ်နိုင်ငံပါရီမြို့မှာတောင် ဗီယက်နမ်တော်လှန်ရေး (ယာယီ) အစိုးရ ကိုယ်စားလှယ် လီဒတ်သိုနဲ့ လျှို့ဝှက်စွာတွေ့ဆုံပြီး အကြိမ်ကြိမ်ဆွေးနွေးခဲ့ပါတယ်။ နောက်ဆုံး တရားဝင်ဆွေးနွေးပွဲတွေပြုလုပ်ပြီး ဗီယက်နမ်စစ်ပွဲလည်း ရပ်ဆိုင်းသွားခဲ့ ပါတယ်။ ပြီးဆုံးသွားခဲ့ပါတယ်။

ကစ်ဆင်ဂျားနဲ့ လီဒတ်သိုလို့ အမည်ရတဲ့ သီချင်းလေးတစ်ပုဒ်လည်း ခေတ်စား ခဲ့ပါတယ်။ ထိုအချိန်မှစပြီး သမ္မတအကြံပေး ဟင်နရီကစ်ဆင်ဂျားရဲ့ နာမည်လည်း ကြီးခဲ့ပါတယ်။ နောက်ဆုံး သမ္မတအဆက်ဆက်ဟာ သမ္မတအကြံပေးများကို အဘက် ဘက်က ကျွမ်းကျင်နှံ့စပ်တဲ့ သံတမန်ထုံး နားလည်တဲ့ပုဂ္ဂိုလ်မျိုးတွေကို ရွေးချယ်ပြီး သမ္မတအကြံပေးခန့်အပ်တာကို လေ့လာမိပါတယ်။

ထင်ရှားတဲ့ သမ္မတအကြံပေးတွေကတော့ ရစ်ချက်အယ်လင်၊ အိုလီဗာနောသ့် (အီရန် ကွန်ထရာအရေးကြောင့် နာမည်ကျော်)၊ ဘရာဇင်စကီး၊ ကွန်ဒိုလီဇာရိုက်စ် (နိုင်ငံခြားရေးဝန်ကြီး ခန့်အပ်ခံရ)၊ ဆူဆန်ရိုက်စ်(ယခုလက်ရှိ)။

အမေရိကန်သမ္မတရဲ့ အကြံပေးတွေက အဆင့်အတန်းရှိကြပါတယ်။ သမ္မတတွေ ဝန်ကြီးချုပ်တွေနဲ့ တွေ့ဆုံဆွေးနွေးရတဲ့ သမ္မတအကြံပေးပါ။

ဟင်နရီကစ်ဆင်ဂျားကို ယခု အသက်(၉၀)ကျော် အရွယ်ရှိပေမဲ့ တရုတ်လက်ရှိ သမ္မတ ရှီကျင်ဖျင့်နှင့် ပေကျင်းမြို့က မဟာပြည်သူ့ခန်းမဆောင်မှာ ယခင်တစ်ပတ်ခန့်က တွေ့ဆုံဆွေးနွေးပုံကို တွေ့ခဲ့ရပါတယ်။ တရုတ်နိုင်ငံမှ သမ္မတတိုင်းဟာ ဟင်နရီကစ်ဆင်ဂျား အပေါ်မှာ အမြဲတမ်း လေးလေးစားစား ဆက်ဆံကြတာကို တွေ့ရှိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အစ်မ သမ္မတအကြံပေးရွေးချယ်မယ်ဆိုရင် သတိထားပြီး ရွေးချယ်ပါနော်။ ကလေးတွေရှိတဲ့ သူများယောကျ်ားကို ယူဝံ့တဲ့မိန်းမမျိုး။ သူများတိုင်းပြည်ကို စော်ကားလို့ ဘလက်လစ် သတ်မှတ်ခံရတဲ့သူမျိုးတွေကို သတိထားပါအစ်မ ...

ဘုန်းကြီးလူထွက်နဲ့ ဘာသာရေးယောင်ဆောင် ဗေဒင်ဆရာယောင်ယောင် သူမျိုးတွေကိုလည်း သတိထားပါ။ အစ်မ သမ္မတအကြံပေးဆိုတာ နိုင်ငံတကာအတွေ့အကြုံ သံတမန် အတွေ့အကြုံရှိသူတွေကို အခြေခံပြီး ရွေးချယ်တာပါ။

ယောကျ်ားက စွန့်ပစ်ခဲ့တဲ့၊ ငွေကြေးရှိတဲ့မိန်းမကို ကောက်ယူထားပြီး ကိုယ့်အချင်းချင်းတွေအပေါ်မှာ ဖဲလိမ်ရိုက်တတ်တဲ့ သမ္မတအကြံပေးမျိုးလည်း မရွေးချယ်မိပါစေနဲ့ အစ်မ။

ပြောတော့ နိုင်ငံတကာ အတွေ့အကြုံရှိတဲ့သူ "ဝန်ကြီးရဲ့ဌာနဟာ ဝန်ကြီးဌာန အနေနဲ့ မထားသင့်ပါဘူး။ စနစ်ကလည်း ဒီမိုကရေစီစနစ် ကိုက်ညီမှုမရှိတဲ့အတွက် ဌာနခွဲလေးတစ်ခုအနေနဲ့သာ ထားသင့်ပါတယ်လို့" ဝန်ကြီးကို ပွင့်ပွင့်လင်းလင်း ပြောဆိုတဲ့ အတွက် ဝန်ကြီးက "မဖြစ်ချေဘူး။ အကြံပေးအဖွဲ့ထဲ ထည့်ထားလိုက်မှ ဖြစ်မယ်ဆိုပြီး" သမ္မတ အကြံပေးဖြစ်သွားတာ။ အဲဒီဝန်ကြီးဌာနကို ဘာမှ မဝေဖန်တော့ဘူး။ ဝန်ကြီးလည်း စက်ကိရိယာဈေးငွေတွေနဲ့ ဈေးစားတဲ့အလုပ် ဆက်လုပ်နေတယ်။ သူပြောခဲ့တဲ့ ဝန်ကြီးဌာန ကို ဌာနခွဲလေးအဆင့်သာထားရှိဖို့ ပြောဆိုခဲ့တာကို မသိချင်ယောင်ဆောင်ပြီး "အဲဒီ ဝန်ကြီးဌာနကို နာမည်အသစ်ပြောင်းပြီး ခေါ်ဆိုသင့်ကြောင်း" အလိုက်သင့်ပြင်ပြောဆို တတ်တဲ့သူမျိုးကို အကြံပေးမခန့်ပါနဲ့နော်။ ကုမ္ပဏီထောင်ပြီး သူများလယ်ယာမြေတွေ ခြံခတ်ပြီး ခိုးတဲ့ ငွေဈေးစားတဲ့ဘဏ်သူဌေးလို လူမျိုးကိုလည်း သမ္မတအကြံပေးမခန့်ပါ နဲ့နော် ...

သမ္မတဟောင်းရဲ့ချွေးမပဲ၊ ပညာတော့ တတ်မှာပဲ၊ အကြံပေးခန့်ရင် အထောက် အကူရမှာပဲဆိုပြီး သွားတော့မခန့်လိုက်ပါနဲ့နော်၊ ငါးပါးမှောက်ကုန်ပါ့မယ်။

ဩော် ... နောက်ပြီး သက်ကြီးရွယ်အို ဘိုးဘွားရိပ်သာမှာ အသက်ကြီးဆုံးအဆင့် အရွယ် ၉၀ ကျော် ၁၀၀ အရွယ်တွေကို သမ္မတအကြံပေးခန့်တာ ရှက်ဖို့ကောင်းတယ်နော်၊ ဘယ်နိုင်ငံမှာမှ ဘိုးဘွားရိပ်သာက သက်ကြီးရွယ်အိုမျိုးအဆင့်ကို အကြံပေးခန့်တာ မရှိပါဘူး။

ကျွန်တော်ဟာ ၁၉၆၉–၁၉၇၀ ခုနှစ်များထဲက သိခဲ့တဲ့ အကြံပေးများအကြောင်း နဲ့ ၂၀၁၅ ခုနှစ်အထိ သိခဲ့ရတဲ့ သမ္မတအကြံပေးများအကြောင်းကို ပြောပြခြင်းဖြစ် ပါတယ် အစ်မ။

■

www.burmeseclassic.com

www.burmeseclassic.com

## ကိုမင်းအောင်လှိုင်သို့ အိတ်ဖွင့်ပေးစာ

''ကိုမင်းအောင်လှိုင်ခင်ဗျာ–လေးစားစွာဖြင့် စာရေးသားအပ်ပါသည်။ ကျွန်တော့်ရဲ့ ဒုတိယစာအုပ်ဖြစ်တဲ့ ''ကျုပ်အစ်မ အညာသားသမီး ဒေါ်အောင်ဆန်းစုကြည်'' စာအုပ်တွင် တချို့နေရာများ၌ ကာကွယ်ရေးဦးစီးချုပ်နှင့် ပတ်သက်ပြီး ရေးသားခဲ့တာတွေ ရှိခဲ့ဖူးပါသည်။ အထူးသဖြင့် ကိုမင်းအောင်လှိုင်သည် ရန်ကုန်ကျောင်းသားလောက (စင်ထရယ်ကျောင်းသားဘဝ)တွင် နေထိုင်ခဲ့ဖူးသော ကာကွယ်ရေးဦးစီးချုပ်တစ်ယောက် ဖြစ်သဖြင့် ထူးခြားသည်ဟုဆိုနိုင်ပါသည်။ ကိုမင်းအောင်လှိုင်သည် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းတွင် နေထိုင်ပြီး စတိတ်ကျောင်းသားဘဝ၌ (၁၉၆၉)ခုနှစ် ပဉ္စမအကြိမ်မြောက် ကျွန်းဆွယ်အားကစားပွဲသပိုင်း ကျောင်းဆောင်များမှာ ဖြစ်ပွားခဲ့သော ကျောင်းသားအရေးအခင်းနှင့် (၁၉၇၀)ခုနှစ် ကျောင်းသားပွဲတော်အရေးအခင်းများကို သိမှီခဲ့သော ကျောင်းသားတစ်ယောက်ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

ရန်ကုန်ကျောင်းသားလောက ကျောင်းသားများဘဝကို မည်သည့်ကာကွယ်ရေးဦးစီးချုပ်နှင့်မျှ မတူသောဘဝကို ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံရှိသူတစ်ဦးအဖြစ် အသိအမှတ် ပြုမိပါသည်။

ကျွန်တော်သည် တပ်မတော်ဖခင်ကြီးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းကို ငယ်စဉ်ကလေးဘဝကတည်းက ယခုအသက် (၆၀) ကျော်ကာလထိတိုင် ကိုးကွယ်ခဲ့သူဖြစ်သည့်အတွက် တပ်မတော်ဖခင်ကြီးသားတွေဖြစ်တဲ့ တပ်မတော်သားတွေကိုလည်း ငယ်စဉ်ကတည်းက လေးစားခင်မင်ခဲ့သူဖြစ်ပါသည်။ သို့သော် တပ်မတော်တစ်ခုလုံးကို အသုံးချပြီး ကိုယ်ကျိုးအတွက် ဆောင်ရွက်ခဲ့သူတွေကြောင့် တပ်မတော်သား တချို့အပေါ်မှာတော့ အမြင်မကြည်လင်မှု၊ နာကျည်းမှုတွေတော့ ဖြစ်ခဲ့ရပါသည်။ တပ်မတော်တစ်ခုလုံးအပေါ်မှာတော့ မဟုတ်ပါဘူး ဒါဟာလည်း ကျွန်တော်တစ်ယောက်တည်းတော့ မဟုတ်ပါဘူး ပြည်သူလူထုထဲကပါ ဒီသဘောထားမျိုးရှိနေခဲ့ပါတယ် ဒါဟာလည်း ငြင်းပယ်လို့မရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်သားတွေဟာ စစ်ရေးအမြင်တစ်ခုတည်းကိုပဲ နားလည်ကျွမ်းကျင်သူတွေ ဖြစ်ပါတယ်။ ကျန်တဲ့နိုင်ငံရေး၊ အုပ်ချုပ်ရေးအမြင်တွေ နားလည်ကျွမ်းကျင်မှုအမြင်တွေမရှိခဲ့ပါဘူး။ မရှိခဲ့လို့လည်း (၂၆) နှစ်တာကာလ အဖြစ်အပျက်တွေ (၂၂) နှစ်ကာလ အဖြစ်အပျက်တွေက သက်သေခံနေပါတယ်။

(၂၆) နှစ်တာကာလတစ်ခုလုံးမှာလည်း စစ်ရေးအမြင်ရှိသူတွေ၊ စစ်ရေးကျွမ်းကျင်သူတွေကသာ နိုင်ငံရေး၊ အုပ်ချုပ်ရေးတွေကို ဝင်ရောက်စွတ်ဖက် အုပ်ချုပ်ခဲ့ကြတာပါ၊ (အရပ်သားတစ်ယောက်၊ နှစ်ယောက် (ဦးသီဟန်၊ ဒေါက်တာညီညီ) လောက်တော့ပါခဲ့ပေမဲ့ စစ်ရေးအမြင်ကျွမ်းကျင်သူတွေရဲ့ နိုင်းတာလုပ်ခဲ့ရတဲ့အဆင့်ပါ)

နောက်တစ်ခါ (၂၂) နှစ်ကာလတစ်ခုလုံးမှာလည်း စစ်ရေးအမြင်ရှိသူ၊ စစ်ရေးကျွမ်းကျင်သူတွေက နိုင်ငံရေး၊ အုပ်ချုပ်ရေးကို ဝင်ရောက်လုပ်ကိုင်ပြန်ပါတယ်။ ဒေါက်တာဖေသိန်းကို ဗိုလ်မှူးကြီးဝတ်စုံ ဝတ်ပေးပြီး (ကျန်းမာရေးတာဝန်)၊ ဦးအုံးဂျော်နဲ့ ဦးခင်မောင်ဝင်း (နိုင်ငံခြားရေး) အတိတ်က သင်ခန်းစာနှင့် အတွေ့အကြုံတွေကိုယူပြီး လုပ်မယ်လို့အောက်မေ့မိပေမဲ့. . . (၂၆) နှစ်ကာလူတွေထက် ပိုဆိုးပြန်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့်လည်း တပ်မတော်က လူထုထောက်ခံမှု ပိုပြီးကျဆင်းသွားစေခဲ့ပါတယ်။

တပ်မတော်သားတွေဟာ စစ်ရေးအမြင်တစ်ခုတည်းကိုပဲ နားလည်ကျွမ်းကျင်သူတွေလို့ပြောတာကိုတော့ အပြစ်မမြင်စေချင်ပါ၊ သက်သေသာဓကတွေနဲ့ ရှင်းလင်းပြောဆိုပြပါမည်။

တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့တဲ့တပ်မတော်ဟာ (၁၉၅၇) ခုနှစ်အထိတော့ စစ်ရေးအမြင်ရှိတဲ့ တပ်မတော်တစ်ခုအဖြစ် ရပ်တည်ခဲ့ ပေမဲ့၊ (၁၉၅၈) ခုနှစ်မှာတော့ နိုင်ငံရေး၊ အုပ်ချုပ်ရေးအာဏာကို စိတ်ဝင်စားတဲ့ တပ်မတော်သား တချို့ကြောင့် အိမ်စောင့်အစိုးရအဖြစ် တစ်နှစ်ခွဲကျော်ကြာတဲ့အထိ အုပ်ချုပ်ခွင့်ရခဲ့ပါတယ်။

ဒါတောင် အရပ်သားအများစုပါဝင်တဲ့ အစိုးရအဖွဲ့သဏ္ဌာန် အုပ်ချုပ်ရေးပုံစံမျိုးကိုပဲ လုပ်ခဲ့တာပါ။ အဲဒီမှာတင် အုပ်ချုပ်ရေးနဲ့အာဏာ၊ အရသာသဘော သဘာဝတွေကို နားလည်တီးခေါက်မိပြီး အုပ်ချုပ်ရေးအာဏာကို ဘယ်လိုရယူနိုင်တယ်ဆိုတဲ့ သဘောတရားကို သိရှိသွားခဲ့ပါတယ်။ ဒါကြောင့်လည်း (၁၉၆၂) ခုနှစ် မတ်လ (၂၇) ရက်နေ့မှာ တိုင်းပြည်ချောက်ထဲကျဖို့ လက်နှစ်လုံးပဲ လိုပါတော့တယ်ဆိုပြီး အာဏာသိမ်းမှုကို စတင်ခဲ့ပါတယ်။

တော်လှန်ရေးကောင်စီအဖွဲ့ဆိုပြီး ဗိုလ်မှူးကြီး၊ ဗိုလ်မှူးချုပ်တွေပါတဲ့ စစ်ကောင်စီတစ်ရပ်ဖွဲ့စည်းကာ အုပ်ချုပ်ရေးကို စတင်ခဲ့ပါတယ်၊ နိုင်ငံရေးသမားများ

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးကျွမ်းကျင်သူများ တစ်ယောက်မှမပါ။ နောက်ပိုင်းကျမှ အရပ်သား တစ်ဦးဖြစ်တဲ့ ဦးသိဟန်ကို တော်လှန်ရေးအစိုးရအဖွဲ့မှာ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ထည့်သွင်းတာဝန်ပေးပါတယ်၊ အားလုံးကတော့ စစ်ရေးအမြင်ရှိသူတွေပါ။ ဒါကြောင့်လည်း ကာကွယ်ရေးဦးစီးချုပ်နဲ့ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌဖြစ်တဲ့ ဗိုလ်ချုပ်ကြီးနေဝင်းဟာ ဖက်ဆစ်တော်လှန်ရေးကာလတုံးက. တိုင်း (၂) မြစ်ဝကျွန်းပေါ်ဒေသ၊ ဖျာပုံ၊ ဒေးဒရဲ ဘက်မှာ တာဝန်ယူတွဲလုပ်ခဲ့တဲ့ တော်လှန်ရေးကာလ နိုင်ငံရေးခေါင်းဆောင် သခင်စိုးရဲ့ တပည့် အလံနီကွန်မြူနစ်ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ (မြေအောက်တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေချိန် ရန်ကုန်မြို့မှာဖမ်းမိခဲ့တဲ့) သခင်တင်မြကို ခေါ်ယူတွေ့ဆုံပြီး ပြောတဲ့စကားက..

"ငါ့ကောင်တွေ (တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးချုပ်၊ ဗိုလ်မှူးကြီးတွေကို ဆိုလိုတာဖြစ်) က နိုင်ငံရေးနားလည်တဲ့ကောင်တွေ တစ်ကောင်မှမပါဘူး၊ မင်းတို့ နိုင်ငံရေးနားလည်တဲ့သူတွေက ပါဝင်ပြီးကူညီကြပါကွာ"လို့ သမိုင်းဝင်စကားကို ပြောခဲ့ပါတယ်။ (သခင်တင်မြဆောင်းပါးစာအုပ်များတွင် ရေးသားထားပါသည်။)

အဲဒီလိုပြောဆိုပြီး မကြာခင်မှာပဲ တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးကြီးသန်းစိန်၊ ဗိုလ်မှူးကြီးကျော်စိုးတို့ နေထိုင်တဲ့ ဂေါ်ဒဝင်လမ်းက နေအိမ်နောက်က တန်းလျား (ကားဂိုဒေါင်ဘေးနား) ညဘက်ဆို နိုင်ငံရေးသင်တန်းဆွေးနွေးပွဲ(ဆိုရှယ်လစ် သဘောတရားပို့ချပွဲ) ပြုလုပ်လေ့ရှိပါတယ်။ (အရက်ဝိုင်းလေးလည်း ပါပါတယ်။) လာရောက်ပို့ချသင်ကြားပေးသူကတော့ တော်လှန်ရေးကာလမှာ ဆိုရှယ်လစ်သဘောတရား လေ့လာရေး (၇ ရက်သင်တန်း) ဆရာကြီး ဦးကိုကိုကြီး (သိန်းလေးဆယ် ကိုကိုကြီး)ရဲ့ သင်တန်းကို တက်ရောက်ဖူးခဲ့တဲ့ ဆိုရှယ်လစ်ဝါဒီ(ဆိုရှယ်နီ) ဦးဘငြိမ်း (မဆလခေတ်၊ ဗဟိုအလုပ်သမားကောင်စီဥက္ကဋ္ဌ) ဖြစ်ပါတယ်။

အဲဒီအချိန်က တော်လှန်ရေးကောင်စီအစိုးရရဲ့ မဆလပါတီ(အမြုတေပါတီ) ခေတ်ဖြစ်ပါတယ်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းဟာ ဆိုရှယ်လစ် နိုင်ငံရေးသမားတွေ (ဆိုရှယ်နီ)နဲ့ ရင်းနှီးခဲ့သူဖြစ်လို့ မြန်မာ့နည်း မြန်မာ့ဟန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ခဲ့တာဖြစ်ပါတယ်။ မှတ်မိသမျှထဲက တော်လှန်ရေးကောင်စီခေတ် မဆလဒေါက်တိုင်တွေကတော့ ဦးဘငြိမ်း၊ သခင်တင်မြ၊ ရဲဘော်ချမ်းအေး (ခ) မောင်စူးစမ်းနဲ့ ကိုသိန်းလွင် (ခ) မောင်သာရတို့ ဖြစ်ပါတယ်။ အဲဒီမှာ အဓိက ဆိုလိုချက်က တပ်မတော်သားတွေ (စစ်သားတွေ၊ စစ်ရေးအမြင်ရှိတဲ့သူတွေ)ဟာ နိုင်ငံရေးအုပ်ချုပ်ရေးဆိုတာကို နားမလည်ပါဘူးဆိုတာကို မြန်မာ့ကာကွယ်ရေးဦးစီးချုပ်တစ်ယောက်ရဲ့ ပြောဆိုဝန်ခံချက်ပဲ ဖြစ်ပါတယ်။

အဲဒီလိုပဲ နောက်တစ်ခါမှာလည်း (၂၆ နှစ်ကြာပြီးချိန်) မြန်မာ့ကာကွယ်ရေး

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မြင်ဖူး၊ တွေ့ဖူး၊ သိဖူး၊ ကျွမ်းဖူး ဖြစ်နေတာ နှစ်ပေါင်း ၂၀ ကျော်ပြီ။ တွေ့ရာနေရာမှာ သူ့ကိုကြည့်လိုက် စုတ်စုတ်ပြုတ်ပြုတ်ပဲ။ သားသားနားနားရယ်လို့ မြင်ရခဲတယ်။ တီရှပ်ဝတ်ထားတယ်။ ဗိုလ်ချုပ်အောင်ဆန်းပုံတီရှပ်၊ ဒေါ်အောင်ဆန်း စုကြည်ပုံ တီရှပ်။ ဒါပဲ။

သူ့ကို အဲဒီလိုပုံစံနဲ့ မြင်လာခဲ့၊ တွေ့လာခဲ့ရတာနှစ်ပေါင်းကြာခဲ့ပြီ။ နှစ်ပေါင်း ၂၀ ကျော်လား၊ နှစ်ပေါင်းအစိတ်ကျော်လား၊ တကယ့်အကြာကြီး ကြာခဲ့ပြီ။ ထောက်လှမ်းရေး အမေးအစစ်တွေကို တစ်စက်ကလေးမှမဖြုံ။ ဒီပုံ ဒီပုံပဲ။ ဒီအလုပ် ဒီအလုပ်ပဲ။ ဒေါ်စု ခရီးထွက်နေတဲ့အချိန်တွေမှာ သူက အိမ်စောင့်၊ ဒေါ်စု ထောင်ကျနေတဲ့အချိန်မှာ သူက ထမင်းပို့၊ နိစ္စပတ်ဝတ်မပျက်။

နိုင်ငံရေးပါတီတစ်ခုမှာ ခေါင်းဆောင်ကို ဝပ်တွားခစား၊ အနားပျာတာ၊ ဖားတာဟာ မဆန်းဘူး။ လူတိုင်းလုပ်တယ်။ လူတိုင်း လုပ်တတ်တယ်။ လူတိုင်း လုပ်ချင်တယ်။ ,

မိုယ်းလင်းလို မြတ်နိုးကိုးကွယ်စိတ်နဲ့ ပါတီကို ချဉ်းကပ်သူ၊ ခေါင်းဆောင် ကို ဆည်းကပ်သူတော့ ရှာလို့မရ။ ရှာမှ ရှားတယ်။

မိုယ်းလင်းဆိုတာ 'ဖိုးလေး' ပါ။

ဟံသာဝတီ ဦးဝင်းတင်
၁-၂-၂၀၁၃
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



ဦးစီးချုပ်တစ်ယောက်ရဲ့ နိုင်ငံရေးအုပ်ချုပ်ရေးတွေကို နားမလည်ပါဘူး။ မသိပါဘူး၊ မလုပ်တတ်ပါဘူးလို့ ပြောခဲ့တာရှိပါသေးတယ်။

(၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၇)ရက်နေ့ ည (၁၁း၁၀)နာရီကျော် အချိန်မှာ) ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်ဟာ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နဲ့အတူ စက်တင်ဘာလ (၁၇)ရက်နေ့ ညနေ (၄)နာရီကျော်အချိန်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံး (စစ်ဌာနချုပ်ရုံး)ကနေ အေဒီလမ်း၊ အမှတ် (၂၉)မှာ နေထိုင်တဲ့ ဦးနေဝင်းအိမ်ကို လူစီးဘာရင်းကယ်ရီယာ(၂)စီးနဲ့ တွေ့ဆုံဖို့ ထွက်ခွာလာရာ ဦးနေဝင်းအိမ်ကို ည(၁၀)နာရီကျော်မှ ရောက်ရှိသွားပါတယ်။ လမ်းမှာ အတားအဆီးများ သစ်ပင်ကိုင်းများကို ဖယ်ရှားပြီးသွားနေရလို့ နောက်ကျပြီးမှ ရောက်ရှိသွားခဲ့ရခြင်းဖြစ်ပါတယ်။

ဦးနေဝင်းအိမ်ရောက်ရှိတဲ့အခါ ဦးနေဝင်းက တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေ မေးမြန်းပြောဆိုပြီး "မင်းတို့ တပ်မတော်ကနေ နိုင်ငံတာဝန်အရပ်ရပ်ကို တာဝန်ယူပြီးထမ်းဆောင်ဖို့"(အာဏာသိမ်းဖို့) ပြောဆိုတဲ့အခါ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်က –

"ကျွန်တော်တို့မှာ စစ်ရေးအမြင်ပဲ နားလည်တာပါ၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးတွေကို နားမလည်ပါဘူးခင်ဗျာ"လို့ ပြန်ပြောပါတယ်။ အဲဒီအခါ ဦးနေဝင်းက

"မောင်မောင် (ဒေါက်တာမောင်မောင်) ရှိတယ်လေကွာ။ မောင်မောင်က နိုင်ငံရေး၊ အုပ်ချုပ်ရေး ဥပဒေရေးရာတွေ နားလည်တဲ့သူ၊ သူက ဘေးကနေပိုင်းပြီး ကူညီမှာပေါ့"လို့ သမိုင်းဝင်စကားပြောဆိုတာကို (အကျဉ်းစံဘဝကနေ ပြန်လည်လွတ်မြောက်လာတဲ့ တပ်မတော် ထောက်လှမ်းရေးမှူးချုပ်ဟောင်းနဲ့ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ အင်တာဗျူးမှာ (တပ်မတော်သားတွေဟာ နိုင်ငံရေး၊ အုပ်ချုပ်ရေးတွေကို နားမလည်ပါဘူးလို့ (၁၉၆၂)ခုနှစ် မှာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ (၁၉၈၈)ခုနှစ်မှာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်တို့ နှစ်ယောက်က မြန်မာ့သမိုင်းမှာ ဝန်ခံပြောဆိုခဲ့တာဟာ သက်သေသာဓကအဖြစ် တည်ရှိခဲ့ပါတယ်။ နောင်လာနောက်သားတွေ သိရှိစေဖို့ အားလုံးမှတ်တမ်းတင်ထားကြပါသည်။)

တကယ်တော့ တပ်မတော်သားတွေ နိုင်ငံရေးလုပ်ချင်တယ်၊ နားလည်ချင်တယ်ဆိုရင် တပ်ကနေ နုတ်ထွက်ပြီး အရပ်သားဘဝနဲ့ နိုင်ငံရေးပါတီတစ်ခုခုသို့ ဝင်ရောက်၍လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ခုခု တည်ထောင်၍လည်းကောင်း လုပ်နိုင်ပါတယ်၊ လုပ်ခွင့်လည်းရှိပါတယ်။ (တပ်ကနေ နုတ်ထွက်ပြီး ဒီပါတီကဝင်အရွေးခံဆိုပြီး ပုံသေနည်းတော့ မလုပ်သင့်ပါ။)

မြန်မာနိုင်ငံအနေနဲ့ သာဓကပြောရမယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းကိုကြည့်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်ကြီး ပြီးတဲ့အခါ မြန်မာ့တပ်မတော် တည်ထောင်ဖို့အတွက်၊ ဖွဲ့စည်းဖို့အတွက် မဟာမိတ်တပ်ဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီး လော့ဒ်မောင့်ဘက်တန်(ဘားမား)နဲ့ သီဟိုဠ်ကျွန်းနိုင်ငံ ကန္ဒီမြို့မှာ တွေ့ဆုံဆွေးနွေးပြီး ပြန်လာတဲ့အခါ နိုင်ငံရေးလုပ်ဖို့အတွက် နိုင်ငံရေးသမားအဖြစ်နေထိုင်ဖို့ စစ်တပ်မှ နုတ်ထွက်ပြီး အရပ်သားဘဝနဲ့ (ဖဆပလအဖွဲ့ချုပ်ကြီး)မှာ နိုင်ငံရေးတာဝန်တွေ ထမ်းဆောင်ခဲ့တာ သက်သေသာဓကပါ (ဖားတစ်ပိုင်း ငါးတစ်ပိုင်းဘဝမျိုး မလုပ်ပါဘူး၊ မနေခဲ့ပါဘူး)။ ဗိုလ်ချုပ်အောင်ဆန်းဟာ မိမိနဲ့အတူ ဂျပန်မှာ စစ်ပညာသင်ကြားခဲ့တဲ့ စစ်ရေးအမြင်ရှိတဲ့သူတွေကို စစ်တပ်ကိုဦးစီးဖို့ တာဝန်မပေးဘဲ သခင်ဗဟိန်းကို ဘာကြောင့် တာဝန်ပေးရသလဲဆိုတော့ တော်လှန်ရေးကာလတုန်းက သခင်ဗဟိန်းရဲ့ စွမ်းဆောင်ချက်တွေရယ်၊ သခင်ဗဟိန်းရဲ့ ရှပ်ရှပ်ချွံချွံ တိုက်နိုင်ခဲ့တာတွေကို သိထားခဲ့လို့ တပ်ကို အပ်နှံချင်တာဖြစ်ပါတယ်။ ကွန်မြူနစ်ပါတီကို တရားဝင်တောင်းဆိုတာဖြစ်ပေမဲ့ ကွန်မြူနစ်ပါတီက သခင်ဗဟိန်းကို မပေးခဲ့ပါဘူး။ အဲဒါနဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ ရဲဘော်သုံးကျိပ်ထဲမှာ သူ အယုံကြည်ရဆုံး ရဲဘော်ရဲဘက်ဖြစ်တဲ့သူကို ဦးစီးကွပ်ကဲဖို့ ဗိုလ်လက်ျာကို တာဝန်ပေးခဲ့ပါတယ်။ (စစ်တပ်ကို သခင်ဗဟိန်းက တာဝန်ယူဦးဆောင်ဖို့ စီစဉ်တာကို သခင်ဗဟိန်းတို့က လက်မခံလို့ ပျက်သွားပါတယ်။)

နိုင်ငံတကာမှာကြည့်မယ်ဆိုရင်လည်း ဒုတိယကမ္ဘာစစ်ရဲ့ စစ်သူရဲကောင်းကြီးတွေဖြစ်တဲ့ ပြင်သစ်နိုင်ငံက ဗိုလ်ချုပ်ကြီးချားလ်စ်ဂေါလ်ဟာ စစ်တပ်ကထွက်ပြီး အရပ်သားဘဝနဲ့ နိုင်ငံရေးပါတီ (ဒီဂေါလ်ပါတီ) တည်ထောင်ပြီး သမ္မတဝင်ရောက် အရွေးခံတဲ့အတွက် သမ္မတအဖြစ် တင်မြှောက်ခြင်းခံရပါတယ်။

အမေရိကန်မှာလည်း ဒုတိယကမ္ဘာစစ်ရဲ့ စစ်သူရဲကောင်း ဗိုလ်ချုပ်ကြီး အိုက်စင်ဟောင်ဝါလည်း စစ်တပ်ကထွက်ပြီး ရီဘတ်ဘလီကန်ပါတီကနေ သမ္မတ အဖြစ် ဝင်ရောက်အရွေးခံရာမှာ သမ္မတအဖြစ် တင်မြှောက်ခြင်း ခံခဲ့ရပါတယ်။

ထို့အတူ ဖိလစ်ပိုင်နိုင်ငံရဲ့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖီဒယ်ရာမို့စ်ဟာ အာဏာရှင်မားကို့စ်ကို ဖြုတ်ချရာမှာ ပြည်သူတွေဘက်က ရပ်တည်တဲ့အတွက် လူထုထောက်ခံမှုရရှိပြီး စစ်တပ်မှထွက်ကာ သမ္မတအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရာမှာ သမ္မတအဖြစ် တင်မြှောက်ခြင်း ခံရပါတယ်။ (၂၀၁၄ ခုနှစ်က ကိုမင်းအောင်လှိုင်တို့ နေပြည်တော်ကို လာလည်ခဲ့ပါတယ်)။

အင်ဒိုနီးရှားနိုင်ငံမှာဆိုရင်လည်း စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးဟောင်း ဆူဟာတို ဖြုတ်ချခံရပြီး အရပ်သားသမ္မတနှစ်ယောက် တက်လာပြီးနောက်ပိုင်းမှာ ဗိုလ်ချုပ်ကြီးဟောင်း ဆူစီလိုဘန်းဘန်းယူဒိုယူနိုဟာ အဖွဲ့ဝင် (၉၀)နဲ့ နိုင်ငံရေးပါတီ တည်ထောင်ပြီး သမ္မတ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရာမှာ သမ္မတအဖြစ် နှစ်ကြိမ်တိုင်အောင် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။ နိုင်ငံရေးသမားတွေနဲ့ ပြည်သူတွေကို နှိပ်စက်ညှဉ်းပန်းခဲ့တဲ့ ဗိုလ်ချုပ်ကြီးတွေကိုတော့ ပြည်သူတွေက မနှစ်သက်ဖူး မရွေးချယ်ဖူးဆိုတာ မကြာမီက ကျင်းပပြီးစီးသွားတဲ့ အင်ဒိုနီးရှားသမ္မတ ရွေးကောက်ပွဲမှာ နိုင်ငံရေးသမားတွေ ပြည်သူတွေကို နှိပ်စက်ညှဉ်းပန်းခဲ့တဲ့ ထောက်လှမ်းရေးမှူးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးဟောင်း ပရာဘိုဟိုဆူဘီယန်တို့ကို မရွေးချယ်ဘဲ အရပ်သားမြို့တော်ဝန် ဂျိုကိုဝီဒိုဒိုကို သမ္မတအဖြစ် ရွေးချယ်လိုက်ခြင်းက သက်သေပြခဲ့ပါတယ်။

ကမ္ဘာပေါ်မှာ စစ်တပ်က အာဏာသိမ်းပြီး တိုင်းပြည်ရဲ့အာဏာကို ရယူခဲ့တဲ့ ဗိုလ်ချုပ်ကြီးတော်တော်များများဟာ ဘဝဇာတ်သိမ်း မလှသူတွေက များခဲ့ပါတယ်။ ချီလီနိုင်ငံမှာ အာဏာသိမ်းယူခဲ့တဲ့ ဗိုလ်ချုပ်ကြီး ပီနိုချေးဟာ အသက် (၈၀)ကျော်အရွယ်မှာ တစ်ချိန်က (၁၉၇၃)ခုနှစ် အာဏာသိမ်းယူမှုဂယက်နဲ့ ထောင်ထဲဝင်ခဲ့ရပါတယ်။ ပနားမားနိုင်ငံမှာ အာဏာသိမ်းယူခဲ့တဲ့ ဗိုလ်ချုပ်ကြီး နိုရီရေးဂါးဟာ ထောင်သွင်း အကျဉ်းကျခံရပြီး အမေရိကန်အကျဉ်းထောင်ထဲအထိတောင် သွားရောက်ကျခံရတဲ့ သာဓကလည်း ရှိခဲ့ပါတယ်။

ယူဂန္ဒာနိုင်ငံမှာ အာဏာသိမ်းယူခဲ့တဲ့ စစ်အာဏာရှင်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး အိုင်ဒီအာမင်ရဲ့ ဘဝဟာလည်း တိုင်းပြည်က ထွက်ပြေးရပြီး သူတစ်ပါးနိုင်ငံမှာ မထင်မရှားနဲ့ ကွယ်လွန်သွားခဲ့ရပါတယ်။ တူရကီနိုင်ငံမှာလည်း ခဏခဏ အာဏာသိမ်းတဲ့ ဗိုလ်ချုပ်ကြီးတွေဟာ အာဏာမမြဲခဲ့ပါဘူး။ (ထောင်ထဲ တန်းစီဝင်ခဲ့ကြပါတယ်။)

အာရှတိုက်က ပါကစ္စတန်နိုင်ငံမှာလည်း ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မာရှယ်အယွတ်ခန်းနဲ့ ဒုတိယအကြိမ် အာဏာသိမ်းယူ၊ လေယာဉ်ပျက်ကျပြီး ကွယ်လွန်သွားတဲ့ ဗိုလ်ချုပ်ကြီးဇီယာအူလ်ဟတ်ခ်တို့ရဲ့ ဘဝတွေကလည်း အဖြစ်ဆိုးလှပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ အာဏာသိမ်းယူခဲ့တဲ့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇီယာရာမန်ဟာ လုပ်ကြံသတ်ဖြတ်တာကို ခံခဲ့ရပါတယ်။ နောက်ထပ် အာဏာသိမ်းယူခဲ့တဲ့ ဗိုလ်ချုပ်ကြီးအာရှတ် (အရပ်သားအဖြစ် ပါတီထောင်ပြီး သမ္မတဝင်ရွေးဖူးသူ)တို့ဟာ ဇာတ်သိမ်းမလှခဲ့ကြပါဘူး။ အာဏာသိမ်းယူတဲ့သူတွေရဲ့ နောက်ဆုံးဘဝတွေဟာ အကျိုးပေးချင်းတူညီစွာ ခံစားသွားကြရတာဟာ သံဝေဂရစရာတွေပါပဲ မှတ်သားစရာပါပဲ။

ကမ္ဘာပေါ်မှာ အာဏာသိမ်းခဲ့တဲ့ ဗိုလ်ချုပ်ကြီးတွေထဲမှာ ဇာတ်သိမ်းလှသူဆိုလို့ နှစ်ယောက်ပဲပြစရာရှိပါတယ်။ အာဂျင်တီးနားနိုင်ငံက ဗိုလ်ချုပ်ကြီးပီရွန်နဲ့ စပိန်နိုင်ငံ ဗိုလ်ချုပ်ကြီး ဖရန်ကိုတို့ပဲ ဖြစ်ပါတယ်။ အာဂျင်တီးနားနိုင်ငံက ဗိုလ်ချုပ်ကြီး ဂျူအန်ပီရွန်ဆိုရင် အရပ်သားဘဝနဲ့ (ပီရွန်နစ်ပါတီ) တည်ထောင်ပြီး သမ္မတအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရာမှာ

www.burmeseclassic.com

www.burmeseclassic.com



အနိုင်ရရှိခဲ့သလို ဇနီးဖြစ်သူ အီဗာပီရွန်ဟာလည်း သမ္မတအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရာမှာ သမ္မတ ဖြစ်ခဲ့ဖူး ပါတယ်။

(ကမ္ဘာကျော်အဆိုတော် မက်ဒေါ်နားက အာဂျင်တီးနား သမ္မတအဖြစ် EVITA ဆိုတဲ့ ရုပ်ရှင်ကားကို ရိုက်ကူးခဲ့ပါသည်) စပိန်နိုင်ငံက ဗိုလ်ချုပ်ကြီးဖရန်ကိုဟာ နှစ်ပေါင်း (၃၀)ကျော်ကြာ အာဏာသိမ်းယူခဲ့သော်လည်း အာဏာစွန့်တဲ့အခါ စပိန်ဘုရင်မင်းဆက်ကို အာဏာပြန်ပေးဖို့အတွက် မင်းသားဟွမ်ကာလိုစ်ကို ပြည်ပကနေ ပြန်လည်ခေါ်ယူပြီး စပိန်ဘုရင်အဖြစ် တင်မြှောက်ခဲ့သူဖြစ်သည့်အတွက် ပြည်သူအားလုံးက ကြည်ဖြူခဲ့ကြပါတယ်။

စစ်ရေးအမြင်ရှိသူတွေ၊ စစ်အရာရှိတွေကို ကာကွယ်ရေးဝန်ကြီးခန့်တာက သဘာဝကျပါတယ်။ တချို့နိုင်ငံတွေမှာဆိုရင် မိန်းမတွေကိုတောင် ကာကွယ်ရေးဝန်ကြီး ခန့်တဲ့ သာဓကတွေလည်းရှိခဲ့ပါတယ်။ အီရတ်စစ်ပွဲ၊ အာဖဂန်နစ္စတန်စစ်ပွဲတွေမှာ နာမည်ကြီးခဲ့တဲ့ ဗိုလ်ချုပ်ကြီးကောလင်းပါဝယ်လ်ဆိုရင် နိုင်ငံခြားရေးဝန်ကြီး ခန့်အပ်ခံရတဲ့အတွက် အံမဝင်ခွင်မကျတဲ့ အခက်အခဲတွေ ဖြစ်ပေါ်ခဲ့ဖူးပါတယ်။ သူက စစ်ရေးအမြင်ပဲ ထူးချွန်သူပါ။ နိုင်ငံခြားရေးမူဝါဒတွေကိုနားလည်တဲ့ နိုင်ငံရေးသမားမဟုတ်ခဲ့တော့ ခက်ခဲတာတွေကြုံတွေ့သွားရသူပါ။ (အခုဆို ဘယ်ပျောက်လို့ ဘယ်ရောက်နေမှန်း မသိအောင်ပါပဲ)

ဒုတိယကမ္ဘာစစ်ကြီး ပြီးခါနီးမှာ စစ်သားကြီးဖြစ်တဲ့ အမေရိကန်ဗိုလ်ချုပ်ကြီး ဂျော့ပက်တန်ဟာ စစ်ပြေငြိမ်းချမ်းရေးအတွက် နိုင်ငံရေးအရ ဆွေးနွေးပွဲမှာ စစ်သားပီပီ စစ်စကားပြောဆိုမိလို့ ရာထူးက နုတ်ထွက်ဖယ်ရှားခြင်း ခံလိုက်ရပါတယ်။ နိုင်ငံရေးနဲ့ စစ်ရေးရောယှက်လို့မရပါဘူးဆိုတာ ထင်ရှားတဲ့ သာဓကတစ်ရပ်ပါ။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေမှာလည်း အရပ်သားတချို့ ပါဝင်နေတာကို နှစ်ဖက်အဖွဲ့အစည်းတွေကြားမှာ ကြည့်ရှုမြင်နိုင်ပါတယ်။ ကမ္ဘာ့အုပ်ချုပ်ရေး အဖွဲ့အစည်းတွေမှာ လူရွေးချယ်ရင် အရပ်သားကိုပဲ ရွေးချယ်ပါတယ်။ စစ်ဗိုလ်၊ စစ်သားတွေဆို မရွေးချယ်ပါ။ ဥပမာ မြန်မာနိုင်ငံကဆိုရင် ဦးသန့်၊ အီကာဖေးဦးညွန့်၊ ဒေါက်တာကိုကို နောက်ဆုံး UN မှာ လက်ထောက်အတွင်းရေးမှူး ရာထူးနေရင်းနဲ့ နအဖခေတ်မှာ ဗိုလ်ခင်ညွန့်နဲ့ လာလာတွေ့လို့ ရာထူးကဖယ်ရှားပစ်ခံရတဲ့ ဒေါက်တာနေဒွန်း ...(အခုအချိန်ထိ ဘယ်ပျောက်လို့ ဘယ်ရောက်မှန်းမသိ။)

နိုင်ငံရေးလုပ်မယ်ဆိုရင် နဂိုမူလထဲက နိုင်ငံရေးအခြေခံစိတ်ဓာတ်ကို ကျောင်းသားဘဝထဲက နိုင်ငံရေးစိတ်ဓာတ်မွေးမြူနိုင်မှ နိုင်ငံရေးသမားဖြစ်မှာပါ၊ မြန်မာနိုင်ငံရဲ့သမိုင်းမှာ ထင်ရှားကျော်ကြားတဲ့ နိုင်ငံရေးသမားတွေဟာ၊ နိုင်ငံ့ခေါင်းဆောင်ဖြစ်ခဲ့တဲ့သူတွေဟာ ကျောင်းသားဘဝထဲက နိုင်ငံရေးစိတ်ဓာတ်ကို အခြေခံလာခဲ့ကြတာပါ။ ကျောင်းသား သမဂ္ဂခေါင်းဆောင်လုပ်ခဲ့ကြသူတွေပါ။ ၁၉၂၀ ကျောင်းသားသပိတ်ကစလို့ မြန်မာနိုင်ငံမှာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးသမားတွေ နိုင်ငံရေးအသင်းအဖွဲ့တွေ ပေါ်ထွန်းလာခဲ့တာပါ။ နိုင်ငံရေးသမားစစ်စစ်တွေပါ၊ ဘယ်စစ်ဗိုလ် ဘယ်စစ်သားတွေမှ နိုင်ငံရေးသားမစစ်စစ်အဖြစ် ပေါ်ထွန်းလာခြင်း မရှိသေးပါ။ စစ်သားထဲမှာ နိုင်ငံရေးသမားစစ်စစ်ဖြစ်တာဆိုလို့ ဗိုလ်ချုပ်အောင်ဆန်း တစ်ယောက်ပဲ ရှိခဲ့မယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ သာဓကပြလို့ရတဲ့ ကာနယ်ကြီးတစ်ယောက်တော့ ရှိခဲ့ပါတယ်၊ ဗိုလ်အောင်ကျော် ကျဆုံးရတဲ့ ဆန္ဒပြပွဲမှာ အလံကိုင်ပြီး အရိုက်ခံရတဲ့ ကျောင်းသားတစ်ယောက်ဟာ နောင်တစ်ချိန်မှာ ကာနယ်ဗိုလ်ကြီးဖြစ်၊ တိုင်းမှူးဖြစ် ရာထူးကနုတ်ထွက်ပြီး ပါတီတစ်ခုရဲ့ ခေါင်းဆောင်ဖြစ်ပြီး လူထုကြည်ညိုတဲ့ ခေါင်းဆောင် တစ်ယောက် ဖြစ်ခဲ့ဖူးပါတယ်။ (ကာနယ်ကြည်မောင်)

ဗိုလ်ချုပ်အောင်ဆန်းဟာ ကျောင်းသားဘဝတည်းက နိုင်ငံရေးလုပ်လာခဲ့တဲ့ သူဆိုတော့ နိုင်ငံရေးနဲ့စစ်ရေး မတူညီတဲ့အတွက် မရောယှက်အောင်လို့ စစ်တပ်က ထွက်လိုက်သူပါ။ (ဖားတစ်ပိုင်း ငါးတစ်ပိုင်းဘဝ မလုပ်ချင်သူပါ)

၁၉၆၂ ခုနှစ်မှ ၁၉၇၄ အထိ တော်လှန်ရေးကောင်စီ တော်လှန်ရေးအစိုးရခေတ် တလျှောက် ဗိုလ်မှူးချုပ်တွေ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အရပ်ဝတ်ပြောင်းပြီး နိုင်ငံရေးလုပ်တာ မအောင်မြင်ပါ (၁၂ နှစ်)

၁၉၈၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ စစ်ဝတ်စုံနဲ့ နိုင်ငံရေးလုပ်တော့လည်း မအောင်မြင်ပါ။ (၁၄ နှစ်)

၂၀၁၁ ခုနှစ်မှ ယနေ့ ၂၀၁၄ ခုနှစ်အထိ အရပ်ဝတ်ပြောင်းပြီး အရပ်သားတချို့ ပါဝင်တဲ့ နိုင်ငံရေးလုပ်နေသော်လည်း မအောင်မြင်သေးပါ (၃ နှစ်) (ကိုမင်းအောင်လှိုင် တို့ကလည်း သမိုင်းပေးတာဝန်အရ ဆက်လုပ်ကြဦးမယ်လို့ ယုံကြည်နေပါတယ်။)

နိုင်ငံရေးသမားတစ်ယောက်စကားပြောတာနဲ့ စစ်ရေးအမြင်ရှိသူတစ်ယောက် စကားပြောဆိုပုံချင်းက မတူညီပါ၊ နိုင်ငံရေးသမားက 'နိုင်ငံရေးသမားလေသံ' နိုင်ငံရေး အမြင်နဲ့ နိုင်ငံရေးစကား ပြောဆိုတတ်ပါတယ်၊ စစ်ရေးအမြင်ရှိသူကတော့ သင်တန်း အတွေ့အကြုံနဲ့ အမိန့်ပေးတဲ့လေသံ အမိန့်နာခံတတ်တဲ့စကားမျိုးပဲ ပြောဆိုတတ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးလောကထဲမှာစကားပြောကြပြီဆိုရင် စစ်ရေးအမြင်ရှိသူတွေရဲ့ စကား တွေက ပြောစမှတ်ကို ပြုရတဲ့အထိပါပဲ၊ လူရယ်စရာ ဟာသပြက်လုံးသဖွယ်ပါ။

တော်လှန်ရေးကောင်စီခေတ်မှာ ပြောခဲ့တဲ့စကားတွေ၊ မဆလခေတ်မှာ ပြော ခဲ့တဲ့ စကားတွေက (၁၉၈၈)ခုနှစ်မှာ 'သေနတ်ဆိုတာပစ်ရင် တဲ့တဲ့ပစ်တာ၊ မိုးပေါ် ထောင်ပစ်မှာမဟုတ်ဘူး''ဆိုတဲ့စကား နဝတခေတ်မှာ ''ဒီသင်္ဘောတွေက ဘာလို့ ရပ်ထားတာလဲ''လို့ ဝန်ကြီးက မေးတဲ့အခါ သက်ဆိုင်ရာ ဌာနတာဝန်ခံအရာရှိက '' Weather (ရာသီဥတု) မကောင်းလို့ပါ ဝန်ကြီး''လို့ ပြန်ပြောပါတယ်၊ ဝန်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



''ဝယ်သာမကောင်းရင် ပြင်လိုက်ပေါ့ကွာ''လို့ ပြောတဲ့စကား (ပညာက စကားပြောခြင်းပါ) နအဖခေတ်မှာ ကြက်ဆူပင်စိုက်ခဲ့တာကို အရပ်သားအစိုးရ (ဦးသိန်းစိန်အစိုးရ) ခေတ်မှာ မီဒီယာတွေကို ပြန်ပြောပြတဲ့သူက (ဝယ်သာ)ပြင်နိုင်းတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ၊ သူက ဘာပြောလဲဆိုတော့ ...

'ကြက်ဆူပင်စိုက်တာက စီးပွားရေးသမားလုပ်ငန်းရှင်တွေက ကြက်ဆူပင်ဟာ (ဒီဇလောင်စာထုတ်လို့ရတယ်)ပြောလို့ ကြက်ဆူပင်တွေ စိုက်ခဲ့ကြတာပါလို့ ပြောတဲ့စကား (အမှန်က ယတြာကတ်ကင်းပါ)

ယနေ့ ပါတီစုံဒီမိုကရေစီခေတ် ပါလီမန်ခေတ်မှာ ပြောတဲ့စကားတွေက ပိုပြီးတော့ ပြောစမှတ်တွေတောင်ဖြစ်နေပါတယ်။ (အရပ်သားမဟုတ်တဲ့ စစ်ရေးအမြင်ရှိသူတွေ ပြောတဲ့ စကားပါ) (ဗိုလ်မှူးကြီး၊ ဗိုလ်မှူးချုပ်၊ ဗိုလ်ချုပ်၊ ဗိုလ်ချုပ်ကြီး)တို့ရဲ့ ပြောစကား)

''ပါလီမန်အမတ်မင်းတွေကို လေးပုံပုံရင် သုံးပုံလောက်က မြန်မာ့သမိုင်းကို မသိကြသေးပါတဲ့'' ''လျှပ်စစ်ဓာတ်အားတွေ နိုင်ငံခြားကိုရောင်းတာ၊ ပိုလျှံနေလို့ ရောင်းတာပေါ့၊ စုပုံထားလို့ရတဲ့ပစ္စည်းတွေမှ မဟုတ်တာ''တဲ့။ (ပြည်တွင်းမှာက မီးမရှိလို့ ဖယောင်းတိုင်နဲ့ တရုတ်မီးစက်တွေ အားကိုးနေရတဲ့ဘဝ)

''လယ်သမားတွေ ထမင်းတစ်နပ်လျှော့စားပြီး အကြွေးတွေဆပ်ကြပါ၊ နောင်ဘဝထိ ပါသွားမယ်နော်''တဲ့

''တစ်အိမ်ထောင်မှာ ၂၀၀၀ ကျပ်/- ရှိရင် ထမင်းစားလို့ရပါတယ်တဲ့ (ဆန်တစ်ပြည်ကို တစ်ထောင်ကျော်ဖြစ်နေတာကို မသိတဲ့လူက တိုင်းပြည်အုပ်ချုပ်နေတာ အံ့ပါရဲ့) ။

''ငွေ (၃)သိန်းလောက်ဆိုတာ လာဘ်စားတာမဟုတ်ပါတဲ့''

''ငြိမ်းချမ်းဖို့ခေါ်နေတာကို လာရင်လာ မလာရင် ကျည်ဆံ(ဘူးလက်)နဲ့ ခေါ်လို့ရတယ်တဲ့''

''မိုက်က သေနတ်ဒဏ်ရာလုန်ပြပြီး ပါးရိုက်ခံချင်သလား''တဲ့

''တရုတ်ရဲ့ကျေးဇူးက ကြီးမားလှပါတယ်၊ ကြောက်လည်း ကြောက်ရပါတယ်''တဲ့။

''တိုက်လေယာဉ်တွေဝယ်ထားတာ စစ်ပွဲဖြစ်ရင် ဗုံးကြဲဖို့၊ ရန်သူတွေကို တိုက်ဖို့ဝယ်ထားတာ၊ နို့မို့ဆိုရင် လူစီးလေယာဉ်တွေ ဝယ်မှာပေါ့'' တဲ့

www.burmeseclassic.com

www.burmeseclassic.com



(ဖြစ်နေတာက ပြည်တွင်းစစ်၊ တိုင်းရင်းသားအချင်းချင်း ဖြစ်နေတာပါ။)

''တရုတ်ကလာတာ၊ တရုတ်ပစ္စည်းလို့ မပြောပါနဲ့၊ ရိုင်းပါတယ်၊ မိမိတို့ ဆွေမျိုးနိုင်ငံက ပစ္စည်းလို့ခေါ်ပါ''တဲ့ (သူတို့ ဆွေမျိုးနိုင်ငံမှာ နာမည်ကြီး နို့မှုန့်ကုမ္ပဏီက နို့မှုန့်ထဲမှာ မယ်လမင်းမှုန့်တွေ ရောထည့်ရောင်းလို့ လသားကလေးတွေ သေဆုံးကုန်တာ ကမ္ဘာကျော်သွားတဲ့အတွက် နို့မှုန့်ကုမ္ပဏီပိုင်ရှင် အမျိုးသမီးတွေနဲ့ တာဝန်ရှိတဲ့သူတွေကို ဖမ်းဆီးပြီး ပိုင်ရှင်ကိုသေဒဏ်ပေးလိုက်တာ ဆွေမျိုးရဲ့သားတွေ မသိကြသေးဘူးနဲ့ ထောင်ဒဏ်တွေ ကျခံနေရနဲ့ ပဋိပက္ခတွေ ဖြစ်နေရတဲ့ကာလမှာ စက်မှုဇုန် ခွင့်ဖော်ချင် လာတော့ ''လယ်သမားတွေ လယ်မြေတွေ ရောင်းကြပါ၊ ရောင်းလို့ရတဲ့ငွေကို ဘာမှ မလုပ်တတ်ရင် သူ့ကိုပေးထား တိုးပွားအောင် လုပ်ပေးမယ်၊ နောက် (၅)နှစ်လောက်သာ ထပ်ပြီး အုပ်ချုပ်ခွင့်ပေးပါ၊ ဒီဒေသဟာ စင်ကာပူနိုင်ငံထက် သာသွားစေရမယ်တဲ့ (စစ်ရေးအမြင်ရှိတဲ့သူရဲ့ ပြောတဲ့ စကားပါ) လူရယ်စရာ ဟာသစကားပါ၊ တကယ်လည်း လူတွေ ပိုင်းရယ်ကြပြီး ကာတွန်းတွေကပါ လှောင်ပြောင်ကြပါတယ်။

အဲဒါတွေအားလုံးဟာ စစ်ရေးအမြင်ရှိသူတွေရဲ့ နှုတ်ထွက်စကားတွေပါ၊ ပြည်သူတွေအားလုံးကလည်း မှတ်တမ်းတင်ထားပြီး အကြောင်းအရာသင့်လို့ ရေးကြပြီ ဆိုရင် ကိုးကားလေ့ရှိကြပါတယ်။

ရှေးက ရှိခဲ့တဲ့ သာဓကတွေကိုလည်း သင်ခန်းစာယူမှာပါ၊ (၂၆)နှစ် အုပ်ချုပ်ခဲ့တာ လည်း စစ်ရေးအမြင်ရှိတဲ့သူတွေပါ။ မအောင်မြင်ခဲ့လို့ (LDC ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံစာရင်း ဝင်ခဲ့ပါတယ်။) နောက်တစ်ခါ (၂၃)နှစ် အုပ်ချုပ်ခဲ့ပြန်တော့လည်း စစ်ရေး အမြင်ရှိတဲ့သူတွေပဲ အုပ်ချုပ်ခဲ့ကြတာပါ၊ အောင်မြင်ခဲ့သလား၊ တိုးတက်ခဲ့သလားဆိုတာ ခရိုနီဆိုတဲ့ သူဌေးကြီးစာရင်းဝင်တွေ မွေးထုတ်ပေးခဲ့တာကလွဲလို့ တိုင်းပြည်က ဒုံရင်းက ဒုံရင်းပါပဲ၊ ဒါကိုလည်း ကိုမင်းအောင်လှိုင်အသိပါ။

ကိုမင်းအောင်လှိုင်ဟာ အထက်တန်းကျောင်းသားဘဝကို ရန်ကုန်မြို့မှာ နေထိုင်ကြီးပြင်းလာတဲ့ မြန်မာနိုင်ငံရဲ့ တစ်ဦးတည်းသော ကာကွယ်ရေးဦးစီးချုပ်တစ်ယောက် ဖြစ်တဲ့အတွက် ရန်ကုန်မြို့မှာ နေထိုင်တဲ့ သူငယ်ချင်းအပေါင်းအသင်းတွေ ရှိခဲ့မှာပါ၊ ထို သူငယ်ချင်းတွေရဲ့ တပ်မတော်အပေါ် အမြင်တွေကိုလည်း သိရှိနိုင်မှာပါ၊ နှစ်စဉ်ပြုလုပ်တဲ့ စင်ထရယ်ကျောင်း (အ-ထ-က-၁-လသာ) အာစရိယပူဇော်ပွဲကို ကိုယ်တိုင်မလာ ရောက်နိုင်သော်လည်း သူငယ်ချင်းများမှတစ်ဆင့် ဆရာ၊ ဆရာမကြီးများအတွက် လှူဖွယ်ပစ္စည်းနှင့် ငွေကြေးများ နှစ်စဉ်ပို့ပေးကြောင်း (စင်ထရယ်ကျောင်းသားဟောင်း တချို့ရဲ့ ပြောဆိုသံ)ကို ကြားခဲ့ရဖူးပါတယ်။ တာဝန်အရပ်ရပ်က အနားယူပြီးရင်လည်း မိဘတွေနဲ့နေထိုင်ခဲ့တဲ့ အင်းစိန်ကအိမ်မှာပဲ ပြန်နေမယ်လို့ ကိုမင်းအောင်လှိုင်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းတွေရဲ့ ပြောစကားတွေကို တစ်ဆင့်ပြန်ပြောလို့ နားထောင်

www.burmeseclassic.com

www.burmeseclassic.com



ရဖူးတဲ့အတွက် ကာကွယ်ရေးဦးစီးချုပ်တွေထဲမှာ ဗိုလ်ချုပ်ကြီး သူရဦးတင်ဦးနဲ့ ဗိုလ်ချုပ်ကြီး သူရဦးကျော်ထင်တို့ပြီးရင် ဂုဏ်သိက္ခာနဲ့ နာမည်ကောင်းရရှိမယ့် တတိယမြောက် ကာကွယ်ရေးဦးစီးချုပ်တစ်ယောက်လို့ ထင်မြင်မိပါတယ် လေ့လာမိပါတယ်။

ဒါပေမယ် ၂၀၁၂ ခုနှစ် ဧပြီလကစပြီး တိုင်းပြည်အခြေအနေတွေ တစ်မျိုးတစ်ဖုံ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာတဲ့အခါရယ် နိုင်ငံတကာမှာလည်း အခြေအနေတွေက စစ်တပ်တွေရဲ့ အခန်းကဏ္ဍတွေ ပြောင်းလဲလာကြတာကို မြင်တွေ့လေ့လာမိပါတယ်။ အထူးသဖြင့် အာရပ်ဒေသဦးဒေသအဖြစ် ပေါ်ထွန်းလာတဲ့ အီဂျစ်နိုင်ငံမှာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး အယ်လ်စီစီက အာဏာသိမ်းယူပြီး သမ္မတအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကာ အာဏာရရှိခဲ့တဲ့ သာဓကတစ်ရပ် ဖြစ်ပေါ်ခဲ့ပါတယ်။

နောက်တစ်ခါ မကြာခင်ကပဲ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံမှာလည်း ကြည်းတပ်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက အာဏာသိမ်းတဲ့ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ပြီး ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီး အစိုးရတစ်ရပ် ဖွဲ့စည်းခဲ့ပါတယ်။

အီဂျစ်နိုင်ငံရဲ့ ဖြစ်စဉ်မှာ တိုင်းပြည်အာဏာကို ယခင်က ပိတ်ပင်ထားခြင်း ခံရသော မွတ်စလင်ညီနောင်များအဖွဲ့ ဘာသာရေးအစွန်းရောက်ပါတီက ရွေးကောက်ပွဲမှာ အနိုင်ရရှိပြီး သမ္မတရာထူး ရရှိသွားပြီး အုပ်ချုပ်ရေးတွေကို စစ်တပ်က မကျေနပ်လို့ အာဏာသိမ်းလိုက်ရခြင်း ဖြစ်ပါတယ်။

ထိုင်းနိုင်ငံရဲ့ ဖြစ်စဉ်ကတော့ အာဏာရှင်စနစ်မျိုးကို ဗေဒင်ကိန်းခန်းယတြာတွေ ကျင့်သုံးပြီး ဆင်းရဲသားလယ်သမားတွေကို ချေးငွေတွေထုတ်ချေးပြီး လယ်သမားအကျိုး အမြတ်ဆောင်ရွက်သလိုနဲ့ ဆင်းရဲသားလယ်သမားတွေဆီက မဲဝယ်တဲ့ နည်းကျင့်သုံးပြီး တိုင်းပြည်အာဏာယူခဲ့တဲ့ ဝရမ်းပြေးဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှီနာဝပ်ထရာရဲ့ မျိုးဆက် (ညီမ ယင်လတ်ရှီနာဝတ်ထရာ) ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်နေတာကို ပြည်သူတချို့နဲ့ ပညာတတ်လူတန်းစား၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ဘုရင့်သစ္စာခံ ပြည်သူများကပါ မလိုလားတဲ့အတွက် အာဏာသိမ်းလိုက်ရခြင်း ဖြစ်ပါတယ်။

ထိုင်းနိုင်ငံရဲ့ သမိုင်းမှာ(၁၉၆၃)ခုနှစ်က ဗိုလ်ချုပ်ကြီး မာရှယ်ထနွန်ကစ်တီကာချွန်၊ ဗိုလ်ချုပ်ကြီး မာရှယ်ဒါပီချူလာစပ်ဖျာ၊ ဗိုလ်ချုပ်ကြီး ပရာဖတ်ချာယုစပ်သိမ်ဆိုတဲ့ အာဏာသိမ်းစစ်အုပ်စုကတစ်ခေတ် (၁၉၇၃ ခုနှစ်က ကျောင်းသားအရေးအခင်းကြောင့် ပြုတ်သွား)

ဗိုလ်ချုပ်ကြီး ပရပ်တင်ဆူလာနွန်ဒါ (လူပျိုကြီး ယခု ထိုင်းဘုရင့်အကြံပေး ကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံမှ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မွေးစားသား

www.burmeseclassic.com

အဖြစ် သတ်မှတ်သူ) ဗိုလ်ချုပ်ကြီး အားသစ်ကန်လန်အက် (အာဏာသိမ်းပြီးနောက် ရက်ပိုင်းအတွင်း အပေးအယူလုပ်ပြီး ပြည်ပမှာ သွားရောက်ခိုလှုံနေထိုင်ခွင့်ပေးခံရသူ) နဲ့ အာဏာသိမ်းမှုမအောင်မြင်ဘဲ ဖြစ်ခဲ့ရတဲ့ ရဲဗိုလ်ချုပ်ဆန့်ချစ်ပါတီမာ (မြန်မာနိုင်ငံထဲ ထွက်ပြေးပြီး ခေတ္တခိုလှုံခဲ့သူ)တို့ အာဏာသိမ်းစစ်အုပ်စုက တစ်ခေတ်။

ပြီးတဲ့နောက်မှာ ထိုင်းနိုင်ငံမှာ ဒီမိုကရေစီ လိုလားသော ပါတီတွေကသာ ရွေးကောက်ပွဲနည်းနဲ့ ထိုင်းနိုင်ငံမှာ အုပ်ချုပ်လာခဲ့ကြပါတယ်။

(၂၀၀၆)ခုနှစ်မှာတော့ သက်ဆင်ရှီနာဝပ်ထရာဆိုတဲ့ သန်းကြွယ်သူဌေးကြီးက နိုင်ငံရေးလောကထဲ ဝင်ရောက်ပြီး ဆင်းရဲသားတောင်သူလယ်သမားတွေကို အခြေခံကာ ဈေးငွေများ ထုတ်ချေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများကို အကြွေးစနစ်နဲ့ ရောင်းချပြီး ကယ်တင်ရှင်အဖြစ်ခံယူကာ ဈေးယူထားကြတဲ့ လယ်သမားတွေဟာ သူ့ပါတီကို မဲထည့်ကြရပါတယ်။ သန်းကြွယ်သူဌေး ငွေကြေးတတ်နိုင်သူဆိုတော့ အရာရာကို ငွေကြေးနဲ့ မက်လုံးပေးပြီး ထိုင်းဘုရင်ကြီးကိုတောင် ယှဉ်လာတဲ့သဘော ဖြစ်လာပါတယ်။ ထိုင်းဘုရင်နဲ့ မိသားစုကိုပါ ဝေဖန်ဆန့်ကျင်ပြောဆိုမှုကြောင့် ပြည်သူတချို့နဲ့ ထိုင်းစစ်တပ် တို့ဟာ သက်ဆင်ရှီနာဝပ်ထရာ လက်မခံနိုင်ဖြစ်လာကြပါတယ်။

မွတ်စလင်ဘာသာဝင် ကာကွယ်ရေးဦးစီးချုပ်ကြီးက ဘုရင့်အပေါ် သစ္စာခံတဲ့ အနေနဲ့ ဝန်ကြီးချုပ် သက်ဆင်ရှီနာထရာ ကုလသမဂ္ဂ အထွေထွေညီလာခံ တက်ရောက် နေတဲ့အချိန်မှာ ဖြုတ်ချပြီး အာဏာသိမ်းယူခဲ့ပါတယ်။ သက်ဆင်လည်း ပြည်ပြေးဝန်ကြီး ချုပ်ဟောင်းဘဝနဲ့ လန်ဒန်ကနေအိမ်မှာ ခိုလှုံနေထိုင်ပြီး ပြည်ပကနေ တိုင်းပြည်တွင်း ရေးတွေမှာ ညွှန်ကြားမှုတွေပေးနေလို့ ထိုင်းတရားရုံးကနေ ပြည်ပြေးတရားခံတစ်ယောက် အဖြစ် ကြေညာခြင်းခံရပါတယ်။ သက်ဆင်က လန်ဒန်နေအိမ်ကနေ ဒူဘိုင်းနိုင်ငံ နေအိမ် ကို ပြောင်းရွှေ့နေထိုင်ပြီး ဖနီးဖြစ်သူနဲ့ ဟောင်ကောင်မှာ ကွာရှင်းပြတ်စဲကြောင်း လက်မှတ်ရေးထိုးခဲ့ပါတယ်။ (စီးပွားရေးလုပ်ငန်းတွေဟာ ဖနီးဖြစ်သူနဲ့ပဲ ဆိုင်တာဖြစ် ကြောင်း သက်သေပြတဲ့ အပြုအမူလုပ်ရပ်ပါ)

သက်ဆင်ဟာ မြန်မာစစ်အစိုးရနဲ့ ရင်းနှီးမှုရှိခဲ့တဲ့ ဗိုလ်ချုပ်ကြီး ချာဗာလစ် ယောင်ချိုင်ယုဒ် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်နေချိန်မှာ (နဝတ–နအဖ စစ်အစိုးရ) နဲ့ စီးပွားရေးတွေမှာ ဝင်ရောက်လုပ်ကိုင်မှုတွေ ရှိခဲ့ပါတယ်။ သက်ဆင်ပိုင်တဲ့ ဂြိုလ်တု မီဒီယာလုပ်ငန်းတွေကို မြန်မာစစ်အစိုးရက ငှားရမ်းလုပ်ကိုင်ခဲ့တာတွေ ရှိပါတယ်။

တရားခံပြေးဝန်ကြီးချုပ်ဟောင်း သက်ဆင်ဟာ မြန်မာနိုင်ငံကို အကြိမ်ကြိမ် လာရောက်ခဲ့ဖူးပါတယ်။ ဗေဒင်ကိန်းခန်းလာမေးတာရော၊ ယတြာချေတဲ့အနေနဲ့ပါ လာ ရောက်တာဖြစ်ပါတယ်။ ထိုင်းနိုင်ငံကနေ လာတွေ့တဲ့ သူ့ပါတီက လူတွေနဲ့လည်း မြန်မာ

www.burmeseclassic.com



နိုင်ငံအတွင်းမှာ ချိန်းဆိုပြီး တွေ့ဆုံကြတယ်လို့ သတင်းဌာနများက ပြောဆိုရေးသားကြပါတယ်။

လွန်ခဲ့သော တစ်နှစ်ကျော်က မြန်မာနိုင်ငံရဲ့ သကြန်ကာလတစ်ခုမှာ မြန်မာနိုင်ငံ မေမြို့(ပြင်ဦးလွင်)ကို ရောက်ရှိနေထိုင်စဉ် မြန်မာနိုင်ငံရဲ့ ကာကွယ်ရေးဦးစီးချုပ်က မစ္စတာသက်ဆင်ကို သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီး သပြေခက်နဲ့ ရေပက်နေပုံတွေကို ကာကွယ်ရေးဦးစီးချုပ်နဲ့ ထိုင်းတရားခံပြေး မစ္စတာသက်ဆင်တို့ တွေ့ဆုံခြင်းဆိုပြီး မီဒီယာတွေက ဖော်ပြခဲ့ကြတာကို တွေ့မြင်ဖတ်ရှုရပါတယ်။

ကိုမင်းအောင်လှိုင်ခင်ဗျား (၂၀၁၀)ခုနှစ်မှာ ပါတီစုံရွေးကောက်ပွဲ ကျင်းပတဲ့အခါ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက အနိုင်ရရှိသွားလို့ ဗိုလ်ချုပ်ကြီးဟောင်း သမ္မတဦးသိန်းစိန်ဦးဆောင်တဲ့ အရပ်သားအစိုးရတစ်ရပ် အုပ်ချုပ်လာခဲ့ပါတယ်။ ပါလီမန်လည်း ပေါ်ပေါက်လာတဲ့အတွက် (၂၅)ရာခိုင်နှုန်းသော တပ်မတော်သားတွေဟာလည်း ပါလီမန်အမတ်မင်းတွေအဖြစ် ပါလီမန်မြင်ကွင်းမှာ တွေ့မြင်ခဲ့ရပါတယ်။

ပါလီမန်ဆိုတာ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ တင်ပြခွင့်တွေ ရှိနေတဲ့နေရာတစ်ခုဆိုတာ ကမ္ဘာတစ်ခုလုံးက လက်ခံထားကြပါတယ်။ တချို့ပါလီမန်များကို အမတ်အချင်းချင်း ပြောဆိုကြရင်းနဲ့ စိတ်မထိန်းနိုင်ဘဲ ကိုယ်ထိလက်ရောက် ကျူးလွန်မိကြတာတွေကို မီဒီယာများက ဖော်ပြသည့်အတွက် မြင်တွေ့ခဲ့ရဖူးပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ အဲဒီလို အဖြစ်အပျက်မျိုး မရှိခဲ့ပါဘူး။ စကားအချေအတင် အပြန်အလှန်ပြောဆိုတာမျိုးပဲ ရှိခဲ့ပါတယ်။ ကောင်းမွန်တဲ့ လက္ခဏာပါခင်ဗျာ။

ပါလီမန်အမတ်မင်းတွေဟာ လွတ်လပ်စွာ ပြောဆိုခွင့်တွေရှိရပ့မယ်၊ ကန့်သတ်မှုတွေမရှိရပါဘူး။ ပါလီမန် ဖွဲ့စည်းပုံကတော့ စစ်တပ်ရဲ့ ဖွဲ့စည်းပုံနဲ့ မတူပါဘူး။ ကမ္ဘာပေါ်မှာရှိတဲ့ ပါလီမန်တွေကို လေ့လာလိုက်ရင် လူထုကရွေးချယ်လိုက်တဲ့ ပုဂ္ဂိုလ်တွေသာ ပါလီမန်အမတ်ဖြစ်ခွင့်ရှိတာကို တွေ့မြင်ရပါတယ်။

ကိုမင်းအောင်လှိုင်ခင်ဗျား တပ်မတော်သားအမတ်မင်းတစ်ဦးရဲ့ ပြောစကားကိုတော့ ကျွန်တော်မှတ်တမ်းတင်ထားပါတယ်။ (၁၉–၁၁–၂၀၁၄) နေ့က ပြည်ထောင်စုလွှတ်တော်မှာ (တပ်မတော်သားအမတ်မင်း ဒုတိယဗိုလ်မှူးကြီးငွေစိုး)က

"တပ်မတော်သားများသည် နိုင်ငံသားများဖြစ်သည့်အတွက် နိုင်ငံရေးအတွက်ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်သည်"ဟု တုံ့ပြန်ပြောဆိုတဲ့ စကားပါ။

မှန်ပါတယ်ခင်ဗျာ နိုင်ငံသားမှန်သမျှဟာ နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်ဆိုတဲ့စကားက အမှန်တရားပါ။ မည်သူမျှ ငြင်းပယ်လို့မရပါဘူး။ ဘယ်ဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



မျိုးနှင့်မျှ ကန့်သတ်လို့မရတဲ့ အမှန်တရားပါ။

ဒါကြောင့်လည်း တပ်မတော်သားတစ်ဦးဖြစ်တဲ့ ဗိုလ်မှူးကျော်စွာဝင်းဟာ နိုင်ငံသားတစ်ဦးဖြစ်သည့်အတွက် အခြေခံဥပဒေပုဒ်မ(၄၃၆)ကို ပြင်ဆင်ဖို့အတွက် နိုင်ငံသားများ လက်မှတ်ရေးထိုးနေတဲ့ နေရာမှာ ဝင်ရောက်ပြီး လက်မှတ်ရေးထိုးခြင်းဟာ နိုင်ငံသားတစ်ယောက် ခံစားခွင့်အရ ပြုမူခြင်းဖြစ်ပါသည်။ ဒါဟာ အမှန်တရားပါ။

တပ်မတော်သားတွေဟာ နိုင်ငံသားဖြစ်သည့်အတွက် နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက်ခွင့် ရှိသည်လို့တောင် ပြောထားသည့်အတွက် ဗိုလ်မှူးကျော်စွာဝင် လက်မှတ်ရေးထိုးခြင်းသည် နိုင်ငံရေးလုပ်တာမဟုတ်ပါ။ ဒါပေမဲ့ ဗိုလ်မှူးကျော်စွာဝင်းသည် ထောင်ဒဏ် (၂)နှစ် အပြစ်ပေးခံရပြီး ထောင်ကျသွားခဲ့ပါသည်။ (ယခု နောက်ဆုံးထုတ်ပြန်သော သမ္မတကြီးရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ဖြင့် ပြန်လည်လွတ်မြောက်လာပြီး သတင်းစာရှင်းလင်းပွဲတောင် လုပ်သွားပါသည်။)

ကိုမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာသည့်အခါ တပ်မတော်အတွင်း ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ပြီး ယခင် ကာကွယ်ရေးဦးစီးချုပ်များဖြင့် မတူဘူးလို့ ထင်မှတ်ထားခဲ့ရပါတယ်။ ကိုမင်းအောင်လှိုင် ကာ/ချုပ်ဖြစ်တော့မှာပဲ တပ်မတော်သားတွေသတင်းက ထူးခြားစွာ ကြားသိခဲ့ရတာက အံ့သြစရာဖြစ်ရပ်တွေပါပဲ။

ဗိုလ်ကြီးတစ်ဦးက ရွှေဆိုင်ဓားပြတိုက်တဲ့သတင်း ဗိုလ်ကြီးတစ်ဦးပါဝင်တဲ့ ကားပေါ်က မူးယစ်ဆေးဝါးတွေ ဖမ်းမိတဲ့သတင်း၊ စစ်အရာရှိပါဝင်တဲ့ ဘင်္ဂါလီတွေကို အခကြေးငွေယူဆောင်ပြီး သယ်ပို့ပေးတဲ့သတင်း၊ တပ်မတော်သားတချို့ရဲ့ အဓမ္မပြုကျင့်တဲ့သတင်း၊ အဓမ္မပြုကျင့်ပြီး သတ်ဖြတ်တဲ့သတင်းတွေကို မျိုးစုံ ကြားသိခဲ့ရတာဟာ တပ်မတော်အတွက် ဂုဏ်သိက္ခာကျဆင်းစေပါတယ်၊ လယ်ယာမြေတွေကို တပ်မတော်က သိမ်းယူတဲ့အတွက် တောင်သူလယ်သမားတွေနဲ့ တပ်မတော်တို့ အမှုအခင်းဖြစ်ရတဲ့ သတင်းတွေကလည်း မျိုးစုံအောင် ကြားသိခဲ့ရတာကလည်း စိတ်မကောင်းစရာဖြစ်မိပါတယ်။

ဩော် ဒါနဲ့ စကားမစပ် ကိုမင်းအောင်လှိုင်ကို မေးချင်တာလေးတစ်ခု မေးပါရစေ ကိုမင်းအောင်လှိုင် ရွေးချယ်လိုက်တဲ့ တပ်မတော်သားအမတ်မင်း ဗိုလ်မှူးချုပ်တစ်ဦး ပါလီမန်ထဲမှာ ပြောတဲ့ စကားလေးပါ။ ၂၅-၆-၂၀၁၅ နေ့ထုတ် သတင်းစာထဲမှာ ဖတ်လိုက်ရလို့ပါ "ပုဒ်မ (၅၉/စ)ကို မူလအတိုင်း ထားရှိပြီး ပြင်ဆင်ရန်"မှ ကောက်နုတ်ချက်လေးပါ။

"မည်သည့်နိုင်ငံကမှ ကြိုးကိုင်ခြယ်လှယ်မှု မပြုနိုင်စေဖို့ မိမိတို့နိုင်ငံနှင့် လူမျိုး၏ ကံကြမ္မာကို မိမိတို့က ဖန်တီးနိုင်ရေးဟာ အဓိကကျပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သွေးနှောသူနိုင်ငံသားများက နိုင်ငံတော်၏ အရာရာကို စီမံခန့်ခွဲ လုပ်ဆောင်တဲ့ အုပ်ချုပ်ရေးကဏ္ဍမှာ ဝင်ရောက်လာမယ်ဆိုရင် နိုင်ငံတော်၏ လွတ်လပ်ရေးနဲ့ အချုပ်အချာအာဏာအပေါ်မှာ ဆိုးကျိုးတွေ သက်ရောက်လာနိုင်ပါတယ်" လို့ ကိုမင်းအောင်ရဲ့ (တပ်မတော်သားအမတ်မင်း) ဗိုလ်မှူးချုပ်တင်စိုးပြောဆိုသွားတာကို ဖတ်ရှုရပါတယ်။

ဒါဆိုရင် လေတပ်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ် တီ– ကလစ်၊ ဗိုလ်မှူးကြီး– ဂျေစမိုက်၊ ဗိုလ်မှူးချုပ် အေဘယ်လ်တို့ဆိုတဲ့ အထင်ကရသွေးနှောသူကြီးတွေကို အုပ်ချုပ်ရေးကဏ္ဍမှာ စီမံခန့်ခွဲလုပ်ဆောင်ဖို့ တာဝန်ပေးသူတွေဟာ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေတော့ မဖြစ်နိုင်ပါဘူးလို့ ထင်မိပါတယ်၊ အဲဒါကို ကိုမင်းအောင်လှိုင်ရဲ့ အမတ်မင်း ဗိုလ်မှူးချုပ်တင်စိုးကို မေးပေးစေချင်ပါတယ်။

နိုင်ငံတကာက တပ်မတော်သားတွေဟာ ဆင်းဟတ်ဒ်စစ်တက္ကသိုလ်ကျောင်းဆင်း ဝက်စ်ပွိုင့်စစ်တက္ကသိုလ်ကျောင်းဆင်းဆိုတာတွေကို ဂုဏ်ယူနေကြတဲ့အချိန်မှာ ကျွန်တော်တို့က ဆိုဗီယက်ရုရှားစစ်သင်တန်းကျောင်းဆင်းဘဝကို အထင်တကြီးကြီးစားနေကြတာက အံ့သြစရာပါပဲ။

ကျွန်တော်တို့တိုင်းပြည်မှာ ဘုရားဂေါပကလူကြီးကအစ စစ်ရေးအမြင်ရှိဖူးတဲ့သူဖြစ်ဖူးမှ၊ ရပ်ကွက်ဓမ္မာရုံမှာ စစ်မှုထမ်းဟောင်းက ဦးဆောင်မှဆိုတဲ့ ဆောင်ပုဒ်ပဲဖြစ်နေပါတယ်။ (ရပ်ကွက်ဓမ္မာရုံကြည့်လိုက်တာနဲ့ စစ်စွပ်ကျယ်အစိမ်းရောင်၊ စစ်အင်္ကျီအစိမ်းရောင်နဲ့ မြင်တွေ့နေရပါတယ်၊ ဘာသာသာသနာအရောင်က ရွှေရောင်၊ အနီရောင်၊ ပန်းရောင်၊ အပြာရောင်ပါ။)

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အရပ်သားစစ်စစ်အစိုးရမျိုးကသာ လုပ်ဆောင်နိုင်ပါတယ်။ စင်ကာပူတို့၊ မလေးရှားတို့ဆိုတာ တစ်ချိန်က ကျွန်တော်တို့နိုင်ငံကို အတုယူပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခဲ့ကြတာပါ။ အရပ်သားစစ်စစ် ပညာတတ်တွေမွေးမြူပြီး တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြတာပါ။ စစ်ရေးအမြင်ရှိတဲ့သူ၊ ကာကွယ်ရေးအမြင်ရှိတဲ့သူ တစ်ယောက်မှ မပါခဲ့ကြပါဘူး။ ဒါကြောင့်လည်း တိုင်းပြည်က ဖွံ့ဖြိုးတိုးတက်လာတော့ နိုင်ငံခြားက အလုပ်သမားတွေ သိန်းချီ၊ သန်းချီပြီး စင်ကာပူနဲ့ မလေးရှားမှာ အလုပ်သွားလုပ်နေကြရပါတယ်။

စင်ကာပူ ဝါရင့်ဝန်ကြီးနဲ့ ဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုချုပ်ဟောင်း ၄–၂–၂၀၁၉ နေ့က နေပြည်တော် ဇေယျာသီရိဗိမာန်မှာ ကိုမင်းအောင်လှိုင်နဲ့ တွေ့ဆုံနှုတ်ဆက်ခန်းမှာ...

"စင်ကာပူနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် မစ္စတာဂိုချုပ်တောင်ပါဝင်ခဲ့သည့် အခန်းကဏ္ဍများအကြောင်းကို ကြားခဲ့ဘူးပြီး မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင်

www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ရေးအတွက် မစ္စတာဂိုချုပ်တောင်ထံမှ အကြံဉာဏ်များ ရယူလိုပါကြောင်း” လို့ ကိုမင်းအောင်လှိုင် ပြောဆိုတာကို သတင်းတွေထဲမှာ ဖတ်ရပါတယ်။

ကိုမင်းအောင်လှိုင်လိုပဲ ရေတပ်ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဝန်ကြီးဦးစိုးသိမ်း စင်ကာပူသွားတုန်းကလည်း စင်ကာပူအစိုးရကို အဲသည်လိုမျိုး တောင်းဆိုခဲ့ဖူးပါတယ်။

စင်ကာပူဘက်က ပြန်ပြောတဲ့စကားကလည်း ထပ်ထပ်နေပါပြီ၊ “ခင်ဗျားတို့ စစ်ရေးအမြင်တွေလျှော့ကြပါ၊ ကာကွယ်ရေးအမြင်တွေ လျှော့ကြပါ” ဆိုတဲ့စကားပါပဲ။ စစ်တပ် နောက်ဆုတ်ဖို့၊ အုပ်ချုပ်ရေးပိုင်းမှာမပါဖို့ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

မကြာခင်ကမှ ကွယ်လွန်သွားတဲ့ စင်ကာပူနိုင်ငံက ဖခင်ကြီးမစ္စတာလီကွမ်ယူက မြန်မာနိုင်ငံနဲ့ပတ်သတ်ပြီး သူရေးတဲ့စာအုပ်ထဲမှာ မှတ်တမ်းတင်ရေးသားထားပါတယ်။

“မြန်မာပြည်က စစ်ဗိုလ်တွေကို စကားပြောဆိုရတာဟာ

ရေခဲတိုက်ထဲက လူသေတွေနဲ့ စကားပြောဆိုနေရသလိုပါပဲ” လို့ ပြောဆိုသွားခဲ့ပါတယ်။

စင်ကာပူခေါင်းဆောင်ကြီး မစ္စတာလီကွမ်ယူဟာ ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက်ထဲကနေ ဗိုလ်ချုပ်ကြီးစောမောင်၊ ဗိုလ်ချုပ်ကြီးသန်းရွှေ၊ ဗိုလ်ချုပ်ကြီး မောင်အေး၊ ဗိုလ်ချုပ်ကြီး ခင်ညွန့်ကနေ ယခုဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်ခေတ်ထိ မြန်မာနိုင်ငံနဲ့ စကားပြောဆိုလာခဲ့သူ ဖြစ်ပါတယ်။ မသေခင်မှာ နေပြည်တော်ကို လာသွားပြီး ဒေါ်အောင်ဆန်းစုကြည် နဲ့ပါ တွေ့ဆုံသွားခဲ့ပါသေးတယ်။

မစ္စတာလီကွမ်ယူပြောတာ မမှားပါဘူး။ မှန်ပါတယ်။ နှစ်ပေါင်း (၃၀) လုံးလုံး မြန်မာနိုင်ငံကိုလာတယ်၊ မြန်မာနိုင်ငံက စင်ကာပူကိုလာတယ်၊ စစ်ဗိုလ်တွေနဲ့ပဲ စကားပြောဆို နေရတယ်။ ခဏခဏပါပဲ၊ ဒါပေမယ့် မြန်မာနိုင်ငံက ဒီအတိုင်း ဒီအတိုင်းပဲ၊ ထူးခြား ပြောင်းလဲမှုမရှိဘူး။ အဲ. . . ဒါပေမဲ့. . . မစ္စတာလီကွမ်ယူနဲ့စကားပြောဖူးတဲ့တရုတ်ပြည်က မစ္စတာတိန့်ရှောက်ဖိန်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကတော့. . . . မစ္စတာလီကွမ်ယူရဲ့ စကားအတိုင်း နမူနာယူပြီး တရုတ်ပြည် ဖွံ့ဖြိုးတိုးတက်အောင်လုပ်လိုက်တာ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်တဲ့အပြင် ယခုဆိုကမ္ဘာမှာ ဒုတိယအဆင့်နိုင်ငံအဖြစ် ရပ်တည်နေပါတယ်။ အဲဒါဟာ မစ္စတာလီကွမ်ယူးနဲ့ မစ္စတာတိန့်ရှောက်ဖိန့်တို့ တွေ့ဆုံတဲ့အခါ မစ္စတာလီကွမ်ယူးကပြောလိုက်တဲ့ စကားလေးကြောင့်ပါပဲ။. . .

“ကြောင်ဆိုတာဖြူဖို့ မည်းဖို့မလိုပါဘူး၊ ကြွက်ခုတ်တတ်ဖို့သာ အဓိကပါ”။ ဆို တဲ့ စကားလေးကို ၁၉၈၀ ခုနှစ်မှာ မစ္စတာတိန့်ရှောက်ဖိန်ဟာ တရုတ်ပြည်မှာကြွေးကြော်ပြီး ခုန်ပြန်ကျော်လွှားစီးပွားရေးစနစ်လုပ်ဆောင်မှုကြောင့် (၁၀) နှစ်အတွင်းမှာ တရုတ်ပြည်

www.burmeseclassic.com

www.burmeseclassic.com



ဟာ ကမ္ဘာ့အဆင့်တိုးတက်ခဲ့ပါတယ်။ ယခုဆိုလျှင် တရုတ်နိုင်ငံမှာ ဘီလျံနာသူဌေး သိန်းကျော်ရှိသွားပြီ တရုတ်ကမ္ဘာလှည့် ခရီးသည်လူတန်းစားလည်း ပေါ်ပေါက်လာပြီး ကမ္ဘာ လှည့်နေကြပါပြီ။

အဲဒါက တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောက်ဖိန့် စင်ကာပူခေါင်းဆောင်တွေရဲ့ ပြောစကားကို နမူနာယူပြီး လုပ်ခဲ့လို့ပါပဲ။

အခုဆို ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း စင်ကာပူဝန်ကြီးချုပ်ဟောင်း မစ္စတာ လီကွမ်ယူးထက်သာမယ့် ပုဂ္ဂိုလ်ထူးတစ်ယောက် ပေါ်ပေါက်နေပါတယ်။ သူပြောတဲ့စကား က. . .

"သူ့ကို ၅ နှစ်သာအချိန်ပေးပါ၊ စင်ကာပူနိုင်ငံလိုလုပ်ပြမယ်၊ စင်ကာပူထက်သာ စေရမယ်" တဲ့၊ နောက်ဆိုရင် စင်ကာပူနိုင်ငံက ခေါင်းဆောင်တွေ မြန်မာနိုင်ငံက မောင့် အဲလီဇဘက်ဆေးရုံမှာ ဆေးလာကုကြတော့မယ်၊ စင်ကာပူနိုင်ငံသားတွေ မြန်မာနိုင်ငံက လုပ်ငန်းခွင်တွေမှာ ဝင်ရောက်လုပ်ကိုင်လာတော့မယ်၊ ဆိုတော့. . . ကိုမင်းအောင်လှိုင် စင်ကာပူဝါရင့်ဝန်ကြီးနဲ့ ဝန်ကြီးချုပ်ဟောင်း မစ္စတာကိုချုပ်တောင်ထံမှာ အကြံဉာဏ်တောင်းခံ လိုက်တာကိုပြောင်းပြီး အဲဒီပုဂ္ဂိုလ်ထူးဆီမှာသာ အကြံဉာဏ်တောင်းလိုက်ရင် မကောင်းဘူး လားခင်ဗျာ။. . .

ကိုမင်းအောင်လှိုင်နှင့် ညွှန်သည်တော်များ၊ သတင်းဌာနများ၊ မီဒီယာများ တွေ့ဆုံစဉ်မှာ ပြောကြားခဲ့သောစကားများကို ဖတ်ရှုခဲ့ပြီး မှတ်တမ်းတင်ထားပါသည်။

(၁) ဒီမိုကရေစီ နုနယ်သေး၍ စစ်တပ်၏အခန်းကဏ္ဍ လျှော့ချရန်မဖြစ်သေးကြောင်း၊ နိုင်ငံတော်သမ္မတ၏ အရေးပေါ်ကြေညာချက်ဖြင့်သာ တပ်မတော်က နိုင်ငံတော်ကို ထိန်း သိမ်းရမည်။

"တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပြည်တွင်းစစ်အဆုံးသတ်ရန် အပြည့်အဝတာဝန်ယူမှုမရှိဘူး။ အရာအားလုံးဟာ လက်နက်ကိုင်အဖွဲ့တွေအပေါ်မှာပဲ မူတည်တာပါ။ တကယ်ငြိမ်းချမ်းရေးလိုချင်တယ်ဆိုရင် ဘာကြောင့် မလုပ်နိုင်တာလဲ"

"ကျွန်တော် အသက် ၆၀ မပြည့်ခင် ဒီကိစ္စတွေ ပြီးမယ်၊ မပြီးဘူးဆိုတာ ကတော့ အခြေအနေအများကြီးအပေါ် မူတည်နေပါတယ်။ ကျွန်တော်ပင်စင်မယူခင် လက်မှတ်မထိုးရသေးလို့ ကျွန်တော်မယူဘူးလို့ သွားလုပ်လို့မရဘူး။ ဥပဒေအတိုင်းပဲ သွားရမယ်"

"မြန်မာနိုင်ငံအနေဖြင့် လွှတ်တော်အတွင်းမှ စစ်တပ်နဲ့ အခန်းကဏ္ဍကို လျှော့ချရန် အဆင်သင့်မဖြစ်သေးကြောင်း၊ နုနယ်သည့်မြန်မာတွင် အားကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



စစ်တပ်ရှိရန် လိုတယ်''

''သမ္မတလုပ်ဖို့အတွက် အခြေအနေပေါ်မူတည်ပြီး ကျွန်တော် ဆုံးဖြတ်မှာပါ။ အခုအချိန်မှာ နိုင်ငံရေးကိုစိတ်ဝင်စားရင် ကျွန်တော်လုပ်နေတဲ့အလုပ်တွေ အားနည်းလိမ့်မယ်၊ အခုချိန်မှာတော့ ဆုံးဖြတ်ဖို့မပြောပြဖို့ အရမ်းစောလွန်းနေပါသေးတယ်''ဟု ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က (၈-၁-၂၀၁၅)နေ့က CNA (CHANNEL NEWS ASIA) စင်ကာပူသတင်းဌာနသို့ ပြောဆိုခဲ့ပါသည်။

(၂) တပ်မတော်သားများကြောင့် ပြည်သူများ အမှန်တကယ် နစ်နာမှုရှိပါက တိုင်ကြားနိုင်ကြောင်း။ တိုင်ကြားပါက ဖြေရှင်းဆောင်ရွက်ပေးရန် အဆင်သင့်ရှိနေသည်ဟု ကာကွယ်ရေးဦးစီးချုပ် CNA သတင်းဌာနသို့ ပြောဆိုခဲ့သည်ဟု ၂၂-၁-၂၀၁၅ နေ့က တပ်မတော်ကွန်ရက်များက ရေးသားဖော်ပြတာကို တွေ့ရှိရပါတယ်။

(၃) ၄-၂-၂၀၁၅ နေ့က နေပြည်တော် ဖေယျာသီရိဗိမာန်မှာ စင်ကာပူ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး (ဝန်ကြီးချုပ်ဟောင်း) မစ္စတာဂိုချုပ်တောင်နှင့် ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံစဉ်

''စင်ကာပူကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရာတွင် မစ္စတာဂိုချုပ်တောင် ပါဝင်ခဲ့သည့် အခန်းကဏ္ဍများအကြောင်းကို ကြားခဲ့ဖူးပြီး မြန်မာနိုင်ငံ တည်ဆောက်ရေးအတွက် မစ္စတာဂိုချုပ်တောင်ထံမှ အကြံဉာဏ်များရယူလိုပါကြောင်း''ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တောင်းခံခဲ့သည်။

(၄) ''ရွေးကောက်ပွဲတွင် အတိုက်အခံပါတီ အနိုင်ရသည်ဟု ရွေးကောက်ပွဲက ကြေညာလိုက်ပြီဆိုလျှင် ... ကျွန်တော်တို့ လက်ခံရမှာပေါ့''

''ငြိမ်းချမ်းရေးမရသေးပါက နိုင်ငံရေးမှ တပ်မတော် ထွက်ခွာရန် ခက်ခဲနိုင်တယ်''

''ဒီမိုကရေစီလမ်းကြောင်းဖြင့် သွားနေချိန်တွင် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းအနေဖြင့် လက်နက်ကိုင်ပြီး အာဏာတချို့တစ်ဝက် ထိန်းသိမ်းခြင်းသည့် အခွင့်အရေးမျိုး မရှိသင့်ဘူး''ဟု ကာကွယ်ရေးဦးစီးချုပ် (၂၀-၆-၂၀၁၅)နေ့ သတင်းဌာန၌ တွေ့ဆုံရာတွင် ပြောကြားသည်။

(၅) ''လွယ်လွယ်ကူကူနှင့် ခဏခဏပြင်လို့ရသည့် ဥပဒေဆိုသည်မှာ မကောင်းကြောင်း။ ဤအချိန်သည် အခြေခံဥပဒေပြင်ရန် မသင့်သောအချိန်ဟု ပြောလိုကြောင်း''

''ဒေါ်အောင်ဆန်းစုကြည်ကို သူ၏ ပုဂ္ဂိုလ်ရေးအမြင်အရ ပြောရန်ခက်ပါကြောင်း၊ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သည့်အတွက် လေးစားရသူဖြစ်ကြောင်း။ သူမသည် နိုင်ငံသားတစ်ယောက်အနေနှင့် ရသည့်အခွင့်အရေးပေါ်

www.burmeseclassic.com

www.burmeseclassic.com



မှုတည်ပြီး ဆောင်ရွက်မည်ဆိုလျှင် တိုင်းပြည်အတွက် 'တစ်စိတ်တစ်ဒေသ'တော့ အထောက်အကူရလိမ့်မည်ဟု မျှော်လင့်ကြောင်း''

''ဗိုလ်မှူးကြီးသန်းရွှေဟာ တပ်မတော်ရဲ့ ဖခင်ကောင်းတစ်ယောက်ပါ၊ ကျွန်တော်တို့ တပ်မတော်ရဲ့ မိဘတစ်ယောက် ဖြစ်တဲ့အတွက်ကြောင့် အခါကြီးရက်ကြီး တွေ ဥပမာ သီတင်းကျွတ်ကန်တော့တာကတော့ ရိုးရာထုံးတမ်းဖြစ်ပါတယ်။ မြန်မာ့ ရိုးရာနှစ်ဆန်းတစ်ရက်နေ့မှာ ကန်တော့တာရှိပါတယ်။ ရံဖန်ရံခါ တွေ့ဆုံမှုတွေရှိတယ်၊ တွေ့တဲ့အခါမှာ လိုအပ်တဲ့ ဆိုဆုံးမမှုတွေရှိပါတယ်။ အဓိကကတော့ တိုင်းပြည်ကောင်းဖို့ ပုဂ္ဂိုလ်ရေးအရကောင်းဖို့ တပ်မတော်ကောင်းဖို့ ပြောတာပဲ ရှိပါတယ်။ ခေတ်မီတပ်မတော် တစ်ခု ဖြစ်လာတာ သူ့ရဲ့ အားထုတ်မှုတွေကြောင့်ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဒီမိုကရေစီ လမ်းကြောင်းပေါ်ရောက်အောင် လမ်းကြောင်းမှန်ပေါ်တင်ပေးခဲ့တာ သူ့ကျေးဇူးပါ။ သူ့ ကျေးဇူးကိုတော့ မေ့လို့မရပါဘူး'' ဟု (၉-၆-၂၀၁၅ ရက်နေ့ ညနေ (၃း၀၀)နာရီက နေပြည်တော်ဘုရင့်နောင်ရိပ်သာမှာ ဂျပန်နိုင်ငံက နိုင်အိနိချိ သတင်းဌာနရဲ့ အာရှဗျူရို အရာရှိချုပ် MR.TAKAYUKI KASUGA နှင့် အင်တာဗျူးရာတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောဆိုသွားပါသည်။)

(၆) ''မိမိနိုင်ငံ နှစ်ပေါင်း (၁၂၀)ခန့် ကိုလိုနီဖြစ်ခဲ့ရသည့် အကျိုးဆက်တစ်ခု ဖြစ်သော တိုင်းရင်းသားလက်နက်ကိုင် ပြဿနာများ ယခုထိ မချုပ်ငြိမ်းသေးပါကြောင်း၊ အရေးကြီးဆုံးမှာ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်၍ မရကြောင်း''

''မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် တွင် လျှောက်လှမ်းနေပြီဖြစ်ကြောင်း၊ ဖက်ဒရယ်ကိုအခြေခံသည့် ပါတီစုံဒီမိုကရေစီ စနစ်ကို လျှောက်လှမ်းရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးကြောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်၏ ပကတိအခြေအနေအရပ်ရပ်ကို သိဖို့လိုကြောင်း အချို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ တောင်းဆိုမှုများသည် အဓိပ္ပာယ်တစ်မျိုးသက်ရောက်နေကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေမည့် အခြေအနေများ တွေ့ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသည့် လှုံ့ဆော်မှု များကိုလည်း တွေ့ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုတွင် နောက်ဆုံးအဆင့် လုပ်ဆောင် ရမည့်တာဝန်မှာ တပ်မတော်၏ တာဝန်သာဖြစ်ကြောင်း၊ ယင်းအဆင့်ကို တပ်မတော် အနေဖြင့် အရောက်မခံလိုကြောင်း၊ အခြေခံဥပဒေတွင် လိုအပ်ချက်များရှိမည်ဆိုသည်ကို မငြင်းလိုကြောင်း၊ သို့သော် လက်ရှိအခြေအနေတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု နှင့် လက်ရှိ ပြုပြင်ပြောင်းလဲမှုကို ထိခိုက်စေမည့် အကြောင်းအရာမတွေ့ရှိကြောင်း''

www.burmeseclassic.com

www.burmeseclassic.com



ဟု ကာကွယ်ရေးဦးစီးချုပ်က တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.MR.CHRISTOPH BURGENER နှင့် ၁၇–၆–၂၀၁၅ နေ့က နေပြည်တော် ဇေယျာသီရိဗိမာန်၌ တွေ့ဆုံရာတွင် ပြောကြားသွားသည်။

(၇) "ယခုနှစ်အတွင်း အငြိမ်းစားယူမည်ဆိုသည်မှာ မဟုတ်ပါကြောင်း၊ ၂၀၁၆ မှသာ မိမိအသက်(၆၀)ပြည့်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် တိုင်းပြည်အတွက် အသက်ပေးပြီး တာဝန်ထမ်းဆောင်ရမည်ဆိုသည့် သစ္စာအဓိဋ္ဌာန် ဆိုထားသူများဖြစ်၍ လိုအပ်လာပါက မည်သည့်တာဝန်ပေးအပ်သည်ဖြစ်စေ ထမ်းဆောင်ရမည့် တာဝန်ရှိပါကြောင်း"ဟု (၁၇–၇–၂၀၁၅)ညနေပိုင်းက BBC သတင်းဌာန မြန်မာပိုင်းအစီအစဉ်နှင့် တွေ့ဆုံရာတွင် ကာကွယ်ရေးဦးစီးချုပ်ရဲ့ ပြောကြားချက်)

(၈) "နိုဝင်ဘာရွေးကောက်ပွဲမှာ လွတ်လပ်၍ တရားမျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်လိမ့်မည်ဟု မိမိမျှော်လင့်ကြောင်း၊ ရွေးကောက်ပွဲတွင် အတိုက်အခံတို့ အနိုင်ရရှိခဲ့သည်ဖြစ်စေ ထွက်ပေါ်လာသည့် ရလဒ်ကို မိမိအနေဖြင့် လေးစားရလိမ့်မည်ဖြစ်ကြောင်း၊ သို့သော် တပ်မတော်အနေဖြင့် နိုင်ငံရေးကဏ္ဍ၌ ဆက်လက်ပါဝင်ရန် လိုအပ်ဆဲဖြစ်ကြောင်း၊ ပြည်သူများလိုလားတောင်းဆိုပါက သမ္မတရာထူးအတွက် ဆုံးဖြတ်မည်ဟု ၂၀–၇–၂၀၁၅ နေ့က ထုတ်လွှင့်သည့် BBC သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ထုတ်ဖော်ပြောကြားသွားသည်။

(၉) "တပ်မတော်အနေဖြင့် အာဏာကို လက်နက်ကိုင်ကာ ရယူထားခြင်းကို မလိုလားကြောင်းနှင့် တည်ငြိမ်အေးချမ်းမှုကို ဥပဒေအရသာ ထိန်းသိမ်းရမည်ဖြစ်ကြောင်း"

(၂၄–၇–၂၀၁၅ ရက်နေ့နံနက်က ပြင်သစ်သံအမတ်ကြီး H.E.NR TGUERRT NATGIY နှင့် တွေ့ဆုံရာတွင် ကာကွယ်ရေးဦးစီးချုပ်ကဆို)

(၁၀) "ငြိမ်းချမ်းရေးယူပြီးနောက် လက်နက်များဆွဲကိုင်ထား၍ မရကြောင်း၊ သို့ဖြစ်၍ NCA လက်မှတ်ရေးထိုးပြီးပါက DDR/SSR လုပ်ငန်းစဉ်များကို မဖြစ်မနေ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းကို လက်ခံသည်ဆိုပြီး လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်၍ မဖြစ်နိုင်ကြောင်း" (၁၉–၈–၂၀၁၅ နေ့က နေပြည်တော် ဘုရင့်နောင်ရိပ်သာမှာ ဗြိတိန်သံအမတ်ကြီး အင်ဒရူးပက်ထရစ်နှင့် တွေ့ဆုံစဉ် ဗိုလ်မှူးကြီး မင်းအောင်လှိုင်က ပြောဆိုသွားသည်။)

(၁၁) "သမ္မတလောင်း ရွေးချယ်ရန် တပ်မတော်သားကိုယ်စားလှယ်များ အစုအဖွဲ့က ဒု–သမ္မတလောင်းအမည်စာရင်း တင်သွင်းရာတွင် အမြင်လေးမြင် ရှိရပါမယ်။ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ ကာကွယ်ရေးအမြင်တွေ ရှိဖို့လိုပါတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးရနိုင်မယ်ဆိုရင်တော့ ပိုကောင်းတာပေါ့၊ ဒီလိုပုဂ္ဂိုလ်မျိုး ဖြစ်ရမယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောတာ မဟုတ်ပါဘူး။ ဒီလိုပုဂ္ဂိုလ်မျိုး ရမယ်ဆိုရင် တိုင်းပြည်အတွက် အများကြီး အကျိုးရှိနိုင်မယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးရှာပြီး ရွေးချယ်မယ်လို့ ကျွန်တော်တို့ စဉ်းစားထားပါတယ်။

(၂၁–၈–၂၀၁၅ နေ့က ရန်ကုန်အခြေစိုက် အဆာဟီရှိသတင်းဌာနတာဝန်ခံနှင့် တွေ့ဆုံမေးမြန်းခန်းမှာ ကာကွယ်ရေးဦးစီးချုပ်က ပြောဆိုသွားပါသည်။)

(၁၂) "တပ်မတော်အနေဖြင့် နိုင်ငံတော်သမ္မတ၏ဦးဆောင်မှုတွင် တာဝန်အရ လိုက်နာဆောင်ရွက်နေကြောင်းနှင့် အငြိမ်းစားဗိုလ်မှူးကြီးသန်းရွှေ၏ ဩဇာလွှမ်းမိုးမှု မရှိကြောင်း၊ တိုင်းပြည်အတွက် အနာဂတ်လုံခြုံစိတ်ချရသည့်အချိန်တွင် တပ်မတော် ဟာ သူ့အလိုလို သူ့နေရာတွင်သူ ရောက်သွားမည်။ ပြည်နိုင်ဖြိုးခေါင်းဆောင်ပိုင်း အပြောင်းအလဲကိစ္စတွင် သမ္မတဦးသိန်းစိန်ဘက်မှ ရပ်တည်နေသည်ဆိုသည်မှာ မှန်ကန်မှု မရှိကြောင်း၊ အခုအခြေအနေမျိုးမှာလည်း ကျွန်တော်တို့ ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဘာမှ မကြားပါဘူး။ အစိုးရလည်း အစိုးရအလျောက် လွှတ်တော်လည်း လွှတ်တော်အလျောက် သူတို့ရဲ့ လုပ်ပိုင်ခွင့်ထဲက လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဘာမှ ဗိုလ်မှူးကြီး သန်းရွှေ(အငြိမ်းစား)ရဲ့ ဩဇာလွှမ်းမိုးမှု ဘာတစ်ခုမှ မရှိပါဘူး။ ကျွန်တော်တို့ တပ်မတော်ရဲ့ မိဘဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ သွားရောက်ဂါရဝပြုတာတွေ ရှိပါတယ်။ ဘာလုပ်ပါလို့တော့ ပြောတာမရှိပါဘူး။ တိုင်းပြည်ကောင်းအောင်၊ တပ်မတော် ကောင်းအောင် လုပ်ဖို့ အကြံပြုတာတွေတော့ ရှိပါတယ်"ဟု ၂၀–၈–၂၀၁၅ RFA သတင်းဌာန မြန်မာပိုင်းဌာနမှူး ဒေါ်ညိမ်းရွှေအား တွေ့ဆုံရာတွင် ကာကွယ်ရေးဦးစီးချုပ် က ပြောကြားသွားခြင်းဖြစ်သည်။)

(၁၃) "၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် တပ်မတော် က ထောက်ခံပေးနိုင်ရန် နိုင်ငံရေးပါတီအချို့ နှစ်ခုသုံးခုက စာပေးပို့တောင်းဆိုထား ကြောင်း၊ ဒါနဲ့ပတ်သက်ပြီး သူ့ဘက်က ဘာမှ မတုံ့ပြန်ဘူး"လို့ ကာကွယ်ရေးစီးချုပ်က ပြောဆို ကြောင်း၊ ၂၄–၈–၂၀၁၅ နေ့က စာနယ်ဇင်းကောင်စီ (ယာယီ)နှင့် တွေ့ဆုံရာတွင် ပြော တာဖြစ်ကြောင်း ယာယီအဖွဲ့ဝင် ဦးသီဟစောက ပြောကြားသည်။

(၁၄) "ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းပြည်အတွက် အကျိုးရှိမည့်သူတစ်ဦး ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်တွင် အတွေ့အကြုံရှိကြောင်း၊ ၎င်း အတွေ့အကြုံ များသည် နိုင်ငံအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပေးမည်ဟု မိမိတို့ ယူဆကြောင်း၊ အားလုံး ဝိုင်းဝန်းဆောင်ရွက်ကြမည်ဆိုပါက တိုင်းပြည်အတွက် အကျိုး ရှိမည့်သူတစ်ယောက်ဖြစ်ကြောင်း" ကာကွယ်ရေးဦးစီးချုပ်က (၂၅–၈–၂၀၁၅ နေ့ ကျိုဒိုသတင်းဌာနနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်)

(၁၅) "တပ်မတော်အနေနှင့် တိုင်းရင်းသားများအပေါ် ဖိနှိပ်သည်ဟု အဖွဲ့အစည်း

www.burmeseclassic.com

www.burmeseclassic.com



အချို့က ပြောဆိုနေမှုသည် နိုင်ငံရေးအရ အထင်အမြင်လွဲမှားခြင်းဖြစ်ကြောင်း''

(၂၅-၈-၂၀၁၅ နေ့က ICRC ဌာနကိုယ်စားလှယ် MR.TURG MONTANI နှင့် တွေ့ဆုံရာတွင် ကာကွယ်ရေးဦးစီးချုပ်က ပြောကြား)

(၁၆) လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် တပ်မတော်အနေဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်သွားမည်''

''အာဏာသိမ်းခြင်းကို လုံးဝမကြိုက်ပါ''

''အမျိုးသမီးတစ်ဦး သမ္မတအဖြစ် နိုင်ငံကိုဦးဆောင်နိုင်မည်ဆိုပါကလည်း မိမိအနေနှင့် ကြိုဆိုပါကြောင်း''

''မည်သည့် အစိုးရတက်လာသည်ဖြစ်စေ၊ တပ်မတော်သဘောထား မပြောင်းလဲပါဘူး''ဟု ၂၁-၉-၂၀၁၅ နေ့က မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြား။

■

www.burmeseclassic.com

www.burmeseclassic.com

# ကျုပ်အစ်မ အညာသားသမီး ကြီးကြီးနု

ကျုပ်အစ်မ ၁၉၈၈ မတ်လ ၃၀ ရက်နေ့မှာ မြန်မာပြည်ပြန်လာတော့ အသက်က ၄၃ နှစ်အရွယ်ပါ။ (တပ်မတော်ဖခင်ကြီးရဲ့သမီး အမျိုးသားခေါင်းဆောင်ကြီးရဲ့သမီးဆိုတဲ့ ဂုဏ်ပုဒ်ပဲရှိတာပါ။ ကျန်တာက ဘာမှမရှိပါဘူး) ဖခင်သွေးအပြည့်ပါတော့ ဖခင်လိုပဲ စိတ်ဓာတ်ရှိသူပါ။ ဒါဆို ဘာဖြစ်လို့ နိုင်ငံခြားမှာနေတာလဲ၊ ကိုယ့်နိုင်ငံမှာ ဘာဖြစ်လို့မနေတာလဲမေးကြရင် ကျုပ်ရေးတဲ့ ပထမဆုံးစာအုပ် 'သမီးအောင်ဆန်း' ထဲမှာ အရိပ်အမြွက်တော့ ရေးထားပါတယ်။ ခင်ဗျားတို့လည်း စာတွေထဲမှာ ဖတ်ဖူးကြမှာပါ။ တိုင်းပြည်တိုင်းပြည်တိုင်းမှာရှိတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ၊ နိုင်ငံရေးသမားတွေ၊ မိသားစုတွေဟာ မိမိတို့အတွက် အသက်အန္တရာယ်ရှိလာပြီလို့ ယူဆရတဲ့အချိန်မှာ ပြည်ပကိုထွက်ပြီး လျှို့ဝှက်စွာ တိမ်းရှောင်နေထိုင်လေ့ရှိခဲ့ကြပါတယ်။ (ဥပမာ) ၁၉၆၉–၇၀ ကာလက ပါကစ္စတန်နိုင်ငံမှာ ဗိုလ်ချုပ်ကြီး မာရှယ်အယွတ်ခန်က အာဏာသိမ်းပြီး ပါကစ္စတန်ရဲ့ ထင်ရှားတဲ့နိုင်ငံရေးသမားကြီး အလီဘူတိုကို ကြိုးပေးပြီး ကွပ်မျက်လိုက်တော့ မိသားစုတွေဟာ ပြည်ပကို တိမ်းရှောင်ထွက်ခွာသွားခဲ့ကြပါတယ်။ အင်္ဂလန်နိုင်ငံမှာ ဇာတ်မြှုပ်ပြီးနေထိုင်ခဲ့ကြပါတယ်။ နောက်တစ်ခါ ဗိုလ်ချုပ်ကြီး ဇီယာအူဟတ်က ထပ်မံပြီး အာဏာသိမ်းလိုက်ပြန်ပါတယ်။ ဗိုလ်ချုပ်ကြီးဇီယာအူဟတ်ဟာ ပြည်တွင်းမှာခရီးသွားနေစဉ် လေယာဉ်ပျံပေါ်မှာ ချိန်ကိုက်ဗုံးနဲ့ဖောက်ခွဲပြီး လုပ်ကြံခံလိုက်ရပြီးတဲ့ အချိန်နောက်ပိုင်းကျတော့မှ ပါစ္စတန်မှာ ပါတီစုံရွေးကောက်ပွဲတွေ ကျင်းပပေးခဲ့ပါတယ်။ ကွပ်မျက်ခြင်းခံခဲ့ရတဲ့ ဝန်ကြီးချုပ်ဟောင်းအလီဘူတိုရဲ့ (PPP) ပါတီဟာ အလီဘူတိုရဲ့ တစ်ဦးတည်းသောသမီးဖြစ်တဲ့ ဘီနေဇာအလီဘူတိုကို ပြည်ပကနေပြန်ခေါ်ပြီး (PPP) ပါတီရဲ့ ခေါင်းဆောင်အဖြစ်တင်မြှောက်ပြီး ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါ (PPP)

www.burmeseclassic.com

www.burmeseclassic.com



ပါတီအနိုင်ရရှိခဲ့ပြီး ဘီနေဇာအလီဘူတိုလည်း ဝန်ကြီးချုပ်ဖြစ်ခဲ့ပါတယ်။

ကျုပ်အစ်မမိသားစုဘဝမှာလည်း ဖခင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရတော့ ကျန်ရစ်ခဲ့တဲ့မိသားစုတွေမှာ စိုးရိမ်ပူပန်စိတ်တော့ ရှိခဲ့ကြမှာပါပဲ။ လုပ်ကြံတဲ့အထဲမှာ မပါဝင်ခဲ့ပေမဲ့ အားပေးအားမြှောက်ပြုခဲ့တဲ့သူတွေက သက်ရှိထင်ရှားရှိနေသေးတော့ မိခင်ကြီးက သားသမီးတွေအပေါ် စိုးရိမ်စိတ်က ရှိနေမှာအမှန်ပါပဲ။ ဒါကြောင့်လည်း သားသမီးတွေကို ပြည်ပမှာပဲ သွားနေခိုင်းခဲ့ပါတယ်။ ငွေကြေးကတော့ မတတ်နိုင်ခဲ့ပါ။ ကိုယ့်စရိတ်ကိုယ်ရှာပြီး ပညာသင်၊ အလုပ်လုပ်ရတဲ့ဘဝတွေနဲ့ပါ။ ပြည်ပမှာ အသက်ရှင်နေထိုင်နေရတာကို မြင်နေ၊ သိနေရရင် ပြီးရောဆိုပြီး မိခင်ကြီးက စိတ်ပိုင်းဖြတ်ခဲ့ပုံရပါတယ်။

ဖြစ်ချင်တော့ ကျုပ်အစ်မ မိခင်ကြီးနေမကောင်းဖြစ်တော့ ဆေးရုံတက်ရပါတယ်။ ပြုစုရမယ့်ဝတ္တရား။ ဒီတော့ သမီးဖြစ်သူက ပြန်လာပြီး ပြုစုပါတယ်။ လေဆိပ်ကနေ ဆေးရုံကို တိုက်ရိုက်လာပါတယ်။ အိမ်တောင်မဝင်ပါဘူး။ ကျုပ်အစ်မလာတဲ့အချိန်ကလည်း အာဏာရှင်ကုလားထိုင်လှုပ်နေတဲ့အချိန် ဖြစ်နေပါတယ်။ တဖြည်းဖြည်းနဲ့ ကုလားထိုင်ကလှုပ်ရာကနေ ကုလားထိုင်ကျိုးကျမယ့် အနေအထားတွေ ဖြစ်လာပါတယ်။

ကျုပ်အစ်မလည်း ဖအေ့သွေး၊ ဖအေ့စိတ်ဓာတ်အပြည့်ပါတော့ မအေ့ကို ပြုစုနေရင်းနဲ့ ပြန်ရောက်ပြီး ၅ လအကြာမှာ '၁၉၈၈၊ ဩဂုတ်လ ၁၅ ရက်' နေ့ကစပြီး မြန်မာ့နိုင်ငံရေးခရီးထဲ ဝင်ရောက်ခဲ့ပါတယ်။

ထင်ထားတဲ့အတိုင်း၊ တွက်ထားတဲ့အတိုင်းပါပဲ။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရမှုကို အားပေးအားမြှောက် ပြုခဲ့ကြသူတွေရဲ့ အဆွယ်အပွားတွေက ဗိုလ်ချုပ်အောင်ဆန်းသမီး နိုင်ငံရေးထဲဝင်ရောက်လာပြီလည်းဆိုရော ဗိုလ်ချုပ်အောင်ဆန်းသမီးကို အပုပ်ချတဲ့ စာရွက်စာတမ်းတွေ ရန်ကုန်တစ်မြို့လုံးမှာ လိုက်လံပြီး ကြဲချ၊ ဖြန့်ဖြူးတဲ့အလုပ်တွေ လုပ်ကုန်ပါတယ်။ တစ်နေရာမှာတော့ ညသန်းခေါင်ကျော်အချိန်မှာ အပုပ်ချတဲ့ စာရွက်စာတမ်းတွေပါတဲ့ ကားတစ်စီးကို လူတစ်စုနဲ့ဖမ်းမိခဲ့ပါတယ်။ (တစ်နိုင်ငံလုံး ဟိုးဟိုးကျော်ခဲ့ပါတယ်။ ဖမ်းမိသူတွေကို ဗိုလ်ချုပ်အောင်ဆန်းသမီးဖြစ်သူကိုယ်တိုင်က ပြန်လွှတ်ပေးဖို့ မေတ္တာရပ်ခံခဲ့ပါတယ်။ လွှတ်ပေးခဲ့ပါတယ်။)

ခင်ဗျားတို့ စဉ်းစားကြည့်လေ။ ဗိုလ်ချုပ်အောင်ဆန်းသမီးက စစ်အာဏာရှင်

www.burmeseclassic.com

www.burmeseclassic.com



ခေတ်တစ်လျှောက်၊ တစ်ပါတီအာဏာရှင်စနစ်တစ်လျှောက် နိုင်ငံရေးစကားမပြောခဲ့ပါဘူး။ ဘယ်သူ့ကိုမှလည်း ဝေဖန်တဲ့စကားမပြောခဲ့ပါဘူး။ ဘယ်သူ့ကိုမှလည်း ဝေဖန်တဲ့စကား မပြောခဲ့ပါဘူး။ အန္တရာယ်ပေးမှာကိုကြောက်လို့ အန္တရာယ်နဲ့ဝေးတဲ့နေရာ ပြည်ပမှာ သွားရောက်နေထိုင်ခဲ့တာပါ။ ဘယ်လိုမှ အဆက်အစပ်မရှိခဲ့ပါဘူး။

နိုင်ငံ့ခေါင်းဆောင်ကြီးရဲ့ဇနီး၊ တပ်မတော်ဖခင်ကြီးရဲ့ဇနီးကို ဂုဏ်ပြုတဲ့အနေနဲ့ အဖွဲ့အစည်းတိုင်းမှာ နာယက၊ ဥက္ကဋ္ဌရာထူးတွေပေးပြီး ချီးမြှင့်ခဲ့ပါတယ်။ နောက်ဆုံး မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးနဲ့ တစ်ဦးတည်းသော အမျိုးသမီးသံအမတ်ကြီးအဖြစ် ဂုဏ်ပြု ချီးမြှင့်ခြင်းခံခဲ့ရပါတယ်။ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတာဝန်နဲ့ပါ။ အိန္ဒိယ နိုင်ငံရဲ့ခေါင်းဆောင်ကြီး ဝန်ကြီးချုပ် ဂျာဝါဟာလာနေရူးကိုယ်တိုင်က သူကိုယ်တိုင် ရုံးစိုက်တဲ့နေရာဖြစ်တဲ့၊ လူကုံထံရပ်ကွက်လည်းဖြစ်တဲ့ အစိုးရရပ်ကွက်၊ အက္ကဘာလမ်း က အစိုးရအိမ်တော်တစ်ခုကို မြန်မာသံအမတ်ကြီး ဒေါ်ခင်ကြည်မိသားစု နေထိုင်ဖို့ ပေးအပ်ဂုဏ်ပြုခဲ့ပါတယ်။

ကျူပ်အစ်မလည်း နယူးဒေလီမြို့က အက္ကဘာလမ်းက အိမ်တော်မှာသွားရောက် နေထိုင်ပြီး လေဒီရှရီယမ်ကောလိပ်မှာ ပညာတွေဆည်းပူးရပါတယ်။ မိတ်ဆွေတွေ၊ အသိတွေတိုးလာပါတယ်။ အိန္ဒိယခေါင်းဆောင်ကြီး ဂျာဝါဟာလာနေရူးရဲ့မြေး အိန္ဒိယ ဝန်ကြီးချုပ် (ဟောင်း) အင်ဒီရာဂန္ဒီရဲ့ သားတွေဖြစ်တဲ့ ရာဂျစ်ဂန္ဒီ၊ ဆန်ဂျေးဂန္ဒီတို့နဲ့ ရင်းနှီးခဲ့ပါတယ်။ သံအမတ်ကြီးဖြစ်တဲ့ မိခင်နဲ့ပတ်သက်ပြီး အိန္ဒိယနိုင်ငံရဲ့ ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ၊ အိန္ဒိယကိုလာရောက်လည်ပတ်တဲ့ နိုင်ငံတကာခေါင်းဆောင် တွေ၊ သံတမန်တွေနဲ့ တွေ့ဆုံနှုတ်ဆက် ရင်းနှီးခွင့်ရခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ငယ်စဉ် ကတည်းက ရင်းနှီးခဲ့တဲ့ ဗြိတိန်သံအမတ်ကြီးဟောင်း၊ ယခု အိန္ဒိယနိုင်ငံဆိုင်ရာ ဗြိတိသျှ မဟာမင်းကြီးဖြစ်နေတဲ့ ဆာဂိုလ်းဘုတ်(သ်)နဲ့ လေဒီဂိုလ်းဘုတ်(သ်) တို့ကို ပြန်တွေ့ခဲ့ ရတော့ ပျော်ရွှင်ခဲ့ရပါတယ်။ ကျူပ်အစ်မ အိန္ဒိယနိုင်ငံကနေ အင်္ဂလန်နိုင်ငံ၊ အောက်စဖို့ဒ် မှာ ပညာသွားသင်တော့ မစ္စလေဒီ ဂိုလ်းဘုတ်(သ်)ကပဲ အစစအရာရာ ကူညီစောင့်ရှောက် ခဲ့တာ ၁၉၈၈ ခုနှစ်အထိပါပဲ။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာလည်း အောက်စဖို့ဒ်မှာ အစ်မ မနေတော့ပေမဲ့လည်း အစ်ကိုမိုက်ကယ်လ်နဲ့ သားတွေဖြစ်တဲ့ မောင်မြင့်ဆန်းအောင်၊ မောင်ထိန်လင်းတို့ကို ကြီးကြီးဒေါ်သန်းဖေ (အဆိုတော်ကြီး၊ ဘီလပ်ပြန်သန်း (ခ) ဒိုရာ သန်းဖေ) တို့နဲ့အတူ စောင့်ရှောက်ပေးနေခဲ့တာက သူ ကွယ်လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်အထိပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျူပ်အစ်မက (၂)နှစ်သမီးကတည်းက ဖခင်ကွယ်လွန်သွားတော့ မိခင်လက်ထဲ ကြီးပြင်းခဲ့ရတာပါ။ မြန်မာ့ရိုးရာဓလေ့ထုံးတမ်းစဉ်လာတွေကို မိခင်ကပဲ သင်ပေးခဲ့ရ တာပါ။ မိခင်ကလည်း မြန်မာနိုင်ငံရဲ့ ပထမဆုံးအမျိုးသမီးသံအမတ်ကြီး တာဝန် ထမ်းဆောင်ရတဲ့ ပုဂ္ဂိုလ်ဆိုတော့ နိုင်ငံတကာခေါင်းဆောင်တွေ၊ ကမ္ဘာ့သိ၊ ကမ္ဘာကျော်တဲ့ ပုဂ္ဂိုလ်တွေနဲ့ပါ ရင်းနှီးခင်မင်ခွင့်ရရှိခဲ့ပါတယ်။ မိခင်ရဲ့ သံတမန်အဆင့်အတန်းဘဝမှာ နေထိုင်ကျင်လည်ခဲ့ရတော့ ခေတ်အမြင် ကမ္ဘာ့အမြင်တွေကိုလည်း ဗဟုသုတအဖြစ် ရရှိစေခဲ့ပါတယ်။ နိုင်ငံတကာဆက်ဆံရေးပညာရပ်မှာတော့ ကျွမ်းကျင်ခဲ့ပါတယ်။ မိခင်သင်ပေးခဲ့တဲ့ မြန်မာ့ရိုးရာထုံးတမ်းစဉ်လာတွေကို လိုက်နာကျင့်သုံးခဲ့ပါတယ်။

ကျူပ်အစ်မ နိုင်ငံရေးလောကထဲဝင်လာတော့ အသက်ကြီးတဲ့သူတွေက ကျူပ် အစ်မကို ခေါ်ဝေါ်ပုံက 'စုစု–မစု–ဒေါ်စု' ဆိုပြီး ခေါ်ကြပါတယ်။ သက်လတ်ပိုင်းတွေ ကတော့ ''မမစု–အစ်မစု–အစ်မ' လို့ ခေါ်ကြပါတယ်။ လူငယ်တွေကတော့ 'အန်တီစု– အန်တီ–အမေ' ဆိုပြီး ခေါ်ကြပါတယ်။ အနှစ်(၂၀) ကျော်အကြာ၂၀၁၀–၂၀၁၂ ရောက် လာတော့ သက်ငယ်တွေကပါ သိလာကြတော့ 'အမေစု–ဘွားဘွားစု' ဆိုပြီး ခေါ်ဝေါ်လာ ကြတာ သတိထားခဲ့မိပါတယ်။ နဝတခေတ်၊ နအဖခေတ်မှာတော့ လိုရင်းဖြင့် ညီမလေး တစ်ယောက်လို သဘောထားပါတယ်တဲ့။ ဦးသိန်းစိန်ရဲ့ အရပ်သားအစိုးရခေတ် ရောက်တော့ ပါလီမန်ကြီးလည်း ရှိလာပြီဆိုတော့ 'အစ်မကြီး' လို့ ခေါ်ဝေါ်လာပါတယ်။ ခေတ်အလိုက် ပြောင်းလဲလာတဲ့အခေါ်အဝေါ်တွေပါ။

အဲ ... တစ်မူထူးခြားပြီးခေါ်တာကိုတော့ ဟိုတလောက ကြားခဲ့မိပါတယ်။ 'ကြီးကြီးစု' တဲ့ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ရဲဘော်သုံးကျိပ် စာရင်းထဲမှာပါဝင်ခဲ့တဲ့ ဗိုလ်တစ်ယောက်ရဲ့မြေးလေးတွေက ထောင်ထဲမှာ (၁၀)နှစ်ကျော် နေခဲ့ရပြီး ပြန်ထွက်လာတော့ ဂျာနယ်တချို့က အင်တာဗျူးတဲ့အခါ ဒေါ်အောင်ဆန်းစုကြည် အပေါ် မြင်တဲ့အမြင် မေးမြန်းတဲ့အခါမှာ အစ်မကို 'ကြီးကြီးစု' ဆိုတဲ့ အခေါ်အဝေါ်ကို သုံးနှုန်းတာကို ဖတ်ရှုရပါတယ်။ မြန်မာ့ဓလေ့အခေါ်အဝေါ်ပါ။

ကျူပ်အစ်မကလည်း ငယ်စဉ်ကတည်းက အဖေအမေရဲ့အစ်မ၊ ညီမတွေ၊ အဖေအမေရဲ့အစ်ကို၊ မောင်တွေ၊ ညီတွေဆို ဒေါ်ကြီး၊ ကြီးကြီး၊ ဒေါ်လေး၊ ဦးကြီးဝင်း၊ ဦးလေးသိန်း၊ ဦးလေးကျော်ဆိုတဲ့ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအတိုင်း ခေါ်ဝေါ် သုံးစွဲခဲ့ပါတယ်။ အစ်ကို၊ အစ်ကိုဝမ်းကွဲ၊ အစ်မဝမ်းကွဲတွေဆိုလည်း ကိုကို၊ မမတပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com




ခေါ်ဝေါ်လေ့ရှိပါတယ်။ ကိုကိုဦး၊ ကိုကိုလင်း စသည်ဖြင့်ခေါ်ဝေါ်ပြီး အစ်မတွေဆိုလည်း မမတင်လှ၊ မမချော၊ မမ ဆိုပြီး ခေါ်ဝေါ်ခဲ့ပါတယ်။ အနေရင်းနီးတဲ့သူတွေကျတော့ နာမည်ကိုအဖျားဆွတ်ပြီး ခေါ်ဝေါ်သုံးနှုန်းခဲ့ပါတယ်။ မနီရေ၊ ကိုနီရေ၊ စုစု၊ ငယ်ငယ်၊ အဝင်း၊ အပြုံး စသည်ဖြင့် ခေါ်ဝေါ်ခဲ့ပါတယ်။ ဒါတွေက ကျူပ်အစ်မရဲ့ မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာတွေကို နားလည်ပါတယ်ဆိုတဲ့အကြောင်း ပြောပြတာပါ။ မြန်မာလူမျိုး မိဘနှစ်ပါးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်ခင်ကြည်တို့ရဲ့ သမီးရတနာ မြန်မာနာမည် အောင်ဆန်းစုကြည်၊ ရှိးရာဓလေ့ခေါ်ဝေါ်သုံးနှုန်းတာက ဘွားဘွားစု ... အမေစု ... ကြီးကြီးစု။

■

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၅၊ အစ်မ အသက် (၇၀) ပြည့် အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရှုငယ်အစ (၁၉၈၈-၈၉)

'၁၉၈၈ အရေးတော်ပုံကြီး' ၂၅ နှစ်ပြည့် (ငွေရတု) တိုင်ခဲ့ပြီဆိုတော့ '၈၈၈၈ အရေးတော်ပုံ'ကြီးက မွေးဖွားပေးလိုက်တဲ့ National League for Democracy (NLD) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီးလည်း ၂၅ နှစ် (ငွေရတု)တိုင်ခဲ့ပါပြီ။

NLD ကို သန္ဓေတည်ခဲ့တာက ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၂)ရက်နေ့ပါပဲ အဲဒီနေ့မှာ အငြိမ်းစားဗိုလ်မှူးကြီး သူရဦးတင်ဦးရယ် အမျိုးသားခေါင်းဆောင်ကြီး တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြီး တို့က ဦးဝိစာရလမ်းက ဂါးဒီးယန်းဦးစိန်ဝင်းအိမ်မှာ အကျိုးတူပူးပေါင်းဆောင်ရွက်ကြမယ်ဆိုပြီး လက်မှတ်ရေးထိုးခဲ့ကြတဲ့နေ့ကစ၍ NLD ဖြစ်ပေါ်ဖို့ သန္ဓေတည်ခဲ့ပါတယ်။

NLD ရယ်လို့ ဖြစ်ပေါ်လာရခြင်း သမိုင်းနောက်ခံ အကျဉ်းချုပ်လေး ပြောပြပါရစေ။ ပါတီစုံစနစ်ဖြစ်တဲ့ ပါလီမန်ဒီမိုကရေစီစနစ်က မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး (၁၄)နှစ် အကြာမှာ ပျောက်ကွယ်သွားခဲ့ရပါတယ်။ ၁၉၆၂ ခုနှစ်ကစပြီး ဆိုရှယ်လစ်စနစ် အမည်ခံကာ တစ်ပါတီအာဏာရှင်စနစ်နဲ့ပဲ အုပ်ချုပ်လာခဲ့ကြတာဟာ ၁၉၈၇ မှာ ကမ္ဘာ့ဆင်းရဲမွဲတေဆုံးနိုင်ငံများ စာရင်းမှာ ပါဝင်ပေးဖို့ ကုလသမဂ္ဂအဖွဲ့ကြီးထံ လျှောက်ထားပါတယ်။ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီက မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး နိုင်ငံအဆင့်အတန်းတွင် ပါဝင်ကြောင်း ၂၉-၁၀-၁၉၈၇ မှ စ၍ လက်ခံလိုက်ပါတယ်။ ၁၁-၁၂-၁၉၈၇ နေ့က ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး နိုင်ငံများစာရင်းတွင် ပါဝင်ကြောင်း သဘောတူအတည်ပြုလိုက်သည်ဟု ကြေညာပါတယ်။ တိုင်းပြည်ဒေဝါလီခံလိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ တစ်ပါတီအာဏာရှင်စနစ်နဲ့ အုပ်ချုပ်လာခဲ့တာ (၂၆)နှစ်တိတိ ပြည့်တဲ့လ ၁၉၈၈ မတ်လမှာပဲ တိုင်းပြည်ကို ဖျက်ဆီးပစ်မယ့်စီမံကိန်းကြီး စတင်ခဲ့ပါတယ်။ ပြဿနာ သေးသေးလေးကနေ အကြီးကြီးဖြစ်အောင်ပုံဖော်ပါတယ်။ ဇူလိုင်လ ၂၃ ရက်နေ့ ပါတီညီလာခံ အရေးပေါ်အစည်းအဝေးမှာ အာဏာရှင်ကြီးက တစ်ပါတီစနစ်ကြိုက်လား။ ပါတီစုံစနစ်ကြိုက်လားဆိုပြီး နှုတ်ကြောင်းပေးပါတယ်။ တစ်ပါတီစနစ်ကြိုက်သူတွေက ပါတီစုံစနစ်မကြိုက်ဘူးဆိုပြီး အာဏာကို လွှဲယူလိုက်ပါတယ်။ မဖြစ်ခြေဘူးဆိုပြီး ၁၅ ရက်အကြာမှာ ပထမဆုံး အရပ်သားသမ္မတတစ်ဦးနဲ့ပြောင်းပြီး အုပ်ချုပ်စေခဲ့ပါတယ်။ ဥပဒေသမား အရပ်သားတစ်ဦးဆိုတော့ ပျော့ပျောင်းတဲ့ လေသံနဲ့ အပျော့ဆွဲ ဆွဲတဲ့နည်းနဲ့ ပါတီစုံစနစ် ကျင့်သုံးမယ်ဆိုရင် ပြည်သူ့ဆန္ဒခံယူပါဦး။ ဆန္ဒခံယူဖို့ ကော်မရှင်ဖွဲ့ပါဦးဆိုပြီး ဖွဲ့တဲ့သူက ဖွဲ့ကနေတုန်းမှာ မင်းမဲ့စရိုက်တွေ ဖြစ်ပေါ်အောင် တစ်ဖက်ကလည်း ဖန်တီးတဲ့ သူက ဖန်တီးပြပါတယ်။ အာဏာရှင်လက်ကိုင်တုတ်တွေက ဆန္ဒခံယူပွဲ မလိုအောင် ပြည်သူလူထုက ပါတီစုံစနစ်ကို တောင်းဆိုနေကြပြီဆိုပြီး ဆန္ဒခံယူပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အောင်ဟိန်းကိုယ်တိုင် နုတ်ထွက်သွားခဲ့ပါတယ်။ အဲဒီတော့မှပဲ ပါတီစုံဒီမိုကရေစီ စနစ် ကျင့်သုံးပါ့မယ်ဆိုပြီး ကြေညာပါတယ်။ ဂုဏ်သရေရှိ နိုင်းတာလုပ်ပေးမယ့်) ပုဂ္ဂိုလ်ကြီး များ ပါဝင်တဲ့ ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းစေကာ နိုင်ငံရေးပါတီ တည်ထောင် လိုသူများ လာရောက်မှတ်ပုံတင်ကြပါလို့ ကြေညာပါတယ်။

ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး သူရဦးတင်ဦး။ ဒေါ်အောင်ဆန်း စုကြည်နဲ့ ဦးအောင်ကြီးတို့ဟာ လူမျိုးမရွေး ဘာသာမရွေး လူတန်းစားအလွှာပေါင်းစုံ ပါဝင်နိုင်မယ့် League ဆိုတဲ့ စကားလုံးအမည်ပါတဲ့ National League for Democracy (NLD) ဆိုတဲ့ ပါတီတစ်ခုကို ၂၇-၉-၁၉၈၈ နေ့မှာ ရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံသွားတင်ပါတယ်။ ၃၀-၉-၁၉၈၈ နေ့ ရက်စွဲနဲ့ အသိအမှတ်ပြုခွင့်ပြုမိန့်ရရှိခဲ့ပါတယ်။ အဲဒီနေ့ကစပြီး အဖွဲ့ဝင် စာရင်းတွေ လက်ခံပါတယ်။ ၃-၁၀-၁၉၈၈ နေ့စကပြီး အဖွဲ့ဝင်ပုံစံတွေ တစ်စောင် ၂ ကျပ်/- နှုန်းနဲ့ ရောင်းချပါတယ်။ အဖွဲ့ဝင်စုဆောင်းသူများကိုလည်း ဆော်ဩရေးမှူးဆိုပြီး လက်မှတ်ထုတ်ပေးပါတယ်။

မြို့နယ်တိုင် မြို့နယ်တိုင်းမှာ ဆော်ဩရေးမှူးလက်မှတ် ရရှိသူတွေစုပေါင်းပြီး မြို့နယ်စည်းရုံးရေး ကော်မတီများ ဖွဲ့စည်းကြပါတယ်။ အဲဒီကမှ မြို့နယ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စည်းရုံးရေးမှူး၊ ဘဏ္ဍာရေးမှူး လူငယ်အဖွဲ့ဆိုပြီး ဖွဲ့စည်းကြပါတယ်။ ပါတီက

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေတဲ့ ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေတွေအတိုင်း ဖွဲ့စည်းကြရပါတယ်။ အမျိုးသမီးအဖွဲ့ ဆိုတာလည်း ပါရှိပါတယ်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (လူငယ်)ဆိုတာကိုလည်း ဖွဲ့စည်းပြီး လူငယ် စည်းရုံးရေး တာဝန်ခံအဖြစ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က တာဝန်ယူဆောင်ရွက်ပါတယ်။ တိုင်းနှင့်ပြည်နယ်အလိုက် လူငယ်စည်းရုံးရေးဆင်းဖို့ အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လူငယ်) စည်းရုံးရေး တာဝန်ခံ (ယာယီ)ဆိုပြီး (ဗဟိုအဆင့်) လူငယ် (၁၉)ဦးကို တာဝန်ပေးပါတယ်။ ထိုလူငယ် (၁၉)ဦးကို (၂၄-၁၁-၁၉၈၈)နေ့မှာ တိုင်းနှင့် ပြည်နယ်အလိုက် စည်းရုံးရေး စေလွှတ်ပါတယ်။ စည်းရုံးရေးမဆင်းမီ အထွေထွေအတွင်းရေးမှူး နဲ့ လူငယ်စည်းရုံးရေး စေလွှတ်ပါတယ်။ စည်းရုံးရေးမဆင်းမီ အထွေထွေအတွင်းရေးမှူးနဲ့ လူငယ်စည်းရုံးရေးတာဝန်ခံ ဒေါ်အောင်ဆန်းစုကြည်က သြဝါဒစကားပြောကြားရာမှာ ကမ္ဘာကျော် ကဗျာဆရာကြီး ရုဒ်ရပ်ကစ်ပလင်ရေးတဲ့ (IF) ဆိုတဲ့ ကဗျာကို (အကယ်၍) ဆိုပြီး မြန်မာလို ပြန်ဆိုထားတဲ့ ကဗျာကို ရွတ်ဆိုပြ ပါတယ်။ (အကယ်၍ ကဗျာကို အဲဒီ အချိန်တုန်းက ဒေါ်အောင်ဆန်းစုကြည်ကို အနီးကပ် ကူညီနေကြသူနှစ်ဦးက 'ဂီ'က မြန်မာလို အကြမ်းဘာသာပြန်ပြီး စာရေးဆရာ တင်ဆွေမိုး (ကိုမြင့်ဆွေ)က အချောရေးရပါတယ်။) ၃-၁၂-၁၉၈၈ နေ့ အမျိုးသားအောင်ပွဲနေ့ အခမ်းအနားမှာ 'အကယ်၍' ကဗျာစာအုပ် ၆၀ ကို ဝေငှပါတယ်။ NLD လူငယ်တွေ ဖွဲ့စည်းပြီးတဲ့အခါမှာ လူငယ်ခေါင်းဆောင်တစ်ဦးက ဦးဆောင်ပြီး သီးခြားမှတ်ပုံတင်ဖို့ ဆိုတဲ့အဆိုတစ်ခုလည်း ပေါ်ပေါက်လာခဲ့ပါသည်။ အမှတ် ၄၄ ဌာနချုပ်ရုံးမှာ မှတ်ပုံတင်သင့် မတင်သင့် အစည်းအဝေးတစ်ခု ဖြစ်ခဲ့ပါသည်။ မှတ်ပုံ မတင်သင့်ကြောင်း အဖွဲ့ချုပ်ရဲ့ အောက်မှာပဲ ရပ်တည်မည်ဆိုတဲ့အဆိုက အောင်မြင်သွားပါသည်။ အစည်းအဝေးပြီး တဲ့အခါ သီးခြားမှတ်ပုံတင်ဖို့ ဦးဆောင်လှုပ်ရှားသူ လူငယ်ခေါင်းဆောင်ဘက်မှ ပါဝင် ခဲ့သော နာမည်ကြီးအဆိုတော်တစ်ယောက်ကို ဒေါ်အောင်ဆန်းစုကြည်က မေးမြန်း သည့်အခါ 'အားနာလို့'ပါလို့ ဖြေပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က 'အားနာရင် နိုင်ငံရေးမလုပ်ရဘူး'လို့ ပြန်ပြောလိုက်တာဟာလည်း သမိုင်းဝင်စကားလေးတစ်ခုပါပဲ။

ရန်ကုန်တိုင်း လူငယ်စည်းရုံးရေး အဖွဲ့ဝင်များ (ယာယီ)ကို အောက်ပါပုဂ္ဂိုလ် များဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁) ကိုဝင်းလှိုင် (ဗဟို)

(၂) ကိုသာထွန်းဝေ (ဗဟို)

(၃) ကိုအောင်ကျော်ဦး (ဗဟို)

(၄) ကိုကိုနိုင် (တိုင်း)

(၅) ကိုအောင်မျိုးနိုင် (တိုင်း)(မျိုးကြီး)

(၆) ကိုမိုးသီဟ (တိုင်း)

(၇) ကိုကျော်စိုးနိုင် (ဌာနချုပ်လူလယ်) (ဘောကြီး)

(၈) ကိုသန်းထိုက်ဝင်း (ဌာနချုပ်လူငယ်) (ဘဲဥ)

(၉) မသင်းသင်းအောင် (ဌာနချုပ်လူငယ်) (ယခု (မန္တလေးသတင်းဌာန)

(၁၀) မခင်သန္တာ(ဌာနချုပ်လူငယ်)

(၁၁) ကိုကျော်ဇေယျ

(၁၂) ကိုတိုင်းထွန်းဝင်း

တို့ဖြင့် ဖွဲ့စည်းပြီး မြို့နယ်များသို့ဆင်းကာ လူငယ်စည်းရုံးရေးများ လူငယ်ဖွဲ့စည်းရေးများကို မြို့နယ်အဆင့် မြို့နယ်စုအဆင့် တိုင်းအဆင့်များ ဖြစ်ပေါ်အောင် ဖော်ဆောင်ခဲ့ကြပါတယ်။

အဓိကက ရန်ကုန်တိုင်းဖြစ်နေတော့ ရန်ကုန်တိုင်းကို ပထမဦးဆုံး လူငယ်ဖော်ဆောင်ရေးများ စလုပ်ရပါတယ်။ ရန်ကုန်တိုင်းစနစ်တကျဖြစ်ပြီဆိုမှ တခြားတိုင်းနှင့် ပြည်နယ်တွေကိုလည်း ချိတ်တွဲပြီး လူငယ်ဖော်ဆောင်ရေးတွေ လုပ်ကြရပါတယ်။

ကချင်ပြည်နယ်က ကိုအောင်မြင့်၊ ရှမ်းပြည်နယ်က စိုင်းတင်မောင်ဦး၊ နန်းတင်တင်မြ၊ စိုင်းဝင်းသိန်း နောက် စိုင်းမျိုးမင်း၊ မန္တလေးတိုင်းမှ ကိုမျိုးနိုင် နောက်တော့ ကိုတင်ထွဋ်ဦး၊ ကိုလှဦး၊ မကွေးတိုင်းမှ ကိုအေးမိုင်စိုး နောက် ကိုမြင့်ငွေ၊ ရခိုင်ပြည်နယ်က ကိုကြည်ဝင်း (ယခု ပြည်ပ)၊ ဧရာဝတီတိုင်းက ကိုထွန်းအောင်ကျော် (ပြည်ပ NLD (LA)) မွန်ပြည်နယ်က ကိုမြင့်ဝေ (ပြည်ပ)၊ မခင်လေး၊ ခွန်မြင့်ထွန်း (ယခု PLO ဥက္ကဋ္ဌ)၊ နောက် ကိုထွန်းဇော်ဇော်၊ တနင်္သာရီတိုင်းက မခိုင်ခိုင်မြင့်၊ ကိုတိုးအောင်(ပြည်ပ)

www.burmeseclassic.com

www.burmeseclassic.com



နောက် ကိုအောင်စိုး၊ ပဲခူးတိုင်းက ကိုအောင်စောဦး နောက် ကိုသိန်းမြင့် နောက် ကိုခင်ထွန်းတို့က မိမိတို့ရဲ့တိုင်းအလိုက် ပြည်နယ်အလိုက် လူငယ်ကဏ္ဍတွေကို တက်ကြွစွာ ဖော်ဆောင်ခဲ့ကြတာကို ဤနေရာမှနေ၍ လေးစားစွာ ဂုဏ်ပြုအပ်ပါသည်။

ရန်ကုန်တိုင်းအနေဖြင့် ကိုဝင်းလှိုင်(ပြည်ပ)၊ ကိုနေဝင်း (NLD – တာဝန်ထမ်းဆောင်ဆဲ)၊ ကိုမြင့်စိုး (ခ)ဂျော်နီ (ပြည်ပ)၊ ကိုအောင်မြင့် (ဩဇာ–ကွယ်လွန်)၊ ကိုမောင်မောင်ဦး (NLD တာဝန်ထမ်းဆောင်ဆဲ)၊ ကိုတင့်ဝေ (ခ) ကာတွန်းဒီဒီ (NLD တာဝန်ထမ်းဆောင်ဆဲ) နဲ့ ဖိုးလေးတို့က အမေချောရဲ့ ဒုက္ခသည်စခန်းမှာ နေထိုင်ပြီး လူငယ်လုပ်ငန်းကိစ္စအဝဝကို ဦးဆောင်ရွက်ခဲ့ကြပါတယ်။ ဒီနေရာမှာ တစ်ခုတော့ ပြောပါရစေ။ နယ်စပ်ဒေသတွေကို ရောက်ရှိသွားကြတဲ့ NLD အဖွဲ့ဝင်တွေဟာ သေဘောဖိုးဒုက္ခသည်စခန်း၊ မယ်လဒုက္ခသည်စခန်းတွေမှာ နေထိုင်ဖူးခဲ့ကြသလို ရန်ကုန်မြို့မှာလည်း ဒုက္ခသည်စခန်းနှစ်ခု ရှိခဲ့ပါတယ်။ အမေချောဒုက္ခသည်စခန်းနဲ့ သဃ်န်းကျွန်း သုဝဏ္ဏဦးတင်မြဒုက္ခသည်စခန်းပါပဲ။ အမေချော ဒုက္ခသည်စခန်းက NLD လူငယ်တွေရဲ့ စုရပ်စခန်းဆိုလည်း မမှားပါဘူး။ အခြေပြုရာ NLD လူငယ်ပေါ်ပေါက်ဖို့ရာ ဘူမိနက်သန်နေရာပါပဲ (ပြည်ပ NLD (L.A) ရောက် ကိုထွန်းအောင်ကျော်အသိဆုံးပါ) ထို့အတူ သဃ်န်းကျွန်း ဦးတင်မြဒုက္ခသည် စခန်းကလည်း စောင့်ကြည့်ပစ်မှတ်ထားခြင်း ခံရတဲ့ စခန်းတစ်ခုပါပဲ။ အဲဒီစခန်းကလည်း ထင်ရှားတဲ့သူတွေ ထွက်ပေါ်ခဲ့ပါတယ်။ ကြက်ဖကြီး (သန်းထိုက်အောင်–ကွယ်လွန်)၊ ရာဇာ (HIV လူနာများ ကူညီစောင့်ရှောက်နေသူ)၊ အောင်ထွန်း(ခ)ပွားလေး (Home media)၊ မဋ္ဌေး (ဒေါ်သန်းသန်းဋ္ဌေး ILO ညီလာခံ အလုပ်သမား ကိုယ်စားလှယ်)၊ စာရေးဆရာ သင်းရီ (သဲကုန်းအမတ်မင်းဟောင်း)၊ စာရေးဆရာ ပြည်သွေးနိုင် (ရန့်သစ်)၊ မိုယ်းလင်း စတဲ့သူတွေဟာ ဦးတင်မြ ဒုက္ခသည်စခန်းထွက်တွေပါပဲ။ စခန်းတာဝန်ခံကြီးများဖြစ်ကြတဲ့ အမေချော ဦးတင်မြတို့ အပြင် ကူညီစောင့်ရှောက်ခဲ့ကြသူများ အားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လူငယ်)ကို မြို့နယ်အမာခံ လူငယ်များ စုဆောင်းပြီး ရပ်ကျေးမှ အခြေခံက လူငယ်အဖွဲ့အစည်း သုံးမျိုးရှိခဲ့ပါတယ်။ လူငယ်အဖွဲ့ဝင်ကဒ် သုံးမျိုးထားရှိပါတယ်။ မူလတန်း အဆင့်ဆို အဖွဲ့ဝင်ကဒ်တစ်မျိုး၊ အလယ်တန်း အဆင့်ဆို ကဒ်တစ်မျိုး၊ အထက်တန်းအဆင့်ကို ကဒ်တစ်မျိုးဆိုပြီး ထားရှိခဲ့ပါတယ်။ ဒါဟာ နိုင်ငံရေးပါတီတွေထဲမှာ NLD က ပထမဆုံးပါ။ NLD ပဲ ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်တိုင်းလူငယ်ဖွဲ့စည်းရေးအတွက် ရပ်ကျေး၊ မြို့နယ်၊ မြို့နယ်စု–တိုင်း ဆိုပြီး လူငယ်တာဝန်ခံတွေကို ဒီမိုကရေစီနည်းအရ ရွေးချယ်ခဲ့ရပါတယ်။ အယူအဆ မတူညီသူတွေ၊ သဘောထားကွဲလွဲခဲ့ကြတာတွေ ရှိခဲ့ပေမဲ့ ဒီမိုကရေစီနည်းကျကျ လူငယ်တာဝန်ခံတွေကို အဆင့်ဆင့် ရွေးချယ်ခဲ့ကြပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းလူငယ်အဖွဲ့ရဲ့ မှတ်တမ်းတင်ရမည့် သာဓကတွေရှိခဲ့ပါတယ်။ ပထမဆုံးအနေနဲ့ စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော် ကွယ်လွန်ခြင်း တစ်နှစ်ပြည့် အခမ်းအနားကို 'မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့'ဆိုပြီး မတ်လ (၁၃)ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ 'မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့' အထိမ်းအမှတ် အနေနဲ့ ရင်ထိုးတံဆိပ် ဝေါလ်ရှစ်ပိုစတာတွေကို ဖေဖော်ဝါရီလထဲက အဆင်သင့်ကြိုတင် ပြင်ဆင်ပြီး မတ်လဆန်းမှာ ပြည်သူလူထုလက်ထဲအရောက် ကမ်ပိန်းလုပ်ခဲ့ကြပါတယ်။ နောက်တစ်ခါကျတော့ ဆဲဗင်းဖုလိုင် အထိမ်းအမှတ်အနေနဲ့ "သမဂ္ဂအုတ်တို့ ပြိုလေရာ ဒီမိုကရေစီအုတ်များဖြင့် အစားထိုးမည်"ဆိုတဲ့ ဆောင်ပုဒ်နဲ့ ရင်ထိုးတံဆိပ် ဝေါလ်ရှစ်

www.burmeseclassic.com

www.burmeseclassic.com



ပိုစတာများနှင့် ကမ်ပိန်း လုပ်ခဲ့ခြင်းပါပဲ။

နောက်ဆုံး ဆောင်ရွက်ချက်က 'အာဇာနည်မျိုး သေရိုးမရှိ''အာဇာနည်တိုင်း သမိုင်းမသေ'ဆောင်ပုဒ်နဲ့ ရင်ထိုးတံဆိပ် ဝေါလ်ရှစ်ပိုစတာတွေနဲ့ ကမ်ပိန်းလုပ်ပြီး ၁၉၈၉ ခုနှစ်၊ အာဇာနည်နေ့ အခမ်းအနားကျင်းပဖို့ စီစဉ်ရာမှာ ပိတ်ပင်ခံလိုက်ရပြီး ဖမ်းဆီးခြင်း ခံလိုက်ရပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီးတစ်ခုလုံးက ခေါင်းဆောင်တချို့ရယ်၊ လူငယ်အဖွဲ့ဝင်တချို့ရယ်၊ အဖွဲ့ဝင်တချို့ရယ်ဟာ ဖမ်းဆီးထိန်းသိမ်းခြင်း ခံရပါတယ်။ ရန်ကုန်တိုင်းလူငယ်တချို့က ရှောင်တိမ်းနေထိုင်ကြပါတယ်။ ဘဘဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည် တို့ဟာ ပုဒ်မ ၁၀(ခ) နေအိမ်အကျယ်ချုပ် ချခံရတယ်။ ကျန်ရစ်ခဲ့တဲ့ ရန်ကုန်တိုင်းလူငယ်တချို့ဟာ ဩဂုတ်လ '၈၈၈၈ အရေးတော်ပုံ' နှစ်ပတ်လည်နေ့ကို ရည်စူးပြီး ဒေါ်အောင်ဆန်းစုကြည် သံတိုင်ကြားမှာ အကျဉ်းကျခံနေရတဲ့ပုံနဲ့ Mother of Burma ဆိုပြီး ပြည်သူလူထုကြီးမှာ ကမ်ပိန်းလုပ်ခဲ့ကြပါတယ်။ ဩဇာ (ခ) အောင်မြင့်နဲ့ တင့်ဝေ (ခ) ကာတွန်းဒီဒီ တို့ ဖမ်းဆီးခံပြီး ထောင်ကျသွားခဲ့ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲဝင်ဖို့ ကြေညာလိုက်တဲ့အခါမှာ ပြန်လည်ရပ်တည်ဖို့အတွက် ရန်ကုန်တိုင်းလူငယ်တချို့ဟာ ပုန်းအောင်းနေရာက ထွက်လာပြီး အဖွဲ့ချုပ်ကြီးအတွက် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြပါတယ်။ လူငယ်ကိုယ်စားလှယ်အဖြစ် ကိုဝင်းလှိုင် (ရန်ကုန်တိုင်းမှ)၊ ကိုတင်ထွဋ်ဦး (မန္တလေး တိုင်းမှ)၊ ကိုခွန်မြင့်ထွန်း (မွန်ပြည်နယ်)တို့ ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါမှာလည်း ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာလည်း ဗဟိုအလုပ်ကော်မတီမှာ လူငယ်ထဲက ကိုမြင့်စိုး(ခ)ကိုဂျော်နီဟာ ပါဝင်ထမ်းဆောင်ခဲ့ပါတယ်။ လူငယ်ဒုတိယမျိုးဆက်သစ်တွေ ထားရှိဖို့ စီစဉ်ခဲ့ကြပါတယ်။

၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလမှာ NLD စစ်ဆင်ရေး စတင်ခဲ့ပါတယ်။ ရွေးချယ်ခံ ပြည်သူ့ကိုယ်စားလှယ် အားလုံးလိုလို ဖမ်းဆီးပြီး ထောင်ချခဲ့ပါတယ်။ NLD က ဘာတစ်ခုမှ လှုပ်ရှားလို့မရအောင် အာဏာပိုင်တွေက ဖန်တီးခဲ့ပါတယ်။ တစ်ပြည်လုံးအနှံ့ပါပဲ ဌာနချုပ်မှာ ကျန်ခဲ့တဲ့ ဒုတိယမျိုးဆက်အဖြစ် တာဝန်ထမ်းဆောင်မယ့် လူငယ်တွေကလည်း အမေချောဒုက္ခသည်စခန်းမှာ နေထိုင်ပြီး အဖွဲ့ချုပ်လူငယ်တာဝန်တွေကို ဆက်လက်ပြီး တာဝန်ယူ ထမ်းဆောင်ကြပါတယ်။ သန်းထွဋ်(ပုဇွန်တောင်)၊ တက်ပု(ခ)

www.burmeseclassic.com

www.burmeseclassic.com



ကိုသက်နိုင်၊ ဘဲဥ(ခ)သန်းထိုက်ဝင်း၊ သံလုံး(ခ)ကိုကိုကြီး၊ ဇော်ဇော်အောင် တို့ဟာ ဒုတိယမျိုးဆက်ရဲ့ တာဝန်တွေ ထမ်းဆောင်ခဲ့ပါတယ်။ ခင်မိုးမိုး၊ ခင်မောင်အေး (လသာ) ကလည်း ကူညီခဲ့ကြပါတယ်။ (မခင်မိုးမိုးဟာ ထမီအကျီအပေါင်းတွေကို ခင်မောင်အေးနှင့်အတူ ကီလီအပေါင်းဈေးမှာ သွားရောင်းပြီး ရပ်တည်နေထိုင်ခဲ့ ပါတယ်။ မွန်ပြည်နယ်က ကိုမြင့်ဝေနဲ့ နိုင်ငံခြားမှာ အိမ်ထောင်ကျပြီး ပြည်ပမှာ နေထိုင် လျက်ရှိပါတယ်။)

၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို နိုဗဲလ် ငြိမ်းချမ်းရေးဆု ချီးမြှင့်တဲ့အခါ ရန်ကုန်တက္ကသိုလ်ထဲမှာ ဆန္ဒပြတောင်းဆိုမှုတွေ ပြုလုပ် ကြပါတယ်။ ဇာတ်လိုက်ကြီးကိုမြတ်စံက ခေါင်းဆောင်ပေါ့။ ကိုမြတ်စံက ဒေါ်အောင်ဆန်း စုကြည်ရဲ့ အနီးကပ်လုံခြုံရေးအဖြစ် တာဝန်ယူခဲ့ဖူးတော့ သူ့အန်တီအတွက် သူလည်း တောင်းဆိုချင်မှာပေါ့။ NLD ဗဟိုက ဒုတိယလူငယ်မျိုးဆက်တွေရယ် တခြားရဲဘော် ရဲဘက် လူငယ်တွေရယ် စုပြီး တောင်းဆိုကြပါတယ်။ အားလုံးကိုဖမ်းဆီးပြီး ထောင်ချပစ် ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည် နိုဗဲလ်ငြိမ်းချမ်းရေးဆု ရခဲ့သလို အဲဒီအုပ်စုလည်း 10-D ဆိုတဲ့ဆု ရခဲ့ပါတယ်။ (နှစ်စဉ်နှစ်တိုင်း 10-D တွေ အမှတ်တရပွဲ အထိမ်းအမှတ်ပေးပွဲ ပြုလုပ်ကြပါတယ်)

BURMESE CLASSIC

NLD ဗဟိုက ဒုတိယလူငယ်မျိုးဆက်သစ်တွေဟာ သူတို့ အဲဒီနေ့မှာ ကျိန်းသေ အဖမ်းခံရမယ်ဆိုတာ သိပြီးသားဆိုတော့ စိတ်ချလက်ချ သွားခဲ့တာပါ။ မှာတဲ့သူကိုလည်း သေသေချာချာ မှာသွားပါတယ်။ မှာတဲ့သူကို "ခင်ဗျား ပါလို့မဖြစ်ဘူး။ အားလုံး ဒုက္ခ ရောက်ကုန်လိမ့်မယ်။ အဆက်အသွယ်တွေလည်း ပြတ်ကုန်လိမ့်မယ်။ ခင်ဗျားတို့ ကျန်နေခဲ့မှဖြစ်မှာ" ဆိုပြီး မှာခဲ့ပါတယ်။ (ဖိုးလေး(ခ)ကိုမြင့်စိုး) ကိုမှာခဲ့တာပါ။

ရန်ကုန်တိုင်းလူငယ်တွေကတော့ တာဝန်အရဆက်ပြီး တစ်ယောက်ပြီး တစ်ယောက် တာဝန်ယူခဲ့ပါတယ်။ လူငယ်စပြီးဖွဲ့စည်းချိန်စပြီး ပါဝင်ခဲ့ကြသူတချို့ကို မှတ်မိနေခဲ့ပါတယ်။ အင်းစိန်မှ အောင်မြင့်(ခ)ဩဇာ (ကွယ်လွန်)၊ မောင်မောင်ဦး (ယခု NLD တာဝန်ထမ်းဆောင်ဆဲ)၊ မဥ္ဇူ၊ မဋ္ဌေး၊ မိုးမိုး၊ သောင်းထွဋ်စိုး(ကွယ်လွန်)၊ (နွားလေး) သီတာအေး၊ (နော်ဝေ)ခင်နှံ့သာ၊ ဇော်ဝင်းရှိန်၊ လမ်းမတော်က မြင့်စိုး(ခ) ဂျော်နီ (USA)၊ မျိုးခင်(ကွယ်လွန်)၊ သန်းဝင်း၊ မီးမီး (ထိပ်တင်ခိုင်) (USA)၊ ကိုသောင်း(နော်ဝေ)၊ ကျောက်တံတားမြို့နယ်က ကိုဝင်းလှိုင် (ပြည်ပ)၊ ကိုနေဝင်း(လက်ရှိ NLD)၊ မိုးမြင့်ဦး၊ ဝင်းဝင်းဌေး (ခ) မပို(နော်ဝေ)နဲ့ အစ်ကို ဌေးဝင်း(ကွယ်လွန်)၊ ပုဇွန်တောင်မျိုးသန့်

www.burmeseclassic.com

www.burmeseclassic.com



(USA)၊ ဆိပ်ကမ်းက ချစ်သွယ်၊ ဗိုလ်တထောင်က မြင့်ဦး (လက်ရှိ NLD)၊ လသာက ခင်မောင်မြင့်(ကွယ်လွန်)၊ သိန်းအောင်/ခင်စိုး၊ မင်္ဂလာဒုံ– ခင်မောင်အေး (လက်ရှိ NLD)၊ ကိုမင်းမင်း၊ သက်ခိုင်(လမ်းမတော်)၊ မရမ်းကုန်းက စိုးနိုင်၊ မြင့်ခိုင်၊ တာမွေက နီနီဝေ(ပြည်ပ)၊ ကိုတိုးဝင်း၊ ကလျာ,မြင့်ဆွေ (လက်ရှိ NLD)၊ အလုံက မျိုးညွန့် (လက်ရှိ NLD)ကွယ်လွန်၊ သန်းထွန်း (ကြေးစီ)၊ မြင့်ကြည်၊ အေးဗိုလ် (လက်ရှိ NLD အမေ့အိမ်ကျောင်း)၊ ကမာရွတ်က တင့်ဝေ၊ ကာတွန်း(ဒီဒီ)၊ မြတ်ထွန်း (အဘ) ကိုဖြူ (ဖိုးဖြူ)၊ သာကေတက ကျော်ဇော၊ မင်္ဂလာတောင်ညွန့်က ရန်အောင် (စတီဗင်) ဝင်းမြင့်ဦး တို့အားလုံးကို အမှတ်တရရှိနေပါတယ်။

တတိယလူငယ်မျိုးဆက်တွေအဖြစ် ကိုတိုးဝင်း၊ ကိုမြင့်ဆွေ၊ ကိုမျိုးညွန့်၊ ကိုထွန်းဇော်ဇော်၊ ကိုခင်ထွန်း၊ ကိုအေးနိုင်၊ ကိုလှဦး၊ ကိုအေးထွန်းတို့က အဆင့်ဆင့် တာဝန်တွေယူပြီး ထမ်းဆောင်ခဲ့ကြ၊ ထမ်းဆောင်နေကြတာကိုလည်း မှတ်တမ်း တင်အပ်ပါသည်။

(မေ့လျော့ကျန်ရှိနေခဲ့သူများရှိပါကလည်း တောင်းပန်အပ်ပါသည်။ ၂၅ နှစ် အတွေ့အကြုံများဖြစ်ပါသည်။)

■

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်အစ်မဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် NLD ရဲ့အမေချော (NLD ဒုက္ခသည်စခန်းတာဝန်ခံ)

NLD ဌာနချုပ်ရုံး၏ အိမ်ရှင်အဘ ဦးထွန်းကြိုင်၊ အမေ ဒေါ်ခင်နုတို့၏ညီမ အမေချောသည် ၁၃-၁-၂၀၁၅၊ နံနက် ၁၁း၃၀ နာရီအချိန် နေအိမ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။ ကွယ်လွန်ချိန်မှာတော့ အသက် (၈၀)အရွယ်ရှိခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီး ယနေ့အချိန်ထိ အမှတ်(၉၇-ဘီ)၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်မှာ ရပ်တည်နိုင်ခဲ့တာဟာ အိမ်ရှင်ဖြစ်တဲ့ အဘဦးထွန်းကြိုင် (ကွယ်လွန်)၊ ဇနီးဖြစ်တဲ့ အမေနုနဲ့ ညီမဖြစ်သူ အမေချောတို့ရဲ့ ကြံ့ကြံ့ခံနိုင်တဲ့ ဖွဲ၊ လုံ့လ၊ အာဏာရှင်တို့ရဲ့ ခြိမ်းခြောက်ဟိန်းဟောက်မှုကို အန်တုပြီး ရင်ဆိုင်ရဲတဲ့သတ္တိတို့ကြောင့်သာဖြစ်တယ်ဆိုတာကိုပဲ ရဲဝံ့စွာ ကျွန်တော်ပြောဆိုချင်ပါတယ်။ (တစ်နိုင်ငံလုံးရှိ NLD ရုံးဖွင့်ထားသော အိမ်ရှင်များကို ဖိအားပေးဖယ်ရှားခိုင်းခဲ့သော သာဓကများရှိခဲ့ပါသည်။)

၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်နေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီးဟာ ရွေးကောက်ပွဲကော်မရှင်ရုံးမှာ မှတ်ပုံတင်ခဲ့စဉ်က (အမှတ်-၄၄၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်) လိပ်စာနဲ့ မှတ်ပုံတင်ခဲ့ပြီး NLD ရန်ကုန်တိုင်းရုံးနဲ့ NLD ဗဟန်းမြို့နယ်ရုံးကိုတော့ အဘဦးထွန်းကြိုင်နဲ့ အမေနုတို့က သူတို့ရဲ့နေအိမ်ဖြစ်တဲ့ (အမှတ်-၉၇၊ ဘီ) အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်) မှာ ဖွင့်ခွင့်ပေးခဲ့ပါတယ်။

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှာ အစ်မရဲ့ (အမှတ်-၅၄) တက္ကသိုလ်ရိပ်သာလမ်းနေအိမ်ကို အာဏာပိုင်တွေက ဝင်ရောက်သိမ်းပိုက်ပြီး အစ်မကို ပုဒ်မ ၁၀(ခ)နဲ့ နေအိမ်အကျယ်ချုပ်ချထားခဲ့ပါတယ်။ NLD ဌာနချုပ်တည်ရှိတဲ့ အမှတ် ၄၄ တက္ကသိုလ်ရိပ်သာလမ်းက အိမ်ရှင်တွေကိုလည်း ဖိအားပေးပြီး NLD ဌာနချုပ်ကို ဖယ်ရှားပေးဖို့

www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းခြောက်ခဲ့ကြတဲ့အတွက် အိမ်ရှင်တွေကလည်း ကြောက်လန့်ပြီး NLD ဌာနချုပ်ကို ဖွင့်ခွင့်မပေးတော့ပါဘူး။ အဲဒီအချိန်မှာ ဘဘဦးကြည်မောင် ဦးဆောင်ပြီး NLD ဌာနချုပ်ကို အမှတ် ၉၇–ဘီ၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်မှာဖွင့်လှစ်ဖို့ အဘဦးထွန်းကြိုင်နဲ့ အမေနုတို့ဟာ လိုလားစွာနဲ့ လက်ခံခဲ့ကြပါတယ်။ ၁၉၈၉ ခုနှစ်၊ ဩဂုတ်လကစပြီး NLD ဌာနချုပ်ဟာ အနောက် ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်မှာ ဖွင့်လှစ်ခဲ့တာဟာ ဒီနေ့ ဒီအချိန်ထိဆိုရင် ၂၆ နှစ်တိတိ ရှိခဲ့ပါပြီ။

အဘဦးထွန်းကြိုင်ဟာ အစ်မဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ သမီးတစ်ယောက်လို လေးစားချစ်ခင်တာကြောင့် ဒေါ်အောင်ဆန်းစုကြည်နိုင်ငံရေးလုပ်စဉ်ကာလတလျှောက် 'ဤအိမ်အား NLD ဌာနချုပ်အဖြစ် ဖွင့်ခွင့်ပေးသွားမည်'ဆိုတဲ့ ဆုံးဖြတ်ချက်ကို ကိုင်ဆွဲသွားတဲ့ မဟာလူသားတစ်ဦး ဖြစ်ပါတယ်။ အဘဦးထွန်းကြိုင်ကွယ်လွန်သွားခဲ့ပေမဲ့ ကျန်ရစ်ခဲ့သူဇနီးဖြစ်တဲ့ အမေနုဟာ ခင်ပွန်းသည်ရဲ့ ခံယူချက်အတိုင်း NLD ဌာနချုပ်ကို မိမိနေအိမ်မှာ ဆက်လက်ပြီး ဖွင့်ခွင့်ပေးခဲ့ပါတယ်။

အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်မှာရှိတဲ့ NLD ဌာနချုပ်ဟာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ တောင်ပြို၊ ကမ်းပြိုအလား (၈၂%)ကျော်နဲ့ အနိုင်ရရှိခဲ့တာမို့ ဌာနချုပ်ရုံးမှာ မဲအနိုင်ရရှိမှု စာရင်းများကို နေ့စဉ်ကြေညာပေးပြီး အောင်ပွဲခံကျင်းပခဲ့တာကို အဘဦးထွန်းကြိုင်နဲ့ အမေနု၊ အမေချောတို့ဟာ ဝမ်းသာပီတိ ဖြစ်ခဲ့ကြပါတယ်။ NLD ဌာနချုပ်ရဲ့ အရေးကိစ္စမှန်သမျှကိုလည်း စီမံခဲ့ပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအသီးသီးရဲ့ ဝင်ရောက်စွက်ဖက်မှုကိုလည်း မမှုခဲ့ပါဘူး။ သူမရှိတဲ့အခါ၊ မအားလပ်တဲ့အခါမှာ သူ့ကိုယ်စား တာဝန်ယူပြောဆိုဖို့ အမေနုမောင်နဲ့ ဇနီးဖြစ်တဲ့ အမေချောကို တာဝန်ပေးထားပါတယ်။ ဒါကြောင့်လည်း NLD နဲ့ ပတ်သက်မယ့်သူတွေအားလုံးဟာ အမေချောကို သိရှိခဲ့ကြပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေဟာလည်း NLD နဲ့ ပတ်သက်ပြီး အကြောင်းကိစ္စရှိတဲ့အခါ အမေချောကို လာတွေ့ဖို့ဖြစ်စေ၊ ခေါ်ယူလို့ဖြစ်စေ ပြောဆိုခဲ့ကြပါတယ်။

ဒါကြောင့်လည်း NLD လူငယ်အဖွဲ့ဆိုပြီး ဖြစ်ပေါ်လာဖို့အတွက် NLD လူငယ်တစ်စု (ကိုဝင်းလှိုင်၊ ကိုနေဝင်း၊ ဂျော်နီကိုမြင့်စိုး၊ ကိုမောင်မောင်ဦး၊ ကိုရန်အောင်၊ ကာတွန်းဒီဒီ၊ ကိုအောင်မြင့်(ခ) ဩဇာကေအမ်အက်စ်)တို့ဟာ အမေနု၊ အမေချောတို့အိမ်မှာ ခိုလှုံနေထိုင်ပြီး အမေချောဆွမ်းတော်ကပ်ထားတဲ့ ဘုရားဆွမ်းတော်များ ခွဲနို့ယူစားသောက်ခဲ့ရတဲ့ ဘဝကာလများ ရှိခဲ့ကြပါတယ်။ အမေချောဟာ စာနာထောက်ထား

www.burmeseclassic.com

www.burmeseclassic.com



ပြီး လူငယ်များအတွက် ထမင်းဟင်းလျာများကို တစ်ပွဲ ၆ ကျပ်နှုန်းနဲ့ စားသုံးစေခဲ့ပါတယ်။ လူငယ်များကလည်း ပိုက်ဆံရှိတဲ့အခါပေးပြီး မရှိတဲ့အခါ အကြွေးမှတ်ပြီး စားသုံးစေခဲ့ပါတယ်။ အဘ ဦးထွန်းကြိုင်နဲ့ အမေနုတို့ဟာ မုံရွာမြို့မှာ ခေတ္တသွားရောက် နေထိုင်တဲ့အခါ တစ်အိမ်လုံးကို အမေချောနဲ့ လူငယ်တစ်စုလက်ထဲ အပ်ထားခဲ့ပါတယ်။ ပြည်နယ်နဲ့ တိုင်းများမှ အဖွဲ့ဝင်များဟာ NLD ဌာနချုပ်ဆီ လာရောက်ပြီး ပါလာတဲ့ ပစ္စည်းများကို ခေတ္တအပ်နှံကာ ကိစ္စများပြီးစီးတဲ့အခါ အမေချောဆီ အပ်နှံထားတဲ့ ပစ္စည်းများကို လာယူကြပြီး အမေချောကို နှုတ်ဆက်ပြီးမှ ပြန်လေ့ရှိကြပါတယ်။ လိုအပ်တဲ့ အကူအညီမှန်သမျှကိုလည်း အမေချောက ကူညီပါတယ်။ တစ်နိုင်ငံလုံးရှိ NLD အဖွဲ့ဝင်တော်တော်များများဟာ အမေချောနဲ့ ခင်မင်ရင်းနှီးခဲ့ကြပါတယ်။

NLD အဖွဲ့ချုပ်ကို တစ်ဖက်သတ်ဖိနှိပ်ပြီး NLD ရုံးခန်းဖွင့်လှစ်ထားတဲ့ အိမ်ပိုင်ရှင်များကို ဖိအားပေးပြီး ဖယ်ရှားပေးဖို့ ခြိမ်းခြောက်ပြောဆိုတဲ့ကာလများ ရှိခဲ့ပါတယ်။ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ၊ နိဝင်ဘာလများ၊ ၁၉၉၁ ခုနှစ် ကာလများ၊ ၁၉၉၆ ခုနှစ်၊ ၁၉၉၇-၉၈ ခုနှစ် ကာလများ ဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်မှာ အိမ်ရှင် ဦးထွန်းကြိုင်ကို လာရောက်ဖမ်းဆီး ခေါ်ဆောင်သွားကာ NLD ဌာနချုပ် ဖွင့်လှစ်ထားတဲ့ အိမ်မှ ဖယ်ရှားခိုင်းတာကို အဘဦးထွန်းကြိုင်က လက်မခံဘဲ "မင်းတို့ ကြိုက်တာလုပ်၊ ငါကတော့ မဖယ်နိုင်ဘူးကွ"လို့ ပြောဆိုတာကြောင့် အင်းစိန်ထောင်ထဲမှာ ထိန်းသိမ်းထားခြင်းကို ခံခဲ့ရပါတယ်။ ၁၉၉၇ ခုနှစ်မှာ ပြန်လည်လွှတ်ပေးခဲ့ပေမဲ့ အဘ ဦးထွန်းကြိုင်ဟာ ၁၉၉၇ ခုနှစ်မှာ ကွယ်လွန်သွားခဲ့ရပါတယ်။ ကျန်ရစ်ခဲ့သူ အမေနု၊ အမေချောတို့ဟာ အဘဦးထွန်းကြိုင်ရဲ့ ယုံကြည်ချက်၊ ခံယူချက်အတိုင်း ဆက်လက်ဖွင့်ထားခွင့်ပေးခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်၊ လွတ်လပ်ရေးနေ့ အခမ်းအနားကို ဌာနချုပ်ရုံးမှာ ကျင်းပတဲ့အခါ အသံချဲ့စက်အသုံးပြုတာကို အကြောင်းပြုပြီး အမေနုနဲ့ အမေချောကို ဗဟန်း (မဝတ)က ခေါ်ယူတွေ့ဆုံပါတယ်။ ဒီနောက် ဗဟန်းရဲစခန်းက ခေါ်သွားပြီး NLD ဌာနချုပ်ကို ဖယ်ရှားပေးဖို့ ဖိအားပေးစကား ပြောဆိုတဲ့အခါ အမေနု၊ အမေချောတို့က လက်မခံတဲ့အတွက် အင်းစိန်ထောင်ကို ခေါ်ဆောင်သွားခြင်း ခံရပါတယ်။

အင်းစိန်ထောင်ထဲမှာ NLD ဌာနချုပ် အိမ်ရှင် အမေနု၊ အမေချောတို့နှစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာကြောင်း သတင်းသိရှိသွားကြတဲ့အတွက် အမျိုးသမီးနိုင်ငံရေးအကျဉ်းသားများက ဝိုင်းဝန်းကူညီပေးခဲ့ကြပါတယ်။ တစ်လကျော်ကြာကာလကြာရှိတဲ့အခါ အမေနု ကျန်းမာရေးအခြေအနေကြောင့် သက်ဆိုင်ရာက အမေနု၊ အမေချော

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ပြန်လည် လွှတ်ပေးခဲ့ကြပါတယ်။ NLD ဌာနချုပ်ကို ဖယ်ရှားပေးဖို့ ဖိအားပေး ခြင်းများကို ဆက်မလုပ်ကြတော့ပါ။ တကယ်လို့များ NLD ဌာနချုပ် အိမ်ရှင်မိသားစု များဟာ စိုးရိမ်ကြောက်လန့်ပြီး ဖယ်ရှားနိုင်းခဲ့မယ်ဆိုရင် NLD ဌာနချုပ်ဟာ အဆင် မပြေမှုတွေ ပေါ်ပေါက်လာနိုင်ပါတယ်။ ဒါက အမှန်တရားပါ။

အိမ်ရှင်အမေနု၊ အမေချောတို့ မိသားစုက စားဝတ်နေရေးအတွက် နေအိမ်မှာ အောင်ရတနာဘီလပ်မြေ ဆိုင်ဖွင့်ပြီး ရပ်တည်ခဲ့ကြပေမဲ့ NLD အိမ်က ဘီလပ်မြေဆိုင် ဆိုပြီး လာရောက်မဝယ်ရဲခဲ့ကြတာကိုလည်း ကြုံတွေ့ခဲ့ကြရပါတယ်။

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ် အကျယ်ချုပ်က ပြန်လွှတ်ပေးပြီး ၁၄ ရက်နေ့မှာ အစ်မဟာ NLD ဌာနချုပ်ကို ရောက်ရှိ လာပြီး ပြည်သူလူထုနဲ့ တွေ့ဆုံနှုတ်ဆက်ပြီး အမေနုနဲ့ အမေချောကို ဂါရဝပြုကန်တော့ခဲ့ပါတယ်။

အရပ်သားအစိုးရတစ်ရပ် ပေါ်ပေါက်လာပြီဖြစ်တဲ့အတွက် NLD အဖွဲ့ချုပ် ကြီးလည်း လွတ်လပ်ပွင့်လင်းစွာနဲ့ ရပ်တည်နိုင်ခဲ့တာကိုလည်း တွေ့မြင်ရပါတယ်။ အမေနု က အိမ်ရှေ့မှာ အမျိုးသားယဉ်ကျေးမှုဝတ်စုံဖြစ်တဲ့ ပင်နီအကျီ၊ ယောလုံချည်နဲ့ မြန်မာ့ ရိုးရာချည်ထည်များ ဖြန့်ဖြူးရောင်းချနေတာကို တွေ့ရှိရပြီး၊ အမေချောကတော့ အိမ်ရှေ့ မှာ နိုင်ငံရေးစာပေ အတ္ထုပ္ပတ္တိစာအုပ်စာတမ်းများကို ရောင်းချပြီး ဘဝရပ်တည်နေရင်းက ၂၀၁၄ ခုနှစ်၊ နှစ်ဝက်ကျော်ကစပြီး ကျန်းမာရေးရေးချို့ယွင်းလာသဖြင့် အာရှတော်ဝင် ဆေးရုံမှာ တက်ရောက်ကုသခဲ့ရပါတယ်။ ဆေးရုံကဆင်းလာပြီးမကြာခင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့မှာ ကွယ်လွန်အနိစ္စရောက်ရှိသွားခဲ့ပါပြီ။ NLD လူငယ်များနဲ့ မကင်းနိုင်တဲ့၊ NLD လူငယ်များအတွက် အစစအရာရာ ကူညီပံ့ပိုးပေးခဲ့ပြီး လုံခြုံမှု အတွက် လူငယ်များ အဖွဲ့ဝင်များကို လျှို့ဝှက်စွာ ခိုလှုံခွင့်ပေးတဲ့ 'NLD ရဲ့ အမေချော' က "ဒေါ်စုနဲ့ NLD ရဲ့ ရှေ့ရေးကို အမေစိုးရိမ်တယ်သားရယ်"လို့ ပြောသွားခဲ့ပါသေး တယ်။

(NLD ရဲ့ အမေချောကို အောက်မေ့သတိရစွာဖြင့် (NLD ဒုက္ခသည်စခန်း တာဝန်ခံ ... အမေချောသို့)

■

www.burmeseclassic.com

www.burmeseclassic.com

← Posts

**Nilar Thein**

အဖိုးလေးလို့ချစ်စနိုးခေါ်ကြတာသင်းလှဝိုင်းကြီးဘဝနဲ့NLDရဲ့ဦးဆောင်မှုအဖွဲ့တပ်သားကြီး
တို့ဖြင့်ရှိနေပါသေးနှင့်တီအတွက်ချစ်တာလေတွေမှာကြုံတဲ့ခါအထိသွားခွင့်ရ
ပြီးလို့အပ်တဲ့စည်းတွေပို့ပေးခဲ့ရသူ။ကျေးသော်ကိုးသျှင်ချမ်းပြီးသာဓိတွေ့ပါရောင်လို့ကျ
နယ်ထောင်းပါးတွေကနေတင်ပွန်းတင်ခဲ့တဲ့ကောင်းမှုတာဝန်ရှေ့တောတော်ဆောင်ပါ
။



www.burmeseclassic.com

www.burmeseclassic.com

## သမီးရွှေဝါရောင်လေးသို့ ဖာလာလာပြိုးပြိုးအောင်၊ ဖာလာလာချောစုစံ၊ ဖာလာလာဒီသညာဟောင်တို့အကြောင်း ပြောပြခြင်း

သမီးရွှေဝါရောင်လေးရေ ...

ဒီနှစ် ရွှေဝါရောင်တော်လှန်ရေး (၈)နှစ်မြောက်ပြီဆိုတော့ သမီးလေးရဲ့ အသက်လည်း (၈)နှစ်ပြည့်ပြီနော်။ .. အတန်းပညာနဲ့တွက်ရင် သမီးလေး တတိယတန်း တောင် ရောက်နေပြီ၊ ကြည့်စမ်း ဘာဘမှတောင် မကြာလိုက်သလိုပါပဲ။

ရွှေဝါရောင်တော်လှန်ရေးဖြစ်မြောက်အောင် ဦးဆောင်ခဲ့ကြတဲ့ ဘဘဘုန်းဘုန်း တွေကတော့ ရွှေဝါရောင်တော်လှန်ရေး (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို မပျက်မကွက် ကျင်းပခဲ့ကြပါတယ် သမီးလေးရယ် (ဓမ္မဝီယကျောင်း) ဆရာတော်ရဲ့ ကျောင်းမှာ စည်ကားစွာ ကျင်းပနိုင်ခဲ့ကြပါတယ်။

ဘဘတို့ မြန်မာနိုင်ငံသမိုင်းမှာ ရွှေဝါရောင်တော်လှန်ရေးဟာ ဘုရားသားတော် ရဟန်းသံဃာတော်များရဲ့သမိုင်းဆိုလည်း မမှားပါဘူး သမီးလေးရယ် ... ဒီနေ့ သမိုင်းနဲ့ အတူမွေးဖွားလာတဲ့ ရွှေဝါရောင်သမီးလေးဟာလည်း မှတ်တမ်းဝင်သမီးလေးတစ်ယောက် ပေါ့နော်။

ဖေဖေ မေမေနဲ့ အားလုံးက အဖြူရောင် သမီးလေးလို့ အမည်နာမည်ခေါ်ခဲ့ကြ ပေမဲ့ဘဘတစ်ယောက်ကတော့ ရွှေဝါရောင်မှ ရွှေဝါရောင်သမီးလေးလို့ အမည်နာမ တပ်ပြီး ခေါ်ခဲ့တယ်နော်၊ ရွှေဝါရောင်တော်လှန်ရေးနဲ့ သမီးလေးက ဆက်စပ်နေတယ်လေ။ ခွဲလို့မှမရတာဘဲ၊ ရွှေဝါရောင်တော်လှန်ရေးသမား ရဟန်းရှင်ပြည်သူတွေနဲ့အတူ သမီးလေး ကလည်း လသားအရွယ်နဲ့ မိခင်နဲ့အတူ မနေရဘဲ မိခင်နို့နဲ့ ကင်းဝေးခဲ့ရတယ်လေ။ .. သမီးလေးရဲ့ ဖေဖေနဲ့မေမေက တော်လှန်ရေးသမားတွေလေ တော်လှန်ရေးအလုပ်တွေ လုပ်နေကြတော့ အိုးပစ်အိမ်ပစ်နဲ့ သားသမီးပါပစ်ပြီး တော်လှန်ရေးသမားတွေရဲ့ ခံယူချက်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း နရသိန်ထဲကို အခေါက်ခေါက်အခါခါရောက်နေရတော့ သမီးလေးက အဘိုးအဘွား ဦးလေး၊ အဒေါ်တွေလက်ထဲမှာပဲ ကြီးပြင်းခဲ့ရတာပါ။ သမီးမေမေပြန်လာတော့ ဘဘကို ပြောပြတယ်၊ သမီးလေးက စလာလာချင်းမှာ အမေလို့မသိဘူးတဲ့၊ ဖြည်းဖြည်းချင်း သိလာတာ၊ သမီးလေးကလည်း ကျွန်မတို့စိတ်ဓာတ်အတိုင်းပဲတဲ့ ပြောပြတယ်၊ ဘဘလည်း ဝမ်းသာသွားတယ်၊ အာဏာရှင်တော်လှန်ရေးသမားမျိုးဆက်တော့ ပေါ်ပေါက်လာဦးမှာပဲလို့ တွေးမိတယ်၊ ထင်တဲ့အတိုင်းပါပဲ။

၂၀၁၃ ခုနှစ်၊ သင်္ကြန်ပါလီမန်အမတ်မင်း အန်တီရှီးတို့ရဲ့ ရေကစားမဏ္ဍပ်ကို စည်သူမောင်ခေါင်းဆောင်တဲ့ မျိုးဆက်သစ်ကျောင်းသားသမဂ္ဂအဖွဲ့ဝင်တွေ ဒေါင်းတို့မျိုးဆက် လာရောက်တဲ့အခါ သမီးမေမေက "ဖိုးလေးသမီး ရွှေဝါရောင်လေး" သံချပ်တိုင်အဖွဲ့မှာ ပါလာတယ်၊ အင်္ကျီအဖြူရောင်လေးနဲ့လို့ ပြောတာနဲ့ သံချပ်တိုင်တဲ့ကျောင်းသားသမဂ္ဂ အဖွဲ့ဝင် ကျောင်းသား/သူတွေထဲမှာ အသက်အငယ်ဆုံး ကလေးသုံးယောက်တွေ့မိ လိုက်တယ်။ သမီးက (၆)နှစ်ပဲ ရှိသေးတော့ အငယ်ဆုံးလေ . . . သမီးရဲ့ လက်သီးဆုပ်ပြီး အာဏာရှင်ဆန့်ကျင်ရေးသံချပ်တိုင်ပုံက ခပ်တည်တည်နဲ့ မျက်နှာမာန်အပြည့် ဟန်အပြည့် နဲ့ ကြက်သီးမွေးညင်းတောင် ထမိတယ်၊ ငါတို့မှာ တော်လှန်ရေးမျိုးဆက်သစ်ရပြီလို့ မျက်ရည်တောင်ကျမိပါတယ်။ ဒါကြောင့် ဘဘလည်း သမီးလေးကို ထိုင်တန်တော့ပြီး ဂုဏ်ပြုမိပါတယ်။ နောင်တစ်ချိန်မှာ ငါတို့မြို့ရဲ့ခေါင်းဆောင်မယ့် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်လောင်းလျာတစ်ဦးတော့ ပေါ်လာဦးတော့မှာပဲဆိုပြီး ဝမ်းသာမိတယ် သမီးလေးရယ်။

တော်လှန်ရေးသမား ဒေါ်ခင်ကြည်ကြည်ရယ်၊ ကျောင်းသားသမဂ္ဂခေါင်းဆောင် အာဏာရှင် ဒေါက်တာလှရွှေရယ်၊ တော်လှန်ရေးသမား ရဲဘော်သုံးကျိပ်အဖွဲ့ဝင် ဗိုလ်လက်ျာ ရယ်၊ တော်လှန်ရေးခေါင်းဆောင် လေထီးဦးအုံးမောင်ရယ်၊ စာပေပညာ ရှင်ကြီး ဆရာဇော်ဂျီရယ်၊ ဓမ္မကထိက ဆရာကြီးဦးလှသိန်းရယ်တို့ဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကာလ နယ်ချဲ့တော်လှန်ရေးကာလ ပထမအာဏာရှင်ခေတ် ကာလတွေမှာ သမီးလေးမေမေတို့မြို့ရဲ့ ထင်ရှားကျော်ကြားခဲ့တဲ့ မြို့ရဲ့ဂုဏ်ဆောင် ပုဂ္ဂိုလ်ကြီးတွေပါပဲ၊ ခေတ်အဆက်ဆက်မှာလည်း ပါဝင်ခဲ့တဲ့ ထင်ရှားတဲ့ပုဂ္ဂိုလ်ကြီး တွေလည်းရှိခဲ့ပါတယ်။ ကိုလိုနီခေတ်က လေယာဉ်ပျံတောင် ဝယ်စီးနိုင်တဲ့ သူဌေးကြီး ဦးအုန်းခင်နဲ့ တော်လှန်ရေးကာလမှာပါဝင်ခဲ့တဲ့ ကိုမြလှိုင်(ပေဖူးလွှာ) ဗိုလ်မြသန်း၊ ပါလီမန်ခေတ်မှာတော့ အောင်ပင်လယ်ဦးသိန်းဖေ၊ ကိုကိုးကျွန်းပြန် ထောင်စံ ရဲဘော် လှသောင်း၊ တော်လှန်ရေးကောင်စီခေတ်မှာ ဗိုလ်မှူးကြီးလှဟန်(လှသမိန်)နဲ့ ဗိုလ်မှူးကြီး ဘနီ၊ မဆလခေတ်မှာတော့ သူဌေးကြီးဦးအုန်းခင် မသေဆုံးမီက ဘဏ်မှာအပ်ထားခဲ့တဲ့

www.burmeseclassic.com



ပိုက်ဆံတွေကို ထုတ်ယူခွင့်မပေးဘဲ လှူဒါန်းမှုပြုမယ်ဆိုမှ ထုတ်ပေးတာကြောင့် အမွေခံ ညီမဖြစ်သူက ဖျာပုံဒေါ်မြနွယ်အမည်ခံပြီး ဘုရားကျောင်းကန် သိမ်ဇရပ်ဆေးရုံတွေ ဆောက်ပြီးလှူဒါန်းသွားရတဲ့ သူဌေးကြီး ဖျာပုံဒေါ်မြနွယ်ဆိုတာ ရှိခဲ့ပါတယ်။ (အဲဒီ မဆလခေတ်မှာ သူနဲ့အပြိုင် သူ့လိုပဲ လှူမှ ဘဏ်ပိုက်ဆံထုတ်ပေးခဲ့ရတဲ့ သူဌေးကြီး ဟာဂျီမဒေါ်ပု၊ ပျဉ်းမနား ဆိုတာလည်း ရှိခဲ့ပါတယ်) နောက် မဆလခေတ်မှာ စက်မှုဝန်ကြီး အဖြစ် (၁၀)နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး စက်ရုံပေါင်းမြောက်မြားစွာ တည်ဆောက်ပြီး စက်မှုဝန်ကြီးဌာနရဲ့ ထုတ်ကုန်တွေ ဖြန့်ဖြူးခဲ့တာဟာ မဆလခေတ်မှာ အောင်မြင်ခဲ့ပါတယ်။ စက်မှုဝန်ကြီးဌာန ရုံးအသစ်ကြီးကို ခေတ်မီစွာ တည်ဆောက်ခဲ့လို့ ထင်ရှားခဲ့ရပါတယ်။ ဒုတိယအာဏာရှင်ခေတ် ရောက်တဲ့အခါမှာတော့ အဲဒီဝန်ကြီးတည်ဆောက်ခဲ့တဲ့ စက်ရုံ အလုပ်ရုံတွေဟာ ခေတ်နဲ့အညီ ထုတ်ကုန်တွေ ထွက်မလာနိုင်ပါဘူး။ ဆက်တာဝန်ယူတဲ့ ဝန်ကြီးတွေကလည်း အရင်ဝန်ကြီးလို ဉာဏ်ရည်မမီ၊ ပညာကလည်း မတတ်တော့ ဘယ်လို ဆက်လုပ်ရမလဲမသိ၊ စက်ရုံထွက် ပစ္စည်းတွေကို ဆိုင်ခန်းလို သဘောထားပြီး ဝန်ကြီးဌာနက ကိုယ်တိုင်ဈေးရောင်းမယ်ဆိုပြီး နေရာကောင်းဆိုင်ခန်းတွေယူ၊ နေရာ ကောင်း မြေကွက်တွေယူပြီး အဆောက်အဦဆောက်၊ မိန်းကလေးနာမည်မျိုးနဲ့ ဆိုင်းဘုတ် တပ် ဈေးရောင်းတော့ ပထမတော့ဟုတ်သလိုနဲ့ နောက်ပိုင်း ဆိုင်က ဖွင့်ထားတော့ ရောင်းလို့ကမကောင်း။ ဝယ်သူကမလာ၊ အစိုးရထုတ်ကုန်ဆိုတာမျိုးက ဖြန့်ဖြူးရတာ၊ဖြန့်ချိ ရတာ ကိုယ်တိုင်ရောင်းရတာမဟုတ်ဘူး။ ဝန်ထမ်းအတွက် လစာထုတ်ပေးနေရတော့ အရှုံးကိုပေါ်ရော၊ နောက် ဘာလုပ်မယ်ဆိုတော့ ဒီဆိုင်တွေငှားမယ်၊ ဒီပစ္စည်းတွေပဲ ရောင်းရမယ်။ တစ်နှစ် လခပေးစရာမလို၊ စမ်းရောင်းကြည့်ပေါ့တဲ့။ ကုန်သည် ကလည်း ရောင်းပြီဆို ကုန်မျိုးစုံရောင်းမယ်လေ။ ဘာမရောင်းရ ညာမရောင်းရ စည်းကမ်းနဲ့ ဆိုတော့ မလိုချင်ဘူး မငှာချင်ဘူး။ ဆိုင်က အရှုံးက ပေါ်သထက်ပေါ်၊ နောက်ဆုံးတော့ ရောင်းချမယ်ဆိုပြီး ကြေညာတော့မှ မြေနေရာကျယ်ကျယ်နဲ့ ထင်ရှားတဲ့ လမ်းပေါ်ဖွင့်ထား တဲ့ ဆိုင်ခန်းကို ရှင်ဘုရင်ဟောင်းရဲ့မြေးက ရသွားတာတို့ စစ်သူကြီးရဲ့ မြစ်မလေးက ရသွားတာတို့နဲ့ ဌာနပိုင်စက်ရုံ အလုပ်ရုံတွေ ကုန်သွားတဲ့အပြင် ဝန်ကြီးဌာနဝင်းကြီး တစ်ခုလုံးကို အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ဟိုတယ်နဲ့ စီးပွားရေးအဆောက်အအုံ လူနေအဆောက်အအုံ ဆောက်လုပ်ခွင့်ပါမစ်ရသွားလို့ ဝန်ကြီးရုံးနေရာပါ ပျောက်သွား ခဲ့ပါပြီ၊ ဆယ်စုနှစ်ချီ အဲဒီခေတ်ရဲ့ ခေတ်မီအဆောက်အဦဌာန ဝန်ကြီးရုံးလို တည်ဆောက် ခဲ့တဲ့သူကတော့ ဘဘတို့ မြို့သားအငြိမ်းစားဗိုလ်မှူးချုပ် တင့်ဆွေပါပဲ၊ အဲဒီဝန်ကြီးက သူရှိုးသားစွာလုပ်ခဲ့တာတွေကို စာရင်းဇယားနဲ့တကွ မှတ်တမ်းသဘောမျိုး ကျောက်ခေတ် လေးကိုချီကာလွယ်ဆိုတဲ့ စာအုပ်လေးနဲ့ မှတ်တမ်းဝင်ခဲ့ပါတယ်။ ဘဘတို့မြို့သား

www.burmeseclassic.com



တွေဟာ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ အဖွဲ့အစည်းတွေမှာ ပါဝင်ခဲ့သည့်တိုင် နာမည်ဆိုး မထွက်တဲ့ မြို့သားတွေလို့ ပြောစမှတ်ပြုခံခဲ့ကြပါတယ်။ စိတ်နေစိတ်ထား စေတနာ အရင်းခံပေါ့ သမီးလေးရာ။ နာမည်ဆိုးအဖွဲ့တွေရဲ့ အသုံးချခံ မြို့သူမြို့သားတွေတော့ မရေးတော့ဘူးနော်။

အဲ မဆလခေတ်ပြီးတော့ ဒုတိယစစ်အာဏာရှင်ခေတ်မှာ ထင်ရှားတဲ့သူကတော့ ပါတီစုံဒီမိုကျရေစီခေတ်လို့ပြောဆိုပြီး ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲမှာ တောင်ပြိုကမ်းပြို ရေစီကမ်းပြို အနိုင်ရခဲ့တဲ့ NLD ရဲ့ အမတ်မင်းဆရာကြီး ဦးမင်းဆွေပါပဲ၊ သူ့ရဲ့သား ကျောင်းသားခေါင်းဆောင် ယခု ပါလီမန်အမတ်မင်း ကိုသိန်းဆွေနဲ့ ကျောင်းသူခေါင်းဆောင် မနီလာသိန်းတို့ပေါ့ သမီးရယ်၊ ဒုတိယအာဏာရှင်ခေတ်မှာတော့ သူတို့နဲ့အတူ တခြား ကျောင်းသူကျောင်းသားနဲ့ တက်ကြွလှုပ်ရှားကြတဲ့ မြို့သူမြို့သားတွေလည်း ပါပါသေးတယ်၊ ဘဘလက်လှမ်းမမီလို့ အခုလိုပဲ ရေးလိုက်ရတာပါ သမီးလေးရယ်။

ဘဘတို့ခေတ်မှာ ကျောင်းသားသမဂ္ဂဆိုတာ မရှိတော့ဘူး သမီးလေးရယ်။ ၁၉၂၀ ခုနှစ်ကစပြီး မြန်မာနိုင်ငံအရေးကို ဦးဆောင်ခဲ့တဲ့ ကျောင်းသားတွေရဲ့ အခန်းကဏ္ဍ ဟာ ကျောင်းသားသမဂ္ဂတွေဟာ ၁၉၆၂ ခုနှစ်ရောက်တော့ ဖျက်သိမ်းခံလိုက်ရပါတယ်။ ကျောင်းကောင်စီတို့ လမ်းစဉ်လူငယ်တို့ဆိုတာတွေ ပေါ်လာခဲ့ပါတယ်။ ဘဘက ကျောင်းသားသမဂ္ဂ ခေါင်းဆောင် ကိုအောင်ဆန်းကို လေးလေးစားစားနဲ့ ကိုးကွယ်သူ ဆိုတော့ ကျောင်းသားစိတ်ဓာတ်၊ သမဂ္ဂစိတ်ဓာတ်က ဘဘမှာ အပြည့်ရှိပြီးသား။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ(ဗကသ)ကိုတော့ ၁၉၃၆ ခုနှစ်၊ မေလ (၈)ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ပထမဆုံး (ဗကသ)ဥက္ကဋ္ဌမှာ ကိုရာရှစ် (ဝန်ကြီးဟောင်း) ဖြစ်ပြီး ဒုတိယဥက္ကဋ္ဌမှာ ကိုအောင်ဆန်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂကြီးတွင် (၁၉၃၀)ပြည့်နှစ်မှစတင်၍ ၁၉၆၂ ခုနှစ်အထိ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သူများအနက် သမိုင်းဝင်ထင်ရှားခဲ့သော ပုဂ္ဂိုလ်များစာရင်းကို သမီးလေးကို ဘဘက ပြောပြရဦးမယ်၊ သမီးလေး မှတ်ထားနော်။

(၁၉၃၀)ခုနှစ်ကနေ (၁၉၄၀)ခုနှစ်အထိက ကိုရာရှစ်(ဝန်ကြီးဟောင်း)၊ ကိုဘဂျမ်း (ဝန်ကြီးဟောင်း)၊ ကိုနု(ဝန်ကြီးချုပ်ဟောင်း) ကိုအောင်ဆန်း(အမျိုးသားခေါင်းဆောင် ကြီးနှင့် တပ်မတော်ဖခင်ကြီး)၊ ကိုဗဟိန်း (သခင်ဗဟိန်း)၊ (တပ်မတော်ကို ခေါင်းဆောင်ဖို့ ဗိုလ်ချုပ်အောင်ဆန်းက လျာထားသော်လည်း ငြင်းပယ်ခဲ့သူ)၊ ကိုလှရွှေ (အာဏာရှင် [illegible] ဘွဲ့ရသူ ဒေါက်တာလှရွှေ နိုင်ငံခြားမှာ လေယာဉ်ပျက်ကျ၍ ကွယ်လွန်)၊ ကိုဘ[illegible]ထွ(ဒုဝန်ကြီး ဟောင်း) (၁၉၄၀-၄၁)မှာ ကိုလှမောင်(သံအမတ်ကြီးဟောင်း)၊ ကိုသ[illegible]န်းမောင်(သူရိယ

www.burmeseclassic.com



သတင်းစာဆရာ)၊ (၁၉၄၆-၄၇)၊ ဦးကိုကိုကြီး၊ (၁၉၅၂-၅၃)ကိုတင်ထွန်း၊ (၁၉၅၄-၅၅) ကိုခင်မောင်အုန်း၊ (၁၉၅၈-၅၉)ကိုဘဆွေလေး၊ (၁၉၆၁-၆၂) ကိုသက်(တောခို)၊ (ကိုခင်မောင်မြင့်၊ ဝီသုံးလုံး)၊ ကိုညီဝင်း (ဝီသုံးလုံး)တို့ဟာ (၁၉၈၈)အရေးတော်ပုံအထိ ထင်ရှားခဲ့တဲ့ ကျောင်းသားခေါင်းဆောင်တွေပါ။ ထောင်ထဲမှာ ကျဆုံးသူတွေပါ။

အားနေရင် ဒေါ်အောင်ဆန်းစုကြည်ကို အပုတ်ချစာတွေ ရေးသားဖြန့်ဖြူး နေတဲ့ မိသားစုကို ရေသတ္တဝါတွေ သတ်ဖြတ်ရှာဖွေကျွေးနေရတဲ့ နာမည်ရှေ့မှ သတ္တဝါ နာမည်တပ်ပြီး ရေးလေ့ရှိသူလို့ အားနေရင် ဒီချုပ်ဥက္ကဋ္ဌလို့ နာမည်တပ်ပြီး အပါတ်စဉ် ဂျာနယ်ကနေ အပုတ်ချ စာရေးနေတဲ့ ကျောင်းသားဟောင်းတစ်ယောက်ကိုတော့ ဘဘ က စာရင်းထဲ မထည့်ဘူးနော်၊ (သူလည်း တိရစ္ဆာန်နဲ့ အသက်မွေးရတဲ့သူပါပဲ)၊ ရန်ကုန် တက္ကသိုလ် ကျောင်းသားသမဂ္ဂ (ရကသ)ကို (၁၉၃၁)ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပါတယ် သမီးလေးရယ်။

ရန်ကုန်မြို့ထဲတစ်နေရာမှာ ကျောင်းသားများအစည်းအဝေးတစ်ခုပြုလုပ်ပြီး ဆုံးဖြတ်ချက်အရ ကိုကျော်ခင်၊ ကိုတင့်ဆွေ၊ ကိုဘဂျမ်းတို့သုံးဦးပါ ကျောင်းသား ကိုယ်စားလှယ်အဖွဲ့အား (၁၉၃၀)ခုနှစ် စက်တင်ဘာလ(၁၂)ရက် သောကြာနေ့မှာ ရန်ကုန်တက္ကသိုလ်ကိုယ်စား ဒုတိယအဓိပတိ ဦးဘအား သွားရောက်တွေ့ဆုံပြီး ရန်ကုန် တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဖွဲ့စည်းရန်အတွက် သမဂ္ဂဖွဲ့စည်းပုံ စည်းမျဉ်းရေးဆွဲရေး ကော်မတီ ဖွဲ့စည်းခွင့်ရရန် တောင်းဆိုတင်ပြခဲ့ကြပါတယ်။ ရန်ကုန်တက္ကသိုလ်ကိုယ်စား ဒုတိယအဓိပတိဦးဘ၏ ခွင့်ပြုချက်အရ ၁၉၃၀ ခုနှစ်၊ စက်တင်ဘာ (၂၀)ရက် စနေနေ့မှာ ရန်ကုန်တက္ကသိုလ် အားကစားရုံသစ်ကြီးမှာ ကျောင်းသားထုအစည်းအဝေးခေါ်ဆိုပြီး သမဂ္ဂဖွဲ့စည်းပုံစည်းမျဉ်းရေးဆွဲရေး ကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီ ကျောင်းသားတွေ အစည်းအဝေးမှာ သဘာပတိအဖြစ်ဆောင်ရွက်တဲ့ ကိုကျော်ခင်ကိုပဲ သမဂ္ဂဖွဲ့စည်းပုံ စည်းမျဉ်းရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ပါတယ်။ အဲဒီကော်မတီမှာ ကိုဘဂျမ်း၊ ကိုတင့်ဆွေတို့အပါအဝင် ကော်မတီဝင် (၁၂)ဦး ပါဝင်ပါတယ်။ တက္ကသိုလ် အာဏာပိုင်တွေဆီမှာ ခွင့်ပြုချက်တောင်းခံပြီးမှ ရေးဆွဲကြတာပါ။

ထင်ရှားတဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တွေကတော့ ကိုအောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း)၊ ကိုနု(သခင်နု)၊ ကိုလှဖေ(ဗိုလ်လက်ျာ)၊ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်)၊ ကိုလှမောင်(ဗိုလ်ဇေယျ)၊ ကိုဘဆွေ၊ ကိုကျော်ငြိမ်း၊ ကိုဗဟိန်း (သခင်ဗဟိန်း)၊ ကိုအောင်ကျော် (ဗိုလ်အောင်ကျော်)၊ ကိုလှရွှေ(ကျောင်းသားအာဏာရှင် လှရွှေ)၊ ကိုနု၊ ကိုသိန်းဖေမြင့်တို့ ဖြစ်ကြပါတယ်။ ဘဘက ကျောင်းကောင်စီတို့ လမ်းစဉ်ညှိုယ်တို့ ဆိုတာကို စိတ်သဘောတွေ့တဲ့သူမဟုတ်တော့ ဂရုကိုမစိုက်ဘူး။ ဆရာ၊ ဆရာမတွေက

www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်းကျိုးတာပေါ့သမီးရယ်။

ဘဘတို့ခေတ်က တော်လှန်ရေးကောင်စီခေတ်ဆိုတော့ စစ်ဗိုလ်တွေ အုပ်ချုပ်တဲ့ ခေတ်လေ၊ အခုခေတ်စကားနဲ့ပြောရင်တော့ စစ်အာဏာရှင်ခေတ်၊ စစ်ဝါဒီခေတ်ပေါ့၊ ဒါပေမဲ့ အဲဒီအချိန်တုန်းက အဲဒီလို သုံးနှုန်းခေါ်ဆိုခွင့် မရဘူးလေ။

အဲဒီတုန်းက စစ်ဗိုလ်တွေဟာ ဒုတိယစစ်အာဏာရှင်ခေတ်က စစ်ဗိုလ်တွေလို မဟုတ်သေးပါဘူး။ အားလုံးက ယဉ်ယဉ်ကျေးကျေးတွေပါပဲ၊ ပြည်သူတွေက ချစ်ကြပါသေးတယ်။ ပြည်သူ့သာလျှင်အမိ၊ ပြည်သူ့သာလျှင်အဖဆိုတဲ့ခေတ်လေ။

ဘဘက ကျောင်းသားသမဂ္ဂဆိုတာ ဗမာ့နိုင်ငံရေးမှာ ရှိကိုရှိနေရမှာ၊ တစ်ပါတီစနစ် ပြဋ္ဌာန်းပြီးလုပ်တာက နိုင်ငံရေးမှမဟုတ်တာ။ စစ်တပ်က ပါတီစုံနိုင်ငံရေးစနစ် ကျင့်သုံးနေတာကို ဖျက်သိမ်းပြီး စစ်ဗိုလ်တွေနဲ့ တော်လှန်ရေးအစိုးရ တော်လှန်ရေး ကောင်စီဆိုတာ ဖွဲ့စည်းပြီး တိုင်းပြည်အုပ်ချုပ်ရေးအာဏာကို ရယူခဲ့တာပါ။ စစ်သား ဆိုတာက စစ်တိုက်တဲ့အလုပ်ပဲ နားလည်ခဲ့တာပါ။ နိုင်ငံရေးဆိုတာ ဘယ်နားလည်ပါ့မလဲ၊ အာဏာသိမ်းခေါင်းဆောင်က ဆိုရှယ်လစ်ဝါဒသမားကြီးတွေနဲ့ ရင်းနှီးခဲ့တော့ ဆိုရှယ်လစ် သဘောတရားကို လက်ခံတဲ့သူ လက်ဝဲနိုင်ငံတွေမှာ တစ်ပါတီအာဏာရှင်စနစ် ဖြစ်ထွန်း နေတာ အားကျတော့ ဆိုရှယ်လစ်ပါတီထောင်ပြီး တိုင်းပြည်ကို အုပ်ချုပ်တဲ့ စီမံကိန်းရေးဆွဲ ကြံစည်ဖို့ ပြင်ဆင်တယ်။ မြန်မာ့နည်း မြန်မာဟန် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမြုတေပါတီက စထောင်တော့ ဆိုရှယ်လစ် နိုင်ငံရေးသမားကြီးတွေကို သွေးဆောင် ဖြားယောင်းပြီး အကူအညီတောင်းတယ်။ ဆိုရှယ်လစ်သဘောတရားရေးဆရာကြီး သိန်းလေးဆယ် ဦးကိုကိုကြီးဆိမှာ တစ်ပတ်သင်တန်း တက်ရောက်ခဲ့ဖူးကြတဲ့ ဆိုရှယ်လစ်ခေါင်းဆောင်တွေ ဆိုရှယ်နီတွေ ဗတလဆအဖွဲ့ဝင်တွေ ပေါင်မုန့်ညာတုတ် အဖွဲ့လူတွေလည်း ပါတာပေါ့၊ (မဆလပါတီရဲ့ ခွေးကတက်မှာ အိပ်ချင်အိပ်ရပါစေ၊ သူ့ကို ပါဝင်ခွင့်ပြုပါဆိုတဲ့ သူကလည်း ရှိသေးတယ်) သမီးလေးရေ ဦးဘငြိမ်းတို့၊ ဦးဘညိမ် တို့ဆိုတာ ဆိုရှယ်နီတွေလေ၊ အဲဒီအချိန်ကာလမှာပဲ ဗကပရဲ့ မြေအောက် ယူဂျီခေါင်းဆောင် သခင်တင်မြ ကို ဖမ်းမိတော့ ဗိုလ်နေဝင်းက ဖက်ဆစ်တော်လှန်ရေး က တိုင်း(၂)ကို ဖျာပုံခရိုင်ထဲမှာ ဖွဲ့ထားစဉ် စစ်ခေါင်းဆောင်ဖြစ်ပြီး နိုင်ငံရေး ခေါင်းဆောင် က သခင်စိုးလေ။ သခင်စိုးတပည့် သခင်တင်မြလည်း ပါတာပေါ့၊ ဗိုလ်နေဝင်းက ဖမ်းမိထားတဲ့ သခင်တင်မြကို ခေါ်ယူတွေ့ဆုံပြီး "မင်းက နိုင်ငံရေးနားလည်တယ်၊ ငါ့ကောင်တွေ (တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးကြီး၊ ဗိုလ်မှူးချုပ်များ)က နိုင်ငံရေး နားလည်တဲ့ကောင် တစ်ကောင်မှ မပါဘူးကွ၊ အဲဒါ မင်းတို့က ဝိုင်းဝန်းကူညီကြပါလို့ ခေါ်ပြောစည်းရုံး သိမ်းသွင်းပြီး အမြုတေပါတီ စထောင်တော့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သခင်တင်မြ၊ ဦးဘငြိမ်း၊ ဦးဘညိမ်တို့ဟာ ဂေါ်ဒဝင်လမ်းက အစိုးရအိမ်တွေမှာ နေထိုင်တဲ့ ဗိုလ်မှူးကြီးသန်းစိန်၊ ဗိုလ်မှူးကြီး ကျော်စိုးတို့ ခြံဝင်းအတွင်းက နောက်ဖေး တန်းလျား ဂိုထောင်မှာ ဆိုရှယ်လစ်နိုင်ငံရေး သဘောတရားသင်တန်းကို ညဘက်မှာ သင်ကြားပို့ချ ပေးရပါတယ်။ (အရက်ပိုင်းလေးကလည်း ပါရပါတယ်)။ တော်လှန်ရေး ကောင်စီဝင် ဗိုလ်မှူးကြီးတွေဆိုတော့ နံနက်ဆို ရုံးတက်ရသေးတယ်လေ၊ ညမှ အားတာကို။

စစ်သား စစ်ဗိုလ်ဆိုတာက စစ်ရေးအလုပ်ပဲ နားလည်တာ၊ ကျွမ်းကျင်တာ၊ နိုင်ငံရေး၊ နိုင်ငံအုပ်ချုပ်ရေးဆိုတာ ဘယ်နားလည်ကြမလဲ၊ ဒါကြောင့် ဘဘတို့မြန်မာ့ သမိုင်းမှာ ကာကွယ်ရေးဦးစီးချုပ်နှစ်ဦးက စစ်သားစစ်ဗိုလ်ဆိုတာ နိုင်ငံရေး အုပ်ချုပ်ရေး နားမလည်ပါဘူးလို့ ထုတ်ဖော်ပြောဆိုခဲ့တာ ရှိပါတယ်။ ၁၉၆၃ ခုနှစ်က ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက သခင်တင်မြကိုပြောခဲ့တဲ့စကားရယ်၊ ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၇)ရက်နေ့ညက အေဒီလမ်း ခြံအမှတ်(၂၉) ဦးနေဝင်းအိမ်မှာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်ကို ဦးနေဝင်းက အာဏာသိမ်းခိုင်းတဲ့အခါ ဗိုလ်ချုပ်ကြီးစောမောင်က "ကျွန်တော်တို့ စစ်ရေးပဲနားလည်တာပါ၊ အုပ်ချုပ်ရေး နားမလည်ပါဘူးလို့" ပြောတဲ့အခါ ဦးနေဝင်းက "မောင်မောင် (ဒေါက်တာမောင်မောင်) ရှိတယ်လေကွာ သူက ဘေးကနေ လိုအပ်တာတွေ၊ နားမလည်တာတွေ လုပ်ပေးမှာပေါ့" ဆိုပြီး ပြောခဲ့တာကို ဗိုလ်ချုပ်ကြီးစောမောင်နဲ့ အတူ ဦးနေဝင်းအိမ်အတူ ပါသွားတဲ့ တပ်မတော်ထောက်လှမ်းရေးမှူး ဗိုလ်ချုပ်ခင်ညွန့်က နေအိမ်အကျယ်ချုပ်နဲ့ ပြန်လွတ် လာပြီး လျှပ်တပြက်ဂျာနယ်နဲ့ အင်တာဗျူးမှာ တရားဝင်ထုတ်ဖော်ပြောဆိုထားတဲ့ စကားရယ်ဟာ တပ်မတော်သမိုင်းရဲ့ သက်သေပဲ၊ သမီးလေး မှတ်ထားရမယ်နော်။

တော်လှန်ရေးကောင်စီအဖွဲ့မှာ အရပ်သားဆိုတာ မပါပေမဲ့ အစိုးရအဖွဲ့ ဖွဲ့တော့ နိုင်ငံတကာနဲ့ ယှဉ်ရတော့မယ်၊ (စစ်သားစစ်ဗိုလ်ဆိုတော့ ဘာသာခြားစကား ဘယ်ပြောတတ်ပါ့မလဲ၊ ဘေးနားမှာ စကားပြန်ထားပြီး ပြောရမယ့်အနေအထား)၊ နိုင်ငံခြားရေးဝန်ကြီးခန့်ရင် ဗိုလ်မှူးကြီး၊ ဗိုလ်မှူးချုပ်တွေကို မဖြစ်တာနဲ့ အရပ်သားထဲက ပြောတတ်ဆိုတတ်တဲ့ ခိုင်းဘာပဲလုပ်ရမယ့်လူမျိုး ဦးသီဟန်ကို နိုင်ငံခြားရေးဝန်ကြီး ခန့်လိုက်ပြီး စစ်အစိုးရမှာ တစ်ဦးတည်းသော အရပ်သားဝန်ကြီး စစ်ဗိုလ်စစ်သား၊ ခိုင်းတာကို လုပ်မယ့် နောက်အရပ်သားတစ်ဦးကတော့ ဒေါက်တာညီညီ၊ သတ္တုတွင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (အဲဒီခေတ်က ဘူမိဗေဒနဲ့ ဒေါက်တာဘွဲ့ရထားတာ သူ တစ်ယောက်တည်း) စစ်အာဏာရှင်ခိုင်းတာကို လုပ်မယ့်လူစား (နောက် ပညာရေးဒုတိယ ဝန်ကြီး ပြောင်းခန့်လိုက်တယ်)။ ၁၉၆၇ က တရုတ်ဗမာအရေးအခင်းဖြစ်နေချိန်

www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကျောင်းတွေကစတဲ့ အရေးအခင်း၊ ဝါကျူး၊ နန်းယန် တရုတ်ကျောင်းတွေက စတာ၊ အဲဒီမှာ ဒေါက်တာညီညီက အဓိကလုပ်ဆောင်သူ၊ ပုံပိုးကူညီသူက ဦးမောင်မောင် စိုးတင့် (ခရိုင်ပညာရေးမှူး) (သံအမတ်ကြီးဟောင်း)၊ (နိုင်းကောင်းတော့ သံအမတ်ကြီး ရာထူးချီးမြှင့်ခံရသူ အစိုးရ နောင်အဆက်ဆက်လည်း နိုင်းလို့ကောင်းသူ ဆက်ခိုင်းခံရသူ)

မဆလခေတ်ကြတော့ အရပ်သားထဲက ကျန်းမာရေးဝန်ကြီး ခန့်အပ်ခံရတဲ့ ဒေါက်တာခင်မောင်ဝင်း၊ နောက် ပညာရေးဝန်ကြီး ခန့်အပ်ခံရတဲ့ စိတ်ပညာဌာနပါမောက္ခ ဒေါက်တာကျော်စိန်၊ ဥပဒေတရားရေးမှာ ဒေါက်တာမောင်မောင်၊ ဦးမျိုးထွန်းလင်း၊ ဒုဝန်ကြီး ဦးညီလှငယ်၊ ဒုတိယစစ်အာဏာရှင် ၁၉၈၈ ခေတ်ရောက်တော့ အရပ်သား ဆရာဝန် ဒေါက်တာဖေသိန်းကို ဗိုလ်မှူးကြီးဝတ်စုံဝတ်ပေးပြီး (ဗိုလ်မှူးကြီး ဖေသိန်းတဲ့၊ အရှက်မရှိနဲ့ ကျန်းမာရေးဝန်ကြီးတာဝန်နဲ့ သွားလာနေပုံက လူရယ်စရာပါပဲ၊ ကိုယ်က အရပ်သားပဲဥစ္စာ) အဲဒီခေတ်ထဲပဲ အရပ်သားထဲက နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဦးအုံးကျော် ခန့်အပ်ခံရပါတယ်။ (နိုင်ငံတကာကို ပြောင်လိမ်ပြောအားကြီးလို့ ရှက်ဖို့တောင် မစဉ်းစားတော့ဘဲ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိရသူ တစ်ယောက်ပါ) နောက် တစ်ယောက်က ဦးခင်မောင်ဝင်း၊ နိုင်ငံခြားရေး ဒုဝန်ကြီး၊ (သူလည်း ထိုနည်းလည်းကောင်း အစကို ပျောက်ရော စစ်ဗိုလ်တွေခိုင်းတာလုပ်တာ ဘဝတွေမှာ လူတောတိုးလို့ကို မရတော့ဘူး) တရားရေးဘက်ကျတော့ ဦးအောင်တိုး၊ ဦးသာထွန်း၊ ဒေါက်တာထွန်းရှင်၊ ဒေါက်တာတင်အောင်အေး။

အခု သမီးလေးမွေးတဲ့ ခေတ်ရောက်လာတော့ စစ်ဗိုလ်တွေ နိုင်ငံရေးလုပ်တဲ့ ခေတ်လေ၊ သမီးလေးလည်း လက်သီးဆုပ်ပြီး ဒေါင်းတို့မျိုးဆက်သံချပ်တောင် တိုင်ခဲ့ပြီ ဆိုတော့ စာတွေဖတ်တတ်နေပြီပေါ့နော်၊ နိုင်ငံရေးလုပ်တဲ့ စစ်ဗိုလ်ကြီးတွေရဲ့ ပြောစကား တွေ သမီးလေးလည်း ကြားမှာပေါ့၊ မှတ်ထားရမယ်နော် နောင်တစ်ချိန် သမီးလေးတို့ ခေတ်မှာ ဗဟုသုတ အဖြစ် ပြန်ပြောရမယ့်စကားတွေ (ငါတို့ငယ်ငယ်တုန်းက နိုင်ငံရေး လုပ်တဲ့ စစ်ဗိုလ်ကြီးတွေရဲ့ ပြောစကားဆိုပြီး ဗဟုသုတဖြစ်ဖွယ် ပြန်ပြောရတာပေါ့ သမီးလေးရာ)

"ထမင်းတစ်နပ်စားပြီး အကြွေးပြန်ဆပ်ကြပါ"

"ဆယ်တန်းတောင် မအောင်တဲ့ အမတ်မင်းတွေ ဒီအထဲရောက်ကုန်ပြီ"

"ဘူးလက် (ကျည်ဆံ)နဲ့ ခေါ်မှ လာမှာလား"

"လယ်တွေရောင်းလိုက်ရုံနဲ့ ခင်ဗျားတို့ ဆင်းရဲသွားစရာမရှိဘူး၊ ရလာတဲ့ငွေကို မစီမံတတ်ရင် ကျွန်တော့်ပေး၊ ကျွန်တော် စီမံပေးမယ်၊ ဆိုကြားနင်းရင် ချမ်းသာပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သာ ကိုယ့်သဘောနဲ့ကိုယ် အုပ်ချုပ်ရမယ်ဆိုရင် ရောဝတီတိုင်းဟာ ငါးနှစ်အတွင်း စင်ကာပူထက် သာစေရမယ်၊ စင်ကာပူလိုဖြစ်ရမယ်။ (ကာကွယ်ရေးဦးစီးချုပ်၊ ရေ၊ ဗိုလ်ချုပ်ကြီးဟောင်း ဦးစိုးသိမ်း စင်ကာပူရောက်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံကို စင်ကာပူလို တိုးတက်အောင် ကူညီပေးကြပါလို့ ပြောတဲ့စကားရယ်၊ စင်ကာပူဝါရင့်ဝန်ကြီး ဝန်ကြီးချုပ်ဟောင်း ဂိုချုပ်တောင် နေပြည်တော်ကိုလာတော့ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က စင်ကာပူနိုင်ငံ တိုးတက်အောင် ကမ္ဘာကျော်အောင် လုပ်တဲ့ထဲမှာ မစ္စတာဂိုချုပ်တောင် ပါတယ်ဆိုတာ သိထားပါတယ်။ မြန်မာနိုင်ငံ တိုးတက်အောင် ဘယ်လို လုပ်ရမလဲဆိုတာ အကြံဉာဏ်တွေပေးပါလို့ ပြောတဲ့စကားရယ်ဟာ ရောဝတီတိုင်းက ဗိုလ်မှူးချုပ်အဆင့် ရာထူးသာရခဲ့တဲ့ လူတစ်ယောက်ရဲ့ ပြောစကားက ခြားနားနေတယ်။ အံ့ဩဖွယ် ဟာသစကားတွေပါပဲ။ စင်ကာပူက နှစ်တစ်ရာ့ငါးဆယ်ကျော် သက်တမ်းရှိနေတဲ့ မိုးသစ်တောကြီးရယ် သူတို့အဖေကြီးတွေ သေကောင်ပေါင်းလဲဖြစ်ရင် ကျန်းမာရေးဆေးစစ်သွားခံရတဲ့ မောင့်အဲလိစဘက် ဆေးရုံကြီးရယ်၊ မရီနာဘေးဆင့်ဒ်အဆောက်အအုံကြီးရယ်၊ လူလုပ်ကျွန်းတွေရယ်၊ Changi လေဆိပ်ကြီးရယ်၊ တစ်နှစ်ကို ကမ္ဘာလှည့်ခရီးသည် (၁၅)သန်းအထက် လာကြတဲ့ နှန်းထားမျိုးဖြစ်ဖို့ဆိုတာ (၅ နှစ်နဲ့ ရပါ့မလား။ မောင်ကာလုရယ်၊ ကျန်းမာရေးလည်း စစ်ကြည့်ပါဦးနော်) စင်ကာပူက မြေအောက်ကားလမ်းတွေ မြေအောက်မြို့တော် တည်ဆောက်နေတာတွေ မပါသေးဘူးနော်၊ စင်ကာပူလိုလုပ်ပြရင် စင်ကာပူဆိပ်ကမ်း က ခြသေ့်ဖြူကြီး ပါရမယ်နော် (ငွေးစီမှားတပ်ဖို့ မေ့နေဦးမယ်)

နောက်တစ်ယောက်က ဗိုက်ကြီးလှန်ပြပြီး "ဒီမှာ ကျည်ဆံရာတွေ၊ သူရဘွဲ့ရခဲ့တာလေ၊ နယ်လှည့်ပါးရိုက်လာတာ ပါးရိုက်ခံရမယ်၊ ဘာမှတ်နေလဲတဲ့" သမီးလေးရာ

ဘဘ နောက်တော့ မှတ်တမ်းစာအုပ်လေးနဲ့ ပြုစုပေးထားမယ်နော်၊ နောက်ထပ် သူ့ကထက်သူ့ကိုသာဆိုးတွေက လာဦးမှာ သေချာတယ်။ မြန်မာ့နိုင်ငံရေးကို သူတို့ကသာ ဦးဆောင်ရမယ်ဆိုတဲ့ စိမ်ချက်ကြီးက ရှိနေတယ်လေ။

မြန်မာ့သမိုင်းမှာက နိုင်ငံရေးအစ ကျောင်းသားသမဂ္ဂဆိုတဲ့ စာဆိုကရှိနေတော့ ဘဘက ကျောင်းသားသမဂ္ဂဝင်တွေ ပေါ်ပေါက်လာမှာ သိပ်လိုလားတဲ့သူပါ။ ၁၉၈၈ ခုနှစ်၊ အရေးတော်ပုံကြီးမှာ ကျောင်းသားသမဂ္ဂအဖွဲ့ကြီး ပေါ်ပေါက်လာတော့ ဘဘမှာ ဝမ်းသာလိုက်ရတာလေ၊ မပြောပါနဲ့တော့။

ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့လို ပညာတတ်ကျောင်းသားသမဂ္ဂခေါင်းဆောင် နိုင်ငံရေးသမားမျိုးတွေ အုပ်ချုပ်တဲ့ခေတ်မဟုတ်တော့ ကျောင်းသားသမဂ္ဂဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖူး ကြုံဖူးတဲ့သူကလည်း တစ်ယောက်ဆို တစ်ယောက်မှမပါတဲ့ အုပ်ချုပ်ရေးခေတ် ဆိုတော့လည်း၊ ကျောင်းသားသမဂ္ဂလုပ်တဲ့သူဆိုရင် အကုန်လုံးကို ထောင်ထဲထည့်ပစ် တော့တာပါပဲ၊ ပညာမရှိတဲ့သူတွေ၊ ပညာမတတ်တဲ့သူတွေသာ လက်နက်ကိုင် လူတန်းစားအဖြစ် ရပ်တည်နေကြတာ သမီးလေးရဲ့။ သူတို့ရဲ့ အတွေးအခေါ်က ပညာရေး ကို အားမပေးဘဲ စာသင်တာဟာ ပညာတတ်တွေပေါ်ပေါက်စေတယ်။ ပညာတတ်တွေ ပေါ်ပေါက်လာရင် သူတို့အုပ်ချုပ်ရေးမှာ အနှောင့်အယှက်ဖြစ်လာစေတယ်။ ပညာတတ် တွေကြောင့် သူတို့ ဒုက္ခရောက်မှာကို သိနေတယ်။ ဒါကြောင့် ပညာရေးကို အားမပေးဘူး။ တိုးတက်အောင် မလုပ်ဘူး။ ဒါ သူတို့ရဲ့ ခံယူချက်၊ ဒါကြောင့် အာဖဂန်နစ္စတန်နိုင်ငံက တာလီဘန်တွေဟာ စာသင်ကျောင်းတွေ ဖျက်ဆီးတယ်၊ စာသင်တာတွေတွေ့ရင် ပိတ်ပင်တယ်၊ လက်နက်ပဲ ကိုင်မယ်။ ကလောင် မကိုင်ရဘူး။ ဖောင်တိန်၊ ဘောလ်ပင် စာအုပ်မကိုင်ရဘူး။ ပြည်သူတွေကလည်း သူတို့ လက်နက်ကိုင် အနုံအအတွေလို ဖြစ်နေ တာမဟုတ်တော့ သားသမီးတွေကို စာသင်ကျောင်း တွေဆီကို မရောက်ရောက်အောင် ပို့ကြတယ်၊ လက်နက်ကိုင်လူတန်းစားကလည်း စာသင်ကျောင်းတွေဆို နည်းမျိုးစုံနဲ့ နှောင့်ယှက်ဖျက်စီးကြတယ်။ စာသင်ကျောင်းက ရေတွေထဲမှာ အော့အန်စေတဲ့ ဓာတုဗေဒပစ္စည်းတွေ ထည့်တယ်၊ ကျောင်းကားတွေကို ချိန်ကိုက်ဗုံးတွေနဲ့ ခွဲတယ်။ သူတို့ခိုလှုံနေတဲ့ ပါကစ္စတန်ရဲ့ပြည်နယ်ထဲမှာ တစ်နေ့တော့ ကျောင်းသူလေးတွေ ပါလာ တဲ့ ကျောင်းကားတစ်စီးကို စက်သေနတ်တွေနဲ့ ပစ်တယ်။ အဲဒီမှာ ပါကစ္စတန်နိုင်ငံက ကျောင်းသူလေး မာလာလာယူစွတ်ဖိုင်ဟာ သေနတ်ဒဏ်ရာပေါင်းများစွာ ထိမှန်ခဲ့တယ်။ သေပြီလို့ထင်ရပေမဲ့ ဆေးရုံရောက်တော့ အသက်မသေပေမဲ့ ပြင်းထန်တဲ့ ဒဏ်ရာရ သွားတယ်။ ၁၃ နှစ်သမီးလေး မာလာလာယူစွတ်ဖိုင်လေးဟာ လက်နက်ကိုင် လူတန်းစား ရဲ့ သားကောင်ဖြစ်သွားရတဲ့အတွက် ကမ္ဘာ့သတင်းတွေမှာပါသွားရတော့ မာလာလာလေး ရဲ့ အဖြစ်အပျက်ကို သိသွားကြတယ်။ ကမ္ဘာကလည်း အာရုံစိုက်လာကြတယ်။ တာလီဘန် လက်နက်ကိုင်လူတန်းစားရဲ့ ပညာရေးပိတ်ပင်မှုတွေကို မာလာလာလေးဟာ နာမည်ဝှက်နဲ့ သတင်းဌာနတွေကို ရေးသားပေးပို့နေတဲ့ ကျောင်းသူလေးတစ်ယောက်ဖြစ်နေတယ် ဆိုတာ ကမ္ဘာကလည်း သိသွားကြတယ်။ သူ့ကျန်းမာရေးအတွက် စိုးရိမ်ကြပြီး အလေးထားလာကြတယ်။ မေးမြန်းလာကြတယ်။ စိုးရိမ်လာကြတယ်။ ကမ္ဘာက ကူညီဖို့ ကမ်းလှမ်းလာကြတယ်။ ဗြိတိန်နိုင်ငံက ဆေးရုံမှာ ဆေးကုပေးဖို့ ကြေညာတယ်။ ဗြိတိန်နိုင်ငံ ဘာမင်ဂန်မြို့က လက်ခံပြီး ဘာမင်ဂန်ဆေးရုံမှာ သူ့ကို ခွဲစိတ်ကုသပေးတယ်၊ ရက်ပေါင်းများစွာကြာလာတော့ ပျောက်ကင်းသွားပြီး နဂိုအတိုင်းပြန်ဖြစ်လာတယ်။ ဘာမင်ဂန်မှာ လျှို့ဝှက်စွာနေထိုင်ပြီး စာသင်နေပါတယ်။ တစ်ဖက်ကလည်း လက်နက်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



လူတစ်စုရဲ့ ပညာရေးအနှောင့်အယှက်ပေးပုံတွေကို ကမ္ဘာကိုဖွင့်ပြပြီး ဝေဖန်ပြောဆိုမှုတွေကြောင့် ထင်ပေါ်ကျော်ကြားလာပြီး ကမ္ဘာက အသိအမှတ်ပြုလာရတဲ့အဆင့်အထိတောင် ရောက်ခဲ့ပါတယ်။ နိုင်ငံတိုင်းက ဧည့်သည်တော်အဖြစ် ဖိတ်ကြားခဲ့သလို ကမ္ဘာ့ကုလသမဂ္ဂကတောင် ဖိတ်ကြားလို့ ပညာရေးနဲ့ပတ်သက်ပြီး မိန့်ခွန်းတောင် ပြောဆိုစေခဲ့ပါတယ်။ ဂုဏ်ထူးဆောင်တံဆိပ်များစွာကိုလည်း နိုင်ငံတိုင်းက ပေးအပ်ခဲ့ပါတယ်။ ယခုနောက်ဆုံး ၂၀၁၄ ခုနှစ်ရဲ့ နိုဗယ်ငြိမ်းချမ်းရေးဆုကို အိန္ဒိယနိုင်ငံသားတစ်ယောက်နဲ့ ပူးတွဲချီးမြှင့်တာ ခံရပါတယ်။

မာလာလာလေးရဲ့ ပြောစကားတစ်ခွန်းက "လက်နက်ကိုင်လူ့တန်းစားတွေကို ဘောလ်ပင်တစ်ချောင်း၊ စာအုပ်လေးတစ်အုပ်နဲ့ တော်လှန်လို့ရပါတယ်"ဆိုတဲ့ စကားလေးဟာ ကမ္ဘာကျော်စေခဲ့ပါတယ်။ ဘဘတို့ဆီမှာလည်း ၁၉၈၈ ခုနှစ်က ကျောင်းသားတွေကို သေနတ်နဲ့ ပစ်သတ်ဖြေရှင်းလို့ စက်မှုတက္ကသိုလ်က ကျောင်းသားကိုဖုန်းမော်နဲ့ ကိုစိုးနိုင် ကျဆုံးခဲ့ရတာကို အကြောင်းပြုပြီး (၁၉၈၈ အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ပါတယ်)။

အဲဒီအရေးတော်ပုံကြီးနဲ့အတူ ဗိုလ်ချုပ်အောင်ဆန်းတို့ တည်ထောင်ခဲ့တဲ့ (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသ)၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ(ရကသ)၊ အခြေခံပညာကျောင်းသားများသမဂ္ဂ (အကသ) ဆိုတဲ့ အဖွဲ့တွေပြန်လည်ပေါ်ပေါက်လာပြီး အရေးတော်ပုံကြီးကို ဦးဆောင်ခဲ့ကြလို့ တစ်ပါတီအာဏာရှင်စနစ် ပျက်သုန်းပြီး ပါတီစုံဒီမိုကရေစီစနစ် အစပျိုးလာခြင်းဖြစ်ပါတယ်။

အာဏာရှင်လက်နက်ကိုင် လူတစ်စုက ၁၉၈၈ အရေးတော်ပုံကြီး ပေါ်ပေါက်လာလို့ အာဏာစွန့်လွှတ်ရခြင်းဟာ (ကျောင်းသားတွေကြောင့် ကျောင်းသားသမဂ္ဂတွေက ဦးဆောင်လို့) ဆိုတဲ့ အတွေးတွေ ခံယူချက်တွေထားပြီး ကျောင်းသားတွေကို အညိုးအတေးတွေနဲ့ ရန်ကုန်တက္ကသိုလ်ကို သာမန်အဆောက်အဦလို သဘောထားပြီး တက္ကသိုလ်များကို တောကြိုအုံကြား လယ်ကွင်းများထဲပို့ပစ်ပြီး (ကျေးရွာထိုထိုတက္ကသိုလ်မြင်မြင်သမျှ ပါမောက္ခ) ဆိုတဲ့ စာချိုးတောင် ပေါ်ပေါက်ခဲ့ဖူးပါတယ်။

(စိန်ပန်းနီနီ၊ ကံ့ကော်တော၊ တမာပင်၊ ထနောင်းပင်ရိပ်) အစား မလေးရှားပိတောက် ဘောစကိုင်းပင်ရိပ်နဲ့ လယ်ပုစွန်လုံးသာ မြင်ရတဲ့ တက္ကသိုလ်တွေ ပေါ်ပေါက်လာခဲ့ပါတယ်။

(၁၉၈၈ ခုနှစ်မှာ ပြန်လည်ပေါ်ပေါက်လာတဲ့ ကျောင်းသားသမဂ္ဂဝင် (ဗကသ) (တကသ) (အကသ) ကျောင်းသားကျောင်းသူတွေကို နှစ်ရှည်ထောင်ဒဏ်များချမှတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးကို အညွန့်တုံးစေခဲ့ပါတယ်)

မျိုးဆက်သစ်ကျောင်းသားသမဂ္ဂအဖြစ် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးမှာ ကျောင်းသားကျောင်းသူတွေဟာ ပါဝင်ဆောင်ရွက်ခဲ့ကြလို့ ၈၈ ရဲ့ မျိုးဆက်သစ်ကျောင်းသားသမဂ္ဂဝင်များအဖြစ် တာဝန်ယူ တာဝန်ခံပြီး ကျော်ကိုကို၊ စည်သူမောင်၊ ဒီငြိမ်းလင်း၊ ဖြိုးဖြိုးအောင်တို့ဆိုတဲ့ ကျောင်းသားခေါင်းဆောင်တွေ ထိပ်မံပေါ်ပေါက်လာခြင်းဟာ အားရစရာပါပဲ သမီးလေးရယ်၊ ဒါပေမဲ့ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးနဲ့အတူ ဖမ်းဆီးပြီး ထောင်ချခံခဲ့ရပြန်ပါတယ်။ (အခုတလော ဒီငြိမ်းလင်း ပျောက်နေသလားမသိ)

ဒီလိုနဲ့ ၂၀၁၀ မှာ အရေခွံလဲ အရပ်သားအစိုးရပေါ်ပေါက်လာတော့ လွတ်ငြိမ်းချမ်းသာခွင့်ဆိုပြီး လူဆိုးသူခိုးတွေ သောင်းကျော်လွှတ်၊ နိုင်ငံရေးအကျဉ်းသားက ဆယ်ဂဏန်းလွှတ်တဲ့ခေတ် ရောက်လာခဲ့ပါတယ်။

အဲဒီမှာပဲ ၂၀၀၇ ခုနှစ်မှာ ဖမ်းဆီးထိန်းသိမ်းခံရတဲ့ မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ ကျော်ကိုကို၊ စည်သူမောင်၊ ဖြိုးဖြိုးအောင်တို့ဟာ ပြန်လွတ်မြောက်လာကြပြီး ကျောင်းသားသမဂ္ဂတာဝန်တွေ ထမ်းဆောင်ကြပြန်ပါတယ်။

မြန်မာနိုင်ငံတဝှမ်းလုံးက တက္ကသိုလ်တွေမှာ ကျောင်းသားသမဂ္ဂတွေ ပြန်လည်ဖွဲ့စည်းကြပြီး ပညာရေးနဲ့ပတ်သက်တဲ့ ဥပဒေတွေ ပေါ်ပေါက်စေဖို့ ကြိုးပမ်းကြပါတယ်။ တစ်ဖက်ကလည်း ဆရာ၊ ဆရာမများ သမဂ္ဂတွေ ဖွဲ့စည်းပြီး ထမ်းဆောင်ကြပြန်ပါတယ်။

၂၀၁၄ ခုနှစ် စက်တင်ဘာ(၃၀)ရက်နေ့မှာ အမျိုးသားပညာရေး ဥပဒေကြမ်းတစ်ခုကို အစိုးရကရေးဆွဲပြီး လွှတ်တော်ကို တင်ပြတဲ့အတွက် လွှတ်တော်က ပြဋ္ဌာန်းဖို့ ထောက်ခံလိုက်ကြပါတယ်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်၊ ၁၃ ရက်တွေမှာ ရန်ကုန်မြို့မှာ အရေးပေါ်ကျောင်းသားညီလာခံတစ်ခုပြုလုပ်ပြီး အမျိုးသားပညာရေးဥပဒေသစ်ကို ကျောင်းသားများက ဆန့်ကျင်ကန့်ကွက်ရာတွင် ဦးဆောင်ရန် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ကော်မတီ (ACDE) ကို ဖွဲ့စည်းလိုက်ပါတယ်။

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၄ ရက်မှ ၁၇ ရက်ထိ) ရန်ကုန်မြို့တွင် ရာနှင့်ချီသော ကျောင်းသားများက လေးရက်ကြာ ဆန္ဒပြခဲ့ကြပြီး ရက်ပေါင်း (၆၀) အတွင်း ဥပဒေကြမ်းကို ပြင်ဆင်ပေးရန် တောင်းဆိုခဲ့ကြပါတယ်။

ရက်ပေါင်း (၆၀)ပြည့်တဲ့ ၂၀၁၅ ဇန်နဝါရီလ(၁၆)ရက်နေ့မှာတော့ ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ ကျော်ကိုကို၊ မင်းသွေးသစ်၊ ဖြိုးဖြိုးအောင်တို့ ဦးဆောင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



(ဗကသ) အဖွဲ့ချုပ်ဟာ ဗဟန်းကြေးသွန်းဘုရားကြီးမှာ စုရုပ်ပြုပြီး ဥပဒေကြမ်းကို ပြင်ဆင်ပေးဖို့ တောင်းဆိုဆန္ဒပြခဲ့ကြပါတယ်။ အမှတ်(၃) အခြေခံပညာဦးစီးဌာန ပုဂ္ဂိုလ်များနဲ့ ရန်ကုန်တက္ကသိုလ်က တာဝန်ရှိပုဂ္ဂိုလ်များ ရောက်ရှိလာပြီး ကြေးသွန်းဘုရားကြီးနောက်မှာ ကျောင်းသားသမဂ္ဂခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးကြပါတယ်။ အဖြေမရရှိတဲ့အတွက် ကျောင်းသားခေါင်းဆောင်တွေဟာ မြို့တော်ခန်းမအထိ ချီတက်ကြဖို့ ဆုံးဖြတ်ပြီး ထွက်လာတာ ၁၉၂၀ ပထမကျောင်းသား သပိတ်စခန်းချတဲ့ ဦးအရိယကျောင်းရှေ့ ရောက်လာတဲ့အခါ ဝင်ရောက်ဦးခိုက်ပြီး မြို့တော်ခန်းမရှေ့မှာ ဟောပြောကြပါတယ်။

အမျိုးသားပညာရေးဥပဒေရှင်းလင်းပွဲကို ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၌ ပြုလုပ်ရန်အတွက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်ထံ ခွင့်ပြုချက်တောင်းခံပြီး ခွင့်ပြုချက်ရရှိ၍ လေးရက်တိုင်တိုင် ပြုလုပ်ခဲ့ပါတယ်။ စတုတ္ထနေ့အပြီးမှာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမာလာအောင်က မီဒီယာများကို ပြောဆိုခဲ့ရာမှာ "ကျွန်မတို့ ဆရာဆရာမတွေက အမျိုးသားပညာရေးဥပဒေကို လက်တွေ့အကောင်အထည်ဖော်ရမယ့်သူတွေ ဖြစ်တယ်။ ဒီဥပဒေကို ကျွန်မအမြင်ပေါ့ လုံးဝဖျက်ရမယ့် ပုဒ်မတွေ၊ အမှောင်ချထားတဲ့ ပုဒ်မတွေရှိတယ်လို့ ပြောချင်တယ်။ ဒီလိုဝေဖန်ထောက်ပြပြီး ပြောတာဟာ ကျွန်မက နိုင်ငံ့ဝန်ထမ်းတာဝန်ကျေခြင်းလို့ ဖြစ်တယ်။ အဲဒီအတွက် သက်ရောက်မှုတွေကတော့လာမှာပဲ၊ အဲဒီ သက်ရောက်မှုက ကျွန်မအလုပ်ကို ထိခိုက်မယ်ဆိုရင် ခံယူရုံပဲ"ဟု မီဒီယာများသို့ ပြောကြားခဲ့တာဟာ မြန်မာပြည်ပညာရေးသမိုင်းမှာ ဒုတိယပါမောက္ခချုပ် တစ်ယောက်က ပညာရေးဝန်ကြီးဌာနအပေါ် ဝေဖန်ပြောဆိုခြင်းဟာ ပထမဦးဆုံးပါပဲလို့ သမီးလေးကို ဘဘပြောချင်ပါတယ်။ (ယခုချိန်ထိလည်း အဲဒီပါမောက္ခချုပ် ဘာဖြစ်သွားလဲဆိုတာ ဘဘသံမှ မကြားရပါ)

(အဲဒီ ရှင်းလင်းပွဲက ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ကနေ ၁၂ ရက်နေ့အထိ ပြုလုပ်ခဲ့တာဖြစ်ပါတယ်)

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်နိုင်ရန် လွှတ်တော်အတွင်း ဆွေးနွေးနေသည့် အချိန်ကာလအတွင်းမှာ မော်လမြိုင်၊ ထားဝယ်၊ ပခုက္ကူ၊ မြေလတ်၊ ပုသိမ်၊ ရောဝတီ ကျောင်းသားသပိတ်စစ်ကြောင်းများ ခေတ္တနားနေကြသည်။

ကျောင်းသားယူနီယံဆိုပြီး သမ္မတကအစ ပညာရေးဝန်ကြီးကအစ ခေါ်ဝေါ်ပြောဆိုကာ အရင်က ကျောင်းသားသမဂ္ဂပါ ခေါ်ကြတာလေ၊ ကာတွန်းလေးတစ်ခုက ရေးတယ်။ "သမဂ္ဂစကားကို ဘာလို့ဒီလောက် ကြောက်နေကြရတာလဲဟင် သမိုင်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ခေတ်အဆက်ဆက် တို့ကို ခြောက်ခဲ့ကြလို့''ဆိုပြီး ကာတွန်းလေးက သရုပ်ဖော်ပြပါတယ်။

ဩော် သမီးလေးကို ဘာဘပြောပြဖို့ မေ့သွားတယ် သမီးလေးရယ်။ ဖြစ်လာတဲ့ ပြဿနာအပေါ်မှာ အာရုံလွှဲပြောင်းစေဖို့ပေါ့ (ဒါက သူတို့လုပ်နေကျအလုပ်လေ သမီးရယ်)

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်အကျော်မှာ တက္ကသိုလ်တိုင်းတွင် ကျောင်းသားသမဂ္ဂနှင့် ဆရာသမဂ္ဂများ ဖွဲ့စည်းခွင့် ပညာရေးဝန်ကြီးဌာနမှ စမ်းသပ်ခွင့်ပြုချက်ဟု တရားဝင် ကြေညာသည့် သဘောထွက်လာတယ် သမီးလေးရယ်။ ဘာဘတောင် အံ့သြသွားတယ်။

ဘယ်ဟုတ်ပါ့မလဲ သမီးရယ်။ ချက်ချင်းပဲ သူတို့က ကောက်ဖွဲ့ကြတယ်။ ကျောင်းသားယူနီယံ၊ ဆရာ – ဆရာမယူနီယံဆိုပြီး ဒီဇင်ဘာလ(၁၆)ရက်နေ့မှာ ဖွဲ့စည်းကြတယ်။

အဲဒီလို ကျောင်းသား ဆရာများ ဖွဲ့စည်းတည်ထောင်တာကို အလုပ်သမားဥပဒေနဲ့ ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံ ဆရာ၊ ဆရာမများ အသင်းချုပ် (ယာယီ)က ဒီဇင်ဘာလ (၁၆)ရက်မှာ ဖွဲ့စည်းတာကို ကန့်ကွက်ကြောင်း သဘောထားကြေညာချက်ထုတ်တယ်လို့ သိရတယ် သမီးလေးရယ်။

အဲဒီ ဒီဇင်ဘာ ၁၆ ရက်နေ့မှာပဲ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးကို နောက်ခံထားပြီး စားပွဲခုံတွေနဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ(ယာယီ) ဖွဲ့စည်းကြောင်းဆိုပြီး သတင်းစာရှင်းလင်းပွဲလုပ်တာကိုလည်း သတင်းစာဂျာနယ်တွေမှာ မြင်တွေ့ရပါတယ်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂဆိုတော့ (ရကသ)ပေါ့ သမီးလေးရယ် ယာယီ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက မိန်းကလေးသမီးရဲ့ မအိဆွေမြတ် (မြန်မာစာ ဒုတိယနှစ်) တဲ့၊ သူ့ရဲ့အပြောက (ရကသ)လို့ မပြောတာကလည်း အံ့သြစရာနော်၊ ''ကျွန်မတို့ခံယူတာက ပြည်သူ့အတွက်၊ ပြည်သူ့လွှတ်တော်ဆိုတာရှိသလို ကျောင်းသားအတွက် ကျောင်းသားလွှတ်တော်ဆိုတာလည်း ရှိရမယ်။ ကျောင်းသားလွှတ်တော်ဆိုတာကိုသမဂ္ဂလို့ အတိအကျခံယူတယ်''။

''တက္ကသိုလ်ကျောင်းသားတစ်ယောက်အနေနဲ့ စာသင်နေရုံနဲ့ ကျောင်းသားတာဝန်၊ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကျေတယ်လို့ မခံယူပါဘူး''လို့ ပြောသွားခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ (ရကသ) ဖွဲ့စည်းတာနဲ့ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မာလာလာဖြိုးဖြိုးအောင် ^

မာလာလာအိသဉ္ဇာမောင် >

မာလာလာချောစုစ် v





www.burmeseclassic.com

www.burmeseclassic.com






ယခင်ကတည်းက ကြိုတင်ဖွဲ့စည်းထားတဲ့ ဒဂုံတက္ကသိုလ် ကျောင်းသားများသမဂ္ဂအဖွဲ့ ထံသွားပြီး အကြံဉာဏ်တွေ သွားတောင်းတာကိုလည်း သိရှိရပါတယ်။ သို့သော် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ (ယာယီ) အတွင်းရေးမှူး ကိုခန့်ဝေဟိန်းပြောတဲ့ စကားက –

"ကျွန်တော်တို့အဖွဲ့အနေနဲ့ကတော့ လက်ရှိ ရှိနေတဲ့ (ဗကသ)အဖွဲ့နဲ့ မဆိုင် ပါဘူး။ ပူးပေါင်းဖို့လည်း မရှိပါဘူး"တဲ့ ပြောဆိုပုံက ထပ်ပြောတာက "လက်ရှိမူဝါဒတွေကို ကျောင်းသားထုကို ချပြပြီးတော့ သူတို့ရဲ့အားနဲ့ ဆောင်ရွက်သွားမယ်"တဲ့ သမီးလေးရယ်။

"ဗကသနဲ့လည်း မဆိုင်ဘူး။ မပူးပေါင်းပါဘူး"တဲ့၊ "ကျောင်းသားထုရဲ့အား နဲ့ သူတို့ရဲ့အားနဲ့ ဆောင်ရွက်သွားမယ်တဲ့၊ ဘယ်လိုကြီးလဲ သမီးရယ်၊ အဲဒီအဖွဲ့က ကျောင်းသားသပိတ်စစ်ကြောင်းမှာလည်း မပါဝင်၊ အစိုးရနဲ့ ကျောင်းသား တွေပွင့်ဆိုင်

www.burmeseclassic.com






ယခင်ကတည်းက ကြိုတင်ဖွဲ့စည်းထားတဲ့ ဒဂုံတက္ကသိုလ် ကျောင်းသားများသမဂ္ဂအဖွဲ့ ထံသွားပြီး အကြံဉာဏ်တွေ သွားတောင်းတာကိုလည်း သိရှိရပါတယ်။ သို့သော် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ (ယာယီ) အတွင်းရေးမှူး ကိုခန့်ဝေဟိန်းပြောတဲ့ စကားက –

"ကျွန်တော်တို့အဖွဲ့အနေနဲ့ကတော့ လက်ရှိ ရှိနေတဲ့ (ဗကသ)အဖွဲ့နဲ့ မဆိုင်ပါဘူး။ ပူးပေါင်းဖို့လည်း မရှိပါဘူး"တဲ့ ပြောဆိုပုံက ထပ်ပြောတာက "လက်ရှိမူဝါဒတွေကို ကျောင်းသားထုကို ချပြပြီးတော့ သူတို့ရဲ့အားနဲ့ ဆောင်ရွက်သွားမယ်"တဲ့ သမီးလေးရယ်။

"ဗကသနဲ့လည်း မဆိုင်ဘူး။ မပူးပေါင်းပါဘူး"တဲ့၊ "ကျောင်းသားထုရဲ့အား နဲ့ သူတို့ရဲ့အားနဲ့ ဆောင်ရွက်သွားမယ်တဲ့၊ ဘယ်လိုကြီးလဲ သမီးရယ်၊ အဲဒီအဖွဲ့က ကျောင်းသားသပိတ်စစ်ကြောင်းမှာလည်း မပါဝင်၊ အစိုးရနဲ့ ကျောင်းသား လှုပ်ရှားမှုဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးရာမှာလည်း မပါဝင်ဆိုတော့ အင်း ... အင်း ... အင်း

ဪ .. ဘဘပြောတဲ့အတိုင်းပဲ၊ ကျောင်းသားအဖွဲ့တွေ လက်ပံတန်းမှာ ဖြိုခွဲခံရတာတွေ၊ ထောင်ထဲထည့်ခံရတာတွေ ရှုံးထုတ်နေတာတွေမှာ ရန်ကုန်တက္ကသိုလ် ကျောင်းသား သမဂ္ဂ(ယာယီ)ဥက္ကဋ္ဌက အိဒွေးမြတ်ကအစ ဘာမှ ဝန်းရံတာတွေ မတွေ့ရ ပါဘူး၊ မှတ်ထားရမယ်နော် သမီးလေး။ သမဂ္ဂလေ သမဂ္ဂ ... ၁၉၈၈ မှာ ရကသက ပြုံးချို(ယခု ဒေါ်ပုံအမတ်မင်း)၊ တင့်ဆန်း (ယခု ထောင်ထဲမှာ)တို့က ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ(ရကသ) လို့ စတင်တည်ထောင်ခဲ့ကြသူတွေပါ။

၂၀၁၅ ဇန်နဝါရီလ ၁၃ ရက်နေ့မှာ နည်းပညာတက္ကသိုလ် မန္တလေးကျောင်း အတွင်းမှာ ကျောင်းသားတွေက အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ဆန္ဒပြကြ ပါတယ် သမီးလေးရယ်။

အဲဒီမှာ တာဝန်ရှိဆရာတစ်ယောက်နဲ့ ဆန္ဒပြတဲ့ကျောင်းသားတွေကြားမှာ နှစ်ဖက်တင်းမာမှုတွေ ဖြစ်ကုန်ပါတယ်။ အဲဒီဆရာက ကားကို ဒလကြမ်းမောင်းလာပြီး




www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတွေ ကိုင်ထားတဲ့ ကျောင်းသားသမဂ္ဂအလံကို ဆွဲလုယူတဲ့ပုံစံက ဆရာတစ်ယောက်ရဲ့ပုံစံ မဟုတ်ဘူး သမီးလေးရေ၊ အဲဒီဆရာရဲ့လုပ်ဆောင်ပုံက အဆင့်အတန်းမရှိတဲ့ လူတစ်ယောက်ရဲ့ လုပ်ဆောင်ပုံလေ။

"ငြိမ်းချမ်းစွာ ဖော်ထုတ်နေတဲ့ ကျွန်တော်တို့ကျောင်းသားတွေအပေါ် သဘောထား တင်းမာစွာနဲ့ ဆက်ဆံတဲ့ဆရာအပေါ် ဘယ်လိုမှ သဘောမထားပါဘူး။ ဆရာတွေအနေနဲ့ ကျောင်းသားဘက်က ရပ်မှာလား၊ အစိုးရဘက်က ရပ်မှာလားဆိုတာ သေချာမေးချင်ပါတယ်"

"ပြည်သူ့လစာစားပြီး အစိုးရခိုင်းတာလိုက်လုပ်နေတဲ့ ဆရာမျိုးတွေတော့ မဖြစ်စေချင်ပါဘူး၊ အခု ဒီမိုကရေစီအစိုးရဘဝမျိုး ရောက်ရင် ဆရာ ဘယ်လိုဖြေပါ့မလဲ" လို့ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)က ကျောင်းသားများသမဂ္ဂက ကိုရဲရင့်ပိုင်ဦးက ပြောကြားသွားတာကိုလည်း မှတ်တမ်းတင်မိပါတယ်။

ဒီလိုနဲ့ ရက်ပေါင်း ၆၀ အတွင်း ညှိနှိုင်းဆောင်ရွက်မှုများမရှိသည့်အတွက် သပိတ် အရှိန်အဟုန်တိုးမြှင့်တဲ့အနေနဲ့ ဒီမိုကရေစီပညာရေးစစ်ကြောင်းကို စတင်လိုက်ပါပြီလို့ (ဗကသ)များအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီးသတင်းနှင့် ပြန်ကြားရေးက ကိုရဲရင့်ကျော်က ပြောဆိုပါတယ်။

သပိတ်စစ်ကြောင်း စတင်ထွက်ခွာလာတဲ့အခါ မန္တလေးမြို့သူမြို့သားအချို့က သပိတ်မှောက်ကျောင်းသားတွေကို အလှူငွေတွေ လာရောက်လှူဒါန်းပြီး အောင်သပြေပန်းများလည်း ပေးဝေကြတယ် သမီးလေးရယ်

ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ဗဟိုကော်မတီဝင် ကိုဖေယျာလွင်က

"ဒီသပိတ်က ကျွန်တော်တို့ ပညာရေးအတွက် နောက်ဆုံးသပိတ်လို့ ပြောလို့မရရင်တောင် အတိုင်းအတာတစ်ခုအထိ ရောက်နေတဲ့သပိတ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီသပိတ်ကိုဆင်နွှဲဖို့ အများကြီးပေးဆပ်ခဲ့ရပါတယ်။ စာသင်ခန်းတွေ စွန့်ခဲ့ရတယ်၊ အိမ်တွေနဲ့ အတိုက်အခံလုပ်ခဲ့ရတယ်၊ ဆရာတွေနဲ့ အတိုက်အခံလုပ်ပြီးမှ ဒီသပိတ် ကို ဆင်နွှဲခဲ့ရခြင်း ဖြစ်ပါတယ်။ ဘယ်လိုအခြေအနေမျိုးပဲ ဖြစ်လာပါစေ ကျွန်တော်တို့ ကတော့ အရှုံးပေးမှာ မဟုတ်ပါဘူး"လို့ ဖေယျာလွင်က ပြောဆိုတာကိုလည်း ကြားသိခဲ့ရပါတယ်။

ချီတက်လာတဲ့စစ်ကြောင်းမှာ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (မြေလတ်)ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၊ ဗဟို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းကော်မတီနှင့် တက္ကသိုလ်ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့မှ အမာခံအင်အား (၁၀၀)ခန့်ပါဝင်ပြီး ချီတက်ရာ လမ်းကြောင်းကတော့ ပုလိပ်မြို့ ကျောက်ဆည်၊ မြစ်သား၊ မြင်းခြံ၊ တောင်သာ၊ ပခုက္ကူ၊ မကွေး၊ ပြည်မြို့များကို ဖြတ်သန်းပြီး အဲဒီမြို့တွေမှာ အသင့်စောင့်ကြိုနေကြပေမယ့် ကျောင်းသားကျောင်းသူများနဲ့ ပူးပေါင်းပြီး ရန်ကုန်မြို့အထိ ချီတက်သွားဖို့ စီစဉ်ထားခဲ့ကြတယ် သမီးလေးရဲ့ ။

စစ်ကြောင်းတွေကတော့ မြေလတ်–မုံရွာစစ်ကြောင်း၊ ထားဝယ်–မော်လမြိုင်စစ်ကြောင်း၊ ရောဝတီစစ်ကြောင်းနဲ့ဆိုရင် စစ်ကြောင်းကြီးလေးခုခွဲပြီး ချီတက်ပါတယ်၊ သတ်မှတ်တဲ့နေ့မှာ ရန်ကုန်မြို့မှာ ဆုံကြမှာပေါ့။

ထားဝယ်စစ်ကြောင်း ချီတက်လာတော့ မြို့တစ်မြို့မှာ စိတ်မနှံ့တဲ့ အရူး တစ်ယောက်က သူရပ်နေတဲ့ နေရာမှာ ပုဒ်မ–၁၄၄ ထုတ်ထားတယ်၊ သတ္တိရှိရင် ဖြတ်ရဲဖြတ်ကြည့်၊ ပစ်သတ်ခံရမယ်၊ ဘာမှတ်နေလဲ၊ လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောနေလို့ ကျောင်းသားတွေက ရယ်နေကြတယ်။ ပုဒ်မ–၁၄၄ ထုတ်ပြန်တယ်ဆိုတာ တရားသူကြီး ခွင့်ပြုမိန့်နဲ့ ကြေညာပြီး ထုတ်ပြန်ရတာလေ။ အရူးက သူ့ပါးစပ်ထဲရှိတာ လျှောက်ပြောနေတော့ ကျောင်းသားတွေက ရယ်ကြတာပေါ့။ ကျောင်းသားတွေက သနားတာနဲ့ အရူးကို ငှက်ပျောသီး၊ ဆေးလိပ်တို့ ပေးခဲ့ပြီး ဆက်လက်ချီတက်သွားတယ် သမီးလေးရယ်။

ရောဝတီစစ်ကြောင်းကတော့ ပုသိမ်မြို့မှာ စုရပ်ထားပြီး ၃–၂–၂၀၁၅ နေ့မှာ ချီတက်ပါတယ်။ အဲဒီမှာ (ဗကသ)ကျောင်းသားတွေနဲ့အတူ (အကသ) ကျောင်းသူ ကျောင်းသားတွေ ပညာရေးသပိတ်မှောက်စစ်ကြောင်းမှာ ပါဝင်ချီတက်ကြတယ် သမီးလေး ရယ်။ အဲဒီမှာ ပုသိမ် အ–ထ–က (၁) (၁၀)တန်းကျောင်းသူလေး မချောစုစံက စစ်ကြောင်းထဲမှာ တက်တက်ကြွကြွနဲ့ လှုပ်ရှားတော့ လူသိများလာတယ်။ ၁၀ တန်း စာမေးပွဲကလည်း နီးနေတော့ မချောစုစံလေးက ညဘက်စစ်ကြောင်းနားတဲ့အခါ စာမေးပွဲအတွက် စာကျက်ပါတယ်။ အဲဒီ ကလေးလေး တိုင်းသိပြည်သိဖြစ်စေဖို့ တစ်ဖက်ကလည်း ဖိအားပေးတဲ့အလုပ်ကို ထုံးစံအတိုင်း လုပ်လာပါတယ် မချောစုစံကို ကျောင်းထုတ်လိုက်ပြီဆိုတဲ့စကားတွေနဲ့ အိမ်ကို လာပြောကြပါတယ်။ သပိတ်မှောက် ကျောင်းသားတွေ အများကြီးပါလာတာ၊ သူ့တစ်ယောက်တည်း ကျောင်းထုတ်တယ် ဆိုတော့ သတင်းက ထူးနေတယ်။ မီဒီယာတွေကလည်း အပြိုင်အဆိုင် ဖော်ပြကြတော့ ရောဝတီသပိတ်စစ်ကြောင်းရဲ့ နာမည်ကြီးပုဂ္ဂိုလ်လေး ဖြစ်လာပါတယ်။

သက်ဆိုင်ရာကလည်း ဖြေရှင်းချက်တွေ ထုတ်ပြန်လာရပါတယ်။ ကျောင်းထုတ်

www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ပါဘူး။ ဘာတို့နဲ့ ဖြစ်လာပါတယ်။ ချောစုစ်လေးရဲ့ မိဘနှစ်ပါးကလည်း သူတို့ သမီးလေးဟာ မိဘနှစ်ပါးခွင့်ပြုချက်နဲ့ ပညာရေးသပိတ်ထဲ ပါဝင်တာပါလို့ မီဒီယာတွေကို ပြောပြတော့ တစ်တိုင်းတစ်ပြည်လုံး ကျော်ကြားသွားပါတယ်။ မိဘတိုင်းဟာ စိုးရိမ်စိတ်ရှိကြပါတယ်။ (ချောစုစ်လေးရဲ့ မိဘများ လေးစားစရာကောင်းတဲ့ မိသားစုပါလို့ ဤနေရာကနေ လေးစားစွာ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။)

ချောစုစ်လေးက စာမေးပွဲအတွက် ပုသိမ်မြို့သို့ ခေတ္တပြန်ပြီး သပိတ်စစ်ကြောင်းဆီ ချက်ချင်းပြန်လာပါတယ်။ လေးပွင့်ဆိုင်ဆွေးနွေးပွဲတွေလုပ်ပြီး လွှတ်တော်ကိုတင်တော့ ရောဝတီစစ်ကြောင်း၊ ထားဝယ်–မော်လမြိုင်စစ်ကြောင်း၊ မြေလတ်–မုံရွာစစ်ကြောင်းတွေက ဖေဖော်ဝါရီလ(၁၆)ရက်နေ့မှာ သပိတ်မလှန်ဘဲ စောင့်ကြည့်နေဖို့ ကြေညာချက်ထုတ်ပြန်ပါတယ်။

ပင်မစစ်ကြောင်းက ၂၇–၁–၂၀၁၅ နေ့မှာ တောင်သာတောင်ကြားမှာ တားဆီးခံရပြီး အခြေအနေတွေ တင်းမာခဲ့ပါတယ်။ တောင်သာ–ဒီပဲယင်း လူမိုက်ကြီးရဲ့တပည့် သားသတ်သမားတစ်ယောက်က ဦးဆောင်ပြီး ဒီပဲယင်းပုံစံ ဖန်တီးပြတာကို တွေ့ရပါတယ်။

ပညာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များရောက်လာပြီး ကျောင်းသားခေါင်းဆောင်များနဲ့ ဆွေးနွေးရာမှ ပြေလည်မှုရရှိပြီး ဆက်လက်ချီတက်နိုင်ခဲ့ပါတယ်။

ပညာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းချက်အရ ကျောင်းသားကိုယ်စားလှယ်များနှင့် သမ္မတရုံးဝန်ကြီးဦးအောင်မင်း၊ ပညာရေးဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီတို့ဟာ ၂၈–၁–၂၀၁၅ နေ့ နံနက် (၉း၀၀)နာရီမှာ နေပြည်တော်မှာ တွေ့ဆုံညှိနှိုင်းကြမည်ဖြစ်ကြောင်း ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ သတင်းထုတ်ပြန်ပါတယ်။ ကျောင်းသား ကိုယ်စားလှယ်အဖြစ် ကိုနန္ဒစစ်အောင်နဲ့ ကိုအောင်မှိုင်းဆန်းတို့က နေပြည်တော်ကို သွားရောက်မှာဖြစ်ပါတယ်။

၂၈–၁–၂၀၁၅ နေ့မှာ သမ္မတရုံးဝန်ကြီး ဦးအောင်မင်းဟာ ကျောင်းသားကိုယ်စားလှယ်နှစ်ဦးနှင့် အကြိုဆွေးနွေးပွဲ ပြုလုပ်၍ အစိုးရ–လွှတ်တော် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး၊ နိုင်ငံလုံးဆိုင်ရာ ကွန်ယက် (NNER) နှင့် ကျောင်းသားများ ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှုကော်မတီ (ACDE) တို့နှင့် လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရန် သဘောတူ လာခဲ့သည်။

၁–၂–၂၀၁၅ နေ့တွင် ရန်ကုန်မြို့၌ လေးပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပပြီး ကျောင်းသားများ တောင်းဆိုသော မူဘောင်(၁၁)ချက်ကို ဆွေးနွေးရာ အချက်(၈)ချက်ကို သဘောတူညီချက်ရရှိပြီး ၃–၂–၂၀၁၅ နေ့မှာ ဆက်လက်ဆွေးနွေးရန် သဘောတူညီခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၃–၂–၂၀၁၅ နေ့မှာတော့ အစိုးရက လေးပွင့်ဆိုင်ဆွေးနွေးပွဲကို ၁၂–၂–၂၀၁၅ မှာ တွေ့ဆုံဖို့ ရွှေ့ဆိုင်းလိုက်ပါတယ်လို့ ပြောကြားပါတယ်။

၁၂–၂–၂၀၁၅ နေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည်က နေပြည်တော်မှာ ကျောင်းသားကိုယ်စားလှယ်များနဲ့ ဆွေးနွေးပွဲပြုလုပ်ပါတယ်။

၁၄–၂–၂၀၁၅ နေ့မှာ အစိုးရက ကျောင်းသားများတောင်းဆိုချက် (၁၁) ချက်နှင့် ပေါင်းစပ်ထားသည့် သဘောတူညီချက်ကို ရရှိခဲ့ပါတယ်။ မြေလတ်–မုံရွာစစ်ကြောင်း၊ ထားဝယ်–မော်လမြိုင်စစ်ကြောင်းနဲ့ ရောဝတီစစ်ကြောင်းတို့ သပိတ်များကို ရပ်နားခဲ့ကြပါတယ်။

၁၆–၂–၂၀၁၅ နေ့မှာ လေးပွင့်ဆိုင်ဆွေးနွေးပွဲမှ သဘောတူညီချက် ရရှိခဲ့သော ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသည်။

၁၉–၂–၂၀၁၅ နေ့တွင် ကျောင်းသားလှုပ်ရှားမှု ပင်မစစ်ကြောင်းသည် လက်ပံတန်းသို့ ရောက်ရှိသွားပြီး လွှတ်တော်သို့ တင်သွင်းထားတာကို စောင့်ကြည့်ဖို့ လက်ပံတန်းမှာ ရပ်နားထားသည်။

၂၂–၂–၂၀၁၅ နေ့မှာ ကျောင်းသားခေါင်းဆောင်များနှင့် (NNER) တို့က အစိုးရသည် ၁၄–၂–၂၀၁၅ နေ့က လေးပွင့်ဆိုင် သဘောတူညီချက်များကို ပညာရေးဝန်ကြီးဌာနမှ ထိခိုက်စေသည့်စာများ ဖြန့်ဝေနေသည်ဟု ပြောဆိုသွားတာ တွေ့ရပါတယ် သမီးလေးရယ်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ရန် လွှတ်တော်တွင် ဆွေးနွေးနေပြီဖြစ်သည့်အတွက် ဆန္ဒပြပွဲများကို ရပ်ဆိုင်းရန် ၂၈–၂–၂၀၁၅ နေ့က ပြည်ထဲရေးဝန်ကြီးက သတိပေးစာထုတ်ပြန်ပြီး ဆက်လက်ဆန္ဒပြပါက အရေးယူမည်ဟု သတိပေးသည်။

လက်ပံတန်းတွင် ရောက်ရှိနေသော ပင်မစစ်ကြောင်းက ဆန္ဒပြပွဲချီတက်ပွဲ ဆက်လုပ်မည်ဟု ၃–၃–၂၀၁၅ နေ့မှာ ကြေညာချက် ထုတ်ပြန်ပါတယ်။ အဲဒီနေ့မှာပဲ ပင်မစစ်ကြောင်း ထဲမှာ ပါလာတဲ့ မန္တလေးက တက္ကသိုလ်ကျောင်းသူလေး အိသဥ္ဇာမောင်နဲ့အဖွဲ့ဟာ တိတ်တဆိတ် ထွက်ခွာပြီး လက်ပံတန်းဈေးရှေ့မှာ ဆန္ဒပြကြွေးကြော်နေစဉ် ရဲများရောက်ရှိလာကာ အိသဥ္ဇာမောင်နဲ့အဖွဲ့ကို အတင်းအဓမ္မဝင်ရောက်ဖမ်းဆီးပြီး ရဲစခန်းကို ခေါ်သွားကြပါတယ်။ ပင်မသပိတ်စစ်ကြောင်းမှ တာဝန်ရှိသူတွေလိုက်သွားပြီး ဆွေးနွေးပြောဆိုတော့မှ ညနေပိုင်းမှာ ပြန်လွှတ်ပေးပါတယ်။

အိသဥ္ဇာမောင်ရဲ့ ရဲရင့်တဲ့လုပ်ရပ်ဟာ ချီးကျူးစရာပါပဲ သမီးလေးရေ။ ရန်ကုန်

www.burmeseclassic.com




တိုင်းက ကျောင်းသားခေါင်းဆောင် မဖြိုးဖြိုးအောင်ရယ်၊ ရာဝတီတိုင်းက (အကသ) ကျောင်းသူလေး မချောစုစ်ရယ်၊ ရတနာပုံတက္ကသိုလ်က မအိသဉ္ဇာမောင်တို့ဟာ အနာဂတ်ရဲ့ နိုင်ငံရေးခေါင်းဆောင်တွေပါပဲ။

၅-၃-၂၀၁၅ နေ့မှာ ၈၈ မျိုးဆက် (ငြိမ်း/ပွင့်)တွေရယ် ဗကသအဖွဲ့ချုပ် ဦးဆောင်ပြီး မြို့တော်ခန်းမရှေ့မှာ ဆန္ဒပြပွဲတစ်ခု ပြုလုပ်ပါတယ်။ အဲဒီမှာ တာဝန်ဆိုတဲ့ လက်ပတ်နီ အုပ်စုတစ်စုကို မြို့တော်ခန်းမထဲမှာထားပြီး ဆန္ဒပြနေတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ မြို့တော်ခန်းမရှေ့မှာ ရင်ဆိုင်စေပြီး လက်ပတ်နီပတ်ထားသူတွေဟာ ကျောင်းသူ၊ ကျောင်းသားတွေကို အတင်းအဓမ္မ ဝင်ရောက်ဖမ်းဆီးတာတွေ ပြုလုပ်ပါတယ်။ လက်ပတ်နီပတ်ထားသူက လက်နှစ်ဖက်မှာ တက်တူးရုပ်တွေ ထိုးထားပြီး စွပ်ကျယ်လက်ပြတ် ဝတ်လို့ ဆန္ဒပြကျောင်းသူရဲ့ လည်ပင်းကို ညှစ်ပြီး ဖမ်းဆီးနေတဲ့ဓာတ်ပုံဟာ ကမ္ဘာကို ကျော်သွားစေခဲ့ပီး (လက်ပတ်နီတွေရဲ့ဘဝလည်း ခွေးလုံးလုံးဖြစ်ခဲ့ရပါတယ်) အဲဒီမှာ နီလာသိန်းနဲ့ နုနုအောင် (၈၈ မျိုးဆက် (ငြိမ်း/ပွင့်)တို့က ပါဝင်ပါတယ်။

အမျိုးသား (၅)ဦးနဲ့ အမျိုးသမီး (၃)ဦး ဖမ်းဆီးခြင်းခံရပါတယ်။ ရှေ့တော်ပိုင်းတွင်

www.burmeseclassic.com



ပြန်လွှတ်ပေးခဲ့ပြီး ပုဒ်မ (၁၈)နဲ့ တရားစွဲဆိုခြင်း ခံရပါတယ်။

မတ်လ ၁၀ ရက်နေ့မှာတော့ လက်ပံတန်းမှာ စခန်းချနေတဲ့ ကျောင်းသားသပိတ် ပင်မစစ်ကြောင်းကို ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းပြီး ရိုက်နှက်ဖမ်းဆီးခဲ့ပါတယ်။ ကျောင်းသားသပိတ်နဲ့ပါလာတဲ့ ယာဉ်တွေကိုလည်း ဖျက်ဆီးကြပါတယ်။ ဘုန်းတော်ကြီး ကျောင်းတွေမှာ ဝင်ရောက်ခိုလှုံနေတဲ့ ကျောင်းသူကျောင်းသားတွေကို ဝင်ရောက် ဖမ်းဆီးခဲ့ကြပါတယ်။

လက်ပံတန်းသပိတ်ဖြိုခွဲမှုမှာ လုံချည်ကျွတ်ပြီးပြေးနေတဲ့ ကျောင်းသား လူငယ်တစ်ယောက်ကို ရဲတွေ ၁၀ ယောက်လောက်ကျော်က ဝိုင်းပြီးရိုက်နေတဲ့ ဓာတ်ပုံလေးတစ်ပုံဟာ ကမ္ဘာကိုကျော်စေခဲ့ပါတယ်။ အဲဒီလူငယ်လေးက အသက် (၁၆) နှစ်တောင် မပြည့်သေးပါဘူး။ ၁၀ တန်းစာမေးပွဲတောင် မဖြေလိုက်ရပါဘူး။ စစ်ကိုင်းတိုင်း က ကျောင်းသားလေး တစ်ယောက်ပါ။ အောင်မင်းခိုင်လို့ ခေါ်ပါတယ်။ (၁၂-၅-၂၀၁၅ မှာ အာမခံနဲ့ ပြန်လွှတ်လာပါတယ်။)

၁၂-၃-၂၀၁၅ နေ့မှာ သက်ဆိုင်ရာက ဖမ်းဆီးထားတဲ့ ပညာသင်ကြားနေဆဲ ကျောင်းသားများကို မိဘများထံ ပြန်လည်အပ်နှံမည်လို့ ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပြီးနောက် ကျောင်းသားကျောင်းသူ (၂၇)ဦးကို လွှတ်ပေးခဲ့ပါတယ်။

၁၃-၃-၂၀၁၅ နေ့မှာတော့ ပင်မသပိတ်စစ်ကြောင်းနဲ့ ကွဲကွာပြီး ရန်ကုန်ကို ရောက်နေတဲ့ ကျောင်းသားသမဂ္ဂဝင် (၄)ဦးကို အလုံမြို့နယ်အတွင်းမှာ ဧည့်စာရင်းစစ်မည် ဆိုပြီးပြောဆိုကာ ဖမ်းဆီးခဲ့ပါတယ်။ မဟာန်နီဦး ပါဝင်ပါတယ်။

လက်ပံတန်းဖြစ်စဉ်မှာ ဖမ်းဆီးခံရသူ (၁၂၇)ဦးအနက် ပြန်လွှတ်ပေးခဲ့သူများမှာ သတင်းထောက်(၂)ဦးနှင့် ကျောင်းတက်နေသော ကျောင်းသားကျောင်းသူ (၂၇)ဦး အပါအဝင် (၂၉)ဦးကို ပြန်လွှတ်ပေးခဲ့ပါတယ်။

ယနေ့အချိန်ထိ ကျောင်းသားနှင့် ဝန်းရံသူ (၅၂)ဦး၊ ကျောင်းသူ (၆)ဦးတို့ ဖြစ်ပါတယ်။ ကျောင်းသူ (၆)ဦးကတော့ မခိုင်မာငြိမ်း၊ မဖြူဖြူခိုင်၊ မမွန်ရည်ကျော်၊ မဟာန်နီဦး၊ မအိသဥ္စာမောင်၊ မဖြိုးဖြိုးအောင်တို့ ဖြစ်ကြပါတယ်။

၁၀-၃-၂၀၁၅ နေ့က လှည်းတန်းမှာ ဆန္ဒပြပွဲဖြစ်ပွားရာမှာ ပါဝင်ခဲ့တဲ့ တောင်ပိုင်းခရိုင် ဗကသဥက္ကဋ္ဌကျောင်းသူလေး မပိုပိုကိုတော့ သန်လျင်မြို့နေအိမ်မှာ သွားရောက်ဖမ်းဆီးပြီး အာမခံဖြင့် အမှုကို ရင်ဆိုင်နေရပါတယ်။

ရောဝတီကျောင်းသားသပိတ်စစ်ကြောင်းမှာ ပါဝင်ခဲ့တဲ့ ၁၀ တန်းကျောင်းသူလေး

www.burmeseclassic.com

www.burmeseclassic.com



မချောစုစံဟာ သပိတ်စစ်ကြောင်းထဲမှာ ညဘက်ဆို စာကျက်လေ့ရှိတာကြောင့် ယခုနှစ် ၁၀ တန်းစာမေးပွဲကိုလည်း အောင်မြင်ခဲ့တာဟာ ဂုဏ်ယူစရာပါပဲ။

ဒါပေမဲ့ မချောစုစံလေးရဲ့ နောက်ဆက်တွဲဖြစ်ရပ်က ဝမ်းနည်းစရာပါ။ ရောဝတီတိုင်း ပုသိမ်မြို့နယ် အမှတ်(၁)နယ်မြေ ဆင်းကေရီရပ်ကွက်တွင် အိမ်ငှား နေထိုင်သော အိမ်ငှားနေအိမ်သို့ ၆-၉-၂၀၁၅ နေ့ ညပိုင်းတွင် အိမ်ရှင်က ရောက်ရှိလာပြီး "ဖိအားပေးမှုများ ရှိနေခြင်းကြောင့်" ဆက်လက်မငှားရမ်းလိုကြောင်း လာရောက် ပြောဆိုခဲ့ပါတယ်။ အိမ်ရှင်က "သူကတော့ ငှားချင်ပါတယ်။ ဒါပေမဲ့ အထက်က ဖိအားပေးတဲ့အတွက် သက်ဆိုင်ရာ တစ်ယောက်ယောက် အာဏာပိုင်တစ်ဦးဦးက အိမ်ရှင်ကို ဆက်မငှားဖို့ ပြောထားလို့ပါ။ ဘယ်သူက ဖိအားပေးတာလဲဆိုတာ မပြောဘူး" လို့ မချောစုစံက မြန်မာသံတော်ဆင့် သတင်းဌာနသို့ ပြောဆိုတာကို ဖတ်ရှုရပါတယ်။ အိမ်ငှားထားမှုသက်တမ်းဟာ ၂၀၁၅ ဒီဇင်ဘာလဆို ပြည့်ပြီး အိမ်ငှားနေတာ (၇)နှစ် တောင်ရှိနေပါပြီ။ အိမ်ရှင်နဲ့လည်း ပြဿနာတစ်စုံတစ်ရာမဖြစ်ခဲ့ပါ။ ယခုကဲ့သို့ အာဏာပိုင်များမှ ဖိအားပေးခြင်းကြောင့် ဆက်လက် မငှားရမ်းလိုတော့ကြောင်း အိမ်ရှင် ဘက်မှ ပြောဆိုလာခြင်းဖြစ်ပါတယ်"လို့ မချောစုစံမှ ၂၈-၉-၂၀၁၅ နေ့မှာ မြန်မာ သံတော်ဆင့်သို့ ပြောဆိုပါတယ်။

ထိုကဲ့သို့ ကျောင်းသားများအပေါ် ဖိအားပေး မတရားခြိမ်းခြောက်တာကို ဗမာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် ဗကသနှင့် အခြေခံပညာကျောင်းသား သမဂ္ဂ (အကသ) က ၂၅-၉-၂၀၁၅ နေ့မှာ ပူးတွဲသတိပေးစာ ထုတ်ပြန်ပါတယ်။

ဖောင်တိန်၊ ဘောလ်ပင်နှင့် စာအုပ်လေးပဲကိုင်နေတဲ့ ၁၀ တန်းအောင် ကျောင်းသူလေး မချောစုစံကို ဘယ်လောက်တောင် ကြောက်ကြသလဲဆိုတာ ဖိအားပေးခြိမ်းခြောက် မှုက သက်သေပါပဲ။

သာယာဝတီထောင်မှာ ကျောင်းသူကျောင်းသားနှင့် ဝန်းရံသူတွေကို ဖမ်းဆီး ထားတာ (၈)လကျော်ရှိနေပါပြီ။ အပတ်စဉ်လည်း ရုံးထုတ်ရက်ရှိနေပါတယ်။ မဖြိုးဖြိုးအောင် နဲ့ အိသဉ္ဇာမောင်တို့ဟာ သနပ်ခါး မိတ်ကပ် နှုတ်ခမ်းနီအဖွေးသားနဲ့ ရုံးချိန်းတိုင်းမှာ အပြုံးမပျက် တွေ့နေရတာတွေက ချီးကျူးစရာ ဂုဏ်ယူစရာ သမီးလေးတွေပါ။

ဒါကြောင့် ဘဘက သမီးလေးကို မာလာလာဖြိုးဖြိုးအောင်၊ မာလာလာ ချောစုစံ၊ မာလာလာ အိသဉ္ဇာမောင်တို့အကြောင်းကို ပြောပြရခြင်းဖြစ်ပါတယ်။ မလုံလောက် သေးပါဘူးသမီးရယ်။ တခြား မာလာလာလေးတွေလည်း ရှိနေပါသေးတယ်။ သာယာဝတီ ထောင်ထဲက မာလာလာဟန်နီဦး၊ မာလာလာခိုင်မာငြိမ်း၊ မာလာလာဖြူဖြူနိုင်၊

www.burmeseclassic.com

www.burmeseclassic.com



မာလာလာမွန်ရည်ကျော် နဲ့ အာမခံတဲ့ အမွေရင်ဆိုင်နေရတဲ့ မာလာလာပိုပိုတို့ဟာ ကျောင်းသားသမဂ္ဂရဲ့ စတုတ္ထမျိုးဆက် တွေပါပဲ။

ပြန်လည်လွတ်မြောက်သွားတဲ့ မာလာလာလေးတွေကိုလည်း ဂုဏ်ပြုပါတယ်။ မရည်မိုမိုအောင် (ခ)ရည်မွန်၊ မသက်ထားစံ၊ မတင့်တင့်နိုင်၊ မခိုင်ဇင်လတ်၊ မအေးအေးဟန်၊ မသစ္စာအေးမြတ်မွန်၊ အိဖြူဖြူထွန်း၊ မအောင်မေလွင်ဟာလည်း မာလာလာလေးတွေပါပဲလို့ ပြန်ကြားပါရစေ။ သူတို့အားလုံးရဲ့ အစ်ကိုတွေဖြစ်တဲ့ ကျော်ကိုကို၊ မင်းသွေးသစ်၊ နန္ဒာစစ်အောင်၊ ရှိန်းရာဇာထွန်း၊ လင်းထက်နိုင်၊ အောင်နေပိုင်တို့ဆိုတဲ့ (ဗကသ) ကျောင်းသားများအားလုံး ကို လေးစားဂုဏ်ပြုအပ်ပါသည်လို့ ပြောပါရစေသမီးလေးရယ်။ သမီးလေးတို့က ပဥ္စမ မျိုးဆက်နော်။

မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ နိုင်ငံရေးအလှည့်အပြောင်းဟာ ကျောင်းသားတွေ ကပဲ စခဲ့ကြတာချည်းပါပဲ။ ကျောင်းသားတွေက အရင်ဆုံး ရှေ့ကနေထွက်ခဲ့ကြတာပါ။ ဒါကြောင့်လည်း အလဲဗင်းမီဒီယာက စီအီးအို ဒေါက်တာ သန်းထွဋ်အောင်က

"အသက်ဘယ်အရွယ်ရောက်နေနေ ကျောင်းသားစိတ်ဓာတ်က အမြဲတမ်းရှိနေမှာ ပဲလို့" ပြောဆိုခဲ့တာဟာ အမှန်တရားပါ သမီးလေးလို့ ပြောရင်းနဲ့ ...

■

www.burmeseclassic.com

www.burmeseclassic.com

## ဖမ်းချုပ်ခံနေရပြီဆိုတာကို သိပေမယ့်၊ ဒေါ်အောင်ဆန်းစုကြည်ကို ခင်ဗျားတို့ ဖမ်းလို့ရတယ် ထင်ပေမဲ့ ခံထားရသူ

ကျွန်ုပ်အစ်မက သူ့ဖေဖေကို သိပ်ချစ်တာဗျ။ ချစ်ဆို ဖအေ့သွေးက အပြည့်ပါတာလေ။ ဖအေ့အတိုင်းပဲ တိုင်းပြည်နဲ့ လူမျိုးအပေါ်မှာ အင်မတန် သံယောဇဉ် သိပ်ကြီးတာ။ တိုင်းပြည်နှင့်လူမျိုးအတွက် အလုပ်အကျွေးပြုဖို့ပဲ ခေါင်းထဲမှာထားတာ။ အခုပဲ ကြည့်လေ တိုင်းပြည်တိုးတက်ဖို့၊ တိုင်းပြည်ကောင်းစားဖို့ စစ်ကျွန်ဘဝကလွတ်မြောက်ဖို့ လုပ်လိုက်တဲ့အလုပ်က နေ့မအားညမအား ပင်ပန်းလိုက်တာဗျာ။ သူ့ဖေဖေခေတ်ကအတိုင်း နယ်ထွက်စည်းရုံးရေးဆင်းနေတာ ခဏခဏ၊ မိန့်ခွန်းတွေ ပြောနေရတာ ခဏခဏ၊ တိုင်းပြည်ရဲ့ခေါင်းဆောင်အရည်အချင်းတွေပါလာလို့သာ လုပ်နိုင်တာလေ။

အတိုက်အခံခေါင်းဆောင်အဆင့်သာ ရှိသေးပေမဲ့ ကမ္ဘာ့ခေါင်းဆောင်တွေ သတ်မှတ်ထားတာက ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံရဲ့ ခေါင်းဆောင် သူ့ကိုသာ အသိအမှတ်ပြုရမည်။ သူကသာ အဓိကဆိုပြီး နိုင်ငံခြားတိုင်းပြည်တွေ သွားလိုက်တာနဲ့ ဘုရင်၊ သမ္မတ၊ ဝန်ကြီးချုပ်၊ ဘုရင်ခံ၊ လွှတ်တော်ခေါင်းဆောင်၊ လွှတ်တော်ဥက္ကဋ္ဌတွေကပဲ ကြိုဆိုညှိခံတွေ့ဆုံဆွေးနွေးရတဲ့ အဆင့် (ဒါတောင် သမ္မတဖြစ်သေးတာမဟုတ်ဘူးနော်) သမ္မတဖြစ်လို့ကတော့။

ဒါကြောင့်နေမှာပေါ့ဗျာ ညောင်နှစ်ပင်လိမ်စာတမ်းမှာ သူမပါစေဖို့ သူမပါနိုင်မဲ့ စာသားတွေထည့်ဖို့ ဇာတ်တိုက်ကျတာလေ။ စာသားထည့်တဲ့လူတွေ စာတမ်းပြုစုတဲ့သူတွေဆို သီရိသုဓမ္မသီဂီတို့၊ သုဓမ္မသီဂီတို့ ဆိုတဲ့ ဘွဲ့ထူးတွေနဲ့ ချီးမြှောက်ခဲ့ကြတာ ခင်ဗျားတို့လည်းသိကြမှာပါ။ ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ထဲရောက်အောင် ဥပဒေမျိုးစုံထုတ်ခဲ့ကြတာလည်း သူတို့ပါပဲ။ ဒါကြောင့် ဘွဲ့ထူးဂုဏ်ထူးတွေ ရခဲ့တာပေါ့ (ဟိုတလောက ကြားလိုက်ကြတယ်မို့လား ဘာသာရေးစာမေးပွဲမေးခွန်းတွေ ရောင်းစားကြတဲ့သတင်း၊ ရာထူးတွေ ပြုတ်သွားကြတဲ့ သတင်း။ ဘွဲ့ထူးဂုဏ်ထူးတစ်ခုလို့ သိန်းရာချီ

www.burmeseclassic.com



ပေးရတဲ့သတင်း။ ဘာသာ၊ သာသနာ ဖျက်တဲ့သူတွေသတင်းလေ)

ပြည်တွင်းက ဂုဏ်ထူးတွေတွင် ပိုက်ဆံပေးပြီး ဝယ်တာ အားမရနိုင်တဲ့အပြင် ပြည်ပက ဒေါက်တာဘွဲ့ကိုတောင် ပိုက်ဆံပေးပြီး ဝယ်တဲ့သူတွေ ရှိတယ်ဗျ။ ၁၉၉၆ လောက်က ထင်တယ်။ အမေရိကန်နိုင်ငံက ဒေါက်တာဘွဲ့ကို ပိုက်ဆံပေးပြီးဝယ်တာ ရောင်းလိုက်တဲ့ သူတွေက ကျုပ်တို့ (၉၄)အိမ်မှာ လာပြောပြလို့ ကျုပ်တို့မှာ ရယ်လိုက်ရတာ အမောပါပဲ။ ဒါပေမဲ့ ခပ်တည်တည်ပဲဗျ။ နာမည်ရှေ့မှာ ဒေါက်တာဘွဲ့ကြီးတပ်ပြီး ခေါ်ခေါ်ခိုင်းတာ (မရှက်ဘူးလားမသိ)။

စာတမ်းပြုစုပြီးမှ အောင်လို့ ပီအိတ်ချ်ဒီ ဒေါက်တာဘွဲ့ ချီးမြှင့်ခံရမှ ဒေါက်တာဘွဲ့ တပ်ခေါ်ရမှာလေ ဒေါ်အောင်ဆန်းစုကြည်ဆို ဘယ်နှယ့်လုပ်မလဲ နိုင်ငံတကာက ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့တွေ ချီးမြှင့်ခံရတာ နည်းမှမနည်းပဲဗျာ။ ဒေါ်စုက သူ့ကို ဒေါက်တာဘွဲ့တပ်ပြီးမခေါ်ပါနဲ့လို့ မေတ္တာရပ်ခံရတဲ့အထိ ဟုတ်တယ်လေ ကျုပ်အစ်မရတဲ့ ဒေါက်တာဘွဲ့တွေက ဂုဏ်ထူးဆောင်ရတဲ့ ဒေါက်တာဘွဲ့တွေပါ။ စာတမ်းပြုစုပြီးအောင်လို့ပေးတဲ့ ဒေါက်တာဘွဲ့မှ မဟုတ်တာ။ ပညာတတ်ဆိုတော်လည်း နားလည်တာပေါ့ဗျာ။ ခက်တာက ပညာမတတ်တဲ့သူတွေ အာပေါက်အောင်ပြောလည်း သင်လို့ကမရ။ ဒါတွေနဲ့ပဲ လက်တွဲပြီးလုပ်ကြရဦးမှာပဲ။

ကျုပ်အစ်မလည်း ပါလီမန်ထဲမှာပဲ အချိန်ကုန်နေရတာ အမော။ တစ်နှစ်ကို (၈)လလောက်က ပါလီမန်တက်နေရမယ်ဆိုတော့ ဟိုတယ်တည်းခိုခ၊ စားစရိတ်နဲ့တင် မွဲသွားနိုင်တယ်။ သူဌေးအမတ်မင်းတွေကတော့ ဟိုတယ်မှာ စရိတ်ငြိမ်းတည်းခိုနိုင်တာပေါ့ဗျာ။ ကျုပ်အစ်မကတော့ စဉ်းစားရပြီ။ တစ်ထပ်တိုက်လေးနှစ်လုံး (နှင်းဆီနဲ့ စပယ်) ပါတဲ့ ခြံလေးတစ်ခြံငှားပြီး ပါလီမန်တက်ရပါတယ်။ ကျုပ်အစ်မက အချိန်ကုန်ခံပြီး လုပ်ရတဲ့အလုပ်မျိုး လုပ်ချင်တဲ့သူ မဟုတ်ဘူးဗျ။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲဗျာ။

ကျုပ်အစ်မ နေအိမ်အကျယ်ချုပ်က ပြန်လွတ်လာတော့ နိုင်ငံရေးသမားက နိုင်ငံရေးပဲ ပြန်လုပ်မှာပဲလေ။ ဘယ်သူတားတား ရတာမှမဟုတ်တဲ့အရာဟာ နိုင်ငံရေးသမားဘဝပဲဗျ။ နိုင်ငံရေးမလုပ်နိုင်အောင် ထောင်ဘယ်လောက်ချချ၊ ဘယ်လောက်ပဲ ညှဉ်းပန်းနှိပ်စက်မှုတွေလုပ်လုပ် နိုင်ငံရေးသမားက နိုင်ငံရေးလုပ်သွားမှာပဲ။ နိုင်ငံတကာမှာလည်း ဒီအတိုင်းပဲလေ။ အာဏာရှင်ဆိုတာက နိုင်ငံရေးသမားမဟုတ်ဘူးနော်။ အာဏာရဖို့ နည်းမျိုးစုံနဲ့ဖန်တီးနေတဲ့သူ နိုင်ငံရေးသမားလို့ ခေါ်လို့မရပါဘူး။ နိုင်ငံရေးသမားမှန်ရင် ထောင်ကျဖူးရပါမယ်။ စာဆိုတောင် ရှိပါတယ်။ "အမေကမွေး ထောင်ကကျွေး" "သခင်ပေါက်စ ထောင်ခြောက်လ"ဆိုတာလေ။

ဟိုတစ်ခါက ရွေးကောက်ပွဲတစ်ခုမှာ ပါတီတစ်ခုက ခေါင်းဆောင် ဒီပဲယင်း

www.burmeseclassic.com

www.burmeseclassic.com



လူကြမ်းမင်းသားကြီးက ဘာပြောသလဲဆိုတော့ ''အခု ဒီမြို့နယ်မှာ ရွေးကောက်ခံမယ့် ကျုပ်တို့အမတ်မင်းဟာ ထောင်ကျဖူးတဲ့သူ မဟုတ်ဘူး။ သန့်ရှင်းတဲ့လူဗျ''ဆိုပြီး တစ်ဖက်ပါတီက ထောင်ကျဖူးတဲ့သူတွေလိုမဟုတ်ဘူးဆိုပြီး ခနဲ့သွားတာ ကြားရတော့ ကျုပ်ဖြင့် ရယ်လိုက်ရတာ အမော။ ဟုတ်မှာပေါ့လေ။ သူတို့က မနေ့တစ်နေ့ကမှ နိုင်ငံရေးပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်တာဆိုတော့လည်း နိုင်ငံရေးဝါက နုသေးတယ်လေ။ NLD နိုင်ငံရေးပါတီက နိုင်ငံရေးလုပ်လာတာ (၂၅)နှစ်ကျော် ရှိပြီးဖြစ်တဲ့ အသိအမှတ်ပြု ထားရတာဆိုတော့ အဲဒီလို တိုက်ခိုက်ပြောဆိုခံရတာတွေ ရှိတာပေါ့လေ။

ကျုပ်အစ်မက နိုင်ငံရေးပြန်လုပ်တော့ သူ့အဖွဲ့အစည်း တည်ထောင်ခဲ့တဲ့ အဖွဲ့ချုပ်ကို ရွေးကောက်ပွဲ ကော်မရှင်မှာ မှတ်ပုံပြန်တင်တာပေါ့ဗျာ။ သူ တည်ထောင်ခဲ့တာဆိုပေမဲ့ နှစ်ယောက် တည်ထောင်တာဗျ။ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးသူရဦးတင်ဦးရယ် ဒေါ်အောင်ဆန်းစုကြည်ရယ်ပေါ့။ ပါတီလို့ မသုံးနှုန်းဘူး။ League ဆိုတဲ့ စကားလုံး သုံးနှုန်းတယ်။ ဒီစကားလုံးမျိုး သုံးနှုန်းပြီး နိုင်ငံရေးပါတီ တည်ထောင်တာ ကျုပ် မှတ်မိသမျှ သုံးယောက်ပဲရှိတယ်ထင်တယ်။ ကမ္ဘာပေါ်မှာ တခြားနိုင်ငံတွေမှာလည်း ရှိမှာပါ။ ကျုပ်က ကျုပ်မှတ်မိတာ ပြောပြတာနော်။ ပါကစ္စတန် နိုင်ငံရဲ့ ဖခင်ကြီး မိုဟာမက်အလီဂျင်းနားရဲ့ မွတ်စလင်လိဂ် ဆိုတဲ့ နိုင်ငံရေးအဖွဲ့ချုပ်ကြီးရယ်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဖခင်ကြီးဖြစ်တဲ့ ရှိတ်မူဂျီ ဘူရာမန်တည်ထောင်တဲ့ အဝါမီလိဂ် အဖွဲ့ချုပ်ရယ်၊ မြန်မာပြည်က NLD ရယ်ဆိုပြီး ကျုပ်က မှတ်တမ်းတင်ထားပါတယ်။ (ဥရောပမှာတော့ လိဂ်ဘောလုံးပွဲတွေ ခင်ဗျားတို့ သိကြမှာပါ) League ဆိုတဲ့ စကားလုံး သုံးနှုန်းတာကို ပြောတာပါ။ (အဲဒါ ကျုပ်အစ်မ ရွေးချယ်တဲ့ စကားလုံးဗျ)

မှတ်ပုံတင်ပြီးသားက ဘာကြောင့် မှတ်ပုံပြန်တင်ရသလဲဆိုတာက ဒီလိုဗျ။ ၂၀၀၉ ခုနှစ်မှာ န. အ. ဖ စစ်အစိုးရက ၂၀၁၀ မှာ ရွေးကောက်ပွဲတွေ လုပ်မယ်လို့ ကြေညာပါတယ်။ ၁၉၉၀ ခုနှစ်တည်းက တည်ရှိခဲ့တဲ့ နိုင်ငံရေးပါတီတွေဟာ မှတ်ပုံတင်ပြီး အသိအမှတ်ပြုပြီးသားပါ။ မှတ်ပုံပြန်တင်စရာ မလိုပါဘူး။ ပါတီအသစ်ဆိုရင်သာ မှတ်ပုံပြန်တင်ရမှာပါ။ ဒါပေမဲ့ သူတို့က အဲသလိုမဟုတ်ဘူး။ ပါတီမှန်သမျှ မှတ်ပုံပြန်တင်ရမယ်။ ပြီးတော့ စည်းကမ်းသတ်မှတ်ချက်တွေလည်း ပါလာတယ်ဗျ။ အကျဉ်းကျခံနေရသူတွေ၊ ထောင်ကျနေတဲ့သူတွေ နိုင်ငံရေးပါတီမှာ မပါစေရ။ မရှိစေရဆိုတဲ့ စည်းကမ်းသတ်မှတ်ချက်တွေ ပါလာတော့ နိုင်ငံရေးပါတီတွေကို ကန့်သတ်တာ၊ ချုပ်ချယ်တာပဲဗျ။ ပြည်သူတွေက ဘာအစိုးရလဲဟ၊ ဘာကော်မရှင်လဲဟဆိုပြီး ပြောဆိုဝေဖန်သံတွေ ထွက်လာကြရော။ ခင်ဗျားတို့ စဉ်းစားကြည့်လေ။ လက်ရှိ တည်ရှိနေတဲ့ ဒီမိုကရေစီရရှိရေး ဆောင်ရွက်နေတဲ့ ပါတီခေါင်းဆောင်မှန်သမျှ အကျဉ်းချထား၊ ထောင်ချထားတာနော်။ ရှိပြီးသား နိုင်ငံရေးပါတီတွေကို မရပ်တည်နိုင်အောင်လုပ်ရဲ့ စည်းကမ်း

www.burmeseclassic.com



ချက်ဗျ။ မြန်မာနိုင်ငံ နိုင်ငံရေးပါတီတွေထဲမှာ ကျူပ်အစ်မရဲ့ နိုင်ငံရေးပါတီက အဓိက နိုင်ငံရေးပါတီကြီးဗျ။ ကမ္ဘာကတောင် အသိအမှတ်ပြုထားတဲ့ အဓိကအတိုက်အခံပါတီ ကြီးဖြစ်နေတော့ စဉ်းစားရပြီလေ။ ပါတီခေါင်းဆောင်ဖြစ်တဲ့ ကျူပ်အစ်မ ဒေါ်အောင်ဆန်း စုကြည်က ပုဒ်မ ၁၀(ခ)နဲ့ နေအိမ်အကျယ်ချုပ် တစ်နှစ်နဲ့ (၆)လ ခံနေရတဲ့ အချိန်ပေါ့။ အချိန်ကိုက်လုပ်တာလားတော့ မသိဘူး။ စဉ်းစားစရာပြောတာပါ။

၂၀၀၃ ခုနှစ်မှာ ကျူပ်အစ်မက တိုင်းနှင့်ပြည်နယ်အလိုက် စည်းရုံးရေးခရီးစဉ်တွေ လုပ်ပါတယ်။ မေလကျတော့ မန္တလေးတိုင်းနှင့်စစ်ကိုင်းတိုင်း စည်းရုံးရေးခရီးစဉ် ထွက်တဲ့ အခါ မန္တလေးတိုင်း၊ မိုးကုတ်ခရီးစဉ်ကစပြီး သက်ဆိုင်ရာတွေက အနှောင့်အယှက်ပေးမယ့် ခရီးတွေ စီမံကြပါတယ်။ သက်နီးဝတ်လူမိုက်တွေအဖွဲ့ရယ်၊ ထောင်တွင်းမှာ ဆိုးသွမ်းမှုနဲ့ ထောင်ကျနေတဲ့ လူမိုက်တွေရယ်၊ အပြင်မှာရှိတဲ့ ဆိုးသွမ်းလူမိုက်တွေကို နေ့စားခပေးပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းခရီးစဉ်တွေမှာ နှောင့်ယှက်ဖို့ စီမံကြပါတယ်။ ဆယ်ဘီးကားကြီးတွေ၊ ဒိုင်နာကားတွေ၊ ဆိုင်ကယ်တွေကို ချောဆွဲခေါ် ယူပြီး စနစ်တကျနဲ့ ရန်းရင်းဆန်ခတ်မှုတွေကို ဖန်တီးပါတယ်။ မိုးကုတ်၊ မန္တလေးလမ်း တလျှောက်မှာ နှောင့်ယှက်မှုမျိုးစုံပြုပြီး မုံရွာ၊ ဒီပဲယင်းလမ်းတစ်လျှောက်ကိုတော့ အဓိက စီမံချက်ပေါ့ဗျာ။နောက်ဆုံး ဒီပဲယင်း၊ ကျီရွာ (ကျည်ရွာ)အနီးမှာ လုပ်ကြံမှုကြီးကို ၂၀၀၃ ခုနှစ်၊ မေလ (၃၀)ရက်နေ့ ည(၇)နာရီအချိန်မှာ စတင်ပါတော့တယ်။ အစ်မနဲ့ ပါလာတဲ့ ကားတန်း၊ ဆိုင်ကယ်တန်းအားလုံးက လူတွေကို စနစ်တကျနဲ့ ဝိုင်းဝန်း တိုက်ခိုက်တဲ့ လူသတ်ပွဲကြီးကို ဖန်တီးကြပါတယ်။ အစ်မရဲ့ ကားနဲ့ပါလာတဲ့ လုံခြုံရေး လူငယ်တွေလည်း ရိုက်နှက်ခံရပြီး ကျန်ခဲ့တဲ့ သူက ကျန်ခဲ့နဲ့ ဖရိုဖရဲ ဖြစ်ကုန်ကြပါတယ်။ အစ်မရဲ့ကားကိုမောင်းတဲ့ မန္တလေးတိုင်းက ကိုကျော်စိုးဝင်းဟာ ကားမောင်းကျွမ်းကျင်စွာ နဲ့ ပိတ်ဆို့တားဆီးထားတဲ့ အရာမှန်သမျှကို ဝင်တိုက်ပြီး မောင်းခဲ့ပေမဲ့ ပိတ်ဆို့ဖမ်းဆီးတဲ့ အဖွဲ့လက်အောက် ကျရောက်သွားပြီး ရေဦးမြို့၊ ရဲစခန်းထဲ ခေါ်သွားပြီး နောက်ဆုံး အင်းစိန်ထောင်ထဲအထိ အစ်မကို ခေါ်ဆောင်သွားခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ လမှာ အစ်မဟာ အာရှတော်ဝင်ဆေးရုံတက်ပြီး ခွဲစိတ်ကုသမှုခံယူရပါတယ်။ အာရှတော်ဝင် ဆေးရုံကဆင်းတာနဲ့ နေအိမ်ခေါ်သွားပြီး နေအိမ်အကျယ်ချုပ် ပြန်လည်ထားရှိပါတယ်။ ၁၀(ခ)နေအိမ်အကျယ်ချုပ်ဟာ ၂၀၀၉ ခုနှစ်၊ မေလ (၂၇)ရက်နေ့မှာ ပြည့်မှာဆိုတော့ ၂၀၁၀ ရွေးကောက်ပွဲလုပ်ရင် ကျူပ်အစ်မ ဝင်ပါလို့မရအောင် တစ်ခုခုတော့ ဖန်တီးရပါမယ်။ ဇာတ်ဆရာကြီးတွေ စီမံတဲ့အတိုင်း ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့မှာ အမေရိကန်နိုင်ငံသား မစ္စတာယက်တောကို ပထမအကြိမ်စမ်းသပ်တဲ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည် ခြံဝင်းထဲကို ဝင်ခိုင်းတဲ့ ဇာတ်လမ်းနဲ့ စပါတယ်။

အမေရိကန်နိုင်ငံသား ကိုယက်တောက (၃၀–၁၁–၂၀၀၈)ခုနှစ်မှာ ပထမဆုံး

www.burmeseclassic.com

www.burmeseclassic.com



အကြိမ် ဒေါ်အောင်ဆန်းစုကြည် ခြံထဲဝင်တာကို ကျုပ်တို့ပြည်သူတွေ (သန်း ၆၀) ဘယ်သူမှ မသိကြဘူးဗျ။ ကျုပ်ဆို နေ့စဉ်နေ့တိုင်း နားရက်မရှိ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခြံတံခါးဝမှာ ရိက္ခာသွားပို့ပေးနေရတဲ့သူတောင် မသိပါဘူး။ လုပ်နည်းလုပ်ဟန်တွေ မဟန်လို့လားမသိဘူး။ မအောင်မြင်ဘူးပေါ့ဗျာ။ နောက်တစ်ခေါက် ဒုတိယအကြိမ် ဝင်ခိုင်းတော့မှ အောင်မြင်တယ်လို့ ယူဆပြီး ပြည်သူတွေ (သန်း ၆၀) သိခွင့်ရခဲ့ကြတာပါပဲ။

ပထမအကြိမ် နိုင်ငံခြားသားတစ်ယောက်ဝင်လာတာကို ကျုပ်အစ်မက ဒေါက်တာတင်မျိုးဝင်းကနေတစ်ဆင့် သက်ဆိုင်ရာကို အကြောင်းကြားခိုင်းခဲ့ပါတယ်။ ( သည်လိုဗျ ) ကျုပ် အစ်မ ၁၀ ( ခ ) နေအိမ်အကျယ်ချုပ်ကျတော့ သက်ဆိုင်ရာနဲ့ နားလည်မှုသဘောတူညီချက်တစ်ခုက နေ့စဉ်ရိက္ခာကိုပို့ပေးခွင့်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို တစ်လတစ်ကြိမ် ကျန်းမာရေးစစ်ဆေးခွင့်ရတာပါပဲ။ လ (၁) လရဲ့ ပထမဆုံး (ကြာသပတေးနေ့)တိုင်း ကျန်းမာရေး စစ်ဆေးဖို့ ဒေါက်တာတင်မျိုးဝင်း ဒေါ်အောင်ဆန်းစုကြည် အိမ်ထဲဝင်ခွင့်ရပါတယ်။ သူနဲ့အတူ အမျိုးသမီးဆရာဝန်တစ်ဦးပါ ပါရပါတယ်။ မပြုံး (ဒေါက်တာပြုံးမိုအိ) ပေါ့ဗှာ။ နေ့လယ် (၁၂)နာရီ (သို့မဟုတ်) (၁)နာရီဆိုရင် ဝင်ခွင့်ရပါတယ်။ သေသေချာချာ ရှာဖွေစစ်ဆေးခြင်း ခံရပါတယ်။ မပြုံးကိုတော့ အမျိုးသမီးရဲမေတွေက ရှာဖွေစစ်ဆေးပါတယ်။ ညနေ (၄)နာရီ (သို့မဟုတ်) (၅)နာရီထိ ဒေါက်တာတင်မျိုးဝင်းတို့က အစ်မနဲ့ ကျန်းမာရေးစစ်ဆေးဖို့ အချိန်ရတာပေါ့။ စကားပြောဆိုချိန်တွေလည်း ရတာပေါ့။ ပြန်ထွက်လာရင်တော့ သေသေချာချာ ရှာဖွေစစ်ဆေးရေး လုပ်တာခံရပါတယ်။ (ဩော် ခြံထဲ မဝင်ရဘဲ ခြံဝမှာ လုံခြုံရေးတွေရှေ့မှာ ရိက္ခာလာပို့တဲ့ ကျုပ်ကိုတောင် ခြံတံခါးဝနားမလာခင် သူတို့ လုံခြုံရေးအဆောက်အဦထဲမှာ အရှာအဖွေ အစစ်အဆေးခံရသေးတာ) ဒေါက်တာတင်မျိုးဝင်းတို့ဆို ပိုရှာပြီပေါ့ဗျာ။

ဒါကြောင့် ကျုပ်အစ်မက ဒေါက်တာတင်မျိုးဝင်းကနေတစ်ဆင့် နိုင်ငံခြားသားတစ်ဦး (၃၀-၁၁-၂၀၀၈)ရက် ညအချိန်က ဝင်ရောက်လာပြီး Book of Mormon ဆိုတဲ့ စာအုပ်တစ်အုပ် (ဘာသာရေးစာအုပ်) ကို မီးဖိုချောင်တံခါးဝ လှေကားထစ်နားချထားခဲ့ကြောင်း သက်ဆိုင်ရာကို ပြောခိုင်းပါတယ်။ အဲဒီ နိုင်ငံခြားသား(ကိုယက်တော)က အင်းယားကန်စပ်နားကလာပြီး မီးဖိုဆောင်နားကို လာတာဗျ။ မီးဖိုဆောင်ဘေးက အခန်းမှာ ဒေါ်ခင်ခင်ဝင်းတို့ သားအမိအိပ်တယ်ဆိုတာ အမေရိကန်နိုင်ငံသား (ကိုယက်တော)က သိထားတယ်နဲ့တူတယ်။ (အဲဒါဆို ခင်ဗျားတို့ သဘောပေါက်မှာပါ) ကိုယက်တောက မီးဖိုဆောင်လှေကားထစ်မှာ ဒူးထောက်ပြီး ဆုတောင်းတောင် ပေးသွားသေးသတဲ့။ (သူက ခရစ်ယာန် ဂိုဏ်းခွဲတစ်ခုဖြစ်တဲ့ Mormom ဂိုဏ်းသားတစ်ဦး နေမှာပေါ့ဗျာ) (၄-၁၂-၂၀၀၈) နေ့မှာ ဒေါက်တာတင်မျိုးဝင်း အစ်မကို ဆေးစစ်ဖို့လာတော့ နိုင်ငံခြားသားတစ်ယောက်ဝင်တဲ့ကိစ္စကို သက်ဆိုင်ရာကို ပြောခိုင်းပါတယ်။ ဝင်ရောက်တဲ့နေ့က

www.burmeseclassic.com

www.burmeseclassic.com



(၃၀-၁၁-၂၀၀၈)နေ့က ဖြစ်ကြောင်း သက်ဆိုင်ရာကို ပြောပြခိုင်းပါတယ်။

(၂၅-၅-၂၀၀၉)နေ့ ဆဋ္ဌမမြောက် ရုံးချိန်းမှာ ပြန်ခေါ်သက်သေအဖြစ် ဗိုလ်ကြီး နိုင်ဝင်း (ရဲမှူးကြီး) အား ဒေါ်အောင်ဆန်းစုကြည်ရှေ့နေ ဦးဉာဏ်ဝင်းက ပြန်လှန် စစ်ဆေးရာ ဗိုလ်ကြီးနိုင်ဝင်း(ရဲမှူးကြီး)က ဒေါက်တာတင်မျိုးဝင်းနဲ့ (၄-၁၂-၂၀၀၈)နေ့မှာ တွေ့ဆုံကြောင်း၊ "ဒေါ်အောင်ဆန်းစုကြည်ခြံထဲကို (၃၀-၁၁-၂၀၀၈)နေ့က နိုင်ငံခြားသား တစ်ဦးဝင်ရောက်လာကြောင်း ပြောပြသည့်အတွက် အထက်ဌာနသို့ ဆက်လက် တင်ပြ ပါသည်"ဟု တရားရုံး ထွက်ဆိုချက်တွင်ထွက်ဆိုပြီး ဆက်လက်ပြောဆိုတာက "ထို အချိန်က လူဝင်ရောက်သည့်ကိစ္စနှင့် စပ်လျဉ်း၍ တိတိကျကျ အချက်အလက်ပြည့်စုံစွာ ပြောကြားခြင်းမဟုတ်ကြောင်း" ဆိုတာကို တရားရုံးမှာ ထည့်ပြောသွားခဲ့ပါတယ်။ ဒါကြောင့် အဲဒီသတင်းဟာ ပြည်သူ (သန်း ၆၀) မသိခဲ့ပါဘူး။ (ဒါပေမဲ့ ကျုပ်အစ်မဘက်က သတင်းပို့တာ မှန်နေတယ်နော်။ ဒါဆို အရေးယူမှု ထုတ်ဖော်ပြောဆိုမှုတော့ လုပ်ရ မယ်လေ) ဘာတစ်ခုမှ ထုတ်ဖော်ပြောဆိုမှု မလုပ်ခဲ့ကြပါဘူး။ ကျုပ်တို့ဘက်ကလည်း ဒေါက်တာတင်မျိုးဝင်းမို့လို့သာပေါ့ဗျာ။ သည်ပြင်လူဆို နိုင်ငံခြားသတင်းဌာနတွေကို ထုတ်ဖော်ပြောပြလိုက်မယ်ဆိုရင် (တစ်ကမ္ဘာလုံး အုတ်အော်သောင်းတင်း) ဖြစ်သွားမှာ အမှန်ပါပဲ။ ဒါဆို ဒုတိယအကြိမ်ဝင်ရောက်မှုလည်း ဖြစ်မှာတော့မဟုတ်ဘူးဗျ။ (သိသွား ပြီဆိုမှတော့ ဘယ်ဆက်လုပ်ပါ့မလဲ) ကျုပ်တို့မှာက အမှန်သတင်းကြီးကို တင်ပြပါလျက် နဲ့ (ထိုအချိန်က လူဝင်ရောက်သည့်ကိစ္စနှင့် စပ်လျဉ်း၍တိတိကျကျ အချက်အလက် ပြည့်စုံစွာ ပြောကြားခြင်းမဟုတ်ကြောင်း) စကားကြီးကိုက ကြောင်းပေးနေတော့ ဘာတတ် နိုင်မလဲဗျာ။ (နောက်တစ်ကြိမ်ရအောင် လုပ်ဦးမယ်ဆိုတာကြီးက) တွေးကြည့်လို့ ရနေ ပါတယ်။

နောက်တစ်ကြိမ် ၂၀၀၉ ခုနှစ်၊ မေလ (၁)ရက်နေ့ ည(၁၂)နာရီ နောက်ပိုင်း မေလ (၄)ရက်နေ့ နံနက်ပိုင်းပေါ့ဗျာ။ (ကိုယက်တော)က တက္ကသိုလ်ရိပ်သာလမ်းနဲ့ အင်းလျားမြိုင်လမ်းထိပ်က အင်းလျားကန်ထဲ ဝင်ရောက်ဖြတ်ကျော်ပြီး ဒေါ်အောင်ဆန်းစုကြည် အိမ်နောက်ကို ကူးခတ်သွားတယ်လို့ ပြောဆိုစစ်ချက်ပြုထားပါတယ်။ သေချာထင်ရှားအောင် ပြောရမယ်ဆိုရင်တော့ (ယခု အမေရိကန်သံရုံးရဲ့ဘေး ကန်အစပ်နဲ့ နိုင်ငံကျော် အနု ပညာရှင်တစ်ယောက်ရဲ့ ကန်စပ်ဘေးပေါ့ဗျာ) BME နိုက်ကလပ်ဘေးက ကန်စပ်ကနေ ကူးသွားတဲ့ သဘောပေါ့ဗျာ။ အဲဒီနေရာက ဒိုက်ပင်တွေ ဖုံးနေပြီး ရေအနက်က ဒူးဆစ် သာသာခန့် ရှိတာပဲဗျာ။ (အင်းလျားမြိုင်လမ်းထိပ်က သွားကြည့်ပါ) ကျုပ်တို့မှာက ပြောတာတွေပဲ ဖတ်ရတာလေ။ ခင်ဗျားတို့ကလည်း စဉ်းစားနော်။ (သတင်းစာထဲ ပါတာ ကို ပြောတာပါ)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ (၇-၅-၂၀၀၉)နေ့ သတင်းစာထဲမှာ ဘာပါလဲဆိုတော့ အဲဒီနေ့ကလည်း ကျုပ်က ကျုပ်အစ်မအတွက် ရိက္ခာဝယ်ပြီးလာဖို့ ကျောက်မြောင်းဈေးနားက နွားနို့ဆိုင်မှာ နွားနို့ဝင်ဝယ်နေတုန်း သတင်းစာရောင်းတဲ့ လူငယ်လေးက "ဒေါ်အောင်ဆန်းစုကြည် ခြံထဲကို နိုင်ငံခြားသားတစ်ယောက် ရေကူးဝင်တာ ဖမ်းမိတဲ့သတင်းတွေ"ဆိုပြီး အော်ရောင်းနေတာတွေ့တော့ ဝယ်ဖတ်ရတာပေါ့ဗျာ။ ဖတ်လည်းပြီးရော ကျုပ်က ဒေါက်တာတင်မျိုးဝင်းဆီ တန်းပြီး ဖုန်းဆက်တာပေါ့။ "ဆရာရေ သတင်းစာထဲမှာ ဒီအတိုင်း ဒီအတိုင်းတော့ပါနေတယ်ဆိုပြီး ဖုန်းထဲကနေ ဖတ်ပြလိုက်တယ်။ ဟုတ်ပဲ့မလား ဆရာရယ်၊ အင်မျှားလားဆရာ"ဆိုပြီး ပြောတော့ ဆရာက "KMS ရေ အဲဒီလိုမပြောနဲ့၊ ဘာမှန်းမှမသိသေးတာ"ဆိုပြီး ပြန်ပြောပါတယ်။ ဖုန်းလိုင်းလည်း ပြတ်သွားပါတယ်။ ညနေပိုင်းမှာတော့ ဒေါက်တာတင်မျိုးဝင်းကို အိမ်မှာ လာဖမ်းသွားတယ်ဆိုတဲ့သတင်း ကြားရပါတယ်။ ကျုပ်ကတော့ နေ့စဉ် ရိက္ခာပို့ခွင့် ရနေတုန်းပါပဲ။ ထူးခြားမှုတွေကတော့ ဘာမှမရှိပါဘူး။ အဲ . . . ဒါပေမဲ့ နောက်ပိုင်း အင်းစိန်ထောင် အတွင်းမှာ ဖွင့်လှစ်ထားတဲ့ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် (၄၇)တရားလို ဒုတိယ ရဲမှူးကြီးဇော်မင်းအောင်နှင့် တရားခံ ဒေါ်အောင်ဆန်းစုကြည်ပါ (၄)ဦး အမှုစစ်တော့ တရားလိုပြသက်သေ ဒုတိယရဲမှူး တင်ဇော်ထွန်း (ဗဟန်းမြို့နယ်မှူး)ကို စစ်ဆေးရာမှာ သူက "၎င်းသည် မေလ (၇)ရက်နေ့ နံနက် ၇ နာရီ မိနစ် ၂၀ တွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးအနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်တင် ကျိုက္ကဆံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ညွှန့် တို့နှင့်အတူ ဒေါ်အောင်ဆန်းစုကြည်နေအိမ်သို့ သွားရောက်ခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် နေအိမ်မှာ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက်၊ တက္ကသိုလ် ရိပ်သာလမ်း၊ အမှတ် (၅၄-၅၆) ၌ ရှိကြောင်း ဒေါ်အောင်ဆန်းစုကြည် နေအိမ်သို့ ဝင်ရောက်ရာတွင် ဗဟန်းမြို့နယ်တရားသူကြီး၏ အိမ်ရှာဝရမ်းဖြင့် သွားရောက်ခဲ့ကြောင်း။ ဒေါ်အောင်ဆန်းစုကြည်ထံ ကြိုတင်အကြောင်းကြားပြီး ခွင့်ပြုသဖြင့်မိမိတို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း။ မိမိတို့က ဒေါ်အောင်ဆန်းစုကြည်အား ဝရမ်းကို ပြသပြီးနောက် Mr John Willian Yettaw ၏ ဓာတ်ပုံကို ပြသရာ ဒေါ်အောင်ဆန်းစုကြည်က Mr John Willian Yettaw အား သိပါသည်ဟု ပြောဆိုခဲ့ကြောင်း မိမိတို့က Mr John Willian Yettaw သည် အိမ်ကိုရောက်လာပါသလားဟု မေးရာ ဒေါ်အောင်ဆန်းစုကြည်က Mr John Willian Yettaw သည် မေလ(၄)ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့ပြီး မေ (၅)ရက် ညပိုင်းတွင် ပြန်သွားသည်ဟု ပြောပြကြောင်း။ Mr John Willian Yettaw ၏ ပစ္စည်းများ ကျန်ရစ်ခဲ့သည်ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က မိမိတို့အား ပြောပြကြောင်း။ ဒေါ်အောင်ဆန်းစုကြည်က Mr John Willian Yettaw ကျန်ရစ်ခဲ့သည့် ပစ္စည်းများကို

www.burmeseclassic.com

www.burmeseclassic.com



ပြသရာ တစ်ခုချင်းစီကို ထုတ်ယူကြည့်ရှုပြီး စာရင်းကောက်ယူခဲ့ကြောင်း ဒေါ်အောင်ဆန်းစုကြည်က Mr John Willian Yettaw ပထမတစ်ခေါက် လာရောက်စဉ်က ကျန်ရစ်ခဲ့သော စာအုပ်များလည်း ကျန်ရှိသေးကြောင်း ပြောဆိုပေးအပ်သဖြင့် အဆိုပါ စာအုပ်များကို သိမ်းဆည်းခဲ့ကြောင်း။ မိမိကအခြား ဘာပစ္စည်းများ ကျန်ရစ်ခဲ့သေးသလဲဟု မေးမြန်းရာ ဒေါ်အောင်ဆန်းစုကြည်က Mr John Willian Yettaw သမီး ရေးသားပေးပို့သည့်စာများ ကျန်ရှိသေးကြောင်း ထိုစာရွက်များကို ဆုတ်ဖြဲထားပြီးဖြစ်ကြောင်း ပြောဆိုကာ အဆိုပါ စာများကို စက္ကူအိတ်ဖြင့်ထည့်၍ ပေးအပ်သဖြင့် ရှာဖွေပုံစံတွင် စာရင်းသွင်း သိမ်းဆည်းခဲ့ကြောင်း။ မိမိ သိမ်းဆည်းသည့် ပစ္စည်းများမှာ မွတ်ဆလင် အမျိုးသမီးများ ဝတ်ဆင်သော ခေါင်းစွပ်ပါ အနက်ရောင် (၂)ထည်၊ မျက်နှာကိုစည်းသည့် အနက်ရောင် ပုဝါ (၂)ထည်၊ စကတ်အရှည် (၂)ထည်၊ အနီရောင်ဓာတ်မီး (၁)လက်၊ ပလတ်စတစ်အိတ်နှင့် ထည့်ထားသော ဖယောင်းရောင်စုံခဲတံ (၆)ချောင်း။ နေကာမျက်မှန် (၃)လက်၊ ကြိုးနှင့်ဆိုင်း၍ စည်းရသည့် (နဖူးတွင်တပ်၍ သုံးစွဲရသော ပစ္စည်း) မီးအချက်ပြ (၂)ခု၊ ရေကူးရာတွင် အသုံးပြုသည့် မျက်မှန် (၁)လက်၊ နှစ်ပင်ပလပ်ခေါင်းတစ်ခု၊ ဆားကစ်ကြိုး (၂)ချောင်း။ အားသွင်းစက် (၁)ခု၊ နားကြပ်(၁)ခု၊ ယင်းပစ္စည်းများ ထည့်ထားသည့် အနက်ရောင် ဇစ်ပါသည့် ပလတ်စတစ်အိတ် (၁)ခု၊ မီးခိုးရောင် သိုးမွေးခြေအိတ်(၂)စုံ၊ အင်္ဂလိပ်စာအုပ် အပိုင်း (၅) ပိုင်းနှင့် ဆုတ်ဖြဲထားသည့် စက္ကူများ ထည့်ထားသည့် အိတ်(၁)ခုတို့ကို သိမ်းဆည်းခဲ့ကြောင်း အဆိုပါပစ္စည်းများကို ပေးအပ်သူအဖြစ် ဒေါ်အောင်ဆန်းစုကြည်က သက်သေများရှေ့တွင် ကျွန်မတွင် တာဝန်ရှိကြောင်း တာဝန်ယူပါသည်ဟု ပြောဆိုခဲ့ကြောင်း ယင်းနောက် ဒေါ်အောင်ဆန်းစုကြည်က Mr John Willian Yettaw အိပ်ခဲ့သည့် နေရာကို လိုက်လံပြသကြောင်း။ မိမိက Mr John Willian Yettaw သည် မွတ်ဆလင် အမျိုးသမီးဝတ်စုံ အဝတ်အထည်များကို ဘာကြောင့် ထားခဲ့သလဲဟု ဒေါ်အောင်ဆန်းစုကြည်အား မေးမြန်းခဲ့ကြောင်း ဒေါ်အောင်ဆန်းစုကြည်က အဆိုပါ မွတ်ဆလင်အမျိုးသမီးဝတ်စုံများကို ၎င်းအား လက်ဆောင်အဖြစ် Mr John Willian Yettaw က ထားခဲ့ခြင်းဖြစ်သည်ဟု ပြောပြထွက်ဆိုသည်။

ထို့နောက် သက်သေခံပစ္စည်းများအနက် မွတ်ဆလင်အမျိုးသမီးဝတ်စုံ (၂) စုံကို တရားရုံးခန်းမအတွင်း၌ မအေးသရဖူကျော်နှင့် မဖြိုးပပအောင်တို့အား တရားခွင်ရှေ့တွင် သရုပ်ပြဝတ်ဆင်စေပြီး ထိုသို့ မွတ်ဆလင်အမျိုးသမီးဝတ်စုံနှင့် နေကာမျက်မှန်ကို ဝတ်ဆင်သွားလာပါက မည်သူမည်ဝါဖြစ်သည်ဟု သိနိုင်ခြင်း ရှိ/မရှိ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက တရားလိုပြသက်သေ ဒုတိယရဲမှူး တင်ဇော်ထွန်းအား မေးမြန်းခဲ့ရာ တရားလိုပြသက်သေက ထိုသို့ မွတ်ဆလင်အမျိုးသမီးဝတ်စုံကို နေကာမျက်မှန်ဖြင့် ဝတ်ဆင်သွားလာပါက မည်သူမည်ဝါဖြစ်သည်ကို သိနိုင်မည်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကိုလည်း ရှင်းလင်းထွက်ဆိုသွားသည်။

အမှုကို တတိယနေ့အဖြစ် နံနက် (၁၀)နာရီ (၁၀)မိနစ်တွင် စစ်ဆေးပြီး (၁၂) နာရီ (၁၅)မိနစ်တွင် ကြားနာစစ်ဆေးမှုကို ခေတ္တရပ်နားသည် တဲ့။

၇-၅-၂၀၀၉ နေ့က နံနက် (၇)နာရီကျော်ကတည်းက ဝင်ရောက်ရှာဖွေတဲ့သူ တွေက ရောက်နေပြီ။ ကျုပ်က (၉)နာရီကျော် ရိက္ခာသွားပို့တော့ ဒေါ်ခင်ခင်ဝင်း ထွက်လာ တယ်။ ရိက္ခာပစ္စည်းတွေ ယူသွားတယ်။ ဘာမှမဖြစ်သလို သက်ဆိုင်ရာ အာဏာပိုင်တွေက ဖန်တီးထားတာ အံ့သြစရာပါပဲ။ နောက်နေ့တွေလည်း ဒီအတိုင်းပဲ ဘာမှ မပိတ်ပင်ဘူး။ ဆက်ပို့လို့ရနေတယ်။ အဲ . . . ထူးခြားတာက မေလ (၁၃)ရက်နေ့ ည (၁၃-၅-၂၀၀၉)။

ထူးခြားတာက (၂၀၀၉)ခုနှစ်၊ မေလ (၁၃)ရက်နေ့ ည (၁၀)နာရီ (အဲဒီနေ့ မတိုင်ခင် မေလ (၁၂)ရက်နေ့ နေ့လယ် (၁)နာရီ ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူး တင်ဇော်ထွန်းနဲ့ အဖွဲ့ဟာ ကျုပ်အစ်မ နေအိမ်ကို ဒုတိယအကြိမ် ဝင်ရောက်ရှာဖွေပါ သေးတယ်) မေလ (၁၃)ရက်နေ့ မနက်က ထုံးစံအတိုင်း အစ်မအတွက် ရိက္ခာသွားပို့ပေး ပါတယ်။ ဘာမှလည်း မထူးခြားပါဘူး အေးအေးဆေးဆေးပါပဲ၊ အဲ ဒါပေမဲ့ ည (၁၀) နာရီလောက်မှာ ကျုပ် အိမ်ကို နယ်မြေခံ သတင်းတပ်ဖွဲ့က တာဝန်ခံအရာရှိ (ကိုနေ . . . .)ရောက်လာတယ်။ သူနဲ့ကလည်း ခင်နေပါတယ်။ "KMS အထက်က ခေါ်ခိုင်းလို့ လာခေါ်တာပါ"လို့ ပြောတော့ သိလိုက်ပြီ (ဒေါက်တာတင်မျိုးဝင်းလည်း ခေါ်ထားပြီးပြီ) ငါ့လည်း လာခေါ်တာပဲ နေမှာဆိုပြီး "ခဏဗျာ"ဆိုကာ အခန်းထဲဝင် အဝတ်အစားတွေ ကြွပ်ကြွပ်အိတ်ထဲထည့်သံကြားတော့ နယ်မြေခံအရာရှိက "KMS အဝတ်အစားတွေ မယူပါနဲ့ ခဏပဲနေမှာပါ လာဖမ်းတာမဟုတ်ပါဘူး"ပြောတော့ ဇဝေဇဝါဖြစ်သွားတယ် "လူကြီးတွေက တွေ့မှာဆိုတော့ အင်္ကျီလည်ကတုံးလေးတော့ ဝတ်ခဲ့ပါဗျာ"ဆိုပြီး ပြောတယ်။ ဒါနဲ့ လည်ကတုံးအင်္ကျီ၊ ကချင်လုံချည်ဝတ်ပြီး သူနဲ့အတူ အိမ်ပေါ်က ဆင်း ခဲ့တယ်။ သူ့ကိုယ်ပိုင်ကားနဲ့ လာခေါ်တာ တစ်ယောက်မှလည်း ပါမလာတော့ သူပြောတာ ဖြစ်နိုင်တယ်ဆိုပြီး အေးအေးဆေးဆေးပဲ လိုက်သွားခဲ့ပါတယ်။ ဝွတ္တလစ်လမ်းဆုံက ပြည်ထဲရေးရုံးခေါ်သွားတာဗျ။

ထို့နောက်တော့ (အဘသခင်အုန်းမြင့်သား) ကိုနီလည်း ရောက်နေတယ် ကိုနီက "ကျုပ်လည်း ခုနကမှ သိရတယ်၊ လူကြီးတွေက ခေါ်ခိုင်းလို့ပါလို့ပြောတယ်၊ ဘာလဲတော့ မသိဘူး"ဆိုပြီး ပြောပြတယ်။ တစ်အောင့်လောက်နေတော့ လာခေါ်တယ်။ လူကြီးအခန်းထဲ ခေါ်သွားတယ်။ သတင်းတပ်ဖွဲ့မှူး (ယခု ဒုဝန်ကြီး)ရယ် ဒုတိယတပ်ဖွဲ့မှူး ဗိုလ်ကြီးနိုင်ဝင်း (ရဲမှူးကြီး)ရယ် ကာနယ်ကြီး သူရစန်းလွင်ရယ်တို့က ခေါ်တွေ့တာပါ။

"ကဲ . . . လာကြဗျာ ဒီလိုဗျ၊ ခင်ဗျားတို့အစ်မက ပြောခိုင်းတဲ့စကားပြောမလို့ပါ၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့အစ်မက ခင်ဗျားတို့နှစ်ယောက် နက်ဖန်မနက် (၆) နာရီလောက် သူ့ဆီ အရောက်လာဖို့ ခင်ဗျားတို့ကို ပြောခိုင်းလို့ ပြောတာပါ''လို့ ပြောကြပါတယ်။

(၂၀၀၃)ခုနှစ် မေလကစပြီး အစ်မ အကျယ်ချုပ် ကျခံနေရတာ၊ တစ်ခါမှလည်း လူချင်းမတွေ့ရဘူး။ အခု အစ်မနဲ့ ပေးတွေ့တယ်ဆိုတော့ ထူးခြားနေတယ်လေ ''ဟာ ငါ့ အစ်မတော့ အကျယ်ချုပ်က လွတ်ပြီထင်တယ်''ဆိုပြီး ပျော်သွားတယ်။ စကားပြောဆိုပြီး လာခေါ်တဲ့ကားနဲ့ပဲ အိမ်တိုင်ရာရောက် လိုက်ပို့ပေးပါတယ်။ အိမ်ရောက်တော့ ဟိုစဉ်းစားဒီစဉ်းစားနဲ့ မနက် (၅)နာရီကျော်မှ နိုးတယ်။ ချက်ချင်း ကားငှားပြီး တက္ကသိုလ်ရိပ်သာလမ်းကို အမြန်မောင်းပေးဖို့ ကားသမားကို ပြောပြရပါတယ်။ ကားသမားက ''တက္ကသိုလ်ရိပ်သာလမ်းက ပိတ်ထားတယ်လေ၊ သွားလို့မှမရတာ''လို့ ပြန်မေးနေတာနဲ့ ''စိတ်ချပါ၊ ဂိတ်နားသာ ရောက်အောင်သွားပေးပါ၊ တာဝန်ယူပါတယ်''လို့ ပြောပြရပါတယ်။ ဂိတ်ရှေ့ရောက်တော့ ကျုပ်မှန်းသိပြီး ဝင်ခွင့်ပြုပါတယ်။ ဇာတ်မင်းသားလေးတို့ဆီ တန်းသွားတော့ ဘာမှ ခါတိုင်းလို စစ်ဆေးမေးမြန်းတာတွေ မလုပ်ဘဲ ''ဟော့လူ ...နောက်ကျနေပြီ အမြန်သွား''လို့ ပြောတာနဲ့ ခြံဘက်ကူးသွားရပါတယ်။ ခါတိုင်းဆိုရင် သူတို့လူတွေမပါဘဲ ခြံဘက်သွားရတာ မဟုတ်ပါဘူး'' ထူးခြားနေတယ်ဗျ၊ ခြံတံခါးဝရောက်တော့ ဘဲလ်တီးလိုက်တယ်။ အန်တီဝင်း (ဒေါ်ခင်ခင်ဝင်း) ထွက်လာပြီး ''ရှင့်အစ်မ အပေါ်ထပ်မှာစောင့်နေတယ်'' ပြောတာနဲ့ တံခါးကနေ အိမ်ဘက်ဆီ ပြေးသွားပြီး 'အစ်မပြန်လွတ်လာပြီကွ' လို့ စိတ်ထဲကနေ အော်သွားတယ်။ အတော်ပျော်သွားတယ်။ အစ်မအပေါ်ထပ် ပြေးတက်သွားပြီး အစ်မကိုတွေ့တော့ အစ်မက ''ဒီမနက် (၇)နာရီမှာ အစ်မကို လာခေါ်ကြမယ်။ အင်းစိန်ထောင်ကို ခေါ်သွားမှာ အစ်မ ထောင်ကျချင် ကျလိမ့်မယ်။ KMS က ထောင်ဝင်စာ လာပို့ပေးရမယ်။ အဲဒါအတွက် လိုအပ်တာတွေ ပြင်ဆင် ထားပါ။ အိမ်ကို ကိုနီနဲ့နှစ်ယောက် ကြည့်ရှုစောင့်ရှောက်ရမယ်။ အိမ်ကိုလည်း အစ်မ ရှိစဉ်ကအတိုင်း လုပ်ထားပေးပါ''ဆိုပြီး ပြောဆိုပါတယ်။ ကျုပ်က စိတ်မကောင်းပြီး ခေါင်းငုံ့နားထောင်နေတာကို အစ်မက

''KMS ခေါင်းမော့၊ အဲလိုမနေရဘူး၊ ရယ်ရယ်မောမောနဲ့ ပျော်ရွှင်တဲ့ ပုံသဏ္ဍာန်မျိုးနေ''ဆိုပြီး ပြောတယ် ( ၇ )နာရီမှာ အစ်မတို့ကို အင်းစိန်ထောင်ကို ခေါ်သွားတယ်။

အမေရိကန်နိုင်ငံသား (ကိုယက်တော) ကိစ္စနဲ့ ငါ့အစ်မတော့ အမှုတက်ပြီ။ (ကိုယက်တော)ကို ဒေါကန်နေမိတယ်။ အစ်မက (၂၇-၅-၂၀၀၉)နေ့ဆို ၁၀(ခ)နဲ့ နေအိမ်အကျယ်ချုပ် ချုပ်ထားတာ နှစ်စေ့ပြီလေ၊ လွတ်ကို လွတ်ပေးရတော့မှာ မလွတ်ပေးချင်လို့သာ။ အမေရိကန်နိုင်ငံသား (ကိုယက်တော)နဲ့ အမှုဆင်တာပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ စဉ်းစားကြည့်လေ။ အမေရိကန်နိုင်ငံ မီချီခန်ပြည်နယ်က ဒက်ထရွိုက်မြို့သားတစ်ယောက်ဟာ မြန်မာနိုင်ငံ ရန်ကုန်မြို့မှာရှိတဲ့ တက္ကသိုလ်ရိပ်သာလမ်းထဲက အင်းလျားကန်စပ်မှာရှိတဲ့ လုံခြုံရေးအပြည့်အဝ ရဲတပ်ရင်းလိုက် (ရဲတပ်ရင်း အမှတ်(၇) ချထားတဲ့ တပ်ရင်းမှူးကိုယ်တိုင် ရုံးထိုင်ပြီး စောင့်ကြပ်ကြည့်ရှုနေရတဲ့ ခြံဝင်းတစ်ခုကို (နှစ်ကြိမ်)တိတိ အတားအဆီးမဲ့ ဝင်နိုင်တာဟာ ဘယ်လောက် အံ့ဩဖို့ကောင်းသလဲ ဆိုတာ စဉ်းစားကြည့်ပါ။ နောက်ပြီး တက္ကသိုလ်ရိပ်သာလမ်းကို အင်းလျားမြိုင်လမ်းထိပ်မရောက်ခင် ဓာတ်ဆီဆိုင်နေရာရယ်။ ကုက္ကိုင်းမီးပွိုင့်နားမရောက်ခင် အောင်ဇေယျလမ်းထိပ်အထိ သံဆူးကြိုး (ဘယ်ရီ ဂိတ်)တွေ နဲ့ ကာထားတာ (၁၉၈၉ ခုနှစ်၊ ဇူလိုင်လမှ ၁၉၉၅ ခုနှစ် ဇူလိုင်အထိ ပထမဦးဆုံးအကြိမ်) (၁၉၉၆ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ကြိုကြားကြိုကြား ခဏခဏပိတ်တာက အကြိမ်ကြိမ်) (၂၀၀၃ ခုနှစ် မေလကစပြီး ၂၀၀၉ ခုနှစ် မေလအထိပဲ ပိတ်ခွင့်ရှိရာကနေ အခု (ကိုယက်တော) ကိစ္စဖြစ်လာတော့ ဆက်ပိတ်ထားရတာပါ (၆)နှစ်တိတိ ရှိပါပြီ။ ကားရောလူရော ဖြတ်သန်းခွင့်မရှိပါ။ (ဝင်ခွင့်ရှိတဲ့ကား ဝင်ခွင့်ရှိတဲ့လူပဲ ဖြတ်သန်းခွင့်ပြုထားတာပါ) ဒက်ထရွိုက်မြို့သား (ကိုယက်တော) ကတော့ အေးအေးဆေးဆေးကို ဖြတ်သန်းသွားလာခွင့် ရှိလို့သာ လာရောက်နိုင်တာ ဖြစ်မှာပေါ့။

ကျုပ်အစ် ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်ကို ခေါ်သွားရခြင်းက (၁၅-၅-၂၀၀၉)နေ့မှာ ဗဟန်းရဲစခန်းမှာ တိုင်ကြားမှုလုပ်လို့ပါပဲ။

အမျိုးသားခေါင်းဆောင်ကြီး တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အား (၁၄-၅-၂၀၀၉) နေ့စွဲဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး ဇော်မင်းအောင်က ဗဟန်းမြို့နယ် စခန်းမှူးထံ အောက်ပါအတိုင်း အမှုဖွင့် အရေးယူပေးရန် တိုင်ကြားခဲ့လို့ပဲဗျ။

အဲသည်လို တိုင်ကြားတော့ ကျုပ်အစ်မ အရေးယူခံရပြီပေါ့ဗျာ။ ဒါကြောင့် (၁၄-၅-၂၀၀၉)နေ့မှာ အင်းစိန်ထောင်ကို ခေါ်သွားမှာမို့ ကျုပ်တို့ကို အိမ်ကို ကြည့်ရှုစောင့်ရှောက်ဖို့ အပ်ခဲ့တာပါ။

အင်း ...ဓာတ်လမ်းကတော့ ကျုပ်တို့ ထင်တဲ့အတိုင်းပဲ (၂၀၁၀) မှာ ရွေးကောက်ပွဲလုပ်ဖို့ ကြေညာပြီးသွားပြီး ကိုယ့်လူနဲ့ကိုယ့်ပါတီတွေတောင် ထောင်ကြဖို့ စီစဉ်ကြပြီးပြီ ဒီမိုကရေစီအမည်ခံ ချိုကျိုးနားရွက်ပဲ့၊ အုတ်ကြားမြက်ပေါက်တွေကို ပါတီအဖွဲ့တွေကနေ ဆွဲထုတ်ပြီး ပါတီတွေတည်ထောင်ခိုင်းပြီး ရွေးကောက်ပွဲမှာ ဝင်ပြိုင်စေဖို့ စိုင်းပြင်းစေပါတယ်။ တိုက်ခန်းယူမလား ကားပါမစ်ယူမလား၊ ငွေကြေးပိုးမှုတွေနဲ့ နှုတ်ပိတ်စေလိုက်တယ်။ တချို့ ကွန်ဒိုတိုက်ခန်းတွေပေါ် ခေါ်တင်ပြီး ပျူးခန်းဖွင့်

www.burmeseclassic.com



ဆောက် (နောက်ဆုံးကျတော့ သူတောင်းစားဟာ သူတောင်းစားအဆင့် ပေါ်လာတာပါပဲ)

ခက်တာက ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ချထားတာက (၂၀၀၃) ခုနှစ်တည်းက သူတို့ပြောတဲ့ ဥပဒေဘောင်ဝင်အောင်ပြောရင်တော့ (၂၀၀၄) ခုနှစ် (မေလတို့ နိုဝင်ဘာလတို့ပေါ့ဗျာ) မေလတဲ့။ ပုဒ်မ ၁၀(က) ပုဒ်မ ၁၀(ခ)တို့က (၅)နှစ်အထိပဲ ထိန်းသိမ်းထားခွင့် ရှိတာလေ (၂၀၀၉ ခုနှစ် မေလ (၂၇) နေ့ဆို) (၅) နှစ်တိတိ ပြည့်ပြီဆိုတော့ လွှတ်ကိုလွှတ်ပေးရတော့မှာ (၂၀၀၃ မေထဲ ဖမ်းထားတာ ၂၀၀၉ မေဆို (၆)နှစ်နော် (၁)နှစ်ပိုပြီး ချုပ်ထားတဲ့သဘောနော် ဥပဒေက (၅)နှစ်လေ၊ ပထမဆုံးအကြိမ် ၁၀(ခ) သတ်မှတ်တုန်းက (၁၉၈၉)နှစ် ဇူလိုင်လ (၂၀)ရက်နေ့။ အဲဒီအချိန်တုန်းက ၁၀(က) ၁၀(ခ) ပုဒ်မက (၃)နှစ် တိတိ ချုပ်ထားပိုင်ခွင့်ရှိပါတယ်။ အဲဒါဆို (၁၉၉၂) ခုနှစ် ဇူလိုင်ဆို ပြန်လွှတ်ပေးရပါမယ်။ အဲဒီတုန်းက မလွှတ်ပေးချင်တော့ (၁၉၉၁)ခုနှစ်မှာ ပုဒ်မ ၁၀(က)နဲ့ ပုဒ်မ ၁၀(ခ)အတွက် ဥပဒေပြင်ဆင်ချက်ဆိုပြီး (၃) နှစ်တိတိ ထိန်းသိမ်းထားခွင့်စာသားနေရာမှာ (၅)နှစ်တိတိထိန်းသိမ်းထားခွင့်လို့ ပြောင်းလဲလိုက်တဲ့အတွက် (၁၉၉၂) ခုနှစ် ဇူလိုင်လမှာ လွှတ်မြောက်မယ့်အစ်မကို အကျယ်ချုပ် (၂)နှစ် ထိပ်တိုးချုပ်လိုက်တဲ့ သဘောပါပဲ။ (ကောင်းပြီ ခင်ဗျားတို့ကို ကျူပ် တစ်ခုတော့မေးမယ်နော်) (၁၉၈၉ ခုနှစ် ဇူလိုင် ၂၀ ရက်နေ့)ကစပြီး အချုပ်ချခံ ထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ (၃)နှစ်မှ (၅)နှစ်သို့ ပြောင်းလဲလိုက်တဲ့ ဥပဒေအသစ် အရဆိုရင် (၁၉၉၄)ခုနှစ် ဇူလိုင်မှာ (၅)နှစ်ပြည့်ပါတယ်။ ဒါပေမဲ့ (၁၉၉၅) ခုနှစ် ဇူလိုင် (၁၀) ရက်နေ့မှ ပြန်လွှတ်လာတာဆိုတော့ (၆)နှစ် ဖြစ်သွားပါတယ်။ (၁)နှစ်ပိုပြီး ချုပ်ခံထားရတဲ့ သဘောသက်ရောက်နေပါတယ်။ ပုဒ်မ ၁၀(ခ) နေအိမ်အကျယ်ချုပ် (၂)ခါစလုံးမှာ (၁)နှစ်စီ ပိုချုပ်ခံထားရသလို ဖြစ်နေပါတယ်။ (၁၀)နှစ်နေရမှာ (၁၂)နှစ် ဖြစ်သွားပါတယ်။ (ကမ္ဘာသိ– နိုင်ငံသားတစ်ဦးရဲ့ နစ်နာဆုံးရှုံးမှုကို မည်သူ့အား တင်ပြရမည်နည်း)

ကျူပ်အစ်မကို (၂၀၁၀) ရွေးကောက်ပွဲမဝင်နိုင်အောင် ဇာတ်ဆရာကြီး (ဗဟိုအကြံပေး) တွေက ဇာတ်ညွှန်းရေးတဲ့ပုံပါပဲ။ အရင်ဇာတ်လမ်းတွေတုန်းက စွမ်းအားရှင် ရယ်၊ သက်နံ့းဝတ် လူတစ်စုတွေနဲ့ပဲ ပါဝင်သရုပ်ဆောင်စေခဲ့တာဆိုတော့ ဇာတ်လမ်းက ရိုးသွားပြီ ဒီတစ်ခါကျ ထူးထူးခြားခြား ဇာတ်ညွှန်းရေးမှ ပိုပြီး ပီပြင်ရအောင် (လော်ဘီ လုပ်တတ်တဲ့သူ) ကျူပ်အစ်မကိုလည်း မကောင်းပြောချင်တဲ့ ပြောတတ်တဲ့သူမျိုး ရှာကြံပြီး (လော်ဘီလုပ်နိုင်းတော့) အောင်မြင်မယ်လို့ ယုံကြည်ပြီး ဇာတ်လမ်းကို စရိုက်တော့တာပဲ။ သရုပ်ဆောင်က အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တောဆိုတဲ့ ကိုယ်ရေးရာဇဝင်ကို သိရပါတယ်။ ပထမဦးဆုံးအကြိမ် ဇာတ်လမ်းစရိုက်တုန်းက အမေရိကန်နိုင်ငံသား (ကိုယက်တော)က (၇–၁၁–၂၀၀၈)နေ့မှ (၃–၁၂–၂၀၀၈)နေ့ အထိ နေထိုင်သွားတာဗျ။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်(၁၈၈-၁၉၂) (၃၃)လမ်း ကျောက်တံတား မြို့နယ်မှာရှိတဲ့ Beauty Land (၂) ဟိုတယ်မှာ တည်းခိုသွားတာပါ။ ဒုတိယအကြိမ်လာ တော့လည်း အဲဒီဟိုတယ်မှာဘဲ တည်းခိုသွားခဲ့ပါတယ်။

ဒုတိယအကြိမ် မေလ (၂)ရက်နေ့မှာ စတင်တည်းခိုပြီး တည်းခိုတာနဲ့ (၅)ရက်စာ အတွက် ကြိုတင်ငွေပေးသွင်းထားတယ်ဗျ (၅ ရက်ပဲ နေမယ့်သဘောပေါ့) မေ(၃)ရက်နေ့ ည (၁၀)နာရီလောက်မှာ ဟိုတယ်အခန်းကိုအပ်ပြီး သူငယ်ချင်းတစ်ယောက်ထံ သွားအိပ် မယ်လို့ ဟိုတယ်ကိုပြောပြီး တက္ကသိုလ်ရိပ်သာလမ်းဘက် ထွက်ခဲ့မှာပေါ့ဗျာ။ အဲဒီမှာတင် အောင်မြင်သွားတဲ့ ဇာတ်လမ်းရိုက်ဖြစ်ခဲ့တာပါပဲ။

ခင်ဗျားတို့ စဉ်းစားကြည့်နော်။ ပထမအကြိမ် (ကိုယက်တော) မြန်မာနိုင်ငံ ရန်ကုန်မြို့ကို ရောက်တာက (၇-၁၁-၂၀၀၈)နေ့ အစ်မခြံထဲကို ဝင်တာက (၃၀-၁-၂၀၀၈)နေ့ ပြန်သွားတာက (၃-၁၂-၂၀၀၈)နေ့ဆိုတော့ ရန်ကုန်မြို့မှာ (၂၇)ရက်တိတိ နေထိုင်သွားတာ တွေ့ရပါတယ်။ (ဇာတ်ညွှန်းအရ လေ့ကျင့်ချိန်ယူရမယ်လေ။) ပထမဆုံး အခေါက်ဆိုတော့လည်း ဒီလောက်တော့ ရှိမှာပေါ့။

ဒုတိယအကြိမ်က (၂-၅-၂၀၀၉)နေ့မှာ စရောက်တယ် ပထမတစ်ခေါက်တုန်း ကလို ဘာမှလေ့ကျင့်နေစရာ မလိုတော့ဘူး။ နောက်နေ့ (၃-၅-၂၀၀၉)နေ့ညမှာ ဒေါ်အောင်ဆန်းစုကြည်ခြံထဲကို ည (၁၂)နာရီ နောက်ပိုင်း (၄-၅-၂၀၀၉)နေ့အကူးမှာ ဝင်ရောက်နိုင်ခဲ့ပါတယ်။ မကျန်းမမာ နေမကောင်းဖြစ်နေတဲ့ပုံစံ ရေတွေကလည်း ရွှဲလို့ ကျုပ်အစ်မအိမ်ရဲ့ မီးဖိုဆောင်ရှေ့က အပေါ်ထပ်တက်တဲ့ လှေကားခွင်လေးရဲ့ အောက်တည့် တည့်ချောင်လေးမှာ (သေလုမျောပါး ဖြစ်နေပုံဟန်ဆောင်တာပေါ့) ထိုင်နေတဲ့ပုံကို အန်တီဝင်း (ဒေါ်ခင်ခင်ဝင်း)က နံနက် (၆)နာရီလောက် အိပ်ယာထအထွက်မှာ တွေ့လိုက် ရတော့ အစ်မကို သွားပြောပြတယ်။ ကျုပ်အစ်မကလည်း မေတ္တာစေတနာ အကြင်နာ တရားထားတတ်တဲ့သူ စာနာစိတ်ရှိတဲ့သူဖြစ်တော့ မကြည့်ရက်ဘူးနေမှာပေါ့။ (ကဲ နောင်ခါမှ ဘာပဲဖြစ်ဖြစ် ဖြစ်သမျှ ခံမယ်ဆိုတဲ့ လူသားချင်းစာနာထောက်ထားတဲ့ စိတ်နဲ့) နေထိုင်မကောင်းဖြစ်နေတဲ့သူကို နေထိုင်စရာပေး ဆေးဝါးအစားအသောက်တွေပေးပြီး (လက်ခံရတော့တာပါပဲ)

(၄-၅-၂၀၀၉) နေ့ တစ်ညအိပ်ခွင့်ပေးပြီး (၅-၅-၂၀၀၉)နေ့ညမှာ ပြန်နိုင်းလိုက် ပါတယ်။ (ကိုယက်တော) ထားသွားတဲ့ပစ္စည်းတွေက အစ်မ လက်ခံခဲ့တာမဟုတ်ပါဘူး။ သူ့ဟာသူ မသိမသာနဲ့ ထားသွားတဲ့ ပစ္စည်းတွေပါ။ အစ်မတို့က နောက်မှာတွေ့တာပါ (နေမကောင်းဖြစ်နေလို့ လေးလို့ မသယ်နိုင်လို့ဖြစ်ဖြစ်၊ မသိမသာနဲ့ ထားသွားတာပါ။ သယ်လာကတည်းက အိမ်ထဲမှာ ထားသွားရမယ့် ပစ္စည်းစာရင်းက ပါလာပြီးသားနေမှာပေါ့)

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ တိုင်းပြည်ရဲ့ ဖော်မြူလာပုံသေနည်းက တိုင်းပြည်မှာ ဗေဒင်ကိန်းခန်းနည်းပညာအရ၊ အာဏာတည်မြဲရအောင် တစ်ခုခုလုပ်တော့မယ်ဆိုရင် တစ်ခုခုဖြစ်တော့မယ်ဆိုရင် လူမျိုးခြား၊ ဘာသာခြားတွေနဲ့ ပြဿနာဖန်တီးပြတတ်တာ ခင်ဗျားတို့လည်း သိကြမှာ ပါ။ အဓိကက မွတ်ဆလင်လူမျိုး အစ္စလမ်ဘာသာဝင်တွေနဲ့ ပဋိပက္ခဖြစ်တာကို ဖန်တီးပြလေ့ရှိပါတယ်။ (တစ်ဖက်ကလည်း မွတ်ဆလင်လူမျိုး ဆရာချယ်တို့ သံအမတ် ဟောင်း ဦးလှမောင် တို့ကို လုပ်မွေးထားပြီး အရောင်ပြရပါတယ်) အဓိက မွတ်ဆလင် လူမျိုးတွေနဲ့ ပဋိပက္ခဖြစ်ပျက်တာကို ထောက်လှမ်းရေးလက်စွဲကျမ်းအရ ဖော်မြူလာ အတိုင်း ဖော်ဆောင်ရပါတယ်။ (အခုတော့ ထောက်လှမ်းရေး မရှိတော့ဘူးထင်ရပါတယ်) ဗုဒ္ဓဘာသာ သံဃာတော်တွေနဲ့ မွတ်ဆလင်လူမျိုး ပြဿနာဖြစ်တဲ့ကိစ္စ မွတ်ဆလင်လူမျိုးက မြန်မာမိန်းကလေးကို အဓမ္မကြံစည်တဲ့ ကိစ္စ၊ ဒါတွေနဲ့ ဖန်တီးလာခဲ့တာ၊ ခင်ဗျားတို့လည်း သိကြမှာပါ (သြော် မြန်မာလူမျိုး မိဘနှစ်ပါး ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်ခင်ကြည်က မွေးဖွားခဲ့တဲ့ ကျုပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာလူမျိုး ထောက်လှမ်းရေး အကြီးအကဲတွေ ခေါ်ဆိုသုံးနှုန်းတာက ကုလားမတဲ့) အဲဒါသာ စဉ်းစားကြည့်ပါ။ အခုလည်း အမေရိကန်နိုင်ငံသား (ကိုယက်တော)နဲ့ ကျုပ်အစ်မကို အိမ်ထဲ ထားခဲ့ခိုင်းတာလေ (ခရစ်ဘာသာဝင် ကိုယက်တော) က မွတ်စလင်ဘာသာဝင်တွေနဲ့ ပတ်သက်တာနားလည်ပုံ့မလား (ခင်ဗျားတို့ စဉ်းစားပါ)

ကျုပ်အစ်မခမျာ လူသားချင်းစာနာထောက်ထားတဲ့ စိတ်ဓာတ်နဲ့ ကူညီမိတာကို နောက်ထပ် ထပ်တိုး ၁၀(ခ) အမှုနဲ့ ဖန်တီးတာပါပဲ (ကျုပ်အစ်မမှာ စာနာထောက်ထားကြင်နာတတ်တဲ့ စိတ်ဓာတ်ရှိတာကို ဗဟိုအကြံပေးကြီးတွေက သိထားကြတော့ ဒီဇာတ်ညွှန်းရေးပြီး ဒီဇာတ်လမ်းကို ရိုက်ခဲ့ကြတာပါ။ ဗဟိုအကြံပေးကြီးတစ်ယောက်ဆို အစ်မနေတဲ့လမ်းထဲမှာတင် အမအိမ်နားမှာနေတာပါ။ ဒါကြောင့်ဒီဇာတ်လမ်းက ပီပြင်ခဲ့တာပါ။

(၁၄-၅-၂၀၀၉)နေ့မှာ အစ်မကို အင်းစိန်ထောင်ခေါ်သွားပြီး (၁၈-၅-၂၀၀၉) နေ့မှာ ပထမဦးဆုံး ရုံးချိန်းစစ်မယ်ဆိုပြီး အင်းစိန်ထောင်ထဲမှာ ရုံးပြောင်းဖွင့်လှစ်လိုက်တဲ့ ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံးမှာ စတင်စစ်ဆေးပါတယ်။ မြောက်ပိုင်းခရိုင်တရားသူကြီး ဦးသောင်းညွန့်နဲ့ ဦးညီညီစိုးတို့က ရုံးထိုင်စစ်ဆေးပါတယ်။

မေလ(၁၉)ရက်နေ့ (ဒုတိယနေ့) မေလ(၂၀)ရက် တတိယနေ့ မေလ(၂၁)ရက် စတုတ္ထနေ့ မေလ (၂၂)ရက် ပဉ္စမနေ့ မေလ (၂၅)ရက် ဆဋ္ဌမနေ့ မေလ(၂၆) သတ္တမနေ့

(၂၆-၅-၂၀၀၉) သတ္တမနေ့ ရုံးချိန်း ဒေါ်အောင်ဆန်းစုကြည်ကို စတင် စစ်ဆေးသောနေ့ မေလ(၂၆) သတ္တမနေ့ ရုံးချိန်းကို (၁၀)နာရီ ချိန်းဆိုမှု့ အဲဒီနေ့

www.burmeseclassic.com

www.burmeseclassic.com



မတိုင်ခင် နံနက် (၈ နာရီ ၂၅ မိနစ်)မှာ အင်းစိန်မြို့နယ် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် အစည်းအဝေးခန်းမ၌ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(က) ၁၀(ခ)တို့နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ခုကို အရင်ကျင်းပပါသည်။

ရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်သိန်း(ယခု ဒုတိယဝန်ကြီးဖြစ်နေ) မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ သံအမတ်ကြီးများ သံရုံး ယာယီတာဝန်ခံများ သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ရုံးမှ ခေတ္တငှားနေ ကိုယ်စားလှယ်တို့ စုစုပေါင်း (၄၅)ဦး မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ (၁၅)ဦး ပြည်တွင်း ဂျာနယ်မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင် (၁၀)ဦး ရန်ကုန်တိုင်းအတွင်းရှိမြို့နယ်များမှ ကိုယ် စားလှယ် (၂၀)ဦး ဒေါ်အောင်ဆန်းကြည်အတွက် လိုက်ပါဆောင်ရွက်နေသည့် ရှေ့နေများ အဖွဲ့မှ တရားရုံးချုပ် ရှေ့နေ ဦးလှမျိုးမြင့်တို့ အပါအဝင် (၉၁)ဦး တက်ရောက်ကြပြီး နံနက် (၈ နာရီ မိနစ် ၄၀)အချိန်မှာ ရှင်းလင်းပွဲကျင်းပပြီးစီးသည်။

သတင်းစာရှင်းလင်းပွဲကြောင့်လားမသိဘူး။ မေလ (၂၆)ရက် သတ္တမနေ့ ရုံးချိန်းကို မွန်းလွဲ(၁)နာရီမှာ စတင်ရုံးထိုင်ပြီး ကျုပ်အစ်မ (ဒေါ်အောင်ဆန်းစုကြည်)ကို စတင်စစ်ဆေးကြပါတယ်။ ကျုပ်အစ်မကလည်း တရားရုံးက စစ်ဆေးတာတွေကို ချက်နဲ့ လက်နဲ့ အပိုအလိုမရှိ တိတိကျကျ ဖြေသွားတာ တွေ့ရပါတယ်။ အမှုများကို ဆက်လက် စစ်ဆေးကြားနာရန် မေလ(၂၇)နေ့ အဋ္ဌမမြောက် ရုံးချိန်းကို နံနက် (၁၀)နာရီ ချိန်းဆိုခဲ့ပါတယ်။

အဲ ထူးခြားတာက မေလ(၂၈)ရက်နေ့ ရုံးချိန်းရှိလား၊ မရှိလား ကျုပ်တော့ မသိဘူး။ အဲဒီနေ့ နေ့လယ် (၁)နာရီလောက်မှာ ကျုပ်အစ်မခြံထဲကို အယ်လ်ဖတ်ကားသုံးစီးနဲ့ လူတစ်စု ရောက်လာတယ်။ အောက်မြန်မာနိုင်ငံ သတင်းတပ်ဖွဲ့မှူး ကာနယ်ကြီး သူရစန်းလွင်နဲ့ သူ့အဖွဲ့က လူတွေရယ်၊ တိုက်ပုံအနက်ဝတ်ထားတဲ့ လူသုံးလေးယောက် ရယ် နိုင်ငံခြားသားကြီး တစ်ယောက် (ကိုယက်တောပေါ့ဗျာ) သူ့ကို ဝဲယာလက်ထိပ်တွေ တွဲခတ်ထားထားတဲ့ ပြောက်ကျားဝတ်စုံနဲ့ လုံခြုံရေးနှစ်ယောက်ရယ် ပါတဲ့အဖွဲ့ပေါ့ဗျာ။

ကျုပ်တို့ကို လွှန်ခဲ့တဲ့ (၃)ရက်လောက်က (၂၅)ရက်နေ့ထင်တယ်။ သက်ဆိုင်ရာက (ဓာတ်မင်းသားလေးတို့က) ကျုပ်နဲ့ ကိုနီကို ခြံထဲကနေ အပြင်ထွက်ခွင့်မပြုနိုင်ဘူး လိုအပ်တဲ့စားစရာတွေ အပြင်မှာ သွားယူတာတွေ မလုပ်ပါနဲ့၊ လိုအပ်တာတွေ ကျွန်တော်တို့ လုပ်ပေးမယ်''ဆိုပြီး ပြောလာပါတယ်။ ကိုနီနဲ့ကျုပ်က တစ်ယောက်တစ်ရက်စီ အပြင် ထွက်ပြီး ကိုနီတို့အိမ်က ထမင်းဟင်းတွေ စားစရာတွေ သွားယူကြပါတယ်။ တခြား

www.burmeseclassic.com

www.burmeseclassic.com



သွားစရာရှိရင်လည်း သွားကြပါတယ်။ ညနေ (၆)နာရီ ခြံထဲ ပြန်လာကြရပါတယ်။ အဲဒါက အစ်မကို အင်းစိန်ထောင် အပို့ခံရပြီးထဲက အစ်မခြံထဲ အစ်မအိမ်မှာ စောင့်ရှောက်နေကြတာပါ။ ကျုပ်က ဇာတ်မင်းသားလေးတို့ကို "ဘာဖြစ်လို့ မထွက်ရတာလဲ"ပြန်မေးတော့ "သက်ဆိုင်ရာလူကြီးတွေက ခင်ဗျားတို့ကို လာတွေ့ကြလိမ့်မယ်။ ဒါကြောင့် နှစ်ယောက်စလုံးရှိမှဖြစ်လို့ အပြင်မထွက်နိုင်းတာပါ" လို့ ပြန်ပြောတယ်။ လူကြီးတွေ လာမယ်ဆိုတော့လည်း လေးစားရမှာပေါ့။ ကောင်းပြီဆိုပြီး စောင့်တယ် လိုအပ်တဲ့ စားစရာတွေ ဇာတ်မင်းသားလေးတို့အဖွဲ့ကို ဝယ်ခိုင်းရပါတယ်။ သူတို့ကလည်း ဝယ်ပေးပါတယ်။ တစ်ရက်စောင့်တယ် မလာဘူး။ နှစ်ရက်စောင့်တယ် မလာဘူး။ သုံးရက်မြောက်တဲ့နေ့မနက်လည်းကျရော ဇာတ်မင်းသားလေးတို့နေတဲ့ အရှေ့ကခြံကို ကျုပ်သွားတွေ့တယ်။

"ခင်ဗျားတို့ ဘယ်လိုလုပ်တာလဲ၊ လာတွေ့မယ်ဆိုလို့ စောင့်နေတာ (၃)ရက်ရှိပြီ၊ ကျုပ်တို့ အပြင်မထွက်ရဘူး။ အကျယ်ချုပ်သဘော လုပ်နေတာလား။ ဒါဆို ညနေ ကျုပ် အပြင်ထွက်မယ်၊ ခင်ဗျားတို့ ဖမ်းချင်ရင်ဖမ်း မတတ်နိုင်ဘူး"ဆိုပြီး ပြောတော့ ဇာတ်မင်းသားလေးတို့က "ဒီနေ့ ကျိန်းသေလာမှာပါဗျာ၊ လူကြီးတွေလာပြီးသွားရင် ခင်ဗျားတို့ အပြင်ထွက်နိုင်ပါတယ်"လို့ ပြန်ပြောပါတယ်။

"ကောင်းပြီ ဒါဆို ကျုပ်တို့စောင့်မယ်၊ မလာရင်တော့ ကျုပ်အပြင်ထွက်မှာပဲ" လို့ ပြန်ပြောခဲ့ပြီး စောင့်နေတာ (၁)နာရီမှာ အခုလို ကားသုံးစီးနဲ့ ရောက်လာတာပါပဲ။

ကားပေါ်ကဆင်းလာတာက ကာနယ်ကြီး သူရစန်းလွင်(သူက သတင်းတပ်ဖွဲ့ရဲ့ အောက်မြန်မာနိုင်ငံတာဝန်ခံပါ၊ ကျုပ်က ကျုပ်အစ်မအတွက် နေ့စဉ် နားရက်မရှိ လုပ်ပေးနေရတော့ သက်ဆိုင်ရာလူကြီးတွေနဲ့ ပြောဆိုဆက်ဆံနေရပါတယ်။ သိနေကြပါတယ်။ သတင်းတပ်ဖွဲ့မှူး၊ ဒုတိယသတင်းတပ်ဖွဲ့မှူး အောက်မြန်မာနိုင်ငံတာဝန်ခံတို့ဆိုတာ ဒေါ်အောင်ဆန်းစုကြည် လိုအပ်တာမှန်သမျှ တာဝန်ခံပြီး စီစဉ်ပေးနေရတဲ့ လူကြီးတွေဆိုတော့ ကျုပ်နဲ့ပါ သိရတဲ့သဘောပါ၊ ကာနယ်ကြီး သူရစန်းလွင်က ဥပတိရုပ် ကောင်းကောင်းနဲ့ ဆက်ဆံရေး ကောင်းမွန်တဲ့ အရာရှိကြီးတစ်ဦးပါ) ကာနယ်ကြီး သူရစန်းလွင်က –

"KMS ရေ အမှုစစ်နေတဲ့ တရားသူကြီးတွေက မစွတာယက်တော ဒီခြံထဲကို ဘယ်ကနေ ဘယ်လိုဝင်လာတယ်။ ဘယ်မှာ နေသွားတယ်ဆိုတာတွေ ဝင်ရောက်ခြင်း ပြန်လည်ထွက်ခွာခြင်းတွေ ရှင်းရှင်းလင်းလင်း သိဖို့အတွက် လာစစ်ဆေးတာပါဗျာ"လို့ ပြောဆိုပါတယ်။

ကျုပ်လည်း အဲဒီတော့မှ (ကိုယ်တော်ချော ယက်တော)ကို မြင်ဖူးတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အရပ်ရှည်ရှည် ဒေါင်ကောင်းကောင်း ခပ်ဝဝ အသက်ကြီးကြီးဗျ (ကျုပ်ထက်တော့ ၃ နှစ် ငယ်တယ်) ကားပေါ်မှာ ပါလာတဲ့ လူအုပ်စုကြီးကို (ကိုယက်တော)က ဦးဆောင်ပြီး အစ်မ အိမ်အနောက်ဘက် ကန်စပ်ဘက်ကို ခေါ်သွားတယ်။ ကျုပ်လည်း အိမ်တံခါး သော့ပိတ်ပြီး လိုက်သွားတယ်။ အစ်မခြံနဲ့ ဘေးခြံကြားမှာ အုတ်တံတိုင်းကာထားတယ်။ အုတ်တံတိုင်းက ကန်စပ်နေရာမှာ (၈'–၉'–၁၀')လောက် အမြင့်ရှိပြီး အပေါ်လမ်းမဘက် နေရာဘက်မှာတော့ (၅'–၆')အမြင့်လောက်ရှိတဲ့ အုတ်တံတိုင်းပါ၊ အဲဒီဘေးခြံက အစိုးရပိုင် နိုင်ငံတော်ပိုင်ခြံပါ။ ယခင် မဆလခေတ်က ဆိုဗီယက်သံအမတ်ကြီးအိမ်အဖြစ် ငှားထား တာပါ၊ အစ်မပြန်လွတ်မြောက်လာတဲ့ (၁၉၉၅) ခုနှစ်ကစပြီး နဝတခေတ်မှာ ရန်ကုန်မြို့တော်ဝန်နေအိမ်ဖြစ်လိုက် ဒုတိယမြို့တော်ဝန်နေအိမ်ဖြစ်လိုက်နဲ့ (၂၀၀၉) ခုနှစ်ကျတော့ မီးရထားရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတစ်ယောက်နေတဲ့အိမ် ဖြစ်သွားပြန်ရော (အခုတော့ ဘယ်သူနေလဲမသိပါ) လူကြီးတွေ နေတဲ့အိမ်ဆိုတော့ ရေကင်း၊ နောက်ကင်း တွေ ချထားတာတွေ တွေ့ရပါတယ်။ နောက်ကင်းကတော့ ရေကန်စပ် ရေထဲမှာ ကင်းရုံ သဘော လှေစီးတဲ့လှေဆိပ်သဘော တွေ့ရပါတယ်။

(ကိုယက်တော)က သူဝင်လာတဲ့နေရာပြတဲ့အခါ ခြံနှစ်ခြံရဲ့ အုတ်တံတိုင်းအစွန် ကင်းရုံဘေးက ဝင်လာတာကို ပြပါတယ်။ သူပြောဆိုတာကို မိဖ(နိုင်ငံခြားရေးရာဌာန) တံဆိပ်တပ်ထားတဲ့သူ တစ်ယောက်က စကားပြန်အဖြစ် တရားသူကြီးတွေကို ပြန်ပြော ပြတာ တွေ့ရပါတယ်။

(ကိုယက်တော)က သူကန်အစပ်အုတ်တံတိုင်းဘေးက ကပ်ပြီး မှောင်ရိပ်ခိုပြီး ဝင်လာခဲ့ပုံ သရုပ်ပြပါတယ်(အသားဖြူဖြူ အရပ်ရှည်ရှည် နိုင်ငံခြားသားတစ်ဦး ရေထဲက တက်လာပြီး ကင်းရုံဘေးက ဖြတ်သွားတာကို ကင်းသမားရဲဘော်လေးတွေ တစ်ယောက် မှမမြင်တာ အံ့ဩစရာပါပဲ)

(ကိုယက်တော)က ရေထဲက တက်လာပြီး ခြံနှစ်ခြံရဲ့ ကန်အစပ် အုတ်တံတိုင်း ဘေးက မှောင်ရိပ်ခို ကပ်လျှောက်လာပြီး အစ်မအိမ်ရဲ့ ရေစင်နဲ့ တည့်တည့်နေရာကနေ ဖြတ်ပြီး အိမ်ဘက်ကို လာတာသရုပ်ပြပါတယ်။ ရေစင်ရဲ့ အနောက်တည့်တည့် အိမ်ဘက် မှာ (အပေါ်ထပ်ကို တက်တဲ့ လှေကားတစ်စင်း ရှိပါတယ်၊ သံဇကာအလုံပိတ်ကာပြီး တံခါးနဲ့ သော့ခတ်ထားတာပါ။ အပေါ်ထပ် တက်မရပါ။) လှေကားရဲ့အောက်မှာ အသေးစား စတိုခန်းလေးတစ်ခု ရှိသည့်အတွက် အဲဒီဘေးမှာ လှေကားခွင်လေးတစ်ခုလို ဖြစ်နေပါတယ်။ အဲဒီ နေရာကို (ကိုယက်တော)က လာတာပါ။ အရှေ့မှာ မီးဖိုခန်းရှိတော့ မီးဖိုခန်းအဝင်အထွက်ကို အဲဒီနေရာကနေ မြင်ရပါတယ်။ (ကိုယက်တော)က အဲဒီနေရာ စတည်းချပြီး မီးဖိုခန်းအဝင်အထွက်ကို ကြည့်မှာပေါ့ဗျာ(မီးဖိုခန်းဘေးက အခန်းလေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ဝင်း တို့ သားအမိကနေတာလေ) (ကိုယက်တော) က ပြောလည်းပြော၊ သရုပ်လည်းပြပေါ့ဗျာ။

အဲဒီအချိန်မှာ ကျုပ်က အိမ်ရှေ့ကို ပြန်သွားပြီး သော့ဖွင့်၊ အိမ်ထဲဝင် အခန်းတွေ အားလုံး တံခါးပိတ်ပြီး မီးဖိုခန်းလေးထဲဝင် တံခါးကို စေ့ထားပြီး ချောင်းကြည့်ရတာပေါ့ (နောက်ဖေးတံခါးက နဂိုကတည်းက သော့ခတ်ထားပါတယ်) အဲဒီမှာ ကျုပ်ကို အော်ခေါ်နေသံ ကြားရပါတယ်။ ကျုပ်လည်း မီးဖိုခန်းလေးထဲက ထွက်ပြီး နောက်ဖေးတံခါးဝနားကပ်ပြီး မေးတော့ ကာနယ်ကြီး သူရစန်းလွင်က

"KMS ရေ မစ္စတာယက်တောက သူဝင်လာတဲ့ အပြင်လမ်းကြောင်းကိုတော့ ပြပြီးပြီ အိမ်ထဲမှာ သူနေထိုင်ခဲ့တဲ့ နေရာတွေပြဖို့ ကျန်သေးတယ်။ အဲဒါ ဝင်ခွင့်ပြုပါ" ဆိုပြီး ပြောလာတယ်။ အဲဒီတော့ ကျုပ်က ပြန်ပြောလိုက်တယ်။

"အလာတုန်းက ကာနယ်ကြီးပြောတော့ ဝင်တဲ့လမ်းကြောင်းကို လာစစ်ဆေးတာ သရုပ်ပြတာဆိုပြီး ကျွန်တော့်ကို ပြောတယ်လေ။ အိမ်ထဲ မပါပါဘူးလို့ ပြောတယ်လေ" ဆိုပြီး ပြန်ပြောလိုက်တော့ တိုက်ပုံအနက်နဲ့ တရားသူကြီးက

"ဘယ်နေရာမှာ၊ ဘယ်လိုနေလဲ၊ ဘယ်လို ပြန်ထွက်လဲဆိုတာတွေကပါ သိချင်ပါတယ်"လို့ ပြန်ပြောပါတယ်။ "အစ်မ အိမ်ကို ကျွန်တော်တို့ကလွဲပြီး သူစိမ်းတွေ ဝင်တာထွက်တာ အစ်မက မကြိုက်ဘူး"ကျုပ်က ပြန်ပြောတော့ လူအုပ်ရဲ့နောက်မှာ ရပ်နေတဲ့ ကိုနီက ဝင်ခွင့်ပေးလိုက်ဖို့ အချက်ပြနေတယ်။ ကျုပ်လည်း စဉ်းစားတယ်။ ကိုနီက အကြီး ကျုပ်က အငယ်၊ အကြီးလုပ်တဲ့သူက ဝင်ခွင့်ပြုဖို့ အချက်ပြနေတော့လည်း ကျုပ် နောက်ဖေး မီးဖိုခန်းတံခါးသော့ကို ဖွင့်ပေးလိုက်တယ်။ အားလုံး အုပ်စုလိုက်ကြီး ဝင်ချလာတယ်။ ကျုပ်က အခန်းတံခါးတွေအားလုံး ပိတ်ထားတော့။ အဲဒါကို တချို့က အခန်းတံခါးတွေ ဖွင့်ခိုင်းတယ်။ ကျုပ်က ဖွင့်မပေးဘူး။

"ခင်ဗျားတို့သိချင်တာ ယက်တောနေတဲ့နေရာမို့လား"ဆိုပြီး (ကိုယက်တော) နေခဲ့တဲ့ အခန်းကို ဖွင့်ပေးလိုက်တယ်။ ကိုယက်တောက သူနေခဲ့တဲ့နေရာ သူအိပ်ခဲ့တဲ့ နေရာ ပြောပြနေတယ်။ သူ့ဆီက ဖမ်းမိခဲ့တဲ့ ကင်မရာထဲက ပုံတွေ ကူးယူပြီး ဖိုင်တွဲလုပ်ထားတဲ့ပုံတွေပြပြီး မေးမြန်းနေတာ တွေ့ရပါတယ်။

အဲဒီအချိန်မှာ (ကိုယက်တော)က မောပန်းနေတဲ့ပုံစံ ဖြစ်နေပါတယ်။ တရားသူကြီးတစ်ဦးက "မစ္စတာယက်တော မောပန်းနေပါတယ်။ ရေသောက်ချင်တယ်လို့ ပြောတယ် ရေလေးနည်းနည်းလောက် တိုက်စေချင်ပါတယ်"လို့ ပြောပါတယ်။ အဲဒီအချိန်မှာ ကျုပ်က အားလုံးရဲ့ ရှေ့မှာ ရပ်နေတော့ လူအုပ်နဲ့က ထွက်လို့မရ ဖြစ်နေပါတယ်။ (ကိုယက်တော)နဲ့ လက်ထိပ်အတူတူခတ်ထားတဲ့ ပျောက်ကြားဝတ်စုံဝတ် လုံခြုံရေးက

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်နဲ့ ယက်တောလက်ကို မြှောက်လိုက်တော့မှ ယက်တောရဲ့ ချိုင်းကြားအောက်ကနေ ဖြတ်သွားရပြီး မီးဖိုခန်း ရေခဲသေတ္တာထဲက ရေပုလင်းနဲ့ ဖန်ခွက်ယူပြီး ယွန်းဗန်းလေးထဲ ထည့်ယူလာပါတယ်။ (ဒါက ကျုပ်အစ်မအိမ်ရဲ့ ထုံးစံပါ) မီးဖိုချောင်တံခါးဝနားမှာ စောင့်နေတဲ့ လုံခြုံရေးအရာရှိက သိနေတဲ့သူ ဖြစ်နေတော့

"ဒီမယ် ကျုပ်အစ်မက (ကိုယက်တော)ကို ကူညီလို့ဆိုပြီး အင်းစိန်ထောင်ရောက်သွားပြီ၊ အခုလည်း ယက်တောက ရေဆာနေလို့ ရေလာယူတာ ကျုပ်ကိုတော့ အမှုမတွဲပါနဲ့နော်"လို့ပြောတော့ လုံခြုံရေးအရာရှိက ရယ်နေတယ်။ ရေယူလာပြီး ယက်တောကို တိုက်တော့ သောက်တယ်။ ရေဘူးပြန်ထားမလို့အလုပ်မှာ တရားသူကြီးတွေက "သူတို့လည်း သောက်ချင်ပါတယ်"လို့ ပြောတာနဲ့ သူတို့အတွက် ရေဘူးဖန်ခွက်တွေ သွားယူပြီး တိုက်လိုက်ပါတယ်(မြောက်ပိုင်းခရိုင် တရားသူကြီး ဦးသောင်းညွန့်နဲ့ ဦးညီညီစိုးတို့ ဒေါ်အောင်ဆန်းစုကြည် အိမ်က ရေသောက်ဖူးသွားတာပေါ့နော်၊ ဒါကြောင့်လားမသိ လျှော့လျှော့ပေါ့ပေါ့နဲ့ ထောင်ဒဏ် ၃ နှစ် ချလိုက်တယ်နဲ့ တူတယ် ဟဲ ဟဲ)

(ကိုယက်တော)က အစ်မအိမ်ဧည့်ခန်းထဲကနေ ဆီဒိုးနားဟိုတယ်ကို ဓာတ်ပုံလှမ်းရိုက်ခဲ့တဲ့ ပုံတွေပြပြီး ရှင်းပြနေတာတွေ့ရပါတယ်။ ကိုယ်တော်ချောက အကြံနဲ့လာတာကိုး။

ဆီဒိုးနားဟိုတယ်ပုံကို ဘာရိုက်စရာလိုလဲ အပြင်ကနေ အင်းလျားကန်စောင်းကနေ ရိုက်လည်းရတာပဲ။ အစ်မကို အမှုတွေတွဲဖို့ သက်သေရအောင် အိမ်ထဲကနေ ဆီဒိုးနားဟိုတယ်ပုံတွေ ဓာတ်ပုံရိုက်တာကိုး။

ဒီနေရာမှာ ကျုပ် စဉ်းစားနေမိတယ်။ အစ်မအိမ် ကန်စပ်ကနေ အုတ်တံတိုင်းဘေးက ကပ်ပြီးဝင်လာတယ်။ အိမ်နောက်ဘက် မီးဖိုချောင်နားအထိဆို ပေ(၇၀) လောက်ပဲရှိမယ်။ ရှိုးရှိုးလမ်းလျှောက်ပြီး ရှင်းပြနေတာ အိမ်ထဲမှာ ရှင်းပြနေတာ အဲဒါကို (ကိုယက်တော) က သူ့မှာ မောလှနေပြီ။

(၆–၅–၂၀၀၉)နေ့ နံနက် (၅ နာရီ ၃၀ မိနစ်) အချိန် ပြည်လမ်း တံတားဖြူကားမှတ်တိုင်အနီး ဓမ္မာရုံလမ်းထိပ်တည့်တည့်ရှေ့ ကန်သာယာဆေးရုံဟောင်းအနီး IBC ခန်းမနောက်က ရေပြင်မှာ ပစ္စည်းထုတ်တစ်ခု မျောနေတာကို အမှတ်(၇) ရဲတပ်ရင်းမှ လုံခြုံရေးတာဝန်ကျနေသည့်ရဲ ဒုတိယတပ်ကြပ် မျိုးလွင်က တာဝန်ကျအရာရှိ ရဲအုပ်သန်းနိုင်ကို သတင်းပို့သဖြင့် သွားရောက်ကြည့်ရှုရာ ကမ်းစပ်နှင့် ကိုက်တစ်ရာခန့်အကွာတွင် အထုပ်တစ်ထုပ်ကိုတွေ့ရှိပြီး အထုတ်နှင့်အတူ လူတစ်ယောက်ပါ ပါလာတာ ဧည့်ရဲ ကုန်းပေါ်သို့ ဆယ်ယူပြီး ဘယ်သူလဲလို့ စစ်ဆေးမေးမြန်းရာ Mr.John Willian Yettaw ဟု ပြောကြောင်း (၂၀၀၉ ခုနှစ် မေလ (၁၉)ရက် (ဒုတိယနေ့) စစ်ဆေးချက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်သန်းနိုင်ရဲ့ ထွက်ဆိုချက်)

ကုက္ကိုင်းထိပ်နား ဒေါ်အောင်ဆန်းစုကြည်အိမ်နောက်က အင်းလျားကန်စပ်ရေပြင်ကနေ (၅-၅-၂၀၀၉)နေ့ ည(၁၀)နာရီကျော် အချိန်က စတင်ကူးခတ်သွားတာ ပြည်လမ်းတံတားဖြူမှတ်တိုင်အနီးက ရေပြင်ရောက်တော့ (၆-၅-၂၀၀၉)နေ့ နံနက် ၅ နာရီ ၃၀ မိနစ် ရှိနေပြီ ဘာ့ကြောင့် မောပန်းခြင်း မရှိရပါသလဲ။ (အဲဒီနေရာနှစ်ခုက ရေမိုင်အားဖြင့် (၂)မိုင် (၂)မိုင်ကျော်ကျော်လောက် ရှိမည်ထင်ပါသည်) ခြံထဲဝင်လာစဉ်တုန်းက ရောဂါဝေဒနာ ခံစားနေရတဲ့ပုံစံကို ပြပါတယ်။ အခု ရေမိုင် (၂)မိုင်ကျော်ရှိတာကို ဘယ်လို ကူးခတ်ခဲ့ပါသလဲလို့ မေးစမ်းချင်ပါသည်။ (ကေန္တ တော့ ကေန္တပဲဗျ)

နောက် စဉ်းစားမိတာတစ်ခုက အခုလို အမှုစစ်ဆေးနေတဲ့ တရားသူကြီးတွေရယ် အာဏာပိုင်အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေရယ် (ကိုယက်တော)ရဲ့ ရှေ့နေ ဦးခင်မောင်ဦးတို့ရယ် ဟာ တရားခံဖြစ်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အိမ်ခြံဝင်းထဲ (အခင်းဖြစ်ပွားရာနေရာ)ကို လာရောက်ကြည့်ရှုစစ်ဆေးတာကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတွေ (ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်း) တစ်ယောက်မှ မပါလာတာက ဘာကြောင့်ပါလဲဆိုတာ စဉ်းစားနေမိတယ်။ အမှုက တစ်တွဲတည်းပဲဥစ္စာ (ကျုပ်က ဥပဒေကိုတော့ နားမလည်ပါဘူး)။

■

www.burmeseclassic.com

www.burmeseclassic.com

## တို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ယာဉ်တန်းကို တားဆီးရမယ် ဖြစ်တဲ့နည်းနဲ့ တားဆီးရမယ် (ဒီပဲယင်း (၁၂)နှစ်ပြောက်နှစ်ပတ်လည်) တရားခံဘယ်သူလဲဟေ့

ဟိုတလောက မော်ဝန်းသား ဦးခင်ညွန့်(ဗိုလ်ချုပ်ကြီးဟောင်း) ရေးတဲ့ 'ကြုံတွေ့ခဲ့ရ ကျွန်တော့်ဘဝအထွေထွေ'ဆိုတဲ့ စာအုပ်ကို ဖတ်ရှုရပါတယ်။ ပန်းမျိုးတစ်ရာ စာပေက မတ်လ (၁)ရက်နေ့မှာ ထုတ်ဝေဖြန့်ချိခဲ့တာပါ။ အဲဒီစာအုပ်မှာ ဒီပဲယင်းကိစ္စနဲ့ ပတ်သက်ပြီး စီစဉ်ညွှန်ကြားခဲ့တဲ့သူဟာ ဘယ်သူစီစဉ်တာကို ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့်က ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ဒါက သမိုင်းဝင်စကားပါ။

ကျုပ်က နိုင်ငံရေးဆို စိတ်ဝင်စားတတ်တော့ နိုင်ငံရေးအရကို ဟောတတ်ပြောတတ်တဲ့သူဆိုလည်း စိတ်ဝင်စားတယ်လေ။ ကျုပ်တို့နိုင်ငံမှာ နိုင်ငံ့အရေးဟောပြောတဲ့ နိုင်ငံရေးသမားတွေ ပေါ်ပေါက်ခဲ့တဲ့ခေတ်က ကျုပ်က ချာတိတ်ပဲ ရှိသေးတာလေ ကျုပ်(၁၀)နှစ်သားလည်းရောက်ရော ကျုပ်တို့တိုင်းပြည်မှာ နိုင်ငံရေးပါတီတွေ မရှိတော့ဘူးဗျ။ နိုင်ငံရေးပါတီမရှိတော့ နိုင်ငံရေးသမားလည်း ဘယ်ရှိတော့မှာလဲ။ နိုင်ငံရေးပါတီဆို ဖျက်သိမ်းပစ် နိုင်ငံရေးသားဆို ထောင်ထဲမှာထားတာဆိုတော့ နိုင်ငံရေးတရားဟောတာ ဘယ်လာမြင်ဖူးမှာလဲ။ နိုင်ငံရေးနဲ့ပတ်သက်ရင် စာပေကအစ ရေးသားထုတ်ဝေခွင့်လည်း ပိတ်ပင်ထားတဲ့ခေတ်ကြီးမှာ ကြီးပြင်းလာရတဲ့သူပါ။ စာဖတ်ရတာကို ပျော်မွေ့တဲ့အတွက် ထိုခေတ်တွေတုန်းက နိုင်ငံရေးပါတီတွေနဲ့ နိုင်ငံရေးသမားတွေ တိုင်းပြည်အုပ်ချုပ်စဉ်တုန်းက ထုတ်ဝေရေးသားခဲ့တဲ့ စာပေတွေကို ရှာကြံလေ့လာပြီး ဖတ်ရတာပေါ့ဗျာ။ ကျောင်းသားသမဂ္ဂခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့ဖူးတဲ့ ကိုအောင်ဆန်းအကြောင်းတွေ၊ ဒို့ဗမာအစည်းအရုံးက နိုင်ငံရေးသမားတစ်ဦးဖြစ်ခဲ့ဖူးတဲ့ သခင်အောင်ဆန်းအကြောင်းတွေ၊ တပ်မတော်ကြီး ပေါ်ပေါက်လာအောင် ပြုစုပျိုးထောင်ခဲ့တဲ့ တပ်မတော်ဖခင်ကြီး ဗိုလ်တေဇအကြောင်းတွေဖတ်ရင်းနဲ့ မြန်မာနိုင်ငံရေးဟာ ကျောင်းသားတွေက စခဲ့တယ်ဆိုတာ သိခဲ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတွေရဲ့ သမိုင်းဝင်အဖြစ်အပျက်တွေက သက်သေခဲ့ပါတယ်။ ဘယ်သူမှ ငြင်းဆို၍မရပါ။

နိုင်ငံရေးအတွက် နိုင်ငံရေးစကားပြောတတ် ဟောတတ်တာကလည်း အရပ်သား တွေပါ၊ ကျောင်းသားတွေပါ ကျောင်းသားက စာပေလေ့လာတော့ အမြင်ကျယ်လာတယ်၊ နိုင်ငံရေးစကားပြောတတ်လာတယ်။ အရပ်သားအနေနဲ့ နိုင်ငံရေးသမားဘဝ ခံယူပြီး တူရာတူရာတွေစုပြီး နိုင်ငံရေးလုပ်တယ်။ နိုင်ငံရေးလုပ်ရင်တော့ ဟောပြောရမှာပဲ စည်းရုံးရမှာပဲ၊ ဟောပြောတာကောင်းတဲ့သူ၊ စည်းရုံးတာကောင်းတဲ့သူဆို လူထုက ထောက်ခံမှာပဲ၊ လူထုထောက်ခံမှ ထင်ရှားတဲ့နိုင်ငံရေးသမား ဖြစ်မှာပါ။ ထင်ရှားတဲ့ နိုင်ငံရေးသမားဆို တိုင်းပြည်ခေါင်းဆောင်တင်မြှောက်ကြပါတယ်။ နိုင်ငံတကာမှာလည်း ကြည့်နိုင်ပါတယ်။

ကျုပ်တို့ တိုင်းပြည်မှာ ထင်ရှားတဲ့ နိုင်ငံရေးသမားဆိုတာ (၁၉၆၂) ခုနှစ်ကစပြီး မပေါ်ပေါက်တော့ပါဘူး။ ပျောက်ကွယ်သွားခဲ့ပါတယ်။ (၂၆)နှစ်တိုင်တိုင်ပါပဲ။

(၁၉၈၈) ခုနှစ်ရောက်မှ ကျောင်းသားတွေက စလိုက်တော့မှပဲ နိုင်ငံရေး ခေါင်းဆောင်တွေ ပေါ်ထွက်လာခဲ့ပါတယ်။ (မြန်မာ့နိုင်ငံရေးဟာ ကျောင်းသားတွေက စခဲ့လို့ ပေါ်ပေါက်လာခဲ့တယ်ဆိုတာ သက်သေပါပဲ)

အဲဒီမှာ ထင်ရှားလာတဲ့ တစ်ယောက်ကတော့ ရန်ကုန်တက္ကသိုလ် ကျောင်းသား သမဂ္ဂ ခေါင်းဆောင်ဟောင်းနဲ့ ဗိုလ်ဗမာအစည်းအရုံးက နိုင်ငံရေးခေါင်းဆောင် တပ်မတော် ကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ဖခင် သခင်အောင်ဆန်းရဲ့ တစ်ဦးတည်းသောသမီး ဒေါ်အောင်ဆန်းစုကြည်ဖြစ်ပါတယ်။ နိုင်ငံရေးသမားလုပ်ပြီဆိုရင် ဟောတာပြောတာ တွေလုပ်မှ လူထုက သိမှာပါ။ ဒါက စည်းရုံးရေးပါ။ စည်းရုံးတာအောင်မြင်မှ လူထုက ထောက်ခံမှာပါ။ လူထုထောက်ခံမှ မဲရရှိပြီး အနိုင်ရမှာပါ။ အနိုင်ရမှ အစိုးရဖွဲ့ကာ တိုင်းပြည်အုပ်ချုပ်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ သခင်အောင်ဆန်းလည်း ဒီလိုနည်းနဲ့ လူထုခေါင်းဆောင် အမျိုးသားခေါင်းဆောင်ကြီး ဖြစ်လာတာပါ။ အဲဒါကို စံနမူနာယူပြီး သမီးဖြစ်သူကလည်း ဖအေ့သွေး ၉၀% ကျော် ပါလာလို့လားမသိဘူး (၁၉၈၈)ခုနှစ် ဩဂုတ်လ(၂၃)ရက်နေ့မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုဌာနရှေ့က လေးထောင့်သံစည်ပိုင်းကြီးပေါ် တက်ပြီး လူထုကို မိန့်ခွန်းဟောပြောရာကနေ နိုင်ငံရေး သမား ဘဝကို စတင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယအကြိမ်အဖြစ် (၁၉၈၈)ခုနှစ် ဩဂုတ် (၂၆)ရက်နေ့မှာ ရွှေတိဂုံဘုရားအနောက်ဘက်မုဒ်မှာ မိန့်ခွန်းပြောကြားတာ လူ (ငါး)သိန်း ကျော် တက်ရောက်ခဲ့ပါတယ်။ အဲဒီကစလို့ နိုင်ငံရေးလောကထဲ ဝင်ရောက် ပြီ (၁၉၈၈) ခုနှစ် စက်တင်ဘာလ (၂၇)ရက်နေ့မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထူထောင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အထွေထွေအတွင်းရေးမှူးတာဝန် ထမ်းဆောင်ခဲ့ပါတယ်။

ဖခင်ဖြစ်သူ သခင်အောင်ဆန်းအတိုင်း (၁၉၈၈)ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလတွေမှာ နိုင်ငံအနှံ့စည်းရုံးရေးဆင်းပြီးဟောပြောခဲ့တယ်။ ဖခင်ခေတ်ကလိုပဲ လူထုထောက်ခံအားပေးမှုတွေကို ရရှိလာတာကို မြင်တွေ့ရတော့ စစ်အာဏာရှင်တစ်စုက မလိုလားမနှစ်သက်ခဲ့ကြပါဘူး။ ဒါကြောင့် (၁၉၈၉)နှစ် မတ်လ၊ ဧပြီလ ဧရာဝတီတိုင်း စည်းရုံးရေးခရီးစဉ်၊ ပုသိမ်နဲ့ ဓနုဖြူမြို့တို့မှာ နှောင့်ယှက်ဟန့်တားမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ပုသိမ်မြို့တွင်းခရီးစဉ်မှာ တားဆီးလို့ စက်ဘီးစီးပြီး စည်းရုံးရေးဆင်းခဲ့ပါတယ်။ လမ်းလျှောက်ပြီး စည်းရုံးရေးဆင်းခဲ့ပါတယ်။ သွားလာလို့ မရအောင် ပိတ်ဆို့တားဆီးကြပါတယ်။ အဆိုးဆုံးကတော့ ဓနုဖြူမြို့ မြို့လယ်လမ်းမပေါ်မှာ ဗိုလ်ကြီးမြင့်ဦးဆိုသူက လမ်းမပေါ်မတက်ရ၊ မလျှောက်ရ၊ တက်ရင်၊ လျှောက်ရင် သေနတ်နဲ့ပစ်မယ်တကဲကဲလုပ်နေလို့ တာဝန်ရှိတဲ့ မဝတဥက္ကဋ္ဌ ဗိုလ်မှူး တင်ဖေအေးဆိုသူအမြန်ဆုံးလာရောက်တားဆီးတာကို "အမိန့်ပေးထားလို့လုပ်တာကို တားဆီးရပါ့မလား"ဆိုပြီး စိတ်ဆိုးစွာနဲ့ အကျီပုခုံးပေါ်က ဘားတန်းဆွဲဖြုပြီး စောဒက တက်ခဲ့ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးအပေါ်မှာ တပ်မတော်အရာရှိတစ်ဦးရဲ့ မဆင်မခြင်စဉ်းစားဉာဏ်မရှိစွာနဲ့ ဆုံးဖြတ်တာဟာ အကြီးမားဆုံး မှားယွင်းမှုပါပဲ (Hot News ဂျာနယ်မှာ အထက်ပါအဖြစ်အပျက်ကို လေးစားဖွယ်ကောင်းသော တပ်မတော်အရာရှိကြီးတစ်ဦးဖြစ်တဲ့ စာရေးဆရာ ဗိုလ်မှူးကြီးအောင်မြင်သူက ပြန်လည်ရေးသားထားပါတယ်) ဒီပဲယင်းလုပ်ကြံမှု စိတ်ဓာတ် ရည်ရွယ်ချက်တွေဟာ ဓနုဖြူကစခဲ့တဲ့ အခြေခံအကြောင်းတရားတွေပါပဲ။

(၁၉၈၉) ခုနှစ် ဇူလိုင်လ(၂၀)ရက်နေ့ရောက်တော့မှပဲ နိုင်ငံရေးသမား ဒေါ်အောင်ဆန်းစုကြည်ကို စည်းရုံးရေးဟောပြောလို့မရအောင် စည်းရုံးရေးဆင်းလို့မရအောင် ပုဒ်မ ၁၀(ခ) တပ်ပြီး နေအိမ်အကျယ်ချုပ် ချလိုက်ပါတယ်။ ပုဒ်မ ၁၀(ခ) ဟာ ဥပဒေအရ (၃)နှစ် ဖြစ်သော်လည်း (၁၉၉၁)ခုနှစ်မှာ (၅)နှစ်လို့ ပြောင်းလိုက်ပါတယ်။ နေရတာက (၆)နှစ်ပြည့်ဖို့ (၁၀)ရက် အလိုထိနေခဲ့ရပြီး (၁၉၉၅)ခုနှစ်၊ ဇူလိုင်လ(၁၀)ရက်နေ့ကျမှ ပြန်လည်လွတ်မြောက်ခဲ့ပါတယ်။ နိုင်ငံရေးသမား သခင်အောင်ဆန်းရဲ့သမီး ဒေါ်အောင်ဆန်းစုကြည်ဟာ ခြံရှေ့မှာ လူထုနဲ့ တွေ့ဆုံပြီး ဟောပြောပွဲ အပတ်စဉ် စနေ၊ တနင်္ဂနွေနှစ်ရက် ပြုလုပ်ခဲ့ပါတယ်။ နိုင်ငံရေးသဘောတရားကို နားမလည်၊ နိုင်ငံရေးသမားမဟုတ်တဲ့ ကျောင်းသားသမဂ္ဂတောင် မသိတဲ့ သူတွေက တားဆီးပိတ်ဆို့မှုတွေ ပြုလုပ်လာပြန်ပါတယ်။ (၁၉၉၆)ခုနှစ်၊ မေလကစပြီး တားဆီးပိတ်ဆို့မှုတွေ လုပ်လာပြန်ပါတယ်။ နိုင်ငံရေးသမားက နိုင်ငံရေးစကားမပြောရဘူး၊ မဟောရဘူးဆိုတာက အဓိပ္ပာယ်တော့ သိပ်မရှိပါဘူး။ အခုအချိန်အထိကို မရှိတာပါပဲ (နိုင်ငံရေးပါတီစုံက နိုင်ငံရေး သမားတွေ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိနေတဲ့ ပါလီမန်ဝင်းကြီးထဲက နေရာတစ်ခုမှာ နိုင်ငံရေးစကား မပြောရ၊ အစည်းအဝေးမလုပ်ရဆိုတော့ အမတ်မင်းတွေက ဘာတွေလဲ နိုင်ငံရေးသမား မဟုတ်ဘူးလား)

(၁၉၉၆) ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်နေ့မှာ တက္ကသိုလ်ရိပ်သာလမ်းကို ပိတ်ဆို့ထားပြီး ညနေ (၄)နာရီကျော်လောက်မှာ ခြံထဲက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကားနှစ်စီးရယ်၊ လုံခြုံရေးအရာရှိအဖွဲ့ ကားနှစ်စီး၊ စုစုပေါင်း ကားလေးစီးကို ကမ္ဘာအေးလမ်းမပေါ် ကုက္ကိုင်းကားမှတ်တိုင်အနီးမှာ ကမ္ဘာအေးလမ်းမကြီးကို ပိတ်ဆို့ထားပြီး လူနှစ်ရာခန့်ရှိတဲ့ စွမ်းအားရှင် (ယခု လက်ပတ်နီ) လူတစ်စုက တုတ်၊ ဓား၊ သံချိန်းကြိုး၊ ငါးမန်းစွယ် စတာတွေနဲ့ ဝိုင်းဝန်းရိုက်နှက်ခဲ့ပါတယ်။ ဒီပဲယင်းအတွက် အခြေခံ အကြောင်းတရားတွေပါပဲ *(ဝါးရင်းတုတ်ကိုင် စွမ်းအားရှင်ခေါင်းဆောင်၊ ကြံ့ဖွံ့အဖွဲ့ဝင်၊ တာမွေအောင်ကိုကို စာရေးထားပါတယ်။ သူ့ရှေ့ဦးတင်ဦးကို တောင်းပန်ထားပါတယ်။ မြန်မာသံတော်ဆင့်ဂျာနယ်)*

၁၉၉၇၊ ၉၈၊ ၉၉၊ ၂၀၀၀ ခုနှစ်တွေ အတွင်းမှာ ဘယ်ကိုမှ ခရီးမသွားနိုင်အောင် ဟန့်တား တားဆီးပိတ်ဆို့မှုမျိုးစုံ ပြုလုပ်ပါတယ်။ ၂၀၀၁ ခုနှစ်မှာ တားဆီးချုပ်ချယ်ခြင်း ခံရပြန်ပါတယ်။ (၂၀၀၂)ခုနှစ်မှ စပြီး နယ်လှည့် စည်းရုံးမှု ပြန်ခွင့်ပေးသော်လည်း (၂၀၀၃) နှစ်မှာ နှောင့်ယှက်ဟန့်တား ကန့်ကွက်မှုမျိုးစုံ ပြန်လုပ်ပြန်ပါတယ်။ စွမ်းအားရှင်လူတွေရယ် သက်နီးဝတ် လူတစ်စုရယ်၊ ဆိုင်းဘုတ်တွေကို ကိုင်ဆောင်ပြီး အော်ဟစ်ပြောဆိုမှုတွေ လုပ်လာပြန်ပါတယ်။

(၂၀၀၃)ခုနှစ် မေလ၊ အထက်မြန်မာပြည် စည်းရုံးရေးခရီးစဉ်ကို ဗိုလ်ချုပ်ကြီးဟောင်းဦးခင်ညွန့် ပြောသလိုပါပဲ။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဒေါ်အောင်ဆန်းစုကြည် စည်းရုံးရေးဆင်းနေတာကို လူထုထောက်ခံအားပေးမှုတွေ ရရှိနေတဲ့အတွက် မလိုလားခဲ့ဘဲ နည်းမျိုးစုံနဲ့ နှောင့်ယှက်ရာကနေ အကြမ်းဖက်နှိမ်နင်းတားဆီးဖို့အတွက် ထိပ်ပိုင်းခေါင်းဆောင် ငါးဦး၊ ခြောက်ဦး ပါဝင်တဲ့ အရေးပေါ် အစည်းအဝေးခေါ်ယူပြီး "တို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ယာဉ်တန်းကို တားဆီးရမယ်။ ဖြစ်တဲ့နည်းနဲ့ကို တားဆီးရမယ်"လို့ ပြောဆိုတဲ့အခါမှာ ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့်က "အကြမ်းဖက် တားဆီးတာမျိုး မလုပ်သင့်ကြောင်း" တင်ပြပြောဆိုတဲ့အခါမှာ လူကြီးက သဘောမတူကြောင်း၊ ထို့ကြောင့် ထိုကိစ္စကို ဦးခင်ညွန့်အား တာဝန်မပေးတော့ဘဲ ကွယ်လွန်သူ ဝန်ကြီးချုပ်ဟောင်း ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းကို တာဝန်ပေးပြီး အဖွဲ့ဝင်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ထိုစဉ်က တိုင်းမှူးဖြစ်နေသော ဗိုလ်ချုပ်စိုးနိုင်တို့ကို ပါဝင်စေကာ ရဟတ်ယာဉ်ဖြင့် မုံရွာသို့ စေလွှတ်လိုက်သည်ဟု ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့် ရေးသားသော စာအုပ်မှာ တရားဝင် ထုတ်ဖော်ပြောဆိုရေးသားထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်ဟာ မေလ (၂၈)ရက်နေ့မှာ မိုးကုတ်က ဆင်းလာတဲ့အခါ သပိတ်ကျင်းမှ စတင်ပြီး လူစုလူဝေးဖြင့် ပိုစတာများ ကိုင်ဆောင်ပြီး အော်ဟစ်ကန့်ကွက် ဆန္ဒပြခြင်း၊ ခြိမ်းခြောက်ခြင်းတွေ ကြုံတွေ့ခဲ့ရပါတယ်။ မန္တလေးမှ မုံရွာကို မေလ (၃၀)ရက် ရောက်ရှိတဲ့အခါမှာလည်း လမ်းခရီးတစ်လျှောက် လူစုလူဝေးနှင့် အော်ဟစ် ဆန္ဒပြမှုတွေ ကြုံတွေ့ခဲ့ရပါတယ်။ မုံရွာမှ ရွှေဘိုကို ဒီပဲယင်းခရီးစဉ်ကို မေလ (၃၀)ရက်နေ့ ညနေပိုင်းမှာ ဆက်လက် ထွက်ခွာလာရာ ည (၇)နာရီလောက်မှာ ဒီပဲယင်းမြို့နယ် ကျီရွာ(ကျည်ရွာ) အရောက်မှာ သက်န်းဝတ်လူတစ်စုက အတင်းအဓမ္မ ကားပေါ်က ဆင်းခိုင်းတဲ့ အပြုအမူတွေလုပ်ပြီး တရားဟောခိုင်း၊ ၁၀ ဘီးကားကြီးများနှင့် ကြိုတင် ရောက်ရှိနေသော လူအုပ်စုကြီးက မီးမောင်းတွေထိုးပြီး အကြမ်းဖက်ရိုက်နှက်သတ်ဖြတ် ပွဲကြီး ပြုလုပ်ကြပါတော့တယ်။ ဒေါ်အောင်ဆန်းစုကြည် ပါလာသော ကားတန်း ဆိုင်ကယ် တန်းက လူအများစုဟာ ဝိုင်းဝန်းရိုက်နှက် သတ်ဖြတ်ခြင်းခံရပါတယ်။ ကာကွယ်ရေး ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦးလည်း ရိုက်နှက်ခြင်းခံရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်၏ကားကို မောင်းနှင်သော မန္တလေးတိုင်း NLD မှ လူငယ် ကိုကျော်စိုးဝင်းဟာ ကားမောင်းကျွမ်းကျင်စွာနှင့် ပိတ်ဆို့တားဆီးထားသော ဘယ်ရီကိတ် သံဆူးကြိုးတန်းများ ပိတ်ဆို့ထားသည့် အရာမှန်သမျှကို ဝင်တိုက်ပစ်ပြီး ဒေါ်အောင်ဆန်း စုကြည် လွတ်မြောက်အောင် မောင်းထွက်လာနိုင်ခဲ့ပေမဲ့ တစ်လမ်းလုံးတွင် ၁၀ ဘီး ကားကြီးများဖြင့် လူအပြည့်တင်ဆောင်ထားသော ပိတ်ဆို့ထားသည့်နေရာတွင် ဖြတ်သွား၍ မရတော့ဘဲ ထိုအခါ သက်ဆိုင်ရာ တာဝန်ရှိသူများ ရောက်လာပြီး ဒေါ်အောင်ဆန်းစုကြည် နှင့် အဖွဲ့ကို ရေဦးမြို့ ရဲစခန်းသို့ ခေါ်ဆောင်သွားပါသည်။ ထိုမှတစ်ဆင့် ဒေါ်အောင်ဆန်းစုကြည် တစ်ဦးတည်းကို လေယာဉ်ပျံဖြင့် ရန်ကုန်မြို့သို့ ခေါ်ဆောင်လာပြီး အင်းစိန်ထောင်အတွင်း အသစ်ဆောက်လုပ်ထားသော တိုက်ခန်းသစ်မှာ ထားရှိခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အင်းစိန်ထောင်တွင်းရှိစဉ် ကုလသမဂ္ဂအထူးကိုယ်စားလှယ် ရာဇလီအစ္စမေးကို လာရောက် တွေ့ဆုံခွင့်ပေးခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ခရီးစဉ်အတွင်း အတူလိုက်ပါသွားသော အနီးကပ် လုံခြုံရေးအဖွဲ့ဝင်အားလုံးကို ရွှေဘိုထောင်၊ ထိုမှတစ်ဆင့် ခန္တီးထောင်၊ ကလေးထောင် များသို့ ခေါ်ဆောင်သွားပြီး ထိန်းသိမ်းထားခဲ့ကြပါသည်။

NLD ပါတီဥက္ကဋ္ဌ ဘဘဦးတင်ဦးကိုလည်း ကလေးထောင်သို့ ခေါ်ဆောင် သွားပြီး ပုဒ်မ ၁၀(က)ဖြင့် ထိန်းသိမ်းထားခဲ့ပါသည်။ (၂၀၀၄)ခုနှစ် ဖေဖော်ဝါရီလ (၁၄)ရက် (ဗာလင်တိုင်းဒေး)နေ့မှာ ကလေးမြို့မှ လေယာဉ်ဖြင့် ခေါ်ဆောင်ပြီး မန္တလေး၊ ရန်ကုန်သို့ ခေါ်လာပြီး နေအိမ်မှာ ၁၀(ခ)ဖြင့် ဆက်လက် ထားရှိခဲ့ပါသည်။ (၂၀၀၉) ခုနှစ် ဖေဖော်ဝါရီလ(၁၄)နေ့ ည (၇)နာရီမှာ (၅)နှစ်အကျယ်ချုပ်ကျခံရပြီး ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်မြောက်လာခဲ့ပါသည်။

*'တို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ယဉ်တန်းကို တားဆီးရမယ်၊ ဖြစ်တဲ့နည်းနဲ့ တားဆီးရမယ်'*

■

www.burmeseclassic.com

www.burmeseclassic.com

# ကျော်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁)

အစ်မရေ ...

'၈၈၈၈' အရေးတော်ပုံကြီး (ငွေရတု)နဲ့အတူ မွေးဖွားလာခဲ့တဲ့၊ သန္ဓေတည်လာခဲ့တဲ့ NLD အဖွဲ့ချုပ်ကြီးဟာလည်း ၂၅ နှစ် (ငွေရတု) ပြည့်ခဲ့ပါပြီ အစ်မ။

နှစ်ကာလ အစိတ်အပိုင်းတွေကို ရတနာပစ္စည်းလေးတွေအမည်နဲ့ ခေါ်ဝေါ်ခဲ့တဲ့သမိုင်းကို ငယ်စဉ်ကသိခဲ့ပေမဲ့ အသက်ကြီးလာတော့ မေ့နေမိပါပြီ အစ်မ။ ၂၅ နှစ်ဆို ငွေရတု၊ နှစ် ၃၀ ဆို ပုလဲရတု၊ နှစ် ၄၀ ဆို ပတ္တမြားရတု၊ နှစ် ၅၀ ရွှေရတု၊ ၇၅ နှစ်ဆို စိန်ရတု၊ အဲဒီလောက်ပဲ မှတ်မိပါတယ်။ အဲဒါတွေကိုပဲ အဓိကထားကြတဲ့ အတွက် ကျန်တာတွေတော့ မမှတ်မိတော့ပါဘူး။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဆိုပြီး ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှာ စပြီး မှတ်ပုံတင်ပါတယ်။ စက်တင်ဘာလ ၃၀ ရက်နေ့မှာ ခွင့်ပြုမိန့်ကျပြီး အဖွဲ့ဝင်ပုံစံတွေ နှစ်ကျပ်နှုန်းနဲ့ အဲဒီနေ့ကစပြီး အဖွဲ့ဝင်တွေစုဆောင်းခဲ့ကြတာဟာ အခုလာမယ့် စက်တင်ဘာလ ၂၇ ရက်ဆို ၂၅ နှစ် (ငွေရတု) တိုင်ခဲ့ပါပြီ အစ်မ။

သန္ဓေတည်ခဲ့တာကတော့ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်နေ့ ဦးဝိစာရလမ်းက ဂါးဒီးယန်းဦးစိန်ဝင်းအိမ်မှာ အစ်မရယ်၊ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး သူရဦးတင်ဦးရယ်၊ ဦးအောင်ကြီးဆိုတဲ့ ပုဂ္ဂိုလ်ကြီးရယ်၊ နိုင်ငံရေးပါတီတစ်ခု ထူထောင်ကြမယ်ဆိုပြီး သုံးဦးသဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ (သတင်းစာထဲမှာ လက်မှတ်ထိုးနေတဲ့ ဓာတ်ပုံလေးကို အခုအချိန်အထိအောင် မျက်စိထဲမြင်ယောင်နေပါသေးတယ် အစ်မ။)

ငယ်စဉ်က သိနားလည်တဲ့အရွယ်တုန်းက ရွှေဝါရောင်တွေလာပြီ (သန့်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



ဖဆပလ)၊ အနီရောင်တွေလာပြီ (တည်မြဲဖဆပလ)၊ ပေါင်မုန့်ညာတုတ်တွေလာပြီ (ပမညတ) ဆိုပြီး အော်ဟစ်ခဲ့ကြဖူးပါတယ်။ အရွယ်ရောက်လာတော့ မိုးပြာရောင်ခေတ် (မဆလတစ်ပါတီ အာဏာရှင်အောက်) မှာ ၂၆ နှစ်လုံးလုံး ကြီးပြင်းခဲ့ရပါတယ်။ အဲဒီမှာ ဒို့ဗမာအစည်းအရုံး နှစ် (၅၀) ပြည့် ရွှေရတုသဘင်အခမ်းအနား၊ ရန်ကုန် တက္ကသိုလ် ရွှေရတုသဘင်အခမ်းအနားတွေ ပြုလုပ်ခဲ့ကြတာ ကြုံတွေ့ခဲ့ရပါတယ်။ အထိမ်းအမှတ်အခမ်းအနားရဲ့ မှတ်တမ်းစာအုပ် တွေလည်း ဖတ်ရှုခဲ့ရပါတယ်။ အမှတ်တရ အနေနဲ့ သိမ်းဆည်းစုဆောင်းပြီး မသိမီလိုက်တဲ့သူတွေကို ပြောပြကြ၊ မှတ်တမ်းစာအုပ် ပေးဖတ်ကြနဲ့ သမိုင်းရဲ့ပုံရိပ်တွေသိစေခဲ့ပါတယ်။ သမိုင်းရဲ့ပုံရိပ်တွေ သိစေဖို့ရာက မှတ်တမ်းမှတ်ရာက အဓိကကျပါတယ်။ 'မအ' အောင် သမိုင်းကို သင်ကြရတာလို့ ဒေါက်တာသန်းထွန်းက ပြောသွားပါတယ်။ ထားခဲ့တဲ့ မှတ်တမ်းမှတ်ရာတွေဟာ သမိုင်း ပါပဲ အစ်မ။

NLD ဟာ သမိုင်းမှာပါဖို့အတွက်က မှတ်တမ်းမှတ်ရာတော့ ရှိရပါမယ်။ မှတ်တမ်းမှတ်ရာတော့ ရှိရပါမယ်။ မှတ်တမ်းမှတ်ရာတော့ ထားခဲ့ရပါမယ်။ ရွှေရတုအထိ တိုင်အောင်လို့ မပြောလိုပေမဲ့ ငွေရတုမှတ်တမ်းတော့ ရှိခဲ့ရပါမယ် အစ်မ။

မြင့်လွန်းသောသစ်ပင်ဖြစ်ခဲ့တဲ့ NLD ဟာ လေဒဏ်မိုးဒဏ် အခံရဆုံးဆိုတာ အားလုံးက သိခဲ့ကြပါတယ်။ ပျိုးပင်ဘဝမှာ တွေ့ကြုံခဲ့ကြရတဲ့ အဖြစ်အပျက်တွေ၊ မြင့်လွန်းသောအပင်ကြီးဘဝမှာ တွေ့ကြုံခဲ့ကြရတဲ့ အဖြစ်အပျက်တွေ၊ အခုတ်ခံရတဲ့ သစ်ကိုင်းသစ်ရွက်တွေ၊ ကျိုးကျသွားတဲ့ ကိုင်းဖျားကိုင်းနား အခက်အလက်တွေရဲ့သမိုင်း။ NLD ရဲ့သမိုင်း ကိုတော့ ငွေရတုမှာ မှတ်တမ်းအနေနဲ့ ရှိသင့်ပါတယ်။ ထားခဲ့စေချင် ပါတယ်။

'၈၈၈၈' ငွေရတုအရေးတော်ပုံအခမ်းအနား ကျင်းပပွဲမှာ ကျောင်းစိမ်းလေး တွေနဲ့ ကျောင်းသူကျောင်းသားကလေးတွေ လာကြည့်ကြပါတယ်။ ပြခန်းက ဓာတ်ပုံတွေ ထဲမှာ အရွယ်စုံ ကျောင်းစိမ်းကလေးတွေက 'ဒို့အရေး ဒို့အရေး' ကြွေးကြော်နေတဲ့ပုံ မြင်တော့ ''ဟာ ကျွန်မတို့ ကျောင်းသူကျောင်းသားတွေလည်း ပါတာပဲ'' ဆိုပြီး ရွှင်လန်း တက်ကြွကြတာကို မြင်မိပါတယ် အစ်မ။

နောက်တစ်ခါ ကျောင်းစိမ်းလေးဝတ်ထားတဲ့ ကိုးတန်းကျောင်းသူကလေး မဝင်းမော်ဦးရဲ့ ပုံလေးမြင်တော့ ''လက်ထဲမှာ ဗိုလ်ချုပ်အောင်ဆန်းပုံပဲ ကိုင်လာတဲ့ သမီးတို့ကျောင်းသူကလေး သေသွားအောင် သေနတ်နဲ့ပစ်တာ ဘယ်သူလဲ ဘာဘာရယ်''

www.burmeseclassic.com



လို့ ငိုပြီးမေးတော့ ကျွန်တော့်မှာ ပြောမပြနိုင်အောင် မျက်ရည်ဝဲခဲ့ရပါတယ် အစ်မ။ (အခု စာရေးနေတဲ့အထိအောင် မျက်ရည်ဝဲနေမိပါတယ် အစ်မ။)

ကျွန်တော်က "ပစ်တဲ့သူတော့ ဘာဘ မသိပါဘူး။ ပစ်ခိုင်းတဲ့သူကတော့ ဆုလာဘ်အဖြစ် ဒု-ဝန်ကြီးအဖြစ် ချီးမြှင့်ခံလိုက်ပါတယ် သမီးရယ်" လို့ ပြန်ပြောလိုက်ပါတယ်။ ဒါဟာ '၈၈၈၈' အရေးတော်ပုံကြီးရဲ့ အမိကမှတ်တမ်းပါပဲ။

ကျွန်တော်တို့က အတိတ်ကာလကို အတိတ်မှာပဲ ထားခဲ့ချင်ပါတယ်။ အနာဂတ်ဆီ ယူမလာချင်ပါဘူး။ ဒါပေမဲ့ သမိုင်းဖြစ်ရပ်မှန်တွေကိုတော့ မှတ်တမ်းအဖြစ် ထားခဲ့ရပါမယ်။ ဒါကြောင့် NLD ငွေရတုမှတ်တမ်းစာအုပ်လေး တစ်အုပ်တော့ ရှိသင့်ပါတယ်။ ရွှေရတုအထိ ကျွန်တော်တို့က မီချင်မှမီမှာပါ။

နောက်တစ်ခုပြောချင်တာက အစ်မပြောတဲ့စကား(မိန့်ခွန်း) '၈၈၈၈' အရေးတော်ပုံကြီးမှာ ကျွန်မ မပါဝင်ခဲ့ပါဘူးတဲ့။ ဘယ်ဟုတ်ပါ့မလဲ အစ်မရယ်၊ ရဟန်းရှင်လူ ပြည်သူအပေါင်း တစ်တိုင်းပြည်လုံး ပါဝင်ခဲ့တာပဲ။ ရန်ကုန်ဆေးရုံကြီးရှေ့မှာ မိန့်ခွန်းပြောတာ၊ ရွှေတိဂုံစေတီတော် အနောက်မုခ်မှာ မိန့်ခွန်းပြောတာတွေဟာ အစ်မပါခဲ့လို့သာ မိန့်ခွန်းပြောခွင့်ရတာလေ။ နောက်ကွယ်ကနေ ပိုစတာ ဆိုင်းဘုတ်ရေးပေးနေသူတွေကလည်း '၈၈၈၈' အရေးတော်ပုံကြီးမှာ ပါဝင်ခဲ့ကြသူတွေလို့ ဆိုနိုင်ပါတယ်။ ၁၉၈၈ ခုနှစ်ဟာ အားလုံးအတွက် သမိုင်းဆိုပေမဲ့ အစ်မအတွက်လည်း သမိုင်းပါပဲ။ NLD ဟာလည်း အစ်မအတွက်သမိုင်းပါပဲ။ ၁၀(ခ) ဟာလည်း အစ်မအတွက် သမိုင်းပါပဲ။ ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲဟာလည်း အစ်မအတွက် သမိုင်းပါပဲ။ လွှတ်တော်အမတ်မင်းနဲ့ လွှတ်တော်ဟာလည်း အစ်မအတွက် သမိုင်းပါပဲ။

လွှတ်တော်ဆိုလို့ ပြောပြရဦးမယ်။ ဟိုတလောက အစ်မတို့လွှတ်တော်မှာ ပုံနှိပ်/ ထုတ်ဝေ ဥပဒေမူကြမ်းတင်သွင်းတော့ ကန့်ကွက်သူမရှိ ထောက်ခံကြတယ်တဲ့။ NLD ကလည်း ထောက်ခံတယ်တဲ့။ အဲဒါလည်းကြားရော ချက်ချင်းပဲ စာနယ်ဇင်းကောင်စီနဲ့ စာပေလောက မီဒီယာလောကတစ်ခုလုံးက ကြေညာချက်တွေထုတ်ပြီး ကန့်ကွက်ကြပါတယ်။ နောက်တစ်နေ့မှာ မန္တလေးတိုင်း NLD က ကဗျာဆရာတစ်ယောက်က ကျွန်တော့်ကို လာပြောပြတယ်။ "ကြည့်စမ်းပါဦးဗျာ ပုံနှိပ်/ထုတ်ဝေမူကြမ်းနဲ့ မီဒီယာဥပဒေမူကြမ်းကို ပြန်ကြားရေးနဲ့ စာနယ်ဇင်းကောင်စီ အသေအချာညှိပြီး ပြင်ဆင်ချက်တွေလုပ်ပြီး လွှတ်တော်ကောင်တာမှာ ပြင်ဆင်ချက်တွေ လုပ်ထားတာ မဟုတ်ဘဲ။ နဂိုမူလ ဥပဒေကြမ်းကြီးဖြစ်နေတယ်။ အဲဒါကို ကန့်ကွက်သူမရှိဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



NLD လည်းပါတာပေါ့။ အဲဒါကို စာပေလောကသားတွေက မကြည်ကြဘူးဖြစ်နေပြီ'' ဆိုပြီး လာပြောပြပါတယ်။ ကျွန်တော့်စိတ်ထဲမှာ NLD ကတော့ ကန့်ကွက်မှာပဲ ထင်နေတာ။ ဘာကြောင့်လဲဆိုတော့ ဥပဒေကဲ့သို့ အာဏာတည်ရမယ့် အမိန့်ကြေညာ ချက်တွေထုတ်တယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ကို ရည်ရွယ်တာပါပဲ၊ ဥပဒေရေးဆွဲပြဋ္ဌာန်းပြီဆိုရင် ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ကို အဓိကထားပြီး ရေးဆွဲပြဋ္ဌာန်းတာပါပဲ။ ဒါကို ကျွန်တော်တို့က နောကျေနေပါပြီ အစ်မ။ ဒါကြောင့်လည်း "No" အမှတ်အသားပါတဲ့ တီရှပ်၊ စတေကာ၊ သော့ချိတ်တွေနဲ့ ကျွန်တော်တို့တစ်တွေ ကမ်ပိန်းလုပ်ခဲ့ကြပါတယ်။ သက်သေတွေလည်း ရှိတုန်းပါပဲ။ ကျွန်တော်ဆို "No" တီရှပ်လေး အမြဲဝတ်တုန်းပါပဲ။ အခုအချိန်အထိ ဘယ်မှာ "Yes" ဖြစ်သေးလို့လဲ။ ဒါကြောင့် ဘာမဆို သတိဝီရိယနဲ့ ကြည့်နေကြဦးမှာပါ။ စိတ်ချလက်ချဆိုပြီး တုံးတုံးချလို့ မရသေးပါ။ ဥပမာပြမယ်နော် အစ်မ။

အရင်က သမ္မတကြီး မိန့်ခွန်းတွေပြောတဲ့အခါ စာမျက်နှာပေါ်ရောက်တော့ တစ်မျိုးတွေဖြစ်နေတယ်။ ခဏတာပါပဲ။ ကျွန်တော်တို့ကလည်း ဘယ်သိပါ့မလဲ။ သမ္မတရုံးကနေ သမ္မတကြီး မိန့်ခွန်းအပြည့်အစုံမဖော်ပြတာ သိခဲ့ရပါတယ်။ အဲဒီတော့ အစ်မတို့လွှတ်တော်မှာ ပြောကြဆိုကြတော့မှ ဥက္ကဋ္ဌသူရဦးရွှေမန်းက ပြန်ကြားရေး ကလည်း မနေ့က ဖော်ပြသလို ဒီနေ့ဟာလည်း မနေ့ကလို ဖော်ပြပေးပါလို့ မေတ္တာရပ်ခံ ပြောဆိုတာ ကြားမိပါတယ်။ အပြင်မှာက ပြန်ကြားရေးရယ်၊ စာနယ်ဇင်းကောင်စီရယ် သတင်းစာဆရာ ဂျာနယ်လစ်တွေရယ် အကြိတ်အနယ်ဖြစ်နေကြတာ အစ်မ။ ပုံနှိပ်/ထုတ်ဝေ ဥပဒေမူကြမ်း၊ မီဒီယာဥပဒေမူကြမ်းကိစ္စတွေ ပြေလည်ကြပြီလို့ထင်ပြီး တင်လာတဲ့ ဥပဒေမူကြမ်းကို အစ်မတို့ကလည်း ထောက်ခံလိုက်ကြတဲ့သဘောပါ။ ပြေလည်မှုမရတော့ နောက်ဆက်တွဲပြဿနာတွေ ဖြစ်ကုန်ကြတာပါ။

ပုံနှိပ်/ထုတ်ဝေဥပဒေမူကြမ်းဟာ NLD အတွက် အရေးကြီးပါတယ်။ NLD ဟာ ဒီလှိုင်းစာစောင် ထုတ်ဝေနေပါတယ်။ ကြေညာချက်တွေ ထုတ်ဝေနေပါတယ်။ NLD ဟာ စကတည်းက ၁၉၆၂ ပုံနှိပ်ထုတ်ဝေဥပဒေတွေ အရေးယူခံနေရတာ ခဏခဏပါ။ နသ/၂၃ လေ အစ်မ။ ဒီတော့ ပုံနှိပ်/ထုတ်ဝေ ဥပဒေကြမ်းတင်လာရင် NLD အမတ်မင်းတွေကတော့ သေသေချာချာ ဖတ်ရမှာပဲ။ ကန့်ကွက်သင့် ကန့်ကွက်မှာ ပဲဆိုပြီး ကျွန်တော်က ထင်ထားတာ အခု NLD ကပါ ထောက်ခံတယ်ဆိုတော့ စာပေ လောကသားတွေ မကျေနပ်ကြတာကိုလည်း လက်ခံရပါမယ် အစ်မ။

ဒီ ပုံနှိပ်/ထုတ်ဝေ မီဒီယာဥပဒေမူကြမ်းနဲ့ ပတ်သက်ပြီး NLD နိုင်ငံလုံးဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



ညီလာခံတုန်းက မန္တလေးတိုင်းကိုယ်စားလှယ်တွေ တင်သွင်းတဲ့ အကြံပြုစာတမ်းမှာ အချက်ကိုးချက် တင်သွင်းတဲ့အထဲမှာ နံပါတ်(၃) အချက်အနေနဲ့ ''ယခုအခါ စာနယ်ဇင်းကောင်စီက MEDIA LAW ရေးဆွဲပြီး လွှတ်တော်သို့တင်သွင်းရန် ရှိပါသည်။ ပြန်ကြားရေးဝန်ကြီး ဌာနကလည်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေမူကြမ်း တင်သွင်းထားပါသည်။ အခြားသော စာပေဆိုင်ရာ သမဂ္ဂအဖွဲ့အစည်းများ၊ သတင်း မီဒီယာအဖွဲ့အစည်းများအတွက် အလွန်အင်မတန် အရေးကြီးလျက် လှုပ်ခတ်လျက်ရှိပါသည်။ သို့ပါ၍ မြန်မာစာပေ၊ အနုပညာနှင့် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ချုပ်က ကော်မတီများဖွဲ့၍ တိုးမြှင့်ဆောင် ရွက်သွားရန် လိုအပ်ပါသည်'' ဆိုပြီး မန္တလေးတိုင်း ညီလာခံကိုယ်စားလှယ်ဖြစ်သူ၊ ဒီပဲယင်းမှာ အသက်အန္တရာယ်ကြားထဲက လွတ်အောင် ကားမောင်းပေးခဲ့တဲ့ ကားမောင်းသူ ကိုကျော်စိုးလင်းက အဲဒီအကြံပြုချက်ကို ညီလာခံမှာ တင်သွင်းပါတယ်။

တကယ်တော့ စာပေလောကသားတွေနဲ့ NLD ဟာ ရင်းနှီးပြီးသားပါ။ တတ်သိ ပညာရှင်အုပ်စုဆိုပြီး NLD ရဲ့ အဓိကတာဝန်တွေယူနေတာ၊ ယူခဲ့ကြတာ စာပေပညာရှင် တွေပါ။ တခြားလွှတ်တော်အမတ်မင်းတွေက ထားပါတော့။ NLD လွှတ်တော်အမတ်မင်း တွေထဲမှာ သတင်းစာဆရာ၊ ထုတ်ဝေသူအမတ်မင်းတစ်ယောက်ပါ ရှိနေပါတယ်။ သူက ဒီကိစ္စတွေအားလုံးနဲ့ ပတ်သက်ရပါမယ်။ မသိတဲ့ အမတ်မင်းတွေအပါအဝင် အစ်မကိုပါ ပြောပြရပါမယ်။ ခွင့်ယူထားတယ်ဆိုလည်း စာရေးပြီး ရှင်းပြပြောပြထားရပါမယ်။ NLD ကပါ ပုံနှိပ်/ထုတ်ဝေ ဥပဒေကြမ်းကို ထောက်ခံတယ်လည်းဆိုရော ကျွန်တော့်ကိုလာပြော ပြတဲ့ပုဂ္ဂိုလ်က နေပြည်တော်ကို ဖုန်းဆက်မေးကြည့်တယ်။ မန္တလေးတိုင်းက အမတ်မင်းက ဘာပြန်ပြောသလဲဆိုတော့ ''ပုံနှိပ်/ထုတ်ဝေ ဥပဒေမူကြမ်းနှင့်ပတ်သက်ပြီး ပြန်ကြားရေး၊ စာနယ်ဇင်းကောင်စီတို့နဲ့ ဖြစ်နေကြတဲ့ သတင်းအချက်အလက် အပြည့်အစုံဒေတာတွေ မရှိဘူးတဲ့။''

အစ်မရယ်၊ ဒီလောက် ဂျာနယ်တွေထဲမှာ၊ ပုဂ္ဂလိက သတင်းစာတွေထဲမှာ ပါနေတာ မဖတ်မိကြဘူးလား။ သတင်းတွေနားမထောင်မိကြဘူးလား။ ဒီနေ့ တစ်နိုင်ငံလုံး ဖြစ်ပျက်နေတာတွေဟာ စာမဖတ်ကြလို့ပဲ အစ်မ။ ၂၆ နှစ်က လူတွေတုန်းကလည်း စာတွေမဖတ်၊ ဟိုလူပြောတာ ယုံလိုက်။ ဒီလူပြောတာ ယုံလိုက်။ ဟိုလူပြောတာလုပ်။ ဒီလူပြောတာလုပ်။ ဆိုရှယ်လစ်စီးပွားရေးနဲ့ သွားမယ်။ ကက်ပီတယ်လ်လစ် တိုင်းပြည်တွေ့ မပေါင်းဘူး။ ဆိုဗီယက်နဲ့ပေါင်းမယ်ဆိုပြီး ဒုတိယမဏ္ဍိုင်က သမဝါယမ စီးပွားရေးဆိုတဲ့။ ပပက၊ ပြည်သူ့ဆိုင်၊ လလသသ၊ သမဝါယမ ရောင်းဝယ်ရေးတဲ့။ ကမ္ဘာ့အဆိုတွေက

www.burmeseclassic.com



ငွေတွေချေး၊ ဆိုရှယ်လစ်၊ သမဝါယမ အလုပ်ကောင်းလို့ လူမွဲစာရင်းဝင် ဒေဝါလီခံပြီး တိုင်းပြည်ကြီး အယ်လ်ဒီစီ နိုင်ငံ ဘဝ ၂၉-၁၀-၁၉၈၇ ခုနှစ်ကစပြီး ဖြစ်ခဲ့ရပါတယ်။

၁၁-၁၂-၁၉၈၇ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက မြန်မာနိုင်ငံသည် ဖွံ့ဖြိုး တိုးတက်မှုအနည်းဆုံးနိုင်ငံများစာရင်းတွင် ပါဝင်ကြောင်း သဘောတူအတည်ပြုလိုက် သည်လို့ ကြေညာခဲ့ပါတယ်။ IMF အဖွဲ့ကြီးရဲ့ ကိန်းဂဏန်းအရ မြန်မာနိုင်ငံပိုင်ဆိုင်တဲ့ နိုင်ငံခြားငွေသည် အမေရိကန်ဒေါ်လာ ၂၈ သန်းအထိ ကျဆင်းသွားကြောင်း သိရပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်ုပ်အစ်မဒေါ်အောင်ဆန်းစုကြည်ကိုပြောပြရဦးမယ် (၂)

**အစ်မရေ ...**

၁၉-၆-၂၀၁၄ က အစ်မ အသက် ၆၉ နှစ်ပြည့်ခဲ့ပါတယ်။ အစ်မလည်း အသက် ၇၀ ထဲ ရောက်ခဲ့ပြီနော်။ တိုင်းပြည်အတွက် အလုပ်လုပ်မယ်ဆိုပြီး အသက် ၄၃ နှစ်အရွယ်ကတည်းက နိုင်ငံရေးနယ်ပယ်ထဲဝင်ရောက်ခဲ့တာ နိုင်ငံရေးလုပ်သက် ၂၇ နှစ်တောင်ရှိခဲ့ပါပြီ။ မိန်းမသားတစ်ယောက်အနေနဲ့ နိုင်ငံရေးနယ်ပယ်ထဲမှာ နှိပ်စက်ညှဥ်းပန်းတဲ့ဒဏ်ခံပြီး တစိုက်မတ်မတ်လုပ်နေခဲ့တာ အစ်မတစ်ယောက်တည်းရှိမယ်လို့ ထင်ပါတယ်။

အစ်မအသက် ၆၈ နှစ်ပြည့်ပြီးတဲ့အခါ ကျန်းမာရေးစစ်ဆေးဖို့ ဝိတိုရိယ ဆေးရုံကြီးမှာ ကျန်းမာရေးပညာရှင်တွေက အစ်မကို ကျန်းမာရေးစစ်ဆေးကြပါတယ်။ အစ်မဟာ အသက် ၆၈ နှစ်အရွယ်ဆိုပေမဲ့ အစ်မရဲ့ကျန်းမာရေးဟာ အသက် ၃၀ အရွယ် မိန်းမတစ်ယောက်ရဲ့ ကျန်းမာရေးအနေအထားမျိုးလို့ ကျန်းမာရေးပညာရှင် ဆရာဝန်ကြီးတွေက သတ်မှတ်ဆုံးဖြတ်ကြပါတယ်။

တိုင်းသူပြည်သားတွေအတွက်ရော၊ အစ်မအတွက်ရော ဝမ်းသာစရာ၊ စိတ်ချမ်းမြေ့စရာပါပဲ။ အစ်မက တိုင်းပြည်အတွက် အလုပ်လုပ်တဲ့သူကိုး။ ကျွန်တော်ကတော့ အဲဒီလိုမထင်ဘူး။ ငါ့အစ်မတော့ ပိုပြီးပင်ပန်းတော့မယ်၊ ပိုပြီး ဒုက္ခတွေတွေ့တော့မယ်လို့ မြင်မိပါတယ်။

ဘာကြောင့်လဲဆိုတော့ အစ်မက တိုင်းပြည်အတွက် အလုပ်လုပ်တဲ့သူလေ။ ကျန်းမာရေးက အသက် ၃၀ အရွယ် မိန်းမတစ်ယောက်ရဲ့ ကျန်းမာရေးအနေအထားဆိုတော့ ရှေ့ဆက်ပြီး အစ်မဟာ လုပ်နေဦးမှာပဲ။ လုပ်သွားမယ်ဆိုတာ ကျွန်တော်က ယုံကြည်ပြီးသားလေ။ အဲဒီတော့ အစ်မမှာ ပင်ပန်းမယ်၊ ဒုက္ခသုက္ခတွေကြုံတွေ့ရဦးမယ်ဆိုတာ အတွင်းသိအစင်းသိဖြစ်တဲ့ ကျွန်တော်က ပြောတာပါ။ ဒါပေမဲ့ တိုင်းပြည်အပေါ်မှာထားတဲ့ အစ်မရဲ့ မေတ္တာ၊ စေတနာတွေဟာ အလဟဿ၊ အချည်းအနှီးတော့မဖြစ်ပါဘူး။ ကိုယ့်စေတနာ ကိုယ်အကျိုးပေးပါတယ်။ ရောင်ပြန်ဟပ်ပါတယ်။

အမျိုးသားခေါင်းဆောင်ကြီးရဲ့ရင်သွေး တပ်မတော်ဖခင်ကြီးရဲ့သမီးဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ရဲ့သွေးအပြည့်ပါပြီး ဖခင်လိုပဲ ဘာမဆိုတိုင်းပြည်အတွက်ဆိုတဲ့ စိတ်က လွှမ်းမိုးနေပါတယ်။ တိုင်းပြည်အတွက်အလုပ်လုပ်ဖို့ တိုင်းပြည်ကောင်းစားဖို့ ဒါကိုပဲ ကြိုးစားနေတာ နှစ်ပေါင်း ၂၇ နှစ်တောင်ရှိခဲ့ပါပြီ။ (နိုင်ငံရေးလုပ်သက်လို့လည်း ပြောလို့ရပါတယ်) နှစ်ပေါင်း ၂၇ နှစ်အတွင်းမှာ ဖမ်းဆီးချုပ်နှောင်မှုလည်းခံရ (အနှစ် ၂၀ နီးပါး) နည်းမျိုးစုံနဲ့ ပြောဆိုဝေဖန်ထိုးနှက်မှုလည်းခံရ၊ ညီမလေးတစ်ယောက်လို သဘောထားပါတယ်၊ အစ်မကြီးတစ်ယောက်လို လေးစားပါတယ်ဆိုပြီး ပြောဆိုတာလည်း ခံရပါတယ်။ လောကရဲ့ဒဏ်၊ လောကဓံကိုလည်း အခံရဆုံး နိုင်ငံသားတစ်ဦး၊ လူသားတစ်ဦး (မိန်းမသားတစ်ဦး) လည်း ဖြစ်ခဲ့ရပါတယ်။

အဲဒီအရာအားလုံးကို ပြေပျောက်စေခြင်းငှာ၊ မေ့ပျောက်စေခြင်းငှာဆိုပြီး အစ်မ အသက် ၄၃ နှစ်အရွယ်၊ ၁၉၈၈ ခုနှစ် နိုင်ငံရေးစလုပ်စဉ်က အစ်မရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို အနီးကပ် တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကြိုးပမ်းကူညီပေးခဲ့တဲ့ လူငယ်အဖွဲ့လေးတစ်ဖွဲ့ ဖြစ်တဲ့ သုံးရောင်ခြယ် (ဝါစိမ်းနီ) အဖွဲ့က အစ်မရဲ့ ၆၉ နှစ်ပြည့် (၁၉–၆–၂၀၁၄) ကို ရည်စူးပြီး မွေးနေ့ဂါရဝပွဲလေးတစ်ခုကို (၁၇–၆–၂၀၁၄) က ဒေါ်လ်ဖင်စားသောက်ဆိုင်မှာ ကျင်းပခဲ့ပါတယ်။

အဲဒီအချိန် ၁၉၈၈ ခုနှစ်က အသက် ၂၀ အရွယ်။ ၂၀ ကျော်အရွယ်တွေက ဒီကနေ့ အခုအချိန်မှာ အသက် ၅၀ တန်း၊ ၅၀ ကျော်အရွယ်တွေ ရောက်ရှိနေကြပါပြီ။ အချိန်ကာလက ၂၇ နှစ်ရှိပြီဆိုတော့ တချို့လည်း ရေကြည်ရာ၊ မြက်နုရာရောက်တဲ့သူက ရောက်၊ အိမ်ထောင်သားမွေး စီးပွားရှာကြတဲ့အရွယ်တွေ ရောက်တဲ့သူလည်း ရောက်ဆိုတော့ ဒီနေ့ဒီအချိန်မှာ တို့အစ်မကို ဂါရဝပြုကြရအောင်လည်းဆိုရော ရောက်တဲ့နေရာကနေ မဖြစ်မနေ လာရောက်ကြတာတွေ့ရပါတယ်။ အားလုံးက ဟိုတုန်းကလို လူငယ်၊ လူရွယ်တွေ မဟုတ်တော့ဘဲ ၅၀ တန်း၊ ၅၀ ကျော်တွေဆိုတော့ လူကြီးအရွယ်၊ လူကြီးဆိုက်တွေဖြစ်ကုန်ကြပါပြီ။ နိုင်ငံခြားရောက်နေတဲ့ တချို့တွေလည်း လာကြပါတယ်။ (ဂျပန်၊ ဩစတြေးလျ၊ စင်ကာပူ၊ ထိုင်း) တချို့တွေက မလာရောက်နိုင်ပေမဲ့ မက်ဆေ့ချ် သဝဏ်လွှာလေးတွေ၊ မွေးနေ့လက်ဆောင်ပစ္စည်းတွေ ပို့ပေးကြပါတယ်။

သုံးရောင်ခြယ်အဖွဲ့ဆိုတော့ အစ်မရဲ့သားတွေဆိုရင်လည်း မမှားပါဘူး။ သားတွေဆိုပေမယ့် သမီးတွေလည်း ပါဝင်ခဲ့ပါတယ်။ အစ်မရဲ့လုံခြုံရေးကို တာဝန်ယူခဲ့သလို အစ်မရဲ့နိုင်ငံရေးမှာလည်း ပါဝင်ကူညီဆောင်ရွက်ခဲ့ပါတယ်။ ရွှီး (ဒေါ်စန္ဒာမင်း၊ ယခုလွှတ်တော်အမတ်) ခင်ခင်ဦး (ယခု အစ်မအိမ်မှ ကူညီဆောင်ရွက်နေသူ)၊ ခင်ခင်ဦး ညီမ သီဂီဦးတို့ဟာ သုံးရောင်ခြယ်ရဲ့ သမီးပျိုတွေပါပဲ။ အဖမ်းအဆီးလည်းခံရ၊ ထောင်ထဲမှာ နှစ်ရှည်နေရသူလည်း နေရ နည်းမျိုးစုံနဲ့ ဒုက္ခပေးခံရတဲ့ သုံးရောင်ခြယ်ပါ။

သုံးရောင်ခြယ်အဖွဲ့ တကွဲတပြားစီဖြစ်သွားကြပြီး မတွေ့သူလည်း မတွေ့၊ တွေ့တဲ့ သူလည်းတွေ့နဲ့ အနှစ် ၂၀ ကျော်ကြာတဲ့အချိန်မှာ ၁၇–၆–၂၀၁၄ ကတော့ ဒေါ်လ်ဖင်စားသောက်ဆိုင်မှာ အစ်မမွေးနေ့အကြို ပြန်တွေ့ကြရတာဟာ အားရဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



စရာအမှတ်တရပါပဲ။ အစ်မကို မွေးနေ့ဂါရဝပြု ကန်တော့ကြတာရယ်၊ အစ်မရဲ့ ဩဝါဒစကားကြားရတာရယ်ဟာ အားလုံးအတွက် အမှတ်တရပါပဲ။ (ဗမာကိန်းအညီ ... အဝါအစိမ်းအနီ ...) ပါ အစ်မ။

ဒီပွဲလေးဖြစ်မြောက်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြတာဟာလည်း ချီးကျူးစရာ၊ မှတ်တမ်းတင်စရာပါပဲ။ အားလုံးကို ဖိတ်စာဖိတ်တာကအစ စနစ်တကျနဲ့ဆောင်ရွက်ခဲ့ကြတာတွေ့ရပါတယ် အစ်မ။ မီဒီယာလောကကိုလည်း စနစ်တကျနဲ့ သတင်းထုတ်ပြန်ပေးတာကိုလည်း တွေ့ရပါတယ်။ သုံးရောင်ခြယ်ရဲ့ ၁၉၈၈၊ ၈၉ ဓာတ်ပုံမှတ်တမ်း စာအုပ်လေးကိုလည်း တက်ရောက်သူအားလုံးကို အမှတ်တရပေးတာကိုလည်း တွေ့ရပါတယ်။

မီဒီယာလောကဆိုလို့ အမှတ်ရစရာလေးတစ်ခု တွေ့ရပါတယ်။ နော်ကူးမဆိုတဲ့ မိန်းကလေးတစ်ယောက် (စံရွှေမြင့် ကာတွန်းဓာတ်ကောင် ဖန်ဆင်းရှင် ဆရာကာတွန်းမြင့်သိန်းရဲ့သမီး)က သူ့ယောက်ျား (ဂျာနယ်အယ်ဒီတာချုပ်)ကို ဖုန်းနဲ့ မက်ဆေ့ချ်ပို့ပြီး ပြောတာက 'အမေနဲ့ပုံ ပါလာပါစေ၊ မပါလာရင် အိမ်ပြန်မလာပါနဲ့။ ပြန်လာရင် အရိုက်ခံရမယ်' လို့ မက်ဆေ့ချ်ပို့ပါတယ်။ ကဗျာဆရာမုံရွာအောင်ရှင်နဲ့ ကျွန်တော်တို့ ပြုံးပြီးပီတိဖြစ်ရပါတယ်။ နော်ကူးမနဲ့ သူ့ယောက်ျား အယ်ဒီတာတို့ဟာ DASSK ကို ချစ်ခင်မြတ်နိုးသူတွေလား မသိဘူး အစ်မ။ (သူ့ယောက်ျား အယ်ဒီတာက DASSK နဲ့ပတ်သက်ပြီး ကဗျာတွေ၊ ဆောင်းပါးတွေရေးတာ ဂျာနယ်တွေထဲမှာ ဖတ်ခဲ့ရဖူးပါတယ်။) အစ်မက ခန်းမထဲ၌ ဝိုင်းတစ်ဝိုင်းစီ လိုက်နှုတ်ဆက်ပါတယ်။ ကဗျာဆရာ မုံရွာအောင်ရှင်တို့ ဝိုင်းအပြီးမှာ နှုတ်ဆက်တော့ အဲဒီအယ်ဒီတာနဲ့ပါ နှုတ်ဆက်စကားပြောတာ တွေ့ရပါတယ်။ ဓာတ်ပုံရိုက်တဲ့သူဆီက အဲဒီဓာတ်ပုံကူးပြီးရင် လိုချင်ပါတယ်လို့ ပြောပြရပါတယ်။ (အဲဒီပုံလေးကို နော်ကူးမအတွက် အမှတ်တရအနေနဲ့ ပို့ပေးချင်လို့ပါ။ ဒါမှ သူ့ယောက်ျား အယ်ဒီတာ အရိုက်မခံရမှာလေ)

၁၉-၆-၂၀၁၄ နောက်ပိုင်းဆို အစ်မက ၇၀ ထဲရောက်ပြီနော်။ ဆံပင်တွေဖြူလာတာကလွဲလို့ (ဝိတိုရိယဆေးရုံမှာ ကျန်းမာရေးဆေးစစ်ချက်က အသက် ၃၀ အရွယ် မိန်းမသားတစ်ဦးရဲ့ ကျန်းမာရေးမျိုးရှိနေတယ်လို့ ပါရဂူသမားတော်ကြီးတွေက ၂၀၁၃ ခုနှစ် က ပြောဆိုထားပါတယ်) ကျန်းမာရေးကအစ ဘယ်လိုနေထိုင်စားသောက်တယ် ဆိုတာ ကျွန်တော်က သိထားတော့ အတင်းအဖျင်းပြောတတ်တဲ့ ယောက်ျားသားကြီးတွေကို ပြောပြချင်ပါတယ်။ ကျုပ်အစ်မက အသက် ၉၀ ကျော်အထိတောင် နိုင်ငံရေးလုပ်သွားမယ့်မိန်းမသား တစ်ဦးလို့၊ မယုံကြည့်နေ။

အစ်မက နိုင်ငံရေးသမားဆိုတော့ အစ်မလောက် ထင်ပေါ်ကျော်ကြားတဲ့ ကမ္ဘာကျော်နိုင်ငံရေးသမားဆိုလို့ မြန်မာပြည်မှာ တစ်ယောက်တည်းရှိတာပါ။ ဘယ်သူနဲ့မှ ယှဉ်လို့မရဘူး။ (ကမ္ဘာနဲ့ချိန်ပြီးပြောရင်တော့ နှစ်ယောက်ပဲရှိတယ်။ မင်ဒဲလားနဲ့ အစ်မ) ယှဉ်လိုက်တာနဲ့ လူဆိုးဖြစ်ရော၊ လူကြမ်းဖြစ်ရော။ ဒါလည်း မမှတ်ကြသေးဘူး။ ဒါတို့ဟာ ယောက်ျားသားတွေ၊ မိန်းမဖြစ်တဲ့သူလောက်တောင် အရည်အချင်းမရှိပါလား။ ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



မကျော်ပါလား။ နိုင်ငံခြားသားနဲ့တွေ့ရင် စကားပြန်မပါဘဲ စကားမပြောတတ်တဲ့ဘဝ။ အောင်ဆန်းစုကြည်လို ဘာသာစကား ၆ မျိုးတောင် မပြောတတ်တဲ့သူတွေ၊ မိန့်ခွန်းတောင် သူများပြန်ရေးတဲ့ မိန့်ခွန်းစာရွက်ဖတ်ပြီး ပြောရတဲ့ဘဝ။ နိုင်ငံခြားတိုင်းပြည်သွားရင် ဘုရင်၊ သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော် ဥက္ကဋ္ဌတို့နဲ့ တွေ့ရတဲ့သူ။ လက်တန်းမိန့်ခွန်း မပြောတတ်တဲ့ဘဝဆိုပြီး မရှက်တတ်ကြဘူးလား။ ရင်မနာကြဘူးလားဆိုပြီး ပြောလိုက်ချင်ပါတယ်။

ဒေါင်းဆိုတာ ခွပ်ဒေါင်းရယ်၊ ကဒေါင်းရယ် ရှိတယ်ဆိုတာလည်း မသိ၊ ခွပ်ဒေါင်းဆိုတာ ခွပ်တဲ့အမျိုး၊ ကဒေါင်းဆိုတာ ကတဲ့အမျိုး (ကလို့မရရင် ခွပ်နေမယ်ဆိုတာလည်းမသိ) Angry Bird ကာတွန်းဇာတ်လမ်းပဲသိတဲ့ အရည်အချင်းမျိုးဆိုတော့လည်း ပြောရတာခက်သား။ အသက် ၇၆ နှစ်ဆို ဒေါ်အောင်ဆန်းစုကြည်က အဘွားကြီးဖြစ်နေပြီတဲ့။ သမ္မတမဖြစ်နိုင်ဘူးတဲ့ (နိုင်ငံ့အကြီးအကဲဖြစ်ပြီး လမ်းလျှောက်လျှင် လှုပ်တုတ်လှုပ်တုတ်နဲ့ ဟိုလူတွဲ၊ ဒီလူတွဲရတဲ့ ယောကျ်ားသားကြီးတွေဘဝမျိုး) ဒေါ်အောင်ဆန်းစုကြည် ဖြစ်မှာတော့မဟုတ်ဘူးဆိုတာ အာမခံရဲပါတယ်။

ငါတို့ဟာ တစ်သက်လုံး ဘူးလက်(ကျည်ဆန်) တွေနဲ့ပဲ နေလာခဲ့ကြတော့ ချိုးငှက်တို့၊ သံလွင်ခက်တို့ဆိုတာ ဘာတွေလဲမသိတဲ့ ဘဝ၊ ဘာမဆို ဘူးလက်နဲ့ပဲ ဖြေရှင်းတတ်တဲ့ ဘဝတွေက လာခဲ့ကြတာဆိုတော့လည်း ယဉ်ကျေးလိမ္မာသင်တန်းတို့၊ ဆန်းဒေးစကူးလ်တို့ တက်ခိုင်းသင့်တယ်။ တက်သင့်ပါတယ်။ ခက်တာက ဖိနပ်နဲ့မတော်ရင် ဖနောင့်ကိုဖြတ်၊ ရေဘူးပေါက်တာ မလိုချင်၊ ရေပါလာဖို့ အဓိကဆိုသူတွေဖြစ်နေတော့လည်း ပြောရတာ အခက်သား။

စာရေးဆရာ၊ စစ်ဗိုလ်ကြီး၊ အောင်မြင်သူတို့လို စစ်ရေးအမြင်ရှိတဲ့သူတွေတောင် အမှန်တရားရဲ့ဘက်တော်သား၊ လူထုဘက်က ရပ်တည်တဲ့သူဆိုပြီး ပြည်သူလူထုကြီးက လေးစားထောက်ခံနေကြပါတယ်။ အဲဒါကိုလည်း သိရဲ့လားမသိ။ ပါလီမန်အမတ်ဖြစ်ပြီး ပြောလိုက်ရင် လူရယ်စရာ၊ အော့နလုံးနာစရာဖြစ်နေတယ်ဆိုတာလည်း မသိ။ သနားစရာ ကောင်းလိုက်ပါဘိ။

■

www.burmeseclassic.com

www.burmeseclassic.com

# ကျုပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၃)

အစ်မရေ . . .

ဒီနှစ်အာဇာနည်နေ့ (၆၇)နှစ်မြောက်ကတော့ နှစ်ပေါင်း ၅၀ ကျော်အတွင်းမှာ သမိုင်းမှတ်တမ်းပါပဲ အစ်မရယ်။ မမြင်ဖူးခဲ့ရတဲ့ မြင်ကွင်းတွေကြောင့် အံ့လည်းအံ့ဩရသလို လေးစားချီးကျူးစရာတွေလည်း မြင်တွေ့ခဲ့ရပါတယ်။

နေပြည်တော်မှာ နိုင်ငံတော်သမ္မတကြီးဦးဆောင်ပြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်နဲ့ ကာကွယ်ရေးဌာနက အရာရှိကြီးများရဲ့ ဆွမ်းသက်နှံလှူဖွယ်ပစ္စည်းတွေ ဆက်ကပ်လှူဒါန်းနေကြပုံ တွေ့မြင်ရတော့ နိုင်ငံရဲ့အာဇာနည်နေ့ကို မေ့မထားပါဘူး။ သတိရနေတယ်ဆိုတဲ့ ပုံရိပ်ပေါ့အစ်မရယ်။ လေးစားချီးကျူးမိပါတယ်။

ရန်ကုန်မြို့ အာဇာနည်ဗိမာန်မှာ နိုင်ငံတော်အဆင့် အာဇာနည်နေ့အခမ်းအနားကိုလည်း ဒုတိယသမ္မတဦးဆောင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ နိုင်ငံတော်ရှေ့နေချုပ်တို့ဟာ အာဇာနည်ဗိမာန်မှာလည်း လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းတွေနဲ့ ဂါရဝပြုခြင်း၊ အလေးပြုခြင်းတွေနဲ့ ဂုဏ်ပြုကြတာကို တွေ့ရပါတယ် အစ်မ။

ဒုတိယသမ္မတကြီးနဲ့အဖွဲ့ဟာ နားနေစဉ်ခန်းမမှာ အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ ကျန်ရစ်ခဲ့တဲ့ မိသားစုဝင်တွေကို လေးလေးစားစားနဲ့ နှုတ်ဆက်စကားပြောကြားနေတဲ့ပုံတွေလည်း တွေ့ရပါတယ်။ အစ်မ ဒီနှစ်အာဇာနည်နေ့အခမ်းအနားဟာ နိုင်ငံတော်အဆင့်ကျင်းပတဲ့ အခမ်းအနားဆိုလည်းမမှားပါဘူး။ ဒုတိယသမ္မတကြီးဆိုရင် အစ်မတို့ငယ်စဉ်က နေထိုင်ခဲ့တဲ့ တာဝါလိန်းလမ်းကနေအိမ် (ယခု ဗိုလ်ချုပ်အောင်ဆန်းပြတိုက်) ကို သွားရောက်ကြည့်ရှုတာဟာ ဒုတိယသမ္မတတစ်ယောက်အနေနဲ့ နှစ်ပေါင်း ၆၀

www.burmeseclassic.com



အတွင်း ပထမဦးဆုံးလို့ ထင်မိပါတယ်။

အစ်မတို့ရဲ့ ပါလီမန်မှာ အစည်းအဝေးလုပ်ကြစဉ် တစ်ခါက အမတ်မင်း တစ်ယောက်က အာဇာနည်နေ့မှာ ယခင်ကလို (၁၀း၃၇) နာရီမှာ မြန်မာ့အသံရေဒီယိုကနေ ဥသြဆွဲဖို့ အစီအစဉ်ရှိ၊ မရှိ မေးမြန်းတာကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တစ်ယောက် က လူတွေကများ။ ကားတွေကလည်းများလာတော့ ဥသြဆွဲသံကြားရင် ကားတွေတိုက်မိ ကြမှာစိုးလို့ ဥသြဆွဲမည့်အစီအစဉ်မရှိပါကြောင်း ပြောဆိုတာ ကြားမိပါတယ်။ အခုဆို လူနာတင်ယာဉ်ရဲ့ ဥသြဆွဲသံဟာ နေ့စဉ်လိုလို ရန်ကုန်မြို့မှာ ကြားနေရပါတယ်။ ဘယ် ယာဉ်မှ မတိုက်မိပါ။ မိုးရာသီကုန်တာနဲ့ မီးသတ်ကားဥသြဆွဲသံဟာ အမြဲလိုလို ကြားနေရ ပါတယ်။ မည်သည့်ယာဉ်မှ တိုက်မိတယ်ဆိုတာ မကြားရပါ။

သူတို့မလုပ်ပေးတာလည်း ခပ်ကောင်းကောင်းပါ အစ်မရယ်။ အခုဆို အာဇာနည် နေ့ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန် (၁၀ နာရီ ၃၇ မိနစ်) ရောက်ရင် စိတ်ဓာတ်ရှိတဲ့သူတွေအားလုံးက မိမိပိုင်မော်တော်ကားမှာပါရှိတဲ့ ကားဟွန်းတီးသံတွေနဲ့ ဥသြဆွဲတဲ့သဘောလုပ်ကြတာဟာ ပြည်သူတွေကို ပိုပြီး အလေးထားစေပါတယ်။ သတိရစေပါတယ်။ ပြည်သူတွေ ရေဒီယိုနားမထောင်တာလည်း နှစ်ပေါင်း ၃၀ ရှိပါပြီ။ အဲ ... ဒါပေမဲ့ အစ်မရယ် ပြည်သူတစ်ယောက်ကတော့ ကံဆိုးသွားပါတယ်။ လှည်းတန်း မီးပွိုင့်ရေိယာနား ၁၀ နာရီ ၃၇ မိနစ်မှာ ကားဟွန်းတီးတော့ ၁၀ နာရီ ၄၀ မိနစ် ဖြစ်နေလို့ဆိုပြီး အရေးယူတာခံရပါတယ်။ (နာရီအချိန်တိုက်တာ လွဲသွားတယ်နဲ့တူတယ်) ဘာပဲဖြစ်ဖြစ် ဒီနှစ်အာဇာနည်နေ့ကတော့ မှတ်တမ်းပါပဲ။ ထူးခြားတာက

မီးသတ်ဦးစီးဌာနကနေ ညွှန်ကြားချက်ထုတ်ပြန်ပါတယ် အစ်မ။ (၆၇) နှစ်မြောက် အာဇာနည်နေ့ (၁၀ နာရီ ၃၇ မိနစ်) အချိန်မှာ တစ်ပြည်လုံးမှာရှိတဲ့ မီးသတ်ဦးစီးဌာနပိုင် မီးသတ်ကားတွေမှာပါရှိတဲ့ ကားဥသြတွေဆွဲကြရမယ်လို့ ညွှန်ကြားတာဟာ လေးစားစရာပါ အစ်မ။ ရေဒီယိုဥသြသံကမှ သေးနေ၊ တိုးနေပါသေးတယ်။

နောက်တစ်ခု ထူးခြားတာ အစ်မ ဖေဖေတို့ ကျဆုံးလုပ်ကြံခံရတဲ့ အတွင်းဝန်များ ရုံး (ဝန်ကြီးများရုံး) မှာရှိတဲ့ အစည်းအဝေးခန်းမမှာ နှစ်ပေါင်း(၆၇) နှစ်အတွင်း ပထမဦးဆုံး အနေနဲ့ အာဇာနည်နေ့ ဆွမ်းကပ်ဆွမ်းလောင်း အခမ်းအနားလုပ်တာပါ အစ်မ။ အနော်မာ ဆိုတဲ့ ပုဂ္ဂလိကကုမ္ပဏီတစ်ခု ပြုလုပ်တာပါ။ လေးစားစရာပါ။ (အဲဒီကုမ္ပဏီက အတွင်းဝန် များရုံးဟောင်းကို ရှေးဟောင်းအဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေးလုပ်နေပါတယ်) ဂျာနယ်တွေထဲမှာပါလာလို့ သိရတာပါ။ ဝင်ရောက်လေ့လာတဲ့သူတွေကို ခွင့်ပြုတာတွေရှိ ပါတယ်။ ကြိုသာသိရင် သွားရောက်လေ့လာမိမှာပါ အစ်မ။

နောက်ထူးခြားတာတစ်ခုက အာဏာရပါတီက ပါတီဥက္ကဋ္ဌကြီး သူရဦးရွှေမန်း

www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်တဲ့ ပြည်ခိုင်ဖြိုးပါတီက သူတို့ရဲ့ ရန်ကုန်ပါတီဌာနချုပ်မှာ အာဇာနည်နေ့ဆွမ်း ဆက်ကပ်ပါတယ်။ လေးစားပါတယ်ခင်ဗျာ။ အာဇာနည်နေ့ဆိုတာက ကမ္ဘာကြီးတည်ရှိနေသရွေ့ မြန်မာနိုင်ငံမှာ တည်ရှိနေသွားမယ့် နေ့ထူးနေ့မြတ်တစ်နေ့ပါ။

ဒီနှစ်အာဇာနည်နေ့ အစ်မအိမ်မှာပြုလုပ်တဲ့ ဆွမ်းကပ်ပွဲကို သူရဦးရွှေမန်းကြီး မလာရောက်နိုင်တာက ပြည်ခိုင်ဖြိုးပါတီ ရန်ကုန်ဌာနချုပ်ရုံးမှာလည်း ဆွမ်းကပ်တဲ့ အခမ်းအနားရှိတော့ မလာရောက်နိုင်ခဲ့ပါဘူး။ (မနှစ်ကတော့ လာရောက်ခဲ့ပါတယ်) သူရဦးရွှေမန်းကြီး မလာရောက်နိုင်ပေမဲ့လည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ဦးခင်မောင်မြင့် လာရောက်တာကို တွေ့ရပါတယ်။ တပ်မတော်ဖခင်ကြီးမိသားစုအိမ်မှာ အာဇာနည်နေ့ဆွမ်းကပ်တာကို တပ်မတော်သားကြီး အငြိမ်းစားဗိုလ်ချုပ်တစ်ယောက်လာတာ လာသင့်ပါတယ်။ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဒေါ်အောင်ဆန်းစုကြည်ဟာ တပ်မတော်သားတွေနဲ့ အမျိုးတော်ပါတယ်။ တစိမ်း(သူစိမ်း)တွေ မဟုတ်ပါဘူး။ ကျွန်တော်တို့တစိမ်း (သူစိမ်း)တွေ တောင် ကူညီနေကြတာပဲ။ တပ်မတော်သားတွေက ဒေါ်အောင်ဆန်းစုကြည်ကို ပိုပြီးတော့တောင် ကူညီသင့်ပါတယ်။ အမျိုးတွေပဲဥစ္စာ။ (အစ်မအိမ်မှာ ဦးခင်အောင်မြင့်ကြီးလည်း ရွှေတောင်ကုန်းဆရာတော်ဘုရားကြီးရဲ့ တရားနာသွားခဲ့ပါတယ်)

ဦးခင်အောင်မြင့်နဲ့ ပါလာတဲ့ လုံခြုံရေးအဖွဲ့တွေကိုလည်း ထမင်းကျွေးညှော်ခံတာကို အချိန်မရမှာစိုးရိမ်ပြီး လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်တွေနဲ့ ညှော်ခံပါတယ်။ လုံခြုံရေးရဲဘော်တွေအတွက် ထမင်းဘူးတွေလည်း ထည့်ပေးလိုက်ပါတယ်။ (အစ်မက ရဲဘော်လေးတွေဆိုရင် ကျွေးမွေးတတ်တဲ့စိတ်ထားရှိသူပါ။ အရာရှိနဲ့ရဲဘော် တစ်တန်းတည်း ကျွေးပါတယ်။ ခွဲခြားမကျွေးတတ်ပါ။ အကြောင်းသိကျွန်တော်ကတော့ စီစဉ်ထည့်ပေးလိုက်ပါတယ်။ ချို့ယွင်းချက်ရှိက ခွင့်လွှတ်ပါ။ အစ်မနဲ့ တပ်မတော်သားရဲဘော်လေးတွေ အကြောင်းသိချင်ရင်တော့ ကျွန်တော်ရေးတဲ့ 'သမီးအောင်ဆန်းနဲ့ ခြံထဲကမှတ်စုများ' စာအုပ်ကို ပြန်ကြည့်ရင်သိနိုင်ပါတယ်)

ဒီနှစ် အာဇာနည်နေ့မှာ ပိုပြီးထူးခြားတာက ဘုရားသားတော် (သံဃာတော်တွေ) များကလည်း အာဇာနည်ဗိမာန်ကို လာရောက်ပြီး သံဝေဂယူသွားကြတာကို တွေ့ရှိရပါတယ် အစ်မ။ ဘုရားသားတော် သံဃာတော်တွေကလည်း နိုင်ငံသားတွေပါ အစ်မ။ သံဝေဂတရားပွားခွင့်ရှိပါတယ်။ ရွှေညဝါဆရာတော်ကြီးလည်း ကြွရောက်လာပါတယ် အစ်မ။

(၆၇) နှစ်မြောက် အာဇာနည်နေ့ကတော့ မြန်မာပြည်သမိုင်းမှာ မှတ်တမ်းတင်ရပါမယ် အစ်မ။ နှစ်စဉ်၊ နှစ်စဉ်လည်း ဒီနှစ်လိုမျိုးလုပ်သွားစေချင်ပါတယ်။ (စိတ်ရှိရင်လုပ်၊ စိတ်မရှိရင်မလုပ်ကြဆိုတာမျိုးကြီးတော့ မဖြစ်စေချင်ပါ) နိုင်ငံတည်ရှိနေသရွေ့ ကမ္ဘာတည်

www.burmeseclassic.com

www.burmeseclassic.com



သည့်တိုင်အောင်။

'အာဇာနည်နေ့' ဆိုတာက တည်ရှိသွားမှာပါ။ ငြင်းပယ်လို့မရပါဘူး။ ငြင်းဆိုလို့ မရပါဘူး။ ခေတ်မီသည်ထက်မီအောင်၊ တိုးတက်သည်ထက် တိုးတက်အောင် ပြုလုပ်သွားဖို့ပဲ တာဝန်ရှိပါတယ်။

"ကမ္ဘာတည်သရွေ့သာ ... မေ့မရသော အာဇာနည်နေ့ပါ" ...။

■

www.burmeseclassic.com

www.burmeseclassic.com

# ကျုပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၄)

အစ်မရေ …

အစ်မမွေးနေ့မတိုင်ခင် ဇွန်လ ဒုတိယပတ်အတွင်းက ပန်းချီပြပွဲလေးတစ်ခုကို ရောက်ရှိသွားခဲ့ပါတယ်။ ပြပွဲနာမည်က FOR SUU (စုအတွက်) လို့ အမည်ရတဲ့ အစ်မရဲ့ ပုံကို ရှုထောင့်အမျိုးမျိုးကနေ ရေးဆွဲထားတဲ့ ပန်းချီပြပွဲလေးပါ။ (အစ်မရဲ့ (၆၉) နှစ်မြောက် မွေးနေ့အတွက် ရည်စူးပြီး ဆွဲထားတာပါ အစ်မ)

ပန်းချီပြပွဲကို ဦးစီးကျင်းပတဲ့သူကတော့ မမွေး၊ ချောအိသိမ်း တို့ဆိုတာနဲ့ ကျွန်တော်က သိလိုက်ပါပြီ။ မမွေးဆိုတာက ၁၉၈၈၊ ၈၉ ကာလတွေတုန်းက အစ်မခြံထဲမှာ တည်ရှိခဲ့တဲ့ ပြန်ကြားရေးဌာနရဲ့အဖွဲ့ဝင်တစ်ဦးပါ။ ဒေါ်အောင်ဆန်းစုကြည်ပုံ ရွေးဆွဲရာမှာ အထူး ကျွမ်းကျင်တဲ့ပန်းချီဆရာ ကိုမျိုးမြင့်(ဆရာမျိုး)ရဲ့ တပည့်တစ်ဦးပါ။ အဲဒီအချိန်တုန်းက ပြန်ကြားရေးကို ဦးဆောင်ခဲ့တဲ့ ကိုမျိုးမြင့်၊ ကိုမျိုးမြင့်ညီမ်း၊ ကိုမျှားနီ တို့နဲ့အတူ အစ်မခြံထဲက ပြန်ကြားရေးဌာနမှာ တက်ကြွစွာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ရဲဘော်ရဲဘက် တစ်ဦးပါ။ ၁၉၈၉ ခုနှစ်၊ ဇူလိုင် ၂၀ ရက်နေ့မှာ အစ်မခြံဝင်းကြီး ဝင်ရောက်စီးနင်း သိမ်းပိုက်ခြင်းခံလိုက်ရတဲ့ နောက်ပိုင်းမှာ အားလုံးဟာ တကွဲတပြားစီဖြစ်သွားကြပြီး ခံယူချက်ကိုယ်စီနဲ့ ဘဝတွေကို ရင်ဆိုင်ဖြတ်သန်းခဲ့ကြရပါတယ်။ မမွေးတစ်ယောက်လည်း အဲဒီလိုပါပဲ အစ်မ။ ဒါပေမဲ့ အလှည့်ကျရင် မန္တလေးတမ်းဆိုတဲ့ စိတ်ဓာတ်က စာပေအနုပညာရှင်တွေရဲ့စိတ်ထဲမှာ ကိန်းအောင်းနေပြီးသားပါ အစ်မ။

ဒေါ်အောင်ဆန်းစုကြည်အတွက်၊ ဒေါ်စုကိစ္စနော်၊ အန်တီစုပြောတာ၊ ဒေါ်အောင်ဆန်းစုကြည်အတွက် ရည်စူးတာ၊ အမေစုက မှာတာလို့ကြားလိုက်တာနဲ့

www.burmeseclassic.com



ပြောလိုက်တာနဲ့ အားလုံးက သိုင်းပြီးသား။ ဝိုင်းပြီးသားပါ အစ်မ၊ မမွေးတို့အုပ်စုကလည်း အဲဒီထဲကပါ။ ချောအိသိမ်း ဆိုတာကတော့ ၁၉၉၅–၉၆ ကာလတွေတုန်းက စနေ၊ တနင်္ဂနွေ အစ်မခြံရှေ့ဟောပြောပွဲတွေမှာ သူငယ်ချင်းတစ်ယောက်နဲ့ အပတ်စဉ် မပျက် မကွက်လာရောက်အားပေးတဲ့ အစ်မရဲ့ ပရိသတ်တစ်ဦးပါ။ ဝါရင့်ပန်းချီဆရာမတစ်ဦး ပါပဲ။ အခုပြပွဲမှာ သူတို့နဲ့အတူတူ အစ်မပုံရေးဆွဲတဲ့ ပန်းချီဆရာစိုင်းလင်းမြတ်ကိုတော့ မသိပါဘူး။ ဒါပေမဲ့ အစ်မပုံရေးဆွဲရာမှာတော့ မမွေးတို့လိုပဲ ကျွမ်းကျင်စွာ ရေးဆွဲနိုင်သူ တစ်ဦးပါပဲ။

(ပန်းချီပြပွဲဆိုလို့ အစ်မမွေးနေ့မတိုင်ခင် နှစ်ပတ်ကျော်လောက်ကတည်းက အစ်မအတွက် ရည်စူးပြီး ပန်းချီပြပွဲလေးတစ်ခု မောင်ထော်လေးလမ်း အထက်လမ်းမှာ ပြုလုပ်ခဲ့ ကြပါသေးတယ်။ NLD ကိုလည်း ဖိတ်စာလာပို့တာ တွေ့ရပါတယ်။ ရုံးပိတ်ချိန် ဖြစ်နေတော့ ကျွန်တော့်ကို မနက်ဖြန်ရုံးကို ပေးပေးပါလို့ အကူအညီတောင်းတာနဲ့ လက်ခံထားလိုက်ပါတယ်။ ကျွန်တော့်ကို ဖိတ်စာတစ်စောင်ပေးပြီး ဖိတ်သွားပါတယ်။ သူတို့ပြန်သွားပြီး ဖိတ်စာကိုဖတ်ကြည့်လိုက်တော့ အစ်မနာမည်ကို အင်္ဂလိပ်လိုစာလုံး ပေါင်းထားတာ SU ဖြစ်နေပါ တယ်။ U တစ်လုံးမပါပါ။ တစ်ယောက်တည်းမှားတယ် ထင်နေတာ ဆက်ဖတ်ကြည့်တော့ ပန်းချီဆရာတွေအားလုံး ရေးထားတာ SU လို့ပဲ ရေးထားတာတွေ့ရပါတယ်။ ကျွန်တော်လည်း ချက်ချင်းပဲ ဖိတ်စာထဲမှာပါတဲ့ ဖုန်းနံပါတ် အတိုင်း ဖုန်းဆက်ပြီး ဒေါ်အောင်ဆန်းစုကြည်က စုဆိုတာကို အင်္ဂလိပ်လို SUU ဆိုတဲ့ စာလုံးပေါင်းနဲ့ရေးပါတယ်။ Su လို့ မရေးပါဆိုပြီး ရှင်းပြလိုက်ပါတယ်။ (လူဦးရေ သန်း ၆၀ ထဲမှာ စုနာမည်ပါတဲ့သူတွေဟာ အင်္ဂလိပ်စာလုံး ရေးရင် SU လို့ပဲ ပေါင်းကြမှာပါ။ အစ်မတစ်ယောက်သာ SUU လို့ ပေါင်းတာ ကျွန်တော် သတိထားမိပါတယ်) အစ်မ မြန်မာနိုင်ငံမှာ နေထိုင်နေတာ ၂၇ နှစ်ရှိပါပြီ။ ကမ္ဘာကျော်တဲ့ ပုဂ္ဂိုလ်အဖြစ် တည်ရှိနေပါတယ်။ သတင်းဌာနရေးသားချက်တွေမှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ အင်္ဂလိပ်လို စာလုံးပေါင်းအနေနဲ့ SUU လို့ ရေးသားထားတာကို တွေ့မိကြမယ်လို့ထင်ပါတယ်။

စုအတွက် (FOR SUU) ဆိုတဲ့ ပန်းချီပြပွဲက အစ်မမွေးနေ့မတိုင်ခင် ဇွန်လ ၁၄ ရက်နေ့ကနေ ဇွန်လ ၂၀ ရက်နေ့အထိ ပြသပါတယ်။ နံနက် ၁၀ နာရီကနေ နေ့ခင်း ၂ နာရီအထိပါ အစ်မ။ ၆၉ နှစ်မြောက်မွေးနေ့အကြို အထိမ်းအမှတ်ပါ။ စပွန်ဆာ ပေးတဲ့သူကတော့ မြစ်ကြီးဧရာဝတီအဖွဲ့ကလို့ ဆိုပါတယ်။

အဲဒီပန်းချီပြခန်းရဲ့ အဝင်နေရာလေးမှာ စားပွဲခုံနဲ့ မှတ်တမ်းစာအုပ်လေးပေးထား

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဝင်ရောက်ကြည့်ရှုသူတွေရဲ့ မှတ်ချက်စကားလေးတွေ ရေးပေးဖို့ပါ။ ကျွန်တော်လည်း ပြခန်းအတွင်း အစ်မပန်းချီပုံတွေ လှည့်လည်ကြည့်ရှုပြီး မှတ်တမ်းစာအုပ်မှာ သဘောထားမှတ်ချက်ရေးဖို့ ခုံမှာထိုင်လိုက်ပြီး စာရွက်လှန်နေရာရာတော့ စာရွက်တစ်ရွက်နေရာမှာ ကလေးလက်ရေးလေးနဲ့ အင်္ဂလိပ်လိုရေးထားတာ စိတ်ဝင်စားတာနဲ့ ဖတ်ကြည့်မိပါတယ်။ ခေါင်းစဉ်က Mother SUU လို့ ရေးထားပြီး သူရေးတာက အစ်မကို သမ္မတကြီးဖြစ်စေချင်တဲ့အကြောင်း ရေးထားပါတယ် အစ်မ။ ဒီကလေးလေးကို တအားလည်း လေးစားသွား မိပါတယ်။ ချီးကျူးမိပါတယ်အစ်မ။ သူကလေး ဘယ်သူဆိုတာ စုံစမ်းကြည့်လိုက်တော့ ...

"အမယ်လေး အစ်မရယ် ခေသူတော့မဟုတ်ဘူးဗျ။ (သူ့အဘိုးက ကျွန်တော်တို့ခေတ်က ထင်ရှားကျော်ကြားတဲ့ စံရွှေမြင့်ဇာတ်ကောင်ကို သရုပ်ဖော်ခဲ့တဲ့ ကာတွန်းဆရာကြီး (ဦး)မြင့်သိန်း။ အဘွားကလည်း ခေတ်မီစွာ ဝတ်စားဆင်ယင်ပြီး ကားကိုကိုယ်တိုင်မောင်းမောင်းပြီး အနုပညာပွဲတွေမှာ ဒိုင်လူကြီး သွားသွားလုပ်ပေးနေရတဲ့ ဒေါ်တူးတူးမြင့်သိန်း။ အဖေက နာမည်ကြီး ဂျာနယ်တစ်စောင်ရဲ့ အယ်ဒီတာချုပ်ဆိုတော့ ဒီကလေးရဲ့အတွေးအခေါ်က ရင့်ကျက်ပြီပေါ့ အစ်မရယ်။

ကလေးရဲ့နာမည်က မြတ်ပန်းဖွေး (ခ) VIOLET တဲ့ (ကေန္တ ပုဂ္ဂလိကပညာရေးကျောင်းတွေက ကျောင်းသူလေးလားတော့ မသိဘူး အစ်မ)

မြတ်ပန်းဖွေးက (၁၁)နှစ်သမီးအရွယ်ဆိုတော့ အစ်မ (၁၁)နှစ်သမီးအရွယ်က အတွေးအခေါ် ပြောဆိုခဲ့တဲ့ အတွေးလေးကို သွားသတိရမိပါတယ်။ အဲဒီအချိန်က အစ်မဟာ အစ်မဖေဖေလို နိုင်ငံရေးသမားကြီးဖြစ်ချင်တဲ့စိတ်ဝင်ခဲ့ပါတယ်။

အစ်မ (၁၁) နှစ်သမီးအရွယ်က တွေးခေါ်သလို အခုလည်း (၁၁) နှစ်သမီးအရွယ် မြတ်ပန်းဖွေးက "MOTHER SUU ကို သမ္မတကြီးဖြစ်စေချင်ပါတယ်။ ဒီတိုင်းပြည်ဟာ MOTHER SUU လိုလူမျိုး အုပ်ချုပ်မှသာ တိုင်းပြည်တိုးတက်ပါမယ်" သမ္မတအဖြစ်လုပ်စေချင်ပါတယ်ဆိုတဲ့ ရေးသားထားတာကို ဖတ်ရတော့ (အတွေးအခေါ်က နိုင်ငံရေးစိတ်ဓာတ်ရှိနေတယ်လို့ ထင်ရပါတယ်။ အစ်မလည်း (၁၁)နှစ်သမီးအရွယ် အတွေးအခေါ်က နိုင်ငံရေးဘက်နှယ်နေတာပဲလေ။ အဲဒါကြောင့် ပြောတာပါ)

အစ်မရေ ... အခုလို လူငယ်တွေက နိုင်ငံရေးဆက်နွှယ်တဲ့ စကားလုံး၊ အပြုအမူ၊ ပြောဆိုမှုတွေ ကြားလာရတော့ တိုင်းပြည်အနာဂတ်အတွက် ဝမ်းသာစရာပါ

www.burmeseclassic.com

www.burmeseclassic.com



အစ်မ။ နိုင်ငံသူ၊ နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ရှိဖို့ စည်းရုံးတယ်ဆိုတာ ရိုးသားမှုကိုအခြေခံပြီး ပညာတတ်ညာဉ်နဲ့ ပညာတတ်ဦးနှောက်နဲ့ ချဉ်းကပ်ပြီး စည်းရုံးရပါတယ် မဟုတ်ပါလား အစ်မ။ အဲဒါကတော့ ဒီတစ်ပတ် ကျုပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြချင်တဲ့အကြောင်းအရာပါ။

■

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မ၊ အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၅)

**အစ်မရေ ...**

အစ်မရဲ့ နိုင်ငံရေးရဲဘော်ရဲဘက်တွေကတော့ တစ်ယောက်ပြီးတစ်ယောက် နိုင်ငံရေးလောကထဲကနေ အသက်စွန့်ထွက်ခွာသွားကြတာ မနည်းတော့ပါဘူး။

ကျွန်တော်မှတ်မိသလောက်တော့ ဘကြီးသော် (မောင်သော်က)၊ ရွှေနေကြီး ဘဘဦးထွန်းတင်၊ ဗိသုကာဦးကျော်မင်း၊ ခရမ်းဦးတင်မောင်ဝင်း၊ ဦးသိန်းတင်၊ ဒေါ်စန်းစန်းဝင်း (အလုံ)၊ ရွှေနေဦးသိန်းဟံ (ပန်းဘဲတန်း)၊ မိဘလိုသဘောထားခဲ့တဲ့ လေထီးဦးအုန်းမောင်၊ အဘသခင်အုန်းမြင့်၊ အဘဦးညီပု (မန္တလေး)၊ ဆရာမောင်ဝံသ တို့ ကွယ်လွန်သွားခဲ့ပါပြီ။ အစ်မရဲ့ နိုင်ငံရေးအရ အားကိုးရမယ့်လူကြီးတွေ နိုင်ငံရေး ရဲဘော်ရဲဘက်၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တွေပါပဲ။

အခုလာမယ့် ဩဂုတ်လ (၁၁) ရက်နေ့ဆိုရင် ဆရာမောင်ဝံသဆုံးတာ တစ်နှစ် တိတိ ပြည့်ပါတော့မယ်။ သတိလည်းရမိပါတယ်။ အမှတ်ရစရာတွေလည်း ပြောပြချင် ပါတယ်အစ်မ။

NLD အဖွဲ့ချုပ်ကြီးကို စတင်တည်ထောင်တော့ ဒေါ်အောင်ဆန်းစုကြည်က သူ့ဘက်က ပါဝင်ရမယ့် လူဦးရေကို (တတ်သိပညာရှင်များ) လို့ခေါ်တဲ့ သတင်းစာဆရာ၊ စာရေးဆရာတွေနဲ့ စာပေပညာရှင်များ အနုပညာရှင်များ၊ ရွှေနေများ၊ ဆရာဝန်များ ပါဝင်တဲ့အဖွဲ့ကို ဖွဲ့စည်းပြီး စာရင်းပေးပါတယ်။ သတင်းစာဆရာနဲ့ စာရေးဆရာ ဟံသာဝတီဦးဝင်းတင်၊ စာရေးဆရာမောင်သော်က (ဘကြီးသော်)၊ စာရေးဆရာနဲ့ ဒါရိုက်တာမောင်မိုးသူ (ဘကြီးမိုး)၊ သတင်းစာဆရာနဲ့ စာရေးဆရာမောင်ဝံသ (ဦးစိုးသိမ်း)၊ ဦးကျော်မင်း (ဗိသုကာ)၊ ဦးအောင်လွင်(ရုပ်ရှင်) တို့ပါဝင်တဲ့ စာပေအနုပညာရှင်များအုပ်စု၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေနေကြီးဘဘဦးထွန်းတင်နဲ့ ရွှေနေကြီး ဒေါ်မြင့်မြင့်ခင်တို့ ဦးဆောင်တဲ့ ရွှေနေများအုပ်စုရယ်၊ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်တဲ့ ဆရာဝန်များအုပ်စုတို့ဟာ (တတ်သိပညာရှင်များ) အစုအဖွဲ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ဘက်က ပါဝင်ခဲ့ကြပါတယ်။

အစ်မက အားလုံးကို 'ဆရာ' ဆိုတဲ့အသုံးအနှုန်းနဲ့ ခေါ်ဝေါ်ပြီး အားလုံးက အစ်မကို 'ဒေါ်စု' ဆိုတဲ့အသုံးအနှုန်းနဲ့ ခေါ်ဝေါ်ကြပါတယ်။ အဖွဲ့ချုပ်ရဲ့ပြင်ပ (အပြင်မှာ) တစ်နေရာရာမှာ စကားပြောကြပြီ၊ ဆွေးနွေးကြပြီဆိုရင် အားလုံးလိုလိုက အစ်မကို 'ဒေါ်စု' လို့ ခေါ်ဝေါ်သုံးနှုန်းပြီး ပြောကြပေမဲ့ ဆရာမောင်ဝံသကတော့ အစ်မကို 'လေဒီ (Lady)' လို့ ခေါ်ဝေါ်ပါတယ်။ ဘကြီးသော် (မောင်သော်က) တော့ 'DASSK' လို့ ခေါ်ဝေါ်သုံးနှုန်းတာကို သတိပြုခဲ့မိပါတယ်။ ဘကြီးမိုး (မောင်မိုးသူ) ကတော့ 'ဒေါ်စု' လို့ ယနေ့အချိန်အထိ ခေါ်ဝေါ်လျက်ပါ။

('ဘကြီး' ဆိုတဲ့စကားလုံးတပ်ပြီး ခေါ်ဝေါ်တာက ထောင်ထဲမှာ တူတူနေခဲ့ကြတုန်းက ခေါ်ဝေါ်ခဲ့တဲ့ အသုံးအနှုန်းပါ။ မောင်သော်ကဆို (ဘကြီးသော်)၊ မောင်မိုးသူဆို (ဘကြီးမိုး)၊ ဦးအောင်လွင်ဆို (ဘကြီးအောင်) ဆိုပြီး ခေါ်ဝေါ်ခဲ့ကြပါတယ်။)

အစ်မရေ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့၊ ညနေ ၅ နာရီအချိန်မှာ အစ်မခြံဝင်းကြီးကို စစ်ကြောင်းကြီးပုံသဏ္ဌာန်နဲ့ ဝင်ရောက်စီးနင်းသိမ်းပိုက်ပြီး အစ်မကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အသက်အန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(ခ)အရ နေအိမ်အကျယ်ချုပ် ချလိုက်ပြီဖြစ်ကြောင်းစာကို ဖတ်ပြပါတယ်။ ခြံထဲမှာရှိနေကြတဲ့ နိုင်ငံရေးနှင့် ပတ်သက်ဆက်စပ်သူမှန်သမျှကို ည (၉)နာရီအချိန်မှာ တီအီးကားကြီး (၂)စီးနဲ့ ခေါ်သွားတော့ ဆရာမောင်ဝံသနဲ့ ဆရာမောင်မိုးသူတို့လည်း ပါဝင်ပါတယ်။ သူတို့နှစ်ယောက်ကို NLD ဌာနချုပ်ရုံးအမှတ်(၄၄) တက္ကသိုလ်ရိပ်သာလမ်းကနေ (အစ်မခြံနဲ့ တစ်ခြံကျော်) ည (၈)နာရီလောက်မှာ ခေါ်လာပြီး အစ်မခြံထဲက တိုက်ပျက်ကြီးထဲမှာ စစ်ဆေးနေတာတွေ့ရပါတယ်။ ကျွန်တော်တို့အုပ်စုကိုတော့ အစည်းအဝေးခန်းမ (တဲကြီးထဲမှာ) ထဲမှာ ထားပါတယ်။ ညနေ (၅) နာရီကနေ ည (၉)နာရီ အပြင်ပေးမထွက်ဘဲထားပါတယ်။ သောက်စရာရေလည်းမရှိနဲ့ ဒုက္ခခံစားရပါတယ်။ ည (၉) နာရီအချိန်မှာ တဲကြီးထဲကနေ နှစ်ယောက်တစ်တွဲ ထွက်ခိုင်းပါတယ်။ အစ်မအိမ်ပေါ်တီကို၊ ကို မြင်ရတဲ့နေရာရောက်တော့မှ အစ်မက ထွက်လာပြီး ရေတိုက်တော့မှ ကျွန်တော်တို့သောက်ရပါတယ်။ အစ်မရှေ့မှာတော့ ဒီလူငယ်တွေကို အိမ်လိုက်ပို့ပေးဖို့ ခေါ်သွားတာပါပြောပေမဲ့ ခေါ်သွားတဲ့ကားက လေးဖက်လေးတန် တာလပတ်အမိုးတွေချပြီး ခေါ်သွားတာပါ။ တံခါးအနီးကြီးမြင်ရတော့မှ အင်းစိန်ထောင်ဆိုတာ သိရပါတယ်။ ည (၁၀) နာရီအချိန်ပါ။ ရှာဖွေစစ်ဆေးတာတွေ လုပ်ပြီး လူကြီးတွေဖြစ်တဲ့ (ဆရာမောင်ဝံသ၊ ဆရာမောင်မိုးသူ၊ ဦးဝင်းငြိမ်း) တို့ကို

www.burmeseclassic.com

www.burmeseclassic.com



သီးခြားခေါ်သွားပါတယ်။ ကျွန်တော်တို့ကို တစ်နေရာခေါ်သွားပြီး ထားပါတယ်။ (၅) တိုက်မှာပါ။ ပုဒ်မ ၅(ည) နဲ့ (၄၅) ရက်နေရပြီး ပုဒ်မ ၁၀(က)တပ်တော့ (တိုက်ဝင်း)ထဲ ပြောင်းထားပါတယ်။ (၅)တိုက် နဲ့ (၃)တိုက်တွေမှာ ထားပါတယ်။ ပုဒ်မ ၁၀(က)၊ ၁၀(ခ) က (၅)နှစ်အထိ နေရမှာပါ။

၁၉၉၀ ပြည့်နှစ် ဧပြီလ (၂၅) ရက်နေ့မှာ ဆရာမောင်ဝံသရယ်၊ ကျွန်တော်တို့ ထဲက ကိုအောင်(အောင်ကြီးလွင် USA)၊ ထင်ကျော်(ဂျပန်)၊ မောင်စိုး(ပျော်ဘွယ်) တို့ကို ထိန်းသိမ်းရာက ပြန်လွှတ်ပေးပါတယ်။ (ရွှေနေ ဒေါ်မြင့်မြင့်ခင်လည်း ပါပါတယ်။)

ဆရာမောင်ဝံသဟာ ၁၉၉၀ ပြည့်နှစ် မေလ (၂၇)ရက် ရွေးကောက်ပွဲမှာ ပဲခူးတိုင်း ဝေါမြို့နယ်အမတ်အဖြစ် ရွေးကောက်ခံရပါတယ်။ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်၊ ၂၉ ရက်နေ့တွေမှာ ပြုလုပ်တဲ့ ဂန္ဓီခန်းမအစည်းအဝေးကို တက်ရောက်ပါတယ်။ ဂန္ဓီခန်းမ ကြေညာစာတမ်းကို တစ်စောင်လုံးနီးပါးရေးသားခဲ့သူ ဖြစ်ပါတယ်။

၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာ ၂၃ ရက်နေ့မှာပြုလုပ်တဲ့ NLD အမတ်တွေ ဖမ်းပွဲလုပ်တော့ ဆရာမောင်ဝံသ ဒုတိယအကြိမ် အဖမ်းခံရပြီး စစ်ခုံရုံးက ထောင်ဒဏ် ၇ နှစ် ချမှတ်တာခံရပါတယ်။ ၁၁/၉၂ ပြဋ္ဌာန်းချက်ကြောင့် ၁၉၉၂ ဧပြီလ ၂၉ ရက်နေ့မှာ ပြန်လည်လွှတ်မြောက်ခဲ့ပါတယ်။ (ကျွန်တော်တို့ခြံထဲကပါ သွားကြသူတွေအားလုံးလည်း နောက်ဆုံးအသုတ်အနေနဲ့ ပြန်လွှတ်လာကြတာ တွေ့ရပါတယ် အစ်မ။ ၁၁/၉၂ ကြောင့်ပါ။)

၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှာ အစ်မနေအိမ်အကျယ်ချုပ်က ပြန်လည် လွှတ်မြောက်လာတော့ ဆရာမောင်ဝံသနဲ့ ဘကြီးမိုး(မောင်မိုးသူ) တို့ဟာ အစ်မ ခြံထဲကို အမြဲလာခဲ့ပါတယ်။ အစ်မနဲ့ စကားတွေပြော၊ ဆွေးနွေးကြနဲ့ ညနေ ၅ နာရီ၊ ၆ နာရီ လောက်မှ ပြန်ကြပါတယ်။

၁၉၉၆ ခုနှစ်ရောက်လာတော့ စနေ၊ တနင်္ဂနွေ အစ်မခြံရှေ့ ဟောပြောပွဲတွေကို နှောင့်ယှက်မှုတွေ လုပ်လာကြပါတယ်။ မေလ ၂၇ ရက်နေ့ ရွေးကောက်ပွဲနှစ်ပတ်လည် နေ့ကို အစ်မခြံထဲမှာ အကြီးအကျယ်ကျင်းပမယ်ဆိုတာ ကြေညာထားတော့ ပြဿနာ ရှာတော့မယ်ဆိုတာ ရိပ်မိနေကြပါပြီ။ ထင်တဲ့အတိုင်းပဲ မေလ ၂၁ ရက်နေ့မှာ ဆရာမောင်ဝံသကို ဖမ်းသွားပါတယ်။ အစ်မအိမ်ထဲရုံးအဖွဲ့က ကိုကိုညီ (ဦးအေးဝင်း)နဲ့ ဦးဝင်းထိန်တို့ကိုလည်း ဖမ်းသွားပါတယ်။ တက္ကသိုလ်ရိပ်သာလမ်းကြီးကိုလည်း ပိတ်ဆို့ တားဆီးတာတွေ လုပ်လာပါတယ်။ ဘယ်သူမှ သွားခွင့်မရပါ။ မေလ ၂၁ ရက်နေ့မှာ ဆရာမောင်ဝံသ တတိယအကြိမ်အဖမ်းခံရတော့ ၁၀(က)နဲ့ နှစ်ပြည့်အတိုင်း ၅ နှစ်တိတိထားပါတယ်။ ထောင်ဝင်စာတွေ့ခွင့် မရပါ။ အပတ်စဉ်ပါဆယ်ပစ္စည်းပို့ခွင့်တော့ ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမောင်ဝံသဟာ ၂၀၀၁ ခုနှစ်၊ ဖွန်လ ၁၃ ရက်နေ့မှာ ၅ နှစ်တိတိ ထိန်းသိမ်းခံထားရာကနေ ပြန်လည်လွတ်မြောက်လာပြီး ၂၀၀၁ ခုနှစ် ဇူလိုင်ကစပြီး စာပေလောကကို ပြန်လည်အခြေချခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်မှာ ဒေါင်းစာပေကို တည်ထောင်ခဲ့ပြီး ၁၉၈၄ ခုနှစ် မှာ 'အတွေးအမြင်' မဂ္ဂဇင်းကို ထုတ်ဝေခဲ့ပါတယ်။ (ဖနီးသည် အန်တီမြင့်ဟာ ခင်ပွန်းသည် ထောင်ကျသွားပေမဲ့ အတွေးအမြင်စာအုပ်ကို ဆက်ထုတ်ပြီး မိသားစုဘဝတွေရပ်တည်ခဲ့ပါတယ်) ဆရာမောင်ဝံသဟာ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ဆောင်းပါး၊ နိုင်ငံတကာရေးရာ ဝေဖန်ချက်တွေကို ရေးသားခဲ့ပါတယ်။ 'ပြည်သူ့ခေတ်' ဂျာနယ်ထုတ်ဝေပြီး 'ပြောချင်လွန်းလို့' ကဏ္ဍကို ဖန်တီးခဲ့ပါတယ်။ ၁-၈-၂၀၁၃ က နောက်ဆုံးဆောင်းပါး (၂၆ နှစ်တာအတွက် ၂၆ ရက်ကြာ လက်စားချေခြင်း) စာမူကို ရေးသားခဲ့ပါတယ်။ (သူပြောပြတာကို သမီးကြီး ထိုက်က လိုက်ရေး၊ မှတ်တမ်းတင်တာပါ) မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)ဥက္ကဋ္ဌဟာ တာဝန်ကိုထမ်းဆောင်ရင်း (၁၁-၈-၂၀၁၃) တနင်္ဂနွေမနက် ၆ နာရီ ၁၅ မိနစ် အချိန် ဝိတိုရိယဆေးရုံမှာ ကွယ်လွန်သွားခဲ့တာမို့ အခုလာမယ့် ဩဂုတ်လ (၁၁) ရက်နေ့ဆို ဆရာမောင်ဝံသ (ဦးစိုးသိမ်း) ကွယ်လွန်သွားတာ တစ်နှစ်ပြည့်မြောက်ပါပြီ အစ်မ။

■

www.burmeseclassic.com

www.burmeseclassic.com

# ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၆)

အစ်မရေ . . .

အစ်မတို့တက်ရောက်နေတဲ့ ပါလီမန်ကြီးကတော့ ဇူလိုင် (၃၁)ရက်နဲ့ ဩဂုတ်လ (၁)ရက်နေ့တွေမှာ ရပ်နားလိုက်ပြီဆိုတော့ အစ်မအတွက်အနားရပြီပေါ့။ အနားရပြီဆိုပေမဲ့ အစ်မကတော့ နားရမယ်လို့မထင်ပါဘူး။ ချိန်းဆိုထားတဲ့ဧည့်သည်တွေ၊ တွေ့ခွင့်တောင်းတဲ့ ဧည့်သည်တွေ၊ ပြောရမယ့်စကားတွေက အစီအရီပါပဲ။ ဒီကြားထဲတက်ရောက်ရမယ့် ပွဲတွေကလည်း နည်းမှမနည်းပါ။

နေပြည်တော်ကပြန်လာ၊ အိမ်မှာချိန်းထားတဲ့ (တွေ့ချင်တဲ့) ဧည့်သည်ကစောင့်နေ၊ တွေ့ဆုံစကားပြော၊ ပြီးတာနဲ့ ဌာနချုပ် (C.E.C) အစည်းအဝေးကိုသွားဖို့ပြင်၊ ၁၅ မိနစ် အချိန်ရသေးတယ်၊ ထမင်းစားပါဦး အစ်မရယ်လို့ ပြောတာလည်းမရ။ အဆာပြေ မုန့်လေးတစ်ခုကိုစားပြီး ၁ နာရီအစည်းအဝေးကို အရောက်သွား။ အစည်းအဝေးပြီးတာနဲ့ လာရောက်တဲ့ဧည့်သည်၊ ချိန်းဆိုထားတဲ့ဧည့်သည်နဲ့ စကားပြော။ အချိန်က ညနေ (၄) နာရီထိုးတော့မယ်။ နေ့လယ်စာထမင်းက မစားရသေးဘူး။ (အဲဒါကို ဘယ်သူတွေသိကြ မှာလဲ) ကိုယ်တွေ့ဖို့၊ ကိုယ်ပြောရဖို့၊ အဓိကတွေဆိုတော့လည်း (ကျူပ်အစ်မကို သနား တယ်ဗျာ)

ဪ . . . အစ်မကို ပြောပြရဦးမယ်။ ရန်ကုန်မြို့ရဲ့ လမ်းပန်းဆက်သွယ်ရေးက အရင်ကလို မဟုတ်တော့ဘူး အစ်မရေ။ အိမ်ကထွက်မယ်ဆိုရင် နာရီဝက်၊ တစ်နာရီတော့ စောထွက်ရလိမ့်မယ်။ လမ်းမှာကားတွေကရပ်စောင့်ပြီး တန်းစီသွားရတဲ့နေရာတွေက များလာပါပြီ။

ကျူပ်အစ်မကလည်း အချိန်အတိအကျသမား။ စည်းနဲ့ကမ်းနဲ့ (ပေါ်တီကိုအောက်

www.burmeseclassic.com

www.burmeseclassic.com



ကားလာရပ်တာနဲ့ အချိန်(၁)မိနစ်လိုသေးတယ်ဆိုပြီး ကားထဲကိုမဝင်၊ အိမ်ထဲမှာရပ်ပြီး နာရီကိုကြည့်၊ အချိန်စေ့ပြီဆိုမှ အိမ်ထဲကထွက်ပြီး ကားထဲဝင်လေ့ရှိသူ) ဒီနေ့ ရန်ကုန်မြို့ရဲ့ သွားရေး၊ လာရေး၊ လမ်းပန်းဆက်သွယ်ရေးက စိတ်မချရတော့ဘူး။ အဲဒါကိုတော့ အစ်မသတိထားရပါတော့မယ်။

အခုတလော ရာသီဥတုတွေက ဆိုးရွားပြောင်းလဲနေပါတယ် အစ်မ။ မိုးတွေက အဆက်မပြတ်ရွာ၊ ရေတွေကကြီးနဲ့ အနှစ် (၅၀)အတွင်း၊ အနှစ်(၃၀)အတွင်းဆိုပြီး ထူးခြားဖြစ်စဉ်တွေ ဖြစ်ပေါ်လာနေပါတယ် အစ်မ။

နက္ခတ်ဗေဒင်ကိန်းခန်း အလိုအရကတော့ ဩဂုတ်လ (၁၀) ရက်နေ့ည (၁၁ နာရီ ၅၅ မိနစ်)မှာ မြန်မာနိုင်ငံရဲ့ မွန်းတည့်မိုးကောင်းကင်မှာ လပြည့်ဝန်းကြီး (ငါးခါင် လပြည့်) ရောက်ရှိပြီး စူပါမွန်း (SUPER MOON) ဖြစ်စဉ်ဖြစ်ပေါ်မယ်လို့ နက္ခတ်ပညာရှင်များက ပြောဆိုထားကြပါတယ်။ အဲဒီဖြစ်စဉ်ကြောင့် ဆူနာမီပါဝင်တဲ့ အင်အားပြင်းငလျင်ကြီးများ ဖြစ်ပေါ်နိုင်တယ်လို့ ဆိုထားပါတယ် အစ်မ။

နောက်တစ်ခါ ဩဂုတ်လ (၂၇) ရက်နေ့ည (၇ နာရီ ၄၄ မိနစ်) မှာ အင်္ဂါဂြိုဟ်နဲ့ စနေဂြိုဟ်တို့ဟာ တူရာသီကာလအတွင်းမှာ စစ်ခင်းကြမှာဖြစ်လို့ စနေဂြိုလ်က စစ်အောင်နိုင်မှာဖြစ်ပြီး အစိုးရပိုင်းဆိုင်ရာ အကြီးအကဲများ နုတ်ထွက်ခြင်း၊ အင်္ဂါသားသမီးများ ထိခိုက်ဒဏ်ရာများရရှိနိုင်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းခြင်း၊ ဘာသာရေးနဲ့ ပတ်သက်ပြီး ပြင်းထန်စွာဝေဖန်တိုက်ခိုက်ခြင်းတွေ ဖြစ်ပေါ်လာနိုင်ခြင်း၊ မီးဘေးအန္တရာယ်နှင့် ပြင်းထန်စွာပေါက်ကွဲမှုတွေ ဖြစ်ပေါ်လာနိုင်ခြင်းဆိုတဲ့ နက္ခတ်ဗေဒင်အရ ဟောပြောမှုတွေ ထွက်ပေါ်လာပါတယ် အစ်မ။ ဂျာနယ်တွေထဲမှာ တရားဝင်ကို ဟောပြောရေးသားထားပါတယ်။ ဟိုအရင်ခေတ်ကဆို အခုလို ဟောပြောရေးသားခွင့်မရှိပါဘူး။ ပွင့်လင်းမြင်သာလာမှုတွေပါ အစ်မ။

လောလောဆယ် ရေကြီး၊ မြေပြိုမှုတွေဖြစ်နေတာကတော့ အထင်အရှားပါ။ ရေကြီးပြီး ဒုက္ခရောက်နေရှာတဲ့ ပြည်သူတွေကိုတော့ လူမှုရေးအသင်းအဖွဲ့တွေ၊ တစ်ဦးချင်း အလှူရှင်တွေက သွားရောက်လှူဒါန်းကူညီကြတာတွေကို ဖတ်ရှုမြင်တွေ့ရပါတယ်။ အစ်မရဲ့ NLD အဖွဲ့ချုပ်ရုံးကိုလည်း တစ်ဆင့်လှူဒါန်းပေးဖို့လာပို့ကြတာကိုလည်း မြင်တွေ့ရပါတယ်။

အခုလို ဘေးဒုက္ခတွေဖြစ်ပြီဆိုရင် သက်ဆိုင်ရာမြို့နယ် အမတ်မင်းတွေမှာလည်း တာဝန်ရှိပါတယ်အစ်မ။ မိမိကို ရွေးကောက်တင်မြှောက်လိုက်တဲ့ မြို့နယ်မှာ ဘေးဒုက္ခတွေ ကြုံတွေ့နေရပြီဆိုရင် အဲဒီအမတ်မင်းမှာ တာဝန်ရှိပါတယ်။ သက်ဆိုင်ရာကို ပြောဆိုတင်ပြရမယ်။ သက်ဆိုင်ရာဆိုတာကလည်း အထက်က ခွင့်ပြုမိန့်မရချင်း လုပ်ကြမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ အထက်အမိန့်ရမှသာ လုပ်ကြလေ့ရှိပါတယ်။ ဒါကြောင့် မြို့နယ်အမတ်မင်းများကဦးဆောင်ပြီး ဘေးဒုက္ခတွေ့နေကြရတဲ့ ပြည်သူတွေကို ဝိုင်းဝန်းကူညီမှုတွေ ပေးစေချင်ပါတယ်။ လှူဒါန်းတဲ့ ပစ္စည်းတွေကို ဂိုဒေါင်ထဲသိမ်းထားပြီးမှ လှူဒါန်းကူညီတာမျိုးတော့ မလုပ်စေချင်ပါ။ တိုက်ရိုက်ကူညီလှူဒါန်းတာက ပွင့်လင်းမြင်သာမှုရှိပါတယ်။ စေတနာနဲ့ လာရောက်လှူဒါန်းတာကို ဝိုင်းဝန်းကူညီပေးဖို့သာ လုပ်စေချင်ပါတယ်။ တားဆီးပိတ်ဆို့တာတို့ ခွင့်ပြုချက်ရမှတို့ဆိုတာတွေနဲ့ မကန့်သတ်စေချင်ပါ။ ဖြစ်စဉ်လေးတွေက ရှိခဲ့လို့ပါ အစ်မ။ နာဂစ်မုန်တိုင်းရေဘေးတုန်းက သွားရောက်လှူဒါန်းတဲ့သူတွေဆို တားဆီးပိတ်ဆို့တာတွေ၊ ခွင့်မပြုတာတွေကြုံခဲ့ရပါတယ် အစ်မ။ တချို့ဆို အဖမ်းတောင်ခံရပါတယ်။ အဲဒီလို သမိုင်းမှာ သာဓကတွေရှိခဲ့ဖူး လို့ပြောရတာပါ အစ်မ။ လှူဒါန်းမယ့်ပစ္စည်းကို တိုက်ရိုက်မလှူရဘူး။ သူတို့ဆီမှာထားခဲ့ သူတို့ကမှ လှူဒါန်းပေးမယ်ဆိုတာကြီးက သဘာဝမကျပါဘူး။ ဗုဒ္ဓဘာသာဝင်တွေမှာ အလှူရေစက် လက်နဲ့မကွာဆိုတဲ့ ဆုတောင်းလေးရှိပါတယ် အစ်မ။

ကျွန်တော်တို့နိုင်ငံမှာ ဘေးဒုက္ခသည်စခန်းတွေ တဖြည်းဖြည်းများလာနေတာကို သတိပြုမိပါတယ်။ အမည်ကတော့ မျိုးစုံပါပဲ။ စစ်ပြေးဒုက္ခသည်စခန်း၊ လေဘေးဒုက္ခသည်စခန်း၊ ရေဘေးဒုက္ခသည်စခန်းနဲ့ ပဋိပက္ခကြောင့်ဖြစ်ရတဲ့ ဒုက္ခသည်စခန်းဆိုပြီး ရှိကြပါတယ်။ တချို့ဆို နှစ်ချီပြီးကြာရှည်နေပါပြီ။ သဘာဝကြောင့်ဖြစ်ရတဲ့ ဒုက္ခသည်စခန်းကတော့ အချိန်ကာလ ခဏတာရှိပေမဲ့ ဖန်တီးမှုကြောင့်ဖြစ်လာရတဲ့ ဒုက္ခသည်စခန်းတွေကတော့ အချိန်ကာလသတ်မှတ်ချက်မရှိတာက တိုင်းပြည်အတွက် စိုးရိမ်စရာပါ အစ်မ။ အာဆီယံ ၁၀ နိုင်ငံမှာ ကျွန်တော်တို့နိုင်ငံတစ်ခုတည်းသာ ဒုက္ခသည်စခန်းရှိနေတဲ့ နိုင်ငံဖြစ်နေပါတယ်။ ဒုက္ခသည်စခန်းတွေအတွက် လှူဒါန်းဖို့ ရန်ပုံငွေရှာဖွေပွဲတွေ လုပ်နေရဆုံးနိုင်ငံဆိုလည်း မမှားပါဘူး။ ရန်ပုံငွေရှာဖွေပွဲတွေနဲ့ ဂုဏ်ယူနေကြမယ်ဆိုရင်တော့ ကျွန်တော်တို့တိုင်းပြည် အနာဂတ်အတွက် ရင်လေးစရာပါအစ်မ။ တချို့က ဒုက္ခသည်စခန်းတွေရှိနေမှ၊ WFP တို့၊ USAID တို့ရှိနေမှ တိုင်းပြည်ဂုဏ်ရှိတယ်လို့ ထင်နေကြတာလား မသိပါဘူး အစ်မ။

အစ်မတို့ ပါလီမန်မှာ ဒုက္ခသည်စခန်းတွေအရေးကိစ္စ ဆွေးနွေးကြတာ တစ်ခါမှ မကြားဖူးခဲ့ပါဘူး။ ဒုက္ခသည်စခန်းတွေကို အစ်မတို့ ပါလီမန်က မေ့ထားပုံပေါ်နေပါတယ်။ ဟိုတလောတုန်းက တပ်မ ၅၅ က တပ်မမှူးနဲ့အဖွဲ့ဟာ ဒုက္ခသည်စခန်းတစ်ခုအတွက် ဆန်အိတ်လိုက်၊ ဆီပုံးလိုက် ပေးပို့လှူဒါန်းတဲ့သတင်းဖတ်ရတော့ ဝမ်းသာစရာပါ။ ဒါပေမဲ့ ဒုက္ခသည်စခန်းမရှိအောင် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးခဲ့ရင် ပိုပြီးဝမ်းသာစရာပါ။ ဂုဏ်လည်းယူစရာကောင်းတဲ့ အရာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးပွဲတွေလုပ်တာကတော့ ခဏခဏပါပဲ။ တော်လှန်ရေးကောင်စီခေတ်ထဲက မဆလခေတ်မှာလည်း ဆွေးနွေးပွဲတွေလုပ်ပါတယ်။ နဝတ–နအဖ ခေတ်မှာလည်း လုပ်တာပဲ။ သမ္မတဦးသိန်းစိန်လက်ထက်မှာ လုပ်တာကပိုများတယ်။ ဒါပေမဲ့ ဒုက္ခသည်စခန်းတွေက ပိုပိုများလာသလားလို့ ထင်ရပါတယ်။ ဒါကြောင့် အစ်မတို့ပါလီမန်မှာလည်း ဒုက္ခသည်များအရေး ဆွေးနွေးကြတာကို စောင့်မျှော်နေလျက်ပါ အစ်မ။

■

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၇)

အစ်မရေ ...

အခြေခံဥပဒေပုဒ်မ (၄၃၆) ပြင်ဆင်ရေးလက်မှတ်ရေးထိုးပွဲ ကမ်ပိန်းကြီးကတော့ ပြီးဆုံးခဲ့ပါပြီ။ မေလ ၂၇ ရက်ကစတင်ပြီး ဇူလိုင်လ ၁၉ ရက်နေ့ နောက်ဆုံးထိ ၅၄ ရက် ကြာ လက်မှတ်ရေးထိုးပွဲကြီးပါ။ လူဦးရေ ၅ သန်းနီးပါး လက်မှတ်တွေရရှိခဲ့ပါတယ်။ အစ်မနဲ့လာရောက်တွေ့ဆုံတဲ့ ဥရောပနိုင်ငံတစ်ခုက ဧည့်သည်ကြီးတစ်ယောက်က 'သူ အံ့ဩတယ်' ဆိုတဲ့အကြောင်း အစ်မကို ပြောသွားခဲ့ပါတယ်။ အစ်မတို့ NLD ရယ်၊ ၈၈ မျိုးဆက်လူငယ်တို့ရယ် ပူးပေါင်းလုပ်ဆောင်ခဲ့ကြတဲ့ အခုလို တရားဝင်ကန့်ကွက်ပွဲ လက်မှတ်ရေးထိုးတာကလည်း မြန်မာ့သမိုင်းမှာ ပထမဦးဆုံးဆိုတော့ ချို့ယွင်းချက် အားနည်းချက်ကတော့ရှိမှာထုံးစံပါပဲ။ ဝန်ထမ်းတွေ၊ ကုမ္ပဏီဝန်ထမ်းတွေဆိုတာက မနက်ပိုင်းအလုပ်ချိန်သွားရပြီး ညနေအလုပ်ဆင်းချိန်မှ အားတာဆိုတော့ ဖယ်ရီကားတွေနဲ့ကို လာကြတာပါ။ ညနေ ၅ နာရီ၊ ၆ နာရီဖြစ်သွားပြီ။ အစ်မတို့ရုံးက ၄ နာရီ ဆိုပိတ်တာလေ။ ဌာနချုပ်အိမ်ရှင် အမေနုတို့မိသားစု တွေက ပြောပြရ၊ ရှင်းပြရပါတယ်။ ဝန်ထမ်းတွေကလည်း အခုမှ ရုံးဆင်းလို့လာရကြောင်း ပြောပြပါတယ်။ တချို့က စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်အားမှ လာကြပါတယ်။ ဌာနချုပ်ရုံးက လည်း စနေ၊ တနင်္ဂနွေဆို ရုံးပိတ်ရက်ပါ။ ဦးဉာဏ်ဝင်းကို အကြောင်းစုံပြောပြတော့မှ နောက် အပတ်တနင်္ဂနွေဆို ဖွင့်ပါမယ်လို့ ပြောပါတယ်။

အမှန်က ရက်ပေါင်း ၅၄ ရက်လုပ်မယ်ဆိုရင် ပိတ်ရက်မထားရပါဘူး။ ဒါမျိုးက ဗော်လံတီယာတွေနဲ့ လုပ်ရတာပါ။ သူ့အချိန်ပိုင်းနဲ့သူ သတ်မှတ်ပြီးလုပ်ရတာပါ။ (ရုံးပုံစံမျိုး သတ်မှတ်ပြီး လုပ်ရတဲ့အလုပ်မျိုးမဟုတ်ပါ) ကမ်ပိန်းလုပ်တာပါ။ နားရက်ပိတ်ရက်ဆိုတာ မရှိရပါဘူး။ သူ့သတ်မှတ်ရက်အတွင်း လက်မှတ်ကို အရယူကြရမှာပါ။

မြို့နယ်တိုင်းမှာရှိတဲ့ အဖွဲ့တွေကတော့ တာဝန်ကျေပွန်ကြပါတယ်။ လက်မှတ် ရေးထိုးနိုင်တဲ့ နေရာလေးတွေထားရှိပေးပြီး သူ့အချိန်ပိုင်းနဲ့သူ တာဝန်ယူပြီး ညဘက်အထိ လက်မှတ်တွေကို လက်ခံရယူပါတယ်။ တချို့ကလည်း ဌာနချုပ်မှာပဲ လက်မှတ်ထိုးချင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒရှိကြပါတယ်။ ထင်ရှားကျော်ကြားတဲ့ပုဂ္ဂိုလ်တွေ၊ အနုပညာရှင်တွေ စာပေပညာရှင်တွေ လက်မှတ်လာထိုးကြတာကို မီဒီယာတွေက ဖော်ပြကြတော့ ဌာနချုပ်မှာ လာထိုးချင်သူတွေကများနေပါတယ်။ ဘုရားသားတော်အရှင်ဆန္ဒာဓိက ကလည်း အစ်မမွေးနေ့ ဖွန်လ (၁၉)ရက် နေ့မှာ လက်မှတ်လာထိုးတာကို မီဒီယာတွေက ဖော်ပြကြတော့ နောက်နေ့တွေမှာ ဘုရားသားတော်လည်း လက်မှတ်လာထိုးကြပါတယ်။ ဘုရားသားတော်တွေဟာ နိုင်ငံသားတွေဖြစ်တဲ့အတွက် နိုင်ငံသားအခွင့်အရေးအရ လက်မှတ်လာထိုးကြတာပါ။ ဘာပဲပြောပြော အခြေခံဥပဒေပုဒ်မ (၄၃၆) ပြင်ဆင်ရေး ပြည်သူ့အသံကတော့ စကားပြောလာပါပြီ။ ပြည်သူ့အသံ နားထောင်ချင်ပါတယ်လို့ ပြောထားသူတွေ သိအောင်တော့ အစ်မတို့က ပြောပြလိုက်ပါပြီ။ နားလည်ကြမှာပါ။ ပြည်သူ့အသံဆိုတာကို။

ပြည်သူ့အသံထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်လိုမှုနဲ့အတူ ငြိမ်းချမ်းရေးလည်းပါတယ် အစ်မ။ အခုတိုင်းရင်းသားတွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးနေတာတွေက အောင်မြင်မှုတွေ၊ တိုးတက်မှုတွေ ရလာနေပါပြီ အစ်မ။ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးနဲ့ပတ်သက်ပြီး အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြားမှာ မူအားဖြင့် သဘောတူညီမှုတွေရနေပါပြီ အစ်မ။ နောက်ဆို အစ်မတို့ပါလီမန်မှာ တင်ပြဆွေးနွေးပြီး အတည်ပြုချက်ရယူရမှာပါ။ အစ်မတို့အဖွဲ့က အမတ်မင်းတွေကိုလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေအကြောင်း ပြောပြထားပါဦး။ ဘယ်အဖွဲ့တွေပါဝင်တယ်။ ဘယ်သူတွေဆွေးနွေးတယ်။ ဘာတွေသဘောတူညီချက်တွေ ရကြတယ်ဆိုတာ သုတေသနပြုထားသင့်ပါတယ်။ ဟိုတလောက မြန်မာငြိမ်းချမ်းရေး စင်တာ (MPC)က နိုင်ငံရေးပါတီ (၆၆) ဖွဲ့နဲ့တွေ့တော့ တိုင်းရင်းသားပါတီတချို့က ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေနဲ့ ပတ်သက်ပြီး တင်ပြဆွေးနွေးတာတွေ့ရပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေနဲ့ ပတ်သက်ပြီး ကိုယ်မပါပေမဲ့လည်း လေ့လာထားသင့်၊ သုတေသနတော့ ပြုထားသင့်တယ်မဟုတ်လား။ အစ်မတို့အဖွဲ့ချုပ်ကြီးမှာလည်း တိုင်းရင်းသားတွေပါနေပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို အစိုးရက လက်ခံလိုက်တာဟာ အစ်မဖေဖေ လက်မှတ်ရေးထိုးထားတဲ့ ပင်လုံစာချုပ်ထဲက မူတစ်ခုပါ။ ပင်လုံစာချုပ်နဲ့ သဘောတူညီထားတာပါ။ အဲဒီ ပင်လုံကတိကဝတ်တွေကို အကောင်အထည်ဖော်ပေးဖို့ တိုင်းရင်းသားအဖွဲ့အစည်းတွေက ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ တစ်လျှောက်လုံးမှာ တောင်းဆိုနေခဲ့တာပါ။ ဒါကို အစိုးရက ပင်လုံစိတ်ဓာတ်နဲ့မူတည်ပြီး လက်ခံသဘောတူညီခဲ့ခြင်းဖြစ်ပါတယ် အစ်မ။

**(ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့ ဩဂုတ်လ (၁၅) ရက်နေ့က မြန်မာငြိမ်းချမ်းရေးစင်တာ (MPC)မှာ ကျင်းပသည့် ပဥ္စမအကြိမ်မြောက်ဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြခြင်း ဖြစ်ပါသည်)**

■

www.burmeseclassic.com

www.burmeseclassic.com

# ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၈)

**အစ်မရေ ...**

၂၅-၈-၂၀၁၄ (တနင်္လာနေ့) မှာ အစ်မက မြန်မာနိုင်ငံအောက်ပိုင်းက စာရေးဆရာ၊ စာပေပညာရှင်များနဲ့ တွေ့ဆုံဆွေးနွေးခဲ့တာ ကြည်နူးဖွယ် သိရှိရပါတယ်။ မြန်မာနိုင်ငံအထက်ပိုင်း စာပေပညာရှင်များနဲ့ တွေ့ဆုံပွဲကို မေမြို့ (ပြင်ဦးလွင်) တွေ့ဆုံပွဲ လုပ်ပြီးတော့ အောက်ပြည်က စာပေပညာရှင်များနဲ့လည်း တွေ့ဆုံပွဲလုပ်ကိုလုပ်ရတော့မှာပါ။ ဘယ်မှာလုပ်မယ်၊ ဘယ်နေ့လုပ်မယ်ဆိုတာတွေလည်း သတင်းစာတွေ၊ ဂျာနယ်တွေမှာ ဖတ်ရှုရစဉ်ကတည်းက ဝမ်းသာမိပါတယ်။

အောက်မြန်မာပြည်စာပေပညာရှင်များနဲ့တွေ့ဆုံပွဲကို တော်ဝင်နှင်းဆီခြံမှာပဲ ကျင်းပမယ်ဆိုတော့ လူစုံတက်စုံတွေ့ကြရမှာ။ မြန်မာပြည်စာရေးဆရာအားလုံး၊ စာပေပညာရှင်တွေဆိုတာကလည်း ရန်ကုန်မြို့မှာ အခြေစိုက်တာများတယ် မဟုတ်လား။ ကျွန်တော်ကတော့ ငါ့အစ်မနဲ့ စာပေပညာရှင်များတွေ့ဆုံပွဲကို တအားကို လိုလားနေတာ ဝမ်းသာမိတာပါ အစ်မ။

စာပေပညာရှင်ဆိုတာ အာဏာရှင်စနစ်ကို ဆန့်ကျင်ပြီးသား၊ ဒီမိုကရေစီမှ ဒီမိုကရေစီ။ ဗိုလ်ချုပ်အောင်ဆန်းကို ထောက်ခံကြတဲ့သူတွေပါ။ ဗိုလ်ချုပ်အောင်ဆန်း မရှိတော့ပေမဲ့လည်း ဗိုလ်ချုပ်အောင်ဆန်းမိသားစု၊ ဗိုလ်ချုပ်နဲ့စိတ်ဓာတ်တူတဲ့ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကတော့ မြန်မာပြည်နိုင်ငံရေးမှာပါဝင်ခဲ့ပြီး ဆင်းရဲဒုက္ခအမျိုးမျိုးခံပြီး လက်မလျှော့စတမ်း ဆောင်ရွက်လျက်ရှိနေသူပါ။

ဒါကြောင့်လည်း ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့ကစပြီး နိုင်ငံတော်ကောင်စီသို့ အကြံပြုလွှာ (အိတ်ဖွင့်ပေးစာ) ဆိုပြီး သတင်းစာဆရာ၊ စာရေးဆရာဦးဝင်းမြင့်နဲ့ လက်မှတ်အတူတူထိုးပြီး နိုင်ငံတော်ကောင်စီကို ပေးပို့ခဲ့တာကစပြီး မြန်မာပြည်နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



လောကထဲဝင်ရောက်လာခဲ့သူဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့မှာတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နလုံးရောဂါအထူးကုအဆောင်ရှေ့မှာ လာရောက်ကြတဲ့ ပရိသတ်တွေကို သံစည်ပိုင်းကြီးပေါ်တက်ပြီး ပထမဦးဆုံး မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဘေးနားမှာက စာရေးဆရာမောင်သော်က (ဗိုလ်မှူးဘသော်–ရေတပ်)နဲ့ ရုပ်ရှင်မင်းသမီး ခင်သီတာထွန်းတို့က ဝန်းရံပေးခဲ့ကြပါတယ်။ ဒုတိယအကြိမ် မိန့်ခွန်းပြောကြားတာကတော့ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့၊ ရွှေတိဂုံအနောက်ဘက်မုခ်။ ဒေါက်တာမောင်မောင်ရဲ့ စစ်အုပ်ချုပ်ရေးဥပဒေ (မာရှယ်လော) ရုပ်သိမ်းပြီးနောက်တစ်နေ့။ ဘေးနားမှာက စာရေးဆရာတင်ဆွေမိုး (ကိုမြင့်ဆွေ) နဲ့ ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေတို့က ဝန်းရံပေးခဲ့ကြပါတယ်။ ဆုလိုချင်တဲ့အဓိပ္ပာယ်က အစ်မရဲ့နိုင်ငံရေးလှုပ်ရှားမှုတွေရဲ့ဘေးနားမှာ အနုပညာရှင်တွေက ရပ်တည်ခဲ့ကြတာကို သတိထားခဲ့မိပါတယ်။ တခြားပညာရှင်တွေဖြစ်တဲ့ ဆေးဘက်ပညာရှင်တို့၊ စီးပွားရေးပညာရှင်တို့၊ လူမှုရေးပညာရှင်တွေနဲ့အတူထွက်လာကာ ရပ်တည်ပေးခဲ့ကြတာပါ။

တိုင်းပြည်ကောင်းကျိုးအတွက် ပြည်သူ့ဘက်က စာရေးဆရာ၊ စာပေပညာရှင်တွေ ရပ်တည်ပေးခဲ့ကြတာက အစ်မဖေဖေတို့ခေတ်ကနေ မျိုးဆက်အဆက်ဆက်ထင်ရှားခဲ့ကြပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းကစပြီး အစိုးရကိုသာ ရပ်တည်ပေးလာကြတာ စာရေးဆရာ ဆောင်းပါးရေးသူ၊ စာရေးဆရာပညာရှင်ဆိုပြီး အစိုးရပိုင်သတင်းစာကနေစလိုက်တာ မြက်ခင်းသစ်မှနေ မြက်ခင်းစိမ်းလေးတွေအထိပါပဲ အစ်မ။

ဆယ်စုနှစ်တွေနဲ့အမျှ စာပေကင်ပေတိုင်လက်အောက်ခံဘဝနဲ့ နေလာခဲ့ကြရတဲ့ စာပေနဲ့အနုပညာရှင်တွေအပါအဝင် မီဒီယာဟာ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့နောက်ပိုင်းကျတော့ တဖြည်းဖြည်း စာပေလောက လွတ်လပ်လာခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၉ ရက် (သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံဆွေးနွေးတဲ့သတင်း) နောက်ပိုင်းမှာ စာပေလောကကြီးဟာ တဖြည်းဖြည်းနဲ့ လွတ်လပ်လာပြီး ၂၀၁၂ ခုနှစ်မှာတော့ စာပေကင်ပေတိုင်လက်အောက်က အပြီးတိုင်လွတ်မြောက်လာခဲ့တယ်ဆိုနိုင်ပါတယ်။ လွတ်လပ်ခွင့်ကိုမြတ်နိုးတဲ့ မီဒီယာနဲ့ အနုပညာရှင်များစွာလည်း စိတ်သွားတိုင်းကိုယ်ပါလာခဲ့ကြပါတယ်။

တချို့က စာပေအနုပညာနဲ့ ဂျာနယ်တွေ၊ သတင်းစာတွေမှာ အယ်ဒီတာ၊ အယ်ဒီတာချုပ်တွေအဖြစ်နဲ့ မီဒီယာတာဝန် ထမ်းဆောင်ရပ်တည်ခဲ့ကြပါတယ်။ ထုတ်ဝေသူတွေထဲမှာလည်း စာပေချစ်စိတ်နဲ့ စာရေးသူ၊ ထုတ်ဝေသူတွေအဖြစ် ရပ်တည်လာကြတာကိုလည်း မြင်တွေ့ရပါတယ်။ ဒီကနေ့မှာ မီဒီယာတာဝန်ထမ်းဆောင်ရင်း စာတွေရေးသားနေတဲ့ စာရေးဆရာတွေ အများအပြားပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံအောက်ပိုင်းက စာပေအနုပညာရှင်များတွေ့ဆုံပွဲသို့တက်ရောက်ရန် ၈၈၈၈ လေးလုံး အရေးတော်ပုံကြီးတွင် ပါဝင်ခဲ့ကြသော စာရေးဆရာများ၊ ကဗျာဆရာများနှင့် စာပေအနုပညာရှင်များ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ 'သတင်းစာနှင့် ဂျာနယ်တိုက်များမှ အယ်ဒီတာများ' ပါဝင်ဖိတ်ကြားမယ်လို့ NLD ပြန်ကြားရေးမှ ပြောဆိုတာကို ဩဂုတ်လ ၂၁ ရက်နေ့မှာ သတင်းဌာနကို ပြောဆိုတာ ဖတ်ရပါတယ်။

ကျွန်တော့်သဘောအရဆိုရင် စာရေးဆရာ အောင်မြင်သူ အစရှိတဲ့ စာပေရေးသားနေသူတိုင်းကိုပါ ဖိတ်ကြားချင်ပါတယ်။ သတင်းစာနဲ့ ဂျာနယ်တိုက်တွေ၊ မီဒီယာတွေကို မဖိတ်ဖြစ်တောင် စာပေရေးသားသူပညာရှင်တွေအနေနဲ့တော့ ကလောင်နာမည်တပ်ပြီး ဖိတ်ရမှာဖြစ်ပါတယ်။ သို့ပေမဲ့ ကိုယ်မေးဖြစ်လိုက်တဲ့သူတွေ ဖိတ်ကြားခြင်းမခံရဘူးဆိုတဲ့ သတင်းကိုသာ ကြားရတဲ့အခါ စိတ်ထဲအားတုံ့အားနာ ဖြစ်ရပါတယ်။ (NLD က ထုတ်ဝေတဲ့ တစ်စောင်တည်းသောဂျာနယ် ဒီလှိုင်းကဆရာတွေဖြစ်တဲ့ ဆရာဖျာပုံနီလုံဦးနဲ့ ဆရာမုံရွာအောင်ရှင်တို့တောင် ဖိတ်ကြားမခံရလို့ မတက်ရောက်ဖြစ်ခဲ့ကြကြောင်း ကြားရပါသေးတယ်။) ဖိတ်စာရမှ၊ ဖိတ်ကြားခြင်းခံရမှသာ လာခွင့်ရှိတာလို့ ခံယူပြီး ဖိတ်မှသာလာချင်ကြတာပါ။

ကျွန်တော်ဆိုရင် အခုမှ စာတိုပေစလေးရေးပြီး စာရေးတာ။ ကကြီး၊ ခကွေး အဆင့်လောက်ပဲရှိသေးတာဆိုတော့ စာရေးဆရာတွေနဲ့ တွေ့ကြတဲ့အဆင့် ငါနဲ့မှမဆိုင်တာဆိုပြီး သွားချင်ရာသွား၊ သဝေထိုးနေတာ ညနေပိုင်း ကိုထိန် (မိတ္ထီလာမဲဆန္ဒနယ်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်) နဲ့တွေ့တော့ "ဟော့ကောင် မင်း ဘာလို့ မလာတာလဲ" အဆူခံရပါတယ်။ မလာကြတဲ့လူတွေအကြောင်းလည်း ကိုထိန်က ပြောပြပါတယ်။ အမှန်က ဖိတ်ရမှာက ကိုယ့်ဘက်က ဝတ္တရား။ တွေ့ဆုံပွဲက စာရေးဆရာ၊ စာပေပညာရှင်များလို့ဆိုထားပြီးမှ အယ်ဒီတာ၊ အယ်ဒီတာချုပ်တွေကို စာရေးဆရာလို့ မသတ်မှတ်သလို ဖြစ်နေမလားလို့ပါ။

အဲဒီတော့ အစ်မရယ်၊ ဖိတ်ကြားခြင်းမခံရတဲ့ မီဒီယာသမား စာရေးဆရာတွေမှာ စိတ်မကောင်းခြင်းဖြစ်ကြရတဲ့ သတင်းကြားသိရပါတယ်။ သတင်းစာတိုက်ပိုင်ရှင်တွေ၊ ဂျာနယ်တိုက်ပိုင်ရှင်တွေဆိုတာက ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ချင်နေကြမှာပါပဲ။ သူတို့ကိုမဖိတ်ဘဲ ဘယ်လာဝံ့ကြမလဲ အစ်မရေ။ ဘကြီးမိုး(မောင်မိုးသူ) ပြောသလို "တွေ့ဆုံရတဲ့ ရည်ရွယ်ချက်က ပြည်သူတွေနဲ့ အန်တီစုနဲ့ ကွာဟနေတာ သဘောမကျပါဘူး။ အဆက်အသွယ်မရှိကြဘူးလေ။ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်တွေ့ကြပြီးတော့မှ ရှေ့ဆက်ပြီး အများကြီးလုပ်စရာရှိတာ လုပ်ကြမှာ" ဟု ဘကြီးမိုးက

www.burmeseclassic.com

www.burmeseclassic.com



၂၂-၈-၂၀၁၄ နေ့ထုတ် မဇ္ဈိမသတင်းစာမှာ ပြောကြားခဲ့တာကို ဖတ်ရပါတယ်။ တွေ့ကြတယ်ဆိုရင်လည်း အလှူခံပုံပါအောင်တော့ တွေ့ကြရပါမယ်။ စာပေစာနယ်ဇင်းလောက အလှူခံတော့ ပါစေချင်ပါတယ် အစ်မ။

■

www.burmeseclassic.com

www.burmeseclassic.com

## တချွဲအစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြချင်းမယ် (၉)

အစ်မရေ ...

ဒီတစ်ပတ်တော့ အစ်မကို ပရဟိတဓနီးမောင်နှံနှစ်ယောက်အကြောင်း ပြောပြချင်ပါတယ်။ အစ်မနဲ့လည်း သိပါတယ်။ မကြာခင်က သူတို့ရဲ့ မင်္ဂလာသက် ၃၃ နှစ်ပြည့်သွားတဲ့အကြောင်းဖတ်ရတော့ အစ်မနဲ့ပတ်သက်ပြီး သူတို့နှစ်ယောက် ပါဝင်ခဲ့ပုံလေးတွေကို သတိရတာနဲ့ ပြောပြချင်ပါတယ် အစ်မ။

ကျွန်တော်တို့ခေတ်တုန်းက လူငယ်ရုပ်ရှင်မင်းသားဆိုတာ ဇော်ခင်၊ ကျော်ဟိန်း၊ ဇော်ဝမ်းတို့ပဲ ရှိခဲ့ဖူးပါတယ်။ သူတို့ခေတ်နဲ့သူတို့ အပြိုင်အဆိုင် ထင်ရှားခဲ့တဲ့ မင်းသားတွေပါ။ ကျော်ဟိန်းဆို ရုပ်ရှင်ကောင်စီက မွေးထုတ်လိုက်တဲ့ မင်းသားတစ်လက်ပါ။ ကိုကျော်သူတို့ ခေတ်တွေအထိ ထင်ရှားလျက် သရုပ်ဆောင်ခဲ့ပါတယ်။ ဘာသာရေးဘက်ကူးပြောင်းသွားလို့သာ သရုပ်ဆောင်အဖြစ်က အနားယူသွားခြင်းဖြစ်ပါတယ်။

ကိုကျော်သူတို့ကျတော့ လူငယ်မင်းသားတွေပြိုင်တူ တစ်ခေတ်တည်းထင်ရှားခဲ့ကြသူတွေလို့ ပြောရင်လည်းရပါတယ်။ ကျော်သူ၊ စိုးသူ၊ ပြေငြိမ်း ဆိုပြီး မြန်မာ့ရုပ်ရှင်လောကမှာ အပြိုင်အဆိုင်ထင်ရှားခဲ့ပါတယ်။ ပြေငြိမ်းကတော့ ကျော်ကြားစဉ်မှာပဲ ရုပ်ရှင်ရိုက်သွားရင်း ရထားပေါ်က ပြုတ်ကျလို့ ကွယ်လွန်သွားခဲ့ပါတယ်။ ကျော်သူ၊ စိုးသူခေတ်ဆိုပြီး ထင်ရှားရပ်တည်ခဲ့ကြပါတယ်။ စိုးသူက နောက်ပိုင်းမှာ အမေရိကန်နိုင်ငံထွက်သွားပြီး အနုပညာလောကကနေ နားသွားပါတယ်။

ကိုကျော်သူကတော့ အနုပညာလောကမှာ ဆက်လက်ရပ်တည်ရင်းနဲ့ ဒါရိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးဦးသုခရဲ့ လမ်းညွှန်မှုနဲ့ ပရဟိတအလုပ်တွေ ဝင်ရောက်လုပ်ကိုင်ပြီး ရန်ကုန်မြို့ရဲ့ မသာချတဲ့အလုပ် (အသုဘပို့ဆောင်ပေးတဲ့အလုပ်) ကို နာရေးကူညီမှုအသင်း(ရန်ကုန်) ဆိုပြီး သက်န်းကျွန်းဘက်က ဘုန်းတော်ကြီးကျောင်းမှာ တည်ထောင်လို့ မသာချတဲ့ အလုပ်ကို ပရဟိတစိတ်နဲ့ လုပ်ကိုင်ခဲ့ပါတယ်။ ဆင်းရဲဒုက္ခရောက်တဲ့သူတွေ၊ နာရေးဖြစ်ရင် ငွေကြေးမတတ်နိုင်တဲ့လူတွေရဲ့ နာရေးတွေကို အဓိကထားပြီး မသာချတဲ့အလုပ်ကို လုပ်ပါတယ်။ ရုပ်ရှင်မင်းသားကျော်သူ ဦးဆောင်ပြီး စေတနာနဲ့လုပ်ပေးနေတယ်။ ငွေကြေး ဝန်ဆောင်မှုမပေးရဘူးဆိုတော့ အကူအညီတောင်းသူတွေ များများလာပါတယ်။ နာရေး ကူညီမှုအသင်း (ရန်ကုန်) ဆိုတာကလည်း ထင်ရှားကျော်ကြားလာပါတယ် အစ်မ။

မသာချတဲ့အလုပ်ဆိုတာ အနိမ့်ဆုံးအလုပ် ကျက်သရေယုတ်တဲ့အလုပ်ဆိုပြီး ဘယ်သူမှ မလုပ်ချင်တဲ့၊ မလုပ်ရဲတဲ့အလုပ် ကျွန်တော်တို့ခေတ်တုန်းကဆို မသာချတဲ့ကိစ္စနဲ့ ပတ်သက်လာရင် မောင်ပန်ချာဆို နာမည်ကြီးပေါ့။ သူ့ဒွေးကြီးတောင် ဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းကျတော့ မောင်အေးမောင်တို့၊ မောင်တင်အောင်တို့ရဲ့ နိဗ္ဗာန်ယာဉ်လုပ်ငန်း တွေက ထင်ရှားလာပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ ဈေးမှိုန်သွားကြတော့ မသာချရတဲ့ လုပ်ငန်းတွေမှာ အခက်အခဲတွေ တွေ့လာရပါတယ်။ အအေးခန်းထားခ၊ မသာစရိတ်တွေ၊ ဝန်ဆောင်စရိတ်တွေကြီးလာတော့ ငွေကြေးချို့တဲ့နွမ်းပါးသူတွေအတွက် အခက်အခဲဖြစ် လာပါတယ်။ အဲဒါကို ဒါရိုက်တာကြီး ဦးသုခက မန္တလေးမြို့မှာ ပရဟိတ မသာချပေးတဲ့ လုပ်ငန်းအသင်းအဖွဲ့တွေကို ငွေကြေးတတ်နိုင်တဲ့ မြို့မမြို့ဖတချို့က ဦးစီးပြီးလုပ်ဆောင် နေတာတွေ့တော့ တို့ရန်ကုန်မှာလည်း ဒီလိုအသင်းအဖွဲ့မျိုးရှိသင့်တယ်ဆိုပြီး ရုပ်ရှင် မင်းသားကိုကျော်သူတို့နဲ့ တိုင်ပင်ပြီး ဆွေးနွေးကြတဲ့အခါ နာရေးကူညီမှုအသင်း(ရန်ကုန်) ဆိုပြီး ဖြစ်ပေါ်လာပါတယ်။ အစပိုင်းမှာတော့ နိမိတ်မရှိဘူး၊ ကျက်သရေမရှိဘူး၊ နှာခေါင်း ရှုံ့တဲ့သူကရှုံ့၊ ကဲ့ရဲ့တဲ့သူကကဲ့ရဲ့ အပေါင်းအသင်း မလုပ်ချင်တဲ့လူက မလုပ်နဲ့။ မသာချတဲ့ အလုပ်ကို လုပ်နေကြတဲ့ ကိုကျော်သူတို့မှာ ခံစားခဲ့ကြရပါတယ်။ ဒီကြားထဲ အမျိုးမျိုးအနှောင့် အယှက်ပေးတဲ့ဒဏ်ကိုလည်း ခံခဲ့ကြရပါတယ်။ သက်န်းကျွန်းက ဘုန်းတော်ကြီးကျောင်းမှာ အသုဘချတဲ့ကားတွေ ထားခွင့်မရှိ၊ မထားရဘူးဆိုပြီး ပိတ်ပင်လာကြပါတယ်။ ဒီအရင်မှာ ဒဂုံမြို့သစ်မြောက်ပိုင်းက ချောင်းကမ်းစပ်နားက အမှိုက်ပုံကို မြေနေရာအတွက် ရထား ခဲ့တဲ့အတွက် ဖွံ့မလျှော့တဲ့ ကိုကျော်သူတို့က အမှိုက်ကနေရွှေဖြစ်အောင် ရှိတဲ့မြေနေရာ မှာပဲ အကောင်းဆုံးကြိုးစားလုပ်ဆောင်ခဲ့ကြတယ်။ (ဟော အခု နာမည်ကြီးဘုန်းတော်ကြီး ကျောင်းတွေတောင် ကိုကျော်သူတို့ဘေးနားမှာ တည်ရှိလာပါပြီ) ဒီကြားထဲ ကိုကျော်သူ

www.burmeseclassic.com

www.burmeseclassic.com



တို့ မသာချတဲ့အလုပ်ကို အပြိုင်လိုက်လုပ်တဲ့ အသင်းအဖွဲ့ကလည်း ပေါ်ပေါက်လာပြီး ကျော်သူတို့လုပ်နေတာတွေ ပျက်ပြားအောင် ပြုမူလာကြပြန်ပါတယ်။ (မမြင်ဘူးကြတဲ့ နိုင်ငံခြားကလာတဲ့ ကဲဒီလက် မသာကားကြီးကိုတောင် ခွင့်မပြုချင်နဲ့ပြုရ၊ ဘယ်မသာ ဘယ်အသုဘချမှ ဒီကားကို သုံးလို့ရမယ်၊ နို့မို့ဆိုသုံးလို့မရဘူး ပြောချင်ပြောနေဦးမှာ။ ကိုကျော်သူတို့က ပရဟိတစိတ်ထားရှိတဲ့သူတွေပါ။ နလုံးသားလှပြီးသားပါ။ ကဲဒီလက် ကားကြီးမှ အရင်စီးချင်တယ်ဆိုရင်လည်း ဖုန်းသာဆက်လိုက် အိမ်ရှေ့ အရောက်လာ ခေါ်မှာ။) ပရဟိတအလုပ်ဆိုတာ ပရဟိတစိတ်ဓာတ်ရှိမှ ပရဟိတအလုပ်ကိုသိမှ လုပ်လို့ ရတာပါ။

ပရဟိတစိတ်ဓာတ်ဆိုတာ လူသားတိုင်းမှာ ရှိသင့်ရှိထိုက်တဲ့ စိတ်ထားပါအစ်မ။ မရှိရင်တော့ လူမဟုတ်ဘူးဆိုတာကို ကျွန်တော်တို့မြန်မာလူမျိုးတွေ သိသွားကြပါပြီ အစ်မ။ မယုံမရှိပါနဲ့ တကယ်ပြောတာပါ အစ်မ။

ကမ္ဘာပေါ်က လူသားတစ်ဦးအနေနဲ့ ကမ္ဘာ့သူကမ္ဘာ့သားဖြစ်ကြောင်း ပြဖို့ ဆိုတာက ကမ္ဘာကျော်တဲ့အလုပ်တွေ လုပ်ပြရပါမယ်။ နိုင်ငံတကာကျော်တဲ့အလုပ်တွေ လုပ်ပြရပါမယ်။ စကြဝဠာအဆင့်၊ ကမ္ဘာ့အဆင့် နိုင်ငံတကာအဆင့်တွေရဖို့ဆိုတာက စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်တွေ ရှိပါတယ်။ လူသားတစ်ဦးမှာ ရှိသင့်ရှိထိုက်တာဟာ ပရဟိတဆိုတဲ့ မွန်မြတ်တဲ့စိတ်ထားပါ။ ဒီစိတ်ထား၊ ဒီစိတ်ဓာတ်ရှိ၊ မရှိကို အရင်ဆုံး စမ်းသပ်တာ၊ မေးမြန်းတာဆိုတော့ နိုင်ငံတကာအသိ၊ ကမ္ဘာသိအလုပ်တွေလုပ်ကြတော့ မယ်ဆိုရင် ပရဟိတဆိုတာကို သိကိုသိထားရပါတော့မယ်။ ပရဟိတအလုပ်တွေကို လုပ်ကိုလုပ်ဖူးရပါမယ်အစ်မ။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ပရဟိတပြယုဂ်ဖြစ်တဲ့ ကိုကျော်သူ တို့ရဲ့ (နာရေးကူညီမှုအသင်း– ရန်ကုန်) ပရဟိတအသင်းကြီးမှာ နိုင်ငံတကာကပြန်လာရင် ထရိန်နင်ဆင်းဆင်းနေကြတာ မြင်တွေ့ရတော့ ကျွန်တော်တို့လူမျိုးတွေ ပရဟိတ စိတ်ဓာတ်၊ ပရဟိတစိတ်ထားတွေ ရှိကုန် ကြပါပြီလို့ အစ်မကို ပြောပြရခြင်းဖြစ်ပါတယ်။ ကမ္ဘာကလည်း ဖိနှိပ်မှုအမျိုးမျိုးကို ကြံ့ကြံ့ခံပြီး ပရဟိတအလုပ်တွေကို လုပ်နေတဲ့ ကိုကျော်သူတို့ကို အသိအမှတ်ပြုထားတော့ အခုနောက်ပိုင်းမှာ ပရဟိတအလုပ်တွေ လုပ်ဆောင်ကြတဲ့ အသင်းအဖွဲ့တွေ မြို့တိုင်း၊ ရွာတိုင်းမှာပေါ် ပေါက်လာပါပြီ။ ဟန်ပြလုပ် တာတို့၊ အခွင့်အရေးအသုံးချပြီး လုပ်တာတို့ မသမာမှုလုပ်ချင်တဲ့ စိတ်ဓာတ်မျိုးမရှိဖို့ အရေးကြီးပါတယ်အစ်မ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သူတို့ဇနီးမောင်နှံနဲ့ အစ်မ ပတ်သက်တာလေးတွေ အစ်မကိုပြောပြချင်ပါတယ်။ ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့က အစ်မသားနှစ်ယောက်အတွက် အစ်မ ဖေဖေပုံပါတဲ့ တီရှပ်လေးနှစ်ထည်ကို ဗိုလ်ချုပ်အောင်ဆန်းဈေးမှာရှိတဲ့ Living Color ဆိုင်မှာ သွားဝယ်တာ အစ်မမှတ်မိပါတယ်နော်။ အင်္ကျီပိတ်သားတွေပေါ်မှာ မိမိလိုချင်တဲ့ပုံတွေကို ရိုက်နှိပ်ပေးနိုင်တဲ့ စက်သစ်ကြီး မြန်မာနိုင်ငံမှာ ပထမဦးဆုံးရောက်ရှိပြီလို့ Living Color ဆိုင်က ကြော်ငြာတာနဲ့ အစ်မကို ကျွန်တော်ကပြောဆိုပြီး အစ်မပုံယူပြီးသွားရိုက်တာပါ။ Living Color ဆိုင်က ရုပ်ရှင်မင်းသားနဲ့ သူ့သူငယ်ချင်းဒေါက်တာရဲနိုင်ဝင်းတို့ စပ်တူဖွင့်ထားတဲ့ဆိုင်ပါ။ ကိုကျော်သူက ရုပ်ရှင်ရိုက်ကူးနေလို့ ဆိုင်ကိုမလာနိုင်ပေမဲ့ ဇနီးဖြစ်တဲ့ မရွှေဇီးကွက်ကတော့ ဆိုင်မှာရှိပါတယ်။ ယနေ့ဖက်ရှင်လောကကဆိုင်တွေရဲ့ ရှေ့ပြေးဆိုင်တစ်ဆိုင်ဆိုလည်း မမှားပါဘူး။ ကျွန်တော်ဝတ်သွားတဲ့အင်္ကျီကလည်း အစ်မပုံပါတဲ့ တီရှပ်ဆိုတော့ တစ်ဆိုင်လုံးက ဝိုင်းကြည့်နေကြပါတယ်။ မရွှေဇီးကွက်ကတော့ ပြုံးစိစိပုံစံနဲ့ တွေ့ရပါတယ်။ (ကေန္တ DASSK ကို လိုလားနှစ်သက်သူတစ်ဦးလို့ သတ်မှတ်မိပါတယ်။) တီရှပ်ပြောင် အဖြူရောင်အင်္ကျီနှစ်ထည်ကို အရင်ဝယ်ယူပြီး ရိုက်ပေးတဲ့ကောင်တာမှာ ရိုက်မယ့်ပုံပြတော့ အားလုံးမျက်လုံးပြူးသွားကြပြီး ခဏစောင့်ပါနော်နဲ့ အထဲဝင်သွားတော့ ပိုင်ရှင်လို့ထင်ရတဲ့လူတစ်ယောက် ပါလာပါတယ်။ ရည်ရည်မွန်မွန်နဲ့ ကောင်းမွန်စွာပဲပြောဆိုပါတယ်။ ကျွန်တော်တို့က သက်ဆိုင်ရာနဲ့ မပတ်သက်ချင်ပါဘူး။ ဒီပုံအစား ဒို့ပြင်ပုံဆို ရိုက် ပေးနိုင်ပါတယ် အစ်ကိုလို့ ယဉ်ကျေးစွာပြောဆိုပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းပုံဆိုရင်ကော ရမလားလို့မေးတော့ ရပါတယ်၊ ရိုက်ပေးပါ့မယ်ဆိုတာနဲ့ နောက်နေ့ကျမှ အစ်မဖေဖေ့ပုံယူလာတော့ ရိုက်ပေးပါတယ်။ အင်္ကျီမှာလည်း Alexandra နဲ့ KIM ဆိုတဲ့ နာမည်စာလုံးလေးတွေ ရိုက်ပေးခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်းပုံပါတဲ့ ရှားပါးအင်္ကျီလေးနှစ်ထည်ပါ။ ဗိုလ်ချုပ်အောင်ဆန်းမြေးလေးနှစ်ယောက်အတွက် အာဏာရဗိုလ်ချုပ်ကြီးတစ်ယောက်ရဲ့ သားတစ်ယောက်က သူ့စိတ်ဓာတ်နဲ့သူ ရိုက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ တခြားဗိုလ်ချုပ်ကြီးတွေရဲ့ သားတွေဆို အဲဒီလိုလုပ်ပေးရဲပါ့မလား။ ကျွန်တော့်ကိုလည်း ပြဿနာရှာချင် ရှာနိုင်ပါတယ် အစ်မ။ အဲဒီတော့မှပဲ မရွှေဇီးကွက်လည်း ပြုံးနိုင်မယ်လို့ထင်ပါတယ်။ အပြန်ကျ မရွှေဇီးကွက်ကိုပြုံးပြီး နှုတ်ဆက်ခဲ့ပါတယ်။ ဒါက ပထမဆုံးရေစက်။ အစ်မက နေ့စဉ်ရေဒီယိုပဲနားထောင်နေတော့ ညဘက်ရေဒီယိုသတင်းမှာ အစ်မ အသိတစ်ဦးဦး နာရေးသတင်းကြားသိရတယ်ဆိုရင် မနက် ကျွန်တော်ရိက္ခာလာပို့တဲ့အချိန်ကျရင် "KMS ရေ ကိုဇာဂနာရဲ့ မိခင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားတာ ညကသတင်းမှာကြားတယ်။ အဲဒါ အစ်မက ပန်းခြင်းပို့ပေးချင်တယ်၊ ဆရာနဲ့ တိုင်ပင်ပြီးစီစဉ်ပါ'' ဆိုပြီး သက်ဆိုင်ရာတွေရှေ့မှာ တရားဝင်ပြောဆိုပါတယ်။ (ဆရာဒေါက်တာတင်မျိုးဝင်းက ပိုက်ဆံထုတ်ပေးပြီးကျန်တာ ကျွန်တော်က အားလုံးစီစဉ်ရပါတယ်) တက္ကသိုလ်ရိပ်သာလမ်းသစ်က အင်တာနယ်ဖလော်ရာဆိုင်သွားပြီး နှင်းဆီပန်းအဝါ၊ အနီပါတဲ့ ပန်းခြင်းမှာရပါတယ်။ ရေးမယ့်စာသားတွေပြောပြ၊ အသုဘချမယ့်နေ့မှာ ရန်ကင်းက ကိုဇာဂနာအိမ်သွားတော့ ကိုကျော်သူနဲ့ မရွှေဇီးကွက်၊ မသန်းမြင့်အောင်တို့လက်ထဲ ပန်းခြင်းအပ်၊ အစ်မက ပို့ခိုင်းကြောင်းပြောပြ (အဲဒီအချိန်က ကိုဇာဂနာက ထောင်ထဲမှာဆိုတော့) ကိုကျော်သူတို့ ဇနီးမောင်နှံက အိမ်ရှင်တစ်ပိုင်းအနေအထား။ နောက်တစ်ခါ အစ်မက ''KMS ရေ ကိုဇာဂနာ ဖခင်ကြီးဆုံးသွားတာ ညက သတင်းကြားရတယ်။ ထုံးစံအတိုင်းလုပ်ပေးပါဆိုရင် ပန်းခြင်းမှာ အသုဘချမယ့်နေ့ ရန်ကင်းအိမ်သွား၊ ကိုကျော်သူတို့လက်ထဲ ပန်းခြင်းအပ်၊ အသုဘလိုက်ပို့ဆိုတာ ကိုကျော်သူနဲ့က မျက်မှန်းတမ်းမိသွားပါတယ်။ ကျွန်တော်ဘယ်သူဆိုတာ သူမသိပါဘူး။ ကျွန်တော်ကလည်း ဘာမဆို ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်တတ်တဲ့အကျင့်မရှိပါဘူး။ ကိုကျော်သူကလည်း ကြောက်ကြောက်လန့်လန့်နဲ့ လက်ခံ၊ ကျွန်တော်ကလည်း ကြောက်ကြောက်လန့်လန့်နဲ့ ပေးပြီး တစ်နေရာမှာ သွားနေတတ်တဲ့လူမျိုးဆိုတော့ ရင်းရင်းနှီးနှီးမရှိပါဘူး။ တစ်နေရာရာမှာ မြင်မိရင် သိကြတယ်ဆိုတဲ့အသိတော့ ရှိကြပါတယ်။

အစ်မက အစ်မခြံကထွက်တဲ့အသီးအနှံ၊ ပန်း စတာတွေကို အစ်မရဲ့အသိမိတ်ဆွေတွေထံ ကျွန်တော်ကနေတစ်ဆင့် ပို့ပေးခိုင်းလေ့ရှိပါတယ်။ ကျွန်တော့်အတွက်လည်း အမြဲတမ်းပေးပါတယ်။ ကျွန်တော်က တစ်ယောက်တည်းသမား ဒီပြင်လူတွေကိုပဲ ပေးပါလို့ပြောရင်မရ၊ ယူကို ယူရမယ် ကိုယ်ပေးချင်တဲ့သူကိုပေးနိုင်တယ်လို့ အစ်မကပြောလို့ တစ်ခါက အစ်မ ခြံထွက်သရက်သီးပေးလိုက်တာကို ကိုကျော်သူတို့နဲ့ဆုံတာနဲ့ အစ်မခြံထွက်သရက်သီးကို ကျော်သူတို့ စားဖူးသွားပါတယ်။

ကိုဇာဂနာလည်း အစ်မကိုယ်တိုင်လုပ်တဲ့ ပီဇာပုံသဏ္ဍာန်မုန့် ကျွန်တော့်ကို ပေးတော့ ကိုဇာဂနာနဲ့ လမ်းမှာတွေ့တော့ သူ့ကိုကျွေးလိုက်ပါတယ် အစ်မ။ ထောင်ထဲကလည်းထွက်ရော ဒီအချိန်မှာ ဘာအလိုချင်ဆုံးလဲလို့ သတင်းထောက်ကမေးတော့ ကိုဇာဂနာက ''အန်တီ့လက်ရာ ပီဇာမုန့်စားချင်တယ်တဲ့''။ သူပြောတာ ဘယ်သူမှမသိဘူး၊ ကွယ်လွန်သွားတဲ့ မွန်ပြည်နယ်အမတ် (ဦးမြင့်သိန်း)နဲ့ ကျွန်တော်ပဲသိတယ်။ ကိုကျော်သူနဲ့ မရွှေဇီးကွက်တို့ ဇနီးမောင်နှံဟာ ဗိုလ်ချုပ်အောင်ဆန်း (နတ်မောက်သား) မိသားစုတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌာန်းဆက်တွေများ ပါလာကြသလားမသိဘူး အစ်မ။ ရေစက်တွေကတော့ ဆုံကိုဆုံကြပါတယ်။ ပရဟိတဖနီးမောင်နဲ့ မင်္ဂလာသက် ရွှေရတု၊ စိန်ရတုထိတိုင်အောင် နေပြသွားကြမယ်နော်။

(အုံ့ညြစရာက ကိုဇာဂနာအမေအတွက် အစ်မပို့ပေးတဲ့ပန်းခြင်းကို သချိုင်းကုန်းက ပြန်ယူလာပြီးချိန် ကိုမောင်က သူ့ရဲ့ဘုရားစင်မှာထားကြောင်း၊ ကိုးရက်တိုင်တိုင် မညှိုးနွမ်းတဲ့အကြောင်း သိရပါတယ်။ ကိုဇာဂနာ လွတ်လာတဲ့အထိ အခြောက်ခံပြီး သိမ်းဆည်းထားတဲ့ ကိုမောင့် စိတ်ထားကို လေးစားမိပါတယ်။)

■

www.burmeseclassic.com

www.burmeseclassic.com

# ကျုပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၀)

အစ်မရေ ...

ဒီနှစ် ရာသီဥတုကတော့ ထူးခြားတဲ့နှစ်တစ်နှစ်လို့ ပြောရင်လည်းရပါတယ်။ ဇူလိုင်လတစ်လလုံးနဲ့ ဩဂုတ်လ တတိယအပတ်အထိ ရွာလိုက်တဲ့မိုးက အဆက်မပြတ်ပါပဲ အစ်မ။ မိုးကြီးရင် ရေပါကြီးလာတာ သဘာဝပါ။ မြစ်ရေတွေလျှံလာတော့ ကမ်းပါးတွေ ပြိုကျရွာလုံး ကျွတ်ပြောင်းရွှေ့ရတဲ့ သတင်းတွေကလည်း စိတ်မကောင်းစရာပါပဲ အစ်မ။ စိုက်ပျိုးပြီး လယ်မြေတွေလည်း ရေနစ်မြုပ်ကုန်တော့ ဆန်စပါးအထွက်နှုန်း နည်းသွားနိုင်ပေမဲ့ စိုးရိမ်စရာတော့မရှိပါဘူးလို့ တာဝန်ရှိသူတွေက ပြောဆိုကြပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့မှာလည်း နှစ်ပေါင်း (၅၀)ကျော်အတွင်း မကြုံစဖူး မြေအောက် မှာမြုပ်နေတဲ့ မြောင်းတွေကို ပြန်ဖော်တာတွေ မြင်တွေ့ရပါတယ်အစ်မ (အောက်ကြည့်မြင်တိုင်လမ်း တစ်လျှောက်၊ အထက်ကြည့်မြင်တိုင်လမ်း တစ်လျှောက်နေရာတွေမှာပါ။)

ကိုလိုနီခေတ်အစိုးရလက်ထက်တုန်းက ရန်ကုန်မြို့ကို မြို့တော်အင်္ဂါရပ်နဲ့ အညီ ရေကြီးရေလျှံမဖြစ်စေဖို့ ရေထုတ်မြောင်းကြီးတွေကို ရန်ကုန်မြစ်ပေါက်ဝရောက် တဲ့အထိ ဖောက်လုပ်ထားခဲ့ကြပါတယ်။ ထင်ရှားတာတွေက ခရစ်လမ်း (ဗိုလ်မြတ်ထွန်း လမ်း) ရေထုတ်မြောင်း၊ ကျုံးကြီးလမ်းတစ်လျှောက် ကျုံးကြီးရေထုတ်မြောင်း၊ အလုံနဲ့ ကြည့်မြင်တိုင်နယ်အစပ်က ပိုက်ဟောလ်ရပ်ကွက် (သီတာရပ်ကွက်) ရေထုတ်မြောင်း တို့ဟာ မြစ်ပေါက်ဝအထိ ဖောက်လုပ်ထားခဲ့တဲ့ ရေထုတ်မြောင်းတွေပါ။ အလုံပါလီတွေရှင်

www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာလည်း ရေထုတ်မြောင်းတစ်ခုရှိနေပါသေးတယ်။

ကိုလိုနီခေတ်က မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်း၊ လမ်းတိုင်းမှာ ရေနုတ်မြောင်းအသေးတွေကို လူသွားစင်္ကြံ (ပလက်ဖောင်း)အောက်မှာ အုတ်အင်္ဂတေနဲ့ အမြင့်(၃) ပေကျော် (၄) ပေခန့်ဖောက်လုပ်ထားပြီး သံအထူပြားအဖုံးနဲ့ အဖွင့်အပိတ်လုပ်ပေးထားခဲ့တာရှိခဲ့ပါတယ်။ ရေကြီးရေလျှံ ရေမဝပ်နိုင်အောင် စနစ်တကျနဲ့ လုပ်ပေးထားခဲ့တာပါ။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာတော့ လူသွားစင်္ကြံ (ပလက်ဖောင်း) တွေပေါ်မှာ လူသွားလို့မရအောင် ကားအတက်အဆင်း အုတ်ခုံရယ်၊ သစ်ပင်ပန်းပင်တွေရယ်၊ မီးစက်ကြီးတွေရယ်၊ ဈေးဆိုင်အခင်းအကျင်းတွေက နေရာယူလာပါတယ်။ လူတွေက ကားလမ်းမပေါ်က ဆင်းလျှောက်နေကြရပါတယ်။ ရေမြောင်းတွေက ပိတ်ဆို့ကုန်လို့ မိုးများများရွာလိုက်တာနဲ့ (၁၅)မိနစ်အတွင်း ရေထုက (၁၀ လက်မ) ကျော်ကျော် လမ်းတွေပေါ်မှာ ရှိသွားခဲ့ပါတယ်။ မိုးများရင်များသလို ရေထုကမြင့်တက်လာပါတယ်။ နေအိမ်ကားအတက်အဆင်းအုတ်ခုံတွေဖျက်၊ သစ်ပင်ပန်းပင်တွေခုတ်ပစ်လိုက်တော့မှ လူသွားစင်္ကြံအဟောင်းက ပေါ်လာပြီး မြေကြီးရဲ့အောက် (၄)ပေလောက်တူးကြည့်တော့မှ အုတ်အင်္ဂတေနဲ့ ရေမြောင်းတွေပေါ်လာတာ တွေ့ရပါတယ်။ နှစ်ပေါင်း (၅၀)ကျော် မြေအောက်မှာ မြုပ်နေခဲ့တာပါ။ မြေကြီးအမြင့်နဲ့အပြိုင် အုတ်ထပ်စီပြီး လူသွားစင်္ကြံပါ ပြန်ဖော်လိုက်တော့မှ ရေမြောင်းအသစ်၊ လူသွားစင်္ကြံအသစ်နဲ့ မြို့ပြအင်္ဂါရပ်နဲ့ညီသွားတာကို တွေ့ရပါတယ်။ လမ်းမကြီးတွေကို တစ်ဖက်(၆)ပေလောက် တိုးချဲ့လိုက်တော့ နေရာကျယ်သွားပါတယ်။ ဒါပေမဲ့ လျှပ်စစ်ဓာတ်တိုင်နဲ့ သစ်ပင်ကြီးတွေ မခုတ်ဘဲထားတော့ ကားသွားလို့မရဘဲ ကားရပ်နားဖို့နေရာဖြစ်သွားပါတယ်။ ဈေးရောင်းဖို့နေရာအသစ်တွေ ဖြစ်ပေါ်လာပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေ ရိုးသားတဲ့ဂုဏ်ပုဒ်တစ်ခုရှိခဲ့ပါတယ်။ 'အလုပ်မရှိရင် ဈေးရောင်းစားမယ်' ဆိုတဲ့စကားပါ။ ဒါကြောင့်လည်း တစ်နိုင်ငံလုံး ဘယ်နေရာကြည့်ကြည့် ဈေးသည်တွေနဲ့ကို ပြည့်နေပါတယ်။ လမ်းတွေတိုးချဲ့လူသွားစင်္ကြံတွေ တိုးချဲ့တာတွေဟာ ကားရပ်နားဖို့ ဈေးရောင်းဖို့ နေရာတွေဖန်တီးပေးထားလားလို့ တချို့တွေက တွေးနေကြပါတယ်။ (အထက်ကြည့်မြင်တိုင်လမ်းမပေါ်ဆို လူသွားစင်္ကြံမရှိတဲ့မထားတဲ့နေရာတောင်ရှိပါတယ်)

ဗားကရာလမ်း၊ အထက်ကြည့်မြင်တိုင်လမ်း၊ အောက်ကြည့်မြင်တိုင်လမ်းဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



လမ်းလေးခွစုံနေရာကို ဗားကရာချောက်လို့ ခေါ်ပါတယ်။ ရန်ကုန်မြို့ရဲ့ အနိမ့်ဆုံးနေရာ တစ်ခုပါ။ မိုးဘယ်လောက်ကြီးကြီး ရေဘယ်လောက်ပါပါ၊ လမ်းပေါ်မှာ ရေတင်ခြင်းရေလျှံခြင်း၊ ရေဝပ်ခြင်း လုံးဝမရှိပါ။ မမြင်ခဲ့ဖူးပါ။ ဘာကြောင့်လဲဆိုတာ မသိခဲ့ပါဘူး။ ဒါပေမဲ့ ဟိုတလောတုန်းက ပုဂ္ဂလိကဂျာနယ်သတင်းစာတစ်စောင်က ဗားကရာချောက်ရဲ့မီးပွိုင့် ဘေးနားမှာ မြေအောက်ကိုဆင်းလို့ရတဲ့ အဖုံးကို ဖွင့်ကြည့်လိုက်တော့မှ မြေအောက်မှာ အုတ်အင်္ဂတေနဲ့ ပြုလုပ်ထားတဲ့ ရေနုတ်မြောင်းအမိုက်စစ်ကန်တို့ တည်ဆောက်ထားပုံ၊ မြစ်ဝအထိ ရေစီးဆင်းလို့ရအောင် ကိုလိုနီခေတ်က အုပ်ချုပ်ခဲ့တဲ့အစိုးရတွေက ဖန်တီး တည်ဆောက်ထားခဲ့ပုံတွေတွေ့ရတော့မှ အနိမ့်ဆုံးချောက်ဆိုတဲ့နေရာမှာ ရေမဝပ်အောင် ရေမတင်အောင် စနစ်တကျလုပ်ဆောင်ခဲ့ပုံတွေ သိရှိရပါတယ်။ ဒါပေမဲ့ ကုန်းအမြင့်ပေါ်မှာ ရှိတဲ့ တာမွေအဝိုင်းလမ်း ငါးခွစုံအနီးနေရာကတော့ မိုးကြီးပြီဆိုရင် လမ်းမပေါ်က ရေထုက (၂)ပေကျော် (၃) ပေနီးပါးရှိနေတတ်တာကတော့ အဖြေထုတ်လို့ မရသေးပါဘူး။

စင်ကာပူကျွန်းနိုင်ငံလေးက စင်ကာပူမြို့တော်တည်ဆောက်မယ်ဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ ရန်ကုန်မြို့တော်တည်ဆောက်ပုံစနစ်ကို လာရောက်ပြီးလေ့လာကြရ တယ်လို့ ဖတ်မိမှတ်သားခဲ့ဖူးပါတယ် အစ်မ။ ဒါပေမဲ့ အနှစ်(၅၀)ကျော်ကြာလာတဲ့အချိန် မြန်မာနိုင်ငံက ဖွံ့ဖြိုးမှုနောက်ကျနေတဲ့အတွက် စင်ကာပူကို အတုယူရမယ်ဆိုတဲ့ သတင်း တွေကို ဂျာနယ်တွေမှာဖတ်ရပါတယ်။ စင်ကာပူနိုင်ငံကိုတည်ထောင်ခဲ့တဲ့ တရုတ်လူမျိုး ခေါင်းဆောင်ကြီး လီကွမ်ယူးနဲ့ ပူးတွဲတည်ထောင်ခဲ့တဲ့ အိန္ဒိယလူမျိုး ရာဂျာရတ္တနမ်တို့ဟာ စင်ကာပူနိုင်ငံသေးသေးလေးကို ကမ္ဘာသိဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီး တွေပါပဲ။ စင်ကာပူခေါင်းဆောင်ကြီး လီကွမ်ယူးဆိုရင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေချင် လွန်းလို့ စကားတွေ ခဏခဏပြောခဲ့ပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာက အရည်အချင်းရှိတဲ့ ပညာရှင်တွေ ပညာ တတ်တွေရှိမှ အဓိကကျပါတယ်။ အာဆီယံ (၁၀)နိုင်ငံမှာ စင်ကာပူက လီရှင်လွန်း၊ ထိုင်းနိုင်ငံက အဘီစစ်နဲ့ ယင်လတ်၊ ဖိလစ်ပိုင်နိုင်ငံက အကွီနို(၃)တို့ဟာ အောက်စဖို့ဒ်နဲ့ ဟားဘတ်ကျောင်းဆင်းတွေပါ။ ဘရူနိုင်းဘုရင်မိုဟာမက်ဘိုကီးယားဆိုရင် ဆင်းန်ဟတ်စ် ကျောင်းဆင်းပါ။ ကျွန်တော်တို့ဆီက ပညာရေးစနစ်က အခုအချိန်အထိ ဘယ်လိုပညာရေး စနစ်နဲ့သွားမယ်ဆိုတာ ရေရေရာရာ သဲသဲကွဲကွဲကို မသိရသေးပေမဲ့ ၁၉၈၈ နောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲပြုမှုမှုတွေရဲ့ ရလဒ်မှာ ထင်သာမြင်သာရှိခဲ့တာက ကုလသမဂ္ဂထိုင်ခုံမှာ ဒုတိယတန်းမြောက် (B) တန်းကနေ (၁၃)တန်းမြောက်ထိုင်ခုံ (M) မှာ ပြောင်းထိုင်ရလို့ သဘာပတိစင်မြင့်နဲ့ ဝေးသွားတာပါပဲ အစ်မ။

■

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်ကျွန်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၁)

**အစ်မရေ ...**

အခုတလော ဈေးငွေကိစ္စတွေက အရပ်ထဲမှာ ရေပန်းစားပြီး ပြောစမှတ်ကို ဖြစ်နေပါတယ်။ အိမ်ထောင်စုတွေဟာ မိသားစုစားဝတ်နေရေးအတွက် ဈေးငွေအပေါ်မှာ အမှီပြုရပ်တည်နေရပါတယ်။ နေ့ပြန်တိုး၊ ၁၅ ရက်တိုး၊ တစ်လတိုးဆိုတာတွေက ဈေးငွေလောကရဲ့ အမှတ်အသားတွေပါ အစ်မ။

ကျွန်တော်တို့ငယ်စဉ်ကာလတုန်းကတော့ 'အပေါင်ဆိုင်' ဆိုတာကို စိန့်တိုင်းသားတွေက ဦးစီးပြီးလုပ်ကိုင်ခဲ့တဲ့ ဈေးငွေလုပ်ငန်းတစ်ရပ်ပါ။ သိပ်အများကြီးလည်း မရှိပါဘူး။ လတ်တလောအခက်အခဲပေါ်ပေါက်မှသာ မိမိမှာရှိတဲ့ပစ္စည်းလေးတွေ အပေါင်ထားပြီး ငွေချေးလို့ရတာပါပဲ။ ဆိုင်မှန်သမျှ 'ပြည်သူပိုင်' သိမ်းတဲ့ခေတ်လည်း ရောက်ရော 'အပေါင်ဆိုင်' တွေပါ ပြည်သူပိုင်အသိမ်းခံခဲ့ရပါတယ်။

ချေးမစားရဘူး။ ချေးစားတာမကောင်းဘူး။ အမြတ်ကြီးစားနေရှင်လူတန်းစားတွေရဲ့လုပ်ရပ်လို့ ကြွေးကြော်ပြီး အားလုံးတညီတညာနဲ့ တန်းစီတိုးစားရတဲ့ စနစ်လုပ်ပေးတော့တာပါပဲ။ 'ပြည်သူ့ဆိုင်' တွေဆိုတာပေါ်လာပြီး ဒီနေ့ပြည်သူ့ဆိုင်မှာ ဘာပေးမယ်ဆိုတာ စုံစမ်းပြီးတန်းစီပြီးတိုးရပါတယ်။ အမြတ်ပေးပြီးကောက်တဲ့ လူတန်းစားတစ်ရပ်ကလည်း အဆင်သင့်ပေါ်လာတော့ ရောင်းစားကြပြီး ရတဲ့အမြတ်လေးနဲ့ ဘဝတွေ ရပ်တည်ခဲ့ကြရပါတယ်။ ဒီလိုနဲ့ ၂၆ နှစ်ကြာလာတော့ 'အမိန့်ရအပေါင်ဆိုင်' တွေပြီး ပြန်ပေါ်လာပါတယ်။ အပေါင်ဆိုင်လို့ မရေးရဘူး။ 'ခွင့်ပြုချက်ရ ငွေချေးလုပ်ငန်း'

www.burmeseclassic.com

www.burmeseclassic.com



လို့ခေါ်ရမယ်ဆိုပြီး ဖြစ်လာပါတယ်။ ဒန်အိုးဒန်ခွက်အသစ်၊ လုံချည်အသစ်၊ မီးပူ၊ စက်ဘီး၊ ရွှေ စတာတွေကို အပေါင် သဘောထားပြီး ၂ လတိုး၊ ၃ လတိုးနဲ့ သတ်မှတ်ရက် မရွေးနိုင်ရင် ပစ္စည်းအဆုံးသဘော သတ်မှတ်တဲ့ ငွေချေးလုပ်ငန်းပေါ်လာပါတယ်။

ကျွန်တော်တို့ရဲ့ ဇာတိသွေးဇာတိမာန်ဆောင်ပုဒ်က 'အလုပ်မရှိရင်ဈေးရောင်း' ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဈေးရောင်းထွက်ကြရမှာဆိုတော့ အရင်းအနှီးက လိုလာပါတယ်။ လိုလာတော့ ငွေချေးတဲ့အလုပ်ကို လုပ်ရပါတယ်။ ပထမတော့ တစ်လတိုး၊ နှစ်လတိုး သတ်မှတ်ရာကနေ ငွေချေးယူတဲ့ လူတန်းစားကများလာတော့ လကုန်ထိအောင်မစောင့်နိုင် တော့ဘူး။ နေ့ချင်းပြန်ပေးရတဲ့ 'နေ့ပြန်တိုး' ချေးငွေစနစ်ဆိုတာ ပေါ်လာပါတယ်။ နေ့ပြန်တိုးချေးငွေက လပေးချေးငွေထက် အတိုးနှုန်းပိုပေးရပါတယ်။ ဒီကြားထဲနှစ်လုံး၊ သုံးလုံးလောင်း ကစားနည်းက အိမ်နီးနားချင်းနိုင်ငံကနေ ပျံ့နှံ့လာတော့ ဈေးရောင်းဝယ် တဲ့လောကမှာ ခေတ်စားလာပါတယ်။ တဖြည်းဖြည်းနဲ့ အပြင်လောကမှာပါ ခေတ်စား လာတော့ အဲဒီလောင်းကစားနည်းကို စီးပွားရေးလုပ်ငန်းသဖွယ် လုပ်ဆောင်လာကြတာကို တွေ့ရှိရပါတယ်။ ငွေချေးတဲ့လုပ်ငန်းကလည်း ပိုပိုပြီးကျယ်ပြန့်လာပါတယ်။ ဒီနည်းကို သိသွားကြတဲ့ အသင်းအဖွဲ့တွေကလည်း ငွေချေးတဲ့လုပ်ငန်းတွေကို လိုက်လုပ်ကုန် ပါတယ်။ ငွေချေးတဲ့သူကလည်း ငွေရှင်မျက်နှာ ကြည့်ရတော့မယ်။ ငွေရှင်မကြိုက်တာ မလုပ်ရဲဘူးလေ။ ငွေရှင်အကြိုက်တော့ လုပ်ရတော့မယ်။ ဒီလိုနည်းတွေနဲ့ အခြေခံလူတန်း စားတွေရဲ့ဘဝတွေမှာ သံသရာလည်နေကြပါတယ်။

ငွေချေးတဲ့အကြောင်းတွေပြောပြရင်းနဲ့ အစ်မတို့လွှတ်တော်ထဲမှာလည်း ' ချေးငွေ' တွေအကြောင်း အဆိုတင်သွင်းတာတွေကို ခွင့်ပြုပေးဖို့ သတင်းစာနဲ့ ဂျာနယ်တွေမှာ ဖတ်ရပါတယ် အစ်မ။

ဒီစာကို ရေးနေရင်းနဲ့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ အစ်မ။ ဂျာနယ်ထဲမှာ ပုံပြင်တွေ အမြဲတမ်း ပြောပြောပြနေတဲ့ ပုံပြောဆရာ အကြည်တော်ရဲ့ 'လုပ်ချင်ရာလုပ်ခွင့်ရှိတဲ့ Top Ten စာရင်းဝင်တိုင်းပြည်' ဆိုတဲ့ ပုံပြင်လေးဖတ်လိုက်ရတော့ ကျွန်တော့်မှာ ပြုံးမိသေးပါတယ် အစ်မ။ နောက်တစ်ခါ အစ်မတို့လွှတ်တော်က ဥက္ကဋ္ဌကြီးတစ်ဦး ပွင့်ပွင့်လင်းလင်း ဝေဖန်ထောက်ပြလိုက်တာကလည်း ပြောစမှတ်ဖြစ်ကုန်ကြပါတယ်။

"ကျန်းမာရေး၊ ပညာရေးအဆောက်အအုံဘတ်ဂျက်က ဘာနဲ့တူသလဲဆိုရင် ပွဲဈေးတန်းမှာ ဆီးသီးဖန်မှောက်ကျသလိုပဲ မှောက်လဲကျရော ဟိုလူကကောက်တစ်ဆုပ်

www.burmeseclassic.com

www.burmeseclassic.com



နှိုက်စား၊ ဒီလူက လက်တစ်ဆုပ်နှိုက်စားနဲ့ တစ်ဝက်လောက်ပဲကျန်တယ်။ ဘတ်ဂျက်ကိစ္စက အဲဒီလိုဖြစ်နေတာပေါ့'' ဆိုတဲ့ ''ဆောက်လုပ်ရေးတင်ဒါခေါ်တဲ့အချိန်တိုင်း ဆိုကြမယ်၊ ပျော်ကြမယ်၊ ပွဲကြီးဖြစ်နေတယ်။ အဲဒီလို စေတနာယုတ်တဲ့ကိစ္စမျိုးက သည်းခံလို့မဖြစ်ဘူး'' ဆိုတဲ့ ပြောဆိုချက်တွေက မီဒီယာလောကမှာ ရေပန်းစားကုန်ပါတယ်။

ဒါကို ''ကိန်းဂဏန်းတွေ တိတိကျကျနဲ့ ဘယ်ဌာန၊ ဘယ်သူဆိုတာ ပွင့်ပွင့်လင်းလင်း ပြောဆိုပါ'' လို့ ပြန်လည်ချေပတဲ့ ဝန်ကြီးက ချေပစရာတွေဖြစ်ကုန်ပါတယ် အစ်မ။

အစ်မတို့လွှတ်တော်မှာ အဲဒီသတင်းတွေပါလာပြီး မကြာခင်မှာ ကာတွန်းဆရာတွေက ဘတ်ဂျက်မလုံလောက်လို့ ချေးငှားရတဲ့အကြောင်းနဲ့ ငွေချေးကြတဲ့အကြောင်း ကာတွန်းတွေနဲ့ ဖော်ပြလာတာတွေ တွေ့ရပါတယ် အစ်မ။ အစ်မလည်း အဲဒီကာတွန်းကို နှစ်သက်မှာပါ။

■

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၂)

အစ်မရေ ...

မကြာသေးခင်က ကျွန်တော်နဲ့ရင်းနှီးတဲ့ ဝါရင့်ဂျာနယ်သတင်းထောက်တစ်ဦးက 'တော်လှန်ရေးသမိုင်းခြေရာများ မှုန်ပျပျသာကျန်ခဲ့တော့မည်လော' ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ကို ဂျာနယ်တစ်စောင်မှာ ရေးသားထားကို ဖတ်ရှုရပါတယ် အစ်မ။

ဟိုးအရင်တုန်းကလည်း အဲဒီလိုသတင်းမျိုးကြားလို့ 'တော်လှန်ရေးပန်းခြံ' ဆိုတာ သမိုင်းဝင်နေရာဖြစ်တဲ့အတွက် တန်ဖိုးထားလေးစားကြဖို့ ကျွန်တော်ရေးတဲ့ 'သမီးအောင်ဆန်းနှင့်ခြံထဲမှ ကျွန်ုပ်၏မှတ်စာများ' စာအုပ်မှာ ရေးသားခဲ့ဖူးပါတယ် အစ်မ။

တော်လှန်ရေးပန်းခြံထဲက အစ်မဖေဖေရဲ့ ရွှေရောင်ရုပ်တုနောက်နားမှာ ကလေးကစားကွင်းတွေ၊ စားသောက်ဆိုင်တွေ ရောက်ကုန်ကြပြီ။ ဟောမကြာသေးခင်မှာပဲ ဦးဝိစာရလမ်းမပေါ် အထပ်မြင့်ရှေ့ပင်းမောလ် ရွှေတိဂုံဘုရားနဲ့ မသင့်တော်ဘူး စသည်ဖြင့် ဝေဖန်ပြောဆိုကြတဲ့သတင်းတွေ ကြားလာရပါတယ် အစ်မ။

ဥယျာဉ်တို့၊ ပန်းခြံတို့၊ ကလေးကစားကွင်းတို့ဆိုတာဟာ ပန်းဥယျာဉ်နဲ့ ကစားကွင်းများဌာနက ပိုင်ပါတယ်။ ဈေးရောင်းဖို့ ဆိုင်ဆောက်တယ်ဆိုရင် ဈေးများဌာန ဆိုတာရှိပါတယ်။ ဈေးများဌာနပိုင်မြေနေရာမှာ ရှော့ပင်းမောလ်တည်ဆောက်တာက ပိုသဘာဝကျပါတယ်။ ကန်တော်ကြီး၊ ပန်းခြံ၊ အင်းလျားမြကျွန်းသာဥယျာဉ်၊ ပြည်သူ့ဥယျာဉ်၊ ပန်းခြံတို့ ဆိုတာဟာ ဈေးများဌာနပိုင်မြေ မဟုတ်ပါဘူး။ ပန်းဥယျာဉ်နဲ့ ကစားကွင်းများဌာနပိုင် မြေနေရာတွေဖြစ်ပါတယ်။ ဒါကြောင့်လည်း ထိန်းသိမ်းစောင့်ရှောက်ပြီး လှပတင့်တယ်စွာပြုလုပ်ထားတာတွေ့ ရပါတယ်။ အခုဟာက ရန်ကုန်မြို့ရဲ့ မြေနေရာမှန်သမျှ တိုက်ဆောက်တဲ့အလုပ်တွေနဲ့ လေလံပစ်တဲ့အလုပ်တွေပဲ လုပ်နေကြတာ တွေ့ရပါတယ်။ ဥယျာဉ်ကလည်း ဥယျာဉ်နဲ့ မတူ၊ ပန်းခြံကလည်း ပန်းခြံနဲ့မတူတော့ပါဘူးအစ်မ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လူမျိုးရဲ့ ရိုးသားတဲ့စိတ်ဓာတ်က အလုပ်မရှိ ဈေးရောင်းစားတာ ပေါ့ဆိုတဲ့ စိတ်ဓာတ်တွေက နဂိုကတည်းက ကိန်းအောင်းနေကြပါတယ်။ (အစ်မ မိတ်ဆွေ သမ္မတကြီးရဲ့ဖုန်းဆိုရင် ရိုးသားတဲ့စိတ်နဲ့ တစ်ချိန်ကျရင်မုန့်ဟင်းခါးဆိုင်ထွက်ပြီး ဈေးရောင်း မယ်ဆိုတဲ့ စိတ်ထားဟာ လေးစားစရာပါ အစ်မ။)

အစ်မဖေဖေ တော်လှန်ရေးနေ့ စစ်ထွက်မိန့်ခွန်းပြောကြားခဲ့တဲ့ သမိုင်းဝင်မြေ နေရာ တော်လှန်ရေးပန်းခြံဝင်းရဲ့ အနားသတ်မြေနေရာတွေမှာ အပန်းဖြေစီမံကိန်းကြီး တစ်ခုကို လာမယ့်ပွင့်လင်းရာသီမှာ အကောင်အထည်ဖော်တည်ဆောက်သွားတော့မှာ ဖြစ်ပါတယ်လို့ ဝါရင့်သတင်းထောက်ကြီးကပဲ သူ့ရဲ့ဂျာနယ်မှာ ဖော်ပြရေးသားထားတာ ကို ဖတ်ရှုရပါတယ် အစ်မ။

ဦးဝိစာရလမ်းနှင့် မဟာ့ဗေတီလမ်းထောင့်မှာရှိတဲ့ (၃၂ ဧက) ကျော်ကျယ်ဝန်းတဲ့ သမိုင်းဝင်တော်လှန်ရေးပန်းခြံထဲက တော်လှန်ရေးပန်းခြံစီမံကိန်းကြီးတစ်ခုကို လာမယ့် ပွင့်လင်းရာသီမှာ အကောင်အထည်ဖော် တည်ဆောက်သွားတော့မှာဖြစ်ပါတယ်ဆိုတာ ဖတ်ရှုရပါတယ်။ ထိုစီမံကိန်းကြီးကို ကာကွယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်း၊ စစ်ဌာနချုပ် နဲ့ တပ်မြို့စည်ပင်သာယာရေးက တပ်မတော်ဆောက်လုပ်ရေး အင်ဂျင်နီယာတပ် (၉၅၇) နဲ့ ပူးပေါင်းတည်ဆောက်ကြမှာဖြစ်ပါတယ်။ ကာရာအိုကေဆိုင်၊ မင်္ဂလာခန်းမကြီး၊ ရေကူးကန်၊ ဓာတ်ပုံစတူဒီယို၊ ကလေးကစားကွင်း၊ စားသောက်ဆိုင်ကြီး (၈)ဆိုင်နှင့် နှင်းလျှောစီးကွင်းတွေ ပါဝင်မှာဖြစ်ပြီး စီမံကိန်းတစ်ခုလုံးအတွက် စရိတ် (စားရိတ်) များသည့်အတွက် ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရနိုင်ဖို့ တင်ပြထားတယ် လို့ တပ်မြို့စည်ပင်သာယာရေး၏ စီမံကိန်းအစီအစဉ်အရ သိရပါတယ်လို့ သတင်း ဆောင်းပါးမှာ ဖော်ပြထားပါတယ်။

"တပ်မတော်ပန်းခြံ (တော်လှန်ရေးပန်းခြံ) သည် တပ်မတော်ပိုင်သလို ပြည်သူ လည်းပိုင်ပါတယ်။ တပ်မတော်နေ့ အခမ်းအနားတွေကို နေပြည်တော်မှာ ပြောင်းလဲကျင်းပ ပြီးဖြစ်တဲ့အတွက် ဒီပန်းခြံဟာ ဒီအတိုင်းကြီးထားမဲ့အစား ပြည်သူတွေဝင်ရောက်အပန်းဖြေ နိုင်အောင် အကျိုးဖြစ်ထွန်းစေမယ့် စီမံကိန်းလေးတစ်ခုဖော်ဆောင်ဖို့အတွက် အထက် လူကြီးတွေက ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ဖို့အတွက် အခုလိုပြင်ဆင် နေတာဖြစ်ပါတယ်" လို့ တပ်မြို့စည်ပင်သာယာရေးက တာဝန်ရှိသူ ဦးမိုးမင်းဝင်းက ပြောပါတယ်။ ဘယ်လောက် ကုန်ကျမယ်ဆိုတာ အတိအကျ မသိရသေးဘူး။ အရင်က ပန်းခြံရှိသော်ငြားလည်း ဘယ်သူမှ ဝင်ရောက်လေ့လာခွင့်မရှိပါဘူး။ အထဲမှာ ဘာရှိလဲ ဆိုတာတောင် မသိကြပါဘူးလို့ ဦးမိုးမင်းဝင်း က ရှင်းပြပါတယ်။

"(၆၉) နှစ်သက်တမ်းရှိပြီဖြစ်တဲ့ တော်လှန်ရေးပန်းခြံကို အဆင့်မီမွမ်းမံမှုတွေ ဆောင်ရွက်ဖို့ ရည်ရွယ်တာကလည်း ပြည်သူနဲ့ တပ်မတော်ကြားမှာ နှစ်ဖက်ပေါင်းဖော်ရွေမှု

www.burmeseclassic.com

www.burmeseclassic.com



ရှိစေဖို့ လည်းပါပါတယ်။ တပ်မတော်နဲ့ ပြည်သူက စိမ်းနေသလိုဖြစ်နေတယ်။ ဒီပန်းခြံကို မွမ်းမံပြီး ပြည်သူတွေဝင်ထွက်လေ့လာနိုင်စရာတွေ တည်ဆောက်လိုက်ရင် ရင်းနှီးမှုတွေ ပိုရလာမယ်'' လို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်က ဒုတိယဗိုလ်မှူးကြီးတစ်ဦးက ပြောဆိုပါတယ် လို့ ရေးသားထားတာလည်း ဖတ်ရပါတယ် အစ်မ။

ဒုတိယကမ္ဘာစစ်မှာ မြန်မာနိုင်ငံရဲ့ ဖက်ဆစ်တော်လှန်ရေးစနစ်ဖြစ်တဲ့ (၁၉၄၅) ခုနှစ်မှာ အစ်မကလည်း မွေးဖွားလာတော့ တော်လှန်ရေးပန်းခြံသက်တမ်းက အစ်မ သက်တမ်းနဲ့ အတူတူပါပဲ။ (၆၉)နှစ်။

အစ်မဖေဖေ ဖက်ဆစ်တော်လှန်ရေးလုပ်ဖို့အတွက် တော်လှန်ရေးပန်းခြံမြေ နေရာက သပြေပင်ကြီးရှေ့ကနေ တော်လှန်ရေးစစ်ထွက်မိန့်ခွန်းပြောကြားတော့ အစ်မက အစ်မမေမေရဲ့ ဝမ်းကြာတိုက်ထဲမှာ ရှိနေတုန်းပါ။ အခုတော့ သမိုင်းဝင်သပြေပင်ကြီးလည်း နာဂစ်မုန်တိုင်းဒဏ်ကြောင့် ငုတ်တိုဘဝပဲကျန်ပါတော့တယ်။ ဒါကိုလည်း အမှတ်တရ ထားရှိထားပါတယ်။ တစ်ခါတော့ ခေတ္တတပ်စွဲထားတဲ့တပ်က ရဲကောင်လေးတွေက ထင်းအသုံးလိုနေတဲ့အတွက် သမိုင်းဝင်သပြေငုတ်တိုကို ဓားတွေနဲ့ဝင်ရောက်ခုတ်မလို့ လုပ်နေတာကို တော်လှန်ရေးပန်းခြံ အစောင့်ဝန်ထမ်းက အစ်မဖေဖေရဲ့ ရွှေရောင်ရုပ်တု နောက်ကနေ ထွက်လာပြီ။

''ဟေ့ ဟေ့ အဲဒါကို မခုတ်ရဘူး။ မလုပ်ရဘူး'' စိုးရိမ်ကြီးစွာနဲ့ လှမ်းပြီး ဟန့်တားလိုက်တော့မှ မခုတ်ကြတော့ပါဘူး။ (ရဲဘော်လေးတွေကလည်း ဘယ်နားလည် ပါ့မလဲ အစ်မရယ်။ ထင်းလိုနေတော့ ထင်းရှာပြီးခုတ်တဲ့သဘောပါ အစ်မ။ ရှင်းပြတော့ နားလည်သွားကြပါတယ်။ သမိုင်းဝင်သပြေငုတ်တိုမှန်းသိသွားကြပါတယ် အစ်မ။)

သတင်းထောက်က ဆောင်းပါးမရေးခင် သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်တွေ ကို သေသေချာချာ စုံစမ်းမေးမြန်းပြီးမှ ရေးတာဖြစ်သလို ပြင်ပက သိမီခဲ့တဲ့သမိုင်းဝင်ပုဂ္ဂိုလ် တွေ ပါမကျန် စုံစမ်းမေးမြန်းပြီး ထင်မြင်ချက်တွေပါ ရေးသားထားပါတယ် အစ်မ။

အသက် (၉၂) နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘဘသခင်ချန်ထွန်းကို မေးမြန်းတဲ့အခါကျ တော့ သခင်ချန်ထွန်းက ''တော်လှန်ရေးပန်းခြံထဲမှာ စားသောက်ဆိုင်တွေ၊ ကာရာအိုကေ ဆိုင်တွေပါဝင်မယ်ဆိုတာ အဲဒီစီမံကိန်းဟာ မသင့်တော်ဘူး'' လို့ သူ့အမြင်ကို ပြောပြပါ တယ်အစ်မ။

ကာကွယ်ရေးဦးစီးချုပ်ဟောင်း သူရဦးတင်ဦးကတော့ ''သမိုင်းဝင်နေရာမှာ ခေတ်မီ ကာရာအိုကေဆိုင်တွေ၊ စားသောက်ဆိုင်တွေဖြစ်လာရင် ပျက်စီးကြမယ်။ မူးယစ် ဆေးဝါးကိစ္စ တွေဖြစ်လာမယ်။ ပျက်စီးမှာပဲ။ ဂိတ်ကြေးပိုက်ဆံယူပြီး ဝင်ငွေရအောင် ရဲဘော်သုံးကျိပ်ဝင် ရုပ်တုတွေထားတာ၊ ပန်းအလှဆင်ထားတာတွေထားလေ့။ ရတာပဲ ... ဘာလို့ ဒါတွေလုပ်မှာလဲ။ ပျက်စီးတာတွေမြင်ရဦးမယ်။ မဖျက်ကြပါနဲ့'' လို့ ပြောဆို

www.burmeseclassic.com

www.burmeseclassic.com



တာကို ဆောင်းပါးထဲမှာ ဖတ်ရပါတယ် အစ်မ။

ကျွန်တော်ငယ်စဉ်တုန်းက ရွှေဘိုဆိုင်လို့ခေါ်ကြတဲ့ (လှမြန်မာထမင်းဆိုင်) ဘေးမှာ နေလာခဲ့ဖူးတော့ တော်လှန်ရေးနေ့နဲ့ တော်လှန်ရေးပန်းခြံဆိုတာ ကျွန်တော်နဲ့က မစိမ်းပါဘူး။ အားလုံးအမှတ်တရတွေရှိပါတယ်။ အခုလို ပြောင်းလဲဖို့လုပ်တာကိုတော့ စိတ်မကောင်းမိတာ အမှန်ပါပဲအစ်မ။ ကျွန်တော့်စာအုပ်ထဲမှာ ရေးထားခဲ့သလို ရန်ကုန်မြို့မှာ မြေနေရာလွတ်ဆိုလို့ တော်လှန်ရေးပန်းခြံမြေနေရာရယ်၊ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ပွင့်တော်မူခဲ့ပြီးသော ဘုရားလေးဆူရဲ့အထိမ်းအမှတ်တွေနဲ့ ဌာပနာထားတဲ့ သိင်္ဂုတ္တရကုန်းမြေ (ရွှေတိဂုံစေတီတော်) မြေလွတ်နေရာတွေရယ်၊ အာဇာနည်ကုန်းလို့ခေါ်တဲ့ သဘာဝကုန်းမြေတောင်စွယ်တောင်တန်းသဖွယ်တည်ရှိနေတဲ့ ယခင်အခေါ် အာဇာနည်ဗိမာန်ဝင်းကြီးပဲ ကျန်ရှိပါတော့တယ် အစ်မ။ အခုတော်လှန်ရေးပန်းခြံကိစ္စ စလာပြီဆိုတော့ (ဖရီဒါ) က သစ်တောပညာရှင်ကြီး ဦးလေးအုန်းကို ဒုတိယအကြိမ်မြောက် ပြောပါရစေခင်ဗျား။

ကျွန်တော်ရေးတဲ့ ''သမီးအောင်ဆန်းနှင့် ခြံထဲမှ ကျွန်ုပ်မှတ်စု''များစာအုပ်မှာ ဦးလေးအုန်းကို ပြောပြတာ။ ဦးလေးအုန်းက ကိုယ်တိုင်သွားကြည့်ပြီး အင်တာဗျူးတာကို အင်တာနက်မှာ ဖတ်လိုက်ရပါတယ်။ ဦးလေးအုန်း၊ ကျေးဇူးလည်းတင်ပါတယ်ခင်ဗျာ။ အခု ဒုတိယအကြိမ်မြောက် ပြောပါရစေ ဦးလေးအုန်း။

''တို့ရန်ကုန်မြို့လယ်မှာ သဘာဝသစ်တောအုပ်လေးတွေသဖွယ် တောင်စွယ်တောင်တန်းနဲ့ တည်ရှိခဲ့တာကို'' (တည်ရှိနေတုန်းမှာ) ဓာတ်ပုံမှတ်တမ်းနဲ့ မှတ်တမ်းတင်ခဲ့စေချင်ပါတယ်။ သမ္မတအိမ်တော်ဝင်းရှေ့ ခရေပင်တန်းကတော့ နာဂစ်ကြောင့်ပြိုလဲကုန်ပါပြီ။ တချို့တော့ ကျန်ပါသေးတယ်။ ကြက်ဆူပင်တန်းတော့ ပျောက်ကွယ်သွားပါပြီ။ ကျွန်းပင်တန်းကြီးတွေကတော့ ရှိနေသေးတုန်းပါ။ ဦးလေးအုန်းရေ မြို့တည်၊ နန်းတည်ချင်တဲ့သူတွေကို နယူးယောက်မြို့လယ်ကောင်က ပဥ္စမရိပ်သာလမ်းက တောအုပ်ရယ်၊ စင်ကာပူမြို့လယ်က နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိတဲ့ သဘာဝအတိုင်းတည်ရှိနေတဲ့ (မိုးသစ်တောကြီး) နေရာတွေကိုခေါ်သွားပြီး ပြစေချင်ပါတယ်။

အစ်မရေ (ဖရီဒါ) က သစ်တောပညာရှင်ကြီး ဦးအုန်းရယ်၊ မိုးလေဝသဌာနက ပညာရှင်ကြီး ဦးထွန်းလွင်တို့က (အငြိမ်းစား)ယူသွားကြပေမဲ့လည်း တိုင်းပြည်ရဲ့ အရေးကိစ္စတွေမှာ တစ်ဖက်တစ်လမ်းက အားကြိုးမာန်တက်ဆောင်ရွက်နေသူတွေပါ အစ်မ။ အစ်မ အသိ စီးပွားရေးပညာရှင်ကြီးဦးမြင့်လို စိတ်ထားရှိသူတွေပါ။ အဲဒါကြောင့် ဘာမဆို သူတို့ကိုတိုင်တည်ပြီး ပြောဆိုရခြင်းဖြစ်ပါတယ် အစ်မ။

■

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မ အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၃)

**အစ်မရေ ...**

မနေ့က ၂၄-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့) က အစ်မရဲ့ NLD ရုံးချုပ်မှာ သတင်းဌာနတွေ၊ ဂျာနယ်တွေက သတင်းထောက်တွေ အရေးတကြီးနဲ့ ရောက်ရှိလာကြပါတယ်။ ဦးဆုံးရောက်လာတာက အေပီသတင်းဌာနက မအေးအေးဝင်းနဲ့ ခင်ပွန်း ကိုမင်းဇော်၊ ဂျပန် တီဘီအက်စ်သတင်းဌာနက ကိုသစ္စာလှထွေးတို့ပါပဲ။ ဦးဟံသာမြင့်ကိုပဲ မေးနေကြတာ တွေ့ရပါတယ်။ 'ဘာတွေဖြစ်ကုန်ပြီလဲ' ဆိုတဲ့အတွေးနဲ့ ကျွန်တော့်မှာ စုံစမ်းရပါတယ်။

စုံစမ်းလိုက်တော့ လွန်ခဲ့တဲ့ဩဂုတ်လ (၂၆) ရက်နေ့က ရိုက်တာသတင်းဌာနက မစ္စတာပေါလ်မွှန်နီက ဦးဟံသာမြင့် နေ့လယ်စာစားရင်း အင်တာဗျူးလုပ်ပါတယ်။ အဲဒီ အင်တာဗျူးလုပ်ခဲ့တာကို မစ္စတာပေါလ်မွှန်နီက ၂၃-၉-၂၀၁၄ မှာ WITH SUU KYI DISQUALIFIED, HER NLD PARTY LOOK TO, MYANMAR EX-GENERAL ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးရေးပြီး ဖော်ပြလိုက်တာဟာ တစ်ကမ္ဘာလုံး ပျံ့နှံ့သွားပြီး သတင်းထူးအဖြစ် ကျော်ကြားသွားပါတယ်။ ဒါကြောင့် စက်တင်ဘာလ (၂၄) ရက်နေ့မှာ သတင်းထောက်တွေက NLD ဌာနချုပ်ကို လာရောက်ပြီး မေးမြန်းကြခြင်းဖြစ်ပါ တယ်။ အဲဒီနေ့မှာပဲ ဦးဟံသာမြင့်ကလည်း ရိုက်တာသတင်းဌာနကို ဆောင်းပါးနဲ့ပတ်သက်ပြီး ဆောင်းပါးမှာ မှားရေးထားတာတွေပါနေကြောင်း ငြင်းဆိုချက် စာတစ်စောင်ပေးပို့လိုက်တဲ့ သတင်းလည်း ကြားသိရပါတယ် အစ်မ။

ဩဂုတ်လ (၂၆) ရက်ဆိုတာက ဒေါ်အောင်ဆန်းစုကြည် ရွှေတိဂုံဘုရား အနောက်ဘက်မုခ်မှာ မိန့်ခွန်းပြောတဲ့နေ့။ စက်တင်ဘာ (၂၄) ရက်ဆိုတာက ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com



သားအငယ် သားအငယ် မောင်ထိန်လင်းမွေးနေ့။ ထူးခြားတဲ့ရက်လေးတွေ တိုက်ဆိုင်နေတယ်။ ဖြစ်စဉ်ကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ပါတီကိစ္စ။

၂၀၁၀ ခုနှစ်ကစပြီး မြန်မာနိုင်ငံမှာ တတိယအကြိမ်မြောက် ပါလီမန်ကြီးပြန်ပေါ်လာတော့ နိုင်ငံရေးပါတီတွေကလည်းမျိုးစုံ။ နိုင်ငံရေးသမားတွေကလည်း မျိုးစုံပေါ်လာပါတယ်။ မှတ်သားလေ့လာရတာကလည်း တကယ့်ကို ဗဟုသုတရရှိစေပါတယ် အစ်မ။

နိုင်ငံရေးသမားဆိုတာ မီဒီယာနဲ့ ကင်းကင်းနေလို့မရပါဘူး။ မီဒီယာနဲ့ အမြဲကို ပတ်သက်နေရပါတယ်။ ထိတွေ့နေမယ်ဆိုတာ သိထားရပါမယ်။ မီဒီယာသမားက မီဒီယာအလုပ်ဖြစ်တဲ့ သတင်းဦးရဖို့ သတင်းထူးရဖို့ သတင်းကိုနှိုက်ထုတ်ဖို့ဆိုတာ သူတို့ရဲ့အလုပ်ပါ။ သူတို့ကို အပြစ်သွားပြောလို့မရပါဘူး။ သူတို့အလုပ် သူတို့လုပ်မှာပဲ။ ကိုယ်က မီဒီယာအကြောင်းကို လေ့လာထားရပါမယ်။ သိထားရပါမယ်။

အစ်မဖေဖေတို့ ခေတ်ကလည်း မီဒီယာဆိုတာ ရှိခဲ့တာပါပဲ။ အစ်မဖေဖေဆို သတင်းထောက်ကြီး ဦးပုကလေးနဲ့ ရင်းနှီးခဲ့ပါတယ်။ အစ်မဖေဖေ အထက်မြန်မာပြည် စည်းရုံးရေးခရီးသွားစဉ်တုန်းကဆိုရင် ဦးပုကလေးကို အိမ်မှာ ညအိပ်ခိုင်းပြီး ခေါ်သွားခဲ့တာပါ။ (၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့နံနက်၊ အထက်မြန်မာပြည်ခရီးစဉ်) သွားဖို့အတွက် သတင်းထောက် ဦးပုကလေးပါ အတူလိုက်ပါရမယ်လို့ အစ်မဖေဖေက ပြောတဲ့အခါ အစ်မ ဖေဖေရဲ့ အပါးတော်မြဲ ဗိုလ်ထွန်းလှက စီစဉ်ရပါတယ်။ နိုဝင်ဘာလ (၁၃)ရက်နေ့မှာ ဦးပုကလေးက အစ်မတို့နေတဲ့ တာဝါလိမ်းလမ်းက နေအိမ်ကိုလာပြီး ဗိုလ်ထွန်းလှနဲ့ တွေ့ဆုံ ပါတယ်။ ဗိုလ်ထွန်းလှက "ဗိုလ်ချုပ် နက်ဖြန်နံနက်စောစော (၄) နာရီခွဲမှာ ခရီးထွက်မှာဆိုတော့ ခင်ဗျား ဒီအိမ်မှာလာအိပ်မှဖြစ်မယ်" လို့ ညွှန်ကြားတဲ့အတွက် အဝတ်အစားနဲ့ အိပ်ရာအနည်းအကျဉ်းယူပြီး ညနေမှာ တာဝါလိမ်းက အစ်မတို့နေအိမ်သွားပါတယ်။ အစ်မဖေဖေက အပြင်သွားနေပါတယ်။ အစ်မဖေဖေရဲ့ ကိုယ်ရံတော် ဗိုလ်မင်းလွင်က ဦးပုကလေးကို ဧည့်ခံ စကားပြောနေပါတယ်။ အစ်မဖေဖေက ည (၈)နာရီလောက်မှ ပြန်လာတဲ့အခါ ဦးပုကလေး ရောက်နေပြီပဲဆိုပြီး နှုတ်ဆက်စကားပြောဆိုပါတယ်။

နံနက် ၄ နာရီကျော်လောက် အားလုံးအိပ်မောကျနေချိန်မှာ အစ်မဖေဖေက လက်ခုပ်တီးပြီး "ဟေ့ ... ဗိုလ်ထွန်းလှ၊ ထ ... ထ" လို့ နှိုးသံကြားတော့မှ ဗိုလ်ထွန်းလှနဲ့ ဦးပုကလေး အမြန်အဆန်ထပြီး ကားပေါ်ပစ္စည်းတွေတင်ပြီး အစ်မဖေဖေဆင်းအလာကို စောင့်နေကြပါတယ်။ အစ်မမေမေက လိုက်ပါမယ့်သူအားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်တိုက်ပါတယ်။ အစ်မဖေဖေက (၅) နာရီတီတီမှာ ထွက်ချင်ပေမဲ့ ၅ နာရီခွဲမှ ကားကစထွက်တော့ သိပ် မကျေနပ်ချင်ပါဘူး (အချိန်အတိကျသမား)။ ကားက ၆ ယောက်စီးလို့ရပါတယ်။ အရှေ့မှာက ကိုယ်ရံတော်ဗိုလ်မင်းလွင်နဲ့ ကားဒရိုင်ဘာတို့က ထိုင်ပြီး အလယ်မှာက အစ်မဖေဖေနဲ့ အပါးတော်မြဲ ဗိုလ်ထွန်းလှတို့က ထိုင်ပါတယ်။ နောက်ဆုံးတန်းမှာတော့ ဦးပုကလေးနဲ့ ရဲဘော် ကျော်စိန် (အစ်မတို့မောင်နှမတွေခေါ်တဲ့ အော်စိန်) တို့ ထိုင်ကြပါတယ်။ ကားမောင်းတဲ့ ဒရိုင်ဘာက ယခင်ဘုရင်ခံချုပ်ကားကို မောင်းတဲ့ ဒရိုင်ဘာဟောင်း ကိုခင်မောင်ဖြစ်ပါတယ်။ ကားမောင်းကျွမ်းကျင်ပြီး လိမ္မာ စိတ်ချရသူဖြစ်ပါတယ်လို့ သတင်းစာဆရာဦးပုကလေးရေးတဲ့ 'ငါတို့ဗိုလ်ချုပ် ဘာတွေ လုပ်ခဲ့သလဲ' စာအုပ်မှာ ရေးသားထားတာကို ဖတ်ရှုရပါတယ် အစ်မ။

ကျွန်တော်အမြဲပြောတတ်တဲ့ စကားလေးတစ်ခွန်းရှိခဲ့ပါတယ်။ "ငါ့အစ်မနဲ့ မီဒီယာသမားတွေ့ရင်၊ မေးရင် ဘယ်တော့မှ တုံ့ဆိုင်းမနေတတ်ဘူး။ ကြောင်အမ်းအမ်း ဖြစ်မသွားဘူး။ ချက်ချင်းပဲ ဒက်ခနဲ၊ ဒက်ခနဲနဲ့ ပြန်ပြောတတ်တယ်ကွ" လို့ ပြောတဲ့စကားပါ။ အစွန်းရောက်တဲ့ မေးခွန်းမျိုး၊ အစ်အောက်ပြီးမေးတာမျိုးဆိုရင်လည်း ချက်ချင်းပဲ ကောက်ခါငင်ခါနဲ့ကို တုံ့ပြန်ပြောဆိုတတ်တာက မီဒီယာအပေါ်မှာ အစ်မရဲ့ ကျွမ်းကျင်မှု ပါပဲ အစ်မ။ နိုင်ငံရေးသမားတွေကိုလည်း အစ်မလိုမျိုး ပြောတတ်စေချင်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီဆိုတာကို လွတ်လပ်ခါစအချိန်လေးကပဲ ရခဲ့သေးတာပါ။ ဒီမိုကရေစီအပြည့်အဝ မရသေးပါဘူး။ မီဒီယာလွတ်လပ်ခွင့်ဆိုတာ ကလည်း စာပေစိစစ်ရေးခေတ်ကုန်ဆုံးချိန် ၂၀၁၂ ခုနှစ်ကစပြီး မီဒီယာလွတ်လပ်ခွင့် လေးရခဲ့တာပါ။ မီဒီယာသမားစစ်စစ်တွေကတော့ စည်းနဲ့ကမ်းနဲ့ မီဒီယာတာဝန်တွေ ထမ်းဆောင်နေတာကို တွေ့ရှိရပါတယ်။ တချို့ကျတော့လည်း မီဒီယာလောက ပျက်စီး စေမယ့်လုပ်ရပ်တွေနဲ့ ပြုမူရေးသားကြတာကို တွေ့ရှိရပါတယ် အစ်မ။

ဘာပဲဖြစ်ဖြစ် နိုင်ငံရေးသမားတိုင်းဟာ မီဒီယာနဲ့ကင်းလို့မဖြစ်တဲ့အတွက် မီဒီယာရဲ့သဘောကို နားလည်ထားရပါမယ်။ တချို့ဆိုရင် နိုင်ငံရေးလုပ်စားဖို့အတွက် နိုင်ငံရေးပါတီတွေထဲဝင်ရောက်ပြီး မီဒီယာကနေ ဖော်ပြနိုင်အောင် တစ်ကိုယ်ရည်အစွမ်းပြမှုတွေ၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေကို ဝေဖန်ပုတ်ခတ်ပြောဆိုတာတွေလုပ်ပြီး မီဒီယာကနေ ကျော်ကြားအောင် လုပ်လာတာတွေလည်း တွေ့ရှိရပါတယ် အစ်မ။

■

www.burmeseclassic.com

www.burmeseclassic.com

## ကျွပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၄)

အစ်မရေ …

ဒီနှစ်ကတော့ နက္ခတ်နဲ့ ဗေဒင်ပညာရပ်တွေအတွက် ထူးခြားတဲ့နှစ်တစ်နှစ်လို့ ပြောလို့ရပါတယ် အစ်မ။ နက္ခတ်ပညာရှင်တွေ၊ ဝေဒပညာရှင်တွေရဲ့ဆိုစကားတွေ၊ တွက်ချက်ဟောပြောတာတွေက လွတ်လပ်ပွင့်လင်းစွာ ရှိလာပါတယ် အစ်မ။ ဒီမိုကရေစီ ခေတ်ဖော်ဆောင်မယ်ဆိုတော့ ဥပဒေအရမဟုတ်ဘဲ ပိတ်ပင်တားမြစ်ထားတာတွေကို ခွင့်ပြုချက်ပေးရမှာဖြစ်သလို နက္ခတ်ပညာရှင်တွေ ဝေဒပညာရှင်တွေကလည်း မိမိ ကျွမ်းကျင်တဲ့ပညာရပ်တွေနဲ့ တွက်ချက်ပြီး လွတ်လပ်စွာပြောလာခဲ့ကြပါတယ်။

ကျွန်တော်တို့ပြည်သူတွေဆိုတာကလည်း တိုင်းရေးပြည်ရေးအခြေအနေတွေကို အမြဲတမ်း နားစွင့်တဲ့အလေ့ကလည်း ရှိပါတယ်အစ်မ။ ပညာရှင်တွေ လွတ်လပ်စွာ ဟောပြောမှ သိကြရတာပါ။ ရိုးရာယဉ်ကျေးမှုအရကလည်း နက္ခတ်၊ ဗေဒင်ကိန်းခန်းဆိုတာတွေက ရှိခဲ့ပါတယ်။ ယတြာဆိုတာလည်းရှိခဲ့တော့ အားလုံးက စိတ်ဝင်တစားနဲ့ လေ့လာနေခဲ့ကြပါတယ်။ ဘယ်လ၊ ဘယ်ရက်မှာ ဂြိုလ်တွေပူးမယ်။ ဘယ်လ၊ ဘယ်ရက်မှာ ဂြိုဟ်တွေ တစ်တန်းတည်း ကျရောက်မယ်။ အဲဒီအခါကျ၊ မင်းအစိုးရတိုင်းပြည်အခြေအနေတွေမှာ ဘာတွေဖြစ်ပေါ်လာနိုင်တယ်။ ဘာတွေဖြစ်လာလိမ့်မယ်လို့ တွက်ချက်ဟောပြောတဲ့အတွက် သိခွင့်ရခဲ့ကြပါတယ်။ ‘ဘာတွေများ’ ဖြစ်ပေါ်လာမလဲဆိုတာကိုလည်း စိတ်ဝင်တစားရှိနေခဲ့ကြပါတယ်။

အခုနှစ် ဇွန်၊ ဇူလိုင်လတွေမှာ အင်္ဂါဂြိုဟ်နဲ့ စနေဂြိုဟ်ပူးမယ်။ စစ်ခင်းကြမယ်။ ဂြိုဟ်တွေလည်း တစ်တန်းတည်းကျရောက်တာဖြစ်ပေါ်မယ် အဲဒီအခါကျ ဘာတွေဖြစ်ပေါ်လာနိုင်

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ဟောပြောထားတော့ ပြည်သူတွေကလည်း ဘာများဖြစ်လာမလဲဆိုပြီး စောင့်ကြည့် လေ့လာခဲ့ကြပါတယ်။ အစ်မကိုလည်း ပြောပြချင်ပါတယ်။ တိုင်းရေးပြည်ရာဆောင်ရွက်နေသူ တွေဟာ တိုင်းရေးပြည်ရေးကိစ္စမှန်သမျှကို သိထားဖို့တော့လိုပါတယ် အစ်မ။

နောက်ထူးခြားဖြစ်စဉ်တွေကတော့ တနလ်ာနံတွေချည်း ဆက်တိုက်ဖြစ်ပေါ်ခဲ့ တာပါအစ်မ။ ခေါင်းလောင်းကိစ္စ၊ ခရောင်း(သရဖူ) ကိစ္စတွေပါ။ ဩဂုတ်လကစပြီး ဖြစ်ပေါ်ခဲ့တာပါ။ ဂြိုဟ်တွေပူးပြီးနောက်ပိုင်း ပထမဦးဆုံးဖြစ်ပေါ်ခဲ့တာပါ။

လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀ ကျော်က မြစ်ကြမ်းပြင်အောက်ကို နစ်မြုပ်သွားခဲ့တဲ့ ခေါင်းလောင်းတစ်ခုဟာ အခုဆိုရင် မြေကြီးအောက်ပေများစွာအနက်မှာ ရောက်ရှိနေပါတယ်။ အဲဒီခေါင်းလောင်းကို လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်ကျော်ကာလတစ်လျှောက် အကြိမ်များစွာ ဆယ်ဖို့ ကြိုးစားခဲ့ကြပါတယ်။ နိုင်ငံခြားက ပညာရှင်တွေလာရောက်ပြီးလည်း ခေတ်မီ နည်းစနစ်တွေနဲ့ ပစ္စည်းကိရိယာတွေနဲ့ ရှာဖွေပေမဲ့လည်း မအောင်မြင်ခဲ့ပါဘူး။ ရှာဖွေခဲ့ကြသူတွေဟာလည်း မကြာခင်မှာ အကြောင်းအမျိုးမျိုးနဲ့ ကွယ်လွန်သွားကြ တာကို လေ့လာသိရှိပါတယ်။ ဆယ်တဲ့အလုပ်ကို နည်းလမ်းမျိုးစုံနဲ့ လုပ်နေကြတာ ကိုလည်း သတိထားမိပါတယ်။ (ခေါင်းလောင်းဆယ်တိုင်းတော့ သတိထားရပါမယ် အစ်မ)

ဒီနှစ်လည်း ခေါင်းလောင်းဆယ်ဖို့ လုပ်လာပါတယ်။ ရှာဖွေမှု ၁၇ ရက်အကြာ ၂၆ ရက်နေ့မှာတွေ့မယ်လို့ သေသေချာချာ အပိုင်ပြောပြီး သတင်းစာရှင်းလင်းပွဲမှာ ထုတ်ဖော်ပြောဆိုပါတယ်။ (ဂဏန်းတွေပေါင်းလိုက်ရင် (ရှစ်) ဂဏန်းကျနေပါတယ်) စိတ်ဝင်စားတဲ့သူ၊ စည်းရုံးထားတဲ့သူတွေကလည်း သာကေတ၊ ရှခင်းသာ၊ ဘိုလိန်အားကစားကွင်းဟောင်း ကမ်းစပ်မှာ ရောက်ရှိနေရာယူပြီး မမြင်ရသေးတဲ့ခေါင်းလောင်းကို ရှိခိုးပူဇော်သူက သပြေပန်း၊ စံပယ်ပန်းတွေနဲ့ ပူဇော်နေပုံတွေတွေ့ရှိရပါတယ်။ ခေါင်းလောင်းဆိုတာ တီးခတ်ရတဲ့၊ ထိုးခတ်ရတဲ့အရာပါ။ ရှိခိုးပူဇော်ရတဲ့အရာ မဟုတ်ပါဘူး။ ဘုရားစေတီတိုင်းရဲ့ အတွင်းဝတ္တကမြေပေါ်မှာ ရှိခိုးဆုတောင်းပြီးရင် တီးခတ်ဖို့၊ ထိုးခတ်ဖို့ ခေါင်းလောင်းတွေထားရှိပေးထားတာပါ။ ဗုဒ္ဓဘာသာဝင်တွေရဲ့ ဓလေ့ထုံးစံတစ်ခုပါ။ ခေါင်းလောင်းကို ရှိခိုးပူဇော်တာ တစ်ခါဘူးမှ မတွေ့သေးပါ။ ယခု ပထမဦးဆုံးတွေ့ရခြင်းပါ အစ်မ။ ခေါင်းလောင်းနဲ့ပတ်သက်ပြီး အိပ်မက်ကလည်း မက်ပေးရပါသေးတယ် ပိုပြီး ပွဲစည်သွားတာပေါ့ အစ်မရယ်။

www.burmeseclassic.com

www.burmeseclassic.com



လှေသမ္ဗန်သမားလေးတွေ တွက်ခြေကိုက်တဲ့ကာလတစ်ခုလို့တောင် ပြောလို့ရပါတယ်။ ဈေးရောင်းသူတွေလည်း တွက်ခြေကိုက်၊ စပယ်ပန်း၊ သပြေပန်းရောင်းတဲ့ပန်းသည်တွေလည်း တွက်ခြေကိုက်ဖြစ်ကုန်ကြပါတယ်။ (တစ်လကျော်ကျော်လောက် လူတွေရဲ့စိတ်ထဲမှာ ခေါင်းလောင်းဆီ အာရုံရောက်ခဲ့ကြပါတယ်။) စတုဒိသာလာကျွေးတဲ့သူတွေကြောင့် ဝမ်းလည်းဝခဲ့ကြပါတယ်။

ဩဂုတ်လ (၂၆) ရက်နေ့မှာတော့ ကြိုတင်ကြေညာထားတဲ့ရက်အတိုင်း ခေါင်းလောင်း တွေ့ပြီလို့ ကြေညာပါတယ်။ ဒါပေမဲ့ ခေါင်းလောင်းဆယ်ဖို့ ကြိုးမရှိသေးလို့ ကြိုးသွားဝယ်တာ စောင့်ရဦးမယ်လို့ ပြောပါတယ်။ (ကြိုးဆိုတာကလည်း တနလာ်နံပါ) ကြိုးထဲမှာ အကောင်းဆုံးက မနီလာကြိုးပါ အစ်မ။ ဖိလစ်ပိုင်အထိတောင် သွားဝယ်ရလို့လားမသိဘူး။ နည်းနည်းတော့ ကြာလိမ့်မယ်တဲ့။ ရေအောက်မှာဆယ်ကြတဲ့ ရေငုပ်သမားတွေကလည်း ကော့သောင်းက ရေငုပ်သမားတွေပါ (ကော့သောင်းဆိုတာကလည်း တနလာ်နံပါ)

ဩဂုတ်လ (၂၆) ရက်နေ့မှာ ခေါင်းလောင်းတွေ့ပြီလို့ ပြောဆိုကြေညာပေမဲ့ ရေအောက်မှာ လက်တွေ့ဆင်းရတဲ့ နေရပ်ပြန်သွားတဲ့ ရေငုပ်သမားတွေကိုယ်တိုင်က သဘော်ပျက်တစ်စီးတွေ့တာကလွဲလို့ ဘာခေါင်းလောင်းမှ မတွေ့ပါဘူးလို့ သတင်းဌာနတွေကို ပြောဆိုတဲ့၊ တွေ့ဆုံမေးမြန်းတဲ့သတင်းလည်းပါလာရော ခေါင်းလောင်းဆယ်ယူတဲ့ မှူးတွဲခေါင်းဆောင်က စက်တင်ဘာ (၂၆)ရက်မှာ သတင်းစာရှင်းလင်းပွဲလုပ်တော့ ခေါင်းလောင်းမတွေ့သေးဘူးဆိုတာ အဖြစ်မှန်ပေါ်လာပါတယ်။ အဆိုပါခေါင်းလောင်းရှာဖွေတဲ့အဖွဲ့ ဒုတိယခေါင်းဆောင်က သူကိုယ်တိုင်ဦးစီးပြီး ခေါင်းလောင်းကိုထပ်ရှာမယ်။ သိန်း (၁၀၀၀) မတည်မယ်။ (၆၂) ရက်နဲ့ အပြီးဆယ်ယူသွားမယ်လို့ ထပ်မံပြောဆိုဖြစ်ပါတယ် အစ်မ (ဘာ ကြိုဟ်တွေ ဘယ်လိုပူးဦးမလဲတော့ မသိပါဘူး အစ်မ) ရှစ်ဂဏန်းကျတဲ့ရက်တွေပါပဲ။

နောက်ဖြစ်ရပ်တစ်ခုက ဩဂုတ်လ (၂၆)ရက်နေ့မတိုင်ခင် သုံးလေးရက်လောက်မှာ မြန်မာနိုင်ငံရဲ့ အမြင့်ဆုံးတောင်ဖြစ်တဲ့ ခါကာဘိုရာဇီတောင် (သူကလည်း တနလာ်နံပါ) ကို သဘာဝခေါ်သံတောင်တက်အဖွဲ့က မကြာခင်မှာ တက်ရောက်မယ့်အစီ အစဉ် ပြောဆိုတာ ဂျာနယ်တွေထဲမှာ ဖတ်ရှုရပါတယ်။ ကျွန်တော်လေ့လာမိသလောက် မြန်မာနိုင်ငံရဲ့တောင်တက် အစီအစဉ်တွေက နွေရာသီ မတ်၊ ဧပြီ၊ မေလတွေထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်လေ့ရှိတာကို သတိထားမိခဲ့ပါတယ်။ မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက် အသင်းတက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်းဆိုတာတွေက တက်ရောက်ကြ လေ့ရှိကြပါတယ်။

ဩဂုတ်လ၊ စက်တင်ဘာလတွေဟာ မိုးတွင်းကာလပါ။ မိုးတွင်းကာလ တောင်တက်တာ ကျွန်တော်တော့ မကြားခဲ့ဖူးပါ။ ဗဟုသုတအဖြစ် မှတ်သားရပါမယ်။ (၂၈) ရက်၊ (၂၉) ရက်လောက်မှာ တောင်တက်အဖွဲ့ဝင်နှစ်ဦးဟာ ခါကာဘိုရာဇီ တောင်ပေါ်ကို တက်ရောက်နိုင်ခဲ့ပြီး နိုင်ငံတော်အလံကို လွှင့်ထူနိုင်ခဲ့ကြောင်း ကြေညာ ခဲ့ကြပါတယ်။

စက်တင်ဘာလဆန်းရောက်တော့ ခါကာဘိုရာဇီတောင်ပေါ်ကို တက်ရောက်ခဲ့ကြတဲ့ တောင်တက်သမား (၂)ဦးနဲ့ ဩဂုတ်လ (၃၁)ရက်နေ့ကစပြီး အဆက်အသွယ်ပြတ်သွားကြောင်း တောင်တက်သမား (၂)ဦးကို ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေ ဖွဲ့စည်းပြီး ရှာဖွေရေးတွေလုပ်ကြ ပါတယ်။ တရုတ်၊ ဂျပန်၊ အီတလီတောင်တက်ကျွမ်းကျင်ပြီး ရှာဖွေကယ်ဆယ်မယ့် အဖွဲ့တွေလည်း ရောက်ရှိလာပါတယ်။ တရုတ်ပြည်ဘက်အခြမ်းက တောင်တက် အဖွဲ့ကလည်း ရှာဖွေပေးပါတယ်။ ရှာဖွေပေးနေစဉ်မှာပဲ ရှာဖွေတဲ့အဖွဲ့တွေဆီကို ရိက္ခာတွေပို့တဲ့ ထိုင်းရဟတ်ယာဉ်တစ်စင်း ပျောက်ဆုံးသွားလို့ ရဟတ်ယာဉ်ရှာဖွေတဲ့ အလုပ်က အဓိကအလုပ်ဖြစ်သွားရပြန်ပါတယ်။ ရဟတ်ယာဉ်ထဲမှာ ထိုင်းရဟတ်ယာဉ်မှူး နဲ့ မြန်မာရဟတ်ယာဉ်မှူး (၂)ဦးပါရှိပြီး လမ်းပြတစ်ဦးက ဒေသခံဖြစ်ပါတယ် (တောင်ပေါ် ရှာဖွေမှု ရပ်ဆိုင်းပစ်လိုက်ပါတယ်။)

အောက်တိုဘာလ (၇) ရက်နေ့မှာ ဒေသခံလမ်းပြဟာ ရွာတစ်ရွာထဲကိုရောက်လာ လို့ ပြန်တွေ့ရပါတယ်။ နောက်နေ့ အောက်တိုဘာလ (၈) ရက်နေ့မှာတော့ ထိုင်းရဟတ်ယာဉ် မှူးကို ရှာဖွေတွေ့ရှိပါတယ်။ အောက်တိုဘာလ (၇) ရက်နေ့ ညနေမှာတော့ မြန်မာရဟတ် ယာဉ်မှူးကို ရှာဖွေတွေ့ရှိပေမဲ့ ဝမ်းနည်းစရာကောင်းစွာ အသက်ဆုံးပါးခဲ့တဲ့သတင်း ကြား ရပါတယ်။ ခါကာဘိုရာဇီတောင်ဖြစ်စဉ်မှာ တောင်တက်သမား(၂)ဦး ပျောက်ဆုံးခဲ့ပြီး ရဟတ်ယာဉ်ဖြစ်စဉ်မှာ ရဟတ်ယာဉ်ပေါ်ပါသွားတဲ့သူထဲက (၁)ဦးသေပြီး (၂) ဦးအသက်ရှင်လျက် ပြန်တွေ့ပါတယ်။ (၂)ဂဏန်းဆိုတာကလည်း (တနလ်ာနံပါ)

အနက်ဆုံးဖြစ်တဲ့ မြစ်ကြမ်းပြင်အောက်မှာ ရှာဖွေဆယ်ယူတဲ့အလုပ်ရယ်၊ အမြင့်ဆုံးဖြစ်တဲ့တောင်ပေါ်မှာ ရှာဖွေကယ်ဆယ်တဲ့အလုပ်၊ မြေပြင်မှာ ရဟတ်ယာဉ်

www.burmeseclassic.com

www.burmeseclassic.com



ပျက်ပေါ်ပါသွားတဲ့ သူတွေကို ရှာဖွေကယ်ဆယ်ရတာတွေက အမှတ်တရတွေပါပဲ အစ်မ။

အဲဒီကာလတွေအချိန်မှာပဲ ခရောင်း (သရဖူ) ဖြစ်စဉ်လေးတွေကလည်း ဟိုးလေးတကျော်ပါပဲ အစ်မ (ခရောင်းဆိုတာကလည်း တနလ်ာနံပါ) ကြားဖူးတာက မယ်စကြဝဠာနဲ့ မယ်ကမ္ဘာရွေးပွဲပါ။

မစ္စတာမြန်မာရော။ မစ္စမြန်မာရော မသွားခင်ကတည်းက အွန်လိုင်း Vote မှာတော့ ထိပ်ဆုံးကချည်းပါပဲ။ ကျွန်တော်တို့မြန်မာတွေက စကြဝဠာတို့၊ ကမ္ဘာတို့၊ နိုင်ငံတကာတို့ ဆိုတာတွေကို အခုမှစပြီး အတွေ့အကြုံရှာကြတဲ့အဆင့်ပါ။ ချက်ချင်း ကြီးတော့ ဘယ်လိုရနိုင်ဦးမှာလဲ။ တဖြည်းဖြည်းချင်း ကြိုးစားရင် အောင်မြင်မှုဆိုတာ ရလာနိုင်မှာပေါ့။ မရတာနဲ့ဘဲ ဟိုအပြစ်တင်၊ ဒီအပြစ်ပြော၊ နေမကောင်းလို့၊ ဖျားနေလို့ ပါဆိုတာတွေက ယှဉ်ပြိုင်နိုင်တယ်ဆိုတဲ့ စိတ်ဓာတ်တွေကို လျော့ကျစေပါတယ်။ (မစ္စမြန်မာတွေ တစ်ယောက်ပြီးတစ်ယောက် ချောချောမွေ့မွေ့နဲ့ ပြန်လာရတာဆိုလို့ နန်းခင်ဇေယျာလေးတစ်ယောက်ပဲ မြင်မိပါတယ်။)

အခုနောက်ဆုံးဖြစ်ရပ်ကတော့ ကမ္ဘာတောင်ကျော်သွားပါပြီ အစ်မ။ ထိုင်းနိုင်ငံ ခိုတောင်ကျွန်း အပန်းဖြေစခန်းမှာဖြစ်ပွားခဲ့တဲ့ ကိစ္စပါအစ်မ။ (ခိုတောင်ဆိုတာကလည်း တနလ်ာနံပါ အစ်မ) ဗြိတိန်နိုင်ငံသား (၂)ဦး သတ်ဖြတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး မြန်မာရွှေ့ပြောင်းအလုပ်သမား(၂)ဦး တရားခံဖြစ်နေတာဟာ မခိုင်လုံဘူး။ မြန်မာ(၂)ဦး ဝန်ခံတာဟာ ခြိမ်းခြောက်ခံရလို့ ဝန်ခံတာပါဆိုတဲ့ ဖြစ်ရပ်တွေကြောင့် မြန်မာသမ္မတကြီး ကိုယ်တိုင်က အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့ပြီး အမှန်အတိုင်းဖြစ်စေဖို့၊ နိုင်ငံသားနစ်ဦး မနစ်နာစေဖို့ နိုင်ငံတော်အဆင့်သတ်မှတ်ပြီး နှစ်နိုင်ငံခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးမှု မှာတောင် ထည့်သွင်းတောင်းဆိုရတဲ့အပြင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ ထိုင်းဒုတိယဝန်ကြီးချုပ်တို့ အောက်တိုဘာလ (၉) ရက်နေ့က တွေ့ဆုံစဉ်မှာ မြန်မာကာကွယ်ရေးဦးစီးချုပ် ပြောတဲ့စကားကလည်း သမိုင်းမှတ်တမ်းတင်ရမယ့် စကားပါ အစ်မ။

"အပြစ်ရှိသူကို အပြစ်မပေးမိတာထက် အပြစ်မရှိသူကို အပြစ်မပေးမိရန်" ဟူသော စကားအတိုင်း မြန်မာအလုပ်သမား (၂)ဦး တရားခံဖြစ်နေတာကို သေချာစွာ စိစစ်လုပ်ဆောင်ပေးစေလိုကြောင်း ပြောလိုက်တဲ့စကားပါ အစ်မ။ မြန်မာကာချုပ် တစ်ဦးရဲ့ ပြောစကားတစ်ခုကိုတော့ ကျွန်တော်တို့အနေနဲ့ လေးစားစွာနဲ့ မှတ်တမ်းတင်

www.burmeseclassic.com

www.burmeseclassic.com



ထားရပါမယ်အစ်မ။ မလေးရှားနိုင်ငံမှာ ဖမ်းဆီးခံရ၊ သတ်ဖြတ်ခံရတဲ့ မြန်မာတွေ၊ စင်ကာပူနိုင်ငံမှာအိပ်ဖော်လုပ်ရင်း နှိပ်စက်ညှဥ်းပန်းခံရတဲ့ မြန်မာမိန်းကလေးတွေ ခံစားနေရ၊ ခံစားသွားရတဲ့ဘဝတွေ၊ ခံစားနေရသူတွေဟာ ဒီစကားနဲ့ အကျုံးဝင်ပါတယ် အစ်မ။

အစ်မရေ အဲဒီလို မှတ်မှတ်ရရရှိစေတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေနဲ့ သတိပြုမိတဲ့ဗေဒင်ကိန်းခန်းယတြာတွေကို နားလည်တဲ့ ဝေဒပညာရှင်၊ နက္ခတ်ပညာရှင်တွေ တွက်ချက်ဟောပြောမှုတွေကို လေ့လာရင်း (၂၀၁၅) ကိုတော့ဖြင့် စိတ်ဝင်တစားစောင့်ကြည့်လေ့လာသွားရပါတော့မယ် အစ်မ။

■

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၅)

အစ်မရေ ...

အခုတလော သစ်ပင်တွေခုတ်လွှန်းအားကြီးလို့ တောင်ကတုံးတွေဖြစ်ကျန်ခဲ့တာ၊ လွင်တီးခေါင်ဘဝတွေ ဖြစ်ကျန်ခဲ့တာတွေကို သတင်းစာ၊ ဂျာနယ်တွေမှာ ပုံနဲ့တကွ ဖော်ပြတာတွေ ဖတ်ရှုရပါတယ်။ တောင်ကတုံးတွေရဲ့ဘေးမှာ သစ်မခုတ်ရသေးတဲ့အတွက် သဘာဝအတိုင်း သစ်ပင်တွေနဲ့တည်ရှိနေတဲ့ တောင်ကုန်းပုံတွေကို ယှဉ်တွဲပြီးမြင်ရတော့ ရာသီဥတုဖောက်ပြန်မှုတွေဟာ လူသားတွေရဲ့ ပြုမူလုပ်ဆောင်ချက်တွေကြောင့် ဖြစ်ရတယ်ဆိုတာ အတည်ပြုလို့ရပါတယ် အစ်မ။

ဒါနဲ့ဆက်စပ်ပြီး ထူးခြားတဲ့သတင်းတစ်ခုကို အစ်မကိုပြောပြချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရာဇဝင်သမိုင်းမှာ မှတ်တမ်းတင်ရမယ့်သတင်းပါ။ ပြီးခဲ့တဲ့လက သတင်းစာတစ်စောင်မှာ ဆွစ်ဇာလန်နိုင်ငံမှ တင်သွင်းလာသော သစ်လုံးများဆိုပြီး ပုံနှင့်တကွဖော်ပြထားတာတွေ့ရတော့ ကျွန်တော့်မှာ တအံ့တဩနဲ့ မျက်လုံးကို သေသေချာချာပွတ်သပ်ပြီး ကြည့်ရပါတယ်။ ပုံအတွင်းမှာ ဓာတ်ပုံ–မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဆိုတဲ့ စာသားပါတော့မှ ဟာ ... တကယ်ဟုတ်တာပဲဆိုပြီး ယုံရပါတယ်။

အစ်မရယ် ကျွန်တော်တို့နိုင်ငံက တစ်သက်လုံးပြည်ပကို နိုင်ငံတကာကို သစ်တင်ပို့တဲ့နိုင်ငံပါ အစ်မ။ မြန်မာရှင်ဘုရင်တွေခေတ် (ကုန်းဘောင်ခေတ်ကတည်းက) ဘုံဘေဘားမား သစ်ကုမ္ပဏီဆိုပြီး ထင်ရှားခဲ့တာပါ။ ခေတ်အဆက်ဆက်လည်း သစ်တင်ပို့ခဲ့တာပါ အစ်မ။ သစ်အလုံးလိုက်တင်ပို့မှုကို ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထားတင်ပို့ရမယ်လို့ ဥပဒေနဲ့ပြဋ္ဌာန်းလိုက်တော့မှသာ ရပ်ဆိုင်းသွားပါတယ်။ ဒါပေမဲ့ စာချုပ်အတိုင်း တင်ပို့လို့မရသေးတာတွေကတော့ ဆက်လက်တင်ပို့ခွင့် ရနေပါသေးတယ်။ နေ့စဉ်ကားအစီးရေ ရာကျော်နဲ့ တရားမဝင်သစ်ခိုးထုတ်တင်ပို့မှုတွေက ကျွန်တော်တို့ရဲ့

www.burmeseclassic.com



ဆွေမျိုးပေါက်ဖော်ဆီကို သွားလျက်ပါပဲ အစ်မ။

နိုင်ငံခြားကသစ်လုံးတွေ မြန်မာပြည်ထဲ တင်သွင်းလာတယ်လို့ ပြောတာ ဘယ်သူမှမယုံပါဘူးအစ်မ။ ဓာတ်ပုံနဲ့တကွပြတော့မှ အံ့သြပြီး ယုံကြပါတယ်။ ဘဘဦးတင်ဦးနဲ့ ကျွန်တော်က တွေ့ရင် သတင်းထူးဆို ပြောပြနေကျပါ။ ဘဘနဲ့ ဟိုနေ့က တွေ့တော့ မင်းဆီက သတင်းထူးကြားရတယ်။ 'ဘာထူးလဲကွ' လို့ မေးပါတယ်။ ကျွန်တော်က "ပြည်ပကသစ်တွေ မြန်မာနိုင်ငံကို တင်သွင်းနေပြီ ဘဘလို့" ပြောပြတော့ "မင်းကလည်းကွာ ငါအသက် ၈၀ ကျော်ပါပြီ ကာကွယ်ရေးဦးစီးချုပ်လည်း လုပ်လာတာပါ။ မဖြစ်နိုင်တဲ့ဟာကြီး မင်းပြောတာပဲ" လို့ပြောတာနဲ့ ပုံနဲ့တကွပြတော့မှ ဘဘလည်း ယုံသွားပါတယ်။ အစ်မရေ အဖြစ်ကတော့ မနှစ်ကနဲ့မတူပါဘူး။ မတူတော့ဘူး။

သစ်ကုန်ကြမ်းရှားပါးလာမှုပြဿနာကို ဖြေရှင်းဖို့ ဆွစ်ဇာလန်နိုင်ငံကနေ သစ်ကုန်ကြမ်း တန်ချိန် ၂၀ တင်သွင်းလာတဲ့အခါ အခွန်နှုန်းထားကြီးမြင့်နေသည့်အတွက် လျှော့ချပေးဖို့ ပြည်တွင်းသစ်လုပ်ငန်းရှင်ကြီးများက ပြောကြားပါတယ်။

ပြည်တွင်းသစ်အချောထည် လုပ်ငန်းများ၏ သစ်ကုန်ကြမ်းလိုအပ်ချက်ကို အစိုးရက လုံလောက်စွာထောက်ပံ့နိုင်မှုမရှိသည့်အတွက် သစ်လုပ်ငန်းရှင်များက ပြည်ပမှ သစ်များကို မိမိတို့အစီအစဉ်ဖြင့် တင်သွင်းသော်လည်း သွင်းကုန်ပေါ်တွင်သတ်မှတ်ထားသော အခွန်နှုန်း (အကောက်ခွန်နှင့်သွင်းကုန်၊ နှစ်ရပ်ပေါင်း ၂၅ ရာခိုင်နှုန်းပေးသွင်းရ) ကြောင့် ဈေးကွက် ယှဉ်ပြိုင်မှုများ အခက်အခဲတွေဖြစ်နေရကြောင်း သစ်လုပ်ငန်းရှင်များက ပြောကြားကြပါတယ်။

အိမ်နီးချင်းနိုင်ငံတွေမှာက သစ်ကုန်ကြမ်းအတွက် အခွန်အမြင့်ဆုံးက ၃ ရာခိုင်နှုန်းသာ ကောက်ခံတဲ့အတွက် သစ်အချောထည်ရောင်းချမှု ၎င်းနိုင်ငံတွေကသာ အသာစီးရရှိနေကြောင်း ပြည်တွင်းသစ်လုပ်ငန်းရှင်များက ပြောဆိုကြပါတယ်။

လက်ရှိမြန်မာနိုင်ငံရဲ့ သစ်ကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် အဆက်အသွယ်တွေရှာပြီး ပြည်ပကနေ သစ်ကုန်ကြမ်းတွေတင်သွင်းလိုကြပေမဲ့ အခွန်နှုန်းက များပြားနေတာကြောင့် အခွန်နှုန်းလျှော့ချစေချင်တဲ့ သဘောပါ အစ်မ။

အစ်မရေ ကျွန်တော်တို့နိုင်ငံမှာ မြန်မာရှင်ဘုရင်များလက်ထက် အောက်မြန်မာနိုင်ငံ ကိုလိုနီလက်အောက်ကျရောက်စဉ်က 'ဘုံဘေဘားမား' သစ်ကုမ္ပဏီဆိုတာ နာမည်ကြီးခဲ့ပါတယ်။ သစ်တောဧရိယာပေါကြွယ်ဝတဲ့အတွက် သစ်တင်ပို့တဲ့နိုင်ငံရယ်လို့ ထင်ရှားခဲ့ပါတယ်။ သစ်လုပ်ငန်းကော်ပိုရေးရှင်း မြန်မာ့သစ်လုပ်ငန်း သစ်တောဝန်ကြီးဌာနရယ်လို့ သီးခြားရပ်တည်ခဲ့ကြပါတယ်။

ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ ပိတောက်၊ တမလန်းဆိုပြီး ထင်ရှားတဲ့သစ်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ထွက်ရှိခဲ့ပါတယ်။ ကျွန်းသစ်ကတော့ အဓိကသစ်အဖြစ် ထင်ရှားခဲ့ပါတယ်။

ဒါပေမဲ့ အစ်မရယ် လွန်ခဲ့တဲ့ ၂၆ နှစ်လောက်ကစပြီး သစ်ထုတ်ယူခွင့်ပါမစ်တွေက များသထက်များလာတော့ သစ်ခုတ်ယူမှုတွေကြောင့် သစ်တောဧရိယာတွေက ကျဉ်းမြောင်းလာခဲ့ပါတယ်။ သစ်ဝယ်လိုအားများလာတဲ့အတွက် သစ်ရှားပါးမှုကိုအခြေခံပြီး သစ်ဈေးနှုန်းတွေလည်း ကြီးမြင့်လာခဲ့ပါတယ်။ ၂၆ နှစ်မတိုင်ခင်က သစ်တစ်တန်ဈေးနှုန်းဟာ သောင်းဂဏန်းရှိခဲ့ပေမဲ့ နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ သိန်းဂဏန်း၊ သိန်းဆယ်ဂဏန်းအထိရောက်လာပြီး ၂၅ နှစ်နောက်ပိုင်းမှာ သိန်းနှစ်ဆယ်အထက်ရောက်ရှိလာတာကို တွေ့ရှိရပါတယ်။ သစ်ထုတ်ယူခွင့်ဧရိယာတွေကလည်း နည်းသထက်နည်းလာပါတယ်။

ပြည်ပကို သစ်တရားဝင်ပို့ကုန်ထက် တရားမဝင်ပို့ကုန်က ပိုများနေပါတယ်။ တရားမဝင်သစ်ထုတ်လုပ်မှုက ပိုများနေတော့ သစ်ရှားပါးမှုတွေဖြစ်ပေါ်လာတဲ့အခါ ခေတ်မီတဲ့အတွေးအခေါ်ရှိတဲ့ သစ်လုပ်ငန်းရှင်အချို့ဟာ သစ်ကုန်ကြမ်းအချို့ကို နိုင်ငံတကာကနေရှာဖွေပြီး တင်သွင်းလာကြတဲ့သဘောပါ အစ်မ။ သစ်အမျိုးအစားအမည်ကို မသိရပေမဲ့ မြန်မာနိုင်ငံကထွက်တဲ့ အင်၊ ကညင်တစ်မျိုးနဲ့ ယှဉ်နိုင်တဲ့သဘောရှိနေပါတယ်။ ဈေးနှုန်းကလည်း ဒီကသစ်ဈေးနှုန်းတွေထက်ပိုပြီး သက်သာတယ်လို့ ပြောဆိုပါတယ်။ လိုချင်တဲ့အချိန်မှာ လိုသလောက်မှာယူလို့ ရနိုင်ပါတယ်လို့ ပြောပါတယ်။

အခုလို ပြည်ပကနေ သစ်တင်သွင်းလာတာကို နမူနာယူပြီး တင်သွင်းလိုတဲ့ သစ်လုပ်ငန်းရှင်တွေကလည်း အဆက်အသွယ်ကောင်းတွေရှာပြီး တင်သွင်းလိုပေမဲ့ အခွန်နှုန်းထားက မြင့်မားနေတော့ အခက်အခဲကြုံတွေ့နေကြပါတယ်။ အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်တချို့က သစ်လုပ်ငန်းရှင်တွေကို ကူညီချင်ပေမဲ့ အရိုးစွဲနေတဲ့ ဗျူရိုကရေစီယန္တရားကြောင့် မခက်ခဲသင့်ဘဲ ခက်ခဲနေတာကို တွေ့ရပါတယ်။

ကျွန်တော့်သဘောအရကတော့ ပြည်ပက သစ်တင်သွင်းတာကို အားပေးသင့်ပါတယ်။ အခွန်နှုန်းထားလည်း လျှော့ချပေးသင့်ပါတယ်။ ကိုယ့်ဆီက သစ်တောတွေဆုံးရှုံးနေတာတွေ သက်သာရာရမယ်။ ကိုယ်တစ်ဦးတည်းဆိုတော့ ဈေးနှုန်းကကျဖို့မရှိဘူး တက်သထက် တက်နေမှာပဲ။ ယှဉ်ပြိုင်လာတော့ ဈေးနှုန်းကကျလာမှာပဲ။ ဆွစ်ဇာလန်သစ်နော်၊ အင်၊ ကညင်နဲ့ ယှဉ်ပြိုင်နိုင်တယ်။ ဈေးနှုန်းလည်းသက်သာတယ်။ နိုင်ငံခြားက လာတဲ့သစ်နဲ့ အိမ်ဆောက်ချင်သူတွေ၊ အချောထည်လုပ်ချင်သူတွေ ရှိလာမှာပဲ။ အဲဒါဆိုဒီက သစ်ဈေးနှုန်းကျ လာမှာအမှန်ပါပဲ။ ကိုယ့်ဆီက သစ်တောပြုန်းတီးမှုတွေနည်းလာမယ် သစ်တောဧရိယာတွေ ပြန်ပြီးကျယ်ပြန့်လာမယ်ဆိုရင် ဥတုရာသီလည်း မှန်လာမယ်။ အဲဒီလိုအတွေးမျိုးတွေထားပြီး ခွင့်ပြုချက်ပေးသင့်ပါတယ်။ အခွန်နှုန်းထားတွေလျှော့ချပေးသင့်ပါတယ်။

တန်ဖိုးနည်းအိမ်ရာ၊ တန်ဖိုးမျှတအိမ်ရာတွေမှာ တန်ဖိုးနည်းသစ်တွေနဲ့တွဲဖက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ပြလိုက်မယ်ဆိုရင် ဆင်းရဲမှုလျှော့ချရေးစီမံချက်ကို အထောက်အကူဖြစ်စေနိုင်ပါတယ်။ သစ်လုပ်ငန်းရှင်ကြီးများကလည်း ဆွစ်ဇာလန်သစ်နဲ့ဆောက်ထားတဲ့ တန်ဖိုးနည်းလုံးချင်းအိမ်ရာတို့ ဆွစ်ဇာလန်သစ်အချောထည်နဲ့ လုပ်ထားတဲ့ ပရိဘောဂပစ္စည်းတွေနဲ့ မြန်မာလူထုကို မိတ်ဆက်ပေးစေချင်ပါတယ်။ မြန်မာနိုင်ငံသားတွေက သမပိုင်းသစ်တောနဲ့ အကျွမ်းတဝင်မရှိသေးလို့ ပြောပြရခြင်းဖြစ်ပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

# ကျူပ်အစ်မ ဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၆)

## ဒေါ်အောင်ဆန်းစုကြည်အငေ

ကျူပ်အစ်မက နိုင်ငံရေးသမားဆိုပေမဲ့ သူ့ဖေဖေလိုပဲ ဂီတအနုပညာကို ခံစားနားလည်မှုတော့ အပြည့်ရှိတယ်ဗျ။ သူ့ဖေဖေနှစ်သက်ခဲ့တဲ့ နာမည်ကြီးအဆိုတော်ကြီး ဘိလပ်ပြန်သန်း(ခ) ဒိုရာသန်းဧ (ကြီးကြီးဒေါ်သန်းဧ) ဆိုတာက သူ့ရဲ့မွေးစားအဒေါ်လို့ သတ်မှတ်ပြီး အတူတူနေထိုင်ခဲ့တာပါ။ ခေါ်တာတောင် 'ကြီးကြီးဒေါ်သန်းဧ' လို့ ခေါ်ခဲ့တာပါ။ ဒါကြောင့်လည်း ဂီတအနုပညာကို ခံစားနားလည်ခဲ့တာလို့ ဆိုရမှာပါ။

ငယ်စဉ်ကတည်းက အိမ်ဧည့်ခန်းမှာ စန္ဒရားတစ်လုံးက ရှိနေခဲ့တာဆိုတော့ ဂီတကို နှစ်သက်မြတ်နိုးသူလို့ ခန့်မှန်းနိုင်ပါတယ်။ အစ်မဖေဖေဆိုလည်း သူတို့ခေတ်က ဂီတအဆိုတော်ကြီးတွေဖြစ်တဲ့ ပြည်လှဖေ၊ မေရှင်၊ ဘိလပ်ပြန်သန်း(ခ) ဒိုရာသန်းဧတို့ရဲ့ သီချင်းတွေကို မြတ်နိုးခဲ့တော့ အစ်မမေမေနဲ့ မင်္ဂလာဆောင်တဲ့အခါမှာ ဂုဏ်ပြုမင်္ဂလာ တေးသီချင်းကို ပြည်လှဖေနဲ့ မေရှင်တို့ သီဆိုထားတဲ့ 'သက်ဝေ' သီချင်းနဲ့ ဖျော်ဖြေပေးဖို့ စီစဉ်ခဲ့ကြတာပါ။ သီဆိုသူတွေကတော့ ဂျပန်ခေတ်ဆေးရုံအုပ်ကြီး ဒေါက်တာဘသန်းနဲ့ သမီးဖြစ်သူ သူနာပြုဆရာမကာစ်တီဘသန်း (ဒေါ်ခင်မေသန်း) တို့ပဲ ဖြစ်ပါတယ်။

လွတ်လပ်ရေးအတွက် ဆွေးနွေးဖို့ အစ်မဖေဖေ အင်္ဂလန်နိုင်ငံကိုသွားတော့ အင်္ဂလန်နိုင်ငံမှာရှိတဲ့၊ ရောက်နေကြတဲ့ မြန်မာတွေက မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဒေါ်ချက်စတာဟိုတယ်မှာ ညစာစားပွဲနဲ့ ဂုဏ်ပြုဧည့်ခံပါတယ်။ ဘီဘီစီအသံလွှင့်ဌာန မြန်မာပိုင်းအစီအစဉ်မှာ တာဝန်ထမ်းဆောင်နေတဲ့ မြန်မာနိုင်ငံက ထင်ရှားကျော်ကြားတဲ့ အဆိုတော်ကြီး ဘိလပ်ပြန်သန်း(ခ) ဒိုရာသန်းဧကလည်း အစ်မဖေဖေနှစ်သက်တဲ့ သီချင်းတွေနဲ့ ဖျော်ဖြေဧည့်ခံခဲ့ပါတယ်။ (အစ်မနဲ့ ကြီးကြီးဒေါ်သန်းဧဟာလည်း ဒီ သံယောဇဉ်တွေကြောင့်ပဲ အတူတူနေခဲ့ကြတာလို့ ခန့်မှန်းရပါတယ်)

www.burmeseclassic.com

www.burmeseclassic.com



အစ်မဟာ အစ်မဖေဖေနဲ့ ရုပ်ရည်ရော၊ စိတ်ဓာတ်ရောက ရာနှုန်းပြည့်နီးပါး တူညီနေတော့ ဂီတအနုပညာကို ခံစားတတ်ခြင်းကလည်း တူညီနေတာတွေ့ရှိရပါတယ်။

ဥပမာပြောရမယ်ဆိုရင် အစ်မခြံထဲမှာ တစ်ချိန်တုန်းက (၁၉၉၅–၉၆–၉၇–၉၈) ကာလတွေတုန်းက အထိမ်းအမှတ်အခမ်းအနားတွေ လုပ်ခဲ့ကြပါတယ်။ (လွတ်လပ်ရေးနေ့ ပြည်ထောင်စုနေ့၊ တော်လှန်ရေးနေ့၊ အာဇာနည်နေ့၊ အမျိုးသားအောင်ပွဲနေ့) အဲဒီ အခမ်းအနားတွေမှာ ဖျော်ဖြေရေးအစီအစဉ်တွေက အမြဲပါရပါတယ်။ သီချင်းတွေနဲ့ သီဆိုဖြည့်ခံတဲ့အခါ သံပြိုင်သီချင်းတွေဆိုရင် အစ်မက ကိုယ်တိုင်လိုက်ဆိုပါတယ်။ ဘေးနားမှာရှိတဲ့ အနားမှာရှိတဲ့ လူတွေကိုလည်းလိုက်ပြီး သီဆိုစေပါတယ်။ အစ်မ စိတ်ဓာတ်က လူများသီချင်းဆိုရင် သံပြိုင်လိုက်ဆိုတာမျိုး လက်ခုပ်တီးပေးတာမျိုးကို အားပေးတဲ့ စိတ်ဓာတ်ရှိသူပါ။ နာမည်ကြီး အဆိုတော်ကြီး ထူးအိမ်သင်ရဲ့ညီတွေဖြစ်တဲ့ အောင်အောင်နဲ့ ကိုစု (အစ်မအခေါ်–ကိုမောင်စု) တို့ရဲ့ တယောဂီတသံလေးက ငြိမ့်ညောင်းစွာနဲ့ ဖြည့်ခံနေတတ်ပါတယ်။ ဂီတဆိုတာ စိတ်ရဲ့အပန်းဖြေမှုတစ်ခုလို့ အစ်မက ခံယူထားလိုပုံရတယ်ဗျ။

ဒါတင် ဘယ်ကဦးမှာလဲ။ ပန်းချီဒီဇိုင်းအနုပညာကိုလည်း ကျုပ်အစ်မ နားလည်တယ်ဗျ။ ပြောပြမယ်နော်။ ကျုပ်အစ်မလည်း အာဏာရှင်စနစ်အောက်မှာ နေခဲ့ရတော့ သူနေတဲ့နေရာကို ပုံရိပ်တစ်ခုလိုမျိုး ဖန်တီးပြီး နေပြတတ်တဲ့လူစားမျိုးဗျ။ ၁၉၉၈ ခုနှစ်မှာ နှောင့်ယှက်မှုအမျိုးမျိုးနဲ့ စတင်ကြုံတွေ့ခဲ့ရပါတယ်။ ဘာမလုပ်ရ၊ ညာမလုပ်ရဆိုတဲ့ ပိတ်ပင်မှု အမျိုးမျိုးကိုလည်း ခံခဲ့ရပါတယ်။ ဒါကြောင့် ၁၉၉၉ ခုနှစ်ကစပြီး သူတည်ထောင်ခဲ့တဲ့ သူ့ပါတီရဲ့ အထိမ်းအမှတ်ပုံရိပ်သင်္ကေတတွေဖြစ်တဲ့ NLD အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အနီရောင်အောက်ခံမှာ အဖြူရောင်ကြယ်ပွင့်ရယ်၊ အဝါရောင်ခွပ်ဒေါင်းပုံပါတဲ့ အလံရယ်၊ အဲဒါတွေကို ခြံရှေ့မျက်နှာစာတစ်လျှောက် ဟိုဘက်ထိပ်ကနေ ဒီဘက်ထိပ်အထိ အလံပေါင်း (၂၆)ခုလား (၂၇)ခုလား လွှင့်ထူခဲ့ပါတယ်။ ခြံအဝင်လမ်းထိပ်၊ အိမ်ရှေ့ပန်းခြံရဲ့ အလယ်တည့် တည့်မှာတော့ NLD အလံကို အုတ်ခုံနဲ့ အလံတိုင်ပြုလုပ်ပြီး လွှင့်ထူထား ခဲ့ပါတယ်။ (အဲဒါကလည်း ၁၉၉၈ ခုနှစ်ကစပြီး အစ်မခြံထဲမှာ အထိမ်းအမှတ်အခမ်းအနား တွေ မလုပ်နိုင်အောင် ပိတ်ပင်တားဆီးခဲ့တဲ့နောက်ပိုင်း ပုံရိပ်ကို မဖြစ်မနေလုပ်မယ်ဟဲ့ ဆိုတဲ့ ကျုပ်အစ်မရဲ့စိတ်ထားပါ)

(၂၀၀၃) ခုနှစ်ရောက်တော့ ကျုပ်အစ်မ တစ်နိုင်ငံလုံး စည်းရုံးရေးဆင်းနေတာကို တားဆီးပိတ်ပင်မှုတွေ လူမဆန်စွာလုပ်လာခဲ့ကြပါတယ်။ နောက်ဆုံး မေလ ၃၀ ရက်နေ့မှာ တော့ ဒီပဲယင်းလုပ်ကြံမှုကြီးဖန်တီးပြီး စည်းရုံးရေးခရီးစဉ်တွေ ဖြတ်သိမ်းခဲ့ရပါတယ်။

ကျုပ်အစ်မလည်း (၁၇) နှစ်လောက်က နေအိမ်အကျယ်နဲ့ နေခဲ့ရတယ်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှာ ကျုပ်အစ်မ နေအိမ်အကျယ်ချုပ်နဲ့ နေခဲ့ရတဲ့အချိန်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကလည်း နေ့စဉ် အစ်မတို့အတွက် ရိက္ခာသွားသွားပို့နေရတဲ့အချိန်မှာ ကျုပ်အစ်မက ထူးထူးခြားခြား နဲ့ သဘော်ဆေးတွေ၊ ဆေးသုတ်စုတ်တံမျိုးစုံမှာပါတယ်။ သဘော်ဆေးအနီရောင်၊ အဝါရောင်၊ အနက်ရောင်၊ အဖြူရောင်တွေကို ဂါလံပုံးလိုက်မှာတယ်။ သက်ဆိုင်ရာကလည်း တစ်ခါမှ မမှာဖူးတော့ အံ့ဩနေတယ်။ အထက်ကို အစီရင်ခံတော့ ခွင့်ပြုပါတယ်။ ဘာလုပ်မယ်မှန်း ကျုပ်လည်း မသိဘူးလေ။ နှစ်ပတ်လောက်ကြာတော့ ကျုပ်အစ်မ က "KMS ရေ ခြံရှေ့က တံခါးကို ဆေးမသုတ်ရတာကြာပြီ။ ဆေးသုတ်ချင်တယ်။ အဲဒါ KMS သုတ်ပေးပါ။ အဝင်း တို့က (ဒေါ်ခင်ဝင်းသာအမိ) အထဲသုတ်မယ်။ KMS က အပြင်သုတ်ပေးပါ" လို့ ပြောလာပါတယ်။ (အဲဒီအချိန်တုန်းက အပြင်က အလုပ်သမားတွေ ခေါ်ခွင့်မပြုသေးတဲ့အချိန်ပါ) "ရပါတယ်၊ အစ်မ လုပ်ပေးပါမယ်" ဆိုပြီး ခြံဝက သံတံခါးကို ဆေးသုတ်ပေးရပါတယ်။ (နှစ်ပါတ်ကြာပါတယ်)

ခြံဝသံတံခါးက အောက်ခံသံပြားကို အဝါရောင်သုတ်ပြီး အပေါ်က သံပန်းကိုတော့ အနီရောင်သုတ်ရတာပါ။ ခြံတံခါးကို ဆေးသုတ်ပြီးလို့ နှစ်ပတ်လောက်အကြာမှာတော့ အစ်မက ပိတ်စတွေမှာပါတယ်။ အဝါရောင်ပိတ်စက ဘယ်နှကိုက်၊ အနီရောင်ပိတ်စက ဘယ်နှကိုက်ဆိုပြီး ခွဲခွဲပြီး မှာပါတယ်။ သိမ်ကြီးဈေး (ဘီ)ရုံမှာ သွားဝယ်ရပါတယ်။ ၁၈ ဂိတ် ဆိုက် သွပ်နန်းကြိုးနဲ့ သစ်သားချောင်းလည်း မှာပါတယ်။ ပိတ်စမှာပြီး တစ်ပတ်လောက်ကြာတော့ ပန်းချီဒီဇိုင်းလုပ်ရာမှာသုံးတဲ့ စက္ကူအထူအဖြူရောင် ပန်းချီဆွဲတဲ့ စုတ်တံဆိုက်မျိုးစုံ နံပါတ်နဲ့တကွ မှာပါတယ်။ နောက်တစ်ပတ်လောက်အကြာမှာတော့ လည်ကတုံးရှပ်အင်္ကျီ အဖြူရောင်ဆိုက်အကြီးဆုံး နှစ်ထည်မှာပါတယ်။ အင်း ... ကျုပ်အစ်မတော့ တစ်ခုခုလုပ်တော့မယ် ဘာလုပ်မယ်မှန်းတော့မသိပါ။

ဒီလိုနဲ့ နှစ်ကုန်ရောက်လို့ ၂၀၀၆ ခုနှစ် လွတ်လပ်ရေးနေ့ ထုံးစံအတိုင်း ကျုပ်ကလည်း အစ်မအတွက် ရိက္ခာသွားပို့တာပေါ့ဗျာ။ တက္ကသိုလ်ရိပ်သာလမ်းနဲ့ အောင်ဇေယျလမ်းထိပ် သံစူးကြိုးဘယ်ရီဂိတ်နားရောက်တော့ ကျုပ်အစ်မခြံဘက်မှာ NLD အလံတွေ တလူလူလွှင့် နေကြတယ်။ အလံအသစ်တွေ (အရင်က အလံတွေက အရောင်တွေမှိန်ပြီး ဖားဥတွေစွဲနဲ့ စုတ်ပြဲနေတဲ့အလံတွေပဲ ထူထားတာပါ။ ၂၀၀၁၊ ၂၀၀၂ လောက်က အလံတွေပါ)

ကျုပ် ရိပ်မိလိုက်ပြီ ဒါ ကျုပ်အစ်မရဲ့ လက်ရာတွေ။ ကျုပ်ကို ဆေးဘူးတွေမှာတယ်။ စုတ်တံတွေမှာတယ်။ ပိတ်စတွေမှာတယ်။ နှစ်လအတွင်းမှာ ဒီအလံတွေဖြစ်လာတာပဲဆိုပြီး ပါလာတဲ့ ရိက္ခာတွေပို့ဖို့ ခြံဘက်ကို အမြန်လျှောက်လာတယ်။ ထုံးစံအတိုင်း လုံခြုံရေးပုဂ္ဂိုလ် တွေနေတဲ့ အစ်မခြံရှေ့က ခြံထဲဝင်ပြီး အစစ်ဆေးခံရပါတယ်။ ပြီးမှ အစ်မခြံတံခါးဝရှေ့ သွားရပါတယ်။ ခြံတံခါးဝအုတ်တိုင်နှစ်တိုင်မှာ ပိတ်စနှစ်ခုချထားတာ တွေ့ရပါတယ်။ ပိတ်စမှာ ရေးထားတာက ...

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်စာတန်းကို ဝိုင်းဝိုင်းရေးထားပြီး အောက်မှာက ကြယ်ဖြူကို ခွပ်ဒေါင်းခွပ်နေတဲ့ပုံ။ အဲဒီအောက်ကမှ NLD ဆိုတဲ့စာတန်းကို စာလုံးကြီးကြီးတွေနဲ့ ရေးထားပါတယ်။ အစ်မလက်ရာ သေချာပါတယ်။ စည်းစနစ်ကျကျနဲ့ စက္ကူခွာလိုက်ရင် ပိတ်စပေါ်မှာ စာတန်းနဲ့ ပုံက ကျန်ခဲ့ပြီး အလံတွေကိုလည်း ဒီအတိုင်းလုပ်မှာပဲ သေချာပြီ။ ပိတ်စကို အုတ်တိုင်မှာချထားရမှာဆိုတော့ လေတိုက်ရင်လွင့်မသွားအောင် အုတ်ခဲချည်ဖို့ ပိတ်စကြိုးလေးတွေကပ်ချုပ်ပြီး ချထားတယ်။ အုတ်ခဲကို ချည်ထားတာတွေ့ရတယ်။ တကယ့်ကို စနစ်တကျနဲ့ လုပ်ထားတာပါ၊ ပိတ်စက ပါးတဲ့အတွက် ပိတ်စကျောဘက်ကို သင်္ဘောဆေးထူထူသုတ်ထားတော့ ပိတ်စအထူကြီးလို ဖြစ်နေအောင် လုပ်ထားတာကလည်း ဟန်ချက်ညီစေပါတယ်။

တံခါးအပေါ်ကို မော့ကြည့်လိုက်တော့ ပိတ်စအနီရောင်ပေါ်မှာ အဝါရောင်စာတန်း ရေးထားပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းတွေထဲက ခေတ်စနစ်နဲ့ကိုက်ညီတဲ့ အဆိုအမိန့်တစ်ခုကိုရေးထားပြီး အောက်က ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့စာတန်းကို အဖြူရောင်ဆေးနဲ့ ရေးထားတာကို တွေ့ရပါတယ်။ စည်းစနစ်ကျစွာနဲ့ လုပ်ကိုင်ပုံဟာ အစ်မရဲ့စိတ်ကူးမှုတွေပါပဲ။ အလံတွေကိုကြည့်လိုက်ရင်လည်း အပြင်မှာရှိတဲ့အလံတွေရဲ့ ဆိုက်အတိုင်းပါပဲ။ အတိုင်းအတာ တစ်ခုကို တစ်စင်တီမီတာတောင် ရွေ့ရင် မကြိုက်တတ်တဲ့ အစ်မဟာ ကိုယ်တိုင်လုပ်တဲ့အပေါ် မှာ သေသေချာချာတိုင်းထွာပြီး ပုံစံထုတ်လုပ်မယ်ဆိုတာ ယုံကြည်ပြီးသားပါ။

သက်ဆိုင်ရာလုံခြုံရေးပုဂ္ဂိုလ်တွေကတောင် အံ့သြယူရပါတယ်။ မသိတဲ့သူဆို NLD အလံတွေ ခြံထဲတိတ်တိတ်သွင်းထားတယ်လို့တောင် ပြောချင်ပြောကြမှာပါ။ စစ်ဆေးကြည့်တော့မှ ပိတ်စတွေမှာတာ၊ သင်္ဘောဆေးနဲ့ စုတ်တံတွေမှာတာ၊ သွပ်နန်းကြိုးနဲ့ သစ်သားချောင်းတွေမှာတဲ့စာရင်းတွေကရှိနေတော့ ဘယ်လိုမှ စွပ်စွဲလို့မရခဲ့ပါဘူး။

အဲဒီအချိန်ကစပြီး အစ်မက အထိမ်းအမှတ်နေ့ကြီးတွေရောက်ပြီဆိုရင် ခြံတံခါးဝအပေါ်မှာ အစ်မဖေဖေ မိန့်ခွန်းတွေထဲက ဒီနေ့အခြေအနေတွေနဲ့ကိုက်ညီတဲ့ အဆိုအမိန့်တစ်ခုခုကို ပိတ်စအနီ (သို့) ပိတ်စအဝါပေါ်မှာ ရေးသားပြီး ချိတ်ဆွဲထားလေ့ရှိခဲ့ပါတယ်။ (အခုအချိန်ထိလည်း ခြံတံခါးဝအပေါ်မှာ ချိတ်ဆွဲထားလျက်ရှိပါတယ်။) စာတန်းတွေ ချိတ်ဆွဲတဲ့အချိန်ကတော့ နံနက် ၃ နာရီနဲ့ ၄ နာရီကြားအချိန်တွေမှာ အစ်မတို့သုံးယောက် တိတ်ဆိတ်စွာနဲ့ လုပ်ကိုင်ကြပါတယ်။ အခုအချိန်ထိ ချိတ်ဆွဲထားတဲ့စာတန်းအဆိုအမိန့်ဟာ ၂၀၀၈ ခုနှစ် မတ်လ ၂၇ ရက်နေ့က ချိတ်ဆွဲခဲ့တဲ့ စာတန်းအဆိုအမိန့်ပါ။ ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်၊ ၃ ရက်က တိုက်ခတ်ခဲ့တဲ့ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ခြံတံခါးရှေ့အုတ်တိုင်ဘေးက ကြီးမားတဲ့ ကုက္ကိုပင်ကြီးဟာ လမ်းမပေါ်လဲကျခဲ့ပါတယ်။ ဘေးအုတ်တိုင်ရယ်၊ စာတန်းချိတ်ဆွဲထားတဲ့တိုင်တွေ ဘာမှပြိုလဲမသွားဘဲ အဝတ်စ

www.burmeseclassic.com



စာတန်းရော၊ အစ်မရေးဆွဲထားတဲ့ အစ်မဖေဖေပုံတို့ဟာ ယိုင်လဲခြင်းမရှိဘဲ အကောင်းအတိုင်း တည်ရှိနေတာကို နောက်တစ်နေ့မှာ ကိုယ်တိုင်မြင်တွေ့ခဲ့ရပါတယ်။ ဒါဟာ ကောင်းမွန်တဲ့ 'အတိတ်နိမိတ်' တစ်ခုလို့ မှတ်ယူရပါမယ်။ ဗိုလ်ချုပ်အောင်ဆန်းပန်းချီပုံရယ်၊ ဗိုလ်ချုပ် အောင်ဆန်းအဆိုအမိန့် (လက်ရှိခြံထိပ်က စာသားအတိုင်း) ပိတ်စစာတန်းတို့ရယ်ဟာ နာဂစ်မုန်တိုင်းကတောင် ဖျက်ဆီးမှုမပြုရဲတာဟာ အတိတ်နိမိတ်ကောင်းတစ်ခုပါပဲ။ နာဂစ်မုန်တိုင်းဟာ လူဦးရေနှစ်သိန်းနီးပါးကို အသက်အိုးအိမ်တွေဆုံးရှုံးစေခဲ့ပြီး အဆောက်အအုံများစွာ သစ်ပင်မြောက်မြားစွာကို ပြိုလဲစေခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းသမီး ခြံထဲကကုက္ကိုပင်ကြီးအပါအဝင် သရက်ဖြူပင်များစွာ၊ ပိန္နဲသီးပင် ၃၀ ကျော်ကိုလဲပြို စေခဲ့ပေမဲ့ သုံးထပ်သားလေးပေါ်မှာ ရေးဆွဲထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းပန်းချီပုံနဲ့ ဗိုလ် ချုပ်အောင်ဆန်းအဆိုအမိန့်ကို ရေးသားတဲ့ ပါးလွှာတဲ့ပိတ်စလေးကို ပြိုလဲပျက်စီး သွား အောင် မလုပ်ရဲခဲ့ပါဘူး။ (နာဂစ်ထက် ဆိုးတဲ့သူတွေကသာ) အစ်မဟာ ခြံတံခါးထိပ်မှာ အစ်မဖေဖေရဲ့ အဆိုအမိန့်တစ်ခုခုကို အမြဲတမ်းပြောင်းလဲပြီး ချိတ်ဆွဲလေ့ရှိခဲ့ပေမယ့် တစ်ခါမှာတော့ ဂေါတမမြတ်စွာဘုရားရှင်ရဲ့ အဆိုမြွက်ကြားဟောကြားချက်တစ်ခုကို ချိတ်ဆွဲထားတာ တွေ့ခဲ့ဖူးပါတယ်။

အဲဒါက ရွှေဝါရောင်တော်လှန်ရေး ကာလကပါ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလမှာ ရွှေဝါရောင်တော်လှန်ရေးပေါ်ပေါက်ခဲ့ပါတယ်။ 'တို့မေတ္တာစွမ်း ... ကမ္ဘာလွှမ်း ... ငြိမ်းချမ်းကြပါစေ' ဆိုပြီး မေတ္တာပို့နေကြတဲ့ ဘုရားသားတော်တွေ ရွတ်ဆိုနေကြချိန် စက်တင်ဘာလ ၂၃ ရက်နေ့မှာ ဘုရားသားတော်တွေဟာ ဒေါ်အောင်ဆန်းစုကြည်နေ အိမ်အကျယ်ချုပ်ခံနေရတဲ့ ပိတ်ထားတဲ့ တက္ကသိုလ်ရိပ်သာလမ်းထဲကို ဖြတ်သန်းပြီး မေတ္တာပို့ဆုတောင်းကြတာကို ဒေါ်အောင်ဆန်းစုကြည်က ခြံတံခါးဝကနေထွက်ရပ်ပြီး လက်အုပ်ချီကန်တော့ပါတယ်။ ဘုရားသားတော်တွေကလည်း ခြံဝမှာ ခေတ္တရပ်ဆိုင်းပြီး မေတ္တာပို့ဟောကြားပါတယ်။ နောက်တစ်နေ့မှာတော့ တာဝန်ကျနေတဲ့ ရဲတပ်ရင်းအမှတ် ၇ ကို ရုပ်သိမ်းပြီး ရဲတပ်ရင်းအမှတ် ၅ နဲ့ အစားထိုးလိုက်ပါတယ်။

၂၆-၉-၂၀၀၇ ရက်နေ့မှာတော့ ဘုရားသားတော်တွေနဲ့ ပူးပေါင်းပါဝင်နေတဲ့ ပြည်သူလူထုတွေကို အာဏာပိုင်တွေစတင်ပြီး အကြမ်းဖက်နှိမ်နင်းခဲ့ကြပါတယ်။ ၂၇- ၂၈-၂၉ ရက်နေ့တွေအထိပါပဲ။ စက်တင်ဘာလ ၃၀ ရက်နေ့ အစ်မခြံကို ရောက်သွားပို့တော့ ခြံတံခါးဝအပေါ်မှာ အနီရောင်ပိတ်စကြီးမရှိတော့ဘဲ အဝါရောင်ပိတ်စအသစ် တစ်ခု ချိတ်ဆွဲထားတာတွေ့ရပါတယ်။ အနက်ရောင်စာလုံးအကြီးကြီးနဲ့ ရေးထားတာက ''အဝေရာ ဟောန္တု'' ဆိုတဲ့ စာသားပါ။

ကျုပ်ကလည်း ဘုရားဟော ပါဠိစာသားတွေဆို နားမလည်တော့ ဘာမှန်း မသိပါဘူး။ အပြန်ကျတော့မှ ကံဖျားကျောင်းက ဆွမ်းခံပြန်လာတဲ့ အသိကိုယ်တော်ကို ''အရှင်ဘုရား ဒကာမကြီးကတော့ အဝေရာဟောန္တုဆိုတဲ့ စာတန်းချိတ်ဆွဲထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ကို ရှင်းပြပေးပါဘုရား'' လို့ လျှောက်ထားတော့မှ အဓိပ္ပာယ်ကို သိရပါတယ်။ အဲဒီတစ်ခါပဲ အစ်မက စာတန်းပြောင်းချိတ်တာ ကြုံခဲ့ဖူးပါတယ်။

ပြည်သူလူထုကြီးက ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံရေးသမားလူထုခေါင်းဆောင်လို့ ခေါ်ဆိုကြပေမဲ့ လူသားထဲက လူသားတစ်ယောက်ဖြစ်လို့ ပညာတွေစွယ်စုံတတ်မြောက်ခဲ့ပါတယ်။ နိုင်ငံရေးဗဟုသုတတွေ ကြွယ်ဝခဲ့ပါတယ်။ ဂီတအနုပညာတွေကို ခံစားမှုရှိခဲ့ပါတယ်။ စာပေ၊ ပန်းချီ၊ ဒီဖိုင်းပညာတွေကို နားလည်ခဲ့ပါတယ်လို့ အားလုံးကို ပြောပြရခြင်းဖြစ်ပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## ကျောက်အိမ်မဒေါ်အောင်ဆန်းစုကြည်ကို ပြောပြရဦးမယ် (၁၇)

## (NLD ဌာနချုပ်ရုံးမဟာဓလေ့ကျက်တင်အခမ်းအနား)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးဟာ စတင်တည်ထောင်စဉ် (၁၉၈၈ စက်တင်ဘာလ)က အမှတ် (၄၄) တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်မှာ တည်ရှိခဲ့ပါတယ်။ (၁၉၈၈ စက်တင်ဘာလမှ) (၁၉၈၉ စက်တင်ဘာလ)အထိ ဖွင့်လှစ်ခဲ့ပြီး (၁၉၈၉ စက်တင်ဘာလ)မှစပြီး အမှတ် (၉၇ ဘီ) အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်သို့ ပြောင်းလဲဖွင့်လှစ်ခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်ပါသည်။

ယခု NLD ဌာနချုပ်ရုံး ဖွင့်လှစ်ရာနေရာတွင် မူလက ၁၉၈၈ ခုနှစ်အတွင်း ဖွဲ့စည်းသော မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ဗဟန်းမြို့ဆိုပြီး စတင်ဖွင့်လှစ်ခဲ့သော နေရာဖြစ်ပါသည်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး တင်ကိုကို၊ ဒုတိယဗိုလ်မှူးကြီး မင်းညီ၊ ဒုတိယဗိုလ်မှူးကြီး ခင်ငြိမ်း (ကျန်းမာရေး ဒုဝန်ကြီးဟောင်း) တို့မှ ဦးဆောင်ဖွင့်လှစ်ခဲ့သော နေရာဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် အိမ်ရှင်အမေနှင့် ရင်းနှီးကြသဖြင့် အမေနက ဖွင့်ခွင့်ပေးထားခြင်း ဖြစ်ပါသည်။ NLD ဗဟန်းမြို့နယ်ရုံးကိုလည်း ထိုဘေးမှာပင် ဖွင့်ခွင့်ပေးထားခဲ့ပါသည်။

ပန်းဆိုးတန်းအထက်ဘလောက်တွင် ဖွင့်လှစ်ထားသော NLD ရန်ကုန်တိုင်းရုံးသည် ဦးအောင်ကြီးနှင့် ပြဿနာဖြစ်ပွားသည့်အခါ တိုင်း NLD ရုံးပိုင်ရှင် ဦးကျော်မြင့်လေးက ဦးအောင်ကြီးအုပ်စုမှဖြစ်သဖြင့် ရုံးဖွင့်လှစ်ခွင့်မပေးတော့သည့်အခါ ဗဟန်းမြို့နယ် NLD ရုံး ဖွင့်ခွင့်ပေးထားသော အိမ်နှင့် အမေနက NLD တိုင်းရုံးကို သူ့အိမ်မှာ လာဖွင့်ခွင့်ပေးခဲ့ပါသည်။ တိုင်းဥက္ကဋ္ဌ ရွှေနေကြီး ဘဘဦးထွန်းတင် ခရမ်းဦးတင်မောင်ဝင်း၊ ဦးသိန်းတင် စသည့် တိုင်းလူကြီးများက ရုံးထိုင်ကြပါသည်။ NLD လူငယ်ဖော်ဆောင်ရေးအတွက် လူငယ်များဖြစ်သော ကိုဝင်းလှိုင်၊ ကိုနေဝင်း၊ ကိုမြင့်စိုး၊ ရှေ့နေ၊ အောင်မြင့်(ခ) ဩဇာ၊ မောင်မောင်ဦးတို့ကလည်း တိုင်းလူကြီးများနှင့်အတူ တာဝန်များကို ဆက်လက်ထမ်းဆောင်ခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က NLD ဌာနချုပ်ရုံး အဆောက်အဦသည် အိမ်ရှင်နှင့် အမေနုတို့၏ ဆောက်လက်စ အဆောက်အဦ (၁၉၈၈ အရေးတော်ပုံကြီး ဖြစ်ပွားလာဖြင့် တိုက်ဆောက်လုပ်ရေးကို ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သဖြင့် တစ်ဝက်တစ်ပျက်အဆောက် အဦတွင် ဖွင့်လှစ်ထားခြင်းဖြစ်ပါသည်။ ဌာနချုပ်ရုံးက တက္ကသိုလ်ရိပ်သာလမ်းမှာပဲ ဖွင့်လှစ်ထားသေးပါသည်။ သို့သော် ဟောပြောပွဲစည်းဝေးပွဲများကို ယခု ဗဟန်းရုံးတွင် ရံဖန်ရံခါ ပြုလုပ်ပါသည်။ ကျောင်းသားခေါင်းဆောင်များဖြစ်သော ကိုကိုကြီး၊ မိုးသီးဇွန်၊ မင်းကိုနိုင်၊ အောင်ဒင်၊ မိုးဟိန်းတို့ လာရောက်ပြီး ဟောပြောသည့်အခါ အပေါ်ထပ် အကြမ်းထည်နေရာတွင် ဟောပြောကြသည်ကို မှတ်မိနေပါသည်။ နောက်ပိုင်းတွင် အိမ်ရှင် အမေနုက အကြမ်းထည်ဖြစ်နေသော နေရာများကို အမြန်တည်ဆောက်ပြုပြင်ပေးသည့်အခါမှ အပေါ်ထပ်သည် ရုံးခန်းနေရာများအဖြစ် တည်ရှိလာရခြင်းဖြစ်ပါသည်။

ထိုအချိန်က ရုံးခန်းများအတွက် အမြန်တည်ဆောက်ပြုပြင်ရသဖြင့် စနစ်တကျ စံချိန်စံညွှန်းများနှင့် တည်ဆောက်ခြင်းမဟုတ်ပါ။ ယခု (၂၅)နှစ်ကျော်လည်း ရောက်ရှိလာသည့်အခါ အုတ်အင်္ဂတေ ကြမ်းပြင်များကို အကြမ်းထည်သဘော တည်ဆောက်ရသဖြင့် ကွာကျလာခြင်းများ ခဏခဏ ဖြစ်ပေါ်လာသည့်အတွက် စိုးရိမ်စရာများ ဖြစ်ပေါ်လာခဲ့ပါသည်။

ရုံးဌာနအသီးသီး တိုးချဲ့မှုများ ရှိလာသဖြင့် ခေါင်မိုးထပ် အင်္ဂတေကြမ်းပြင်ပေါ်တွင် အခန်းများဖွဲ့ပြီး စီစဉ်ရပါသည်။ လူအင်အား အတက်အဆင်းများလာသဖြင့် ကြမ်းပြင်အင်္ဂတေများ ကွာကျလာသဖြင့် ခေါင်မိုးထပ်ကို ပိတ်ထားရခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

ပွင့်လင်းမြင်သာမှုရှိလာသည့် အရပ်သားအစိုးရခေတ် ရောက်လာသည့်အခါ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ယခင်အစိုးရများလို ဖိနှိပ်ချုပ်ချယ်မှုများ ပြုလုပ်ခြင်း မရှိတော့တာကို တွေ့ရှိရပါသည်။ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ကိုလည်း စိတ်တိုင်းကျ ပြင်ဆင်ခွင့်များ ရရှိသဖြင့် နေအိမ်ခြံဝင်းအား ပုံသဏ္ဌာန်အသစ် ဒီဇိုင်းအသစ်များဖြင့် အုတ်တံတိုင်းကာရံပြီး ခြံတံခါးအသစ်များ တပ်ဆင်ခွင့် ရရှိခဲ့ပါသည်။ (၂၀၀၈ ခုနှစ်က ကျူပ်ဆေးသုတ်ခဲ့တဲ့ ခြံတံခါးအဝါရောင်တံခါးကြီးကိုလည်း လက်ဝယ်ရရှိခဲ့တဲ့ လူတစ်ယောက်က လေလံပစ်တော့ သိန်း (၅၀၀၀) ရရှိသွားတဲ့အကြောင်းလည်း သိရှိရပါတယ်။ တံခါးကြီးကို အဝါရောင်ဆေးနဲ့ သံပန်းတွေကို အနီရောင်ဆေးနဲ့ (၂)ပတ်နီးပါး နေပူထဲမှာ တစ်ယောက်တည်း ဆေးသုတ်ခဲ့ရတဲ့ ကျူပ်မှာ ဆေးသုတ်ခတောင် မရခဲ့ပါဘူးဗျာ)

ထို့အတူ NLD ဌာနချုပ်ရုံးကိုလည်း ဒေါ်အောင်ဆန်းစုကြည် နာမည်ပေါ်ဖြစ်အောင် ပြောင်းလဲနိုင်ခွင့်များလည်း ရရှိခဲ့ပါတယ်။

ဒီနေရာမှာတစ်ခုတော့ ကျွန်တော်ပြောပြချင်ပါသည်။ ယခု NLD ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းသည် အစ်မဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်ချခံနေရစဉ် (၂၀၀၈ ခုနှစ် (၃၆)ရက် အစာငတ်ခံ ဆန္ဒပြမှုမှ ရရှိခဲ့သော အခွင့်အရေးအရ) တရားခံ ဟု သတ်မှတ်ခံထားရသော လူတစ်ဦး၏ အကျိုးဆောင်ရှေ့နေအဖြစ်လည်းကောင်း NLD ရဲ့ ပြောရေးဆိုခွင့်ရှိသူအဖြစ်လည်းကောင်း တာဝန်ပေးခြင်းခံရသူဖြစ်ပါသည်။ လွယ်လွယ်နှင့် ရရှိခဲ့ခြင်းမဟုတ်ပါ။ အစ်မတို့ (၃)ဦး (ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်း၊ ဝင်းမမ(ခ) အငယ်လေး) (၃၆)ရက်တိတိ အစာငတ်ခံဆန္ဒပြခြင်း ပြုလုပ်ရာမှ သက်ဆိုင်ရာ အစိုးရက လိုက်လျောအလျှော့ပေးသည့်အတွက် ရရှိသောအကျိုးဆက်ဖြစ်ပါသည်။ (ကျွန်ုပ်၏ မကြာခင်ထွက်ရှိမည့် တတိယမြောက်စာအုပ်တွင် (၃၆)ရက်တိတိ အစာငတ်ခံဆန္ဒပြတာကို နေ့စွဲနှင့်တကွ အသေးစိတ် ရေးပြထားပါသည်)

ဦးဉာဏ်ဝင်းသည် အစ်မက တွေ့ချင်ပါသည်ဟု သက်ဆိုင်ရာကို ပြောဆိုသည့်အခါ သက်ဆိုင်ရာက စီစဉ်ပေးပါသည်။ ကျွန်တော်က နေ့စဉ် အစ်မအတွက် စားစရာ အသုံးအဆောင်ပစ္စည်းများ ပေးပို့နေရဖြင့် အစ်မနှင့်ပတ်သက်သမျှ အရာအားလုံး သိရှိနေရခြင်း ဖြစ်ပါသည်။ အပြင်လူ မည်သူမျှမသိနိုင်ပါ။ ထိုကိစ္စကို ခြံစောင့်ရဲများပင် မသိနိုင်ပါ။ ဒါကြောင့် အစည်းအဝေးမှန်သမျှတွင် ဦးဉာဏ်ဝင်းသည် ခြံစောင့်ရဲများ၏ တိုက်ခိုက်ခြင်းကို ခံနေရပါသည်။

ထိုအချိန်မှစ၍ ဌာနချုပ်ရုံးနှင့် ပတ်သက်ပြီး အိမ်ရှင်အမေနှင့် အစ်မကြားတွင် ဦးဉာဏ်ဝင်းတို့ ပြောဆိုဆွေးနွေးရာမှ (ယခုလိုအခြေအနေများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်ကို ကျွန်တော်တစ်ယောက်သာ သိရှိခဲ့ပါသည်)

အစ်မသည် သူ့ပါတီသူ့အဖွဲ့ရုံးကို နိုင်ငံတော်ပိုင်မြေအပေါ်မှာ ရယူသုံးစွဲလိုခြင်းအလျဉ်းမရှိသူတစ်ယောက် ဖြစ်ပါသည်။ နိုင်ငံရေးပါတီတစ်ခုသည် နိုင်ငံရေးလုပ်သည့်အခါ မိမိခြေထောက်ပေါ်တွင် မိမိရပ်တည်နိုင်ရမည်ဟူသောမူကို ကိုင်စွဲနိုင်ရမည်ဟု ခံယူထားပါသည်။

ပြည်သူလူထုအတွက် တည်ဆောက်ထားသော ပါတီဖြစ်သည့်အတွက် ပြည်သူလူထုကူညီသော ထည့်ဝင်သော ငွေကြေးများဖြင့်သာ တည်ဆောက်မည်ဟု ခံယူထားသူဖြစ်ပါသည်။

NLD ဌာနချုပ်ရုံး ပြန်ဆောက်မည်ဟု စီစဉ်သည့်အခါ အိမ်ရှင်အမေနှင့်ပိုင်ဆိုင်သော အောက်ထပ်အခန်းကျယ်တစ်ခု (ယခင် ပရိဘောဂဆိုင်အား ငှားရမ်းထားသော အခန်း)ကလည်း လစ်လပ်သွားသည့်အတွက် တခြားသူများအား မငှားစေဘဲ သူ့ကို ပြန်ငှားပါရန် အစ်မကပြောဆိုသဖြင့် အမေနုက အစ်မကို ပြန်ငှားသဖြင့် NLD ဌာနချုပ်ရုံးသည် အဝေးသို့ ပြောင်းရွှေ့ရခြင်းမရှိဘဲ အနီးအနားမှာ ပြန်လည်ရရှိခဲ့ပါသည်။ အစ်မအတွက် နိုင်ငံရေးကို စိတ်ချလက်ချ လုပ်ကိုင်ခွင့် ရရှိခြင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



NLD ရုံးဌာနချုပ် အဆောက်အဦကို ဘယ်နေ့တွင် ဖြိုဖျက်မှာလဲ ဖြိုဖျက်မယ့်နေ့ ကျွန်တော်တို့ကို အကြောင်းကြားပါဟု သတင်းဌာနများက မေးမြန်းပြောဆိုကြတာကို ကြားသိရပါတယ်။

NLD ဌာနချုပ်ကို မဖြိုဖျက်ပဲ ယခင်အတိုင်းထားရှိစေလိုသူကတော့ NLD စတင်တည်ထောင်ခဲ့သူတစ်ဦးဖြစ်တဲ့ ဘဘဦးတင်ဦးပါပဲ။ (အမျိုးမျိုး ဖိနှိပ်ချုပ်ချယ်ပြီး အမြဲတမ်း တိုက်ခိုက်ခံရတဲ့ NLD ဌာနချုပ်ရုံးလေးကို ဘဘက သံယောဇဉ် ရှိခဲ့လို့ပါ)

အိမ်ရှင် အမေနုမိသားစုဟာ ဖိအားပေးခြိမ်းခြောက်မှုကို ကြောက်ရွံ့ပြီး NLD ဌာနချုပ်ရုံးကို ဖယ်ရှားခိုင်းခဲ့မယ်ဆိုရင် ဘယ်သူများ ရုံးဖွင့်ဖို့အတွက် နေရာပေးမယ်ဆိုတာ စဉ်းစားစရာပါပဲ (ဒီခေတ်ကို ပြောတာမဟုတ်ပါ) ဒါကြောင့် ဘဘဦးတင်ဦးက သံယောဇဉ်ရှိခြင်းတစ်ခုပါ။ ခံစားရလေ တန်ဖိုးထားလေပါ။

NLD ဌာနချုပ်ရုံးဖျက်တဲ့နေ့က သတင်းဌာနတွေက ဓာတ်ပုံရိုက်ကြပါတယ်။ ဖျက်နေစဉ်မှာလည်း နိုင်ငံခြားသတင်းဌာနတွေက နိုင်ငံခြားသားတွေကိုယ်တိုင် မှတ်တမ်းတင် ဗီဒီယိုရိုက်ကြတာကို မြင်တွေ့ရပါတယ်။ NLD ပါတီက ကမ္ဘာကျော်နိုင်ငံရေးအဖွဲ့အစည်းတစ်ခုဆိုတာ ကမ္ဘာကတောင် အသိအမှတ်ပြုရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကြောင့် အသိအမှတ်ပြုခံရတာပါ။

အဆောက်အဦဆောက်ဖို့ စည်ပင်သာယာရဲ့ ခွင့်ပြုမိန့်ကျလာတဲ့အခါမှာ ဆောက်လုပ်ခွင့် ဆိုင်းဘုတ်အစိမ်းတပ်ဆင်ရပါတယ်။ အဲဒီအခါ ပိုင်ရှင်အမည်ကို ရေးသားရပါတယ်။

ပိုင်ရှင်ဒေါ်အောင်ဆန်းစုကြည်ဆိုတဲ့အမည်ဟာ မှတ်တမ်းမှတ်ရာတစ်ခုဖြစ်သွားပါတယ်။ အသိနိုင်ငံခြားသတင်းဌာနတွေက ဓာတ်ပုံဆရာတွေဟာ ဆိုင်းဘုတ်အစိမ်းကို ဓာတ်ပုံလာရိုက်ကြတာတွေ့ရပါတယ်။

NLD ဌာနချုပ် အဆောက်အဦအသစ်ဆောက်ဖို့အတွက် ဆောက်လုပ်ရေးကုမ္ပဏီတွေကို တင်ဒါခေါ်ယူပါတယ်။ ကုမ္ပဏီ (၃)ခုထဲက EARTH FORCE DARGON ကုမ္ပဏီက တင်ဒါအောင်မြင်သွားပါတယ်။ အဆောက်အဦကုန်ကျစရိတ် သိန်း (၃၀၀၀) ခန့် ကုန်ကျမယ်လို့ ခန့်မှန်းရပါတယ်။ ပြည်သူထုထံမှ အလှူရန်ပုံငွေနဲ့ တည်ဆောက်မှာဖြစ်ပါတယ်။ ပြည်သူတွေကလည်း လှူဒါန်းကြပါတယ်။ သိန်း (၁၀၀၀)ကျော် ရရှိနေပါပြီ။ ၁၈-၂-၂၀၁၅ ဗုဒ္ဓဟူးနေ့ ညနေ (၅)နာရီမှာ အန္တရာယ်ကင်းပရိတ်ရွတ် မြေသန့်မင်္ဂလာပြုလုပ်ပါတယ်။ ၆ ထပ်ကြီး ဘုရားကြီးတိုက်မှ သံဃာတော် (၅)ပါး ပင့်ဆောင်ပြီး အန္တရာယ်ကင်းပရိတ်ရွတ်ခြင်း မြေသန့်မင်္ဂလာပြုလုပ်ပါတယ်။ ပရိတ်ရွတ်ခြင်း မြေသန့်ကမ္ပဝါဖတ်ခြင်းကို ထောင့်လေးထောင့်မှာ ပရိတ်အိုးများနှင့် ကြီးလေးကြီး (က, ဃ, ဏ, ၄) ထောင့်များ သတ်မှတ်ပြီး လုပ်ဆောင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉-၂-၂၀၁၅ ကြာသပတေးနေ့ နံနက် (၉)နာရီမှာ NLD နာယကကြီး ဘဘဦးတင်ဦးက ကြီးလေးကြီးနေရာမှာ စတင်ပန္နက်ရိုက်ပေးပြီး မင်္ဂလာရွှေမိုးငွေမိုးများ ရွာသွန်းပေးပါတယ်။

၂၁-၂-၂၀၁၅ စနေနေ့မှာ အစ်မ ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်မှ ပြန်လာပြီး မင်္ဂလာပန္နက်တင် အခမ်းအနားပြုလုပ်ပါတယ်။ နံနက် ၁၀း၅၀ အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ ထောင့်လေးထောင့် (ကြီးလေးကြီး) နေရာမှာ မင်္ဂလာပန္နက်ရိုက်တင်ပါတယ်။ ဘဘဦးတင်ဦးက ပန္နက်တိုင်များကို အမွှေးနံ့သာရည်များ ပက်ဖြန်းပေးပါတယ်။ မင်္ဂလာပန္နက်တိုင်များကို အုန်းညွန့် ဆီးညွန့်၊ စိန်ခြယ်ပန်းများနှင့် ချည်နှောင်ပြီး အောင်မြင်ခြင်း အထိမ်းအမှတ်အနေဖြင့် အစ်မ ဒေါ်အောင်ဆန်းစုကြည်က ဆန်ပန်းပေါက်ပေါက်တို့ဖြင့် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းပါတယ်။ ကြွရောက်လာတဲ့ ပရိသတ်များကို နန်းကြီးသုတ် လက်ဖက်ရည်များဖြင့် ဧည့်ခံပါတယ်။

BURMESE CLASSIC

ပိုင်ရှင် ဒေါ်အောင်ဆန်းစုကြည်ဆိုတဲ့ ကမ္ဘာ့ည်းစာသားက သမိုင်းဝင်မှတ်တမ်းတစ်ခုအဖြစ် စာရင်းဝင်သွားပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

၁၉၅၂ခုနှစ်တွင် ဖျာပုံမြို့မြောက်ပိုင်း၌မွေးဖွားခဲ့ပြီးရန်ကုန်မြို့၌ ကြီးပြင်းခဲ့သည်။
ကလေးဘဝမှစ၍တပ်မတော်ဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်းအားကိုးကွယ်ခဲ့သူဖြစ်၍
အောင်ဆန်းတရားသေဝါဒီ ခံယူထားသူဖြစ်။
တော်လှန်ရေးကောင်စီခေတ်၊မ – ဆ – လ အမြှုတေပါတီခေတ်၊
တစ်ပါတီ အာဏာရှင်များခေတ်တွင် ကြီးပြင်းလာသည်။
၁၉၆၇ခုနှစ်၊တရုတ် – ဗမာ အရေးအခင်းမှစ၍၁၉၇၀ ကျောင်းသားပွဲတော်၊
၁၉၇၄ ဇွန်လအလုပ်သမားအရေးအခင်း၊၁၉၇၄ ဒီဇင်ဘာလ ဦးသန့်အရေးအခင်း၊
၁၉၇၅ဇွန်လ အလုပ်သမားအရေးအခင်းနှစ်ပတ်လည်၊၁၉၇၆ မတ်လ မှိုင်းရာပြည့်၊
နောက်ဆုံး၂၀၀၇ ရွှေဝါရောင်ပွဲအထိပါဝင်ဆင်နွှဲခဲ့၊
၁၉၈၉ ဇူလိုင်လ ၂၀ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူမြို့ထဲတွင်
ဖမ်းဆီးခြင်းခံရပြီး၁၀(က)ပုဒ်မဖြင့်အင်းစိန်ထောင်ပို့ပြီးဆက်လက်ထိန်းသိမ်းခံရ၊
၁၉၉၅ခုနှစ်၊ဇူလိုင်လမှစပြီး ဒေါ်အောင်ဆန်းစုကြည်၏ အစားအသောက်အတွက်
မီးဖိုချောင်တွင်တာဝန်ယူရ၊
ဒေါ်အောင်ဆန်းစုကြည်၏အခက်အခဲကာလ(အကျယ်ချုပ်)များတွင်နေ့စဉ်ရိက္ခာပို့ပေးရသော
တာဝန်များကိုနားရက်မရှိထမ်းဆောင်ခဲ့ပြီး ၂၀၀၉ ခုနှစ်၊မေလ ၁၄ ရက်တွင်
ဒေါ်အောင်ဆန်းစုကြည်အားအင်းစိန်ထောင်သို့ခေါ်သွားသည့်အခါ နေအိမ်
ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်ပေးခံရပြီး ၂၀၀၉ ခုနှစ်ဩဂုတ်လ၁၁ရက်တွင်
အင်းစိန်ထောင်မှဒေါ်အောင်ဆန်းစုကြည်ကိုနေအိမ်အကျယ်ချုပ်ပြန်ထားသည့်အခါ
သက်ဆိုင်ရာခွင့်ပြုချက်အရ( ဒေါ်အောင်ဆန်းစုကြည်၏တောင်းဆိုချက်)
မီးဖိုချောင်တာဝန်များကိုပြန်လည်ထမ်းဆောင်ခွင့်ရ၊ရက်သတ္တပတ်တစ်ပတ်သာထမ်းဆောင်ခွင့်ပြုခဲ့ပြီးပြန်ရုပ်သိမ်းခံရ၊
(ယခင်လိုပြင်ပမှာပဲ နေ့စဉ် ရိက္ခာများကို ချက်ပြုတ်ယူဆောင်လာပြီး ပို့ခွင့်ရ)
၁၉၈၉ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဒေါ်အောင်ဆန်းစုကြည်၏အမှောင်ဖုံးလွှမ်းနေခဲ့သော
နှစ် ၂၀ကာလများဖြစ်ခဲ့ပြီး ၂၀၁၀ ရောက်မှသာ အလင်းရောက်ခဲ့ခြင်းဖြစ်ပါသည်။
ထိုနှစ် ၂၀ကာလများအတွင်း ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီတိုက်ပွဲတွင်
သဲတစ်ပွင့်အနေဖြင့်ပါရှိခဲ့ပြီး ထိုကာလများအတွင်းဖြစ်ပျက်ကြုံတွေ့ခဲ့ရတာတွေကို
အမှတ်တရရှိစေခြင်းငှာ တင်ပြရခြင်းဖြစ်သလို ဆက်လက်ပြီးလည်း
တင်ပြစရာတွေကျန်ပါသေးတယ်။

www.burmeseclassic.com